http://www.dhammadownload.com

ယာဝဇ္ဇီဝေနဒ္ဒါယကရှိခင်

ပန်းတေးပုဂ္ဂိုလ်းပါတေးကုဋေနှင့်ဝဏ္ဏနာ

အာဘိဓမ္မဟာရဋ္ဌဂုရု၊ ရွှေကျင်နီကာယဥပဥက္ကဋ္ဌ

ကျမ်းပြုဒုတိယကျော်

သပြေကန်ဆရာတော်

ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ

၏

ဟေမျင်ခုနှစ်ပါးတရားမြတ်ရတနာ

(ဒုတိယအကြိမ်)

သာသနာ	ကောဇော	ခရစ်
၂၅၄၈	၁၃ဝ၆	၂ဝဝ၅

http://www.dhammadownload.com

ဤစာအုပ်ကို ကြည့်ရှုသင့်သူများ

၁။ လောကီစီးပွားရေး ကြီးပွားတိုးတက်လိုသူများ၊

၂။ ကိုယ်နှင့်စိတ် ကျန်းမာအောင် စောင့်ရှောက်လိုသူများ၊

၃။ လောကီ လောကုတ္တရာ စီးပွားရှာရာ၌ ပေါင်းသင့်သူ ရှောင်ခွါသင့်သူတို့ကို သိလိုသူများ၊

၄။ ကမ္မဋ္ဌာန်းနည်းပြ ဆရာများ၊

၅။ သမထ ဝိပဿနာကမ္မဋ္ဌာန်းကို နောက်မဆုတ်တမ်း အားထုတ်နေသူများ၊

၆။ မမ္မကထိက ဆရာတော်များ၊

၇။ မမ္မ၏ အတိုးတန် ရတနာထိုက်ပုံကို ကိုယ်တွေ့ ဉာဏ်တွေ့သိရှိလိုသူများ၊

၈။ မိမိစွမ်းအားနှင့် မိမိကိုယ်ကို ယုံကြည်အားကိုးလိုသူများ၊

၉။ မြတ်ဗုဒ္ဓ၏ တကယ့် အသုံးအဆောင်တို့ကို သိလိုသူများ၊

၁၀။ လွတ်မြောက်မှု အရသာကို ခံစားလိုသူများ၊

၁၁။ ရတနာသုံးပါးဂုဏ်ကို သက်ဝင်ယုံကြည်သူများ၊

မိခင်ရောဝတီ စာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)၊ ကျီတော်အိမ်ရာ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၇၀၁၄၃၃

ကုသလာဝတီ ဘုရားရှင်

ဝန်ထမ်းဌာနတို့ကြီးပွားတိုးတက်ရေးနှင့် ကျန်းမာရေးအတွက်

http://www.dhammadownload.com



အဘိဓေမဟာရဋ္ဌဂုရု ရွှေကျင်ဥပဇ္ဈာယ ကျမ်းပြုအကျော်
ကျေးဇူးတော်ရှင် သပြေကန်ဆရာတော်ဘုရားကြီး

အရှင်ဝါသေဋ္ဌာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

ပရိယတ္တိသာသနာဟိတ ဓမ္မာစရိယ
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သိရောမဏိ
အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင် ဥပဇ္ဈာယ
ကျမ်းပြုအကျော် ကျေးဇူးတော်ရှင်

သပြေကန်ဆရာတော်ကြီး
အရှင်ဝါသေဋ္ဌာဘိဝံသ

၏

ဗောဇ္ဈင် (၇) ပါးတရားမြတ်ရတနာ
ဒါရုက္ခန္ဓောပမသုတ် နှင့် ဗုဒ္ဓါနုဿတိဘာဝနာ
(၃) ကျမ်းတွဲ

ရွှေကျင်ကျောင်းတိုက် ပဓာန နာယက
ဆရာတော်ကြီး အရှင်ခေမာစာရ မထေရ်
စာပြင်တည်းဖြတ်သန့်စင်သည်

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၅

မိခင်စာအုပ်အမှတ် (၅၅)

http://www.dhammadownload.com

အမှုန့်တရားသည်အင်ခေါ်

သစ္စာ မေတ္တာ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုအမှတ်	၈၁၃/၂၀၀၄ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်	၃၂၀၀ဖဒ၉၀၅၀၂
တန်ဖိုး	၂၇၀၀ ကျပ်
အုပ်ရေ	၁၀၀၀
ထုတ်ဝေသူ	ဒေါ်ချယ်ရီသိန်း၊ (မြ-၀၃၉၈၁) မိခင်ရောဝတီစာအုပ်တိုက်
စီစဉ်သူ	မိခင်ရောဝတီစာအုပ်တိုက်မိသားစု
အတွင်းကွန်ပျူတာစာစီ	ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်
မျက်နှာဖုံးဒီဇိုင်း	Eagle
အတွင်းဖလင်	ကိုဦး
မျက်နှာဖုံးနှင့်အတွင်း	ရွှေခြည်သေ့ပုံနှိပ်တိုက်(မြ-၀၅၄၁၇)
စာအုပ်ချုပ်	ကိုမောင်မောင်အုန်း

ဖြန့်ချိရေး - မိခင်ရောဝတီစာအုပ်တိုက်

တိုက် (၄)၊ အခန်းအမှတ် (၄၀၂)၊

ကျီတော်အိမ်ရာ၊ ပုဇွန်တောင်စာတိုက်အနီး၊

ရန်ကုန်မြို့။

☎ ၀၁ - ၇၀၁၄၃၁

http://www.dhammadownload.com

သာသနပါလကအမွဲ့
ဥက္ကဋ္ဌကြီး ၏
ဥယျောဇဉ်

ကျွန်ုပ်တို့သည်ရှေးရှေးဘဝများစွာက ကံကောင်းထောက်မသဖြင့် လူ့ဘဝကို ကောင်းစွာ ရခဲ့ကြပါ၏ ၊ ဘုရားပွင့်ရာ ခွင့်အခါကောင်းဟု ဆိုအပ်သောဗုဒ္ဓပွါဒနဝမခဏာကြီးနှင့်လည်း ကျရောက်ဆုံတွေ့ရုံမျှမက ဗုဒ္ဓမြတ်စွာဟောကြားတော်မူသည့် နည်းအတိုင်း သာ ပရိယတ္တိ ပဋိပတ္တိ သာသနာနှစ်ရပ်လုံး နေလပမာ ထွန်းလင်းတောက်ပ ထင်ရှားသော မြန်မာပြည်၌လည်းဖြစ်ကြနေကြရ၏၊ ဤသို့သော အခွင့်ကောင်းကြီးကို ကျွန်ုပ်တို့ လက်လွှတ်အရှုံးခံ၍ မသင့်တော်ပါ၊ ရရှိထားသော အခွင့်အရေးကောင်းကြီးကို အားသွန်ခွန်စိုက်ကြိုးစား၍ မျှားမြတ်သည့် အကျိုးရအောင် အသုံးချသင့်ပါသည်။

မှန်ပါသည်လောကဌ်မြတ်စွာဘုရားဖြစ်ပွင့်တော်မူခြင်းသည်လည်းကောင်း၊သူတော်ကောင်းတရားကြားနာရခြင်းသည်လည်းကောင်း သံဃာဖြစ်ပေါ်လာခြင်းသည်လည်းကောင်း ၊ သူတော်ကောင်းပညာရှိကို ဆည်းကပ်ရခြင်းသည်လည်းကောင်း၊ လူဖြစ်ရခြင်းသည်လည်းကောင်း၊ ခဏာ၏ ပြည့်စုံခြင်းဟုဆိုအပ်သော ခေတ်ကောင်းကြီးသည်လည်းကောင်း ရခဲသော အရာတို့ပင်ဟု၊ သီမာဝိသောခနီကျမ်းဌ် "သာဂရဗုဒ္ဓိမထေရ်မြတ်"မိန့်ကြားထားသည်ဟု၊ ဆရာတော် သံဃာတော်များ ထံမှ နာကြား မှတ်သားရဖူးပါသည်။

မိခင်ဧရာဝတီ

http://www.dhammadownload.com

ထိုအရာတို့တွင် သူတော်ကောင်းတရားကို ကြားနာရခြင်း၊ ဆွေးနွေးမေးမြန်းရခြင်း၊ သူတော်ကောင်းပညာရှိတို့ အဆုံးအမကို ရရှိခြင်း၊ သူတော်ကောင်း ပညာရှိကြီးတို့ ရေးသားညွှန်ကြားသော တရားစာပေတို့ကို ကြည့်ခြင်းတို့ကား "သဒ္ဓမ္မော ပရမဒုလ္လဘော"ဟူသော ဒေသနာအရ ပို၍ပင်ခဲယဉ်းသည်ကိုကား ကျွန်ုပ်တို့လောကမျက်မြင်ဖြင့်ပင်ဖြစ်စေ၊ တွေးခေါ်ကြည့်လျှင်ပင်ဖြစ်စေ အလွန်ပင်ထင်ရှားလှပါသည်။

ဟုတ်ပါ၏ လူအဖြစ်ရတိုင်း ပတိရူပဒေသဝါသကို ရသည်ဟု မဆိုနိုင်သေး ၊ ပတိရူပဒေသဝါသ၌ ဖြစ်ရတိုင်းလည်း သပ္ပုရိသူပနိဿယမဖြစ်နိုင်၊ သပ္ပုရိသူပနိဿယဖြစ်တိုင်း သဒ္ဓမ္မဿဝနမဖြစ်နိုင်၊သဒ္ဓမ္မဿဝနဟုဆိုအပ်သော သူတော်ကောင်းပညာရှိကြီးတို့စကား ကြားနာရခြင်း၊ဆွေးနွေးမေးမြန်းရခြင်း ၊တရားစာပေတို့ကို ကြည့်ရှုရခြင်းတို့ဖြစ်လျှင်ကား သဒ္ဓါတရား မဖြစ်သေးလျှင်လည်း သဒ္ဓါတရားဖြစ်၊ ပညာမဖြစ်သေးလျှင်လည်း ပညာဖြစ်၍၊ထို သဒ္ဓါ ပညာ စသော ကောင်းသော တရားများက ကောင်းကျိုးကို ဆောင်သွားကာ လူဖြစ်ရခြင်း သာသနာတော်နှင့် တွေ့ဆုံရခြင်းဟူသော အခွင့် ကောင်းကြီးကို ကောင်းစွာရယူနိုင်သူဖြစ်ပါမည်။

သို့ရာတွင် ကျွန်ုပ်တို့ကား သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ ညီပေးဖို့ကား ဧကန်လိုအပ်မည်ပင်ဖြစ်ပါသည်။ ပညာလွန်ကဲ၍ သဒ္ဓါအားနည်းလျှင် လိုရာမရောက်ဖြစ်တတ်ပြီး၊ သဒ္ဓါအား ကြီး၍ ပညာနည်းလျှင်လည်း ဘယ်ညာတိမ်းလို့ ယိမ်းတတ်ပြန်ပါသည်၊

http://www.dhammadownload.com

ဝိရိယလွန် ကဲ၍ သမာဓိနည်းလျှင်ကား ပျံ့လွင့်သူ မတည်ကြည်သူ ဖြစ်ရပြီး သမာဓိအားကြီး၍ ဝိရိယနည်းလျှင်ကား ပျင်းရိသူ တစ်ယောက်ဖြစ်နိုင်ပြန်ပါသည်၊သဒ္ဓါနှင့်ပညာ ဝိရိယနှင့် သမာဓိညီညီ မျှမျှဖြစ်နေမှသာ လောကုတ္တရာချမ်းသာ မြိုက်ရသောကို ကောန်ခံစားရကာ ရရှိလာသော အခွင့်ကောင်းကြီးကို မျှားမြတ်သော အကျိုးရအောင် အသုံးချတတ်သူဖြစ်ပါမည်။

ဤသို့ အခွင့်ကောင်းကြီးကို အဆုံးအရှုံးမခံ လက်မလွတ်တန်း အရယူနိုင်ကြစေရန်၊အဘိဓမ္မာရဌဂုရု ကျမ်းပြုအကျော်သပြေကန်ဆရာတော်ဘုရားကြီးသည် လောကလူသားများ သဒ္ဓါနှင့်ပညာ ဝိရိယနှင့်သမာဓိညီညီမျှမျှဖြစ်စေဖို့ ကရုဏာ မေတ္တာရှေ့ထားကာ တရားဟောကြား ကျမ်းဂန်များကို ရေးသားတော်မူခဲ့ပါသည်၊ ကျွန်ုပ်တို့ ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်သာသနပါလကအဖွဲ့သည် ဆရာတော်ကြီး၏ ဆန္ဒတော်ကိုဖြည့်သော အားဖြင့်လည်းကောင်း၊ လောကနှင့် သာသနာ အကျိုးများစေရန်အတွက်လည်းကောင်း သပြေကန်ကျမ်းစာများ စဉ်ဆက်မပြတ်ထွက်ပေါ်နိုင်ရန် ကြိုးစားလျက်ရှိပါသည်။

ယခုဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာအမည်တွင်သော ဗောဇ္ဈင်+ဒါရုကွန္ဒေါပမသုတ်တော်+ ဗုဒ္ဓါနုဿတိဘာဝနာကျမ်းစာသည် သဒ္ဓါနှင့်ပညာ၊ဝိရိယနှင့်သမာဓိ တပြေးညီဖြစ်စေရန် ဗုဒ္ဓတစ်ဆူက အနီးကပ်ညွှန်ကြား သင်တန်းပေးနေသကဲ့သို့ ဖြစ်သောကြောင့် သဒ္ဓါ+ပညာ၊ဝိရိယ+သမာဓိ ညီညီ မျှမျှ ဖြစ်ရန် လောကနှင့်

http://www.dhammadownload.com

သာသနာတော်အတွက် လိုအပ်သော ကျမ်းမြတ်တစ်ဆူပင် ဖြစ်ပါတော့သည်။

ဤသို့ လောကနှင့် သာသနာအတွက် လိုအပ်နေသော "ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ" ဤကျမ်းစာကို မိမိနှင့် အတူ ဆောင်ထား၍ ဂရုတစိုက် ဖတ်ရှုလေ့လာ ကျင့်ကြံ လိုက်နာကာ ဖြင့် သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိ ညီမျှအောင်ထားကာ လူဖြစ်ရခြင်း သာသနာတော်နှင့် တွေ့ရဆုံရခြင်း အခွင့် ကောင်းကြီးကို လက်မလွတ်တမ်း ရယူနိုင်ကြပါစေတည်း။

(ဦးခင်လှ)
ဥက္ကဋ္ဌ
သာသနပါလကအဖွဲ့
ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်
ရန်ကုန်

http://www.dhammadownload.com

မာတိကာ

၁။	**အမှာစာ**	**က**
၂။	ထန်းလျက်သည် ချို၏	က
၃။	ဤစာအုပ်ကို မဖတ်သင့်သူ	ခ
၄။	ကာလ ဌာန ပုဂ္ဂလ	ဂ
၅။	ဗုဒ္ဓသည် သတ္တဝါတို့အတွက်	ဂ
၆။	သော်တာလ အလား	စ
၇။	ရဲ့ဝံ့သည့် ကြုံးဝါးသံ	ဇ
၈။	ဦးထိန်ဝင်း ၏ သာသနာစိတ်	ဇ
၉။	ချီးကျူးထိုက်သည့် သဒ္ဓါ	ည
၁၀။	သဒ္ဓါ စေတနာ ဝါသနာ	၃
၁၁။	**ဗောဒ္ဓိဉာဏ်ပါး တရားမြတ်ရတနာ**	**၁**
၁၂။	အချီးဂါထာများ	၁
၁၃။	အချီးဆိုရခြင်း	၂
၁၄။	ဒုက္ခခပ်သိမ်း ဖျက်ဆီးတတ်သောဗောဒ္ဓိ	၃
၁၅။	ပါဠိတော်နဲ့ အညီ ဂုဏ်ပြုခြင်း	၄
၁၆။	မာရ်စစ်တပ်ကို နှိမ်နင်းတတ်တဲ့ ဗောဒ္ဓိ	၅
၁၇။	မာရ်စစ်သည်တွေ	၆
၁၈။	ပထမစစ်တပ်	၇
၁၉။	အရတီ မပျော်မှုစစ်တပ်	၈
၂၀။	ဆာလောင်မှုစစ်တပ်	၈

မိခင်ရောဝတီ

http://www.dhammadownload.com

၂၁။	တဏှာစစ်တပ်	၉
၂၂။	ထိနမိဒ္ဓစစ်တပ်	၁၀
၂၃။	ကြောက်လန့်မှုစစ်တပ်	၁၀
၂၄။	ယုံမှားမှုစစ်တပ်	၁၁
၂၅။	မက္ခထမ္ဘစစ်တပ်	၁၁
၂၆။	လာဘ်အကျော်အစောပူဇော်သက္ကာရနဲ့	
	မတရားရသော အခြွေအရံ	၁၂
၂၇။	ကိုယ့်ကိုမြှောက် သူ့ကို ရှုတ်ချမှု	၁၃
၂၈။	ပါဠိတော်နဲ့အညီ	၁၄
၂၉။	**သေမင်းစစ်တပ်လည်းဆိုရ**	၁၅
၃၀။	ဗြဟ္မပြည်က အသံလွှင်ခဲ့သော ဂါထာ	၁၅
၃၁။	ဤသာသနာမှာသာ ဗောဇ္ဈင်ဖြစ်နိုင်	၁၆
၃၂။	**လောကီဗောဇ္ဈင် လူသုံးဗောဇ္ဈင်**	၁၈
၃၃။	**သတိသမ္ဗောဇ္ဈင်**	၁၉
၃၄။	**ဓမ္မဝိစယသမ္ဗောဇ္ဈင်**	၂၀
၃၅။	**ဝိရိယသမ္ဗောဇ္ဈင်**	၂၁
၃၆။	**ပီတိသမ္ဗောဇ္ဈင်**	၂၂
၃၇။	**ပဿဒ္ဓိသမ္ဗောဇ္ဈင်**	၂၃
၃၈။	**သမာဓိသမ္ဗောဇ္ဈင်**	၂၄
၃၉။	**ဥပေက္ခာသမ္ဗောဇ္ဈင်**	၂၄
၄၀။	ဗောဇ္ဈင်ဖျက်တရားများ	၂၆
၄၁။	ဉာဏ်တိုး ဉာဏ်တုံးတဲ့ တရား	၂၇
၄၂။	**အဘယသုတ် အချုပ်**	၂၈

မိခင်ရောဝတီ

http://www.dhammadownload.com

၄၃။	ရှင်းလင်းချက်	၃၀
၄၄။	သင်္ဂီရဝသုတ္တန်	၃၂
၄၅။	ဗောဇ္ဈင်အမည်ရပုံ	၃၃
၄၆။	ဗောဇ္ဈင်အမည်ရပုံတစ်နည်း	၃၈
၄၇။	ပါဠိတော်အရ ဗောဇ္ဈင်အနက်	၄၀
၄၈။	သတိသမ္ဗောဇ္ဈင်	၄၀
၄၉။	ဓမ္မဝိစယသမ္ဗောဇ္ဈင်	၄၆
၅၀။	ဝီရိယသမ္ဗောဇ္ဈင်	၄၈
၅၁။	ပီတိသမ္ဗောဇ္ဈင်	၅၀
၅၂။	ပဿဒ္ဓိသမ္ဗောဇ္ဈင်	၅၁
၅၃။	သမာဓိသမ္ဗောဇ္ဈင်	၅၂
၅၄။	ဥပေက္ခာသမ္ဗောဇ္ဈင်	၅၄
၅၅။	သဘာဝကွဲသော်လည်း အတူတွဲကိစ္စပြီးစေခြင်း	၅၆
၅၆။	ဝိပဿနာအခိုက် ဗောဇ္ဈင်တွေ အတူတွဲ ဆောင်ရွက်ပုံ	၅၇
၅၇။	သတိသမ္ဗောဇ္ဈင်အစထားဟောကြားရပုံ	၅၈
၅၈။	ပုဂ္ဂိုလ်ဖြင့်တရားဖော်	၅၉
၅၉။	လွန်မြတ်သော သတိဖြစ်ပုံ	၅၉
၆၀။	မဂ် နိဗ္ဗာန်ကို ပရမတ္ထသစ္စာဆိုရပုံ	၆၀
၆၁။	သတိအရာ ပညာပါတွဲပြပုံ	၆၁
၆၂။	ပညာပါတဲ့ သတိ အားရှိပုံ ဥပမာ	၆၂
၆၃။	ကြာမြင့်စွာက ပြုမှုပြောမှု	၆၃
၆၄။	ဓမ္မကထိကကျင့်ဝတ်	၆၃
၆၅။	လွတ်မြောက်ခြင်း အကြောင်းငါးပါး	၆၄

မိစင်ရောဝတီ

http://www.dhammadownload.com

၆၆။ ပြုမှု ပြောမှုဆိုတာ ရုပ်နာမ်	၆၅
၆ဂ။ ပစ္စုပ္ပန်ကို ရှုမှုက ပဓာန	၆၆
၆၈။ ပစ္စုပ္ပန် ရုပ်နာမ်ရှုရေးဌာသာဓက	၆ဂ
၆၉။ သတိသမ္ဘောဇ္ဈင်အခြားမဲ့ဓမ္မဝိစယသမ္ဘောဇ္ဈင် ဟောရခြင်း	၆၈
ဂ၀။ ဓမ္မဝိစယအခြားမဲ့မှာ ဝီရိယဟောရခြင်း	ဂ၀
ဂ၁။ ဝီရိယအခြားမဲ့မှာ ပီတိသမ္ဘောဇ္ဈင်ဟောရခြင်း	ဂ၁
ဂ၂။ အာမိသ မရှိတဲ့ ပီတိ	ဂ၂
ဂ၃။ ပီတိအခြားမဲ့ ပဿဒ္ဓိသမ္ဘောဇ္ဈင်ဟောရခြင်း	ဂ၃
ဂ၄။ ပဿဒ္ဓိအခြားမဲ့ သမာဓိသမ္ဘောဇ္ဈင်ဟောရခြင်း	ဂ၃
ဂ၅။ သမာဓိအခြားမဲ့ ဥပေက္ခာသမ္ဘောဇ္ဈင်ဟောရခြင်း	ဂ၄
ဂ၆။ ဝိပဿနာအခိုက် ဗောဇ္ဈင်တွေဖြစ်နေကြပုံ	ဂ၆
ဂ၇။ မဂ်အခိုက် ဗောဇ္ဈင်တွေဖြစ်ပုံ	ဂ၇
ဂ၈။ ဗောဇ္ဈင်များ ဖြစ်ခြင်း အကြောင်း	ဂ၈
ဂ၉။ သတိသမ္ဘောဇ္ဈင်ဖြစ်ခြင်းအကြောင်း	ဂ၉
၈၀။ အကြောင်းမှန် လမ်းမှန်ဆိုတာ	ဂ၉
၈၁။ သတိဖြစ်ခြင်းအကြောင်း	၈၀
၈၂။ သတိသမ္ဘောဇ္ဈင်ဖြစ်ကြောင်းလေးပါး	၈၁
၈၃။ သတိသမ္ဘဇဉ်	၈၂
၈၄။ ကုဏ္ဍလိယသုတ်	၈၃
၈၅။ ဣန္ဒြေစောင့်စည်းခြင်းဖြင့် သုစရိုက်ပြည့်စုံပုံ	၈၅

မိခင်ရောဝတီ

http://www.dhammadownload.com

၈၆။ သုစရိုက်ပွားက သတိပဋ္ဌာန်ပြည့်စုံပုံ	၈၆
၈၇။ သတိပဋ္ဌာန်ပွားကဗောဇ္ဈင်ပြည့်စုံပုံ	၈၆
၈၈။ ဗောဇ္ဈင်ပွားက ဝိဇ္ဇာဝိမုတ္တိပြည့်စုံပုံ	၈၇
၈၉။ သမ္မဇဉ်ရှိသူ	၉၀
၉၀။ အလွန်ကျေးဇူးပြုတတ်သော တရားနှစ်ပါး	၉၁
၉၁။ သတိမေ့သူကို ရှောင်ကြဉ်ခြင်း	၉၂
၉၂။ သတိမမေ့သူကို မှီခိုပေါင်းသင်းခြင်း	၉၃
၉၃။ သတိသမ္ဘောဇ္ဈင်၌ သက်ဝင်ညွှတ်ကိုင်းခြင်း	၉၄
၉၄။ ဓမ္မဝိစယသမ္ဘောဇ္ဈင်ဖြစ်ကြောင်း	၉၄
၉၅။ ဓမ္မဝိစယသမ္ဘောဇ္ဈင်ဖြစ်ကြောင်း ခုနစ်ပါး	၉၆
၉၆။ မေးမြန်းခြင်း	၉၆
၉၇။ ခေမက သုတ်	၉၇
၉၈။ အာဝရဏ နီဝရဏသုတ်	၁၀၀
၉၉။ ဝတ္ထုစင်ကြယ်စေခြင်း	၁၀၂
၁၀၀။ ဣန္ဒြေညီမျှအောင် ပြုခြင်း	၁၀၄
၁၀၁။ သဒ္ဓါမယုတ်မလွန်ရ	၁၀၄
၁၀၂။ ဝဏ္ဏလိ မထေရ်ဝတ္ထု	၁၀၆
၁၀၃။ ဝီရိယမယုတ်မလွန်ရ	၁၀၈
၁၀၄။ သောဏ မထေရ်ဝတ္ထု	၁၀၉
၁၀၅။ သဒ္ဓါလွန်ကဲ ပညာနည်းခြင်း အပြစ်	၁၁၁
၁၀၆။ ပညာလွန်ကဲ သဒ္ဓါနည်းခြင်း အပြစ်	၁၁၂
၁၀၇။ သမာဓိ ဝီရိယ ညီမျှအောင်ပြု	၁၁၃

http://www.dhammadownload.com

၁၀၈။ အားရှိသောသဒ္ဓါစသည်သင့်လျော်ပုံ	၁၁၄
၁၀၉။ အရာခပ်သိမ်းမှာ လိုအပ်သောတရား	၁၁၄
၁၁၀။ ပညာမဲ့ ပုဂ္ဂိုလ်ကို ရှောင်ခြင်း	၁၁၅
၁၁၁။ ပညာရှိကို မှီဝဲဆည်းကပ်ခြင်း	၁၁၆
၁၁၂။ နက်နဲသော တရားဆင်ခြင်ခြင်း	၁၁၆
၁၁၃။ ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ သက်ဝင်ခြင်း	၁၁၇
၁၁၄။ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း	၁၁၇
၁၁၅။ ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း(၁၁)ပါး	၁၁၉
၁၁၆။ အပါယ်ဘေးဆင်ခြင်ခြင်း	၁၁၉
၁၁၇။ အကျိုး အာနိသင်မြင်ခြင်း	၁၂၀
၁၁၈။ သွားရာလမ်းကို ဆင်ခြင်ခြင်း	၁၂၁
၁၁၉။ ဆွမ်းကို ရှိုသေခြင်း	၁၂၃
၁၂၀။ မဟာမိတ္တမထေရ် ဝတ္ထု	၁၂၄
၁၂၁။ အမွေတော် မြတ်ပုံ ဆင်ခြင်ခြင်း	၁၂၈
၁၂၂။ ဘုရားရှင်၏ မြင့်မြတ်ပုံဆင်ခြင်ခြင်း	၁၂၉
၁၂၃။ ဇာတ်အားဖြင့် မြင့်မြတ်ပုံ ဆင်ခြင်ခြင်း	၁၃၁
၁၂၄။ သီတင်းသုံးဖော်တို့၏ မြတ်ပုံ ဆင်ခြင်ခြင်း	၁၃၂
၁၂၅။ ပျင်းရိသူတို့ကို ရှောင်ခွာခြင်း	၁၃၃
၁၂၆။ ဝီရိယရှိသူကို မှီခိုဆည်းကပ်ခြင်း	၁၃၃
၁၂၇။ ဝီရိယသမ္ဗောဇ္ဈင်၌ သက်ဝင်စိတ်ညွှတ်ခြင်း	၁၃၄
၁၂၈။ ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း	၁၃၄
၁၂၉။ ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း(၁၁)ပါး	၁၃၅

http://www.dhammadownload.com

၁၃၀။ ဗုဒ္ဓါနုဿတိ ၁၃၆
၁၃၁။ ဓမ္မာနုဿတိ ၁၃၈
၁၃၂။ သံဃာနုဿတိ ၁၃၉
၁၃၃။ သီလာနုဿတိ ၁၄၀
၁၃၄။ စာဂါနုဿတိ ၁၄၁
၁၃၅။ ဒေဝတာနုဿတိ ၁၄၃
၁၃၆။ ဥပသမာနုဿတိ ၁၄၄
၁၃၇။ ကြမ်းတမ်းသူကို ရှောင်ခွါခြင်း ၁၄၆
၁၃၈။ သိမ်မွေ့နူးညံ့သူကို မှီဝဲဆည်းကပ်ခြင်း ၁၄၇
၁၃၉။ ကြည်ညိုဖွယ် သုတ္တန်တွေဆင်ခြင်ခြင်း ၁၄၈
၁၄၀။ ပီတိသမ္ဗောဇ္ဈင်၌ သက်ဝင်ခြင်း ၁၄၈
၁၄၁။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ၁၄၉
၁၄၂။ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း(၇)ပါး ၁၅၀
၁၄၃။ အလယ် အလပ်ဖြစ်သော ပယောဂရှိခြင်း ၁၅၁
၁၄၄။ ကိုယ်စိတ် ပူပန်သူကို ရှောင်ခွါခြင်း ၁၅၂
၁၄၅။ ငြိမ်းအေးသူကို မှီခိုဆည်းကပ်ခြင်း ၁၅၃
၁၄၆။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ သက်ဝင်ခြင်း ၁၅၃
၁၄၇။ သမာဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ၁၅၄
၁၄၈။ သမာဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း(၁၁)ပါး ၁၅၅
၁၄၉။ နိမိတ်၌ ကျွမ်းကျင်လိမ္မာခြင်း ၁၅၆
၁၅၀။ မြောက်သင့်တဲ့အခါ စိတ်ကို မြောက်ပေးရခြင်း ၁၅၆
၁၅၁။ မဟာဝဂ္ဂသံယုတ် အဂ္ဂိသုတ် ကောက်နှုတ်ချက် ၁၅၇
၁၅၂။ နှိပ်သင့်သောအခါ စိတ်ကို နှိပ်ပေးရခြင်း ၁၅၈

မိခင်ရောဝတီ

http://www.dhammadownload.com

၁၅၃။ ရွှင်စေသင့်တဲ့ အခါ စိတ်ကို ရွှင်စေခြင်း ၁၅၉
၁၅၄။ လျှစ်လျူရှုသင့်တဲ့အခါ လျှစ်လျူရှုခြင်း ၁၆၀
၁၅၅။ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခွါခြင်း ၁၆၁
၁၅၆။ သမာဓိရှိတဲ့ ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်း ၁၆၁
၁၅၇။ စျာန်ဝိမောက္ခကို ဂျင်ခြင်ခြင်း ၁၆၂
၁၅၈။ သမာဓိသမ္ဘောဇျင်၌ သက်ဝင်ခြင်း ၁၆၂
၁၅၉။ ဥပေက္ခာသမ္ဘောဇျင်ဖြစ်ကြောင်း ၁၆၃
၁၆၀။ ဥပေက္ခာသမ္ဘောဇျင်ဖြစ်ကြောင်း(၅)ပါး ၁၆၄
၁၆၁။ သတ္တဝါ၌ လျှစ်လျူရှုခြင်း ၁၆၄
၁၆၂။ သခါရ၌ လျှစ်လျူရှုခြင်း ၁၆၆
၁၆၃။ သတ္တဝါသခါရ၌ တွယ်တာတဲ့ ပုဂ္ဂိုလ်ကို
ရှောင်ခွါခြင်း ၁၆၇
၁၆၄။ သတ္တဝါ သခါရတို့၌ လျှစ်လျူရှုတဲ့
ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်း ၁၆၈
၁၆၅။ ဥပေက္ခာသမ္ဘောဇျင်၌ သက်ဝင်ခြင်း ၁၆၉
၁၆၆။ ဗောဇျင်ပွားလို့ ဘုရားဖြစ် ၁၆၉
၁၆၇။ ဗောဇျင်တရားတွေ ပွားစေခဲ့ပုံ ၁၇၀
၁၆၈။ ဗောဇျင်နှင့်စပ်၍ ရှင်းလင်းချက် ၁၇၃
၁၆၉။ ဘုရားရှင်ဗောဇျင်တရား အမြဲအသုံးပြုတော်မူပုံ ၁၇၇
၁၇၀။ ပစ္စေကဗုဒ္ဓါအရှင်စသည်တို့၏လည်းသုံးဆောင်ရာ ၁၈၀
၁၇၁။ ဗောဇျင်၏ ရတနာဖြစ်ပုံ ၁၈၁
၁၇၂။ ရတနာဖြစ်ပုံ တစ်မျိုး ၁၈၄
၁၇၃။ စကြဝဠာတောမင်း ရတနာနှင့် ဗောဇျင်ရဟနာ ၁၈၄

http://www.dhammadownload.com

၁၇၄။ စကြာရတနာနဲ့ သတိသမ္ဗောဇ္ဈင်ရတနာ	၁၈၅
၁၇၅။ ဆင်ရတနာနဲ့ဓမ္မဝိစယသမ္ဗောဇ္ဈင်ရတနာ	၁၈၅
၁၇၆။ မြင်းရတနာနဲ့ဝီရိယသမ္ဗောဇ္ဈင်ရတနာ	၁၈၆
၁၇၇။ ပတ္တမြားရတနာနဲ့ ပီတိသမ္ဗောဇ္ဈင်ရတနာ	၁၈၇
၁၇၈။ မိဖုရားရတနာနဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရတနာ	၁၈၇
၁၇၉။ သူဌေးကြီးရတနာနဲ့ သမာဓိသမ္ဗောဇ္ဈင်ရတနာ	၁၈၇
၁၈၀။ သားကြီးရတနာနဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ရတနာ	၁၈၈
၁၈၁။ ဗောဇ္ဈင်တွေကြောင့် ရောဂါပျောက်ပုံ	၁၈၈
၁၈၂။ ဗောဇ္ဈင်ဘာဝနာ	၁၉၀
၁၈၃။ နန္ဒကောဝါဒသုတ်	၁၉၁
၁၈၄။ မေးခွန်းထုတ် တရား	၁၉၂
၁၈၅။ ဆီမီးတောက် ဥပမာ	၁၉၄
၁၈၆။ သစ်ပင်ကြီးဥပမာ	၁၉၅
၁၈၇။ နွားသတ်သမား ဥပမာ	၁၉၆
၁၈၈။ ဗောဇ္ဈင်ခုနစ်ပါး	၁၉၇
၁၈၉။ သုတ္တန်ရှင်းလင်းချက် အနိစ္စလို့ဖြေတာ ဘယ်လို အသိနဲ့လဲ	၁၉၉
၁၉၀။ တကယ့် ဒုက္ခအမြင်	၂၀၀
၁၉၁။ အနတ္တအမြင်လည်း တကယ့်အမြင်	၂၀၁
၁၉၂။ အတ္တဆိုတာ	၂၀၂
၁၉၃။ ဝိညာဉ်ကို အတ္တစွဲတဲ့ သာတိရဟန်း	၂၀၃
၁၉၄။ ဝိညာဉ် အမျိုးမျိုးဖြစ်ပုံ	၂၀၄
၁၉၅။ ဝိပဿနာမရှိက အတ္တလုံးလုံး မပျောက်	၂၀၅

မိခင်ရောဝတီ

http://www.dhammadownload.com

၁၉၆။ အတ္တစွဲ ဖြတ်တဲ့ အမေးအဖြေ	၂၀၆
၁၉၇။ အမှန်သိပြီး ဖြေတဲ့ အဖြေ	၂၀၈
၁၉၈။ အပြင် အာယတနနဲ့ စပ်တဲ့ အမေးအဖြေ	၂၀၉
၁၉၉။ အကြောင်းတစ်ခုတည်း မဟုတ်	၂၁၀
၂၀၀။ နွားမဥပမာရှင်းလင်းချက်	၂၁၁
၂၀၁။ ဗောဒ္ဓိင်ခုနစ်ပါး ဟောခြင်းအကြောင်း	၂၁၃
၂၀၂။ စုံလင်သော အကြောင်းပြ	၂၁၃
၂၀၃။ နာမ ရူပ ပရိစ္ဆေဒ ဉာဏ်က စ	၂၁၄
၂၀၄။ မြင်တဲ့အခါ ရှုပုံ	၂၁၅
၂၀၅။ ကြားတဲ့အခါ ရှုပုံ	၂၁၆
၂၀၆။ နံတဲ့အခါ ရှုပုံ	၂၁၇
၂၀၇။ စားတဲ့အခါ ရှုပုံ	၂၁၇
၂၀၈။ တွေ့ထိတဲ့အခါ ရှုပုံ	၂၁၈
၂၀၉။ သိတဲ့အခါ ရှုပုံ	၂၁၉
၂၁၀။ တခြား ရှုစရာတွေလည်းဖော်	၂၂၀
၂၁၁။ ဗောဒ္ဓိင်ဖြစ်ရာ အခါ	၂၂၁
၂၁၂။ ပစ္စယပရိဂ္ဂဟဉာဏ်	၂၂၃
၂၁၃။ တရားရှုရင်း သဘောသိ	၂၂၆
၂၁၄။ သမ္မသနဉာဏ်	၂၂၈
၂၁၅။ ဥဒယဗ္ဗယဉာဏ်	၂၃၁
၂၁၆။ ဘင်္ဂဉာဏ်	၂၃၅
၂၁၇။ ဘယဉာဏ်	၂၃၆

မိခင်ရောဝတီ

http://www.dhammadownload.com

၂၁၈။ အာဒီနဝဉာဏ် ၂၃၈
၂၁၉။ နိဗ္ဗိဒါဉာဏ် ၂၃၉
၂၂၀။ မုစ္စိတုကမျှတာဉာဏ် ၂၄၀
၂၂၁။ ပဋိသင်္ခါဉာဏ် ၂၄၁
၂၂၂။ သင်္ခါရုပေက္ခာဉာဏ် ၂၄၃
၂၂၃။ ဉာဏ်တက်လေ သိမ်မွေ့လေ ၂၄၅
၂၂၄။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ၂၄၆
၂၂၅။ အရပ်သိတဲ့ ကျီးငှက်ဥပမာ ၂၄၇
၂၂၆။ အနုလောမဉာဏ် ၂၄၉
၂၂၇။ ဂေါတြဘူ ၂၅၀
၂၂၈။ မြောင်းခုန်တဲ့ ယောက်ျားဥပမာ ၂၅၀
၂၂၉။ ပထမမဂ်ဉာဏ် ၂၅၁
၂၃၀။ ပထမမဂ်၏ အာနိသင် ၂၅၂
၂၃၁။ သောတာပန်ဖြစ်ခါ ဗောဇ္ဈင်အရသာခံရ ၂၅၃
၂၃၂။ အထက်မဂ်ဖိုလ်အရောက်မှာလည်း
ဗောဇ္ဈင်အရသာခံရ ၂၅၄
၂၃၃။ မိမိသည်သာ ကိုးကွယ်ရာ ၂၅၄
၂၃၄။ ကိုယ့်ခန္ဓာဟာ အားထားရာလား ၂၅၆
၂၃၅။ မိမိဆိုရအောင် တကယ်ပိုင်ရဲ့လား ၂၅၆
၂၃၆။ မိမိကိုးစားရာ မိမိပိုင်က ဓမ္မတွေ ၂၅၈
၂၃၇။ မဟာနာမ်အား ဟောကြားတဲ့တရား ၂၅၈
၂၃၈။ ပရမတ္ထအရ ဓမ္မသာ အတွင်းမိမိ ၂၆၀

မိခင်ရောဝတီ

http://www.dhammadownload.com

၂၃၉။ ကိုယ့်ကိုသာ အားထားရာဆိုတာ ၂၆၁
၂၄၀။ ညွှန်ကြားချက်သာ သူ့တွက်တာ ၂၆၁
၂၄၁။ ကျင့်ရမှာက မိမိသာ ၂၆၂
၂၄၂။ ဓမ္မပဒလာ ဒေသနာ ၂၆၃
၂၄၃။ သတိပဋ္ဌာန်ဖြင့် ဗောဇ္ဈင်ပွားမှုပြီး ၂၆၄
၂၄၄။ ဗောဇ္ဈင်ခုနစ်ပါး ပါ၍ အနက် ၂၆၇
၂၄၅။ **ဒါရုက္ခန္ဓောပမသုတ်** ၂၇၄
၂၄၆။ အချီး ၂၇၄
၂၄၇။ တိုက်တွန်းချက် ၂၇၅
၂၄၈။ သုတ် နိဒါန်း ၂၇၅
၂၄၉။ တရားအကွက်ဖော်ဖို့ ဦးတည်ချက် ၂၇၆
၂၅၀။ ယခင် သစ်တုံးကြီးလို ကျင့်က ၂၇၇
၂၅၁။ ပဟေဋ္ဌိဆန်တဲ့ ဒေသနာ ၂၇၈
၂၅၂။ အမေး အဖြေ ၂၈၀
၂၅၃။ ဒီ ဘက်ကမ်းဆိုတာ ၂၈၀
၂၅၄။ ဟို ဘက်ကမ်းဆိုတာ ၂၈၂
၂၅၅။ ကမ်းကပ် မကပ်ပုံ သိဖို့လို ၂၈၃
၂၅၆။ စက္ခုနဲ့ ရူပါရုံ ၂၈၃
၂၅၇။ သောတနဲ့ သဒ္ဒါရုံ ၂၈၅
၂၅၈။ ဃာနနဲ့ ဂန္ဓာရုံ ၂၈၅
၂၅၉။ ဇိဝှါနဲ့ ရသာရုံ ၂၈၆
၂၆၀။ ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံ ၂၈၇

မိခင်ရောဝတီ

http://www.dhammadownload.com

၂၆၁။ မနုန့် ဓမ္မာရုံ ၂၈၈
၂၆၂။ တိုက်တွန်းချက် ၂၈၉
၂၆၃။ အာနာပါနဖြင့် စ ၂၉၀
၂၆၄။ ရှေ့ပြေးအလုပ် ၂၉၁
၂၆၅။ သတိစိုက်ထား ၂၉၂
၂၆၆။ သမထ ဝိပဿနာလမ်းနှစ်သွယ် ၂၉၂
၂၆၇။ အာနာပါန ရှုပုံ ၂၉၃
၂၆၈။ မာရ်စစ်တပ်တွေ တိုက် ၂၉၄
၂၆၉။ တရားတက်လျှင် ဉာဏ်အမြင်တိုး ၂၉၅
၂၇၀။ ပင့်ကူ ဥပမာ ၂၉၆
၂၇၁။ ခြောက်ဒွါရမှာပေါ်လာသမျှ ၂၉၇
၂၇၂။ မြင်တဲ့အခါ ၂၉၈
၂၇၃။ ကြားတဲ့အခါ ၂၉၉
၂၇၄။ နံတဲ့အခါ ၃၀၁
၂၇၅။ စားတဲ့အခါ ၃၀၂
၂၇၆။ တွေ့ထိတဲ့အခါ ၃၀၃
၂၇၇။ ကိုယ်နဲ့စပ်တဲ့ ရှုကွက် ၃၀၄
၂၇၈။ သိတဲ့အခါ ၃၀၆
၂၇၉။ ဉာဏ်တွေတက် မဂ်ဖိုလ်ဆိုက် ၃၀၆
၂၈၀။ သောတာပန် ဂုဏ်ရည် ၃၀၈
၂၈၁။ မြစ်လယ် မြုပ်တယ်ဆိုတာ ၃၀၉
၂၈၂။ ကုန်းပေါ်တင်နေတယ်ဆိုတာ ၃၁၀

မိခင်ရောဝတီ

http://www.dhammadownload.com

၂၈၃။ လူဆယ်ယူတယ်ဆိုတာ ၃၁၂
၂၈၄။ နတ်ဆယ်ယူတယ်ဆိုတာ ၃၁၃
၂၈၅။ ဝဲစုပ်တယ်ဆိုတာ ၃၁၅
၂၈၆။ အတွင်းပုပ်ဆွေးတယ်ဆိုတာ ၃၁၆
၂၈၇။ နွားကျောင်းသားနန္ဒ ၃၁၇
၂၈၈။ တိုက်တွန်းချက် ၃၁၈
၂၈၉။ **ဗုဒ္ဓါနုဿတိ ဘာဝနာ** ၃၂၀
၂၉၀။ ဂုဏ်တော်ဂါထာများ ၃၂၀
၂၉၁။ သဗ္ဗညုတညာဏ် ပူဇော်ရှိခိုး ၃၂၄
၂၉၂။ အဂ္ဂပသာဒ ဘုရားရှိခိုး ၃၂၅
၂၉၃။ မဟာဝဇိရညာဏ်တော် ရှိခိုး ၃၂၇
၂၉၄။ ဘုရား တရား သံဃာဂုဏ်တော်သစ္စာပြု ၃၂၈
၂၉၅။ အစိန္တေယျ ဘုရားရှိခိုး ၃၃၁
၂၉၆။ သိကြားမင်း မြွက်ဆိုသော ယထာဘုစ္စ
ဂုဏ်တော်(၈)ပါး ၃၃၃
၂၉၇။ ရှင်သာရိပုတ္တရာလျှောက်ထားသော
ဘုရားရှင် ဂုဏ်တော်များ ၃၄၁

မာတိကာပြီး၏

မိခင်ရောဝတီ

http://www.dhammadownload.com

ဇောရွှင်ခုနစ်ပါး တရားမြတ်ရတနာ

အမှာစာ

ထန်းလျက်သည်ချို၏ ကျမ်းတစ်ဖွဲ့ စာတစ်စောင်မှာ နိဒါန်းဟူ၍ ဖြစ်စေအမှာစာဟူ၍ဖြစ်စေ ရေးသားရမည်ဆိုလျှင် သို့မဟုတ် ကျမ်းစာအကြောင်းကို ပြောဆိုဟောကြားရမည်ဆိုလျှင် ထိုသက်ဆိုင်ရာ ကျမ်းစာဖွဲ့ကို ဖတ်ချင်အောင် ကြားနာချင်အောင် ဆွဲဆောင်သောအားဖြင့် မည်သို့မည်ပုံ ကောင်းကြောင်းကို ဂုဏ်တင်ကြရအကျိုးအာနိသင်ကို ပြကြ ပြောကြရမည်သာဖြစ်ပါ၏။ စာရေးသူအနေဖြင့် အဘိဓမ္မာရဏဂုရု-ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ- ကျမ်းပြုအကျော်သပြေကန်ဆရာတော်ကြီး ဟောကြားတော်မူသော ဤဇောရွှင်ခုနှစ်ပါးတရားမြတ်ရတနာကို အခါအားလျှော်စွာ အကြိမ်တော်တော်များများ ဖတ်ခဲ့ဖူးရာ သိပ်ကောင်းပါသည်ဟု မှတ်ချက် ချမိပါ၏။ သို့သော် မည်သို့မည်ပုံကောင်းပါသည်၊ မည်သို့သော အကျိုးအာနိသင်ကို ရရှိနိုင်ပါသည်စသည်ဖြင့် ပေါ်လွင်ပြည့်စုံအောင် ဂုဏ်မတင်တတ်ပါ။ ထန်းလျက်ခဲများ စားနေသော ကလေးတစ်ယောက်ကို ထန်းလျက်ကဘယ်လိုနေသလဲဟု မေးလျှင် ကောင်းတယ် သိပ်ချိုတယ်ဟု ပြောပါလိမ့်မည် ။ ဘယ်လိုကောင်းလဲ ဘယ်လိုချိုလဲဟု မေးလျှင်ကား၊ ကောင်းတာ ကောင်းတာပေါ့ဗျာ ချိုတယ်ဆိုတာ ချဉ်ကို မချဉ်ဘူးဟုသာ ပြောပါလိမ့်မည်၊ကောင်းပြီ ချိုပြစမ်းပါဟု ဆက်ပြောလျှင်ကား၊ စားကြည့်လေဟု ဆိုလာပါမည်။ ချိုတဲ့အလုံးကို မင်းရွေးပေးကွာဟု ပြောလာလျှင်ကား၊ ရွေးစရာမလိုဘူး အကုန်လုံး အချိုချည်းပဲဟု ပြောကြားမှာ အမှန်ပင်။ တို့ကကွမ်းစားထားတာကွ လျှာကထူနေတာ ဒီတော့ မင့်ထန်းလျက် က ချိုနိုင်ပါ့မလားဟု ဆိုလာပြန်လျှင်၊ ဟာဗျာ လျှာထူထူ လျှာပါးပါး ထန်းလျက်က ချိုကို ချိုမှာပဲဟုပြောမည်မှာ ဧကန်ပင် ဖြစ်ပါသည်။

မိုးခင်ရောဝတီ

http://www.dhammadownload.com

ဟုတ်ပါသည်၊ ထိုကလေးသည် ထန်းလျက် ချိုကြောင်းကိုတော့ သူရဲရဲကြီးပြောနိုင်ပါလိမ့်မည်၊ ထန်းလျက်သည် ချို၏၊ ဝမ်းမီးကို တောက်စေ၏၊ သလိပ်ကိုနှိုင်း၏၊ မည်သည့်ရောဂါကို ပယ်၏ စသည်ဖြင့် ထန်းလျက်၏ ဂုဏ်သတ္တိကိုကား ပြောကြားတတ်မည် မဟုတ်ပါ။ ထန်းလျက်၏ သဘာဝဂုဏ်သတ္တိကို ပြောနိုင်သူကား တကယ်ကျွမ်းကျင် လိမ္မာသော ဆေးဆရာပင် ဖြစ်ပါလိမ့်မည်။

စာရေးသူအနေဖြင့်လည်း ဤဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာကို အကြိမ်ကြိမ်ဖတ်ခဲ့သော်လည်း ပေါ်လွင် ကုန်စဉ်အောင် ဂုဏ်မတင်တတ် အကျိုးအာနိသင်ကို စုံလင်စွာမပြတတ်ပါ၊ စာရေးသူအနေဖြင့်ကား ဤဗောဇ္ဈင်ခုနှစ်ပါးတရားမြတ်ရတနာသည် ကောင်းပါ၏၊ ချိုမြိန်သည့် ဓမ္မရသကို ပေးစွမ်းနိုင်ပါ၏ ဟုသာ ပြောတတ်ပါသည်။ ဤသည်ကို ရဲရဲကြီး ပြောချင်ပါသည်၊ ဟုတ်ပါ့မလား တို့မျှားက လောကုတ္တရာသမားသက်သက်မဟုတ် တရားသမား သက်သက်မဟုတ်၊ လောကီစီးပွားကို အားသွန်ခွန်စိုက် ရှာနေတဲ့သူ တို့အတွက် ကောင်းနိုင်ပါ့မလား အကျိုးရှိပါ့မလားဟု ဆိုလာလျှင်ကား။ ကောင်းပါသည် အကျိုးရှိပါမည်ဟုသာ၊ ဤလိုဆိုလျှင်ဖြင့် တို့.က ဘယ်အပိုင်းကို ကြည့်ရမလဲ သတိသမ္ဘောဇ္ဈင်ပိုင်းလား ဓမ္မဝိစယသမ္ဘောဇ္ဈင်ပိုင်းလား ? စသည်ဖြင့် မေးလာလျှင်ကား၊ ဘယ်အပိုင်းပဲ ကြည့်ကြည့် လောကီစီးပွားကို အားသွန်ခွန်စိုက် ရှာနေသူပဲ ဖြစ်ဖြစ်၊ လောကုတ္တရာစီးပွားကို အားသွန်ခွန်စိုက် ရှာနေသူပဲ ဖြစ်ဖြစ် ဤဗောဇ္ဈင်ခုနှစ်ပါး တရားမြတ်ရတနာသည်ဧကန်သင့်တော် ဧကန်အကျိုးရှိ၍ ဧကန်ကောင်းသည်ဟုသာ။

ဤစာအုပ်ကို မဟတ်သင့်သူ ဤအကြောင်းကိုပင် အခြေခံ၍ ဖြစ်မည်ထင်ပါသည်။ မိခင်ရောဝတီ

http://www.dhammadownload.com

မိသားစုက ဤစာအုပ်ကို ကြည့်ရှုသင့်သူများ။

၁။ လောကီစီးပွားရေးကြီးပွားတိုးတတ်လိုသူများ၊

၂။ ကိုယ်နှင့်စိတ်ကျန်းမာအောင် စောင့်ရှောက်လိုသူများ၊

၃။ လောကီလောကုတ္တရာစီးပွားရှာရာ၌ ပေါင်းသင်းသင့်သူ ရှောင်ခွာသင့်သူတို့ကို သိလိုသူများ၊

၄။ ကမ္မဋ္ဌာန်းနည်းပြဆရာများ၊

၅။ သမထဝိပဿနာကမ္မဋ္ဌာန်းကို နောက်မဆုတ်တမ်း အားထုတ်နေသူများ၊

၆။ ဓမ္မကထိကဆရာတော်များ၊

၇။ ဓမ္မ၏ အဘိုးတန် ရတနာထိုက်ပုံကို ကိုယ်တွေ့ဉာဏ်တွေ့ သိရှိလိုသူများ၊

၈။ မိမိစွမ်းအားနှင့် မိမိကိုယ်ကို ယုံကြည်အားကိုးလိုသူများ၊

၉။ မြတ်ဗုဒ္ဓ၏ တကယ့်အသုံးအဆောင်တို့ကို သိလိုသူများ၊

၁၀။ လွတ်မြောက်မှုအရသာကို ခံစားလိုသူများ၊

၁၁။ ရတနာသုံးပါးဂုဏ်ကို သက်ဝင်ယုံကြည်သူများဟု ဤသည့်ကျမ်းစာကို ကြည့်ရှုသင့်သည့်သူ တစ်ဆယ့်တစ်ဦးကို ဖော်ပြထားသည်။ ထိုသို့ဖော်ပြခြင်းကို အလွန်သင့်လျော်သည်ဟု စာရေးသူ ထင်မြင်မိပါသည်။ သူတို့၏ ဖော်ပြခြင်းသည် စီးပွားရေးအတွက် ကြော်ငြာ ဖော်ပြခြင်းမဟုတ်နိုင်ပါ၊ သူတို့၏ စာအုပ်ထုတ်ဝေခြင်းသည် လောက စီးပွားရေးအတွက်မဟုတ်၊ ဓမ္မစီးပွားရေးအတွက်သာ ဖြစ်ပါသည်၊ သူတို့သည် စာအုပ်မှ ရရှိသော အမြတ်အစွန်းများကို သာသနာရေးနှင့် လူမှုရေးတို့၌သာ စနစ်တကျလှူလေ့ရှိသည်၊ သူတို့မှာ လောက စီးပွားရေး အတွက် အခြားစီးပွားရေးလုပ်ငန်း ရှိနေပေသည်။ စာပေနှင့်စပ်၍ မိခင်ဧရာဝတီ၏ ခံယူချက်သည်

http://www.dhammadownload.com

၁။ တိမ်းပါးမှားယွင်းခြင်း မရှိရန် စောင့်ရှောက်ထုတ်ဝေမည်
၂။ တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိစေရန် ဖော်ထုတ်မည်
၃။ မိမိအမြတ်အစွန်းရရှိရေး သက်သက်အတွက်မဟုတ် သာသနာတော်ထွန်းကားရေးအတွက် စီစဉ်ထုတ်ဝေမည်ဟု၊ ခံယူချက်သုံးခုပင်ဖြစ်သည်။ သူတို့သည်စျေးကွက်ဝင်၍ ရောင်းအားသွက်သော စာအုပ်တို့ကိုသာရွေးချယ် ထုတ်ဝေသည်မဟုတ်၊ ရတနာထိုက်သည့် စာပေများကိုသာ ရွေးချယ် ထုတ်ဝေကြသည်၊ စာပေသိက္ခာထိန်းသိမ်း ကြသည်၊ ထို့ကြောင့် သူတို့၏ ဖော်ပြခြင်းကား အတ္တပရသာသနာပြု ကောင်းမြတ်သော၊ စိတ်ထားဖြင့် ဖော်ပြခြင်းသာ ဖြစ်ပါမည်။

စာရေးသူအမြင်ဖြင့်ကား ဤစာအုပ်ကို မဖတ်သင့်သော ပုဂ္ဂိုလ်နှစ်ဦးကို ဖော်ပြချင်ပါသေးသည်။ တစ်ဦးကား ဓမ္မရသကို နှစ်နှစ်ခြိုက်ခြိုက် ခံစားတတ်ပြီး ဗဟုသုတလိုလားသော်လည်း အချိန်လုံလောက်စွာမရသူ၊ နောက်တစ်ဦးကား အခြား ဘာသာဝင်များ၊ လူမှုရေးကြောင့်ဖြစ်စေ စီးပွားရေးကြောင့်ဖြစ်စေ မိမိဘာသာကို မစွန့်လွှတ်လိုသူများ ဤစာအုပ်ကို လုံးဝမကြည့်သင့်ပါ။ ဗဟုသုတ လိုလားပြီး ဓမ္မရသကို နှစ်ခြိုက်စွာခံစားတတ်၍ အချိန် လုံလောက်စွာမရဘဲ ဤစာအုပ်ကို ဖတ်ပါက ဓမ္မရသ၏ ဆွဲဆောင်အားဖြင့် ပါသွားကာ မိမိဆောင်ရွက်ရမည့် အလုပ်များ လစ်ဟင်းသွား နိုင်ပါသည်။ ဗုဒ္ဓအယူမှ အပ အခြားမိမိတို့ ကိုးကွယ်သော တစ်ပါးသော ဘာသာကို မစွန့်လွှတ်လိုပဲ ဤစာအုပ်ကို ဖတ်ပါက ဗုဒ္ဓဓမ္မသို့ စိတ်ကမလွဲမသွေ ညွှတ်မိတော့မည်ဟု ထင်မြင်မိပါသည်၊ ထို့ကြောင့် အဆိုပါ ပုဂ္ဂိုလ်နှစ်ဦး ဤစာအုပ်ကို လုံးဝမကြည့်သင့်ပါဟု ထင်မြင်မိပါသည်။

http://www.dhammadownload.com

ကာလ–ဌာန–ပုဂ္ဂလ စာရေးသူအနေဖြင့် ဤစာအုပ်ကို မကြည့်သင့်သူ ပုဂ္ဂိုလ်နှစ်ဦးကိုဖော်ပြပြီးနောက် သပြေကန်ဆရာတော်ကြီး၏ ဤဗောဇ္ဈင်ခုနစ်ပါးတရားမြတ်ရတနာကို ဟောရာကာလ ဌာန ပုဂ္ဂလတို့နှင့် စာအုပ်ဖြစ်ပေါ်ပုံကို ဖော်ပြချင်ပါသေးသည်။ သပြေကန်ဆရာတော်ကြီး ရန်ကုန်မြို့ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ သီတင်းမသုံးမီ မြန်မာသက္ကရာဇ် (၁၃၃၈) ခု၊ ခရစ်နှစ် (၁၉၇၆)ခုနှစ်က ပုဇွန်တောင် ရွှေကျင်ကျောင်း တိုက်၌ အာဝန္တကအဖြစ် သီတင်းသုံးတည်းခိုကာ ရန်ကုန်မြို့ ယခုမင်းရဲကျော်စွာလမ်း ယခင် စိန်ဂျန်းလမ်း အမှတ် (၁၀၇) ဦးထိန်ဝင်း နေအိမ်ဘုရားခန်း၌ ဦးထိန်ဝင်း၏ လျှောက်ထားတောင်းပန်ချက်အရ ညနေပိုင်း ညနေပိုင်းတွင် (၁၀) ရက်ကျော်ခန့် နေ့စဉ်နေ့စဉ် သွားရောက်ဟောကြားခဲ့ပါသည်။ ထိုအခါက တရားနာ ပုဂ္ဂိုလ်များမှာ ဦးထိန်ဝင်း နှမဒေါ်လှ၊ ဦးဖေါ်ဦးစောလွင် + ဒေါ်ခင်သန်းမြင့်၊ ဦးအုန်းခင် + ဒေါ်စိန်စိန် စသည်တို့ ဖြစ်ပါသည်။ ဆရာတော် ဟောကြားတော်မူစဉ် ကက်ဆက်ခွေဖြင့် အသံဖမ်း ယူထားကြရာ ဆရာတော်ဟောကြားပြီး၍ ကက်ဆက်ခွေမှ လက်ရေးစာမူအဆင့်ဆင့် လက်ရေးစာမူမှ လက်နှိပ်စက်မူအဖြစ်သို့ အဆင့်ဆင့်ကူးပြောင်းကာ စာမူများလည်း ပွားလာခဲ့ပါသည်။

ဗုဒ္ဓသည်သတ္တဝါတို့အတွက် ထို လက်နှိပ်စက်စာမူ တစ်စောင်ကို ကား ဆရာတော် ရန်ကုန် ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက်၌ ပဓာနမဟာနာယကအဖြစ် သီတင်းသုံး၍ မကြာမြင့်မီ စာရေးသူအား ဆရာတော်ကိုယ်တိုင်က အချိန်ရလျှင် ဖတ်ကြည့်စမ်းပါဦးဟု အမိန့်ရှိ ခိုးမြောက်သဖြင့် အားလပ်ချိန်ဝယ် စာမူကို ဖတ်ကြည့်ရာ ဆွဲဆောင်အားပြည့်ဝလှပါသည်။ မည်သို့မည်ပုံ ကောင်း

http://www.dhammadownload.com

သည်ဟု မှတ်ချက်ချ မဖော်ပြတတ်သော်လည်း မိမိ၏ စိတ်ထည်းမှာ ငါဟာ၊ "သတ္တဝါတို့ အကျိုးစီးပွား အတွက် လောကၽ် မြတ်စွာဘုရား ဖြစ်ပွင့်တော်မူလာ၏၊ သတ္တဝါတို့ အကျိုးစီးပွား အတွက်လောကၽ် တရားတော်ဖြစ်ပေါ် လာပါ၏။ သတ္တဝါတို့ အကျိုးစီးပွားအတွက် လောကၽ် သံဃာတော် ဖြစ်လာ၏" ဟူသော သဘောပါ ပါဠိရပ်ကို ဤစာမူက ကောင်းကောင်းကြီး သဘောပေါက်စေကာ လက်ခံနိုင် ပြီဟု ကျေနပ်မိပါသည်။

ဗောဒ္ဓိင်ခုနစ်ပါးတရားမြတ်ရတနာ

အမည်ပါ စာကို မိမိဖတ်ရ၍ သဘောကျလက်ခံ ကျေနပ်မိသလို တစ်ပါးသူများကိုလည်း ဖတ်စေချင်သည့် စေတနာများ တဖွားဖွား ပေါ်လာ ပါတော့သည်။ ထို့ကြောင့် စာမူကို ဆရာတော်ထံ ပြန်အပ်ရင်း ဤစာမူကို မြန်မြန်စာအုပ်ဖြစ်အောင် ဆောင်ရွက်သင့်ကြောင်းလည်း တင်ပြလျှောက် ထားရာ၊ ဆရာတော်က ဒကာထိန်ဝင်း ရိုက်ပါ လိမ့်မည်ဟုသာ အမိန့် ရှိခဲ့ပါသည်။

သော်တာလ အလား "ဒကာထိန်ဝင်း ရိုက်ပါလိမ့်မည်"

ဟူသော စကားအရဖြင့်ပင် ဤ အရှင်သည် မိမိအတွက်လည်းကောင်း၊ အမျှားအတွက်လည်းကောင်း၊ ဗောဒ္ဓိင်ခုနစ်ပါး တရားမြတ်ရတနာထွက်ပေါ်ရေးကို၊ မြော်လင့် မိသည်မှာ ကမ္ဘာဦးလူတို့ သော်တာလကို မြော်ရသည်နှင့် မခြားဟု ထင်မိပါသည်။ ဟုတ်ပါ၏၊ ဤအရှင် ဗောဒ္ဓိင်ခုနစ်ပါးတရား မြတ်ရတနာစာမူကို ဖတ်ရသည်မှာ မြန်မာသက္ကရာဇ် (၁၃၄၀) ပြည့်နှစ်ဆီက ဖြစ်ပြီး (၁၃၅၁)ခုတိုင်အောင် စာအုပ်က မထွက်ပေါ်သေး။ သည်ကြားမှာ ဦးထိန်ဝင်းနှင့် တွေ့တိုင်း မရိုက်သေးဖူးလား မရိုက်သေးဖူးလားဟု

http://www.dhammadownload.com

မကြာခဏမေးဖြစ်ရာ "တပည့်တော်က ရိုက်ချင်တာ ကြာလှပြီဘုရာ့ ဆရာတော်က ဟောတရားမို့ စကားဟန်ဖြစ်နေလို့ စာဟန်နဲ့ ပြင်ဦးမယ်ဆိုလို့ ထားခဲ့ရတာ ခုထိမပြင်ရသေးဖူး" "စကားဟန်လဲ ကောင်းပါတယ် ဒကာကြီး။" "ကောင်းပါတယ်ဘုရာ့၊ ဒါပေမယ့် ဆရာတော် သဘောကိုး" ဟု ပြောပြရာဆရာတော်၏ စေတနာကို ပိုမိုကြည်ညိုခွင့် ရပြန်ပါသည်။

ဆရာတော်မှာ စာဖတ်သူများအတွက် ပိုမိုရှင်းလင်းသဘောပေါက်လွယ်စေချင်သည်၊ ဆရာတော်မှာ ကိုယ်အားရော ဉာဏ်အားရော သာသနာပြုစွမ်းရည်ရာခိုင်နှုန်းအပြည့် အဝရှိပါ၏။ သို့သော်လည်း အချိန်အားဖြင့် အားလပ်သည်ဟူ၍ မရှိရကား ဗောဓိရှင်ခုနစ်ပါး တရားမြတ်ရတနာ စကားဟန်မှ စာဟန်သို့ကူးရန် လက်မလှည့်နိုင်ပါ။ စာဖတ်ပရိသတ်ကလည်း တောင့်တလှပြီ၊ ဦးထိန်ဝင်း ကလည်း မစောင့်နိုင်တော့၊ စကားဟန်နှင့်ပင် ပုံနှိပ် ဖြစ်တော့သည်။ တနည်းအားဖြင့်ကြည့်လျှင်တော့ စကားဟန်အတိုင်း လည်းကောင်းပါ၏။ နာမည်ကြီးစာရေးဆရာ မင်းသုဝဏ်ကဆိုလျှင် "ကိုယ်သိပြီးသား အကြောင်းအရာ ဖြစ်ပေမယ်လို့ သပြေကန်ဆရာတော် ဟောလိုက်တော့မှ ပိုပြီးတော့ နားရှင်း အမြင်ရှင်းကာ အရသာရှိတယ်ဟု" ဆိုလာသည်။ စာရေးဆရာကြီး ပါရဂူကား ! ဆရာတော်ဟာ စာရေးကောင်းသကဲ့သို့ ပင် အဟောအပြောလည်းကောင်းသည်၊ အဟော အပြောကောင်းဆိုရာ၌ အာဝဇ္ဇန်းရှင်သော ဓမ္မကထိက တစ်ပါးဖြစ်သည်ဟု မဆိုလိုပေ၊ ဒေသနာတော်၏ အနှစ်သာရကို တရားနာပရိသတ် နားထဲစွဲသွားအောင်ဟောနိုင်စွမ်းရှိသည် ! ဟု မှတ်ချက်ချ၏။ မြှော်လင့်ရခြင်း နပ်ကြောင်းကို ဆက်တင်ပြပါရစေ။ ထိုအချိန်အခါက စာအုပ်ရိုက်သူတို့တွင် စာတစ်အုပ်ကို ပုံမှန်အားဖြင့် သုံးထောင် ၊အများဆုံးအားဖြင့် ငါးထောင်သာ ရိုက်ကြ

http://www.dhammadownload.com

သော အချိန်တွင် ဦးထိန်ဝင်းက တစ်သောင်း တိတိရိုက်နှိပ်ရာ ကမ္ဘာဦးသူ တို့တမ်းတနေသော သော်တာလကို မြင်ရ၍ ဝမ်းသာကြသလို ဤ အရှင်လည်း မျှားစွာဝမ်းသာပီတိဖြစ်ခါ မြှောလင့်ရကျိုးနပ်ပါတော့သည်။

ရဲ့ခံ့သည့် ကြုံးဝါးသံ ဦးထိန်ဝင်းသည် စာအုပ်တစ်သောင်း ရိုက်နှိပ်ပြီး အချို့သော ဓမ္မမိတ်ဆွေများ ထံသို့ "ဤကျမ်းစာကို သန့်ရှင်းစွာ လှူဒါန်းပါသည်၊ အလှူခံ ပုဂ္ဂိုလ်သည် ကျမ်းစာကို အစမှ အဆုံး (၃) ကြိမ် (၃) ခေါက်မျှ အာရုံစူးစိုက် ဖတ်ရှုခြင်း ဖြင့် လှူဒါန်းသူအား ကျေးဇူးပြုစေလိုပါသည်။ ရသင့်ရထိုက်သော အသိ ဉာဏ် ပညာကို ရရှိအောင် ကြိုးစားနိုင်ကြ၍ ချမ်းသာစွာ ကြိုးစား အား ထုတ်နိုင်သူ ဖြစ်ရပါလို၏ ! ဟု စာအုပ် ကျောဖက်၌ ပုံနှိပ်စေကာ လှူဒါန်း ခဲ့ပါသေးသည်။

ဤဗောဓိရွက်ခုနစ်ပါး တရားမြတ်ရတနာကို ဖတ်ရှုရသူ အချို့သော လောကီပညာတတ် ဗဟုသုတကြွယ်ဝသူများ ထံမှ ကြုံးဝါးသံကို တဆင့်ကြားရသည်မှာ ၊ ကျွန်ုပ်ကို လူတစ်ယောက် ယောက်က ဗုဒ္ဓဓမ္မဟာ လောကဖက်၌ ဖြစ်ဖြစ် တမလွန်မှာဖြစ်ဖြစ် ချမ်း သာကို မပေးနိုင်ဘူး အကျိုးမရှိဘူးလို့ လက်ခံနိုင်အောင် ပြောနိုင်ခဲ့လျှင် ဗုဒ္ဓဘာသာကို စွန့်မယ်ဗျား ၊ကျွန်ုပ်က မိရိုးဖလာ ဗုဒ္ဓဘာသာ မဟုတ် တော့ဘူးဗျာ့ တဲ့၊ ဖြစ်နိုင်ပါ၏။ သူတို့သည် ဗုဒ္ဓ၏ အသုံးဆောင်တို့ကို တွေ့မြင် သွားကြသည်။

ဦးထိန်ဝင်း၏ သာသနာစိတ် ဤမျှကျေးဇူးများပြီး အသိဉာဏ် တိုး ပွားနိုင်၍ အဘိုးအနှဲ့ထိုက်တန် လှ သော ဤဗောဓိရွက်ခုနစ်ပါး တရားမြတ်ရတနာကို တစ်သောင်းထိ ရိုက်ခဲ့

http://www.dhammadownload.com

သော်လည်း ယခုအခါ၌ ပညာသုတရှာမှီးကြ သောသူတို့ အတွက် ရှာလို့ ဖွေလို့ မရအောင်ပင် ပြတ်လပ်၍ နေပါပြီ။ ဘာသာ သာသနာ လူမျိုး အတွက် လိုအပ်နေပါပြီ။ ဤသည်ကို သိသော ပုဂ္ဂန်တောင် ရွှေကျင် ကျောင်းတိုက် သာသနပါလကအဖွဲ့သည် ဘာသာ သာသနာ အတွက် လိုအပ်ချက်ကို ဖြည့်စွမ်းပေးချင်သော စေတနာကား တဖွားဖွား ပေါ်ပေါက်လျက်ရှိရာ စကားစပ်မိသော တစ်နေ့ဝယ် ဤအရှင်အား "အရှင်ဘုရား ဗောဓိပင်ခုနစ်ပါး တရားမြတ်ရတနာ ထပ်ရိုက်ဖို့သင့်ပြီ ဘုရာ့" ဟာ သည်က ဗောဓိပင်ခုနစ်ပါးတွင် မဟုတ်ဘူး၊ သူနဲ့တွဲလျှက်ပါတဲ့ ဒါရုကွန္ဒောပမသုတ်ရော - ဗုဒ္ဓါနုဿတိဘာဝနာရော - ပြီးတော့ပုံနှိပ်မှု အဖြစ် မရောက်သေးတဲ့ ပုဂံရွှေဂူကြီးဘုရားကျောက်စာ ဂါထာတစ်ရာ နိဿယရော ရိုက်ချင် နေတာ ကြာလှပြီ" ဟု ပြန်ပြောရာ "အရှင်ဘုရား သိပ်ကောင်းပေါ့ ဘုရား သာသနာတော်ရော ဆရာ့တော် ကိုပါ ပူဇော်ရာ ရောက်တာပေါ့" ဟု အားပါးတရ လျှောက်ထားသည်။

ဤသို့ဖြင့် စာရေးသူသည် ဤစာ အုပ်ရိုက်နှိပ်ရန် မူလဘူတဖြစ်သော ဒကာဦးထိန်ဝင်းထံသို့ ရက်ချိန်း ယူကာ (၁၃၆၆) ခုနှစ် သီတင်းကျွတ်လထည်းတွင် သာသနပါလကအဖွဲ့ အတွင်းရေးမှူးကိုခေါ်ကာ၊ ဦးထိန်ဝင်းထံသို့ ရောက်ခဲ့ပြီ။ ဦးထိန်ဝင်းကား အသက် (၉၃) နှစ်ရှိပြီ ဖြစ်၍ ဇရာဒုဗ္ဗလအရွယ်ဖြစ်ရာ အိပ်ရာထည်းတွင် လည်းလျောင်းလျက်သာ၊ကံ့ကောင်းသည်ကား စာရေးသူနှင့် ချိန်းဆိုထား သောနေ့တွင် ကျန်းမာရေး အထူးကောင်းမွန်ကာ ကြည်လင်ရွှင်ပျလျက် ရှိသည်။ ဆေးရုံလူနာသုံးခုတင်မျိုးတွင် ပက်လက်နေရာ စာရေးသူရောက် တော့ပြုစုသူများက ခေါင်းရင်းဖက်ကိုကရိယာဖြင့် မြှင့်တင်ပေး၏။ ရှိတော့ မခိုးနိုင်၊ သို့သော် လက်အုပ်ကတော့ အမြဲချီလျက်ပင် ။ ရံခါ ရံခါ ညောင်းသည့်အခါမှသာ လက်အုပ်ကိုချသည်၊ သူ စာရေးသူနှင့်တွေ့ရ

http://www.dhammadownload.com

သည်မှာ အလွန်ဝမ်းသာနေပုံရသည်။ သာသနာရေးဆိုင်ရာတွေပြော သာသနာရေးနှင့်စပ်လျဉ်း၍ သူ့အတွေ့ အကြုံတို့ကို ပြောပြရာ နာရီဝက် ခန့်ကြာမည်ထင်သည်။ နောက်မှ , "အရှင်ဘုရားရဲ့ ကြွလာတဲ့ ကိစ္စ ကိုလည်း အမိန့်ရှိပါဦးဘုရာ့" ဟု လျှောက်ထားမှ၊ စာရေးသူက ဗောဇ္ဈင် ခုနစ်ပါးတရားမြတ်ရတနာစာအုပ်နှင့် ပုဂံရွှေဂူကြီး ဘုရားကျောက်စာ ဂါထာတစ်ရာနီသယဟကို ရိုက်လိုကြောင်းပြောပြရာ၊ "အရှင်ဘုရား သ ဘောအတိုင်း ရိုက်ပါဘုရား၊ တပည့်တော်သိပ် ဝမ်းသာတာပေါ့ ၊ ရွှေဂူကြီး ဘုရား ကျောက်စာက ပုံနှိပ်မူအဖြစ် မရောက်သေးဘူး၊ တပည့်တော် တာဝန်လည်း ကျေတာပေါ့ဘုရာ့၊ ရိုက်ပါ၊ တပည့်တော်က သာသနာ အတွက်အလုပ်လုပ်ခဲ့တာ၊ သာသနာအတွက် ၊ ဒီ တရားဟောဖို့ ဆရာ တော်ကို လျှောက်ထားခဲ့တာ ကိုယ်ကျိုး ကိုယ်စီးပွား တွက်မဟုတ်ဘူး၊ အရှင်ဘုရားလည်း သဒ္ဓါတရားနဲ့ သပြေကန် စာအုပ်တွေ အဆက်မပြတ် ထွက်အောင် ကြိုးစားနေတာ သိရလို့ တပည့်တော်သိပ် ဝမ်းသာတယ် ဘုရား၊ သာသနာအတွက် အရှင်ဘုရားတို့ကြိုးစားမှ ဖြစ်တော့မှာ" စသည် ဖြင့် အားပါးတရ ဝမ်းပန်းတသာ ပြောနေသည်။ သူ့အသံသည် ယခင် ကလို ဟိန်းထွက်မလာသော်လည်း ပီသနေသည်။ ကြည်မြနေသည်။ မျက်နှာမှာလည်း ရွှင်လန်းတက်ကြွသည့် သွင်ပြင်ကို ဆောင်နေသည်။ စာရေးသူအနေဖြင့် ကုသိုလ်စိတ္တဇရူပ်တွေမျှား ဖြစ်ပေါ်နေသလားဟု တွေးမိသည်။ သူ၏ အိမ်သူ အိမ်သား တူသားနောင်မယ်တို့သည်လည်း ဝမ်းသာနေပုံရပါသည်။ မျက်နှာတွေမှာ ပြုံးရောင်သမ်းလျက်၊ "သူ ဒီနေ့မှ ကျန်းမာရေးက ပိုပြီးကောင်းနေတာဘုရာ့" စသည်ဖြင့် လျှောက်ထား ကြပါသည်။

ခ္ပီးကျူးဆို့ကသည့် သဒ္ဓါ ဦးထိန်ဝင်း တို့မိသားစုနှင့် စကား

http://www.dhammadownload.com

ပြောပြီး သူတို့၏ သာသနာစိတ်နှင့် သဒ္ဓါတရားတို့ကို စာရေးသူ၏ စိတ်ထဲဝယ် ကျိတ်၍ခိုးကျူးမိပါသည်။ ဦးထိန်ဝင်းကလည်း " ဒီစာမူကို သပြေကန်ဆရာတော်အား ငါကိုယ်တိုင် အဘိယာစကပြု လျှောက်ထားခဲ့တာ ငါပိုင်တယ် ဉ့်စီးပွားအတွက် ဖြစ်ရမယ်"ဟု သဘောမထား၊ သာသနာအတွက် အကျိုးများမည့် နောက်ထပ် စာအုပ်တွေ ထွက်ဖို့အတွက်သာ သဘောထားသည်။

သူ၏မိသားစု တူသားနောင်မယ်တို့ကလည်း "ဒီစာအုပ်ဟာ တို့ဘကြီး အဘိယာစကပြုခဲ့တာ တို့သာ ပိုင်ဆိုင်သင့်သည် တို့စားဝတ်နေရေးအတွက် ဖြစ်ရမည်" ဟု ယုတ်ညံ့ အောက်တန်းကျသော စိတ်လုံးဝမထား သာသနာတော်အတွက်သာ ဖြစ်ရမည်ဟုမြင့်မြတ်၍အထက်တန်းကျသော စိတ်ထားနှင့် သဒ္ဓါတရားရှိကြသည်။ ရှေးရှေးက ကျမ်းပြု ဆရာတော်ကြီးများနှင့် အဘိယာစကပြု တောင်းပန်သော ပုဂ္ဂိုလ်မြတ်တို့သည်လည်း သာသနာတော်အတွက်သာ ကျမ်းပြုကြ တောင်းခံကြမည်ဟု ထင်မြင်မိပါသည်။ ဦးထိန်ဝင်းတို့ မိသားစုကို ကောင်းမြတ်သည့် သဒ္ဓါပညာတို့ဖြင့် ကျမ်းပြုဆရာတော် အရှင်မြတ်ကြီး၏ အလို အာဘော် နှလုံးသွင်းကို ဖြည့်စွမ်းနိုင်သည့် ပညာရှင်တို့ဟူ၍ ခိုးကျူးထိုက်သည်ဟု ထင်မြင်မိပါသည်။ လူဖြစ်စေ ရဟန်းဖြစ်စေ အကယ်၍သာ အစွန်းထွက်သည့် လောဘရမ္မက် နှိပ်စက်ခံနေရလျှင်ကား "လောဘော အတ္တံ နဇာနာတိ" ဟူသော တရားသဘောအရ ကြောင်းကျိုး မဆင်ခြင်နိုင်ကောင်းဆိုးမမြင်နိုင်၍ သူမိုက်သူကန်းဖြစ်ကာ၊ ကျမ်းပြုအရှင်နှင့် အဘိယာစကပုဂ္ဂိုလ်တို့၏ အလိုနှလုံးသွင်းကို ပြည့်စုံစေနိုင်ကြသည့် သူတွေ မဟုတ်သည်မှာ သေချာလှပေသည်။ဤသို့သောသူများကို ပညာရှိ သူတော်ကောင်းကြီးများက သနားစရာ ပုဂ္ဂိုလ်များအဖြစ်မြင့် မြင်ကာ သံဝေဂဝတ္ထုအဖြစ်ဖြင့်လည်း သုံးသပ်ကြမည်ထင်ပါ၏။

မိုင်ခရောဝတီ

http://www.dhammadownload.com

သဒ္ဓါ+စေတနာ+ဝါသနာ အသင်စာရှုသူ စာရှုသူ လက်ဝယ်သို့ သပြေကန် ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ဗောဓျင်ခုနစ်ပါး တရားမြတ်ရတနာနှင့် တရားသဘောမျှားစွာပါဝင်သော ဒါရုက္ခန္ဓောပမသုတ်တရားတော် +ဗုဒ္ဓါနုဿတိဘာဝနာဟူသည့် ရတနာထိုက်သည့် ကျမ်းမြတ်အဖြာဖြာကို ဦးထိန်ဝင်းတို့မိသားစု၏ စစ်မှန်သည့်သဒ္ဓါ၊ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် သာလနပါလကအဖွဲ့၏ ထက်သန်သည့် စေတနာ ၊ မိခင်ဧရာဝတီစာအုပ်တိုက်၏ ကောင်းမြတ်သည့် ဝါသနာတို့ ဆုံစည်း၍သာ တစ်စုတစ်စည်းတည်း ဆက်ကမ်းနိုင်ခြင်းဖြစ်ပါသည်။ ဤသို့ စာရှုသူလက်သို့ အရောက် ဆက်ကမ်းနိုင်သည် ဖြစ်၍ ဤအရှင်မှာ ဝမ်းမြောက် ဝမ်းသာဖြစ်ရပါပြီ၊ စာရှုသူအနေဖြင့် ကျမ်းစာကို ကြည့်၍ ယခင်က ထက်အသိဉာဏ်ထွား ကုသိုလ်တရားတွေပွားကာ လောကီ လောကုတ္တရာ ကျိုးနှစ်ဖြာကို အရယူသောအားဖြင့် ဤအရှင်အား ပီတိဖြစ်ခွင့်လေးပေးပါဦးဟု တောင်းခံ မှာကြားရင်း အောက်ပါ အာသီသလေးဖြင့် အမှာစာကို အဆုံးသတ်ရပါတော့သည်။

စာရှုသူများ သိဉာဏ်ထွား တိုးပွားကြပါစေ။

အရှင်ခေမာစာရ
ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်
ရန်ကုန်မြို့.

မိခင်ဧရာဝတီ

http://www.dhammadownload.com

ဗောဓိပက္ခိယ ဓမ္မတရားမြတ်ရတနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခြိုးကိုထာများ

၁။ **သံသာရေ သံသရန္တာနံ ၊ သဗ္ဗဒုက္ခဝိနာသနေ ။**
သတ္တဓမ္မေစ ဗောဇ္ဈင်္ဂေ ၊ မာရသေနာ ပမဒ္ဒနေ ။

၂။ **ဗုဇ္ဈိတွာ ယေစိမေ သတ္တာ ၊ တိဘဝါ မုတ္တကုတ္တမာ**
အဇာတိမဇရာဗျာဓိ ၊ အမတံ နိဗ္ဗယံ ဂတာ ။

သံသာရေ– ခန္ဓာထပ်ံထပ် ကွက်မလပ်ဘဲ ဆက်စပ်ဖန်ခါ သံသရာစက်ဝိုင်း၌ ၊ **သံသရန္တာနံ**-ထပ်တလဲလဲ မရပ်စဲဘဲအမြဲလှည့် သူ နတ်လူပြဟ္မာ သတ္တဝါတို့၏ ၊ **သဗ္ဗဒုက္ခဝိနာသနေ**–ဆင်းရဲအဖုံဖုံ အမျိုးစုံတို့ကို အကုန်ပယ်သတ် ဖျက်ဆီးတတ်ကုန်သော ၊**မာရသေနာ ပမဒ္ဒနေ** -မာရ်စစ်သည်တစ်သင်း လုံးဝကင်းအောင် နှိပ်နင်းချေမှုန်း တတ်ကုန်သော ၊**ဗောဇ္ဈင်္ဂေ** –သစ္စာကိုသိဗောဓိသင်းတွင် အဝင်အ ပါ အင်္ဂါအစိတ်ဖြစ်ကုန်သော ၊ **သတ္တဓမ္မေစ** – သတိအစ ဖော်ပြ ညွှန်ကြား ခုနစ်ပါးသော တရားတို့ကို ၊ **ဗုဇ္ဈိတွာ** – အမှန်ထင်ထင် ဉာဏ်အမြင်ရ သိတော်မူကြကုန်၍ ၊ **ဥတ္တမာ**– ကိလေသာညစ် အပြစ်စင်ဖြူ မြတ်တော်မူကြကုန်သော ၊**ယေ စ ဣမေ သတ္တာ**– ပါရမီပွင့်လာ အခွင့်သာလျက် ရင့်မာဟုဆို အကြင် ပုဂ္ဂိုလ်တို့သည် **တိဘဝါ** – ဘဝသုံးသွယ် ဒုက္ခနယ်မှ**မုတ္တကာ**– ဉာဏ်အထွတ်

http://www.dhammadownload.com

ရောက် အမှန်လွတ်မြောက်တော် မူကြလေကုန်၏ ၊ **တေ သတ္တာ** သုံးသွယ်ဘဝ ဝဋ်ဒုက္ခကို လုံးဝကျော် ဖြတ် ထိုပုဂ္ဂိုလ်မြတ်တို့သည်၊ **အ ဇာတိ**–တစ်ဖန်အသစ် ပြန်ဖြစ်လာဘို ဇာတိလည်း မရှိထသော ၊**အ ဇရံ** –ဆွေးမြေ့ယိုယွင်း နုဂိုကင်းလျက် အိုမင်းခြင်းလည်း မ ရှိထသော ၊ **အဗျာဓိ**–နာရကျင်ရ ရောဂါလည်းမရှိထသော ၊ **အ မတံ**– ပစ္စုပ္ပန်နေ အခြေယွင်းဘို သေခြင်းလည်းမရှိထသော ၊ **နိဗ္ဗယံ**–ဘေးခပင်းတို့ အေးကင်းရာမှန် မြတ်နိဗ္ဗာန်သို့ ၊ **ဂတာ** အတုမရ သုခစံစေ ဆိုက်ရောက်တော် မူကြလေကုန်သတည်း ။

အချီးဆို့ရှင်း

လောကမှာ တစ်စုံတစ်ခုသော အကြောင်းအရာကို ပြော ဆိုကြသော အခါဖြစ်စေ ရေးသားကြသော အခါဖြစ်စေ အစပထမ ထို အကြောင်းအရာကို နာသူဖတ်သူတွေ လိုက်နာ ကျင့်ကြံချင် အောင်ဆွဲဆောင်သောအားဖြင့် ဂုဏ်တင်ကြ အကျိုးအာနိသင် ပြကြရပါတယ် ၊ ဒါကို အချီးနိဒါန်းလို့ ဆိုကြတယ် ၊ ဗောဇ္ဈင် တ ရားများဟောကြားမယ့် ဤအခါမှာ ဗောဇ္ဈင်အချီးဂါထာများဖြင့် နိဒါန်းပျိုးလိုက်ရပါတယ် ။ ဒီအချီးစကားနဲ့ ဗောဇ္ဈင်တရားများရဲ့ ဂုဏ်ရည်ဗောဇ္ဈင်တရား ပွားများခြင်းဖြင့် ရအပ်သော အကျိုး အာနိသင်တို့ကို ပြတာဖြစ်လေသောကြောင့် ဗောဇ္ဈင်တရား ပွား များဖို့ရာ စိတ်အားထက်သန်လာအောင် ဆွဲဆောင်ခြင်းပါပဲ ၊ ကဲ ဒီ အချီးဂါထာများကို စီစစ်ကြပါစို့ ။

http://www.dhammadownload.com

ဒုက္ခခပ်သိမ်း ပျက်ဆီးတတ်သော ဇောဇျင်

သူသူငါငါ သတ္တဝါတို့ရဲ့ တစ်ဘဝပြီး တစ်ဘဝ အစမထင်အောင် ဆက်စပ်ဖြစ်လာတဲ့ ခန္ဓာအစဉ် အတန်းကို သံသရာဆိုရတယ်၊ ဒီလို မရပ်မနား ဖြစ်ပွား ဆက်စပ် ခန္ဓာတွေ အထပ်ထပ်ဖြစ်နေမှုကိုပဲ သံသရာမှာ လည်နေတယ်လို့ ဆိုရတယ်၊ဒီတော့ ဒီသံသရာဆိုတဲ့ ခန္ဓာအစဉ်အတန်းဟာ သုခလား? ဒုက္ခလား? သုခဆိုတာ အထင်မျှသာ ။ တကယ်တော့ သုခမဟုတ် ဒုက္ခတွေချည်းပါပဲ၊ **နတ္ထိ ခန္ဓသမာ ဒုက္ခာ**၊ ခန္ဓာနဲ့တူတဲ့ ဒုက္ခမရှိဆိုတဲ့ ဓမ္မပဒအရ မိမိတို့ကိုယ်တိုင်က ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခံနေရတဲ့ ဒုက္ခတွေဖြစ်တဲ့ အပြင် ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ စတဲ့ ဒုက္ခမျိုးစုံကို လက်ခံသိမ်းပိုက်ထားတဲ့ တရားတွေ ဖြစ်လေတော့ ခန္ဓာနဲ့ ဒုက္ခ ဒုက္ခနဲ့ ခန္ဓာဟာ ခွဲမရ တစ်သားတည်း တစ်ခုတည်း ဖြစ်နေပါတယ် ။

ဒုက္ခမေဝ ဟိ သမ္ဘောတိ – ဒုက္ခံ တိဋ္ဌတိ ဝေတိ စ ၊
နာညတြ ဒုက္ခာ သမ္ဘောတိ – နညဲ ဒုက္ခာ နိရုဇ္ဈတိ ။

ပါဠိအရ ဖြစ်လာသမျှ ဒီဒုက္ခ ခန္ဓာတွေပါပဲ ဖြစ်ပြီး တည်နေတာလည်းဒီ ဒုက္ခခန္ဓာ တည်ပြီး ချုပ်ပျောက် သွားတာလည်း ဒီဒုက္ခခန္ဓာ ဒုက္ခခန္ဓာမှတစ်ပါး တခြားဖြစ်လာသည်မရှိ ၊ ဒုက္ခခန္ဓာမှ တစ်ပါး တခြားတရား ချုပ်သွားတာလည်းမရှိ ၊

ဇဝမေတသ ကေဝလသ ဒုက္ခက္ခန္ဓသ သမုဒယော ဟောတိ -ချမ်းသာမဖက် သက်သက် ဆင်းရဲအစု ဆင်းရဲတုံးကြီး၏ ဖြစ်လာခြင်းသာ ဟူသော ပဋ္ဌိစ္စသမုပ္ပါဒ်ပါဠိအရလည်း သံသရာ ခန္ဓာတို့ရဲ့ ဒုက္ခသာဖြစ်ကြောင်း သိရပါတယ် ။ ပဋ္ဌိစ္စသမုပ္ပါဒ်အရ

http://www.dhammadownload.com

အကြောင်းအကျိုးဆက်စပ်ပြီး အတိတ်နဲ့ ပစ္စုပ္ပန် ၊ပစ္စုပ္ပန်နဲ့ အနာဂတ် -တစ်ပတ်ပြီး တစ်ပတ်ခန္ဓာတွေ ဆက်စပ်လည်နေတဲ့ စက်ဝိုင်းကြီးကို သံသရာဆိုရ၊ အဲ ဒီ သံသရာစက်ဝိုင်းကြီးထဲမှာလည်နေရသမျှ သုခမပါ ဒုက္ခချည်းသာဖြစ်ခဲနတော့တယ်၊ ဒီဒုက္ခတွေ အပြီးအပြတ် လက်စသတ် ရပ်နားသွားဖို့အရေးမှာ ဗောဇ္ဈင်တရားဟာ မရှိမဖြစ်အလွန် အရေးကြီးပါတယ် ဗောဇ္ဈင်တရားသာ ထို သံသရာ့ဒုက္ခတွေကို လုံးဝကင်းအောင် ဖြိုခွင်းနိုင်ပါတယ် ၊ **ဒါကြောင့် သဗ္ဗဒုက္ခဝိနာသနေ** -ဆင်းရဲမျိုးစုံ အဖုံဖုံကို အကုန်ပယ်ဖြတ် ဖျက်ဆီးတတ်ကုန်သော လို့ ဗောဇ္ဈင်တရားတို့ကို ဂုဏ်ပြုခဲ့ပါတယ် ။

ပါဠိတော်နဲ့အညီ ဂုဏ်ပြုခြင်း

ဒါလည်း ဘုရားတရားတော်အရ ဂုဏ်ပြုခြင်းဖြစ်ပါတယ်၊ ရဟန်းတို့ . . . ပွားစေအပ် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်ကုန်သောအပြစ်ကင်း၍ သန့်လည်းသန့်ရှင်း ဝဋ်ဒုက္ခမှလည်း ထွက်မြောက်တတ်ကုန်သော ဗောဇ္ဈင်ခုနစ်ပါးတရားတို့သည် ထိုတရားတို့ကို ပွားများသမျှ ပြုလုပ်သော ပုဂ္ဂိုလ်အဖို့ ကောင်းစွာ အကြွင်းမဲ့ ဝဋ်ဒုက္ခကုန်ဆုံးခြင်းငှာ ထုတ်ဆောင်တတ်ကြကုန်သည်။ မဟာဝဂ္ဂသံယုတ် ဒေသနာမှ ဖြစ်ပါတယ် ၊

ကိလေသာစသော တရားများဟာ အပြစ်မကင်း မသန့်မရှင်း ဒုက္ခကိုသာ ဖြစ်စေတတ်တဲ့တရားတွေ ၊ ဒါကြောင့် ဒီတရားတွေကို ဖြစ်ပွားစေတဲ့ ပုဂ္ဂိုလ်မှာ ဆင်းရဲမှ ထွက်မြောက်ဖို့ မရှိ ဆင်းရဲဖို့ရာသာ ဖြစ်တော့တယ် ၊ ဗောဇ္ဈင်တရားများက တော့ ကိလေသာ အပြစ်ကင်း သန့်လည်း သန့်ရှင်း ဝဋ်ဒုက္ခမှ ထွက်

http://www.dhammadownload.com

မြောက်တတ်သော သတ္တိလည်းရှိလေတော့ ထိုတရား ပွားများသူကို ဝဋ်ဒုက္ခကုန်ဆုံးဖို့ရာ ထုတ်ဆောင်ပေးတတ်ကြတယ် ။

ရဟန်းတို့ . . ပွားစေအပ်ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သော ဗောဒ္ဓိတရားများမှာ တေဘူမကဝဋ်ဆိုတဲ့ သည်ဘက်ကမ်းမှ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းသို့ ရောက်ခြင်းငှာ ဖြစ်ကြလေတော့သည် ။ မဟာ၀ဂ္ဂသံယုတ် ဒေ၀နာ အမိန့်တော်။

သည်ဘက်ကမ်းဆိုတော့ မိမိတို့ရောက်နေ တည်နေတဲ့ ဘက် ၊ ဟို ဘက်ကမ်းဆိုတာက မိမိတို့ မရောက်သေးတဲ့ တစ်ဖက်ကမ်း ၊ တေဘူမကဝဋ်ဟာ မိမိတို့ ဖြစ်နေရာမို့ သည်ဘက်ကမ်း နိဗ္ဗာန်ဆိုတာ မိမိတို့ မရောက်သေးတဲ့ သည်ဘက်ကမ်းနဲ့ တစ်ဖက်တစ်လမ်းဖြစ်တဲ့ ဟိုဘက်ကမ်း တစ်ဖက်တစ်လမ်းဖြစ်လို့ သည်ဘက်ကမ်း တေဘူမကဝဋ်ဒုက္ခနယ် ၊ ဟိုဘက်ကမ်းနိဗ္ဗာန်က ဒုက္ခငြိမ်းတဲ့ သန္တိသုခနယ် ၊ဗောဒ္ဓိတရားများဟာ တေဘူမကဝဋ်ဒုက္ခနယ် သည်ဘက်ကမ်းမှ တကယ်အေးချမ်းတဲ့ နိဗ္ဗာန်တစ်ဖက်ကမ်းသို့ အရောက်ပို့တတ်တယ်လို့ ဆိုလိုပါတယ် ။ ကဲ ဒီတော့ ဗောဒ္ဓိတရားဟာ ဒုက္ခကို ဖျက်ဆီးတတ်တယ်ဆိုတာ ဒီ ပါဠိတော်တွေနဲ့ အညီ ဆိုထားခြင်း ဖြစ်တယ်ဆိုတာ ထင်ရှားပါပြီ။

မာရ်စစ်တပ်ကို နှိမ်နင်းတတ်တဲ့ ဗောဒ္ဓိ

ဗောဒ္ဓိတရားများ ဆင်းရဲဒုက္ခ ဖျက်ဆီးနိုင်ခြင်းမှာ အကြောင်းကိလေသာတွေကို ဖျက်ဆီးနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒုက္ခခန္ဓာတွေဟာ ကိလေသာတွေကြောင့် ဖြစ်ရတာ ဖြစ်တော့ ထိုကိလေသာတွေကို ပယ်လိုက်ရင် အရင်းလဲတော့ အဖျားထင်း

http://www.dhammadownload.com

ဖြစ် ဆိုတာလို ဒုက္ခတွေလည်း ငြိမ်းစဲ ကုန်ခန်းသွားရတော့ပါပဲ ၊ဒါ ကြောင့် ထိုကိလေသာတွေကို ဖျက်ဆီးနိုင်မှုဖြင့် ဂုဏ်ပြုလိုပြန်၍ **မာရသေနာ ပမဒ္ဒနေ** – မာရ်စစ်သည်တစ်သင်း လုံးဝကင်းအောင် နှိပ်နင်းချေမှုန်းတတ်သော လို့ ဂုဏ်ပြုရပြန်ပါတယ် ။

မာရ်စစ်သည်တွေ

ဒီနေရာမှာ **မာရသေနာ** - မာရ်စစ်သည်ဆိုတာဘာလဲ ဒါ ပြောကြဦးစို့။

ကာမာ တေ ပဌမာ သေနာ–ဒုတိယာ အရတိ ဝုစ္စတိ ၊
တတိယာ ခုပ္ပိပါသာ တေ– စတုတ္ထီ တဏှာ ပဝုစ္စတိ ။

ပဉ္စမံ ထိနမိဒ္ဓံ တေ – ဆဋ္ဌာ ဘီရု ပဝုစ္စတိ၊
သတ္တမီ ဝိစိကိစ္ဆာ တေ – မက္ခာ ထမ္ဘော တေ အဋ္ဌမော။

လာဘော သိလောကော သက္ကာရော –
မိစ္ဆာလद္ဓေါ စ ယောယသော၊
ယော စတ္တာနံ သမုက္ကံသေ –
ပရေ စ အဝဇာနာတိ ၊

သာ နမုစိ တေ သေနာ –ကဏှသာ ဘိပ္ပဟာရိနီ၊
နနံ အသ္ဇရော ဇိနာတိ –ဇေတ္တာ စ လဘတေ သုခံ ။

http://www.dhammadownload.com

၁။ ပထမစစ်တပ်

ရူပ . သဒ္ဒ . ဂန္ဓ . ရသ . ဖောट्ဌဗ္ဗ . ဆိုတဲ့ အာရုံငါးပါးက ဝတ္ထုကာမ ၊ လိုလားတပ် မက်နှစ်သက်အပ်တဲ့ အရာဝတ္ထုတွေ ဆိုလိုပါတယ် ။ အဲ ဒီ ဝတ္ထုကာမတို့ဟာ တွယ်တာ တတ်တပ်မက်တတ် ၊ လိုလား မက်မောတတ်တဲ့ တဏှာဆိုတဲ့ ကိလေသာကိုတော့ ကိလေသာကာမ ဆိုရတယ် ။ **ကာမာ**– ကာမဂုဏ်တို့သည် ၊ **တေ** – သင်မာရ်နတ်၏ ၊ **ပဌမာ** – အဦးအစ ပထမ ဖြစ်သော ၊ **သေနာ** –စစ်တပ်များပေတည်း ။ ဘုရားရှင်က မာရ်နတ်ကြီးကို မိန်တော်မူတဲ့ ဤဒေသနာတော်အရ ကာမ တရားများဟာ မာရ်နတ်၏ ပထမစစ်တပ်တဲ့။

ဒီနေရာမှာ ကိုယ့်သန္တာန်တွင် ဖြစ်ပေါ်လာတဲ့ တရားကို မာရ်နတ်စစ်တပ်လို့ ဘာလို့ ဆိုရသလဲ ? ၊ မာရ်နတ်က သတ္တဝါတွေ အကုသိုလ်ပြုတာ ကြိုက်တယ် ،ကုသိုလ်ပြုတာ မကြိုက်، သံသရာကို သူ့နယ်လို့ ယူဆထားတော့ သံသရာဝဋ်ထဲမှာ လည်နေတာ သူ ကြိုက်တယ် ၊ ဝဋ်မှ ထွက်သွား လွတ်သွားမှာ နည်းနည်းမှ မကြိုက်، ဒီတော့ ဒီ ကာမစ သော တရားများ ဖြစ်စေသူမှာ သူ့အလိုလိုက် သူ့အကြိုက်ပါနေသူ ဖြစ်နေလို့ သူ့ကို ကျေးဇူးပြုနေသလို ဖြစ် နေလို့ သူ့ စစ်တပ် အနေ ဆိုရခြင်းဖြစ်ပါတယ် ၊ ဒါတွင် မက ဒီတရားတွေဟာ သူ၏စစ်တပ်တွေလို့ သူကထင်နေတယ် ၊ အဲ ဒီ သူ့အထင်အရ ဆိုရခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ် ။

http://www.dhammadownload.com

၂။ အရတီ မပျော်မှုစစ်တပ်

ကာမဘုံသား သတ္တဝါတွေအဖို့တော့ ဒီကာမဆိုတဲ့ မာရ်စစ်တပ်အမြဲ အတိုက်ခံနေရ တာပါပဲ ဒီလိုနေရာက ကာမကို ခွါပြီး ရဟန်းပြု တောတောင်ဆိတ်ငြိမ်ရာမှာ ဝင်ပြီး တရားအားထုတ်လူမျှားမှာလည်း မိမိအိမ်က ခွါပြီး ကမ္မဋ္ဌာန်းကျောင်းသွား တရားအားထုတ်ရင် ကာမကိုခွါတာပါပဲ။

ဒီလို ကာမကိုခွါ တရားအားထုတ်နေတဲ့အခါ တရားကတိုးတက်လာရင်တော့ ကျေနပ်နှစ်သက် ပျော်ရွှင်လျက် ရှိနေတာပါပဲ ဒီလို မဟုတ်ဘဲ ၊ အားထုတ်မှုလိုလို. ဖြစ်စဉ်နည်းလမ်းမကျလို. ဖြစ်စဉ်တရား မတိုးတက်ဘဲ ဖြစ်နေရင်တော့ ငြီးငွေ့လာပြီး၊ တောတောင် ဆိတ်ငြိမ်ရာမှာ မပျော်မှု ၊ လွန်မြတ်သော သမထ ဝိပဿနာတရားမှာ မပျော်မှု ၊ အရတီဆိုတဲ့ မာရ်နတ် စစ်တပ် အတိုက်ခံရတော့ တာပါပဲ ၊**ဒုတိယာ အရတီ ဝုစ္စတိ** ၊ **အရတီ** – တောတောင် ဆိတ်ငြိမ်ရာ၌ မပျော်မှု တရားတို့၌ မပျော်ပိုက်မှုကို၊ **တေ**–သင်မာရ်နတ်၏ ၊ **ဒုတိယာ** –နှစ်ခုမြောက် ဖြစ်သော ၊**သေနာ**-စစ်တပ်ဟု ၊ **ဝုစ္စတိ** –ဆိုအပ်ပါပေ၏ ။။

၃။ဆာလောင်မှုစစ်တပ်

အဲဒီလို မပျော်တော့ မာရ်စစ်တပ် တစ်ခုက ဝင်လာ ပါရော ၊ **ခုပ္ပိပါသာ** ဆာလောင်မွတ်သိပ်မှုတဲ့ ၊ ရဟန်းဆိုတော့ သူပေးသမျှ စားရတော့ သိပ်ဝဝလင်လင် စားချင်မှ စားရမယ် ၊ ဆွမ်းတွေ အများကြီး ရဦးတော့၊ **ဘောဇနေ မတ္တညုတာ** အရ အစားအစာ၌ အတိုင်းအတာဖြင့် စားရတော့ ဆာလာတတ်တာပေါ့

http://www.dhammadownload.com

လူမျိုးမှာလည်း တရားအားထုတ်မယ်ဆိုတော့ သိပ်အဝ စားထားယင် ထမင်းဆီယစ်ပြီး အိပ်ချင်မှာမို့ မျှမျှတတ စားရတော့ ဆာလာမှာပဲ တကယ်တော့ တကယ်စိတ်ဝင်စားပြီး စွဲစွဲလန်းလန်းနဲ့ စာပေတစ်ခုခု ကြည့်နေရယင် ထမင်းဆာရမှန်းမသိ အလုပ်တစ်ခုထဲ စွဲစွဲမြဲမြဲ စိတ်ပါလက်ပါ အားရနှစ်သက်စွာ လုပ်နေရတဲ့ အခါလည်း ထမင်းဆာရမှန်းမသိ ဒီလိုပါပဲတရားကတက်လို့ နှစ်သက်အားရ ကျေနပ်နေတဲ့အခါ ဆာလောင်မှုဟာ မပေါ်လာပါဘူး ।အခုတော့ တရားကမတက်। မတက်တော့ တရားထဲ မပျော် । မပျော်တော့ ဆာလောင်မွတ်သိပ်မှုဆိုတဲ့ တတိယမာရ်စစ်တပ် အတိုက်ခံရတော့တာပါပဲ। **တတိယာ ခုပ္ပိပါသာ တေ** । **ခုပ္ပိပါသာ** –အစားအစာဆာလောင်မွတ်သိပ်မှုကို ।**တေ** –သင်မာရ်နတ်၏ ।**တတိယာ**–သုံးခုမြောက်ဖြစ်သော । **သေနာ** –စစ်တပ်ဟု । **ဝုစ္စတိ** – ဆိုအပ်ပါပေ၏ ॥

၄॥ တဏှာစစ်တပ်

ဒီလိုဆာလောင်လာတော့ အစာရှာချင်တဲ့ တဏှာပေါ်လာ အစာကိုတောင့်တတဲ့ အာသာ အလို တဏှာပေါ်လာတယ် । အဲဒီ အာသာ တဏှာကလည်း ပေါ်လာယင် တယ်မပြတ် တင်တ်တည်းတင်နေတာမို့ တရားဘက် ပြန်မရောက်ချင်ဘဲ ရှိတတ်လို့ တရားရဲ့ အနှောက် အယှက်တစ်ရပ်ပါပဲ । အဲ ဒါ မာရ်နတ်ရဲ့ စတုတ္ထစစ်တပ် ဝင်အတိုက် ခံရတာပါပဲ । **စတုတ္ထီ တဏှာ ပဝုစ္စတိ**। **တဏှာ** –တဏှာတရားကို ।**တေ** –သင် မာရ်နတ်၏ । **စတုတ္ထီ** -လေးခုမြောက်ဖြစ်သော । **သေနာ** –စစ်တပ်ဟု । **ပဝုစ္စတိ** –ဆို

http://www.dhammadownload.com

အပ်ပါပေ၏ ။

၅။ ထိနမိဒ္ဓ စစ်တပ်

အဲ ဒီလို တရားထဲ မပျော် ဆာလည်းဆာ အစာလည်း တောင့်တနဲ့ ဖြစ်နေတော့ တရားဘက်မှာ တက်တက်ကြွကြွ ဘယ်ရှိတော့မလဲ ၊ တွန့်တိုဆုတ်နစ်နေတော့တာပေါ့ ၊ ဒီ အခါမာရ်နတ်ရဲ့ ပဠွမစစ်တပ်က အခွင့်သာလာတယ် ၊ ထိနမိဒ္ဓတဲ့ ၊ အဲ ဒီ တရားဝင်လာယင်တော့ အိပ်ချင်လာ ငိုက်မျဉ်းလာ တွန့်ဆုတ်ပျင်းရိလာတော့ တာပါပဲ ။ ပဠွမ် ထိနမိဒ္ဓံ တေ ၊ **ပဠွမ်** – ငါးခုမြောက်ဖြစ်သော၊**ထိနမိဒ္ဓံ**–ထိနမိဒ္ဓကိုလည်း ၊**တေ**– သင်မာရ်နတ်၏၊ **သေနာ** –စစ်တပ်ဟု ၊ **ဝုစ္စတိ** –ဆိုအပ်ပါပေ၏။

၆။ ကြောက်လန့်မှု စစ်တပ်

တရားထဲမှာပျော်ပြီး ရဲနဲ့ မာန်နဲ့ ဇွဲသန်သန်ထား တကယ် ကြိုးစားနေသူမှာ တော်ရုံ ကြောက်စရာ အာရုံက မချောက်နိုင် မလှန့်နိုင်ပါဘူး ၊ ယခုတော့ ငိုက်မျဉ်းတွန့်ဆုတ်နေတော့ ချိုးချိုးချွတ်ချွတ် ဒိုးဒိုး ဒေါက်ဒေါက် အသံကလေးတွေ ကြားလည်း လန့်သရဲတစ္ဆေလည်းတွေးကြောက် လန့်ချင်လန့်နေတတ်တာပဲ ၊ အဲ ဒီ ကြောက်လန့်မှုဟာ မာရ်နတ်၏ ဆဋ္ဌစစ်တပ်ပါပဲ ၊ ဆဋ္ဌာ ဘီရု ပဝုစ္စတိ ၊ **ဘီရု** –ကြောက်လန့်ခြင်းကို ၊ **တေ** – သင်မာရ်နတ်၏၊ **ဆဋ္ဌာ** – ခြောက်ခုမြောက်ဖြစ်သော ၊**သေနာ** –စစ်တပ်ဟု ၊ **ပဝုစ္စတိ** ဆိုအပ်ပါပေ၏ ။

http://www.dhammadownload.com

၇။ ယုံမှားမှု စစ်တပ်

အဲ ဒီလို မာရ်စစ်တပ်တွေ ဝင်အနှောင့်ခံနေရတော့ တရားအရသာ မတွေ့ ।ဝိဝေက ရသခေါ် ကိလေသာကင်းဆိတ်မှု အရသာ မတွေ့ဖြစ်နေလေတော့ ဒီ အကျင့်လမ်းဟာ ဟုတ်မှုဟုတ်ပါလေရဲ့လား မှန်မှ မှန်ပါလေရဲ့လားဆိုတဲ့ ယုံမှား သံသယဝင်လာတတ်ပြန်တော့တယ်। **သတ္တမီ ဝိစိကိစ္ဆာ** **တေ।ဝိစိကိစ္ဆာ**–တရား၌ ယုံမှားခြင်းကို।**တေ**– သင်မာရ်နတ်၏ । သတ္တမီ-ခုနစ်ခုမြောက်ဖြစ်သော।**သေနာ**စစ်တပ်ဟု । **ပဝုစ္စတိ**–ဆိုအပ်ပါပေ၏။တရား၌ ယုံမှားလာလျှင် မာရ်နတ်၏ သတ္တမစစ်တပ်အတိုက်ခံရတော့တာပါပဲ ။

၈။ မက္ခ ထမ္ဘစစ်တပ်

ဒီ ဗောဓျင်တရားတွေနဲ့ ဘုရားဖြစ်လာတာ ရဟန္တာဖြစ်လာတာတွေ အထင်အရှားပဲ । ဒီ တရား မမှန်ပဲ နေပါ့မလား စသော အားဖြင့် ဝိစိကိစ္ဆာကို ဖျောက်ပြီး တရားဆက် အားထုတ်ပြန်တော့ အနည်းငယ် တရားတက်လာ တရားအထူး ကလေးများ ပေါ်လာရလာ ဒီလိုရလာတယ်ဆိုယင်ပဲ ကိုယ့်နည်းပေးတဲ့ ကမ္မဋ္ဌာန်းဆရာရဲ့ ကျေးဇူးဂုဏ်ကို ချေဖျက်တဲ့ မက္ခတရားပေါ်လာ သူနည်းပေးလို့ မဟုတ်ပါဘူး ငါက ဟုတ်လို့ တော်လို့ရတာပါ । စသည်ဖြင့် ကျေးဇူးဂုဏ်ကို ချေဖျက်လာတတ်တယ် । တရားကို အမှီပြုပြီး ခေါင်းထောင်လာ တင်းမာခက်ထန်လာ ရိုသေလေးစားအပ်သူကို မရိုသေနိုင် မကိုင်းညွှတ်နိုင်ဖြစ်တဲ့ ထမ္ဘခေါ် မာနအထူးလည်း ပေါ်လာပြန်တော့တယ် ॥ **မက္ခော ထမ္ဘော တေ အဋ္ဌမော** । **အဋ္ဌမော**- ရှစ်ခုမြောက်သော । **မက္ခော** -သူ့ကျေးဇူးဂုဏ်ကို ချေဖျက်သော မက္ခ

http://www.dhammadownload.com

တရားကို လည်းကောင်း ၊ **ထမ္ဘော**– မရိုသေ မကိုင်းညွှတ်နိုင်ခြင်း တင်းမာခက်ထန်သော မာန်အထူး ထမ္ဘ တရားကိုလည်းကောင်း ၊**တေ** –သင်မာရ်နတ်၏ ၊ **သေနာ** –စစ်တပ်ပင်ဟု ၊**ပဝုစ္စတိ**– ဆိုအပ်ပါပေ၏။

၉။ လာဘ်အကျော်အစော ပူဇော်သက္ကာရနဲ့ မတရားရသော အခြွေအရံ

အဲဒီလို မက္ခ ထမ္ဘဆိုတဲ့ အဋ္ဌမ မာရ်စစ်တပ် အတိုက်ခံရတဲ့အခါ ဒီတရားတွေ မကောင်း တဲ့ တရားတွေပဲလို့ သတိရကာ ဖျောက်ပယ်ပစ်ပြီး တရားဆက်လက် အားထုတ်ပြန်တော့ ယခင်ကထက် ပိုထူးခြားလာတဲ့ တရားတွေ ရလာ တွေ့လာ ဒီ အခါ လူကြည်ညိုများလာလို့ လာဘ်လာဘ ကျော်စောမှု ပူဇော်သက္ကာရတွေ ရလာ ဒီ အခါမှာ အဒ္ဓါသယဓာတ်ခံ မြင့်မားတဲ့ ပုဂ္ဂိုလ်တွေအဖို့ ဒီလာဘ်ကျော်စောမှု ပူဇော်သက္ကာရတွေအတွက် ခံနိုင်ရည်ရှိပေမယ့် ဓာတ်ခံညံ့တဲ့ ပုဂ္ဂိုလ်တွေကျ တော့ ခံနိုင်ရည်မရှိ၊ အဲ ဒီ လာဘ်လာဘစသည်မှာ မက်မော တွေဝေလာ ထိုအခါ လာဘ်ရသည်ထက် လာဘ်ရအောင် ကျော်စောသည်ထက် ကျော်စောလာအောင် တရားတု တရားထူး တရားဆန်းတွေ ထွင်လာပြန်တယ် ၊ လောက က အဆန်းကြိုက်တဲ့ လောကဆိုတော့ တရားဆန်းလျှင် ပိုကြိုက်လာ ၊ ဒီတော့ အခြွေအရံတွေ ပေါလာ များလာ အဲ ဒီအခြွေအရံများမှုကတော့ မိစ္ဆာသယအမှားအားဖြင့် မတရားသဖြင့် ရလာတဲ့ အခြွေအရံ ၊ ဒီတော့ လာဘ်လာဘကျော်စောမှု ပူဇော်သက္ကာရ မတရားသဖြင့်ရတဲ့ အခြွေအရံ အားလုံးဟာ ကိုးခုမြောက်

http://www.dhammadownload.com

မာရ်နတ်စစ်တပ်ပါပဲ ၊ **လာဘော သိလောကော သက္ကာရော မိစ္ဆာ လဒ္ဓေါ စ** ၊ **ယော ယသော**၊**ယော လာဘော စ** – အကြင်လာဘ် လာဘသည်လည်းကောင်း ၊ **ယော သိလောကော စ** – အကြင် ကျော်စောခြင်းသည်လည်းကောင်း ၊ **ယော သက္ကာရော စ** – ကောင်းမွန်အောင်ပြုအကြင်ပူဇော်မှုသည်လည်းကောင်း ၊ **မိစ္ဆာ လဒ္ဓေါ**–တရားမမှီ အမှားနည်းဖြင့် ရအပ်သော ၊ **ယော ယသောစ** အကြင် အခြွေအရံသည်လည်းကောင်း **အတ္ထိ**–ရှိ၏ ၊ အယံ -ဤ လာဘ် ကျော်စောမှု ပူဇော်သက္ကာရ မတရားရတဲ့ အခြွေအရံကား **တေ**–သင်မာရ်နတ်၏ ၊ **သေနာ**–ကိုးခုမြောက် စစ်တပ်ပါပေတည်း

၁၀။ ကိုယ့်ကိုမြောက် သူ့ကိုရှုတ်ချမှု

အဲ ဒီလို လာဘ်ပေါလာ ကျော်စောလာ အခြွေအရံ ပေါ လာတော့ ငါမှ အဟုတ် သူတကာ အလကား ၊ ငါ့နည်းလမ်းမှ အမှန် သူတကာနည်းတွေက နည်းမှားတွေစသည်ဖြင့် **အတ္တုက္ကံသန ပရဝမ္ဘန**ဆိုတဲ့ မိမိကိုယ်ကို မြောက်ပင့်မှု သူတပါးကို ရှုတ်ချမှု ဖြစ်လာရပြန်တယ်။**ယော စတ္တာနံ သမုက္ကံသေ ပရေစ အဝဇာနာတိ**၊ **ယော** –အကြင်ပုဂ္ဂိုလ်သည် ၊ **အတ္တာနံ စ** -မိမိကိုယ်ကိုလည်း **သမုက္ကံသေ**–မြောက်တင်တတ်၏ ၊ **ပရေ စ** -သူတပါးတို့ကိုလည်း၊ **အဝဇာနာတိ** -ရှုတ်ချပြစ်တင် မထီမဲ့မြင် ပြုတတ်၏ ၊ **တဿ**– ထိုပုဂ္ဂိုလ်၏ ၊ **တံ** – ထို မိမိကိုယ်ကို မြောက်မှု သူတပါးကို ရှုတ်ချမှု သည် ၊ **တေ** –သင်မာရ်နတ်၏ ၊ **သေနာ** -ဆယ်ခုမြောက် စစ်တပ် ပါပေတည်း ။

မိခင်ရောဝတီ

http://www.dhammadownload.com

နမုစိ – မာရ်နတ် ၊ **ဧသာ** –ဤဆိုခဲ့ပြီး အမှားအမှု တရားစုသည် ၊ **ကဏှသ** – သင်မာရ်နတ်၏၊ **အဘိပ္ပဟာရိနီ** – သူတော်ကောင်း ရဟန်းပုဏ္ဏားတို့ကို ၊ ထိုးနှက်တတ် အန္တရာယ်ပြု တတ်သော ၊ **တေ** –သင်မာရ်နတ်၏ ၊ **သေနာ**-စစ်တပ်များပေတည်း **နနံ အသူရော ဖိနာတိ ဧတေဘာ စ လဘတေ သုခံ ၊ နံ သေနံ** ထို သင့်စစ်တပ်ကို ၊ **အသူရော** -အရဲမစွန့်. တွန့်ဆုတ်တတ်သော သူရဲဘောကြောင်သူသည် ၊ **နနံ ဖိနာတိ** - မအောင်မြင်နိုင်ပါပေ၊ **ဧတေဘာ** -ရဲမာန်ပွားပွား ဇွဲသန်ထားလျက် ကြိုးစားတွင်တွင် အောင်မြင်သည်ရှိသော်လည်း ၊ **သုခံ** –မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ၊ **လဘတေ**– မုချပုံသေ ရနိုင်ပေသတည်း ။

ပါဠိတော်နဲ. အညီ

လောကမှာ လက်နက်ကောင်းရှိယင် ရန်သူကို တိုက်ဖို. မကြောက်မရွံ. မတွန့်မဆုတ်တတ် မာရ်စစ်တပ်ကို တိုက်ဖို.ရာ ချေ မှုန်းဖျက်ဆီးဖို.ရာ လက်နက်ကောင်းများက ဗောဓျင်တရားများ ပါပဲ ဒါကြောင့် ဗောဓျင်တရားကို၊**မာရသေနာ ပမဒ္ဒန** -မာရ်စစ်သည် တစ်သင်းကို နှိမ်နင်းတတ်သော တရားလို.ဆိုပါတယ် ၊ ဒါလည်း ဘုရားရှင် မိန့်ခွန်းတော် အရပါပဲ ၊ ရဟန်းတို. မာရ်စစ်သည် တစ် သင်းကို နှိမ်နင်းကြောင်း အကျင့်လမ်းကို ငါဘုရားဟောတော်မူမယ် နာကြားကြလို. တိုက်တွန်းတော် မူပြီးနောက် မာရ်စစ်သည် တစ် သင်းကို နှိမ်နင်းကြောင်းလမ်းမှာ ဗောဓျင်ခုနစ်ပါး တရားများဖြစ် ကြောင်း ၊ မဟာဝဂ္ဂသံယုတ်မှာ မိန့်တော်မူခဲ့ပါတယ် ။

http://www.dhammadownload.com

သေမင်းစစ်တပ်လည်း ဆိုရ

ဒီတရားများကို **မစ္စုသေနာ** -သေမင်းရဲ့စစ်တပ်လို့လည်း ဆိုပါတယ် ၊ ဒီ တရားတွေ ရှိနေလျှင် အသေမစဲ တသေတည်း သေရဦးမှာဖြစ်လို့ သေမင်းအလိုကျ လိုက်ရကြောင်း တရားတွေမို့ **မစ္စုသေနာ**-သေမင်းစစ်တပ်လို့လည်း ဆိုရပါတယ် ။**ဝုနာထ မစ္စုနော သေနံ** ၊ သေမင်းစစ်တပ်ကို ဖျက်ဆီးကြဆိုတဲ့ နေရာမှာ သေမင်းစစ်တပ်ဆိုတာ ဒီ မာရ်မင်းစစ်တပ်များ ဖြစ်ကြောင်း အဂုံတ္တရဋ္ဌကာမှာ ဖွင့်ပါတယ် ၊ အမှန်က ဒီတရားတွေသာ မက ကိလေသာမှန်သမျှ မာရ်နတ်အလိုကျ သေမင်း အလိုကျ ဖြစ်ရတဲ့ တရားတွေမို့ မာရ်စစ်သည် သေမင်းစစ်သည်လို့ဆိုရပါတယ် ၊ ဒီ နေရာမှာ ဝုနာထ မစ္စုနော သေနံ -အပါ ဂါထာကလေးဟာ အရေးပါလို့ ဟောရဦးမယ်။

ဗြဟ္မာ့ပြည်က အသံလွှင့်ခဲ့သော ဂါထာ

ဒီ ဂါထာဟာ တစ်ချိန်သော အခါက သိဒ္ဓိရှင်တော်မြတ် ဘုရားဟာ တပည့်လက်ယာတော်ရဲ့ အရှင်အာဘိဘူနဲ့ အတူ ဗြဟ္မာ့ပြည် ကြွရောက်ခဲ့စဉ် အရှင်အာဘိဘူဟာ ဗြဟ္မာ့ပြည်ကနေပြီး လောကဓာတ် တစ်သောင်းလုံး အကုန်ကြားရအောင် အသံလွှင့်ဟောကြားဖူးလို့ ထူးခြားတဲ့ဂါထာတော် ဖြစ်ပါတယ် ၊ သည်မျှ မက ဗောဓျင်တရားပွားများဖို့ အားပေးတိုက်တွန်းခဲ့တဲ့ ဂါထာကလေး ဖြစ်လို့လည်း ဟောဖို့ အခွင့်သာနေပါတယ် ။

အာရမ္ဘထ နိက္ကမထ – ယုဇ္ဇထ ဗုဒ္ဓသာသနေ ၊
ဝုနာထ မစ္စုနော သေနံ – နဠာဂါရံဝ ကုဇ္ဇရော ။

မိစင်ရောဝတီ

http://www.dhammadownload.com

ဗုဒ္ဓသာသနေ – သီလ သမာဓိ ပညာဟု သိက္ခာသုံးရပ် ပွားအပ်မကွာ ဘုရားမြတ်သာသနာ၌ ၊ **အာရမ္ဘထ** –စတင်ကြိုးကုတ် တရားမဆုတ်စရာ အားထုတ်ကြပါကုန်လော ၊ **နိက္ကမထ**– အပျင်းဘက်မှ နင်းထွက်နိုးကြား အလွန်ကြိုးစားကြပါကုန်လော၊ **ယုဇ္ဇထ**–တစ်ဆင့်ထက် တစ်ဆင့် မြင့်ထက်မြင့်ရောက် နောက်ဆုံးပန်းတိုင် လှမ်းကိုင်နိုင်ရေး အလေးပေးကာ ကြိုးပန်းကြ ပါကုန်လော **ကုဋ္ဌရော** –အားမာန်ထောင်ပြီး ဆင်ပြောင်ကြီးသည် ၊ **နဒ္ဒာဂါရံ**– အမာမဖြစ် အနှစ်မကူ ကျူရိုးဖြင့်လုပ် တဲအိမ်ကုပ်ကို -ဝါ- ကျူရိုးဖြင့်ယှက် မျက်ဖြင့်မိုးအုပ် တဲအိမ်ကုပ်ကို ၊ **ဝုနာတိ**ဝ-မှုန်.မှုန်. ညက်ညက် ဖျက်ဆီးလေဘိသကဲ့သို့ ၊ **မစ္စုနော** – သုံးဆယ့်တစ်နိုင်ငံ ပိုင်စံစိုးနင်း ရှင်သေမင်း၏ ၊ **သေနံ**–အရတိ ကာမ စသည် မကောင်းမှု တပ်ပေါင်းစုကို ၊**ဝုနာထ**–ဗောဓျင်လက်နက် ကိုင်လျက် စွဲသုံး လုံးဝပြုန်းအောင် ချေမှုန်းဖျက်ဆီးကြပါကုန်လော ။

ဤသာသနာမှာသာ ဗောဓျင်ဖြစ်နိုင်

ဒီ ဒေသနာဂါထာမှာ ဝိရိယလေးမျိုးပါတယ်လို့ ဆိုနိုင်ပါတယ် ပထမဆုံးစတင်ပြီး ဗောဓျင်တရားတွေ ဖြစ်ပွားဖို့ကြိုးစား အားထုတ်မှုကို အာရမ္ဘဓာတ်ခေါ်ပါတယ်၊ ဒီလိုပွားများလို့တရားတွေတက်လာတဲ့အခါ အပျင်းဝင်မလာတော့ ဒီအပျင်းမှ ထွက်မြောက်နိုင်တဲ့ ဝိရိယကို နိက္ကမဓာတ်ခေါ်ပါတယ် ၊အဲ ဒီလိုနဲ့ ဉာဏ်တစ်ဆင့်ပြီး တစ်ဆင့် အထက်တက်တက်သွားအောင် ကြိုးစားမှုကို ပရက္ကမဓာတ်ခေါ်ပါတယ် ၊ နောက်ဆုံး အရဟတ္တမဂ် ဆိုက်တဲ့ ဗောဓျင်ဝိရိယဖြင့် သေမင်းစစ်တပ် အပြီးတိုင် ချေမှုန်းနိုင်လို့

http://www.dhammadownload.com

ဓုနာထဖြင့် ထိုဝီရိယကိုဆိုပါတယ်၊ကဲ ဒီတော့ မာရ်စစ်သည်တွေကို နှိမ်နင်းတတ် ဒုက္ခခပ်သိမ်းဖျက်ဆီးတတ်တဲ့ ဒီ ဗောဓိပင်တရားတွေ ပွားများကြ အမှန်သိကြတဲ့ ဘုရားအလောင်း ပစ္စေကဗုဒ္ဓါအလောင်း ရဟန္တာအလောင်း သူကောင်းကောင်းပုဂ္ဂိုလ်မြတ်တွေဟာ ဘဝ သုံးသွယ် ဒုက္ခနယ်မှ လွတ်မြောက်ကြ ဇာတိ ဇရာ ဗျာဓိ မရဏ ဘေးဘယကင်းရာမှန်တဲ့ နိဗ္ဗာန်သို့ ဆိုက်ရောက်ကြရတယ် ။

ဘဝသုံးပါးမှ လွတ်မြောက်ရခြင်း နိဗ္ဗာန်ဆိုက်ရောက်ရခြင်း ဆိုတဲ့ ဗောဓိပင်အကျိုးဟာ ဒီသာသနာမှာသာ ရနိုင်တဲ့ အကျိုး အာနိ သင်ပါပဲ ၊ ဒါကြောင့် ဘုရားပွင့်ရာအခါမှ တစ်ပါး တခြားအခါမှာ ဗောဓိပင်တရားများ မဖြစ်နိုင်ကြောင်း ဘုရားသာသနာတော်မှ တစ်ပါး တခြားသာသနာမှာ ဗောဓိပင်တရားများ မဖြစ်နိုင်ကြောင်း မဟာဝဂ္ဂသံယုတ်မှာ ဟောတော်မူခဲ့ပါတယ်၊ အဲ ဒီတော့ ! **မာ ဝေါ ဝေ ဝီ ဝီရာဝေထ** ! -ကြဲ့လာတဲ့ အခွင့်အခါကောင်းကြီးကို သင်တို့ လွဲမသွားကြစေနဲ့ ၊ ဆိုတဲ့ ရှင်တော်မြတ် အမိန့်တော်အရ တကယ် ကျင့်ယင် တကယ် သန္ဓိဋ္ဌက အကျိုးရမယ့် ဗောဓိပင်တရား ကြိုးစား ပွားများကြဖို့ရာ တိုက်တွန်းလိုက်ရပါတယ် ။ ကဲ. . . တရားစကြစို့ ။

သတ္တ ဗောဇ္ဈင်္ဂါ ၊ သတိသမ္ဗောဇ္ဈင်္ဂေါ ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ။ (ဝိဘင်းပါဠိတော်)

ဗောဇ္ဈင်္ဂါ–ဗောဓိပင်တရားတို့သည် ၊ **သတိသမ္ဗောဇ္ဈင်္ဂေါ** –

http://www.dhammadownload.com

သတိသမ္ဗောဇ္ဈင်လည်းကောင်း ၊ **ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ** – ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်းကောင်း ၊ **ဝီရိယသမ္ဗောဇ္ဈင်္ဂေါ** – ဝီရိယသမ္ဗောဇ္ဈင်လည်းကောင်း ၊ **ပီတိသမ္ဗောဇ္ဈင်္ဂေါ** – ပီတိသမ္ဗောဇ္ဈင်လည်းကောင်း ၊ **ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ** – ပဿဒ္ဓိသမ္ဗောဇ္ဈင်လည်းကောင်း ၊ **သမာဓိသမ္ဗောဇ္ဈင်္ဂေါ** – သမာဓိသမ္ဗောဇ္ဈင်လည်းကောင်း ၊ **ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ**– ဥပေက္ခာသမ္ဗောဇ္ဈင်လည်းကောင်း ၊ **ဣတိ** -ဤသို့ ၊**သတ္တ**–ခုနစ်ပါး တို့ပါပေတည်း ။

လောကီဗောဇ္ဈင် လူသုံးဗောဇ္ဈင်

ယခု ပထမစတင်ပြီး လောကီဗောဇ္ဈင် - လူသုံးဗောဇ္ဈင်ကို တင်ပြရပါမယ် ။ ဗောဇ္ဈင်တရား တွေရဲ့ သဘောကို အတန်ငယ် တီးခေါက်ရိုပ်စားမိအောင်လည်း တစ်ကြောင်း ဒီဗောဇ္ဈင်တရားတွေ ဟာ လောကရေးမှာလည်း အသုံးပြုယင် တိုးတက်ဖို့ရာသာ ဖြစ်ကြောင်း သိဖို့ပါပဲ ၊ တကယ့်ဗောဇ္ဈင် တရားမဟုတ်ပေမယ့် ပရိယာယ်ဗောဇ္ဈင်၊ဗောဇ္ဈင်အတု ဆိုရမှာပေါ့ ၊နိဗ္ဗာန်ဟာ တကယ့်ငြိမ်းမှုအေးချမ်းမှု ထိုနိဗ္ဗာန်၏ ငြိမ်းချမ်းမှုနဲ့ တစ်စွန်းတစ်စ တူယောင်မှုပြုပြီး လောကမှာ စားဝတ်နေရေး မပူပန်ရ မကြောင့်ကြရအေးအေးချမ်းချမ်း နေရတာကို လောကနိဗ္ဗာန်လို့ တင်စားခေါ်ဝေါ်ကြတယ် အဲ ဒါလိုပဲ တကယ့်ဗောဇ္ဈင်တော့မဟုတ် ၊ ဗောဇ္ဈင်တရား ပွားများယင် မဆုတ်ယုတ်နိုင် တိုး တက်ဖို့ရာသာ ဖြစ်သလို လောကရေးမှာ ဒီတရားတွေ လက်ကိုင်ထား သုံးသွားယင် မဆုတ်ယုတ် နိုင်တိုးတက်နိုင်လို့ ဗောဇ္ဈင်နဲ့တူလို့ ပရိယာယ်အားဖြင့် ဆိုရခြင်းဖြစ်ပါတယ်။

http://www.dhammadownload.com

သတိသမ္ဗောဇျင်

သတိသမ္ဗောဇျင်ဆိုတာ သတိတရားပါပဲ ၊ သတိဆိုတာ အမှတ်ရမှု မမေ့မှုဖြစ်ပါတယ်၊ ဒီ သတိဟာ မိမိကိုယ်ကို ထိန်းထားစောင့်ရှောက်ထားတဲ့ အထိန်း အစောင့်အရှောက် တရားပါပဲ ဒီ သတိရှိနေယင် မိမိလုပ်ငန်း မိမိတာဝန် မိမိကိစ္စတွေမှ လွတ်မသွားဘဲ စွဲမြဲနေတော့တယ်၊သတိ၏ ဆန့်ကျင်ဘက်က ပမာဒ မေ့လျော့မှု မိမိတာဝန် အလုပ်ကိစ္စမှတစ်ပါး တခြားမဆိုင်ရာ ကိစ္စတွေမှာ အပျော်အပါး အကစားစတဲ့ အကျိုးမဲ့ အလုပ်တွေမှာ လိုက်စားမိုက်မှားနေမှုပါပဲ ၊ မေ့လျော့မှု ပမာဒဝင်လာယင်ဖြင့် အထိန်းပြုတ်သွားတော့တာပါပဲ ၊ ဒီ တော့ အားလုံးတာဝန်ကိစ္စ တွေမှာ သတိထိန်းချုပ်မှုဟာဖြင့် အလွန်ပဲ လိုအပ်လှပါတယ် ။

ပညာရေး ၊ စီးပွားရေး ၊ ကျန်းမာရေး ၊ နိုင်ငံရေး ၊ လောကဘယ်အရေးမှာမဆို ဒီ သတိ ဟာ မပါမပြီး ၊ ပညာဆိုတာ သတိရှိမှ တိုးတက်နိုင်တယ် ၊ မေ့လျော့နေသူ မေ့လျော့တတ်သူဟာ ပညာတိုးတက်ဖို့ထား ဖြစ်ဖို့တောင် မလွယ်လှ ၊ စီးပွားရေးမှာလည်း မေ့လျော့တဲ့ သတိကင်းတဲ့ ပုဂ္ဂိုလ်ဟာ စီးပွားရေးတိုးအောင် မလုပ်နိုင်ပါဘူး ၊ ဆုတ်သာဆုတ်သွားမှာပဲ ၊ ကုန်သွယ် လယ်လုပ်စသော လောကလုပ်ငန်းတွေ တိုးတက်မှုမှာ ဒီ သတိဟာ မရှိမဖြစ် အလွန်အရေးကြီးလှပါတယ် ၊ ကျန်းမာရေးမှာလည်း သတိရှိမှ ကျန်းမာရေးကောင်းအောင် စောင့်ရှောက်နိုင်တယ် ၊ ကျန်းမာရေး မပျက်အောင်သတိက ကာကွယ်နိုင်တယ် ၊ မကျန်းမာလျှင်လည်း ကျန်းမာလာအောင် သတိကပြုပြင် ပေးနိုင်တယ်၊နိုင်ငံရေးမှာလည်း သတိရှိမှ နိုင်ငံအရေးအရာတွေမှာ တိုးတက်အောင် ဆောင်ရွက်နိုင်

http://www.dhammadownload.com

ပါတယ် ၊ သတိမရှိ မေ့လျော့ပေါ့ဆနေလျှင် နိုင်ငံရေးဆောင်ရွက်ရာ မှာ လစ်ဟင်းပြီး နိုင်ငံနာတတ်ပါတယ် ၊ ဒါကြောင့် သတိဟာဖြင့် ကိစ္စတိုင်းမှာ မပါမပြီး အရေးကြီးလို့ ထို သတိကို အမြဲပွားအောင် ကြိုးစားကြလျှင် ကိုယ့်ကိစ္စမှန်သမျှမှာ တိုးတက်အောင်မြင် ခွင့်သာ ကြဲ့ကြရပါလိမ့်မယ် ။

ဓမ္မဝိစယသမ္ဗောဇျင်

ဓမ္မဝိစယသမ္ဗောဇျင်ဆိုတာ ပညာပါပဲ ပညာဆိုတာ အသိအမြင်ဉာဏ်ကို ဆိုလိုပါတယ်၊ သတိဟာ အရေးကြီးတယ် ဆိုပေမယ့် ပညာမပါယင် သတိရှိရုံနဲ့ တယ်ခရီးမရောက်နိုင်ပါဘူး ဒီ ပညာကလည်း လောက ကိစ္စတိုင်းမှာ အလွန်အရေးကြီးပါတယ်၊ ဥပမာ ပညာရေးမှာ အတတ်တွေ ပညာတွေ သင်တဲ့အခါ အသိ ဉာဏ်မပါလျှင် ဘယ်မှာ ခရီးရောက် တိုးတက်နိုင်ပါ့မလဲ ? အသိ ဉာဏ်ရှိမှ အသိဉာဏ် တိုးတက်အောင်လုပ်မှ ဆိုင်ရာ အတတ် ပညာဟာ တိုးတက်အောင်မြင်နိုင်ပါတယ် ၊ စီးပွားရေးမှာလည်း ဒီပညာဟာ မရှိမဖြစ်ပါဘဲ ၊ ကုန်သွယ်လယ်လုပ်စသော ဆိုင်ရာ မိမိလုပ်ငန်းတွင် ကျွမ်းကျင်နားလည်တဲ့ အသိဉာဏ်လိုပါတယ် ၊ အသိဉာဏ် ကျွမ်းကျင်မှု မရှိယင် လုပ်ငန်းတိုးတက်မှု မဖြစ်နိုင် ပါဘူး ၊ ခုခေတ် သိပ္ပံပညာတွေ ထွန်းကားနေတော့ ဒီ လုပ်ငန်း တွေမှာလည်း သိစရာ နားလည်စရာတွေက မဆုံးနိုင်အောင်ပါပဲ ၊ ဒီတော့ စီးပွားရေးမှာ တိုးတက်လိုသူတိုင်း ဟာ ဒီ ပညာ ဒီအသိ တွေကို တိုးတက်ဖြည့်ဆည်းပူးနေကြရမှာပါပဲ ၊ ကျန်းမာရေးမှာ လည်း အသိ ဉာဏ်က လိုလျက်ပါပဲ ။

http://www.dhammadownload.com

ဓီဝံ ပညာယ ရကွေယျ – အသက်ဉာဏ်စောင့် ဆိုတာလို ကျန်းမာရေး အသိဉာဏ်ရှိမှ ကျန်းမာရေးကောင်းအောင် ထိန်းထားနိုင်ပါတယ်၊ အခန့်မသင့်လို့ မကျန်းမာလျှင်လည်း အသိဉာဏ်ရှိမှ ကျန်းမာအောင်ပြုပြင်နိုင်ကယ်၊ နိုင်ငံရေးမှာလည်း ဒီပညာ ဒီအသိဟာ အရေးကြီး လှပါတယ်၊ နိုင်ငံရေးမှာ အသိဉာဏ်မရှိကြယင် မိမိတို့နိုင်ငံရေးဆောင်ရွက်မှုကြောင့် တိုင်းပြည်မှာ ဒုက္ခရောက်ရပါတယ်၊ နိုင်ငံရေး အသိရှိမှ တိုင်းပြည် တိုးတက်သာယာအောင် တိုင်းသူ ပြည်သားတွေ ချမ်းသာအောင် ဆောင်ရွက်နိုင်ပါတယ်၊ ဒါကြောင့် ဒီ ပညာ ဒီ အသိဟာ အရေးကြီးလှပါတယ် ပုခက်ထဲက သခ္ဓိုင်းကျအောင်ဆိုတာလို တစ်သက်လုံးဆည်းပူးသော်လည်း ပြည့်နိုင်တယ် ကုန်နိုင် တယ် မရှိလေတော့ ဒီ ပညာတွေ ဖတ်ရင်း ကြံရင်း လုပ်ရင်း လေ့လာရင်း သင်ကြားရင်း နာခံရင်းနဲ့ အမြဲတမ်း ဆည်းပူးနေရမှာသာဖြစ်ပါတယ်၊ ဒီလို ဆည်းပူးအားဖြည့်ပေးယင် ပညာဟာ တစ်ဆင့်ထက် တစ်ဆင့်မြင့်လာ တိုးတက်အောင်မြင်လာမှာ မလွဲပါဘူး ။

ဝိရိယသမ္ဘောဇ္ဈင်

ဝိရိယသမ္ဘောဇ္ဈင်ဆိုတာ ဝိရိယပါပဲ လုံ့လခေါ်ကြတဲ့ ကြိုးစားမှု အားထုတ်မှုကို ဆိုပါတယ် ဒီလို လုံ့လဝိရိယကလည်း အလွန်ပဲ အရေးပါတဲ့ တရားပါပဲ ယခင် ပညာရေး စီးပွားရေး စသည်မှာ မပါမပြီးထဲကပါပဲ၊ လောကမှာ တိုးတက်နေတဲ့သူတွေ တိုးတက်နေတဲ့ အရာဝတ္ထုတွေဟာ ဝိရိယရဲ့ အစွမ်းသတ္တိကြောင့် ရတဲ့ အကျိုး အာနိသင်တွေပါပဲ၊ သတိ ပညာရှိဉီး ဝိရိယမရှိလျှင်

http://www.dhammadownload.com

မတိုးတက် နိုင်ပါဘူး ၊ လောကဓာတ် သိပ္ပံပညာတွေဟာ အံ့မခန်း တိုးတက်နေပါတယ် ထိုထိုအရာတွေဖြစ်မြောက်မှုမှာ သိပ္ပံပညာ သိရုံနဲ့ တင်းတိမ်နေယင် ယခုလို တိုးတက်ဖြစ်မြောက်မှာ မဟုတ်ပါဘူး မိမိတို့ရဲ့ အသိပညာ အသုံးချပြီး ဇွဲသန်သန်ထား ကြိုးစား အားထုတ် လုပ်ခဲ့ကြလို့ အံ့မခန်းဖွယ်ရာ ဖြစ်မြောက်နေတဲ့ အရာ ဝတ္ထုတွေပါ။

ဝီရိယရှိသူမှာ တက်တက်ကြွကြွ နိုးနိုးကြားကြား အားမာန် အပြည့်နဲ့ ဝီရိယရဲ့ဆန်ကျင်ဘက် အပျင်းသမားကတော့ တွန့်တွန့် ဆုတ်ဆုတ် ကုတ်ကုတ် ရွံ့ရွံ့နဲ့ ဒီ အခြင်းအရာ နှစ်မျိုးကပင် အောင်မြင်မယ့်အသွင် ဆုတ်ယုတ်အောက်ကျမယ့်အသွင် ပြနေခဲ့ ပါတယ် ၊ ဝီရိယဟာ လူ့ဘဝရဲ့ အသက်လို့ ဆိုရလောက်အောင် အရေးပါလှပါတယ်၊ ဒါကြောင့် ကိစ္စတိုင်း လုပ်ငန်းတိုင်း အရေး အရာတိုင်းမှာ မဖြစ်သေးတဲ့ ဝီရိယဖြစ်လာအောင် ဖြစ်ပြီးတဲ့ ဝီရိယ တိုးတက်လာအောင် ပွားများပေးဖို့က လူချင်းတူတူ သူချင်းမျှမျှ ဖြစ်လိုသူတိုင်း သူ့ထက်ကဲကာ အသာရလိုသူတိုင်းရဲ့ တာဝန် တစ်ရပ်ပဲဆိုတာ ထင်ရှားလှပါတယ် ။

ပိတိသမ္ဗောဇျင်

ပိတိသမ္ဗောဇျင်က ပိတိ နှစ်သက်မှုပါပဲ ၊ ကိုယ့်အလုပ် ကိုယ့်ကိစ္စမှာ နှစ်သက်အားရမှု မရှိတဲ့သူဟာ ထို အလုပ်မှာ စိတ်မပါ မဝင်စား တိုးပွားအောင်မြင်အောင် မလုပ်နိုင်ပါဘူး ၊ အလုပ်မှာ နှစ်သက်အားရကျေနပ်နေမှ အောင်မြင်အောင်လုပ်နိုင်ပါတယ် ၊ တချို့အလုပ်က ပင်ပန်းပေမယ့် သီချင်းတကြော်ကြော်နဲ့ ဟော်ဟော်

http://www.dhammadownload.com

ကြီးလုပ်နေတာတွေ့ရတာ အလုပ်မှာ နှစ်သက်မှု ပီတိဖြစ်နေလို့ ပါပဲ ၊ သတိလည်းကောင်း ပညာလည်းကောင်းဝီရိယလည်းသန်နေယင် အလုပ်မှာ ကျေနပ်မှုပီတိ ဆိုတာကလည်းဖြစ်မြဲပါပဲ ။ လူ့လောက တာဝန်တွေ ဆောင်ရွက်ရာမှာ ပီတိဟာလည်းအရေးကြီးပါတယ် ၊ ဒီ ပီတိ ပွားများမှုအလုပ်မှာ ကျေကျေနပ်နပ် အားရပါးရ လုပ်နိုင်ပြီး အလုပ်ထမြောက် အောင်မြင်မှာမို့ ပီတိကိုလည်း တိုးပွားအောင် ကြိုးစားသင့်ပါတယ် ။

ပဿဒ္ဓိသမ္ဗောဇျင်

ပဿဒ္ဓိသမ္ဗောဇျင်က ပဿဒ္ဓိတရားပါပဲ ပဿဒ္ဓိဆိုတာ ကိုယ်စိတ်ငြိမ်းချမ်းမှု ပီတိဖြစ်နေယင် ကိုယ့်အလုပ်ထဲ နှစ်သက်အားရနေယင် ပဿဒ္ဓိငြိမ်းချမ်းမှုဟာ ရလာစမြဲပါပဲ ၊ ပဿဒ္ဓိငြိမ်းအေးမှုရဲ့ ဆန့်ကျင်ဘက်က စိတ်ပူပန်မှု ၊ စိတ်ပူပန်မှုရှိယင် ကိုယ်လည်းပူပန်နေတာပါပဲ ၊ ကိုယ်စိတ်ပူပန်နေယင် အလုပ်တွင် စိတ်မပါ မတွင်ကျယ်၊ စိတ်ငြိမ်းချမ်းနေယင် ချွေးတွေသံတွေနဲ့ ပင်ပန်းတဲ့အလုပ် လုပ်နေရပေမယ့် ကိုယ်လည်းငြိမ်းချမ်းလျက်ပါပဲ ဒါ့ကြောင့် တချို့သီချင်းတကြော်ကြော်နဲ့ ပျော်ပျော်ကြီး အလုပ်လုပ်နိုင်ကြတာ ၊ ဒီတော့ လောကရေးရာမှာ ကိုယ့်ဝန်တာ ကိုယ့်လုပ်ငန်း ကိုယ့်ကိစ္စတွေမှာ ဒီ ပဿဒ္ဓိ ငြိမ်းချမ်းမှုဟာလည်း ပွားဖို့ များဖို့အားရှိနေဖို့ အရေးကြီးလို့ ပွားများပေးရမယ့် တရားတစ်ခုပါပဲ။

http://www.dhammadownload.com

သမာဓိသမ္ဗောဇျင်

သမာဓိသမ္ဗောဇျင်က သမာဓိ၊ သမာဓိဆိုတာ စေတဂတာ ခေါ်တဲ့ တစ်ခုတည်းသော အာရုံရှိမှုပါပဲ၊အာရုံတစ်ခုတည်းမှာ မိမိစိတ်ခိုင်မြဲစွာထားမှု ဒါကိုတည်ကြည်မှုလို့ ခေါ်ပါတယ်၊ လောကအလုပ်တာဝန် ကိစ္စတွေမှာ ဒီ သမာဓိဟာလည်း မပါမဖြစ်၊ သမာဓိနဲ့ ဆန့်ကျင်ဘက်က ပျံ့လွင့်မှု မတည်ကြည်မှု၊ စိတ်ပျံ့လွင့်နေသူမှာ ပညာရေးမှာ အရာရောက်အောင်လုပ်နိုင်ပါ့ မလား ? ပညာနဲ့ သမာဓိကလည်းဖက်မိဖို့ အရေးကြီးပါတယ်၊ စီးပွားရေးဖြစ်တဲ့ ထိုထိုလုပ်ငန်းတွေမှာလည်း စိတ်ပျံ့လွင့်နေသူ ကိုယ့်အလုပ်ထဲ စိတ်မဝင်စားသူဟာ လုပ်ငန်းတွေ တိုးတက်အောင်မလုပ်နိုင်ပါဘူး ၊ ကိုယ့်အလုပ်ထဲ စွဲမြဲတည်နေတဲ့ သမာဓိရှိမှ လုပ်ငန်းဟာ ကောင်းစွာ ထမြောက်နိုင်ပါတယ် ၊ ကျန်းမာရေး၊နိုင်ငံရေးစသော ဘယ်အရေးမှာဖြစ်ဖြစ် သမာဓိကတော့ ဖြစ်ရမယ့် ပွားရမယ့် တရားတစ်ခုဖြစ်ကြောင်း ထင်ရှားလှပါတယ်၊ တကယ်တော့ ယခင် သတိလည်းကောင်း ပညာလည်းကောင်း ဝီရိယလည်းကောင်းလို့ ပီတိ ပဿဒ္ဓိတွေဖြစ်နေယင် သမာဓိလည်း ကောင်းလာတာပါပဲ ၊ စိတ်ငြိမ်းချမ်းမှုဟာ သမာဓိဖြစ်ခြင်းအကြောင်းပါပဲ ၊ ဒီ တော့ လောကရေးရာ အဖြာဖြာမှာ သမာဓိဟာလည်း အရေးကြီးလို့ သမာဓိရအောင် သမာဓိတွေ အဆက်ဆက်တိုးပွားအောင် ပွားများနေလျှင် အောင်မြင်တော့တာပါပဲ ။

ဥပေက္ခာသမ္ဗောဇျင်

ဥပေက္ခာသမ္ဗောဇျင်ဆိုတာက ၊ ဥပေက္ခာ လျစ်လျူရှုမှု

http://www.dhammadownload.com

လျစ်လျူရှုမှုဆိုတာ အလုပ်မလုပ်ဘဲ နေတာကို ပြောတာမဟုတ်ပါဘူး၊ အလုပ် လုပ်တဲ့အခါ ဟိုဘက် သည်ဘက်မကျ အလယ်ကနေတဲ့ သဘောပါပဲ၊ ချစ်ခြင်းဘက်လည်းမကျ မုန်းခြင်းဘက်လည်းမကျ အလယ်ကျကျဖြစ်တဲ့ သဘောကိုလည်း ဥပေက္ခာဆိုပါတယ်၊ အလုပ်ကို ရှောင်လွှဲ တချစ်ထဲချစ်နေယင် အချစ်ဘက်ချည်းလိုက်နေယင် ကိုယ့်အလုပ်ပျက်ကြောင်းတစ်ခုပဲ၊ တစ်ပါးသူ တစ်ပါးဝတ္ထုကို မုန်းနေ ရွံ့နေ စက်ဆုပ်နေ ယင်လည်း အလုပ်ရဲ့အနှောက်အယှက်တစ်ခုပါပဲ ၊ ဒီတော့ မမုန်းမချစ် လျစ်လျူရှုတတ်ယင် ဆိုင်ရာအလုပ်မှာ ချောမောအောင်မြင်နိုင်ပါတယ် ၊ ဒါတွင် မကသတိ ပညာကလည်း ကောင်း ဝီရိယကလည်းသန် ပီတိ ပဿဒ္ဓိ သမာဓိတွေလည်း ဖြစ်နေတဲ့အခါ အလုပ်ကျွမ်းကျင် ကောင်းကောင်းလုပ်တော့ အလုပ်ဟာ သွက်သွက် လက်လက် သက်သက်သာသာနဲ့ သူ့ဟာသူ လုပ်သွား သလိုဖြစ်နေပါတယ်၊ အဲ ဒီလိုအခါမှာ တွန့်တိုမှု ဆုတ်နစ်မှု ပျံ့လွင့်မှုတွေ မဖြစ်ဖို့ ကြောင့်ကြမစိုက်ရဘဲ ၊ အသာမျှောလိုက် နေရသလိုဖြစ်တဲ့ လျစ်လျူရှုမှုဟာလည်း ဥပေက္ခာပါပဲ ၊ အဲဒီဥပေက္ခာကလည်း အလုပ်ကိစ္စ တိုးတက်တဲ့ အောင်မြင်တဲ့ သဘောပြနေလို့ လိုလားအပ် ပွားများအပ်တဲ့ သဘောပါပဲ။

ကဲ ဒီမျှဆိုယင် ဗောဓိပင်တရားတွေဟာ လောကရေးရာ အဖြာဖြာမှာ မဆုတ်ယုတ်ကြောင်း တိုးတက်ကြောင်းမို့ ပွားများထိုက်တယ် အမြဖြစ်နေအောင် ကြိုးစားသင့်တယ် ဆိုတာ သဘောပေါက်လောက်ပါပြီ ။

မိခင်ရောဝတီ

http://www.dhammadownload.com

ဗောဓိပင်ဖျက် တရားများ

ယခု ဗောဓိပင်ဖျက်တရားတွေ ပြောရဦးမယ် ဗောဓိပင်တရားတွေဖြစ်ပွားစေယင် လောကမှာ တိုးတက်နိုင်သလို ဗောဓိပင်ဖျက်တရားတွေ ဖြစ်စေယင်လည်း သတိ စသောတရားတွေ ပျက်တော့တာမို့ လောကမှာ ဆုတ်ယုတ်မှု လုပ်ငန်းဆောင်တာ ပျက်စီးမှုနဲ့ ကြုံရမှာပါပဲ ၊ အဲ ဒီ ဗောဓိပင်ဖျက် တရားတွေက နီဝရဏတွေ ၊ နီဝရဏဆိုတာ တားမြစ်တတ်တဲ့ တရားလို့ အနက်ရတော့ သတိ စသော တရားကောင်းများ မဖြစ်ပွားအောင် တားဆီးတတ်လို့ လောကကြီးပွားရေး တားမြစ် တတ် ဖျက်ဆီးတတ်တဲ့ တရားတွေ ပါပဲ ။

ပထမ ကာမစ္ဆန္ဒနီဝရဏတဲ့ ကာမတရား ၊ဝတ္ထုအာရုံတို့၌ မက်မောတပ်မက်တတ်တဲ့ တဏှာတရားပါပဲ ၊ ကာမဘုံသားတို့မှာ ကာမဆိုတာ မကင်းနိုင်ဘူး ၊ သို့သော် ဖြစ်သင့်တာထက် ပိုလာလျှင်တော့ ကာမဝတ္ထုတွေနောက် တကောက်ကောက် လိုက်ပါနေတာနဲ့ ပညာရေး စီးပွားရေး ကျန်းမာ ရေး နိုင်ငံရေးစသော လောကအရေးတွေမှာ ဘယ်အရာမှ ထမြောက်နိုင်တော့မှာ မဟုတ် ၊ ဒီတော့ ကာမစ္ဆန္ဒနီဝရဏဟာ လောကကြီးပွားရေး တားမြစ်တတ်တဲ့ တရားတစ်ခုပါပဲ ။

နောက်တစ်ခုက ဗျာပါဒနီဝရဏတဲ့ ၊ ဒေါသတရားပါပဲ ၊ ဒီ ဒေါသတရားဖြစ်နေလျှင်လည်း! **ဒေါသော အတ္ထံ နု ဇာနာတိ!** အရ ကိုယ်ကျိုး ကိုယ့်စီးပွား မသိနိုင် မမြင်နိုင် ဖြစ်ကာ လောကကြီးပွားရေး တိုးတက်ရေး ပျက်တော့မှာပါပဲ ။

http://www.dhammadownload.com

နောက် ထိနမိဒ္ဓ တဲ့ ၊ တွန့်တို ဆုတ်နစ် ပျင်းရိ အိပ်ချင် ငိုက်မျဉ်း တတ်တဲ့တရား၊ ဒီတရားက ဝီရိယဖျက်တရား ဝီရိယပျက်မှတော့ ပညာ သတိ စသည်လည်း ပျက်တော့မှာပဲ ၊ ဒီတော့ ဝီရိယ ပညာ သတိ သမာဓိတွေနဲ့သာ တိုးတက်အောင်မြင်နိုင်တဲ့ လောကကြီးပွားတိုးတက်ရေးမှာ ဒီထိနမိဒ္ဓဟာ အတားအဆီး တစ်ရပ်ပါပဲ

နောက်တစ်ခုက ဥဒ္ဓစ္စကုက္ကုစ္စ တဲ့ ၊ စိတ်ပျံ့လွင့်မှု နောင်တပူပန်မှုတရား နှစ်ခုပေါင်းပြီး တစ်ခုတည်း ယူထားတယ် ၊ စိတ်ပျံ့လွင့်နေမယ် ၊ ပြုခဲ့မိတဲ့မကောင်းမှု အလုပ်တွေအတွက် တွေးဆနောင်တပူပန်နေမယ် ဆိုယင်ဖြင့် အလုပ်မှာ သမာဓိမရ ဝီရိယ ပညာသတိလည်း ဖြစ်ခွင့်မရ ဒီလိုဖြစ်နေယင် လောက ဘယ်ကိစ္စ ဘယ်အလုပ်မှာ အောင်မြင်နိုင်ပါ့မလဲ ၊ လုပ်ငန်းဖျက် တရားတစ်ခုပါပဲ ။

နောက်တစ်ခုက ဝိစိကိစ္ဆာ ၊ ကိုယ့်အလုပ် အသေအချာ ဖြစ်မြောက်ရမယ် အောင်မြင်ရမယ် ဆိုတဲ့ ဆုံးဖြတ်ချက်ရှိနေသူမှာ ဘယ်အလုပ်မှာမှ တွန့်တို ဆုတ်နစ်မှာ မဟုတ် အားကြိုးမာန်တက်လုပ်မှာပါပဲ ၊ ဒီလို မဟုတ်ဘဲ ကိုယ့်အလုပ်ဟုတ်မှ ဟုတ်ပါ့မလား? ဒီအလုပ်ဟာ တိုးတက်မယ့် အလုပ် ဟုတ်ရဲ့လား စသည်ဖြင့်သံသယတွေ ဒွိဟတွေ ဖြစ်နေယင် အလုပ်မှာ စိတ်မပါ တွန့်တို ဆုတ်နစ် အလုပ်မအောင်မြင် ဒီတော့ ဝိစိကိစ္ဆာဆိုတဲ့ ယုံမှားသံသယဟာ အလုပ်တိုးတက်ကြောင်းဖျက်တဲ့ အဖျက်တရား တစ်ခုပါပဲ ။

ဉာဏ်တို့ ဉာဏ်ဝုံးတဲ့တရား

အဲ ဒီတော့ ဗောဇ္ဈင်တရားတွေ လက်ကိုင်ထား ပွားများစေယင် လောကမှာ တိုးတက် အောင်မြင်မယ် ၊ နိဝရဏတရားတွေ

http://www.dhammadownload.com

ဖြစ်ပွားစေယင် ဆုတ်ယုတ်မယ် ပျက်ပြားမယ်ဆိုတာ ရှင်းလောက်ပါပြီ၊အထူးသဖြင့် ဗောဓိပင်တရားတွေ ဖြစ်စေ ပွားစေယင်လောကရေးမှာပဲ ဖြစ်ဖြစ် ဓမ္မရေးမှာပဲဖြစ်ဖြစ် ၊ ဉာဏ်အဆင့်ဆင့် ဖြစ်လာယင် ရင့်လာတိုးတက်လာမှာ အမှန်ပါပဲ ၊ အဲ နီဝရဏတရားတွေ ဖြစ်ပွားစေယင်တော့ ဉာဏ်တွေတုံးပြီး ဆုံးရှုံးမှုတွေ. ရမှာပါပဲ။

အဘယသုတ် အချုပ်

ဒီနေရာမှာ အလျင်းသင့်လို့ မဟာဝဂ္ဂသံယုတ်လာ အဘယသုတ်ကို အချုပ်မျှပြောရဦးမယ်၊တစ်ခါက ရှင်တော်မြတ်ဘုရား ဂိဇ္ဈကူဋ်တောင်မှာ သီတင်းသုံးတော်မူခိုက် အဘယမင်းသား ဘုရားရှင်ထံတော်မှောက် ရောက်လာပြီး လျှောက်ထားတယ် ၊ မြတ်စွာဘုရား ပူရဏကဿပက မသိခြင်း မမြင်ခြင်း ဖြစ်ဖို့.ရန် ဘာအကြောင်းမှ မရှိ၊ အကြောင်းမရှိဘဲ သူ.ဘာသာ မသိမမြင်တာသာ ဖြစ်တယ် သိခြင်း မြင်ခြင်း ဖြစ်ဖို့.လည်း ဘာအကြောင်းမှ မရှိ ၊ အကြောင်းမရှိဘဲ သူ.ဘာသာ မသိ မမြင်တာသာ ဖြစ်တယ် ၊ သိခြင်း မြင်ခြင်း ဖြစ်ဖို့.လည်း ဘာအကြောင်းမျှမရှိ အကြောင်းမရှိပဲ သူ.ဘာသာ သိလာ မြင်လာတာပဲ ဒီလိုဆိုပါတယ် ။။

ဒီအချက်မှာ ရှင်တော်ဘုရား ဘယ်လိုမျှား မိန့်.တော်မူပါသလဲဘုရား ဒီလိုမေးလျှောက်တဲ့ အခါ ရှင်တော်မြတ်ဘုရားက မသိဖို့. မမြင်ဖို့. အကြောင်းရှိကြောင်း အကြောင်းရှိလို့.သာ မသိမှု မမြင်မှု ဖြစ်ရကြောင်း သိဖို့. မြင်ဖို့.ရာမှာလဲ အကြောင်းရှိကြောင်း အကြောင်းရှိလို့.သာ သိမှု မြင်မှု ဖြစ်ရကြောင်း မိန့်.တော်မူပါတယ်

http://www.dhammadownload.com

ဒီတော့ အဘယမင်းသားက မသိဖို့ မမြင်ဖို့ရာ အကြောင်းက ဘာပါလဲ ၊ ဘယ်ပုံအကြောင်းရှိ လို့ မသိမှု မမြင်မှု ဖြစ်ရပါသလဲလို့ မေးလျှောက်ပြန်တယ် ၊ ဘုရားရှင်ဖြေဆို မိန့်ကြားတော်မူချက်ကို အချုပ်အားဖြင့်ပြောရယင် ကာမရာဂထကြွတဲ့စိတ်၊ ကာမရာဂကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ဖြစ်လာတဲ့ ကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိ မမြင် အဲဒီလိုအခါမျိုးရှိတတ်တယ် ၊အဲ ဒီလို ကာမရာဂစိတ်လည်းဖြစ်နေ ၊ ထိုကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိမမြင်မှုဟာ မသိဖို့ မမြင်ဖို့အကြောင်းပဲ ၊ ဒီနည်းဖြင့် အကြောင်းရှိလို့ မသိမမြင်ခြင်းဖြစ်ရတာပဲ

ဗျာပါဒဆိုတဲ့ ဒေါသထကြွတဲ့စိတ် ဒေါသကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ၊ ထိုဗျာပါဒရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိမမြင် ။ ငိုက်မျဉ်း အိပ်ချင်ထိုင်းမှိုင်း ၊တွန့်ဆုတ်တဲ့ထိနမိဒ္ဓထကြွတဲ့စိတ် ထိနမိဒ္ဓကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ၊ ထိုထိနမိဒ္ဓရဲ့ ထွက်မြောက်ကြောင်းကို လည်း အမှန်အတိုင်း မသိမမြင် ။ ပျံ့လွင့်မှု ဥဒ္ဓစ္စ ၊ နောင်တပူပန်မှု ကုက္ကုစ္စ ၊ ထကြွပူးကပ်တဲ့ စိတ်နဲ့နေမယ် ထို ဥဒ္ဓစ္စ ကုက္ကုစ္စရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိမမြင် ၊ ယုံမှား သံသယဖြစ်မှု ဝိစိကိစ္ဆာ ထကြွ ပူးကပ်တဲ့စိတ်နဲ့နေမယ် ထို ဝိစိကိစ္ဆာရဲ့ ထွက်မြောက် ကြောင်းကိုလည်း အမှန်အတိုင်း မသိမမြင် ၊အဲဒီလိုအခါတွေ ရှိတတ်တယ် ။ အဲ ဒီလိုဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာတို့လည်းဖြစ်နေ ထိုတရားတွေရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိမှုဟာ၊ မသိဖို့ မမြင်ဖို့ အကြောင်းပဲ၊ဒီနည်းဖြင့် မသိမှု မမြင်မှု ဖြစ်ရကြောင်းများ မိန့်တော်မူခဲ့ပါတယ် ။

မိစင်ရောဝတီ

http://www.dhammadownload.com

ရှင်းလင်းချက်

ဒီ နေရာမှာ ကာမ ရာဂစသော နီဝရဏတို့၏ ထွက်မြောက်ကြောင်း မသိဆိုရာမှာ ထို နီဝရဏတွေရဲ့ ထွက်မြောက်ကြောင်းဆိုတာ ဗောဓိပက္ခိယတရားတွေပါပဲ ။ ကာမရာဂစသည်မှ ထွက်မြောက်ကြောင်း ဗောဓိပက္ခိယတရားတွေကို သိယင်ပွားယင် ကာမရာဂဟာ ဖြစ်မလာပါဘူး ၊ ဖြစ်နေတဲ့ ကာမရာဂဟာလည်း ရှောင်ပြေးမှာပါပဲ ၊ အခုတော့ ဗောဓိပက္ခိယတရား မသိမပွား ၊ မပွားတော့ ကာမရာဂစသည်က ဖြစ်မြဲဖြစ်နေ ဖြစ်နေတော့ အသိဉာဏ် ဝိဇ္ဇာပေါ်မလာ ၊ မသိမှု မောဟသာ ဖြစ်နေတော့တာပါပဲ ။ ဒါကြောင့် နီဝရဏများဟာ မောဟဆိုတဲ့ မသိခြင်း မမြင်ခြင်း ဖြစ်ဖို့ အကြောင်းတွေလို့ မိန့်တော်မူခြင်း ဖြစ်ပါတယ်။

ဒီလိုမိန့်တော်မူတဲ့အခါ အဘယမင်းသားက ဒီ တရားဒေသနာအမည်က ဘာပါလဲဘုရားလို့ မေးလျှောက်တယ် ။ ဒါတွေဟာ နီဝရဏအမည်ရတဲ့ တရားတွေပဲ မင်းသားလို့ ၊ မိန့်ကြားတဲ့အခါ ဘုန်းတော်ရှင်မြတ်စွာဘုရား တကယ်ပဲ နီဝရဏတွေပါပဲ ၊ စကားကောင်းကို မိန့်ဆိုတတ်တဲ့ ရှင်တော်ဘုရား ၊တကယ့်ကို အသိဉာဏ်တားမြစ် ပိတ်ပင်တတ်တဲ့ နီဝရဏတရားတွေပါပဲ တစ်ခုတစ်ခုသော နီဝရဏဖြင့် အလွှမ်းမိုးခံရသူမှာပင် ဟုတ်တိုင်းမှန်စွာ မသိနိုင်ရာပါ ငါးပါးလုံး အလွှမ်းမိုးခံရသူမှာတော့ ပြောစရာမရှိတော့ပါ ဘုရားလို့ အားရပါးရ လက်ခံ လျှောက်ထားခဲ့ပါတယ်။

ဒီနောက် ဆက်လက်လျှောက်ထားပြန်တာက ၊ မြတ်စွာဘုရား သိခြင်း မြင်ခြင်း ဖြစ်ဖို့ အကြောင်းက ဘာပါလဲ၊ ဘယ်ပုံ အကြောင်းရှိတဲ့ သိခြင်း မြင်ခြင်း ဖြစ်ပါသလဲ ၊ ဒီ အခါ ဗောဓိ

http://www.dhammadownload.com

ခုနစ်ပါး ပွားများရေးကို ဟောတော်မူပါတယ် ။ အချုပ်က ဒီသာသနာတော်မှာ ရဟန်းတစ်ပါး ဟာ ကိလေသာကင်းဆိတ်မှုပျောက်ပြယ်မှု ချုပ်မှုကို မှီသော ကိလေသာစွန့်ဖို့ နိဗ္ဗာန်သို့ပြေးဝင်ဖို့ ရင့်ဆဲ ရင့်ပြီးဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ပွားစေတယ်ထို ကဲ့သို့ သဘောရှိသော ဓမ္မဝိစယ ၊ ဝီရိယ ၊ ပီတိ ၊ ပဿဒ္ဓိ၊သမာဓိ ၊ ဥပေက္ခာ သမ္ဗောဇ္ဈင်ကို ပွားစေတယ် ၊ အဲဒါသိခြင်း မြင်ခြင်းဖြစ်ဖို့ အကြောင်းပဲ ၊ ဒီ နည်းဖြင့် သိခြင်း မြင်ခြင်း အကြောင်းဖြစ်ရတယ် ။

ဒီလိုအသိဉာဏ်ဖြစ်ခြင်းအကြောင်း ဗောဇ္ဈင်ခုနစ်ပါးတရားတွေကို ဟောတော်မူတဲ့ အခါ ဒီ တရားဒေသနာတော်အမည်ကဘာပါလဲဘုရားလို့ မေးလျှောက်ထားခဲ့တယ် ၊ ဒါတွေဟာ ဗောဇ္ဈင်မည်တဲ့ တရားတွေပဲမင်းသားလို့ ဘုရားရှင်ကဖြေကြားတော့ ၊ ဘုန်းတော်ရှင်ဘုရား၊ တကယ်ပဲ ဗောဇ္ဈင်တွေပါပဲ ၊ စကားကောင်းကို မြွက်ဆိုတတ်တဲ့ ရှင်တော်ဘုရား ၊ တကယ်ကိုပဲ အသိဉာဏ်ဖြစ်ကြောင်းဗောဇ္ဈင်ဟေ့ပါပဲ ၊ တစ်ပါးတစ်ပါးသော ဗောဇ္ဈင်တရားဖြင့် ပင်ဟုတ်တိုင်းမှန်စွာ သိနိုင်မြင်နိုင်ပါတယ် ခုနစ်ပါးလုံးဖြင့်ဆိုလျှင် ပြောစရာပင် မရှိတော့ပါ ရှင်တော်မြတ်ဘုရား ၊ ဂိဇ္ဈကူဋ်တောင်တက်ခဲ့ရလို့ ဖြစ်တဲ့ တပည့်တော်ရဲ့ ကိုယ်ပင်ပန်းမှု စိတ်ပင်ပန်းမှုတွေဟာ ငြိမ်းခဲ့ရပါပြီ ၊ သစ္စာလေးပါး တရားလည်း သိခဲ့ရပါပြီလို့လျှောက်ထားခဲ့ပါတယ် ။

ဒီ အဘယမင်းသားဟာ ရှေးက နိဂဏ္ဌာတွေထံ ဆည်းကပ်လေ့ရှိပါတယ် ၊ နိဂဏ္ဌာနာဋပုတ္တက ပြဿနာမေးခိုင်းလို့ ဘုရားရှင်ကို ပြဿနာမေးလျှောက်တဲ့အခါ ဘုရားရှင်၏ ဆန်းကြယ်တဲ့ တရား

http://www.dhammadownload.com

စကား ကြားရနာရလို့ ဥပါသကာအဖြစ် ရောက်ရှိခဲ့ပါတယ် ၊ ဥပါသကာအဖြစ် ရောက်ရှိတော့လည်း မကြာမကြာ တရားနာ တရားနှလုံးသွင်းနဲ့ ရင့်ကျက်တဲ့ ဓာတ်ခံ ကလေးတွေ ရှိနေမှာပါပဲ၊ အဲ ဒီ တရား အထုံရှိနေလို့ပဲ ဒီ အဘယသုတ္တန်နာခံရတဲ့အခါ ကိုယ့်သန္တန်မှာ ဗောဇ္ဈင်တရားတွေ အပြည့် အစုံဖြစ်ကာ သောတာ ပတ္တိမဂ်ဖိုလ် ဆိုက်သွားခြင်းဖြစ်ပါတယ် ၊ အဘယမင်းသား သော တာပန်ဖြစ်သွားတဲ့ တရားနဲ့စပ်လို့ ကျမ်းဂန်များမှာ အဆို အမျိုး မျိုးပဲကွဲပြားလျက် ရှိနေပါသေးတယ် ။

သဂ်ါရဝသုတ္တန်

ကဲ . . . ဒီတော့ ဒီ ဗောဇ္ဈင်တရားတွေ လက်သုံးပြုနေယင် လောက အတတ်ပညာသင်ရာ စာပေသင်ရာ လေ့လာရာတို့၌ အမြင်ထက်သန် ဉာဏ်တိုးပွားမည်ဖြစ်၍ နီဝရဏတရားတွေဖြစ် နေယင် အမြင်တုံး ဉာဏ်တုံး ဖြစ်မည်ဖြစ်ကြောင်း သိသာရန်၊မဟာ ဝဂ္ဂ ဗောဇ္ဈင်သံယုတ်လာ သဂ်ါရဝသုတ္တန် အဆိုအမိန့်ကိုလေ့လာ ကြပါဦးစို့ ။

ရှင်တော်မြတ်ဘုရား သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော် မှာ သီတင်းသုံးတော်မူခိုက် သဂ်ါရဝပုဏ္ဏား ဘုရားမြတ်ထံ လာ ရောက်လျှောက်ထားတယ်၊ အရှင်ဂေါတမ တစ်ရံတစ်ခါ ရက်အတန် ကြာအောင်ရွတ်အံ့ထားတဲ့ ဝေဒတွေဟာ မထင်လာ မပေါ်လာဘဲ ရှိပါတယ် ၊ မရွတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေတော့ ပြောစရာ မရှိပါ၊ တစ်ရံတစ်ခါတော့ ရက်အတော်ကြာ မရွတ်မအံ့ ပစ်ထားတဲ့ ဝေဒ တွေပင် ထင်ပေါ်လာတယ်၊ရွတ်အံ့ထားတဲ့ ဝေဒတွေတော့ ပြော

http://www.dhammadownload.com

စရာမရှိပါ ၊ ဒီလို ဖြစ်ရတာ အကြောင်းဘယ်သို့ ရှိပါသလဲ ၊ ဒီ အမေးကို ဘုရားရှင်က အကျယ်ဖြေတော်မူပါတယ် ၊ ဒီတော့ဘုရား ရှင် အဖြေအတိုင်း အကျယ်မပြောတော့ပဲ ထိုအဖြေမှ ဆိုလိုရင်းကို ချုပ်ပြီး ထုတ်ပြပါတော့မယ် ။

ရေခွက်ဟာ ချိပ် ၊ နန္ဒင်း ၊ မဲရွက် ၊ ထန်းကျင့် ၊ တစ်ခုခုနဲ့ ရောနှောနေယင် မျက်စိ အမြင်ရှိတဲ့ ယောက်ျားဟာ ထိုရေခွက်ထဲ မိမိမျက်နှာရိပ်ကို ကြည့်တဲ့အခါ အရှိ အမှန်အတိုင်း မသိနိုင် မမြင်နိုင်သလို ၊ ကာမရာဂ ထကြွကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ဖြစ်လာတဲ့ ကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိဘူး ဆိုယင် အဲ ဒီ အခါမှာ မိမိအကျိုးလည်း မသိ သူတစ်ပါးအကျိုး လည်း မသိ ၊ မိမိသူတစ်ပါး အကျိုးနှစ်ပါးစုံကိုလည်း မသိ ၊ ဒီလို အခါမျိုးမှာ ရက်အတော်ကြာ လေ့လာရွတ်အံထားတဲ့ ဝေဒတွေပင် မထင်လာ မပေါ်လာနိုင်တော့ ၊ မရွတ်မအံ ပစ်ထားတဲ့ ဝေဒတွေ တော့ ပြောစရာမရှိ ။

ထိုကဲ့သို့ ချိပ် ၊ နန္ဒင်းစသည်ဖြင့် ရောမနေတဲ့ ရေခွက်ထဲမှာ ကြည့်ယင် မိမိမျက်နှာရိပ်ကို အရှိအတိုင်း အမှန်အတိုင်း သိရ မြင်ရသလို ၊ ကာမရာဂ မထကြွ မကပ်ပါတဲ့ စိတ်နဲ့နေမယ် ဖြစ် လာတဲ့ ကာမရာဂရဲ့ ထွက်မြောက်ကြောင်းကိုလည်း သိမယ် ဆိုယင် ထို အခါမျိုးမှာ မိမိအကျိုးလည်းသိ သူတစ်ပါးအကျိုးလည်းသိ မိမိသူတစ်ပါး အကျိုးနှစ်စုံလည်းသိ ဒီလိုအခါမျိုးမှာ ရက်အတော် ကြာ မရွတ်မအံ ပစ်ထားတဲ့ ဝေဒတွေပင် ထင်လာပေါ်လာနိုင် တယ် ၊ ရွတ်အံထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိ ။

http://www.dhammadownload.com

ရေခွက်ဟာ မီးဖြင့်ပူနေမယ် ကျိုက်ကျိုက်ဆူပွက်နေမယ် အခိုးချောင်းချောင်း ထနေမယ်ဆိုယင် အဲ ဒီရေခွက်ထဲ မိမိမျက်နှာရိပ်ကို ကြည့်တဲ့ယောက်ျားဟာ အရှိအမှန်အတိုင်း မသိရ မမြင်ရသလို ၊ ဗျာပါဒ ထကြွကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ဖြစ်လာတဲ့ဗျာပါဒရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိဘူးဆိုယင် ဒီ အခါ ဘာ အကျိုးမှ မသိ ၊ ဒီ လိုအခါမျိုးမှာ ရက်အတော်ကြာ ရွတ်အံ့ထားတဲ့ ဝေဒတွေပင် မထင်မပေါ်လာ ၊ မရွတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေ ဆိုယင် ပြောစရာမရှိ ၊ ထိုကဲ့သို့ မီးဖြင့်မပူ မဆူ မပွက် အခိုးမထတဲ့ သက်သက်ရေခွက်မှာ မိမိမျက်နှာရိပ်ကို ကြည့်တဲ့ယောက်ျားမှာ တော့အရှိအမှန်အတိုင်း သိရ မြင်ရသလို ၊ ဗျာပါဒ မထကြွ မကပ်ပါတဲ့စိတ်နဲ့နေမယ် ဖြစ်လာတဲ့ ဗျာပါဒရဲ့ ထွက်မြောက်ကြောင်းကိုလည်း သိမယ် ဆိုယင် အဲဒီ အခါမျိုး မှာ အကျိုးအမျိုးမျိုးလည်း သိနိုင်တယ်၊ ရက်အတော်ကြာ မရွတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေပင် ထင်လာတတ်တယ် ၊ ရွတ်အံ့ထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိ မှော်သေး မှော်ကြီးတွေ ဖုံးနေတဲ့ ရေခွက်ထဲမှာ မျက်နှာရိပ်ကြည့်သူဟာ မိမိမျက်နှာရိပ်ကို အရှိ အမှန်အတိုင်း မသိမမြင်ရသလို ၊ ထိနမိဒ္ဓ ထကြွကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ဖြစ်လာတဲ့ ထိနမိဒ္ဓရဲ့ ထွက်မြောက်ကြောင်းကိုလည်း မသိဘူးဆိုယင် အဲ ဒီအခါမှာ ဘာ အကျိုးမှ မသိမမြင် ရက်အတန်ကြာ လေ့လာရွတ်အံ့ထားတဲ့ဝေဒတွေပင် ထင်မလာ မရွတ်မအံ့ပဲ ပစ်ထားတဲ့ ဝေဒတွေဆို ပြောစရာမရှိ၊ထို သို့မဟုတ်ပဲ မှော်သေးမှော်ကြီး မဖုံး ကြည်နေတဲ့ ရေခွက်မှာ မျက်နှာရိပ်ကြည့်သူဟာ အရှိအမှန်အတိုင်း သိရမြင်ရသလို ထိနမိဒ္ဓ မထကြွ မကပ်ပါတဲ့ စိတ်နဲ့နေ မယ် ဖြစ်လာတဲ့ ထိနမိဒ္ဓရဲ့ ထွက်

http://www.dhammadownload.com

မြောက်ကြောင်းကိုလည်း သိမယ် ဆိုရင် အဲ ဒီ အခါမှာ အကျိုး အမျိုးမျိုးလည်း သိနိုင်တယ် အဲ ဒီလိုအခါမှာ ရက်အတော်ကြာ မရွတ်မအံ့ ပစ်ထားတဲ့ဝေဒတွေပင် ထင်လာပေါ်လာရတယ်၊ရွတ် အံ့ထားတဲ့ ဝေဒတွေတော့ ပြောစရာမရှိ ။

ရေခွက်ဟာ လေတိုက်လို့ တုန်နေမယ် လှုပ်ရှားနေမယ် လှိုင်းထနေမယ်ဆိုယင် အဲ ဒီ ရေခွက်ထဲ မျက်နှာရိပ်ကြည့်သူဟာ အရှိ အမှန်အတိုင်း မသိရ မမြင်ရသလို၊ ဥဒ္ဓစ္စကုက္ကုစ္စ ထကြွ ကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ၊ ဖြစ်လာတဲ့ ဥဒ္ဓစ္စကုက္ကုစ္စရဲ့ ထွက် မြောက်ကြောင်းကိုလည်း မသိဘူးဆိုယင် အဲ ဒီ အခါ ဘာအကျိုးမှ မသိ ၊ ရက်အတော်ကြာ ရွတ်အံ့ထားတဲ့ ဝေဒတွေပင် ထင်မလာ မရွတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေဆို ပြောစရာ မရှိတော့ ၊ ထိုသို့ မဟုတ်ဘဲ လေမတိုက် မတုန်မလှုပ် လှိုင်းမထတဲ့ ရေခွက်မှာ မိမိ မျက်နှာရိပ်ကြည့်သူဟာ အရှိအမှန်အတိုင်း သိရမြင်ရသလို ဥဒ္ဓစ္ စကုက္ကုစ္စ မထကြွ မကပ်ပါတဲ့ စိတ်နဲ့နေမယ် ဖြစ်လာတဲ့ ဥဒ္ဓစ္စကုက္ကုစ္စ ရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း သိမယ် ဆိုယင် အဲ ဒီ အခါမှာ အကျိုးအမျိုးမျိုးလည်းသိ ၊ ရက်အတော်ကြာ မရွတ် မအံ့ ပစ်ထားတဲ့ ဝေဒတွေပင် ထင်လာပေါ်လာရ ရွတ်အံ့ထားတဲ့ ဝေဒတွေဆို ပြောစရာ မရှိ ။

ရေခွက်ဟာ နောက်နေမယ် အနယ်တွေထနေမယ် ညွှန် အတိုဖြစ်နေမယ် မှောင်ထဲမှာလည်း ထားမယ်ဆိုရင် အဲ ဒီ ရေခွက် မှာ မျက်နှာရိပ်ကြည့်တဲ့သူဟာ အရှိအမှန် အတိုင်း မသိရ မမြင်ရ သလို ဝိစိကိစ္ဆာ ထကြွကပ်ပါနေတဲ့ စိတ်နဲ့နေမယ် ဖြစ်လာတဲ့ ဝိစိ ကိစ္ဆာရဲ့ ထွက်မြောက်ကြောင်းကိုလည်း အမှန်အတိုင်း မသိဘူးဆို

http://www.dhammadownload.com

ရင် အဲဒီအခါ ဘာအကျိုးမှ မသိမမြင်၊ ရက်အတော်ကြာ လေ့လာ ထားတဲ့ဝေဒတွေပင် မထင်မပေါ်လာ မရွတ်မအံ့ ပစ်ထားတဲ့ ဝေဒ တွေဆို ပြောစရာ မရှိတော့၊ ဒီလိုမဟုတ်ဘဲ ကြည်နေ သန့်နေ၊ နောက်မနေဘဲ အလင်းမှာ ထားတဲ့ရေခွက်မှာ မျက်နှာရိပ် ကြည့်သူ ဟာ အရှိအမှန်အတိုင်း သိရမြင်ရသလို ဝိစိကိစ္ဆာမထကြွ မကပ် ပါတဲ့ စိတ်နဲ့နေမယ် ဖြစ်လာတဲ့ ဝိစိကိစ္ဆာရဲ့ ထွက်မြောက်ကြောင်းကို လည်း အမှန်အတိုင်း သိမယ်ဆိုယင် အဲ ဒီအခါမှာ အကျိုးအမျိုးမျိုး လည်းသိ၊ ရက်အတော်ကြာ မရွတ်မအံ့ ပစ်ထားတဲ့ ဝေဒတွေပင် ထင်လာ ပေါ်လာရ ရွတ်အံ့ထားတဲ့ ဝေဒတွေဆို ပြောစရာမရှိ ။

ဒီ တရားဒေသနာအရ နိဝရဏတွေ ဝင်နေယင် ဉာဏ်တွေ တုံး မတတ်သေးတဲ့ စာပေစသောပညာတွေလည်း တတ်ဖို့ မလွယ် တတ်ပြီးသားသိပြီးသား ပညာတွေလည်း မေ့ပျောက်ပြီး အကျိုးယုတ် စေတတ်တဲ့ တရားတွေဖြစ်ကြောင်း နိဝရဏမှထွက်မြောက်ကြောင်း ဟာ ဗောဇ္ဈင်တရားတွေဖြစ်တော့ ဗောဇ္ဈင်တရားတွေ ပွားနေယင် မဖြစ်လာတဲ့နိဝရဏလည်း ပေါ်မလာ ဖြစ်လာတဲ့နိဝရဏတွေလည်း ပျောက်၊သတိ ပညာ သမာဓိတို့လည်း အဆင့်ဆင့်တိုးကာပညာသင် ရာမှာလည်းလွယ်တတ်ပြီးပညာလည်း မမေ့ပျောက်ပဲ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လာမယ် ဆိုတာ ထင်ရှားပါတယ်။

ဒီနောက် ရှင်တော်ဘုရား ဆက်လက်ဟောတာက ဗောဇ္ဈင်တရားတွေဟာ ပညာဉာဏ်ကို မတားဆီးတတ် မပိတ်ပင် တတ် စိတ်၏ညစ်ညူးကြောင်းမဟုတ် ဖြူစင်သန့်ရှင်းကြောင်းဖြစ် လေတော့ ထိုဗောဇ္ဈင်တွေပွားနေယင် ဝိဇ္ဇာခေါ် မဂ်ပညာတွေဝိမုတ္တိ ခေါ် မဂ် သမာဓိတွေ၊ ဖလခေါ် ဖိုလ်တရား တွေ ဒီ တရားထူးတွေ

http://www.dhammadownload.com

မျက်မှောက်ထင်ထင် ကိုယ်တွေ့မြင်ဖို့ရာသာ ဖြစ်ကြောင်းများဟော ကြားတော်မူခဲ့ပါတယ် ။

ဗောဒ္ဓါဝ်အမည်ရပုံ

ကဲ . . . ယခု ဗောဒ္ဓါဝ်ခေါ်ရပုံနဲ့ ဗောဒ္ဓါဝ်တရားများရဲ့ သဘောသွားကို အသီးသီး ရှင်းလင်း ပြဖို့ အခွင့်ရောက်လာပါပြီ၊သတိပဋ္ဌာန် ဓမ္မာနုပဿနာ အခန်းမှာ မိမိသန္တာန်မှာ ဖြစ်နေတဲ့ သတိစသော ဗောဒ္ဓါဝ်တွေကို ဖြစ်နေမှန်းသိရမယ် ၊ မဖြစ်တဲ့ပျောက်သွားတဲ့ သတိစသော ဗောဒ္ဓါဝ်တွေကိုလည်း မဖြစ်ပုံ ပျောက်သွားပုံ သိရမယ်လို့ ဟောထားပါတယ် ၊ ဒီ တော့ ကိုယ့် သန္တာန်မှာ ဒီတရားတွေဖြစ် ဖြစ်သိဖို့ရာမှာအဲဒီတရားတွေရဲ့သဘောလက္ခဏာစသည်ကို သိထားမှ ဖြစ်ပါ လိမ့်မယ် ၊ ဒါကြောင့် အဋ္ဌကထာများမှာ ထိုတရားများရဲ့ သဘောလက္ခဏာစသည်ကို ပြကြသည်အားလျှော်စွာ၊ယခု ထိုတရားတွေရဲ့ သဘောများကို ဟောကြားရပါတော့မယ် ။

ဗောဒ္ဓါဝ်ဆိုတာ ဗောဒ္ဓါဝ်ဆိုတဲ့ ပါဠိမှ ဆင်းသက်လာတဲ့ ဝေါဟာရပါပဲ ၊ ဗောဒ္ဓါဝ်ဆိုတာလည်း ဗောဓိနဲ့ အဂ် နှစ်ပုဒ်ကိုပါဠိနည်းအရ စပ်ထားတာဖြစ်ပါတယ် ၊ ဗောဓိမှာ နိုးမှု သိမှု အနက်နှစ်မျိုးနဲ့ ဆိုင်ပါတယ် ၊ အရိယာဖြစ်တဲ့ ဘုရားတပည့်ဟာ လောကုတ္တရာမဂ်ခဏမှာ သတိ ဓမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာတရားခုနစ်ခု အစုအပေါင်းဖြင့် ကိလေသာအစဉ်ဟူသော အိပ်ပျော်ခြင်းမှ နိုးလာတတ်တယ် ၊ သစ္စာလေးပါးကို သိတတ်တယ် နိဗ္ဗာန်ကို ကိုယ်တွေ့အသိရောက် မျက်မှောက်ပြုတတ်တယ် ၊ ဒီ တော့ သတိစသော တရားခုနစ်ပါး အပေါင်းဟာ ကိလေသာဆိုတဲ့

http://www.dhammadownload.com

နည်းအရ သစ္စာမြင်သိ အရိယာသာဝက၏ အဂ်ါ အစိတ်အပိုင်းဟု လည်းကောင်း ဗောဓျင်၏အနက်ကို သိရပါတယ် ၊ ဒါက အဌက ထာလာနည်းများ ဖြစ်ပါတယ်၊ပါဠိတော်နည်းကို ပြောကြဦးစို့ ။

ပါဠိတော်အရ ဗောဓျင်အနက်

ရဟန်းတစ်ပါးက၊မြတ်စွာဘုရား ဗောဓျင်တွေ ဗောဓျင်တွေ လို့ ဆိုကြပါတယ် ၊ ဘယ်မျှလောက်သော အကြောင်းဖြင့်ဗောဓျင် တွေလို့ ဆိုအပ်ပါသလဲ၊ဤသို့လျှောက်ထားတဲ့အခါ၊ **ဗောဓယ သံ ဝတ္တန္တီတိ ခေါ်ဘိက္ခု တသ္မာ ဗောဓျင်္ဂါတိ ဝုစ္စန္တိ**၊ရဟန်း နိဗ္ဗာန်ကို သိခြင်းငှာ ဖြစ်ကြသောကြောင့်ဗောဓျင်တရားများဟု ဆိုရတယ်လို့၊ ဘုရားရှင်က ဖြေကြားတော်မူခဲ့တယ် ၊ ဒီ ဘုရားရှင်မိန့်ခွန်းတော် အရဆိုလျှင်၊ ဗောဓိ-နိဗ္ဗာန်ကိုသိခြင်း၏ ၊ အင်္ဂ- အကြောင်း၊ဗောဓျင် နိဗ္ဗာန်ကို သိခြင်းအကြောင်းလို့ ဗောဓျင်အနက်ရလာပါတယ် ၊ ဒီ အနက်က အမှတ်ရ လွယ်ပါတယ် ၊ ဒါကြောင့် နိဗ္ဗာန်ကို သိခြင်း အကြောင်းဖြစ်တဲ့ သတိစသော တရားများကို ဗောဓျင်လို့ ခေါ်ရ ကြောင်း ဒီပါဠိအရ မှတ်သားဖို့ပါပဲ ၊ ကဲ . . ယခု ဗောဓျင်တရား ခုနစ်ပါးရဲ့ သဘောသွားကို ဟောကြားကြဦးစို့ ။

သတိသမ္ဗောဓျင်

သမ္ဗောဓျင်ဆိုသည်မှာ သံဆိုတာက ချီးမွမ်းအပ်တယ်- ကောင်းတယ်ဆိုတဲ့ အနက်ရှိပါတယ် ဒါကြောင့် သမ္ဗောဓျင်ကို ချီး မွမ်းအပ်တဲ့ ဗောဓျင် ၊ ကောင်းမြတ်တဲ့ ဗောဓျင်လို့ အနက် ဆိုရ ပါတယ်။ချီးမွမ်းအပ်တယ်ဆိုတာလည်း ၊ ကောင်းလို့ မြတ်လို့ပါပဲ၊

http://www.dhammadownload.com

ဒါကြောင့် ကောင်းတယ်ဆိုတဲ့ အနက်ယူပြီး သတိသမ္ဗောဇျင်ကို အနက်ဆိုရလျှင်ဖြင့် သတိတည်းဟူသောကောင်းမြတ်သောဗောဇျင်လို့ အချုပ် အနက်ရလာတယ်။နောက်က ဆိုခဲ့တဲ့ ဗောဇျင်အနက်တွေပါ ပါအောင်ဆိုလျှင် သတိတည်း ဟူသောကောင်းမြတ်သော သစ္စာသိကြောင်း တရားခုနစ်ပါး အပေါင်း၏ အစိတ်အဂ်ါ (သို့မဟုတ်)သတိတည်းဟူသော ကောင်းမြတ်သောသစ္စာမြင်သိအရိယသာဝက၏ အစိတ်အဂ်ါ(သို့မဟုတ်) သတိတည်းဟူသော ကောင်းမြတ်သော နိဗ္ဗာန်သိခြင်း အကြောင်းတရားလို့ ဆိုရပါတယ်။နောက်ဗောဇျင်တွေလည်း ဒီအတိုင်း ချည်းပဲမို့ နောက်ဗောဇျင်တွေကျတော့ တစ်နက်လောက်သာ ပြပါတော့မယ်။

ဒီတော့ သတိဗောဇျင်ရဲ့ တရားကိုယ်ဟာ သတိပါပဲ။သတိဆိုတာ အောက်မေ့မှု အမှတ်ရမှု မမေ့မပျောက်မှုကို ဆိုပါတယ်။ သဘာဝတရားတွေရဲ့ အထည်ကိုယ်ကို သိဖို့ရာမှာ မှတ်ကြောင်းအမှတ်လက္ခဏာ ထိုတရားတွေရဲ့ ကိစ္စ။ ယောဂီဉာဏ်မှာ ထင်လာပုံအခြင်းအရာ ပစ္စုပဋ္ဌာန်မျှားနဲ့ ပြောကြားရပါတယ်။ သတိရဲ့အမှတ်အသား လက္ခဏာက ဥပဋ္ဌာန ကပ်တည်ခြင်း လက္ခဏာပါပဲ အာရုံကို မေ့တယ်ဆိုယင် အဲ ဒီ အာရုံဟာ သတိနဲ့ကွာနေ ကင်းနေတယ် မကပ်ဖူးဆိုရတယ်။ မမေ့ဘူး အမှတ်ရတယ်ဆိုယင် အဲ ဒီ အာရုံမှာ သတိဟာ မကင်းမကွာ ကပ်နေရောက်နေတာပါပဲ ။ ဒါကြောင့် သတိရဲ့ လက္ခဏာ ဥပဋ္ဌာန ကပ်တည်မှုဆိုတာ ဆိုင်ရာအာရုံသို့ ကပ်ရောက်တည်နေမှု ထိုအာရုံကို မစွန့်လွှတ်မှု အာရုံမှာ စွဲမြဲတည်နေမှုပါပဲ။ တရားတစ်ခုရဲ့ သဘောကို တွေ့တဲ့အခါ ဉာဏ်အလိုက် အမြင်အမျိုးမျိုးလည်း မြင်တတ်ပါတယ် ဒါပေမယ့် ဘယ်လိုဆိုဆို

http://www.dhammadownload.com

သဘာဝတော့ဆိုက်သွားတာပါပဲ ၊ သတိလက္ခဏာပြရာမှာမိလိန္ဒမင်းကြီး အမေးအရ အရှင်နာဂသိန်မထေရ်က **အပိလာပနလက္ခဏာ** ပေါ်လောမပေါ်မမျှောစေခြင်း လက္ခဏာရှိတယ်၊**ဥပဂ္ဂဏှလက္ခဏာ** သိမ်းပိုက်ယူငင်ခြင်း လက္ခဏာရှိတယ်လို့ မိန့်တော်မူပါတယ် ။

ပေါ်လောမပေါ် မမျှောစေခြင်းဆိုတာ ဘူးတောင်းရေမှာ ပေါ်မျှောနေသလို အာရုံကို မျှောပေါ်ခွင့်မပေးပဲ ရေထဲမှာကျောက်ခဲကို ချထားသလို အာရုံကို တည်အောင်ထားခြင်းပဲလို့ ဆိုကြပါတယ် ၊ဆိုလိုတာက အာရုံကို လွတ်ထွက်မသွားစေပဲ မိမိအာရုံအဖြစ် ဆွဲဆောင်ထားနိုင်မှုကို အပိလာပန မပေါ်မမျှောစေလို့ ဆိုပါတယ် ၊ ဒီတော့ မပေါ်မမျှောစေဆိုတာ အာရုံကို မမေ့မပျောက်အောင်ပြုမှု မမေ့မပျောက်စေမှုပဲလို့ လိုရင်းအနက်ပေါ်လာပါတယ်

တစ်မျိုးပြောရယင်ရေမှာပေါ်စေတတ်တဲ့ဘူး ခွက်စသည်ဟာ ရေပေါ်မှာ ပေါ်မျှောနေတယ် ရေထဲဝင်မသွားဘူး ၊သတိက ဒီလို မပေါ်မမျှော ကျောက်ခဲရေထဲ ချလိုက်တဲ့အခါ ရေထဲသက်ရောက်ဝင်ယွားသလို အာရုံထဲ သက်ရောက်ဝင်သွားတယ် ၊ အဲ ဒီလိုအာရုံမှ ပေါ်ထွက်မသွား အာရုံထဲသက်ဝင်နေမှုကိုပဲ ပေါ်လောမပေါ်မမျှောစေလို့ ဆိုပါတယ် ၊ ဒီ အဆိုအရလည်း ပေါ်လောမပေါ် မမျှောစေမှုရဲ့ ဆိုလိုရင်းအနက်မှာ မမေ့မပျောက်စေမှုပဲ့လို့ ပေါ်လာပါတယ် အရှင်နာဂသိန် က အပိလာပန ပေါ်လောမပေါ် မမျှောစေ မမေ့မပျောက်စေခြင်း လက္ခဏာကို ဥပမာဖြင့် ရှင်းပြပါတယ် ၊ စကြာဝတေးမင်းကြီးရဲ့ဘဏ္ဍာစိုးဟာနံနက်အခါရောဥ ညအခါပါမင်းကြီးဥစ္စာတွေကို မမေ့မပျောက်စေ အမှတ်ရစေတယ်၊အရှင်မင်းကြီးရဲ့ ဆင်ကဏ္ဍာမှ မြင်းကဏ္ဍာမှ ရထားကဏ္ဍာမှ ခြေလျှင်တပ်ကဏ္ဍာမှ ပစ္စည်း

http://www.dhammadownload.com

ဥစ္စာအကုန်က ဤမျှ ဖြစ်ပါတယ် ၊ ထိုဥစ္စာတွေကို အရှင်မင်းကြီး အမှတ်ရတော်မူပါလို့ မမေ့မပျောက်စေ အမှတ်ရစေတယ်။

ထို့အတူပဲ သတိတရားဖြစ်ပေါ်လာလျှင် ကုသိုလ်တရား အကုသိုလ်တရား အပြစ်ရှိတဲ့တရား အပြစ်မရှိတဲ့တရားယုတ်တဲ့ တရား မြတ်တဲ့တရား မည်းညစ်တဲ့အဖို့ရှိတဲ့တရား ဖြူစင်တဲ့အဖို့ ရှိတဲ့တရား ဤတရားတွေကို မမေ့ မပျောက်စေ အမှတ်ရစေတယ် ဘယ်လို အမှတ်ရစေသလဲ၊ ဤတရားများက သတိပဋ္ဌာန်လေးပါး ဤတရားတွေက သမ္မပ္ပဓာန်လေးပါး ဤတရားတွေက ဣဒ္ဓိပါဒ်လေး ပါး ဤတရားတွေက ဣန္ဒြေငါးပါး ဤတရားတွေက ဗိုလ်ငါးပါး ဤတရားတွေက ဗောဇ္ဈင်ခုနစ်ပါး ဤတရားတွေက မဂ္ဂင်ရှစ်ပါး ဤတရားကသမထ ဤတရားကဝိပဿနာ ဤတရားက မဂ်ဉာဏ် ဤတရားက ဖိုလ်ပဲလို့ မမေ့မပျောက်စေ အမှတ်ရစေတယ် ၊ ထို့ နောက် ကမ္မဋ္ဌာန်းအားထုတ် ယောဂအလုပ်တွင် သက်ဝင်ကျက်စား တဲ့ ယောဂါဝစရ ပုဂ္ဂိုလ်ဟာ မှီဝဲသင့်တဲ့ တရားတွေ မှီဝဲတယ် ၊ မမှီဝဲသင့်တဲ့ တရားတွေ မမှီဝဲ ၊ ချဉ်းကပ်ထိုက်တဲ့ တရားတွေချဉ်း ကပ်တယ် ၊ မချဉ်းကပ်ထိုက်တဲ့ တရားတွေ မချဉ်းကပ်၊ ဒီလို သတိ တရားဟာ ပေါလောမပေါ် မမျှောစေ မမေ့ပျောက်စေခြင်း လက္ခဏာရှိကြောင်း မိန့်တော်မူခဲ့ပါတယ်။

သိမ်းပိုက်ယူင်ခြင်း လက္ခဏာရှိပုံကို ဒီလိုရှင်းပြပါတယ်၊ စကြဝဠာတေးမင်းကြီး၏ သားကြီး ရတနာဟာ မင်းကြီး၏ အကျိုးပြုသူ မပြုသူတို့ကို သိတယ် ၊ ဒီလူများက အကျိုးပြုသူ ဒီလူတွေက အကျိုး မဲ့ပြုသူ ဒီလူတွေက ကျေးလူးပြုသူ ဒီလူတွေက ကျေးလူးမဲ့ပြုသူ ဒီလို သိပြီး အကျိုးမဲ့ပြုသူတို့ကို နှုတ်ပယ် ၊ အကျိုးပြုသူတို့ကို သိမ်းပိုက်

http://www.dhammadownload.com

တတ်တယ် ၊ အဲ ဒါလိုပဲ သတိတရားဖြစ်လာယင် အစီးအပွားဖြစ်တဲ့တရား အစီးအပွားမဲ့တဲ့တရားတို့၏ ပြီးစီးခြင်းတို့ကို ရှာဖွေတတ်တယ် ၊ ဒီတရားတွေက စီးပွားဖြစ်တရား ဒီတရားတွေက စီးပွားမဲ့တရား ဒီတရားတွေက ကျေးဇူးပြုတတ်တဲ့တရား ဒီတရားတွေက ကျေးဇူးမပြုတတ်တဲ့တရား၊ အဲဒီလို ရှာဖွေတတ်တယ် ဒီလိုရှာဖွေပြီးနောက် ယောဂါဝစရပုဂ္ဂိုလ်ဟာ အစီးအပွားမဲ့တရားတို့ကို ပယ်ရှားတတ် အစီးအပွား ဖြစ်တရားတို့ကို သိမ်းပိုက်ယူင၀ိတတ် ကျေးဇူးမပြုတတ်တဲ့ တရားတွေကို ပယ်ရှားတတ် ကျေးဇူးပြုတတ်တဲ့ တရားတွေကို သိမ်းပိုက်ယူင၀ိတတ်တယ် သတိဟာ ဒီနည်းဖြင့် သိမ်းပိုက်ယူင၀ိခြင်း လက္ခဏာရှိတယ် ။

သတိရဲ့ ကိစ္စက အသမ္မောသ၊ သမ္မောသခေါ် မေ့ပျောက်စေတတ်တဲ့ ပမာဒရဲ့ ဆန့်ကျင်ဘက် ကိစ္စရှိတယ်တဲ့ သမ္မောသက မေ့ပျောက်စေတယ် အမှတ်မရဘူး ၊ သတိက ထိုမေ့ပျောက်စေမှုကို ပယ်တယ် ရှင်းတယ် ကင်းကွာစေတယ် မမေ့ဘူး စွဲမြဲနေတယ်၊ ဒါကြောင့် တရားနှစ်ခုဟာ ဆန့်ကျင်ဘက် ဆန့်ကျင်ဘက် ဖြစ်တဲ့ အတိုင်း သတိရဲ့ကိစ္စဟာ သမ္မောသမေ့ပျောက်စေမှု၏ ဆန့်ကျင်ဘက်၊ အသမ္မောသ မမေ့မပျောက်စေခြင်းကိစ္စရှိတယ် ဆိုရတယ် ဆိုခဲ့ပြီး လက္ခဏာ ကိစ္စများအရ သတိဟာ အာရုံကို မပျောက်စေ အာရုံမှာ စွဲမြဲစွာတည်နေတတ်လို့ ခိုင်မြဲစွာ စိုက်ထားတဲ့တံခါးတိုင်ကြီးနဲ့ ဥပမာပေးကြတယ် ။

သတိကို ရှုတဲ့ယောဂီဉာဏ်မှာ အာရုံသို့ ရှေးရှုနေတဲ့ တရားလို့ထင်တယ် ၊သတိရဲ့နယ်က ကာယ ဝေဒနာ စိတ္တ ဓမ္မကိုး ၊ ကာယကို ရှုတယ်ဆိုယင် သတိဟာ အဲဒီကာယဆီ ရှေးရှု ရောက်နေတာပါ

http://www.dhammadownload.com

ပဲ ရင်ဆိုင်တွေ့သလိုဖြစ်နေတယ်၊ ထို့အတူ ဝေဒနာ စိတ် ဓမ္မတွေရှု တဲ့အခါလည်း ဆိုင်ရာတရားတွေဆီ ရှေးရှုနေတယ် အဲဒီ တရား တွေနဲ့ရင်ဆိုင်တွေ့နေတယ်၊ အဲ ဒါက ယောဂီဉာဏ်မှာ ထင်လာ တဲ့သတိရဲ့ ပစ္စုပဋ္ဌာန်၊ထင်ပုံဆိုတာကလည်း အမြင်ကွဲပြား တတ် တယ်ဒါကြောင့် တချို့မှာ အာရက္ခစောင့်ရှောက်တတ်တဲ့ တရားလို့ ထင်လာတယ် မကောင်းတဲ့တရားတွေ မဝင်ရအောင် ကောင်းတဲ့ တရားတွေဝင်လာအောင် သတိကစောင့်ရှောက်ပေးနေတာပဲ ၊ ဒါ ကြောင့် သတိကို တံခါးစောင့် တံခါးမှူးနဲ့ ဥပမာပေးကြတယ်၊တံခါး မှူးဟာ မြို့ဝင်လာတဲ့ လူတွေကို ကောင်း မကောင်းကြည့်ပြီး ကောင်း တဲ့သူတွေသာ ဝင်စေတယ် မကောင်းတဲ့သူတွေကို မဝင်ရ၊ နှင်ပစ် တယ်၊အဲဒါလိုပဲ စက္ခုစသော တံခါးခြောက်ပေါက်က မကောင်းတဲ့ တရားတွေ မဝင်ရအောင် ကောင်းတဲ့တရားတွေဝင်လာအောင် စောင့်ကြပ် ပေးနေလို့ သတိကို စောင့်ရှောက်တတ်တဲ့ တရားလို့ ယောဂီဉာဏ်မှာ ထင်လာတတ်ပါတယ်၊ သတိဖြစ်ဖို့ နီးကပ်သော အကြောင်း ပဒဋ္ဌာန်က ခိုင်မြဲတဲ့ သညာဖြစ်တယ်၊ ဒီတော့ သတိ အာရုံမှာစွဲမြဲဖို့ရာ ခိုင်မြဲတဲ့ အမှတ်သညာဟာအရေးကြီးပါတယ်၊ ဒီသညာကောင်းလေး သတိကောင်းလေးပါပဲ၊ တချို့ သားမယား လင်သား သတိရမှုပစ္စည်းသတိရမှုစသော လောဘ ဒေါသ စသည် မကင်းတဲ့ သတိ ရမှုမျိုးတွေရှိသေးတယ်၊ အဲဒါက ယခု ပြောတဲ့ ဗောဓိဇ္ဈင်သတိမျိုး မဟုတ်ပါဘူး၊အဲဒီသတိမျိုးက ဆိုခဲ့ပြီး ခိုင်မြဲသော သညာပြဋ္ဌာန်းတဲ့ အကုသိုလ်စိတ္တုပ္ပါဒ်ကိုပဲ သတိလို့ သုံးနေကြတာ ကျမ်းဂန်လာမိစ္ဆာသတိခေါ် မှားယွင်းတဲ့ သတိပါပဲ ။

မိခင်ရောဝတီ

http://www.dhammadownload.com

ဓမ္မဝိစယသမ္ဗောဇျင်

ဓမ္မဝိစယသမ္ဗောဇျင်- တရားတို့ကို စိစစ်မှုပညာဟူသော ကောင်းမြတ်သော သစ္စာသိ ကြောင်း တရားခုနစ်ပါးအပေါင်း၏၊ အစိတ်အဂ်ီ တရားတို့ကို စိစစ်တယ်ဆိုတာ ဒီ တရားက အနိစ္စပဲ၊ ဒုက္ခပဲ၊အနတ္တပဲ ၊ ဒုက္ခပဲ သမုဒယပဲ နိရောဓပဲ မဂ္ဂပဲစသည်အမျိုးမျိုး အဖုံဖုံ စိစစ်ဆင်ခြင် မြင်သိတဲ့ ပညာကို ဆိုလိုပါတယ်။ အဲဒီသဘော အရပဲ ဓမ္မဝိစယသမ္ဗောဇျင်ကို စိစစ်ခြင်း လက္ခဏာရှိတယ်လို့ ဆိုရပါတယ်၊စိစစ်တယ်ဆိုကလည်း သိတာ မြင်တာပါပဲ ၊ဒါကြောင့် ဓမ္မဝိစယသမ္ဗောဇျင်ရဲ့တရားကိုယ်ဟာ ပညာတရားဖြစ်ပါတယ်။

သြဘာသနရသာ-ထွန်းပြောင်ခြင်း ကိစ္စရှိ၏တဲ့၊ ဓမ္မဝိစယသမ္ဗောဇျင်ကိစ္စက တရားတွေကို မြင်ရအောင် အလင်းပြမှုပါပဲ၊ မှောင်နေလျှင် အရာဝတ္ထုတွေမမြင်ရ၊အလင်းရှိမှ မြင်ရတယ် ပညာဖြစ်လာယင် ယောဂါဝစရပုဂ္ဂိုလ်မှာ ထိုထိုတရား သဘောတွေ ထင်လာမြင်လာရတယ် ၊ ထိုသို့မြင်အောင် ပညာအလင်းက ပြခြင်းဖြစ်လို့ ပညာကို ထွန်းပြခြင်း ကိစ္စရှိတယ်လို့ ဆိုရပါတယ်။

ဒီထွန်းပြခြင်းကိစ္စကိုပဲ အရှင်နာဂသိန်က လက္ခဏာအဖြစ်နဲ့ ပြတော်မူခဲ့တယ် ၊ မှောင်နေတဲ့ အိမ်ထဲမှာ ယောက်ျားတစ်ယောက် ဆီမီးသွင်းလာ ထိုသွင်းလာတဲ့ ဆီမီးက အမှောင်ကိုခွင်း အလင်းကို ဖြစ်စေ အလင်းရောင်ပြ ရှုပါရုံတို့ကို ထင်ရှားအောင်ပြုသလို၊ထို့အတူ ပညာဖြစ်လာက အဝိဇ္ဇာမှောင်ကိုခွင်း ဝိဇ္ဇာအလင်းကိုဖြစ်စေ၊ ဉာဏ်အလင်းကိုပြ အရိယသစ္စာတို့ကို ထင်ရှားပေါ်လွင်အောင်ပြု

http://www.dhammadownload.com

တတ်တယ် ၊ ထိုအခါ ယောဂါဝစရပုဂ္ဂိုလ်ဟာ အနိစ္စဟုလည်း ကောင်း ဒုက္ခဟုလည်းကောင်း အနတ္တဟုလည်းကောင်း မှန်ကန် သောပညာဖြင့် မြင်ရတော့တယ် ၊ ဤကား ရှင်နာဂသိန်း၏ မိန့်ဆို ချက် ၊ ဒီတော့ တချို့တရားသဘောမှာ ကိစ္စဟု ဆိုသည်ဖြစ်စေ လက္ခဏာဟု ဆိုသည်ဖြစ်စေ ထိုတရားသဘောကို သိရသည်သာ ဖြစ်ရာ ကောင်းစွာအမှန် သိရခြင်းသာ ပဓာနဖြစ်တယ်၊ ဒီ ဓမ္မ ဝိစယသမ္ဗောဇ္ဈင်ကို ဆင်ခြင်တဲ့ ယောဂီဉာဏ်မှာ တွေဝေမှု၏ ဆန့် ကျင်ဘက် တရားလို့ ထင်လာတယ် ၊ သမ္မောဟက တွေဝေမှုမောဟ မောဟဆိုလျှင် အမှန်မသိ အမှားကိုသိတယ်၊ ဓမ္မဝိစယက မတွေ ဝေတဲ့တရား အမှန်ကိုသိတဲ့တရား ၊ ဒီတော့ မောဟနဲ့ ဓမ္မဝိစယက ဖြောင်ဖြောင့်ဆန့်ကျင်ဘက် ၊ ဆန့်ကျင်ဘက်ဖြစ်တဲ့အတိုင်း ကိစ္စကျ တော့လည်း ထိုမောဟရဲ့ ဆန့်ကျင်ဘက်သာ ဖြစ်ရမည် ဖြစ်တော့ ဓမ္မဝိစယ ဆင်ခြင်တဲ့ယောဂီဉာဏ်မှာ သမ္မောဟတွေဝေတတ်သော မောဟတရား၏ ဆန့်ကျင်ဘက် ၊ ပြောင်းပြန်ဖြစ်တဲ့ အသမ္မောဟ မတွေဝေတတ်သော တရားဟု ထင်လာ မြင်လာတယ် ၊ ဒါက ဓမ္ဓ ဝိစယရဲ့ ပစ္စုပဋ္ဌာန် ။

ဓမ္မဝိစယပညာရဲ့ အနီးဆုံးအကြောင်း ပဒဋ္ဌာန်ကသမာဓိတဲ့ ပျံ့လွင့်နေ စိတ်မတည်ငြိမ်ဘဲ ဖြစ်နေလျှင် ဘယ်မှာ အမှန်သိပါ့မလဲ စိတ်မပျံ့တည်ကြည်နေမှ အမှန်သိမှာပေါ့ ၊ ဒါကြောင့် ၊**သမာဟိတော ယထာဘူတံ ဇာနာတိ**၊ စိတ်တည်ကြည်သော ပုဂ္ဂိုလ်သည် အမှန် တရားကို သိရသည်ဆိုတဲ့ ပါဠိအရ အမှန်သိမှုပညာ ဓမ္မဝိစယဖြစ် ဖို့မှာ သမာဓိဟာ နီးကပ်တဲ့အကြောင်း ဖြစ်ရပါတယ်၊ သစ္စာကိုသိတဲ့ နေရာမှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကပဓာန ထိုတရားကြောင့် သိရခြင်း

http://www.dhammadownload.com

ဖြစ်ပါတယ် ।ဘယ်မျှလောက်သော ဗောဓိဆွင်တို့ဖြင့် သိပါသလဲ ဆိုတဲ့ မိလိန္ဒအမေးကို ဓမ္မဝိစယဗောဓိဆွင်တစ်ခုတည်း ဖြင့်သိကြောင်းအရှင်နာဂသိန်က ဖြေတယ် ।သို့ဖြစ်လျှင် ဘာကြောင့် ဗောဓိဆွင်ခုနစ်ပါးလို့ ဆိုရပါသလဲ ।ဒီ မင်းကြီးအမေးကို ဥပမာဖြင့် ဖြေရှင်းတယ် । သန်လျက်ကို အိမ်ထဲထည့်ထားမယ် လက်နက်လဲ မကိုင်ဘူးဆိုယင် ဖြတ်ရမယ့် အရာဝတ္ထုကို ဖြတ်နိုင်ပါ့မလား မင်းကြီး । မဖြတ်နိုင်ပါဘုရား । အဲ ဒါလိုပဲ ဓမ္မဝိစယဗောဓိဆွင်မပါပဲ ဗောဓိဆွင်ခြောက်ပါးတည်းနဲ့ မသိနိုင်လို့ ဖြေရှင်းခဲ့တယ်။

ဝိရိယသမ္ဗောဓိဆွင်

ဝိရိယတည်းဟူသော ကောင်းမြတ်သော သစ္စာသိကြောင်းတရားခုနစ်ပါးအပေါင်း၏ အစိတ်အဂါ လုံ့လအားထုတ်မှု ကြိုးစားမှုစသည်ဖြင့် ထင်ရှားသော တရားအမည်ပါပဲ । ဒီ ဝိရိယ ဟာ **ပဂ္ဂဟ လက္ခဏာ**အားပေး အားမြှောက်ပြုမှုလက္ခဏာရှိတယ် ।အပျင်းဘက်ကျ မသွားအောင် အတူဖြစ်ဖက်တရားတွေကို မြှောက်ပင့် အားပေးတတ်တယ် ॥

ကြီးမားတဲ့ စစ်တပ်နဲ့ သေးငယ်တဲ့ စစ်တပ် စစ်ပွဲမှာ တိုက်ခိုက်ကြတဲ့အခါ ငယ်တဲ့ စစ်တပ်ကနောက်ဆုတ်ပေးရ ဒီအခါ ရှင်ဘုရင်အား အကြောင်းကြား သံတော်ဦးတင်ကြ ရှင်ဘုရင်က စစ်ကူအားဖြည့်ပေးလိုက်တယ် । အဲဒီအခါ စစ်ကူအားက မြှောက်ပေးမှုကြောင့် တဖက်စစ်တပ်ကို အနိုင်ရတော့တယ် । အဲဒါလိုပဲ ဝိရိယ ဟာအတူဖြစ်ဖက်တရားတွေကိုတွန့်ဆုတ်မသွား အပျင်းဘက်ရောက်မသွားအောင် မြှောက်ပေးတတ်တဲ့တရား ဒါကြောင့် ဒီ ဝိရိယရှိတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်ဟာ တရားဘက်မှာ အားတက်ကြွကြွနဲ့ မတွန့်နေ ပျင်းမနေဘဲ ထထကြွကြွ မြောက်နေ တက်နေတာ တွေ့ရပါလိမ့်မယ်။

ဝိရိယရဲ့ကိစ္စက **ဥပထမ္ဘနရသ** ထောက်ပံ့ခြင်းကိစ္စတဲ့ အတူ ဖြစ်ဘက်တရားတွေကို ထောက်ပံ့နေတယ် အထောက် အကူပြု နေတယ် ဒီ ဥပထမ္ဘနထောက်ပံ့မှုကို ဝိရိယရဲ့ လက္ခဏာအဖြစ်နဲ့ လည်း ပြဆိုကြပါတယ် လဲပြိုတော့မယ့် အိမ်အိုကြီးကိုအကူသစ်သား တိုင်နဲ့ ထောက်ပေးခဲ့ရင် ထိုအိမ်ကြီး ဟာ မလဲမပြိုသလို ထို့အတူ ယောဂါဝစရပုဂ္ဂိုလ်ဟာ ဝိရိယနဲ့ထောက်ကူပေးလိုက်ယင် ကုသိုလ် တရားတွေဟာ ဆုတ်ယုတ်မသွား တိုးတက်သွားတော့တာပဲ၊ ဒါ ကြောင့် ဒီဝိရိယဟာ လောကမှာဖြစ်ဖြစ် တရားဘက်မှာဖြစ်ဖြစ် ကောင်းစွာအားထုတ်ခဲ့လျှင် စည်းစိမ်ပြည့်စုံခြင်းစသော သမ္ပတ္တိ အမျိုးမျိုး အကျိုးရခြင်းအကြောင်းရင်း မူလဖြစ်တော့တာပါပဲ ။

ဒီ ဝိရိယတရားက တွန့်ဆုတ်ခွင့်မပေး ပျင်းရိခွင့်မပေး တက် တက်ကြွကြွ အလုပ်လုပ်နေလေတော့ ဒီ တရားဆင်ခြင် သုံးသပ်တဲ့ ယောဂီဉာဏ်မှာ မတွန့်တတ် မဆုတ်နစ်တတ်တဲ့ တရားအဖြစ် မြင်လာထင်လာတယ်၊ဒါကြောင့်**!အနောသီဒနပစ္စုပဋ္ဌာန်** !မဆုတ် နစ်သောတရားဟု ယောဂီဉာဏ်တွင်ထင်၏လို့ ပစ္စုပဋ္ဌာန်ကိုပြဆို ကြပါတယ် ။

အို နာ သေရေး အပါယ်စသည်ကို တွေးမိလျှင် ထိတ်လန့်မှု သံဝေဂဖြစ်လာ သံဝေဂဖြစ်လာလျှင် ဗောဓိပင်တရားတွေ ပွားဖို့ အားစိုက်လာတာပါပဲ ၊ ဒါကြောင့် သံဝေဂဝတ္ထုများဟာ ဝိရိယဖြစ် ကြောင်းလို့ဆိုပါတယ် ၊ ထို့ပြင် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပျင်းရိဆုတ်နစ်မှုပေါ်လာတဲ့အခါ မိမိကိုယ်ကို အားပေးခြင်းတရား

http://www.dhammadownload.com

ပွားဖို့ နှိုးဆော်ခြင်းမျှားဟာလည်း ဝီရိယဖြစ်ဖို့ အကြောင်းပါပဲ ။

ပီတိသမ္ဗောဇ္ဈင်

ပီတိသမ္ဗောဇ္ဈင်၊ ပီတိဟူသော ကောင်းမြတ်သော သစ္စာသိ ကြောင်းတရား ခုနစ်ပါးအပေါင်း၏ အစိတ်အင်္ဂါ ၊ ပီတိဆိုတာမြန်မာ စကားလိုဖြစ်နေတော့ နှစ်သက်မှုဆိုတာ နားလည်နေကြပါတယ် ဒါကြောင့် ပီတိရဲ့လက္ခဏာကလည်း နှစ်သက်မှုပါပဲ ၊ အာရုံပေါ်မှာ ကျေနပ်နှစ်သက်နေတဲ့တရား ။

စိတ်မှာ တွန့်နေမယ် ပျံ့နေမယ် သောကစသော အပူတွေ့ နေမယ်ဆိုလျှင်လည်း ရုပ်ဟာလည်းတွန့်နေ ဆုတ်နေ ခြောက်သွေ့ သလိုဖြစ်နေမယ် ၊ စိတ်ထဲမှာ နှစ်သက်မှုဖြစ်လာလျှင် ရုပ်ဟာလည်း စိုပြေ ပွင့်လန်းနေသလို ဖြစ်လို့ သူတပါး ပီတိဖြစ်နေတာတောင် သိနိုင်တော့ ကိုယ်ပီတိဖြစ်တာတော့ သာပြီးသိနိုင်ပါတယ် ။

ငုံနေရာမှ ပဒုမ္မာကြာပန်းကြီး ပွင့်လန်းလာယင် တိုးပွား လာသလို ပီတိဖြစ်လာယင် စိတ်လည်း ပွင့်လာ တိုးလာ စိတ်ကြောင့် ဖြစ်တဲ့ ရုပ်တွေလည်း ပွင့်လန်းတိုးပွားလာလို့ ပီတိရဲ့ကိစ္စက ပီဏာန ကိုယ်စိတ်နှစ်ပါးကို တိုးပွားစေခြင်း ကိစ္စရှိတယ်လို့ ဆိုပါတယ် ၊ ပီတိဖြစ်လာယင် ကောင်းမွန်လန်းဆန်းတဲ့ ပဏီတရုပ်တွေ တစ်ကိုယ်လုံး ပျံ့နှံ့လာလို့ ၊ ဖရဏာ ကောင်းမွန်တဲ့ ရုပ်တွေ တစ်ကိုယ်လုံး ဖြန့်ပေးခြင်း ကိစ္စရှိတယ်လို့လည်း ဆိုကြပါတယ် ။

ဒါ့ကြောင့် ခရီးပန်းလာတဲ့ တောသွားခရီးသည်ဟာ တောထဲ မှာရေကန်ကြီး အခန့်သင့်တွေ့ ရတဲ့အခါနှစ်သက်လန်းဆန်းလာ သလို အာရုံပေါ်မှာ ပီတိဖြစ်လာလျှင် ထို့အတူပဲ လန်းဆန်းလျက်

http://www.dhammadownload.com

နှစ်သက်မှု ဖြစ်လာတယ်လို့ ဥပမာပေးကြပါတယ် ၊

နဂိုက တွန့်နေ ဆုတ်နေ ခြောက်ကပ်သလိုဖြစ်နေတဲ့ ပုဂ္ဂိုလ်အဖို့ ပီတိဖြစ်လာတဲ့အခါ တက်ကြွလာ ပေါ်လွင်လာတာ အထင်အရှားပါပဲ ၊ အဲ ဒီကော့ ပီတိတရားကို ရှုတဲ့ယောဂီဉာဏ်မှာ စိတ်လည်းတက်ကြွ လူလည်းတက်ကြွလာသည်၏ အဖြစ်ဖြင့် ဖြစ်တဲ့တရားလို့ ထင်လာပေါ်လာတယ် ပစ္စုပဋ္ဌာန်ပေါ့ ။

ပဿဒ္ဓိသမ္ဗောဇျင်

ပဿဒ္ဓိသမ္ဗောဇျင်၊ ပဿဒ္ဓိတည်းဟူသော ကောင်းမြတ်သောသစ္စာသိကြောင်းတရားခုနစ်ပါးအပေါင်း၏အစိတ်အဂ်ါပဿဒ္ဓိ ဆိုတာ ငြိမ်းအေးမှု ကာယပဿဒ္ဓိ စေတသိက်တို့၏ ငြိမ်းအေးမှု စိတ္တပဿဒ္ဓိ စိတ်၏ငြိမ်းအေးမှုဆိုတဲ့ တရားနှစ်ပါးရဲ့အမည်ပါပဲ စိတ် စေတသိက်တွေ ငြိမ်းအေးလျှင် ထို စိတ်စေတသိက်တွေမှီရာ ရူပကာယခေါ် ရုပ်ကိုယ်ကြီးဟာလည်း ငြိမ်းအေး ငြိမ်သက်တော့တာပဲ ၊ ဆိုခဲ့တဲ့ အနက်သဘောအရ စိတ်စေတသိက်တို့ရဲ့ ငြိမ်းအေးခြင်းဟာ ပဿဒ္ဓိလက္ခဏာပါပဲ!**ပီတိ ပဿဒ္ဓတ္ထာယ**! ပီတိသည် ပဿဒ္ဓိအကျိုးငှာ ဖြစ်တယ်ဆိုတဲ့ အတိုင်း ပီတိအားရှိလျှင် ပဿဒ္ဓိ ဖြစ်လာတော့တာပါပဲ ၊

ဒီ ငြိမ်းအေးမှုဟာလည်း ဥဒ္ဓစ္စ ပျံ့လွင့်မှု ထိနမိဒ္ဓ အိပ်ချင်တွန့်ဆုတ်မှုစသော ကိလေသာ အပူတွေရှိနေလျှင် မဖြစ်နိုင် ၊ ပဿဒ္ဓိက ဆိုခဲ့ပြီး ကိလေသာအပူတွေကို နှိပ်နင်းနိုင်လို့ ငြိမ်းအေးမှု ရလာတာဖြစ်တော့ ပဿဒ္ဓိရဲ့ ကိစ္စက ထို ကိလေသာအပူတွေကို နှိပ်နင်းခြင်း ကိစ္စဖြစ်ကြောင်း! **ကာယစိတ္တဒရထ နိမ္မဒနရသာ**!

http://www.dhammadownload.com

-ကိုယ်စိတ်ပူလောင်မှုကို နှိပ်နင်းခြင်းကိစ္စ ရှိ၏လို့ ဆိုပါတယ်။

ဆိုခဲ့ပြီး အပူတွေရှိနေလျှင် ပူလောင်မယ် လှုပ်ရှားမယ် ပဿဒ္ဓိကြောင့်အပူတွေမရှိတော့မတုန်မလှုပ် ငြိမ်းအေးငြိမ်သက်နေခဲ့ရာပဿဒ္ဓိကိုရှုတဲ့ ယောဂီဉာဏ်အမြင်မှာ**အပရိပ္ပန္န သီတိဘာဝ ပစ္စုပဋ္ဌာန**ာ -ပူပန်လှုပ်ရှားခြင်းမရှိ ငြိမ်းအေးချမ်းမြေ့သည့်တရားအဖြစ် ထင်လာတယ်လို့ ဆိုပါတယ် ။

ပဿဒ္ဓိ အားမရှိတဲ့ပုဂ္ဂိုလ်မှာ ကုသိုလ်တရားတို့၌စိတ်ချမ်းသာမှုမရ အာရုံပြင်ပသို့သာ စိတ်ပြေးနေတော့တယ် ၊ ပူလောင်တဲ့ကျောက်ဖြာပေါ်ဝယ် ချထားတဲ့ ငါးနဲ့တူတယ် ၊ ပဿဒ္ဓိအားရှိတဲ့ပုဂ္ဂိုလ်များအဖို့တော့ ကုသိုလ်တရားတို့၌ စိတ်ချမ်းသာမှု ရနေတော့တယ်၊ထိုပုဂ္ဂိုလ်တို့စိတ်မှာအေးမြတဲ့ ရေမှာ ထားအပ်တဲ့ ငါးနဲ့တူတော့တယ်၊ ဒီ လိုငြိမ်းအေးခြင်း စိတ်ချမ်းသာခြင်းကြောင့်ပဲ ဒီပဿဒ္ဓိဟာ သမာဓိ၏ အားကြီးသော အကြောင်း အထောက်အပံ့ဖြစ်ရတော့တယ် ။

သမာဓိသမ္ဗောဇ္ဈင်

သမာဓိသမ္ဗောဇ္ဈင် ၊ သမာဓိတည်းဟူသော ကောင်းမြတ်သော သစ္စာသိကြောင်း တရားခုနစ်ပါးအပေါင်း၏ အစိတ်အဂ်ါ သမာဓိရဲ့တရားကိုယ်က အာရုံတစ်ခုတည်း စွဲနေတတ်တဲ့ ဧကဂ္ဂတာပါပဲ သမာဓိဆိုတဲ့ အမည်က မြန်မာ့ဝေါဟာရထဲမှာတွင်ကျယ်နေလို့ မြန်မာစကားလိုဖြစ်နေတော့ နားလည်သလို ဖြစ်နေကြပါတယ် ၊ဒီ သမာဓိကိုအရှင်နာဂသိန်က **ပမုခ** ကုသိုလ်တရားတို့၏ ပဓာနအကြီးအမှူးအဖြစ် လက္ခဏာရှိတယ်လို့ မိန့်ဆိုပါတယ်။

အထွတ်တပ်တဲ့ အိမ်ကျောင်းမှာ တခြား အခြင်ရနယ် ဒိုင်း

http://www.dhammadownload.com

မြားတို့ဟာ အထွတ်မှာ ညွှတ်ရ ကိုင်းရ လာရောက်ပေါင်းဆုံရအ ထွတ်ဟာ ပဓာနဖြစ်သလို အားလုံး ကုသိုလ်တရားတွေဟာသမာဓိရှိ မှ ဖြစ်ကြရလို့ ကုသိုလ်တရားတို့ရဲ့ ပဓာနဦးစီး အကြီးအမှူးဖြစ် ကြောင်း မိန့်ပါတယ်။

ထို့အပြင် ရှင်ဘုရင် စစ်မြေပြင် ဝင်ရောက်တဲ့အခါ အားလုံး ဆင် မြင်း ရထား ခြေသည်တို့ဟာ ရှင်ဘုရင်ဟူသော အကြီးအမှူး ရှိကြ ရှင်ဘုရင်သို့ ညွှတ်ကြ ကိုင်းကြ ရှိုင်းကြရှင်ဘုရင်သို့ အစဉ်လိုက် ကြသလိုကုသိုလ်တရားမှန်သမျှဟာသမာဓိဟူသောအကြီးအမှူးရှိ ကြကြောင်း သမာဓိသို့ ညွှတ်ကြ ကိုင်းကြ ရှိုင်းကြရကြောင်း မိန့် တော်မူတယ်။

ဝိကွေပ၊ ပျံ့လွင့်ခြင်းဆိုတာ ဥဒ္ဓစ္စရဲ့အမည် ၊ သမာဓိဟာ ထိုပျံ့လွင့်မှုဖြစ်တဲ့ ဥဒ္ဓစ္စရဲ့ ဆန့်ကျင်ဘက်မို့ ၊ **အဝိကွေပ** ပျံ့လွင့်ခြင်း ၏ ဆန့်ကျင်ဘက်ဖြစ်တဲ့မပျံ့လွင့်ခြင်း လက္ခဏာရှိတယ်လို့လည်း ဆိုရပါတယ်။

ရေဆိုတာ မုန့်မှုန့် ဆပ်ပျာမှုန့်တို့ကို တစ်လုံးတစ်ခဲထည်း တွဲနေ စုပေါင်းနေအောင် ပြုသလို၊ သမာဓိဟာလည်း အတူဖြစ်ဖက် တရားတို့ကို တစ်စုတစ်ရုံးတည်း ဖြစ်နေအောင် စုရုံးခြင်း ကိစ္စရှိတယ် အဲဒီလို ပေါင်းစုပေးတတ်သောကြောင့်ပဲ သမာဓိဟာ **အဝိသာရ**၊ မရွှေ့မရှားခြင်း လက္ခဏာရှိတယ်လို့လည်း ဆိုရပါသေးတယ် ၊ဒီ မျှမက သမာဓိဟာ တည်ကြည်မှု ဖြစ်သောကြောင့် အာရုံ၌ စိတ်ကို ကောင်းစွာ မြဲမြံစွာထားမှု **သမာဓိ**နလက္ခဏာရှိတယ်လို့လည်း ဆို ရပါတယ် ၊ ဒါကြောင့်ပဲ သမာဓိကို ရှုတဲ့ ယောဂီဉာဏ်အမြင်မှာ လေငြိမ်ရာမှာ ထွန်းထားတဲ့ မီး၏ ငြိမ်သက်ပုံ မျိုးလို စိတ်၏ ငြိမ်

http://www.dhammadownload.com

သက် တည်တံ့သည် အဖြစ်ဖြင့် ထင်လာပါတယ် ပစ္စုပ္ပန္နာန်ပေါ့ ။

ပဿဒ္ဓိ၊ငြိမ်းအေးမှုဖြစ်လာလျှင်သုခဖြစ်လာ ၊သုခဖြစ်လာ လျှင် သမာဓိကောင်းကောင်း ရတော့တာပါပဲ၊ဒါကြောင့် သုခစိတ် ချမ်းသာမှုဟာ သမာဓိ၏အနီး အကြောင်းပဒဋ္ဌာန်ဖြစ်ရတယ် ။

ဥပေက္ခာသမ္ဗောဇျင်

ဥပေက္ခာသမ္ဗောဇျင် ဥပေက္ခာတည်းဟူသော ကောင်းမြတ်သော သစ္စာသိကြောင်း တရားခုနစ်ပါးအပေါင်း၏ အစိတ်အင်္ဂါ ဥပေက္ခာရဲ့အနက်က အသင့်အားဖြင့် ရှုမှုပါပဲ၊တရားကိုယ်က ထိုထို ယှဉ်ဖက်တရားတို့၌ လျစ်လျူရှုမှုဆိုတဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပဲ ၊ အသင့်အားဖြင့် ရှုတယ်ဆိုတာ အတူဖြစ်ဖက်တရားများ လွန်အောင်လည်း ဗျာပါရမပြု ၊ယုတ်အောင်လည်းဗျာပါရမပြု ၊ အလယ်အလတ်၌ ဖြစ်လျှက်ရှုခြင်းကိုပဲ အသင့်အားဖြင့် ရှုတယ်လို့ ဆိုခြင်းဖြစ်ပါတယ် ၊ ဒါကြောင့် ဥပေက္ခာလက္ခဏာကို **ပဋိသင်္ခါန** အလယ်အလတ်၏ အဖြစ်ဖြင့်ဖြစ်၍ ရှုဆင်ခြင်ခြင်း လက္ခဏာရှိတယ်လို့ ဆိုရပါတယ်၊ ထိုသို့အလယ်အလတ်အဖြစ်ဖြင့်ဖြစ်မှုကိုပဲ လျစ်လျူရှုလို့ ဆိုပါတယ် ။

ဒီနေရာမှာ အာဇာနည်မြင်းနှစ်ကောင်တပ်မောင်းတဲ့ ရထားထိန်းနဲ့ ဥပမာပြုကြတယ် ၊ မြင်းနှစ်ကောင်ဟာ အညီအမျှ အသွားကောင်းကောင်းနဲ့ သွားနေတော့ ရထားထိန်းဟာ တစ်ကောင်ကလွန်သွားလို့ မလွန်ရအောင်လည်း ဗျာပါရမပြုရ ၊ တစ်ကောင်ကယုတ်နေ တွန့်နေလို့ ညီအောင်လည်းဗျာပါရမပြုရ လျစ်လျူရှုနေသလို ၊ အဲဒါလိုပဲ အတူဖြစ်ဖက် တရားတွေကို မလွန်ရ မယုတ်ရ

http://www.dhammadownload.com

အောင် ဗျာပါရမပြု အသင့်အားဖြင့် ရှိနေတဲ့တရားပါပဲ။

ယခင် ဥပမာမှာ ရထားထိန်းဟာဘာမှဗျာပါရမပြု လျစ်လျူ ရှုနေသော်လည်း မြင်းနှစ်ကောင် ချက်ကျလက်ကျ အညီ အမျှ ပြေးနေတာဟာရထားထိန်းကြောင့်သာဖြစ်ရတာလို ၊အတူဖြစ်ဖက် တရားတွေ ကိုယ့်ဆိုင်ရာကိစ္စမှာ မယုတ် မလွန်ရအောင်ဖြစ်နေ မှုဟာ ဒီ ဥပေက္ခာကြောင့်ပါပဲ၊ ဒါကြောင့် ဥပေက္ခာကို**သမဝါဟိတ** အတူဖြစ်ဖက် တရားတွေကို ညီမျှအောင် ဆောင်ထားခြင်းလက္ခဏာ ရှိတယ်လို့လည်း ဆိုပါတယ် ။

ဒီနေရာမှာ ဥပေက္ခာဟာ လျစ်လျူရှုတယ်ဆိုပေမယ့် အတူ ဖြစ်ဖက်တရားတွေ ဆိုင်ရာကိစ္စမှာ အညီအမျှဖြစ်နေတာ သူ့ကြောင့် သူ့အစွမ်းဆိုတာသိနိုင်ပါတယ် ၊တရားရုံးမှာ ရှင်ဘုရင်က ဆိတ်ဆိတ် ပဲထိုင်နေတယ် တရားသူကြီးတွေက တရားဆုံးဖြတ်တယ် ၊ ရှင်ဘုရင် ရှိနေလို့ တရားသူကြီးဟာ ပေါ့ပေါ့ဆဆ မလုပ်ကြပဲ တရားနဲ့အညီ အမျှ ဆုံးဖြတ်ကြတယ် အဲ ဒါလိုပါပဲ ဥပေက္ခာဟာ လျစ်လျူ ရှုရုံ မယ့် သူပါနေလို့ သူ့ကြောင့် ယှဉ်ဖက်တရားတွေဟာ ကိုယ့်ကိစ္စကို ညီညီမျှမျှ ရွက်ဆောင်နေ နိုင်ကြခြင်းဖြစ်ပါတယ် ။

ဥိနာမိကနိ ဝါ ရထာ ရသာ အတူဖြစ်ဖက်ယှဉ်ဖက်တရားတွေနဲ့ ယုတ်မှု လွန်မှုကို တားမြစ်ခြင်းကိစ္စရှိတယ် ဒီနေရာမှာ အတူဖြစ်ဖက် ယှဉ်ဖက်တရား ယုတ်မသွား လွန်မသွားအောင် ဥပေက္ခာမှာ ဗျာပါရ မရှိပါဘူး ၊သို့သော်လည်း ဥပေက္ခာဖြစ်လာလျှင် အတူဖြစ်ဖက် ယှဉ် ဖက်တရားတွေဟာ ဆိုင်ရာမိမိတို့ကိစ္စမှာမယုတ် မလွန်ကြ မတွန့် မဆုတ် မပျံ့မလွင့်ကြ ဒီလိုယှဉ်ဖက်တရားတွေ မယုတ် မလွန် မတွန့် မပျံ့ခြင်းဟာ၊ ဥပေက္ခာကြောင့် ဖြစ်ရတာမို့ ဥပေက္ခာက အယုတ်

http://www.dhammadownload.com

အလွန်ကို တားမြစ်သလို ဖြစ်လို့ အယုတ် အလွန်ကို တားမြစ်ခြင်း ကိစ္စရှိတယ်လို့ ဆိုခြင်းဖြစ်ပါတယ် ။

ဒီ လိုသူ့ကြောင့် မယုတ် မလွန် အညီအမျှဖြစ်ရသော်လည်း သူ့မှာ ထိုသို့ ဖြစ်အောင်ပြုမူမှု ဗျာပါရမရှိသောကြောင့်ဘဲ ထို ဥ ပေက္ခာကို ဆင်ခြင်တဲ့ယောဂီဉာဏ်အမြင်မှာ လျစ်လျူရှုတဲ့ တရား အဖြစ်ဖြင့် ထင်လာတယ်လို့ ပစ္စုပဋ္ဌာန်ကို ပြဆိုကြပါတယ် ။

သဘာဝကွဲသော်လည်း အတူတွဲ ကိစ္စပြီးစေခြင်း

ဗောဓျင်ခုနစ်ပါးရဲ့သဘောတွေ ပြောခဲ့ပါပြီ ၊ ဒီ တရားတွေ ဟာ သဘော သဘာဝ ကိစ္စအားဖြင့် ကွဲပြားခြားနားကြတယ်၊ တရား အသီးသီးမှာ ကိုယ့်ကိစ္စနဲ့ကိုယ် ကိုယ့်သဘာဝနဲ့ကိုယ် ဖြစ်ကြသော် လည်း သစ္စာသိခြင်းစသော ကိစ္စပြီးမြောက်ဖို့ရာမှာ တရားတစ်ခုနဲ့ တစ်ခု ကူညီထောက်ပံ့ကာ တစ်လုံးတစ်စည်းတည်း ဆောင်ရွက် ကြပါတယ် ။

ဒီနေရာမှာ မိလိန္ဒမင်းကြီးက အရှင်ဘုရား နာဂသိန် ဒီ တရားတွေဟာ လက္ခဏာအားဖြင့် ကွဲပြား တစ်ခြားစီ ဖြစ်ကြလျက် တစ်ခုတည်းသော ကိစ္စကို ပြီးစေပါသလားလို့ မေးလျှောက်ခဲ့ပါ တယ်၊ ဟုတ်တယ်မင်ကြီး ဒီတရားတွေဟာ တစ်ခြားစီ ကွဲပြား ခြား နားကြကုန်လျက် တစ်ခုသောကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက် ကြတယ် ၊ ကိလေသာတွေကို ပယ်သတ်ကြတယ်လို့ ၊ မိန့်တော်မူပါ တယ် ၊ သဘာဝအားဖြင့် တစ်ခြားစီဖြစ်လျက် ကိစ္စတစ်ခု ပြီးစေပုံ ဥပမာဖြင့် မိန့်ကြားဖို့လျှောက်ထားတော့ ၊စစ်တပ်ဆိုတာ ဆင် မြင်း

http://www.dhammadownload.com

ရထား ခြေသည်တို့ ကွဲပြား ခြားနားကြလျက် တစ်ခုသော ကိစ္စကို ပြီးစေကြသလို စစ်ပွဲ၌ တစ်ဖက်ရန်သူကို အောင်နိုင်ကြသလို၊ ထို့အတူ ကွဲပြားခြားနားကြတဲ့ ဒီတရားတွေဟာ တစ်ခုသောကိစ္စကို ပြီးမြောက်စေကြောင်း ကိလေသာတို့ကို သတ်ကြောင်း မိန့်တော်မူခဲ့ပါတယ် ။

ဝိပဿနာအခို့က် ဗောဓျင်တွေအတူတွဲဆောင်ရွက်ပုံ

ကဲဒီတော့ဒီ ဗောဓျင်တရားတွေဟာ ကိုယ့်ကိစ္စ ကိုယ့်သဘာဝနဲ့ကို ရွက်ဆောင်နေကြသော်လည်း တစ်ပါးကို တစ်ပါးက အကြောင်းအဖြစ်ဖြင့် ကျေးလူးပြုကူမနေကြပုံ ကိလေသာသတ်မှု သစ္စာသိမှုကိစ္စတွေကို လောကီ ဝိပဿနာမဂ်အခိုက် လောကုတ္တရာမဂ်အခိုက်မှာ အတူတွဲဆောင်ရွက်ကြပုံ သိသာရန် ဝိဘင်းပါဠိတော်ကို ထုတ်ဖော်တင်ပြလိုက်ရပါတယ်။

တတ္ထ ကတမော သတိသမ္ဗောဇ္ဈင်္ဂေါ ၊ ဣဓ ဘိက္ခု သတိမာ ဟောတိ ၊ ပရမေန သတိနေပက္ကေန သမန္နာဂတော စိရကတမ္ပိ စိရဘာသိတမ္ပိ သရိတာ ဟောတိ အနုဿရိတာ၊ အယံ ဝုစ္စတိ သတိသမ္ဗောဇ္ဈင်္ဂေါ။

တတ္ထ - ထိုဗောဓျင်တရား ခုနစ်ပါးတို့တွင် ၊ **သတိသမ္ဗောဇ္ဈင်္ဂေါ** သတိသမ္ဗောဇ္ဈင်ဟူသည်၊ ကတမော- အဘယ်ပါနည်း ၊ **ဣဓ**- ဤသာသနာတော်၌ ၊ **ဘိက္ခု**-ရဟန်းသည်၊**သတိမာ**– သတိရှိသည် **ပရမေန**-လွန်မြတ်သော၊**သတိနေပက္ကေန** - သတိပညာနှင့် ၊ **သမန္နာဂတော** -ပြည့်စုံသည် ၊ **ဟောတိ**-ဖြစ်၏ ၊ **စိရကတမ္ပိ** -ကြာမြင့်ရှည်ဝေး ရှေးကအပြု ကိုယ့်အမှုကိုသော်လည်း ၊ **စိရဘာသိတမ္ပိ** ကြာမြင့်ရှည်ဝေး ရှေးကဆိုသော ဟောမှုပြောမှုကိုသော်လည်း ၊

http://www.dhammadownload.com

သရိတာ-ယခုထင်ထင် ပြုပြောသွင်သို့ ထင်မြင်တပ်အပ် အောက်မေ့တတ်သည်။ **အနုဿရိတာ** - ထပ်တလဲလဲ စွဲမြဲမလပ် အောက်မေ့တတ်သည်။**ဟောတိ** – ဖြစ်၏။**အယံ** -ဤကာလကြာက ပြုသမျှသော ပြောသမျှမှု ကုသိုလ်စုကို ယခုထင်ထင် ပြုအသွင်သို့ ထင်မြင်တပ်အပ် အောက်မေ့တတ်သည့် လွန်မြတ်သော သတိကို။ **သတိသမ္ဗောဇ္ဈင်္ဂေါ**- သတိသမ္ဗောဇ္ဈင်ဟူ၍ ။ **ဝုစ္စတိ** -ဆိုအပ်ပါပေ၏ ။

သတိသမ္ဗောဇ္ဈင်အစထား ဟောကြားရပုံ

ဗောဇ္ဈင်ခုနစ်ပါးတွင် သတိသမ္ဗောဇ္ဈင်ကို အစထား ဟောကြားရတာကအကြောင်းရှိပါတယ်။**သတိဠ ဓမ္မာ ဟံ ဘိက္ခဝေ သမ္ဗတ္ထိကံ ဝဒါမိ**။ ရဟန်းတို့ သတိတရားကိုတော့ အလုံးစုံသော အရာတို့မှာ လိုလားထိုက်သော တရားဟု ငါဘုရား ဟောကြားတော်မူတယ်။ ဒီ ဘုရားအမိန့်တော်အရ ဗောဇ္ဈင်အရာမှာ သတိဟာ အရေးပါပုံ သိရတယ်။ သတိမှတစ်ပါး အခြားဗောဇ္ဈင်တွေထဲမှာ စိတ်တွန့်ဆုတ်တဲ့အခါ ဘယ်ဗောဇ္ဈင် မပွားရ ဘယ်ဗောဇ္ဈင်တွေပွားလို့ ခွဲခြားချက်ရှိပါတယ် ။ စိတ်ပျံ့လွင့်တဲ့အခါလည်း ဒီလိုပဲ ပွားရမယ့် ဗောဇ္ဈင် မပွားရမယ့် ဗောဇ္ဈင်လို့ ခွဲခြားချက်ရှိပါတယ်။ နောက် သမာဓိ ဗောဇ္ဈင်ဖြစ်ကြောင်းတွေ ဟောတော့ ဒါ ရှင်းပါလိမ့်မယ် ။

အဲ- သတိအဖို့တော့ ဒီလိုခွဲခြားချက်မရှိပဲ တွန့်တဲ့အခါလည်း သူပါရ ပျံ့တဲ့အခါလည်း သူပါရ၊ ဘယ်ဗောဇ္ဈင်ဖြစ်ဖြစ် ပွားပွား သူကတော့မပါမဖြစ်။ သတိဟာ အရာခပ်သိမ်းမှာ ပါရပြီး၊ အားလုံး

http://www.dhammadownload.com

သော ဗောဓျင်တွေကို အထောက်အကူပြုရပါတယ် ၊ ဒီတော့သတိက ပဓာန ၊ သတိက အာရုံဆီ ကပ်တည်ပေးမှ ဆိုင်ရာဗောဓျင်တွေ အလုပ်လုပ်ဖို့ အခွင့်သာတယ် ၊ ဒါ့ကြောင့် သတိဟာဖြင့် အလုံးစုံသော ဗောဓျင်တရားတို့အား ကျေးဇူးပြုတတ်တယ် ၊ တစ်ခြား ဗောဓျင်တွေ ဖြစ်ပွားဖို့ရာ ပဓာနအကြောင်းဖြစ်တယ် ၊ ဒါ့ကြောင့် သတိသမ္ဗောဓျင်ကို ရှေးဦးစွာဟောတော်မူရခြင်း ဖြစ်ပါတယ်။

ပုဂ္ဂိုလ်ဖြင့် တရားဖော်

ရှင်တော်မြတ်ဘုရားဟာ တချို့နေရာတွေမှာ ပုဂ္ဂိုလ်ပညတ်မပါ တရားသက်သက်ဖြင့်သာ ဒေသနာပြုထားတာလည်းရှိတယ်၊ တချို့နေရာမှာ ပုဂ္ဂိုလ်နဲ့ဖက်ပြီး တရားဖော်ညွှန်းတာလည်း ရှိပါတယ် ဒါက ဝေနေယျတို့ရဲ့ အလိုကို ကြည့်ပြီးသင့် သလို တရားဖော်ညွှန်းခြင်းလို့ ဆိုရပါတယ် ၊ ယခု သတိသမ္ဗောဓျင်ကို အနက်ဖွင့်ဖော်တဲ့ နေရာမှာ သတိသမ္ဗောဓျင်ဟာ ဘယ်တရားလဲမေးတော်မူပြီး ဤသာသနာတော်၌ရဟန်းသည် သတိရှိသည် စသည်ဖြင့် ပုဂ္ဂိုလ် အစွဲပြုပြီး သတိတရားကို ဖော်ထုတ်တော်မူခဲ့ပါတယ်။

လွန်မြတ်သော သတိဖြစ်ပုံ

သတိသမ္ဗောဓျင်အရာ သတိကို လွန်မြတ်သောသတိ ဖြစ်ကြောင်း၊ **ပရမေန သတိနေပဏ္ဍေန သမန္နာဂတောဖြင့်** ဖော်ပြန်ပါတယ် ၊ ဒါန သီလ စသည်မှာလည်း သတိပါတာပါပဲ ၊သို့သော်လည်း ဗောဓျင်အရာ သတိက အားရှိတဲ့ ဝိပဿနာသတိဖြစ်လို့ ပရမတ်ဖြစ်

http://www.dhammadownload.com

တဲ့ တရားတွေအပေါ်မှာ သက်ရောက်တဲ့ သတိ၊ ကိလေသာသခ်ၤါရ တို့ကို ပယ်နိုင်တဲ့သတိမို့သာ အလွန်ထူးခြားပါတယ်၊ ဒါတွင် မက ပရမတ္ထသစ္စာဖြစ်တဲ့ နိဗ္ဗာန်နဲ့ မဂ်တို့အားလျှော်သောကြောင့်လည်း လွန်မြက်တယ် ထူးမြတ်တယ် ။

မဂ်နိဗ္ဗာန်ကို ပရမတ္ထသစ္စာဆို့ရမှုံ

ဒီနေရာမှာ မဂ် နိဗ္ဗာန်ကို ပရမတ္ထသစ္စာဆိုခြင်းကို စဉ်းစားကြပါဦးစို့၊ နိဗ္ဗာန်ဆိုတာ ကိလေသာကင်း စင်ကြယ်ခြင်းဆိုတဲ့ တင့်တယ်မှု သုဘအဖြစ်မှလည်းမကင်း ၊ မပြတ်ဖြစ်နေတဲ့ ဒုက္ခရဲ့ ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်တဲ့ သုခအဖြစ်မှလည်းမကင်း ၊ တကယ်စင်စစ် ငြိမ်းမှုဖြစ်သောကြောင့် ပျက်ပြားခြင်း မရှိတဲ့ နိစ္စအဖြစ်မှလည်းမကင်း ၊ ဒါကြောင့် ပရမတ္ထအားဖြင့် သစ္စာအမှန်တရားလို့ အရိယာများ မဂ်ဉာဏ်ဖြင့် ကောင်းစွာသိထားကြောင်းပြဆိုပါတယ်။

အမောသ ဓမ္မံ နိဗ္ဗာနံ တဒရိယာ သစ္စသော ဝိဒု၊ ပျက်စီးခြင်းမရှိတဲ့ ထို နိဗ္ဗာန်ကို အရိယာများက အမှန်တရား သစ္စာဟု သိနားလည်တယ်ဆိုတဲ့ ဒေသနာလည်းရှိပါတယ်၊ ဒီတော့ နိဗ္ဗာန်ရဲ့ သစ္စာအဖြစ်ဟာတခြားတရားတို့ရဲ့ သစ္စာအဖြစ်ထက် လေးနက်တယ် သာလွန်တယ် သစ္စာအဖြစ် သာလွန်သလို သခ်ၤတ အသခ်ၤတ တရားမှန်သမျှတို့ထက် မြတ်တဲ့ သဘောဖြစ်လို့ ပရမတ္ထအဖြစ်ကလည်းသာလွန်ပါတယ်၊ ဒါကြောင့် တခြား ရုပ်နာမ်တို့နဲ့ ပရမတ္ထသစ္စာအဖြစ်ဖြင့် အမည်တူသော်လည်း သဘောအားဖြင့် ပရမတ္ထချင်း သစ္စာချင်းမတူ တမူထူးခြား ကွဲပြား သာလွန်တာကို တွေ့ရပါလိမ့်မယ် ။

http://www.dhammadownload.com

မဂ်ကလည်း နိဗ္ဗာန်ရကြောင်းတရား ကိလေသာကို အပြတ်ရှင်းနှိုင်တဲ့တရား လောကီတရားတို့ထက် လွန်မြတ်တဲ့ တရားမို့ မဂ်တရားရဲ့ ပရမတ္ထအဖြစ် သစ္စာအဖြစ်ဟာလည်း တခြားလောကီရုပ်နာမ်တို့ထက် ပိုထူးခြား သာလွန်နေပါတယ်၊ ဒါကြောင့် နိဗ္ဗာန်နှင့် မဂ်ကို ပရမတ္ထသစ္စာလို့ ဆိုရခြင်းဖြစ်ပါတယ်၊အချို့နေရာမှာ နိဗ္ဗာန်ကို **ပရမသစ္စာ**လို့ ၊ ဟောထားတာလည်းရှိပါတယ် ဒါ့ကြောင့် ပရမသစ္စာ၊ အမြတ်ဆုံးသစ္စာလို့လည်း ဆိုခွင့်ရှိပါသေးတယ်၊ ထို ပရမတ္ထသစ္စာဖြစ်တဲ့ နိဗ္ဗာန် မဂ်တို့ကို ရကြောင်းဖြစ်လို့ ထိုပရမတ္ထသစ္စာနှင့် လျော်တဲ့အတွက် ဗောဓိပက္ခိယတိဟာ လွန်မြတ်တဲ့ သတိဖြစ်ရပါတယ်

သတိအရာ ပညာပါ တွဲပြီပဲ

ဒီနရာမှာ သတိကို ဖွင့်တဲ့နေရာဖြစ်ပါလျက် လွန်မြတ်သော သတိပညာနဲ့ ပြည့်စုံတယ်လို့ ဘာကြောင့် ပညာကို တွဲထည့်ရသလဲ၊ အားရှိတဲ့ သတိဖြစ်ကြောင်းပြဖို့ရာ ပညာနဲ့တွဲပေးထားခြင်း ဖြစ်ပါတယ် ၊ သတိဟာ ဖြစ်လာတဲ့အခါ ပညာနဲ့ အတူဖြစ်တာလည်း ရှိ ပညာမပါပဲ ဖြစ်တာလည်းရှိတယ် ၊ ဉာဏဝိပ္ပယုတ်စိတ်များက သတိကျတော့ ပညာနဲ့ကင်းဖြစ်တာကို ဆိုပါတယ် ၊ ပညာနဲ့အတူဖြစ် ရတဲ့အခါ သတိဟာအားရှိတယ် ၊ ပညာနဲ့ ကင်းဖြစ်ရတဲ့ အခါအားနည်းတယ် ၊ ဒါကြောင့်ဒီနေရာမှာ အားရှိတဲ့ သတိဖြစ်ကြောင်း ပြဖို့ရာ ပညာနဲ့ တွဲပြပါတယ် ။

ဆိုလိုတာက တစ်စုံတစ်ရာကို မှတ်သား သတိရတဲ့ သာမည သတိကို သတိသမ္ဘောဇ္ဈင်မဆိုရ အားရှိတဲ့ သတိကိုသာ သတိ

http://www.dhammadownload.com

သမ္မောဓျင်ဆိုရတယ်၊ထိုသို့ အားရှိတဲ့သတိသာ မဖောက်မပြန် မှန်ကန်တဲ့ ကာယ ဝေဒနာ စိတ္တ ဓမ္မဆိုတဲ့သဘာဝတွေကို ယူနိုင်စွမ်း မှတ်နိုင်စွမ်းရှိပါတယ် ။

ပညာပါတဲ့ သတိ အားရှိပုံ ဥပမာ

ဒီနေရာမှာ ဝိဘင်းအဋ္ဌကထာက ဥပမာကလေးနဲ့ပြောထားပါတယ် ၊ အမတ်ကြီးနှစ်ယောက်ရှိတယ် ၊ တစ်ယောက်ကမင်းသားကို ကိုယ့်ဘက်ပါအောင်သိမ်းသွင်းထားနိုင်တယ် ၊ တစ်ယောက်ကတော့ မိမိဘာသာအလျှောက် တစ်ယောက်ထည်း ၊ မင်းသားကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းထားနိုင်တဲ့ အမတ်ကြီးက ကိုယ့်အရှိန်အဝါနဲ့ မင်းသားအရှိန်အဝါ နှစ်ဖက်ရမို့ အရှိန်အဝါ ကြီးမားသူဖြစ်ရတယ်၊ ကိုယ့်တစ်ယောက်ထည်း တည်နေရတဲ့ အမတ်ကြီးကတော့ ယခင်အမတ်ကြီးနဲ့ တန်ခိုးအရှိန်အဝါ မတူမျှ အားနည်းရတယ် ၊ မင်းသားကို အမှီရတဲ့ အမတ်ကြီးဟာ မိမိရဲ့အရှိန်အဝါ မင်းသား အရှိန် အဝါနဲ့ အရှိန် အဝါ ကြီးမားရသလို ၊ ပညာနဲ့တကွ ဖြစ်တဲ့ သတိဟာ အားရှိတယ် ၊ မိမိဘာသာအလျှောက် တစ်ယောက်ထည်းတည်တဲ့ အမတ်ကြီးဟာ ယခင်အမတ်ကြီးနဲ့ အရှိန်အဝါ မညီမျှ အောက်ကျရသလို ၊ ပညာနဲ့ ကင်းဖြစ်တဲ့ သတိဟာအားနည်းရတယ် ၊ ဒါကြောင့် အားရှိတဲ့ သတိဖြစ်ကြောင်းပြဖို့ရာ သတိအရာဖြစ်ပေမယ့် ပညာပါ တွဲထည့်ဟောရကြောင်း မိန့်ဆိုပါတယ်။

http://www.dhammadownload.com

ကြာမြင့်စွာက ပြုမှုပြောမှု

ထိုကဲ့သို့အားရှိသော သတိဖြစ်လို့ပဲ၊**စိရကတမ္မိ စိရဘာသိတမ္မိ သရိတာ အနုဿရိတာ**- ကာလရှည် ကြာစွာက ပြုခဲ့ လုပ်ခဲ့တဲ့ အမှုတွေကိုပင်ကာလရှည်ကြာစွာက ပြောခဲ့ ဟောခဲ့တဲ့ ပြောမှု ဟောမှုတွေကိုပင် အောက်မေ့တတ် အမှတ်ရ တတ်တယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ ကာလကြာမြင့်စွာက ပြုခဲ့တဲ့ အမှုဆိုတာ မိမိသူတစ်ပါးပြုခဲ့တဲ့ စေတီဝတ် ဗောဓိဝတ်စသော ဝတ်အကျင့်တွေ ကသိုဏ်းဝန်းပြုမှု ကသိုဏ်းပရိကမ်ပြုမှုစသော ကိုယ်ဖြင့် လုပ်တဲ့ ကောင်းမှုတွေပါပဲ ၊ ကုသိုလ်ဖြစ်ခြင်း အကြောင်းကို အောက်မေ့ခြင်းသာ သတိဖြစ်လေတော့ ကြာမြင့်စွာကပြုခဲ့တဲ့ အမှုအရကိုယ်ဖြင့်ပြုတဲ့ ကောင်းမှုကုသိုလ်တွေသာ ယူရပါတယ် ။

ကာလကြာမြင့်စွာက မိမိသူတစ်ပါး ပြောခဲ့ ဟောခဲ့တဲ့ အမှုဆိုတာ ဓမ္မကထိကကျင့်ဝတ်တရား ဦးတည်ရည်မှန်းချက်ထားပြီး ဟောကြားခဲ့တဲ့တရားစကား ကမ္မဋ္ဌာန်းအဆုံးအဖြတ် (သိုမဟုတ်) **ဝိမုတ္တာယတန** ဝဋ္ဋဒုက္ခမှ လွတ်မြောက်ခြင်းအကြောင်း တရား ဦးတည်ရည်မှန်းချက်ထားပြီး ဟောကြားတဲ့တရားစကားများပါပဲ။

ဓမ္မကထိကကျင့်ဝတ်

ငါ့တရား နာကြားကြမှု ကောင်းလေစ ၊ နာကြားပြီး ကြည်ညိုကြမှုကောင်းလေစ ၊ ကြည်ညိုကြပြီး ကြည်ညိုတဲ့ အခြင်းအရာအပြု အမှုပြုကြမှုကောင်းလေစ ၊ အဲဒါလို လာဘ်ကိုမျှော်ကိုး ကျော်ကြားမှုကို မျှော်ကိုးပြီး ဟောတာဟာ ဓမ္မကထိကျင့်ဝတ်ဖျက်တာပါပဲ ၊ဒီလို

http://www.dhammadownload.com

ရည်ရွယ်ချက်နဲ့ ဟောမှုမျိုးက တရားလိုလားတဲ့ ပုဂ္ဂိုလ်တွေအောက်မေ့ချင်စရာ အမှုမျိုး မဟုတ်ပါဘူး ။

အရှင်မဟာကဿပ မထေရ်မြတ်ကြီးတို့လို ငါ့ တရား နာကြားကြမှု ကောင်းလေစွ၊ နာကြားပြီးတရားကို နားလည်ကြ သိကြမှု ကောင်းလေစွ ၊ တရားသိပြီးနောက် တရားအတိုင်းကျင့်ကြမှု ကောင်းလေစွလို့ ၊ တရားတော်ရဲ့ ကောင်းမြတ်မှန်ကန်သည့်အဖြစ်ကို အစွဲပြုပြီး ၊ ကရုဏာ မေတ္တာကို အစွဲပြုပြီးဟောပြောမှုသာ ဓမ္မကထိကကျင့်ဝတ်နှင့်အညီ ဟောခြင်းဖြစ်ပါတယ် ၊ဒီလိုတရားဟောခဲ့ပုံမျိုးကို အောက်မေ့တဲ့ သတိသာ ကုသိုလ်ဖြစ်ခြင်း အကြောင်းဖြစ်ပါတယ် ။

လွတ်မြောက်ခြင်း အကြောင်းငါးပါး

ဝိမုတ္တာယတန -ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကြောင်းကို ဦးတည်ရည်မှန်းချက်ထားတဲ့ တရားစကားဆိုတာဘာလဲ ? အဂုံတ္တရနိကာယ်မှာ ဒီလွတ်မြောက်ခြင်းအကြောင်း ဝိမုတ္တာယတနငါးပါးလာပါတယ် ၊ ယင်းအကြောင်းငါးပါးမှာ မမေ့ မလျော့ကြိုးစားနေလျှင်ကိလေသာမှမလွတ်သေးသောစိတ်လွတ်ရကြောင်း မကုန်သေးသော အာသဝများကုန်ရကြောင်း ၊ မရသေးသော အတုမရှိ အရဟတ္တဖိုလ်ကို ရနိုင်ကြောင်း၊ ဟောတော်မူပါတယ်၊ ဒီ အကြောင်းငါးပါးကို အချုပ်အားဖြင့် ပြောရယင် မြတ်စွာဘုရားကဖြစ်စေ၊လေးစားအပ်သောဆရာအရာ၌တည်သော သီတင်းသုံးဖော်တစ်ပါးကဖြစ်စေ တရားဟောမယ် (သို့မဟုတ်) မိမိကိုယ်တိုင် ကြားနာဖူးသောတရားကို သူတပါးတို့ အား အကျယ်အားဖြင့် ဟောပြော

http://www.dhammadownload.com

မယ် (သို့မဟုတ်)မိမိကြားနာဖူးသော တရားကို အကျယ်အားဖြင့် ရွတ်အံ့ သရဇ္ဈာယ်နေမယ်(သို့မဟုတ်)မိမိကြံစီသုံးသပ် ရှုဆင်ခြင်နေမယ်(သို့မဟုတ်)သမာဓိနိမိတ် တစ်မျိုးမျိုးကို သင်ယူထား နှလုံးသွင်းထားမယ် ၊ အဲ ဒီ အချက်ငါးမျိုးတွင် တစ်မျိုးကြုံရတဲ့အခါထိုကြားနာ ဟောပြော ရွတ်အံ့ ဆင်ခြင်တဲ့တရားမှာ အနက်သိရ၊ပါဠိသိရ ဒီလိုသိရတော့ ဝမ်းသာရ ဝမ်းသာရတော့ ပီတိဖြစ်ရ ၊ ပီတိဖြစ်တော့ငြိမ်းအေးမှု ပဿဒ္ဓိဖြစ်ရ ၊ ငြိမ်းအေးတော့ သုခဖြစ်ရ၊သုခဖြစ်လာတော့ စိတ်တည်ကြည်မှု သမာဓိရ ၊ ဒီလိုနဲ့ အရဟတ္တမဂ်အထိ သမာဓိရနိုင်တော့ ဒီအချက် ငါးချက်ကို **ဝိမုတ္တာယတန** - ဝင့်ဒုက္ခမှ လွတ်မြောက်ခြင်း အကြောင်းငါးပါးလို့ ဆိုပါတယ်။

ဒီ အကြောင်းငါးပါးကို ရှင်းအောင် ချဲ့ပြောရယင် မိမိ အကျိုးစီးပွားအတွက် သူတပါးဟောတဲ့ တရားကို ကြားနာခြင်း၊သူတပါး အကျိုးစီးပွားအတွက် မိမိနာဖူးသော တရားကို ဟောကြားခြင်း၊ နာဖူးသော တရားရွတ်အံ့ခြင်း ၊ နာဖူးသော တရားကို ကြံစီစဉ်းစားခြင်း ကသိုဏ်းစသော သမာဓိအာရုံ တမျိုးမျိုးလို့ လွတ်မြောက်ခြင်း အကြောင်း ငါးပါးပေါ်လာပါတယ်၊ ဒီမှာလွတ်မြောက်ခြင်း အကြောင်းဦးတည်ချက်ထား ဟောကြားတယ် ဆိုတာဟာ ဒုတိယ အကြောင်းဖြစ်တဲ့ မိမိကြားဖူးသောတရားကို အကျယ်အားဖြင့် သူတစ်ပါးအား ဟောပြောခြင်းဆိုတဲ့ ဝိမုတ္တာယတနကို ဦးတည်ချက်ထား ဟောကြားခြင်းကို ဆိုလိုပါတယ် ။

ပြုမှုပြောမှုဆိုတာ ရှုပ်နာမ်

ကာလကြာမြင့်စွာက ပြုခဲ့ပြောခဲ့တာတွေကို အမှတ်ရတယ်

http://www.dhammadownload.com

ဆိုတာ သာမန်ပြုမူပြောမှုမျှ အမှတ်ရတာကို ဆိုတာ မဟုတ်ပါဘူး၊ အခုဟောပြတာက ဝိပဿနာအခိုက်မှာ ဗောဓိပွင့်ဖြစ်ပုံ ဟောတာ ဖြစ်တော့ရူပ်တွေနာမ်တွေကိုအမှတ်ရခြင်းကိုဆိုပါတယ် ။

ဒါကြောင့် ထိုထိုကောင်းမှုပြုစဉ်က ဖြစ်ခဲ့တဲ့ ကာယဝိညတ်ရူပ်တရား ထိုဝိညတ်ကို ဖြစ်စေတဲ့ နာမ်တရားတွေ ထိုထို တရားဟောစဉ် ပြောစဉ်က ဖြစ်ခဲ့တဲ့ ဝစီဝိညတ်ရူပ်တရား ထိုဝိညတ်ကို ဖြစ်စေတဲ့ နာမ်တရားတွေ အဲဒီတရားတွေ သည်ပုံဖြစ်ပြီး သည်ပုံချုပ်သွားကြတယ်ဆိုတာ ပြန်လည်သတိရနိုင် တာကို ဆိုပါတယ် ၊ အတော်ကြာက ဖြစ်ခဲ့ဖူးတဲ့ တရားကွေ ဖြစ်ပေမယ့် ယခု လောလောဆယ်ထင် ရှားဖြစ်နေသလို ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင်ပင် ထင်ပေါ်နေ အမှတ်ရနေတယ် ဆိုလိုပါတယ်။

ပစ္စုပ္ပန်ကို ရှုမှုက ပဓာန

ကာလကြာမြင့်စွာက ပြုခဲ့ပြောခဲ့တာကိုပင် အမှတ်ရတယ်ဆိုသဖြင့် ယခုပစ္စုပ္ပန်ဖြစ်နေဆဲ ရူပ်နာမ်ကို အမှတ်ရခြင်းကိုတော့ ပြောစရာမရှိ ဆိုလိုပါတယ် ၊ ဟို အကြာကြီးက ရူပ်နာမ်တွေတောင် သတိရတယ်ဆိုတော့ ဒါလောက် သတိအားကောင်းနေတဲ့ ပုဂ္ဂိုလ် အဖို့ ယခုမိမိသန္တာန်မှာ လေလော ဆယ် ဖြစ်ပျက်နေတဲ့ရူပ်နာမ်တွေ ရှုရာမှာ ဖြစ်လာတဲ့ အမှတ်သတိကတော့ အလွန်အလွန် ကောင်းနေတယ်ဆိုတာ ပြီးနေပါတယ် ။

ဒီတော့ကြာမြင့်စွာက ပြုခဲ့ပြောခဲ့တဲ့ အမှုတွေတောင် အောက်မေ့နိုင်တယ်ဆိုတာ သတိအလွန်ကောင်းပုံ ပြခြင်းသာ ဖြစ်ပါတယ်၊ ထိုအတိတ်ကတရားတွေကိုသာ ရှုဖို့ပြတာ မဟုတ်ပါဘူး၊ တကယ်

http://www.dhammadownload.com

အရေးကြီးတာက မိမိသန္တာန်မှာ အထင်အရှားဖြစ်ပေါ်လာ ချုပ်ပျောက်သွားနေတဲ့ ပစ္စုပ္ပန်ရုပ်နာမ်တွေကို ရှုဖို့ပါပဲ ၊ ထို ပစ္စုပ္ပန်ပေါ်လာတိုင်း ရုပ်နာမ်တွေကို ရှုခြင်းသာ တကယ် ကိုယ်တွေ့လောလောဆယ်ဖြစ်နေမှုကို ရှုခြင်းဖြစ်၍ ထင်လွယ်မြင်လွယ် ဉာဏ် အဆင့်ဆင့်အမှန်မြင့်တတ်ဖွယ် အကြောင်းဖြစ်ပါတယ် ။

ပစ္စုပ္ပန် ရုပ်နာမ်ရှုရေး၌ သာဓက

အတီတံ နန္ဒာဂမေယျ – နေ ပဋိကခေ အနာဂတံ ၊
ယဒတီတံ ပဟီနံ တံ – အပတ္တဿ အနာဂတံ ။
ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ – တတ္ထ တတ္ထ ဝိပဿတိ ၊
အသံဟီရံ အသံကုပ္ပံ – တံ ဝိဒ္ဒါ အနုဗြူဟယေ ။

အတီတံ- ဖြစ်ပြီးခဲ့ရာ အတိတ်ခန္ဓာကိုလည်း ၊ **နန္ဒာဂမေယျ** -တဏှာဒိဋ္ဌ ပြိတ္တယ်စိုက်ချေ လိုက်မနေရ ၊ **အနာဂတံ** -နောင်ရေး နောင်တာ အနာဂါတ်ခန္ဓာကိုလည်း၊**နပဋိကခေ** -တဏှာဒိဋ္ဌ တွယ်ငြိဝင်နှောင့် တကြောင့်ကြကြ မတောင့်တ မမျှော်လင့်ရာ၊ **ယံ**-ရုပ်နာမ်နှစ်ဖြာအကြင်ခန္ဓာသည်၊**အတီတံ**-လွန်ခဲ့ပြီးချေ အတိတ်ဖြစ်လေ၏ ၊ **တံ** -ထိုလွန်ခဲ့ပြီးရာ အတိတ်ခန္ဓာသည် ၊ **ပဟီနံ** မမြင်ရချေကွယ်ခဲ့ပျောက်ခဲ့လေပြီ ၊ **အနာဂတံ** -နောင်ဖြစ်မည့်အရာ အနာဂါတ်ခန္ဓာမှာလည်း ၊ **အပတ္တံ** -ယခုမျက်မှောက် ထင်ရောက်ဖြစ်ကာ ပေါ်ပေါက်မလာသေးချေ ။

ပစ္စုပ္ပန္နံ - ဖြစ်ဆဲစင်စစ် ပစ္စုပ္ပန်ဖြစ်သော ၊ **ဓမ္မဉ္စ** -ခန္ဓာငါးပါး တရားကိုသာ ၊**တတ္ထ တတ္ထ** -ပေါ်လာဖြစ်လာ ထိုထိုနေရာ၌ လျှင် ၊ **ယံ ဝိပဿတိ**-ဝိပဿနာ တင်ကာထင်မှု အကြင်ရှုလေ၏၊

http://www.dhammadownload.com

အသံဟီရံ- ဒိဋ္ဌိတဏှာ နှစ်ဖြာစွဲကပ် မဆွဲမအပ် မင်အပ်သော -**ဝါ**-အဆွဲမခံရလေအောင်၊**အသံကုပ္ပံ** -ဒိဋ္ဌိတဏှာဝင်လာတတ်ပြီး မပျက်စီးသော-**ဝါ**- မပျက်စီးလေအောင် ၊**တံ**- ထို ဝိပဿနာ ဉာဏ် ပညာကို ၊**အနုဗြူဟယေ** - ထပ်တလဲလဲ မစဲဖန်ခါ ပွားစေရာ သတည်း။

ဝိပဿနာဆိုတာ ကိလေသာမဝင်လာအောင် ရှုရတာ အတိတ်ခန္ဓာ အနာဂါတ်ခန္ဓာ အစွဲပြုပြီး ကိလေသာမဝင်လာအောင် ထို အတိတ် အနာဂါတ်ခန္ဓာတို့ကိုလည်း ရှုရမှာပဲ ၊ ဒါပေမယ့် အတိတ် အနာဂါတ် ခန္ဓာတွေကို ရှုခြင်းက၊ ပစ္စက္ခမျက်မှောက်အမြင် မဟုတ် အနုမာန မှန်းဆရှုရခြင်းမို့ ပစ္စုပ္ပန်ဖြစ်ဆဲ ခန္ဓာတွေသာ မျက်မှောက်ကိုယ်တွေ့ဖြစ်လို့ ထိုခန္ဓာတွေကိုသာ အလေးထား ရှုစား ဆင်ခြင်နေဖို့ အရေးကြီးကြောင်း ထိုပစ္စုပ္ပန်ခန္ဓာတွေကိုသာ မပြတ်မလပ်ရှုမှတ်နေဖို့ လိုကြောင်း သိသာထင်ရှားပါတယ် ။

သတိသမ္ဗောဇ္ဈင်အခြားမဲ့ ဓမ္မဝိစိယသမ္ဗောဇ္ဈင် ဟောရခြင်း

အဲဒီတော့ ခန္ဓာ ရုပ်နာမ်မှာ သတိဟာ စွဲကပ်ရောက်နေလျှင် သတိသမ္ဗောဇ္ဈင်ဖြစ်တော့တာပါပဲ သတိသမ္ဗောဇ္ဈင်ဖြစ်လျှင် တခြားဗောဇ္ဈင်တွေလည်း ဖြစ်လာတော့တာမို့ သတိသမ္ဗောဇ္ဈင်ဟာ ကြွင်းတဲ့ ဗောဇ္ဈင်တရားများ ဖြစ်ခြင်းအကြောင်းဖြစ်ရပါတယ် ၊ဒီနေရာမှာ ဝိပဿနာဉာဏ်နဲ့ယှဉ်တဲ့ သတိသမ္ဗောဇ္ဈင်ဆိုရတာ ဖြစ်တော့ သတိဖြစ်လျှင် ပညာလည်းဖြစ်လာတာပါပဲ ၊ သတိက အာရုံမှာကပ်တည်မှုကိစ္စဆောင်ရွက်လိုက်လျှင် ပညာအခွင့် သာတော့တယ် ၊ ထိုအခါမှာ ဓမ္မဝိစယက သတိကပ်နေတဲ့

http://www.dhammadownload.com

တရားအာရုံကို စိစစ်မှု ဆောင်ရွက်တော့တာပါပဲ ၊ အဲ ဒီလို သတိကပ်တည်ပေးတဲ့တရားကို ဓမ္မဝိစယက စိစစ်မှုဆောင်ရွက်ရတာ ဖြစ်လို့ သတိသမ္ဗောဇ္ဈင် အခြားမဲ့မှာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဟောတော်မူရပါတယ် ။

သော တထာ သတော ဝိဟရန္တော တं ဓမ္မं ပညာယ ပဝိစိနတိ ပဝိစရတိ ပရိဝီမံသမာပဇ္ဇတိ ၊ အယံ ဝုစ္စတိ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ။

သော- ထိုရဟန်းသည် ၊ **တထာ** -ကြာမြင့်စွာကပြုခဲ့ရသော အပြောအမှု တရားစုတွင် ပေါ်ထင်လင်းလာ အခြင်းအရာ အားဖြင့်၊ **သတော**-အမှတ်ရသည့် သတိရှိသည်ဖြစ်၍ ၊ **ဝိဟရန္တော**-နေလျက် **တं ဓမ္မं** - ကြာမြင့်စွာက ပြုရပြောရ ဓမ္မအစားစား ထိုတရားကို **ပညာယ** - ဝိပဿနာ ဉာဏ်ပညာဖြင့် ၊**ပဝိစိနတိ** - အနိစ္စ -ဒုက္ခ အနတ္တ အနေ စိစစ်လေတော့၏ ၊ **ပဝိစရတိ** - ဉာဏ်ကို လှည့်စေ သုံးသပ်လေတော့၏ ၊ **ပရိဝီမံသं** - စူးစမ်းဆင်ခြင်ခြင်းသို့ ၊ **အာပဇ္ဇတိ** -ရောက်တော့၏ ၊ **အယံ** -အနိစ္စ ဒုက္ခ အနတ္တဟု ဓမ္မအရပ်ရပ် စိစစ်တတ်စွာ ဤပညာကို ၊ **ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ** ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု၊ **ဝုစ္စတိ** -ဆိုအပ်ပါပေ၏ ။

ဒီ နေရာမှာ ရဟန်းဟာ ကြာမြင့်စွာက ပြုခဲ့ပြောခဲ့မှုတွေကို အမှတ်ရသည့် သတိရှိလျက်နေစဉ် ထိုကြာမြင့်စွာက ပြုခဲ့ ပြောခဲ့ တုန်းက ဖြစ်ခဲ့တဲ့တရားကို ပညာဖြင့် စိစစ်သုံးသပ် ဆင်ခြင်တယ် ဆိုရာမှာလည်း အရာအားလျှော်စွာ ဆိုခြင်းဖြစ်ပါတယ် ၊ဒါကိုနောက်ကလည်း ပြောခဲ့ပါပြီ ၊ ဒီတော့ ယခုပစ္စုပ္ပန်ဖြစ်တဲ့ ရူပ်နာမ်ကိုသတိရ နေလျှင် ထိုပစ္စုပ္ပန်တရားကို ပညာဖြင့် စိစစ်သုံးသပ်တော့တာပါပဲ

http://www.dhammadownload.com

စိစစ်သုံးသပ် ဆင်ခြင်တယ်ဆိုတာလည်း ဝိပဿနာအရာ ဗောဒ္ဓိ အရာမို့ အနိစ္စ ဒုက္ခ အနတ္တ အဖြစ် ဆင်ခြင် ရှုမြင်ခြင်းပါပဲ ။

ဓမ္မဝိစယအခြားမဲ့မှာ ဝီရိယဟောရခြင်း

သတိက အားရှိလို့ ပညာက ကောင်းကောင်းသိလာတဲ့ အခါမှာ စိတ်ဟာတက်ကြွလာတယ် ဝီရိယဖြစ်လာတယ် ၊ လောကမှာ စာကြည့်တဲ့အခါ ကောင်းကောင်းသိနားလည်ယင် စိတ်တက်ကြွနေတာပဲ ၊ မသိလျှင် နားမလည် စိတ်ထဲမရှင်းမလင်း ဖြစ်နေယင်တော့ စိတ်တက်ကြွမှုမရှိ ပျင်းရိ ဆုတ်နစ်လာတာပါပဲ ၊ အဲ ဒီလိုပညာက အသိ ကောင်းလာတော့ ဝီရိယက အားရှိလာတာပါပဲ ၊ ဒါကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်အခြားမဲ့မှာ ဝီရိယသမ္ဗောဇ္ဈင်ကို ဟောရခြင်းပါတယ် ။

တသ တံ ဓမ္မံ ပညာယ ပဝိစိနတော ပဝိစရတော ပရိဝီမံသမာပဇ္ဇတော အာရဒ္ဓံ ဟောတိ ဝီရိယံ အသလ္လီနံ အယံ ဝုစ္စတိ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ။

တံ ဓမ္မံ - ကြာမြင့်စွာက ပြုပြောရသည့် ဓမ္မအမျှားထိုတရားကို ၊ **ပဝိစိနတော** - စိစစ်သော **ပဝိစရတော** - သုံးသပ်သော၊ **ပရိဝီမံသံ** - စူးစမ်းဆင်ခြင်ခြင်းသို့ ၊ **အာပဇ္ဇတော** -ရောက်သော ၊ **တသ**-ထိုရဟန်းသည် ၊ **ဝါ**- ထိုရဟန်း၏ ၊ **ဝီရိယံ**-ဝိပဿနာနှင့် ယှဉ်သော ဝီရိယသည် ၊ **အာရဒ္ဓံ** -ပြည့်စုံသည် -ဝါ- အားထုတ်အပ်သည် ၊ **အသလ္လီနံ** - တွန့်ဆုတ်ခြင်းမရှိသည် ၊ **ဟောတိ** -ဖြစ်၏ ၊ **အယံ** -မတွန့်မဆုတ် အားထုတ်ပြည့်ဝ ဤဝိပဿနာ ဝီရိယကို ၊ **ဝီရိယသမ္ဗောဇ္ဈင်္ဂေါ**- ဝီရိယသမ္ဗောဇ္ဈင်ဟု ၊**ဝုစ္စတိ** -ဆိုအပ်ပေ၏ ၊

http://www.dhammadownload.com

ပညာရှိလျှင် ဝီရိယလည်းဖြစ်လာရတယ် ဆိုရသလို၊ ဝီရိယကလည်း ပညာသတိကို အားပေးလျက်ရှိပါတယ် ၊ ဝီရိယက ချီးမြှောက်ထောက်ပံ့ပေးမှ သတိလည်းကောင်းကောင်း အလုပ် လုပ်နိုင်တယ် ၊ ပညာလည်း မိမိကိစ္စကောင်းစွာ ဆောင်ရွက်နိုင်တယ်၊ ဒီ တော့ ဗောဇျင်တရားတွေဟာ တစ်ပါးပါးက ကျန်ခြောက်ပါးကို အားပေးကူညီနေတဲ့ အကြောင်းတွေ ဖြစ်နေကြတယ်လို့ ဆိုနိုင်ပါတယ် ။

ဝီရိယအခြားမဲ့မှာ ပီတိသမ္ဗောဇျင်ဟောရခြင်း

လောကမှာ ကိုယ့်အလုပ်တွင် တက်တက်ကြွကြွ အားကြိုးမာန်တက် ကြိုးစားနေလျှင် ထိုအလုပ်မှာ နှစ်သက်စွဲလမ်းနေလို့ ဆိုတာ ထင်ရှားပါတယ်၊ အဲဒါလိုပဲ ဝီရိယက တက်ကြွနေလျှင် ထိုအာရုံမှာနှစ်သက်မှု ပီတိဖြစ်လာတာပါပဲ ၊ ဒါ့ကြောင့် ဝီရိယဟာ ပီတိဖြစ်ကြောင်းမို့ ဝီရိယသမ္ဗောဇျင် အခြားမဲ့မှာ ပီတိသမ္ဗောဇျင်ကို ဟောရပါတယ် ။

အာရဒ္ဓဝီရိယသ ဥပ္ပဇ္ဇတိ ပီတိနိရာမိသာ၊ အယံ ဝုစ္စတိ ပီတိသမ္ဗောဇ္ဈင်္ဂေါ ၊

အာရဒ္ဓဝီရိယသ-အားထုတ်အပ်သည့် ဝီရိယရှိသော ရဟန်း၏ ၊ **နိရာမိသာ** - ကာမစသည့်အစာ အာမိသမရှိသော၊**ပီတိ**-နှစ်သက်ခြင်းပီတိသည် ၊ **ဥပ္ပဇ္ဇတိ**-ဖြစ်ပေါ်လာ၏ ၊ **အယံ** -ကာမအာမိသစသည်မရှိ ဤဝိပဿနာပီတိကို ၊ **ပီတိသမ္ဗောဇ္ဈင်္ဂေါ**-ပီတိသမ္ဗောဇျင်ဟု - **ဝုစ္စတိ**- ဆိုအပ်ပါပေ၏။

http://www.dhammadownload.com

အာမိသ မရှိတဲ့ ပီတိ

ဒီ ပါဠိတော်အရ ဝိရိယဖြစ်ယင် ပီတိလည်း ဖြစ်လာတော့တာပဲ ၊ ဒါပေမယ့် ဒီ ပီတိက အမှန်တရားသိရလို့ ဖြစ်လာသော ဗောဓျင်ပီတိ ဖြစ်လေတော့ စင်ကြယ်တယ် သန့်ရှင်းမွန်မြတ်တယ် ဒါကြောင့် နိရာမိသ အာမိသနှင့်မရောတဲ့ ပီတိလို့ဆိုပါတယ် ။

အာမိသဆိုတာ သုံးသပ်တတ်တယ် သုံးသပ်အပ်တယ်ဆိုတဲ့ အနက်နှစ်မျိုးရတယ် ၊ သုံးသပ်တတ်တဲ့ အာမိသဆိုတာ တဏှာပါပဲ၊ သူက ဝတ္ထုအာရုံခေါ် ခန္ဓာတွေအပေါ်မှာ တွယ်တာသာယာတတ်လေတော့ ထိုသို့ သာယာတွယ်တာသောအားဖြင့် အာရုံမှာပြုမှုကိုပဲ သုံးသပ်တတ်တယ် ဆိုပါတယ် ၊ တဏှာ၏ တွယ်တာရာ အာရုံပြုရာ ဝတ္ထုအာရုံ ခန္ဓာတွေက တဏှာ၏ သုံးသပ်အပ်တဲ့ သုံးသပ်ခံရတဲ့အရာတွေ ဒါကြောင့် တဏှာရော တဏှာတွယ်ရာ ခန္ဓာတွေရော အာမိသလို့ဆိုရပါတယ် ။

တချို့နေရာတွေမှာ သက်နိုးစသော ပစ္စည်းလေးပါး လာဘ်လာဘကို အာမိသဆိုရတာလည်းရှိတယ် အစာကို အာမိသဆိုတာလည်းရှိတယ် သုံးသပ်အပ်တဲ့အရာလို့ အနက်ရပါတယ် တဏှာရော တဏှာတွယ်ရာ ခန္ဓာတွေရော ပုဂ္ဂိုလ်၏ သို့မဟုတ် ပီတိ၏ သုံးသပ်အပ် သုံစွဲအပ်တဲ့ တရားတွေမို့ အစာအာမိသလို့ဆိုရပါတယ်

အဲ ဒီလို တဏှာအစာနဲ့လည်းမရော တဏှာ့အာရုံ ခန္ဓာအစာတွေနဲ့လည်း မရော စင်ကြယ်သော ပီတိဖြစ်လို့ ဒီ ဝိပဿနာ ပီတိ ဗောဓျင်ပီတိကို နိရာမိသ အာမိသမရှိ အာမိသကင်းတဲ့ ပီတိလို့ ဆိုခြင်းဖြစ်ပါတယ် ။

မိခင်ရောဝတီ

http://www.dhammadownload.com

ပီတိအခြားမဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဟောရခြင်း

အားရှိတဲ့ နှစ်သက်မှု ပီတိဖြစ်သူမှာ ငြိမ်းအေးမှုပဿဒ္ဓိဟာ ဖြစ်လာတော့တာပါပဲ ၊ ဥဒ္ဓစ္စ ပျံ့လွင့်မှု ၊ထိန်မိဒ္ဓ ငိုက်မျဉ်း တွန့်ဆုတ်ပျင်းရိမှုတွေရှိနေလျှင် ပီတိလည်း မဖြစ်နိုင်ပါဘူး ၊ အာရုံမှာနှစ်သက်အားရနေလျှင် ဒီ ပူပန်စေတတ်တဲ့ တရားတွေဟာ ဝင်မလာပါဘူး၊ ပီတိအားရှိစွာဖြစ်ကတည်းက ကွာသလိုဖြစ်နေတဲ့ ဒီ စိတ်အပူအပန် တရားတွေ ပဿဒ္ဓိက ငြိမ်းစေခဲ့တယ် နှိပ်နင်းခဲ့တယ် ၊ အေးငြိမ်းမှု ငြိမ်သက်မှု ရလာတော့တာပါပဲ ၊ ဒါကြောင့် ပီတိဟာ ပဿဒ္ဓိဖြစ်ခြင်း အကြောင်းဖြစ်လို့ ပီတိသမ္ဗောဇ္ဈင်အခြားမဲ့မှာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ဟောတော်မူခဲ့ပါတယ် ။

ပီတိမနသ ကာယောပိ ပဿမ္ဘတိ စိတ္တမ္ပိ ပဿမ္ဘတိ အယံ ဝုစ္စတိ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ။

ပီတိမနသ -ပီတိနှင့်ယှဉ်သည့် စိတ်ရှိသော ရဟန်း၏ ၊ **ကာယောပိ**-စေတသိက်အပေါင်းသည်လည်း၊**ပဿမ္ဘတိ**- ကိလေသာဟူ အပူပြေစေ ငြိမ်းအေးလေတော့၏ ၊ **စိတ္တမ္ပိ**- စိတ်သည်လည်း **ပဿမ္ဘတိ** - ကိလေသာဟူ အပူပျောက်စေ ငြိမ်းအေးလေတော့၏၊ **အယံ**-ကိလေသာဟူ အပူတွေသိမ်း ငြိမ်းစေတတ်သည့် ဤ ဝိပဿနာပဿဒ္ဓိကို ၊ **ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ** -ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု၊ **ဝုစ္စတိ**-ဆိုအပ်ပါပေ၏ ။

ပဿဒ္ဓိအခြားမဲ့ သမာဓိသမ္ဗောဇ္ဈင် ဟောရခြင်း

စေတသိက်စိတ်တွေ ငြိမ်းအေးနေလျှင် ရူပကာယခေါ် ရုပ်ကြီးဟာလည်း ငြိမ်းအေးတော့တာပါပဲ ၊ ဒီ လိုကိုယ်ရောစိတ်ပါငြိမ်း

http://www.dhammadownload.com

အေးနေတဲ့အခါ ချမ်းသာမှုသုခ ကြုံရတော့တာပါပဲ ၊ ဥဒ္ဓစ္စ ပျံ့လွင့်မှု ဆိုတဲ့တရားဟာ သမာဓိ၏ ဆန့်ကျင်ဘက်မို့ ထိုတရားရှိနေလျှင် ထိုတရားပြဋ္ဌာန်းတဲ့ တခြားကိလေသာတွေရှိနေလျှင် သမာဓိမရနိုင်ပါဘူး ၊ ယခု ပဿဒ္ဓိက ထိုအပူတွေ ငြိမ်းစေခဲ့ နှိပ်နင်းခဲ့လို့ စိတ်ရောစေတသိက်ရော ရုပ်ရော ဆိုသလို ငြိမ်းအေးကာ ချမ်းသာနေတော့ စိတ်ဟာတည်ကြည်လာ သမာဓိရလာတယ် ၊ အပ္ပနာစျာန်ရောက်နေသလိုကို ဖြစ်နေတော့တယ် ၊ ဒါ့ကြောင့် ပဿဒ္ဓိဟာ သမာဓိဖြစ်ခြင်း အကြောင်းဖြစ်လို့ ပဿဒ္ဓိသမ္ဗောဇ္ဈင်အခြားမဲ့မှာ သမာဓိသမ္ဗောဇ္ဈင်ကို ဟောတော်မူ ပါတယ် ။

ပဿဒ္ဓကာယသ သုခိနော စိတ္တं သမာဓိယတိ
အယं ဝုစ္စတိ သမာဓိသမ္ဗောဇ္ဈင်္ဂေါ။

ပဿဒ္ဓကာယသ-ငြိမ်းအေးခဲ့သည့် စိတ်စေတသိက် အပေါင်းရှိသည်ဖြစ်၍ ၊ **သုခိနော**– ကိုယ်ရောစိတ်ပါ လန်းလာအတိ ချမ်းသာရှိသော ရဟန်းသည် ၊ **စိတ္တं** -စိတ်ကို ၊**သမာဓိယတိ** မလှုပ်ရှားဘဲ အာရုံထဲ၌ စွဲမြဲတည်စေ ကောင်းစွာထားဒေပါပေ၏ ၊**အယं** အာရုံထဲမှာ စွဲကာတည်ရှိ ဤဝိပဿနာသမာဓိကို ၊ **သမာဓိသမ္ဗောဇ္ဈင်္ဂေါ**- သမာဓိသမ္ဗောဇ္ဈင်ဟု ၊ **ဝုစ္စတိ**-ဆိုအပ်ပါပေ၏ ။

သမာဓိအခြားမဲ့၌ ဥပေက္ခာသမ္ဗောဇ္ဈင် ဟောရခြင်း

ဒီလိုသမာဓိရလို့ စိတ်၏အပ္ပနာစျာန်ရောက်နေသလို ဖြစ်နေခြင်းမှာ နောက်ကပြောခဲ့တဲ့ သတိစသော ဗောဇ္ဈင်တရားတွေ ကိုယ့်ဆိုင်ရာကိစ္စ မယုတ်ရ မလွန်ရအောင် ညီမျှစွာရွက်ဆောင်နေကြခြင်းကြောင့်ဖြစ်ပါတယ် ၊ အဲ ဒီလို ဗောဇ္ဈင်တရားတွေ အညီအမျှ

http://www.dhammadownload.com

အလုပ် လုပ်နေတဲ့အခါ ဥပေက္ခာက သမာဓိရနေတဲ့ ထိုစိတ်ကို အသင့်ရှိနေတယ်၊ လွန်နေတဲ့ တရားယုတ်စေဖို့ ယုတ်နေတဲ့ တရား တိုးလာဖို့ ဗျာပါရမပြု လျစ်လျူရှုနေတယ် ။။

အညီအမျှ ပြေးနေတဲ့ မြင်းနှစ်ကောင်ကို ရထားထိန်းက လျစ်လျူရှုနေသလိုပါပဲ ၊ သို့သော် ထိုမြင်းနှစ်ကောင် အညီအမျှ ပြေးနေခြင်းဟာ ရထားထိန်းကြောင့်ဖြစ်သလို ထိုတရားတွေ မလွန်ရ မယုတ်ရအောင်ဖြစ်မှုမှာ ဥပေက္ခာက ထိန်းပေးနေတာပါပဲ ၊ ဒါကြောင့် ဥပေက္ခာဟာ ကျန်ဗောဓိ တရားတွေ မယုတ်မှု မလွန်မှုကို ပြီးစေတတ်တဲ့ တရားလို့ဆိုပါတယ် ၊ တရားတွေ ညီညီမျှမျှ ကိစ္စ ဆောင်ရွက်နေတဲ့အခါ သမာဓိရ သမာဓိရမှုကြောင့် ထိုတရားတို့မှာ ဗျာပါရမပြု အသင့်ရှိမှု ဥပေက္ခာဖြစ်ရသောကြောင့် သမာဓိ သမ္ဗောဇ္ဈင်အခြားမဲ့မှာဥပေက္ခာသမ္ဗောဇ္ဈင်ကိုဟောတော်မူရပါတယ်

သော တထာ သမာဟိတं စိတ္တံသာဓုကं အဇ္ဈုပေက္ခိတာ ဟောတိ၊ အယံ ဝုစ္စတိ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ

သော-ထိုသမာဓိရရှိနေသောရဟန်းသည်၊ **တထာ** -အပ္ပနာ စျာန်ကွင်း သက်ဆင်းပမာ ထိုသို့သော အခြင်းအရာအားဖြင့်၊**သမာဟိတံ**-ဝိပဿနာ သမာဓိစွဲ အာရုံထဲကပ် ကောင်းစွာထားအပ်သော၊ **စိတ္တံ**-စိတ်ကို၊**သာဓုကံ**-ကောင်းစွာ ၊**အဇ္ဈုပေက္ခိတာ** - ဗောဇ္ဈင်တတွေ ယုတ်ပွားစေမှု အားမပြုလပ် လျစ်လျူရှုတတ်သည်၊ **ဟောတိ**– ဖြစ်၏ **အယံ**–ဤ ဗောဇ္ဈင်တတွေ မလွန်စေမှု မယုတ်မှုဌ အားပြုကင်းကွာ လျစ်လျူရှုသော အလယ်အလတ် အခြင်းအရာကို ၊ **ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ**-ဥပေက္ခာသမ္ဗောဇ္ဈင်ဟု၊ **ဝုစ္စတိ**- ဆိုအပ်ပါပေ၏ ။

http://www.dhammadownload.com

ဝိပဿနာအခိုက် ဗောဒ္ဓိတွေဖြစ်နေကြပုံ

ကဲ ဒီ ပါဠိတော်က ဗောဒ္ဓိတရားတွေ တစ်ခုနဲ့တစ်ခု အစဉ်အတိုင်း ကြောင်းကျိုးအဖြစ် ဆက်သွယ်နေကြပုံ အာရုံတစ်ခု တစ်ခု စိတ်ဇောတစ်ခု တစ်ခုမှာ အချင်းချင်း ကူညီရိုင်းပင်းပြီး အတူတကွ ကိုယ့်ကိစ္စ ကိုယ်ဆောင်ရွက်ကာ ဝိပဿနာအလုပ် လုပ်ဆောင်ကြပုံကိုဟောခြင်းဖြစ်ပါတယ်။

ဒီတော့ ရုပ်ကိုဖြစ်စေ နာမ်ကိုဖြစ်စေ တစ်ခုခုကို သတိကပ်တည်လိုက်တဲ့အခါ ပညာက ထိုရုပ် ထိုနာမ်၏ အနိစ္စ ဒုက္ခ အနတ္တသဘောကို စိစစ်ဆင်ခြင်တယ် ၊ ဝီရိယက သတိလုပ်အားကောင်းအောင် ပညာလုပ်အားကောင်းအောင် ကခြားအတူဖြစ်တဲ့ ဗောဒ္ဓိတွေ လုပ်အားကောင်း အောင် မြှောက်ပင့်အားပေးတယ်၊ ပီတိက အားလုံးဗောဒ္ဓိတွေ ကိုယ့်အလုပ် အားရပါးရလုပ်အောင် နှစ်သက်မှုကိစ္စနဲ့ ကူညီအားပေးတယ် ၊ ပဿဒ္ဓိကလည်း ထိုထိုဗောဒ္ဓိတရားတွေ အလုပ် လုပ်တဲ့အခါ အနှောက် အယှက် ဗောဒ္ဓိဖျက် ဥဒ္ဓစ္စစသော တရားအပူတွေ ဝင်မလာအောင် ၊ နှစ်သက်မှုကိစ္စနဲ့ ကူညီအားပေးတယ်၊ သမာဓိကလည်း ထိုထိုဗောဒ္ဓိတွေ ညီညီမျှမျှ အလုပ် လုပ်နိုင်ကြအောင် စူးစိုက်မှု တည်ငြိမ်မှုကိစ္စနဲ့ကူညီအားပေးတယ် ၊ ဥပေက္ခာကလည်း ထိုတရားတွေ ဆုတ်မသွား ယုတ်မသွား လွန်မသွားအောင် ထိန်းပေးမှုနဲ့ ကူညီဆောင်ရွက်ပေးတယ် ၊မိမိတို့မှာ အားရှိတဲ့ ဝိပဿနာအခိုက်ဝယ် ဖြစ်ကြရသော တရားတွေမို့ အလွန်ပေါ်လွင် အလွန်ထင်ရှား အင်အားကောင်းကောင်းနဲ့ အလုပ် လုပ်နေကြခြင်းလည်းဖြစ်ပါတယ် ၊ အဲဒါလို တက်ညီလက်ညီ ခဏတိုင်း ခဏတိုင်း တစ်ခုနဲ့တစ်ခု ကူ

http://www.dhammadownload.com

ညီကာ တကွပေါင်းဆောင်ရွက်တော့ ဆိုင်ရာရုပ်နာမ်ရဲ့ အနိစ္စ ဒုက္ခ အနတ္တသဘောလည်းသိသွားတယ်၊ တဒင်္ဂအားဖြင့် နီဝရဏ တွေကိုလေသာတွေလည်း ကွာကြရတယ်၊ အဲ ဒါ ဝိပဿနာအခိုက် မှာ ဗောဓျင်တွေ ဖြစ်နေကြပုံပါပဲ ။

မဂ်အခိုက် ဗောဓျင်တွေဖြစ်ပုံ

ထို့ အတူ မဂ်အခိုက်မှာလည်း သတိက နိဗ္ဗာန်အာရုံမှာ ကပ်တည်တယ်၊ သတိကပ်လိုက်တဲ့ နိဗ္ဗာန်ကို ဓမ္မဝိစယက စိစစ် ဆင်ခြင် မြင်သိတယ်၊ ဝီရိယက အားလုံးဗောဓျင်တွေ နိဗ္ဗာန်အာရုံ ဆီမှာ ဆိုင်ရာကိစ္စဖြင့် ဆိုက်ရောက်ကာ အလုပ် လုပ်နိုင်အောင် အားပေးအားမြှောက်ပြုပေးတယ်၊ ပီတိကလည်း ထိုထိုဗောဓျင်တွေ နိဗ္ဗာန်အာရုံမှာဆိုက်ပြီး အားရပါးရ ကိုယ့်ကိစ္စရွက်ဆောင်နိုင် အောင် နှစ်သက်မှုကိစ္စဖြင့် ကူညီအားပေးတယ်၊ ပဿဒ္ဓိကလည်း နိဗ္ဗာန်အာရုံယူနေတဲ့ ထိုထိုဗောဓျင်တွေ အလုပ်ကိစ္စလုပ်ရာမှာ အနှောင့်အယှက်ဖြစ်စေတဲ့ ပူပန်မှုတွေ ကင်းစေပြီး ငြိမ်းအေးခြင်း ဆိုတဲ့ မိမိကိစ္စဖြင့် ကူညီထောက်ပံ့ပေးတယ် ၊ သမာဓိကလည်း နိဗ္ဗာန်အာရုံယူနေတဲ့ ထိုထိုဗောဓျင်တရားတွေ နိဗ္ဗာန်အာရုံမှ လွတ် မသွားရအောင် စည်းရုံးပေးမှုဖြင့် ကူညီတယ်၊ ဥပေက္ခာကလည်း အတူဖြစ်ဖက် ဗောဓျင်တွေနိဗ္ဗာန်အာရုံယူရာမှာ မယုတ်ရ မလွန်ရ ညီမျှအောင် ဆောင်ပေးမှုကိစ္စဖြင့် ထိန်းပေးသောအားဖြင့် ကူညီ ပေးတယ် အဲဒါလို ဗောဓျင်ခုနစ်ပါးဟာ မဂ်ခဏမှာ တက်ညီ လက်ညီ တစ်ခုနဲ့တစ်ခု ကူညီ အားပေး တစ်စုတစ်ဝေးတည်း စုကာပေါင်းကာ ကိုယ့်ကိစ္စကို အသီးသီး ဆောင်ရွက်ကြလို့

http://www.dhammadownload.com

နိဗ္ဗာန်ကိုသိမှု မျက်မှောက်ပြုမှု ကိစ္စ ကိလေသာတွေ ပယ်မှုကိစ္စတွေ မဂ်ဟာအပြီးတိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ် ။

ဒီတော့ နောက်က အရှင်နာဂသိန်က ဓမ္မဝိစယသမ္မောဇ္ဈင် တစ်ခုတည်းဖြင့်သာ သစ္စာသိတယ်လို့ မိန့်တော်မူသော်လည်း ဓမ္မဝိစယကသိဖို့မှာ အခြားဗောဒ္ဓိင်တရားတွေ အကူမပါပဲ မပြီးမြောက်နိုင်လို့ အားလုံးကိုပဲ၊ **ဗောဓယ သံဝတ္တန္တိ ဓေါ ဘိက္ခု တသ္မာ ဗောဇ္ဈင်္ဂါတိ ဝုစ္စန္တိ** . သိဖို့ရာ ဖြစ်ကြသောကြောင့် ဗောဒ္ဓိင်မည်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူပါတယ် ။

ဝိပဿနာအခိုက်မှာဖြစ်တဲ့ ဗောဒ္ဓိင်တွေက အထည်ကိုယ်ရှိတဲ့ ရူပ်နာမ်တွေ အာရုံပြုနေ ကိုယ့်ကိစ္စဆောင်ရွက်နေတော့ ထိုအခိုက် ထိုတရားတွေ ဆင်ခြင်တဲ့ယောဂီဉာဏ်မှာ ထင်ရှားပါတယ် မဂ်အခိုက်မှာတော့ သခ်ၸိရပုံမရှိ သခ်ၸိရတွေ ချုပ်ငြိမ်းနေတဲ့ တရားထဲ သက်ဝင်ဆောင်ရွက်နေကြလို့ ထိုအခိုက် တရားတွေရဲ့ ကိစ္စကို ထင်မြင်အောင် ဆင်ခြင်နိုင်ဖို့တော့မရှိပါ ၊ သို့သော် ထိုတရားတွေရဲ့ ကိစ္စမှာ ဝိပဿနာအခိုက်မှာ ထက်ထက်သန် အားကောင်းနေကြမှာတော့ သေချာပါတယ် ဒါကြောင့်လည်း ကိလေသာကို အပြတ်ဖြတ်နိုင်ကြတာပေါ့ ။

ဗောဒ္ဓိင်မှား ဖြစ်ခြင်းအကြောင်း

ယခုဗောဒ္ဓိင်တရားတွေ ဆက်သွယ်ကြပုံ အလုပ် လုပ်ကြပုံတွေ ပြောပြီးနောက် ဗောဒ္ဓိင်တရားတွေ ဖြစ်ပွားအောင် ဘယ်သို့ ပြုလုပ်ရမယ် ဆိုတဲ့အကြောင်း ဆက်ကြဦးစို့ ။

http://www.dhammadownload.com

သတိသမ္ဗောဇျင်ဖြစ်ခြင်းအကြောင်း

ရဟန်းတို့ မဖြစ်သေးသော သတိသမ္ဗောဇျင်ဖြစ်ခြင်းငှာ ဖြစ်ပြီးသော သတိသမ္ဗောဇျင်၏ ဘာဝနာပြည့်စုံပြီးမြောက်ဖို့ ရာ အကြောင်းက ဘာလဲ။

ရဟန်းတို့ သတိသမ္ဗောဇျင်ဖြစ်ကြောင်း တရားများရှိနေကြတယ်၊ထိုတရားတို့၌ သင့်တင့်သောအကြောင်းမှန်လမ်းမှန်ဖြင့်နှလုံးသွင်းမှု များစွာပြုမူဟာ မဖြစ်သေးတဲ့ သတိသမ္ဗောဇျင်ဖြစ်ပေါ် လာဖို့ ဖြစ်ပြီးသော သတိသမ္ဗောဇျင်၏ ဘာဝနာပြည့်စုံ ပြီးမြောက်ဖို အကြောင်းပင် ဖြစ်တော့တယ် ။

ဒီ မဟာဝဂ္ဂသံယုတ်အမိန့်တော်အရ သတိသမ္ဗောဇျင်ဖြစ်ကြောင်း တရားများ၌ အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုပြုလျှင် သတိသမ္ဗောဇျင်ဖြစ်နိုင်တယ်လို့ သိရတယ် ။

အကြောင်းမှန် လမ်းမှန်ဆိုတာ

သင့်တင့်သော အကြောင်းမှန် လမ်းမှန်ဖြင့် နှလုံးသွင်းတယ်ဆိုတာဘာလဲ ကုသိုလ်ဖြစ်ခြင်း၏ အကြောင်းကို အကြောင်းမှန်လမ်းမှန်ဆိုပါတယ် ၊ မိမိလိုလားတဲ့ စီးပွားချမ်းသာ၏ အကြောင်းကိုလည်း အကြောင်းမှန် လမ်းမှန် ဆိုပါတယ်။

အနိစ္စ ဒုက္ခ အနတ္တ အသုဘဖြစ်တဲ့ ခန္ဓာတွေကို နိစ္စ သုခ အတ္တ သုဘလို့ ရှုနေမယ်ဆိုယင်၊ ဒါ ကုသိုလ်ဖြစ်ခြင်း အကြောင်းလည်းမဟုတ် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ မိမိလိုလားတဲ့ အကျိုးစီးပွားရခြင်း အကြောင်းလည်းမဟုတ် ၊ ဒါ့ကြောင့် မသင့်သောအကြောင်းမမှန်သော လမ်းသာဖြစ်ပါတယ် ၊ အယောနိသောမနသိကာရပေါ့၊

http://www.dhammadownload.com

ဒီ လိုမဟုတ်ဘဲ ခန္ဓာတွေကို အနိစ္စ ဒုက္ခ အနတ္တ အသုဘ ရှုလျှင် တော့ ကုသိုလ်ဖြစ်ခြင်းအကြောင်းမှန် လမ်းမှန်တဲ့ ၊ မိမိလိုလားတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ စီးပွားချမ်းသာရခြင်း အကြောင်း မှန် လမ်းမှန်ပဲ ၊ ဒါကို ယောနိသောမနသိကာရ သင့်တင့်သော အကြောင်းမှန် လမ်းမှန်ဖြင့် နှလုံးသွင်းမှုဆိုပါတယ် ၊ ဒီ နေရာ မှာလည်း သတိဖြစ်ခြင်း အကြောင်းတွေဟာ သတိဖြစ်ခြင်းဌာသင့် လျှော်တဲ့ အကြောင်းမှန် လမ်းမှန်တွေဖြစ်ပါတယ် ။

သတိဖြစ်ခြင်း အကြောင်း

သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းဆိုတာ သတိတရားပဲ လို့လည်း ဆိုကြပါတယ် ၊ သတိဖြစ်ဖို့ရာ ကာယ ဝေဒနာ စိတ္တ ဓမ္မ တို့မှာ ရှုမှတ်လျှင် သတိတွေဟာ အဆက်မပြတ်ဖြစ်တော့ တာပါပဲ ဒီလိုဖြစ်ရာမှာရှေးရှေး သတိတွေကြောင့် နောက်နောက်သတိတွေ ဖြစ်လာရတာ ဖြစ်တော့ ရှေးရှေးသတိဟာ နောက်နောက်သတိ ဖြစ်ခြင်းအကြောင်းဖြစ်ရပါတယ်၊ဒါကြောင့် သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းဟာ သတိပါပဲလို့ ဆိုကြခြင်း ဖြစ်ပါတယ် ။

သတိ၏ အာရုံဖြစ်ကြတဲ့ ဗောဓိပက္ခိယတရား(၃၇)ပါး လော ကုတ္တရာတရား(၉)ပါးဟာ သတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းပဲ လို့လည်းဆိုကြပါတယ်၊ မိမိသန္တာန်မှာ သတိပဋ္ဌာန်တရားတွေဖြစ်နေ တဲ့အခါ ၊ အဲ ဒီ သတိပဋ္ဌာန်ကို သတိက အမှတ်ရ အောက်မေ့နိုင် တယ် ၊ထို့အတူသမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်ဆိုတဲ့ ဗောဓိပက္ခိယတရားတွေ ဖြစ်တဲ့အခါလည်း သတိက အမှတ်ရ အောက်မေ့နိုင်တယ်၊ ဒီ အခါဒီဗောဓိပက္ခိယတရားတွေဟာ သတိ၏

http://www.dhammadownload.com

အာရုံ သတိဖြစ်ခြင်းအကြောင်း ဖြစ်နေကြတာပေါ့ ၊ မဂ် ဖိုလ် နိဗ္ဗာန် ဆိုတဲ့ လောကုတ္တရာတရားတွေကိုတော့ ဆိုင်ရာ မဂ်ဖိုလ်ကိုရတဲ့ အရိယာများ အဖို့တော့ သတိက တိုက်ရိုက်အောက်မေ့နိုင်တယ်၊ လောကုတ္တရာ တရားမရသေးတဲ့ ပုဂ္ဂိုလ်များအဖို့တော့ တစ်ဆင့်ကြားအရဖြစ်စေ စာပေတွေကြည့်ရလို့ မဂ်ဆိုတာ ဒီလို ဖိုလ်ဆိုတာ ဒီဟန် နိဗ္ဗာန်က ဒီပုံဆိုတာ အမှန်းအဆအားဖြင့် မှန်းဆအောက်မေ့တဲ့ သတိ ဖြစ်နိုင်ပါတယ် ၊ ယခုပြောခဲ့တဲ့အတိုင်း အောက်မေ့အမှတ်ရနိုင်တာမို့ ထို ဗောဓိပက္ခိယ လောကုတ္တရာ တရားများ ဟာလည်း သတိဖြစ်ကြောင်း တရားများအဖြစ် မိန့်ဆိုကြပါတယ်

ထို့ပြင် ကာယ-ရုပ်အပေါင်းကိုယ် ၊ ဝေဒနာ-ခံစားမှု ၊ စိတ္တ-စိတ် ၊ ဓမ္မ -ခန္ဓာစသောတရား ဒီ သတိပဋ္ဌာန်လေးပါးဟာ သတိဖြင့်အောက်မေ့ ရှုမှတ်ရတဲ့ တရားများဖြစ်လို့ ဒီတရားတွေ ရှုခြင်း ဖြင့် သတိတရား တိုးပွားလာရလို့ ဒီတရားလေးပါးဟာ သတိဖြစ်ကြောင်း တရားများပဲလို့ ဆိုနိုင်ပါ တယ် ၊

သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းလေးပါး

ယခုအဋ္ဌကထာများမှာလာတဲ့ သတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းလေးပါးကို ဆိုပါဦးမယ် ၊

သတိသမ္ဗစဉ် မေ့သူကြဉ်၍ မမေ့သူတွဲ သတိထဲတွင်
ညွှတ်သက်ဝင် လေးအင် သတိဖြစ်ကြောင်းတည်း ။

ဆန့်ကျင်ဘက်ခွါ သင့်ရာမှီခ စုံနှစ်ဝ ပုညဖြစ်ကြောင်းတည်း၊

အရ ကုသိုလ်ဖြစ်ဖို့ရာမှာ ဆန့်ကျင်ဘက်အရာတို့ကို ဖယ်ရှားခြင်း၊ သင့်လျော်ရာ အရာတို့ကို မှီဝဲခြင်း ဆိုတဲ့အကြောင်းနှစ်ရပ် စုံလျှင်

http://www.dhammadownload.com

မဖြစ်သေးတဲ့ ကုသိုလ်တရားများ ဖြစ်ပွားလာရတယ် ।ဥပမာ ဒါန ဆိုပါစို့ ဒါနရဲ့ ဆန့်ကျင်ဘက်ဟာ လောဘတို့ အကရိယ နတ္ထိက အဟေတုက စသောဒိဋ္ဌိတို့ မစ္ဆရိယတို့ စသည်တို့ပဲ ၊ ထိုတရားတွေ ရှိနေယင် ဒါနမဖြစ် ၊ အလောဘ သဒ္ဓါ စသည်တို့ဟာ ဒါနဖြစ်ဖို့ သင့်လျော်တဲ့တရားတွေ အဲဒီတော့ ဆန့်ကျင်ဘက် လောဘစသည် ပယ်၊ သင့်လျော်တဲ့ အလောဘ စသည်မှီရမှ ဒါနဖြစ်လာရတယ် ၊ အဲ ဒါလိုပဲ သတိဖြစ်ဖို့ရာမှာလည်း ဆန့်ကျင်ဘက် မေ့သူကိုခွါ သတိ ဖြစ်ဖို့သင့်လျော်တဲ့ သတိသမ္ဘဇင် မမေ့သူ ပုဂ္ဂိုလ် သတိ၌အမြည်တွတ်မှ ဆိုတဲ့ အရာတွေ မှီဝဲမှ သတိဖြစ်လာနိုင်ပါတယ် ၊

၁။ သတိသမ္ဘဇင်

ဒီနေရာမှာ သတိဆိုတဲ့ အမှတ်ရမှုနှင့် သမ္ဘဇင်ဆိုတဲ့ပညာ ဟာ သတိဖြစ်ဖို့ရာ လွန်စွာ အရေးပါတဲ့ အကြောင်းပါပဲ ၊ ဒါကြောင့် ယင်း အကြောင်းကို ရှေးဦးစွာ ပြောကြပါဦးစို့။

သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ဘဿနော အယံ ဝေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ - ရဟန်းတို့ ၊ **ဘိက္ခု** –ရဟန်းသည် ၊ **သတော**– အမှတ်ရသည့် သတိရှိသည် ၊ **သမ္ဘဿနော**– ဉာဏ်သမ္ဘဇင်ရှိ အမှန် မြင်သိသည် (ဟုတ္တာ)ဖြစ်၍ ၊ **ဝိဟရေယျ**–နေရမည် ၊ **အယံ**– သတိ သမ္ဘဇင် အစဉ်ရှိစေ နေရမည်ဟူသော ဤတိုက်တွန်းနှိုးဆော်ချက် သည် ၊ **ဝေါ** –ချမ်းသာ မြော်မြင် သင်တို့အတွက် ।**အမှာကံ**– ကရုဏာထားလတ် ဘုရားမြတ် ငါအရှင်တို့၏ ၊ **အနုသာသနီ** - ချမ်းသာဖို့ရေး အားပေးထုံးပြ အဆုံးအမတော်ပေတည်း ။

http://www.dhammadownload.com

သတိရှိလျက်နေရမယ်၊ပညာရှိလျက်နေရမယ်ဆိုတဲ့ ဆုံးမစကားတော် ဦးတည်မြွက်ဖော်ပြီး နောက် ဘယ်ပုံသတိရှိလျက်နေရမည့်အကြောင်း ဆက်ဟောပါတယ်၊ အချုပ်ကတော့ သတိပဋ္ဌာန်လေးပါး ပွားများနေလျှင် သတိရှိလျက် နေသူဖြစ်တယ်ဆိုတာပါပဲ ကာယခေါ် ရူပ်ကိုယ်ကို ရူပ်ကိုယ်ဟု ရှုမြင်နေမှု၊ ဝေဒနာခေါ် ခံစားမှုကို ဝေဒနာဟု ရှုမြင်နေမှု ၊စိတ္တခေါ် ဝိညာဉ်အသိကို ဝိညာဉ်အသိဟု ရှုမြင်နေမှု၊ ဓမ္မကွန္ဓာစသော တရားတို့ကိုဓမ္မကွန္ဓာစသောတရားဟု ရှုမြင်နေမှု ဒီလေးပါးပေါ့၊ ဒီ လိုနေလျှင် သတိတွေ အဆင့်ဆင့်မြင့်မြင့်တက်လာမှာမို့ ဒီတရားလေးပါး ရှုပွားနေမှုဟာ သတိဖြစ်ကြောင်းပါပဲ ။

အမှန်ကတော့ ဒီတရားလေးပါး ရှုပွားနေလျှင်သတိဖြစ်ခြင်းအကြောင်းဆိုတာက သတိဖြစ်ကြောင်း ပြောနေတဲ့ အရာမို့ သတိဖြစ်ကြောင်းလို့ပြောရတာပါ၊တကယ်တော့ ဒီသတိပဋ္ဌာန်တွေပွားနေလျှင်သတိပဋ္ဌာန် ဘာဝနာအားရှိလာတဲ့အခါသတိသာမကဗောဓျင်တရားခုနစ်ပါးလုံး ဖြစ်နေတော့တာပါပဲ၊ သတိပဋ္ဌာန်တရားပွားလျှင် ဗောဓျင်ခုနစ်ပါးတရား အပြည့်အဝဖြစ်လာတဲ့အကြောင်း မဟာဝဂ္ဂသံယုတ် ကုဏ္ဍလိယသုတ်မှာ ဟောတော်မူထားတာ ရှိပါတယ်၊ ယခု အလျှဉ်းသင့်လို့ အဲဒီ ကုဏ္ဍလိယသုတ်ကို ချုပ်ပြီးဟောလိုက်ပါဦးမည် ။

ကုဏ္ဍလိယသုတ်

တခါက ရှင်တော်မြတ်ဘုရား သာကေတမြို့ သားသမင်တို့အား ဘေးမဲ့ပေးရာ အဠနတောမှာ သီတင်းသုံးတော်မူစဉ် ကုဏ္ဍ

http://www.dhammadownload.com

လိယပရဗိုဇ် ဆိုက်ရောက်လာပြီး လျှောက်ထားတယ်၊အရှင်ဂေါတမ တပည့်တော်ဟာ အရံကို အမှီပြုနေပါတယ်၊ ပရိသတ်ထဲလည်း သက်ဝင်ကျက်စားပါတယ်၊ မွန်းလွဲ အစာစားပြီးသောအခါ တပည့်တော်ရဲ့အကျင့်က အရံတစ်ခုမှ အရံတစ်ခု ဥယျာဉ်တစ်ခုမှ ဥယျာဉ်တစ်ခု လျှောက်သွားလှည့်လည်တတ်ပါတယ်၊ ထို အရံ ဥယျာဉ်များမှာ သူတစ်ပါးက နှိပ်လာ အပြစ်တင်လာလျှင် သည်ပုံလွတ်အောင်ဖြေဖို့ သူတပါးရဲ့ အယူအဆမှာ အပြစ်တင်ဖို့ သည်မျှအကျိုးရှိသော စကားကို ပြောဆိုတတ်တဲ့ သမဏာပြာဟ္မဏာတို့ကို တွေ့ရပါတယ်၊ အရှင်ဂေါတမကတော့ ဘယ်လိုအကျိုးတရား ထင်ရှားရှိလျက်နေတော်မူပါသလဲ၊ ဒီ လိုလျှောက်ထားတော့ ကုဏ္ဍလိယ ငါဘုရားဟာ အသိဉာဏ်ဝိဇ္ဇာ ကိလေသာလွတ်ကင်းမှု ဝိမုတ္တိအကျိုးဖိုလ် ဒီ အကျိုးအာနိသင်များ ထင်ရှားရှိလျက် နေတော်မူတယ်လို့ ဖြေတော်မူတယ်၊ ဒီ နေရာမှာ ဝိဇ္ဇာဆိုတာ ဘုရားရှင်၏ အရဟတ္တမဂ်၊ ဝိမုတ္တိဆိုတာ အရဟတ္တမဂ်သမာဓိ သို့မဟုတ် ထိုမဂ်နှင့်ယှဉ်တဲ့ တရားတွေ ဖိုလ်ဆိုတာ အရဟတ္တဖိုလ်ကို ဆိုပါတယ် ။

ဒီနောက် ဝိဇ္ဇာ ဝိမုတ္တိ အပြည့်အဝဖြစ်ဖို့ ဘယ်တရားပွားများရမည်ကို မေးလျှောက်တော့ ဗောဓိတရား ပွားရမည့်အကြောင်း မိန့်တော်မူတယ်၊ ဗောဓိတရား အပြည့်အဝဖြစ်ဖို့ရာ ပွားများရမယ့်တရား မေးပြန်တော့ သတိပဋ္ဌာန်လေးပါး ပွားများရမည့်အကြောင်း မိန့်တော်မူတယ်၊ သတိပဋ္ဌာန်လေးပါး အပြည့်အဝဖြစ်ဖို့ ပွားများရမည့်တရား မေးပြန်တော့ သုစရိုက်သုံးပါး ပွားများရမည့်အကြောင်း မိန့်တော်မူပါတယ်၊ သုစရိုက်တရားသုံးပါး အပြည့်အဝဖြစ်ဖို့ ပွားများရမည့်တရား မေးပြန်သောအခါ ဣန္ဒြေတို့ကို စောင့်

http://www.dhammadownload.com

စည်းခြင်းကို ပွားများရမည့်အကြောင်း အဆင့်ဆင့် ဖြေကြားတော်မူခဲ့ပါတယ် ။

ဣန္ဒြေစောင့်စည်းခြင်းဖြင့် သုစရိုက်ပြည့်စုံပုံ

ထိုနောက် ဘုရားရှင်က ဣန္ဒြေစောင့်စည်းခြင်းကို ပွားစေခြင်းဖြင့် သုစရိုက်သုံးပါး အပြည့်အဝ ဖြစ်ရပုံကို မိန့်တော်မူပါတယ်၊ အချုပ်က ရဟန်းသည် မျက်စိဖြင့်နှစ်သက်ဖွယ် ရူပါရုံကို မြင်ရသော် မနှစ်သက် မတပ်မက် ၊ သူ နာမ်အပေါင်းနဲ့ စိတ်ဟာ ကမ္မဋ္ဌာန်းအာရုံမှာကောင်းစွာတည်နေတယ်၊ကမ္မဋ္ဌာန်းဖြင့် နီဝရဏတွေမှကောင်းစွာ လွတ်နေတယ် ၊ မနှစ်သက်တဲ့ ရူပါရုံကို မြင်ရသော် မျက်နှာ မသာ မယာမဖြစ် စိတ်တင်းမာမှု ဆင်းရဲမှု ဖောက်ပြန်မှု မဖြစ် ၊ သူ နာမ်အပေါင်းနဲ့ စိတ်ဟာ ကမ္မဋ္ဌာန်းအာရုံမှာ ကောင်းစွာတည်နေတယ် ၊ကမ္မဋ္ဌာန်းဖြင့် နီဝရဏတွေမှ ကောင်းစွာလွတ်နေတယ် ၊ထို့အတူ နှစ်သက်ဖွယ် မနှစ်သက်ဖွယ် သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကို နားဖြင့် နှာခေါင်းဖြင့် လျှာဖြင့် ကိုယ်ဖြင့် ကြားရ နံ့ရစားရတွေ့ရတဲ့ အခါ ရာဂ မဖြစ် ဒေါသ မဖြစ် နာမ်အပေါင်းနဲ့ စိတ်ဟာ ကမ္မဋ္ဌာန်းအာရုံမှာ ကောင်းစွာတည်နေတယ် ၊ကမ္မဋ္ဌာန်းဖြင့် နီဝရဏတွေမှ ကောင်းစွာလွတ်နေတယ်၊ ဒါဟာ ဣန္ဒြေစောင့်စည်းမှု ဖြစ်ပွားစေနေတာပဲ ၊ ဒီ လိုပွားစေတဲ့ ဣန္ဒြေစောင့်စည်းမှုကသုစရိုက် သုံးပါးကို အပြည့်အဝဖြစ်စေတယ် ။။

ကမ္မဋ္ဌာန်းနဲ့ဣန္ဒြေတို့ကို ချုပ်ထားတော့ လောဘလည်းမဖြစ် ဒေါသလည်းမဖြစ် ဒီတော့ ကိုယ်မှာလည်း ဒုစရိုက်ဝင်မလာ နှုတ်မှာ စိတ်မှာလည်း ဒုစရိုက်ဝင်မလာ ၊ သုစရိုက်ချည်း ဖြစ်နေတာပေါ့၊ဒါ

http://www.dhammadownload.com

ကြောင့်ကမ္မဋ္ဌာန်းတစ်ခုခု အသုံးပြုပြီးကျွန်ုပ်စောင့်စည်းမှုပွားစေလျှင် သုစရိုက်သုံးပါး ပြည့်စုံစေကြောင်း ဟောတော်မူခြင်းဖြစ်ပါတယ်။

သုစရိုက်ပွားက သတိပဋ္ဌာန်ပြည့်စုံပုံ

ဒီ နောက်ဆက်ပြီး တဆင့် သုစရိုက်သုံးပါးပွားစေခြင်းဖြင့် သတိပဋ္ဌာန်လေးပါး အပြည့်အဝ ဖြစ်ရပုံကို ဟောတော်မူပြန်တယ်၊ အချုပ်က ရဟန်းသည် ကာယဒုစရိုက်ပယ်ပြီး ကာယသုစရိုက်ပွားစေတယ် ၊ ဝစီဒုစရိုက်ပယ်ပြီး ဝစီသုစရိုက်ပွားစေတယ်၊ မနောဒုစရိုက်ပယ်ပြီး မနောသုစရိုက်ပွား စေတယ် ၊ ဒီလို သုစရိုက်သုံးပါးပွားစေလျှင် သတိပဋ္ဌာန်လေးပါး အပြည့်အဝဖြစ်လာရတယ် ။

ဒီနေရာမှာလည်း ဝိပဿနာဘာဝနာမှု ပြုနေခြင်းကို ဆိုလိုပါတယ် ၊ ဘာဝနာမှု ပြုနေလျှင် ဒုစရိုက်ပယ်မှု သုစရိုက်ပွားစေမှုဟာ ပြီးနေပါတယ် ၊ ဝိပဿနာပွားနေလျှင် ဝိပဿနာက ဒုစရိုက်သုံးပါး ပယ်ရှားနေတာပဲ ၊သုစရိုက်သုံးလည်း ဖြစ်ပွားစေနေတာပဲ၊ ပြီး ဝိပဿနာဆိုတာကလည်း သတိပဋ္ဌာန်မှတစ်ပါး တခြားမဟုတ်ပါဘူး ဒါကြောင့် သုစရိုက်သုံးပါး ပွားစေလျှင် သတိပဋ္ဌာန်လေးပါး အပြည့်အစုံဖြစ်လာရကြောင်း မိန့်တော်မူခြင်းဖြစ်ပါတယ် ၊ ဝိပဿနာ သတိပဋ္ဌာန်ကနေပြီး လောကုတ္တရာ မဂ် သတိပဋ္ဌာန်အထိ ဆိုက်ရောက်သွားရလို့ သတိပဋ္ဌာန်လေးပါးအပြည့်အစုံ ဖြစ်လာကြောင်း ဟောတော်မူခြင်းပါပဲ။

သတိပဋ္ဌာန်ပွားက ဗောဓိပြည့်စုံပုံ

ဒီ နောက် သတိပဋ္ဌာန်ပွားစေခြင်းဖြင့် ဗောဓိပက္ခိယ

http://www.dhammadownload.com

ပြည့်စုံလာရကြောင်း မိန့်တော်မူပြန်တယ်၊ အချုပ်က ရုပ်အပေါင်း ဆိုတဲ့ ကာယကို ကာယဟုရှုနေမယ်၊ ဝေဒနာကို ဝေဒနာအဖြစ် စိတ်ကို စိတ်အဖြစ် ခန္ဓာစသော တရားဓမ္မကို ဓမ္မအဖြစ်ရှုနေမယ် ဒီလို သတိပဋ္ဌာန်လေးပါး ပွားများ ရှုမြင်နေလျှင် ဗောဓိပင်ခုနစ်ပါး အပြည့်အဝဖြစ်လာရတယ် ။

သတိပဋ္ဌာန်လေးပါးပွားများနေလျှင် ဉာဏ်အားရှိလာတဲ့ အခါ ဗောဓိပင်ခုနစ်ပါးလည်း အထင်အရှား ဖြစ်လာတော့တာပဲ၊ ဒါကြောင့် သတိပဋ္ဌာန်လေးပါးပွားနေလျှင် ဗောဓိပွားမှုလည်းပြီး နေတော့ သတိပဋ္ဌာန်ပွားခြင်းဖြင့် ဗောဓိတရားတွေပြည့်စုံစွာဖြစ် လာရကြောင်း မိန့်တော်မူခြင်းဖြစ်ပါတယ် ၊ သတိပဋ္ဌာန်ပွားလို့ မဂ်ဆိုက်သွားလျှင် မဂ်အခိုက်ဗောဓိတွေ အပြည့်အဝဖြစ်လာရ နောက်ဆုံး အရဟတ္တမဂ်ဆိုက်သွားလျှင်တော့ ဗောဓိဘာဝနာ ဟာ အပြည့်အစုံဆုံးအခြေ ဆိုက်ရောက်သွားတော့တာပါပဲ ။

ဗောဓိပွားက ဝိဇ္ဇာဝိမုတ္တိပြည့်စုံပုံ

ဒီ နောက် ဗောဓိတရား ပွားများခြင်းဖြင့် ဝိဇ္ဇာဝိမုတ္တိ အပြည့်အဝ ဖြစ်လာရပုံ ဆက်လက် ဟောတော်မူပြန်တယ်၊ အ ချုပ်က ရဟန်းသည် ကိလေသာကင်းဆိတ်မှု ပျောက်ပြယ်မှုချုပ်မှု ကိုမှီသော ကိလေသာစွန့်ဖို့ရာ နိဗ္ဗာန်ဆီ ပြေးဝင်ဖို့ရာ ရင့်ဆဲရင့်ပြီး ဖြစ်သော သတ္တိသမ္ဗောဓိစသော ဗောဓိခုနစ်ပါး ပွားစေလျှင် ဝိဇ္ဇာဝိမုတ္တိတို့ကို အပြည့်အဝဖြစ်စေတယ် ။

ဒီမှာ ကိလေသာကင်းဆိတ်မှုက သုံးမျိုး ၊ ဝိပဿနာအခိုက် တဒင်္ဂအားဖြင့် ကင်းဆိတ်မှု၊ မဂ်အခိုက် အကြွင်းမဲ့ ဖြတ်ပယ်သော

http://www.dhammadownload.com

အားဖြင့် ကင်းဆိတ်မှု ၊ နိဗ္ဗာန်ဟူသော ကင်းဆိတ်မှု ၊ ဒါ ကိလေသာ ကင်းဆိတ်မှုသုံးမျိုး ဝိပဿနာက ကိလေသာတွေ ပယ်နေတော့ ဗောဒ္ဓိင်ခုနစ်ပါး ပွားနေလျှင် ဝိပဿနာအခိုက်မှာ တဒင်္ဂအားဖြင့် ကိလေသာဆိတ်နေ ပျောက်ပြယ်နေ ချုပ်နေတာပါပဲ ၊ ဒါ့ကြောင့် ထိုသို့ဗောဒ္ဓိင်တရား ဖြစ်ပွားစေခြင်းဖြင့် ကိလေသာ ပယ်ခွာနေမှုကိုပဲ ကိလေသာကင်း ဆိတ်မှု ပျောက်ပြယ်မှု ချုပ်မှုကို မှီသော သတိစသောဗောဒ္ဓိင်ကို ပွားများတယ်လို့ ဆိုခြင်းဖြစ်ပါတယ် ဒီနေရာမှာ ကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်မှုဆိုတာ အတူတူပါပဲ ။။

ဝိပဿနာက နိဗ္ဗာန်ကို အာရုံမပြုနိုင် ဒါ့ကြောင့် ဝိပဿနာအခိုက်မှာ အာရုံအနေ တိုက်ရိုက်မတွေ့ရသော်လည်း နိဗ္ဗာန်ကို ရည်ရွယ် တောင်းတချက်ထား ဝိပဿနာပွားတာဖြစ်လို့ နိဗ္ဗာန်ကို လိုလားတဲ့ အဖျာသယအားဖြင့် နိဗ္ဗာန်ဆိုတဲ့ ကင်းဆိတ်မှုကို မှီသော ဗောဒ္ဓိင်လို့ပဲ ဆိုနိုင်ပါတယ် ။။

မဂ်အခိုက်မှာဖြစ်တဲ့ ဗောဒ္ဓိင်တွေကျတော့ သမုစ္ဆေဒ လုံးဝ ပြတ်သောအားဖြင့် ကိလေသာ ဆိတ်နေ ပြယ်နေ ချုပ်နေလို့ ထိုဗောဒ္ဓိင်တွေကို ကိလေသာ ဆိတ်မှု ပြယ်မှု ချုပ်မှုကို မှီသော ဗောဒ္ဓိင်လို့ ဆိုရပါတယ် ၊ ဒီမဂ်အခိုက် ဗောဒ္ဓိင်တွေကျတော့ နိဗ္ဗာန်ကို တိုက်ရိုက် အာရုံပြုနိုင်လို့ အာရုံပြုသောအားဖြင့် နိဗ္ဗာန်ဟူသော ကင်းဆိတ်မှုကိုမှီတဲ့ ဗောဒ္ဓိင်တွေလို့ ဆိုရပါတယ် ။

ကိလေသာစွန့်ဖို့ နိဗ္ဗာန်ဆီပြေးဝင်ဖို့ ရင့်ဆဲ ရင့်ပြီးဖြစ်သော ဗောဒ္ဓိင်ကို ပွားတယ်ဆိုရာမှာ လည်း အတန်ငယ် ရှင်းဖို့ လိုပါတယ်၊ ကိလေသာ စွန့်မှုဆိုတာ ဝိပဿနာအခိုက် တဒင်္ဂအားဖြင့် မဂ်အခိုက် သမုစ္ဆေဒအပြတ်ဖြတ်သောအားဖြင့် ကိလေသာပယ်မှုပါပဲ၊

http://www.dhammadownload.com

နိဗ္ဗာန်ဆီ ပြေးဝင်မှုဆိုတာ ဝိပဿနာအခိုက် လိုလားတောင့်တ အဏ္ဍာသယအားဖြင့် ညွှတ်မှု မဂ်အခိုက် အာရုံပြုသော အားဖြင့် နိဗ္ဗာန်သို့ ဆိုက်ရောက်မှုပါပဲ ၊ ဗောဓိပင်တရားတွေဟာ ဝိပဿနာ အခိုက်မှာ ကိလေသာစွန့်ဖို့ နိဗ္ဗာန်ဆီ ပြေးဝင်ဖို့ ရင့်ဆဲလို့ ဆိုရတယ်၊ မဂ်အခိုက်မှာတော့ ကိလေသာစွန့်ဖို့ နိဗ္ဗာန်ဆီပြေးဝင်ဖို့ ရင့်ပြီးလို့ ဆိုရတယ် ၊ ဒီနေရာမှာ ရင့်တယ်ဆိုတာ ဒီ ဗောဓိပင်တွေဟာ အားကြီးတဲ့ ဝိပဿနာမှာ ဖြစ်ရတော့ အာသေဝနအထုံရပြီး စွမ်းရည်သတ္တိရှိနေကြတဲ့အတိုင်း ကိလေသာပယ်စွန့်ဖို့ရာ နိဗ္ဗာန်ဆီ ပြေးဝင်ဖို့ရာ ထက်မြက်သန်.ရှင်း လှသည့်အဖြစ်ကိုပဲ ရင့်တယ်လို့ ဆိုရတယ် ၊ ဝိပဿနာဗောဓိပင်တွေက ကိလေသာပယ်ဖို့ နိဗ္ဗာန်ဆီ ပြေးဝင်ဖို့ ထက်မြက်ကြ အားရှိကြသော်လည်း ကိလေသာအပြတ် ဖြတ်နိုင်တဲ့ သတ္တိမရှိတော့ ရင့်ဆဲဆိုရတယ် ၊ မဂ်ကတော့ဝိပဿနာ က ကိလေသာပယ်ခွါ ပေးခဲ့တဲ့ အရှိန်ဟုန်အရ ကြောင့်ကြမစိုက် ရပဲ ကိလေသာတွေ ပယ်ခွါနိုင် နိဗ္ဗာန်သို့ရောက်နိုင်တဲ့ သတ္တိအပြည့် ရလာလို့ ရင့်ပြီးလို့ဆိုရပါတယ် ၊ ဝိပဿနာယောဂီဟာ ထိုသို့ကိလေ သာပယ်ဖို့ နိဗ္ဗာန်ဆီပြေးဝင်ဖို့ ရင့်ဆဲရင့်ပြီး ဖြစ်လောက်အောင် သတိစသော ဗောဓိပင်ကိုပွားတယ် ဆိုလိုပါတယ်၊ ဒီစကားတွေချုပ် လိုက်လျှင် ဝိပဿနာဆိုက်အောင် မဂ်ဆိုက်အောင်ဗောဓိပင်တွေ ပွားတယ်လို့ ဆိုလိုရင်းပါပဲ ။

ကိလေသာကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်မှုကို မှီသော ကိလေသာစွန့်ဖို့ရာ နိဗ္ဗာန်ဆီပြေးဝင်ဖို့ရာ ရင့်ဆဲရင့်ပြီးဖြစ်သော သတိသမ္ဗောဓိပင်ကိုပွားတယ် ၊ စသော စကားများနောက်ကလည်း

http://www.dhammadownload.com

ပါခဲ့ပါပြီ၊သို့သော် ရှင်းမပြခဲ့ ဒါ့ကြောင့် ဒီနေရာမှာ ဝိပဿနာအခိုက် မဂ်အခိုက်မှာ ကိလေသာကင်းဆိတ်မှု မှီပုံစသည်ကို စုံလင်အောင် ဆိုခဲ့ခြင်းဖြစ်ပါတယ် ၊ သို့ သော် ဒီဒေသနာက ဗောဇ္ဈင်တွေပွားစေ ခြင်းဖြင့် ဝိဇ္ဇာဝိမုတ္တိနဲ့တို့ကို ပြည့်စေသည်ကို ဆိုတာဖြစ်တော့ ဝိဇ္ဇာ ဝိမုတ္တိတို့နှင့် တကွဖြစ်တဲ့ ဗောဇ္ဈင်များသာ ဖြစ်ခဲ့ရာ ဒီနေရာမှာတော့ လောကုတ္တရာ ဗောဇ္ဈင်သာယူရပါတယ်။

သမ္မဇဉ်ရှိသူ

ထို့နောက် ဘုရားရှင်က ဘယ်ပုံ ၊သမ္မဇဉ်ရှိလျှက် နေသည်ကို ဆက်လက်ဟောကြားတော်မူခဲ့ပါတယ် ၊ အချုပ်က ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်ဉာဏ်ပညာဖြင့် ပြုလုပ်တတ်တယ်၊တဲ့တဲ့ကြည့်ရာ တစ်စောင်းကြည့်ရာ လက်ခြေကွေးရာ ဆန့်ရာ သင်္ကန်းသပိတ် ကိုင်တွယ်သုံးစွဲရာ စားရာ သောက်ရာ ခဲရာ လျက်ရာ ကျင်ကြီးကျင်ငယ်စွန့်ရာ သွားရာ ရပ်ရာ ထိုင်ရာ အိပ်ရာ နိုးရာ ပြောဆိုရာ (၆)ဌာန ဤအခါတွေမှာလည်း ပညာ အဆင်အခြင်ဖြင့် ပြုလေ့ရှိတယ် ။။

ရှေတက်ရာ နောက်ဆုတ်ရာ စသည်တို့၌ အများပုဂ္ဂိုလ်တို့ရဲ့ သာမန်အသိက သူရှေ့တက်တယ် ငါရှေ့တက်တယ် ပုဂ္ဂိုလ်သတ္တဝါ ရှေ့သွားနောက်ဆုတ်တယ် ဆိုတဲ့ အသိပဲ ၊ ထိုလူသာမန် အသိကို ကျော်ပြီး ဓမ္မတွေအပေါ်မှာ ရောက်တဲ့အသိကို သမ္မဇဉ်ဆိုပါတယ်၊ အမှန်က ယခင်ပြောခဲ့တဲ့ ကိစ္စအားလုံးဟာ ဓမ္မတွေရဲ့ကိစ္စတွေရှေ့ တက်လိုတဲ့ စိတ်ဖြစ်ပေါ်လာလျှင် အဲ ဒီ စိတ်က လှုံ့ဆော် ပေးလို့ ရှေ့တက်မှု ဖြစ်စေတတ်တဲ့ ရုပ်တွေပေါ်လာတာပဲ အဲဒီတော့ ဒီ

http://www.dhammadownload.com

စိတ်နှင့် ဒီရူပ်တွေကို ရှုမြင်တတ်တဲ့ ပညာကို သမ္မဇဉ်ဆိုရ အဲဒီလို အားလုံး ကိရိယာအမူအရာတွေမှာ ရုပ်ကိစ္စ နာမ် ကိစ္စအဖြစ်မြင်တဲ့ သမ္မဇဉ်နှင့် ပြုရမယ့်အကြောင်း မိန့်တော်မူခြင်း ဖြစ်ပါတယ် ।ဒီတော့ သမ္မဇဉ်ခေါ် ပညာကလည်း သတိမပါပဲ ဖြစ်တာမဟုတ်တော့ သတိ သမ္ဘောရှင်ဖြစ်ကြောင်း ဖြစ်ရတာပါပဲ।

အလွန်ကျေးဇူးပြုတတ်သော တရားနှစ်ပါး

ဒွေ ဓမ္မာ ဗဟုကာရာ သတိစ သမ္မဇညဉ္စ । သတိနှင့် သမ္မဇဉ်တရားနှစ်ပါးဟာ အလွန်ကျေး ဇူးများတဲ့ တရားတွေလို့ ဟောတော်မူပါတယ် ।

ဘယ်ကမ္မဋ္ဌာန်းကိုမဆို အားထုတ်ကြတဲ့ ယောဂီမှန်သမျှတို့ အဖို့ဘယ်အခါမဆို သတိသမ္မဇဉ်ဆိုတဲ့ဒီတရားနှစ်ပါးဟာလွန်စွာ ကျေးဇူးပြုတတ်ပါတယ် । ဘာ့ကြောင့်လဲ နိဝရဏ ဘေးရန်ကို ပယ်ရှား တတ်သောကြောင့် တစ်ကြောင်း ဘာဝနာကို တိုးပွားစေတတ် သောကြောင့်တစ်ကြောင်း ကျေးဇူးပြုတတ်တယ်လို့ မိန့်ဆိုခြင်းဖြစ်ပါ တယ်।ကမ္မဋ္ဌာန်းမှန်သမျှမှာ သတိပညာဟာ မပါမဖြစ်အရေးကြီးတဲ့ တရားနှစ်ပါးပါ। ဒီနေရာမှာ ဘယ်အခါမဆို ကျေးဇူးပြုတတ်တယ် ဆိုတာက ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ စိတ်တွန့်ဆုတ် ပျင်းရိခြင်း စိတ်ပျံ့လွင့်ခြင်း ဒီနှစ်မျိုးဟာ ကြုံရတတ်ပါတယ်। ဒီလို တွန့်ဆုတ်မှု ပျံ့လွင့်မှုမျိုး ကြုံရတဲ့အခါ ဒီ တရားနှစ်ပါးက ဒီဘေး ရန်တွေကို ပယ်ရှားခြင်း ဘာဝနာကို တိုးပွားစေခြင်းဖြင့် ကျေးဇူး ပြုတတ်တယ် । တွန့်ဆုတ်မှု ပျံ့လွင့်မှုဖြစ်တဲ့အခါ သတိက အကျိုးဖြစ် တရား အကျိုးမဲ့တရားတို့ကို မှတ်သားတတ်တဲ့တရားမို့ ထိုအမှုတွေ

http://www.dhammadownload.com

ပပျောက်ရေးမှာ အကျိုးဖြစ်တရားတွေ ဖြည့်ပေးခြင်းဖြင့် ထိုနီဝရဏဘေးရန်တွေ ပျောက်ရတယ်၊ ပညာက အမှန်တရား သိခြင်းဖြင့် ထို နီဝရဏဘေးရန်တွေ ပျောက်ရတယ်၊ပညာက အမှန်တရား သိခြင်းဖြင့် ရွက်ဆောင်ပေးတော့ ဘာဝနာတိုးတက်လာတယ်၊ ဒီလိုနဲ့ ဘာဝနာလုပ်ငန်းဟာ ဒီ တရားနှစ်ပါး လက်ကိုင်ထားလျှင် တိုးတက်လာနိုင်လို့ ဘယ်ကမ္မဋ္ဌာန်းကို မဆို အားထုတ်ကြတဲ့ ယောဂီမှန်သမျှ အား ကျေးဇူးများ ကျေးဇူးပြုတတ်တဲ့ တရာနှစ်ပါးလို့ ဟောတော်မူခြင်း ဖြစ်ပါတယ်၊ အထူးသဖြင့် သတိသမ္ဘောဇ္ဈင်ဖြစ်ဖို့ရာမှာ ဒီ တရားနှစ်ပါးက ပဓာနမို့ ဒီသတိသမ္ဘဇင်ကို တစ်နံပါတ် သတိသမ္ဘောဇ္ဈင်ဖြစ်ကြောင်း အဖြစ်ဖြင့် ပြဆိုခဲ့ခြင်းဖြစ်ပါတယ်။

(၂) သတိမေ့သူကို ရှောင်ကြဉ်ခြင်း

လောကမှာ ပေါင်းသင်းဆက်ဆံမှုဟာလည်း အရာရာမှာ အရေးကြီးပါတယ်၊ ပညာမဲ့သူနှင့် ပေါင်းလျှင် မိမိမှာ ပညာရဖို့ အကျိုးမဖြစ် တရားမဲ့သူနှင့်ပေါင်းလျှင် တရားရခြင်း အကျိုးမဖြစ် အကျိုးမဖြစ်ရုံသာ မဟုတ်ဘဲ မိမိလည်း တရားမဲ့သူ ဖြစ်တတ်ပါသေးတယ်၊ ဒါ့ကြောင့် ဒီနေရာမှာ မေ့လျော့သူ သတိလွတ်သူကို ရှောင်ခြင်းကို သတိသမ္ဘောဇ္ဈင် ဖြစ်ကြောင်းအဖြစ်ဖြင့် ဆိုခြင်းဖြစ်ပါတယ်။

ကိုယ်တိုင်က တရားအားမထုတ် တရားဘက်မှာ မေ့လျော့ပျေါ်ဆနေသူ တစ်ဦးနှင့်ပေါင်းနေ လျှင် ထိုသူထံမှ သတိသမ္ဘောဇ္ဈင် ဖြစ်ဖို့နည်းလမ်း ရ မတဲ့လား၊ မရနိုင်ပါဘူး မရတဲ့အပြင် သူနှင့်

http://www.dhammadownload.com

ပေါင်းခြင်းဖြင့် ဓာတ်ဆက်ဓာတ်ကူးပြီး ငါးပုပ် ဖက်နဲ့ထုပ်လျှင် ဖက်လည်း အပုပ်နံ့စွဲသလို မိမိလည်း မေ့လျော့သူအဖြစ် ရောက်တတ်ပါသေးတယ်၊ ဒါ့ကြောင့် သတိသမ္ဘောဇျင်ဖြစ်ဖို့ အကြောင်းတွေထဲမှာ ဒီလို မေ့လျော့တတ်တဲ့ ပုဂ္ဂိုလ်ကို ခွါရှောင်ကြဉ်ခြင်းဟာလည်း အကြောင်းတစ်ရပ်ဖြစ်ရပါတယ်။

(၃) သတိမမေ့သူကို မှီခိုပေါင်းသင်းခြင်း

တတိယအကြောင်းက မမေ့သူ သတိမလွတ်ပဲတရား၌စွဲနေသူကို မှီခိုပေါင်းသင်းခြင်းဖြင့် ဒီလို ပုဂ္ဂိုလ်မျိုးပေါင်းတော့ သူ့ထံမှ သတိသမ္ဘောဇျင်ဖြစ်ကြောင်း နည်းလမ်းရနိုင်တယ်၊ သူ့ကို အားကျပြီး မိမိလည်း မမေ့အောင် ကြိုးစားဖို့ စိတ်သန်လာမယ်၊ ဇလတ်ပန်းဖက်ရွက်နဲ့ထုပ်တော့ ဖက်ရွက်လည်း အနံ့ကူးကာ မွှေးကြိုင်လာရဆိုသလို မိမိလည်း ထိုပုဂ္ဂိုလ်မျိုးပေါင်းသင်းခြင်းဖြင့် ဓာတ်ဆက်ဓာတ်ကူးကာ သတိကောင်းသူ တရားမမေ့ စွဲမြဲသူအဖြစ်ရောက်လာနိုင်ပါတယ် ။

ဒီ အချက်နှင့်စပ်လို့ မဟာဝဂ္ဂသံယုတ်လာ အမိန့်တော်တစ်ရပ် ရှိနေပါတယ်၊ နေထွက်လာခြင်း၏ ရှေ့ပြေး ပုဗ္ဗနိမိတ်မှာ ရောင်နီပေါ်ခြင်း အရုဏ်တက်ခြင်း ဖြစ်သကဲ့သို့ ၊ ထို့အတူ ဗောဇျင်ခုနစ်ပါးဖြစ်ဖို့ရာ ရှေ့ပြေး အကြောင်း ပုဗ္ဗနိမိတ်မှာ ကလျာဏမိတ္တတာ မိတ်ဆွေကောင်းရှိခြင်းပင် ဖြစ်ကြောင်း ၊ ကဲလျာဏမိတ္တ မိတ်ဆွေကောင်း ရှိသူအဖို့ ဗောဇျင်ခုနစ်ပါး ပွားများလိမ့်မည်မှာ မချွတ် ဧကန်သာ ဖြစ်ကြောင်း ဟောတော်မူခဲ့ပါတယ်၊ ဒါ့ကြောင့် မမေ့တတ်သူ သတိမလွတ်သူ ကလျာဏ မိတ္တ ဆရာသမားစသော

http://www.dhammadownload.com

ပုဂ္ဂိုလ်များကို မှီခိုချဉ်းကပ် မှီဝဲခြင်းမှာ သတိသမ္ဗောဇျွင်ဖြစ်ဖို့ရာ' အရေးကြီးတဲ့ အကြောင်းတစ်ရပ်ပင် ဖြစ်ပါတော့တယ်။

(၄) သတိသမ္ဗောဇျွင်၌ သက်ဝင်ညွှတ်ကိုင်းခြင်း

သတိသမ္ဗောဇျွင်၌ သက်ဝင်ညွှတ်ကိုင်းနေသည်၏ အဖြစ်ဒါက စတုတ္ထသတိသမ္ဗောဇျွင်ဖြစ်ကြောင်း သွားရာ လာရာ ရပ်ရာ ထိုင်ရာ နေရာတကာတိုင်းမှာ သတိသမ္ဗေဇျွင်ဖြစ်ဖို့ရာ အမြဲတမ်း စိတ်ညွှတ်နေခြင်းဖြင့် မဖြစ်သေးတဲ့ သတိဖြစ်လာအောင် ဖြစ်ပြီးတဲ့ သတိ လွတ်မသွားရ အဆက်ဆက် တိုးပွားအောင် ကြိုးစားနေမှာ ဖြစ်လေတော့ ဒီလို သတိသမ္ဗောဇျွင်ဖြစ်ဖို့ စိတ်ညွှတ်နေခြင်းမှာ သတိဖြစ်ဖို့ရာ လွန်စွာလိုအပ်တဲ့ အကြောင်းတစ်ရပ်ပါပဲ ၊ ဒီ လိုစိတ်ညွှတ်နေမှုလည်း သတိပဋ္ဌာန်နဲ့ မကွာဘဲ တစ်ပါတည်း ကပ်ယူထားမှာဖြစ်တော့ သတိဖြစ်ဖို့ရာ စိတ်အမြဲ ညွှတ်နေခြင်းမှာ သတိသမ္ဗောဇျွင်ဖြစ်ဖို့ရာ အကြောင်းတစ်ရပ်ဖြစ်ရပါတယ် ။

ဓမ္မဝိစယသမ္ဗောဇျွင်ဖြစ်ကြောင်း

ရဟန်တို့ မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇျွင်ဖြစ်လာဖို့ရာ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇျွင် ၏ ဘာဝနာပြည့်စုံပြီးမြောက်ဖို့ရာ အကြောင်းကဘာလဲ ၊ ရဟန်းတို့ ကုသိုလ်တရား အကုသိုလ်တရား အပြစ်ရှိသောတရား အပြစ်မရှိသောတရား ယုတ်သောတရား မြတ်သောတရား မည်းညစ်သော အဖို့ရှိသောတရား ဖြူစင်သော အဖို့ရှိသောတရားတွေ ရှိနေကြတယ် ၊ ထိုတရားတို့၌ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မျှားစွာပြုပြင်ခြင်းမှာ

http://www.dhammadownload.com

မဖြစ်သေးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ဖို့ ဖြစ်ပြီးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်၏ ဘာဝနာပြည့်စုံပြီးမြောက်ဖို့ အကြောင်းပင် ဖြစ်ပါ တော့တယ် ။

ဒီ ဒေသနာတော်လာ တရားတွေက ကုသိုလ် အကုသိုလ် တရားတွေပါပဲ ဒီတရားတွေမှာ အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုဆိုတာ ဒီတရားတွေရဲ့သဘောကို သိအောင်ပြုမှုကို ဆိုပါ တယ်၊ဒီတရားတွေမှာ သဘာဝလက္ခဏာခေါ်တဲ့ ကိုယ်ပိုင်အမှတ် အသားတွေ ရှိနေပါတယ် ၊ ကုသိုလ်ရဲ့ အပြစ်မရှိခြင်း လက္ခဏာ အကုသိုလ်ရဲ့ အပြစ်ရှိခြင်းလက္ခဏာ၊ စိတ်ရဲ့သိမှုလက္ခဏာ၊ ဖယသရဲ့ တွေ့ထိမှု လက္ခဏာစသည်ဖြင့် မိမိတို့ရဲ့ အသီးသီးသဘော လက္ခ ဏာ ကိုယ်စီရှိနေကြတော့ အဲဒီ ကိုယ်ပိုင်သဘောလက္ခဏာတွေကို သဘာဝလက္ခဏာဆိုပါတယ် ၊ အနိစ္စ မမြဲ ၊ ဒုက္ခ ဆင်းရဲ ၊ အနတ္တ- အစိုးရတဲ့ အတ္တကောင် မဟုတ်ဆိုတဲ့၊ အခြင်းအရာတွေကတော့ တရားတိုင်းမှာ ရှိနေတဲ့ သဘောတွေ ဒါကြောင့် သာမည လက္ခ ဏာအားလုံးမှာ အတူတူဖြစ်နေတဲ့ လက္ခဏာအားလုံး တရားတွေနဲ့. သက်ဆိုင်တဲ့ လက္ခဏာ ၊ အဲ ဒီ သဘာဝလက္ခဏာ သာမည လက္ခ ဏာတွေကို ထိုးထွင်း သိမှု သိအောင်ပြုမှုကိုပဲ ယောနိသော မနသိ ကာရ ဆိုပါတယ် ၊ ဒီတရားတွေကို သိနေတဲ့ ဇောစိတ် တွေပါပဲ။

အဲဒီတော့ ပညာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းဟာ ဆိုခဲ့ပြီး ၊ ကုသိုလ် အကုသိုလ်တရား အာရုံများပဲ ဖြစ်ပါတယ် ။

http://www.dhammadownload.com

ဓမ္မဝိစယသမ္ဗောဇျင် ဖြစ်ကြောင်း(၇)ပါး

အဋ္ဌကထာများမှာ ဓမ္မဝိစယသမ္ဗောဇျင်ဖြစ်ကြောင်းခုနစ်ပါး လာပါတယ် ।

မေးမြန်းခြင်းပြု ၊ ဝတ္ထုစင်စေ ၊ ဣန္ဒြေညီညာ
ပညာမဲ့ကြဉ် ၊ ဉာဏ်ရှင်မီဝဲ ၊ နက်နဲတရား
တွေးစဉ်းစားလျက်၊ ပညာဘက်တွင် ညွှတ်သက်ဝင်
ဉာဏ်မြင်တိုးကြောင်းခုနစ်တည်း ။

(၁) မေးမြန်းခြင်း

ခန္ဓာ အာယတန ဓာတ် သစ္စာ ဣန္ဒြေ ဗိုလ် ဗောဇျင် မဂ္ဂင် သမထ ဝိပဿနာတို့နဲ့စပ်ပြီး မသိသေးလျှင် သိအောင်သင်ကြား လေ့လာထား ၊ လေ့လာထားတဲ့ အရာမှာ မရှင်းလင်းတဲ့အရာတွေ မေးမြန်းခြင်းကို ဆိုပါတယ် ၊ ဒီတရားတွေနဲ့စပ်ပြီး အတော် လေ့ လာထားတော့ ရှေးကတည်းက ဉာဏ်ထဲ အတော်ရှင်းနေခဲ့ ဉာဏ်ထဲ မရှင်းမလင်းဖြစ်နေတဲ့ ခဲရာခက်ဆစ်ကို မေးမြန်းခြင်းဖြင့် ဆရာ့ အဖြေကြားရတော့ ပိုရှင်းလင်းသွားပြီး ဉာဏ်အမြင်တိုးလာ၍ မေးမြန်းခြင်းဟာ ဓမ္မဝိစယ ပညာဖြစ်ကြောင်း ဆိုပါတယ် ။

ဒီနေရာမှာ မေးမြန်းခြင်းသာမက နာယူခြင်း မိမိကဟော ပြောခြင်း ဆွေးနွေးခြင်းများပါ သိမ်းယူသင့်ပါတယ် ၊ အားလုံးဟာ ပညာဖြစ်ကြောင်း ချည်းပါပဲ ၊ ဝိပဿနာအားထုတ်၍ အားရှိတဲ့ ဝိပဿနာ လက်ရှိဖြစ်လာလျှင်တော့ တရားနာရင်း တရားဟောရင်း တရားဆွေးနွေးရင်းနဲ့ မဂ်ဖိုလ် ဆိုက်သွားနိုင်ပါတယ် ၊တရားနာလို့ မဂ်ဖိုလ်ဆိုက်သွားတာတွေကတော့ ကျမ်းဂန်မှာ အများအပြား ရှိ

http://www.dhammadownload.com

နေပါတယ် ၊ ဒီနေရာမှာ အလျှဉ်းသင့်လို့ တရားဆွေးနွေးရင်း မဂ်ဖိုလ်ရသွားတာ ပြောရဦးမယ် အဲဒါကခန္ဓဝဂ္ဂသံယုတ်လာ ခေမကသုတ်ပါပဲ ၊ အဲ ဒီသုတ်ကို အကျဉ်းချုံးပြီး ဟောပါဦးမယ်။

ခေမကသုတ်

တခါက မထေရ်ကြီး အများအပြား ကောသမ္ဗီပြည် ယောသိတာရုံကျောင်းမှာ သီတင်းသုံးကြ ဒီ အခါ အရှင်ခေမကဟာ ဗဒရိကာရုံကျောင်းမှာ အပြင်းအထန် မကျန်းမာပဲ သီတင်းသုံးဆဲရှိနေ မထေရ်ကြီးတွေဟာ ကျော်ကြားတဲ့ ဓမ္မကထိက အရှင်ခေမက တရားလဲနာချင် အရှင်နေရာတောက ခပ်ကျဉ်းကျဉ်း မထေရ်ခြောက်ကျိပ်နေဖို့မဆန့် ပင့်ခေါ်ဖို့ကလည်း အရှင်က မမာ၊ ဒါ့ကြောင့် တစ်ဂါဝုတ်လောက်ဝေးကွာတဲ့ နေရာရှိ ၊ အရှင်ခေမကထံ အရှင်ဒါသက ကို စေလွှတ်မေးခိုင်းကြ တယ် ၊ အရှင်ခေမကရဲ့ ရောဂါဝေဒနာ အခြေအနေ တိုးသလား ဆုတ်သလား မေးခိုင်းတော့ အရှင်ဒါသကက သွားမေး ၊ မဆုတ်တဲ့အကြောင်း တိုးတဲ့အကြောင်း အမိန့်ရှိတော့ ၊ အရှင်ဒါသက က မထေရ်ကြီးတွေထံ ပြန်လျှောက်တစ်ခါ ဥပါဒါနက္ခန္ဓာငါးပါးထဲက တစ်ခုခုကို ငါ ငါ့ဥစ္စာလို့ ရှု သလား မေးခိုင်းပြန် အရှင်ဒါသက သွားမေးတော့ ဒီ လိုမရှုတဲ့ အကြောင်း ပြောတဲ့အတိုင်း မထေရ် ကြီးတွေထံ ပြန်လျှောက်၊ တစ်ခါ ဒီလို မရှုလျှင် အရှင်ခေမက ရဟန္တာဖြစ်ပလား မေးခိုင်းပြန်တော့ သွားမေးပြန်ရ ၊မေးတော့ ဥပါဒါနက္ခန္ဓာထဲက ဘာကိုမှ ငါ ငါ့ဥစ္စာလို့ မရှု သို့သော် ရဟန္တာတော့ မဖြစ်သေး စင်စစ်တော့ ဥပါဒါနက္ခန္ဓာငါးပါးမှာ ငါ ဆိုတဲ့ တဏှာမာနစွဲတော့ ရှိနေသေးရဲ့ ၊ ဒီ ဥပါဒါ

http://www.dhammadownload.com

နက္ခန္တာ ငါဖြစ်တယ်ဆိုတဲ့ ဒိဋ္ဌစွဲဖြင့် မရှုကြောင်းမိန့်လိုက်တယ်၊ အဲဒါ မထေရ်ကြီးတွေ ပြန်လျှောက်တော့ တစ်ခါ မေးခိုင်းပြန်တာက ငါ့ ရှင်ခေမက ငါလို့ အရှင်က ဆိုတယ် ဘာကို ငါလို့ ဆိုသလဲ ရူပ်ကိုပဲ ငါ ဆိုသလား ရူပ်မှ တစ်ပါး တခြားအရာကိုပဲ ငါ ဆိုသလား ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တစ်ခုခုကိုပဲ ငါ ဆိုသလား ထိုဝေဒနာစသည် တစ်ခုခုမှတပါး တခြားအရာကိုပဲ ငါ ဆိုသလား ဘာကို ငါဆိုသလဲ။

အရှင်ဒါသက က သွားမေးရပြန် ဒီ တစ်ခါတော့ အရှင်ခေမက. က ငါ့ရှင် ဒီလိုသွား လိုက်ပြန်လိုက်နဲ့ ထပ်တလဲလဲပြေးလွှား နေရတာ မတော်ပါဘူး ၊ ကဲ တောင်ဝှေးယူခဲ့ တပည့်တော်ပဲ မထေရ်ကြီးတွေရှိရာ သွားမယ်ဆိုပြီး တောင်ဝှေးထောက်ကာ ကြွရောက်လာခဲ့ ၊ ရောက်တော့ မထေရ်ကြီးတွေက ယခင်အမေးမေးကြ ဒီ အခါ အရှင်ခေမက . က ငါ့ရှင်တို့ တပည့်တော် ရူပ်ကိုလည်းငါလို့ မဆို ရူပ်မှတစ်ပါး အခြားအရာကိုလည်း ငါလို့ မဆို ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် တစ်ခုခုကိုလည်း ငါလို့ မဆို ထို ဝေဒနာစသည် တစ်ခုခုမှတစ်ပါး အခြားအရာကိုလည်း ငါလို့ မဆို တကယ်တော့ ဥပါဒါနက္ခန္ဓာငါးပါးလုံးမှာ ငါဆိုတဲ့ တဏှာ မာနစွဲတော့ စွဲသေးတယ် ၊ ဒီ တရားတွေ ငါဖြစ်တယ်ဆို တဲ့ ဒိဋ္ဌစွဲနဲ့တော့ မရှုပါ။

ဥပမာကုမုဒြ ၁ ပဒုမ္မာ ပုဏ္ဏရိက်ကြာတို့ရဲ့ အနံ့ရှိခဲ့ရာ သူ တစ်ယောက်က အရွက်၏ အနံ့ ပဲလို့ ဖြစ်စေ အဆင်း၏ အနံ့ပဲလို့ ဖြစ်စေ ဝတ်မှုံ၏ အနံ့ပဲလို့ဖြစ်စေ ပြောယင် အမှန်ပြောတာ ဖြစ်ပါ့ မလား? ဒီလိုမေးတော့ မထေရ်ကြီးတွေက မဖြစ်ကြောင်းဖြေကြ ၊

http://www.dhammadownload.com

ဘယ်လိုပြောယင် မှန်တဲ့ အပြော ဖြစ်ပါ့မလဲ ၊ မေးမြန်းတော့ အပွင့်၏ အနံ့ဆိုလျှင် မှန်တဲ့ အပြော ဖြစ်ကြောင်းဖြေကြ ၊ အဲဒါလိုပဲ တပည့်တော်ဟာ ရုပ်ဝေဒနာစသော တစ်ခုခုကိုလည်း ငါလို့ မဆို ထိုတစ်ခုခုမှတစ်ပါး တခြားအရာကိုလည်း ငါလို့မဆို တကယ်တော့ ခန္ဓာငါးပါးလုံးအပေါ်မှာ ငါ ဆိုတဲ့တဏှာ မာနစွဲ ရှိနေပါသေးတယ်၊ ဒီ ရုပ်စသည်ဟာ ငါဖြစ်တယ်လို့ ဒိဋ္ဌိစွဲနဲ့ မရှုပါ ။

ငါ့ရှင့်တို့ အရိယာသာဝကအဖို့ သြရမ္ဘာဂိယ သံယောဇဉ် ငါးပါး ပယ်ရှားထားသော်လည်း သူ့အဖို့ သိမ်မွေ့တဲ့ ငါဆိုတဲ့ မာန တဏှာ အနုသယမပယ်ရသေး နောက်အခါတော့ ထိုဥပါဒါ နက္ခန္ဓာတို့၌ အဖြစ်အပျက်ကို ရှုနေလျှင် မပယ်ရသေးတဲ့ ငါဆိုတဲ့ မာန တဏှာ အနုသယဟာ အကြွင်းမဲ့ ပြတ်တောက်ခြင်းသို့

ငါ့ရှင်တို့ဥပမာနှင့်ပြောရယင် ကြေးတွေနဲ့ ပေညစ်နေတဲ့ အဝတ်ကိုပိုင်ရှင်တွေက ခဝါသည်ထံ အပ် ခဝါသည်က ဆပ်ပြာတစ် မျိုးမျိုးနဲ့ ရေထဲမှာ ဖွပ်လျော် အဝတ်က ဖွေးဖွေးဖြူစင်သွားပေမယ့် သိမ်မွေ့တဲ့ ဆပ်ပြာနံ့ကတော့ မပျောက်တတ်သေး ၊ ထို အဝတ်ကို ခဝါသည်က ဥစ္စာရှင်ထံ ပြန်အပ်တဲ့အခါ ဥစ္စာရှင်တို့က နံ့သာဖြင့် ထုံထားတဲ့ သေတ္တာထဲ ထည့်ထားကြ၊ ထို အခါ မပျောက်သေးတဲ့ သိမ်မွေ့တဲ့ ဆပ်ပြာနံ့ဟာ ပျောက်ရတော့တယ် ၊ အဲဒါလိုပဲ အရိယာ သာဝကအဖို့ သြရမ္ဘာဂိယ သံယောဇဉ်ငါးပါး ပယ်ရှားပြီးဖြစ်သော်လည်း ဥပါဒါနက္ခန္ဓာတို့၌ သိမ်မွေ့တဲ့ ငါ ဆိုတဲ့ မာန တဏှာ အနုသယဟာ မပယ်ရသေး နောက်အခါ ထိုခန္ဓာတို့၌ အဖြစ်အပျက်ကို ရှုနေယင် မပယ်ရသေးတဲ့ ငါဆိုတဲ့ မာန တဏှာ အနုသယဟာ အကြွင်းမဲ့ ပြတ်တောက်ခြင်းသို့ ရောက်ရတော့တယ် ။

http://www.dhammadownload.com

ဒီတရား အဆုံးသတ်တော့ တရားဟောတဲ့ အနာဂါမ်ထေရ် အရှင်ခေမက ရော မထေရ်ကြီး ခြောက်ကျိပ်တို့ပါ အာသဝကင်းကာ ရဟန္တာဖြစ်ကြရတယ်၊ ဒါ တရားဆွေးနွေးရင်း တရားထူး တက်ရသွားကြတဲ့သာဓကပါပဲ ၊ မထေရ်ကြီးခြောက်ကျိပ်ဟာဘယ်အဆင့် ရောက်နေကြတယ်ဆိုတာ အသေအချာမသိရသော်လည်းအနာဂါမ် အထိ အရိယာအမျိုးမျိုးလည်းပါ ဗလဝဝိပဿနာရှင်တွေလည်းပါ အမျိုးမျိုးပဲ ရှိနေကြလိမ့်မယ်လို့ တွေးနိုင်ပါတယ်၊ အားရှိတဲ့ ဝိပဿနာရှိနေယင်တော့ တရားမေးရင်း နာရင်း ဟောရင်း ဆွေးနွေးရင်းနှင့် အခန့်သင့်တဲ့အခါ မဂ်ဖိုလ်ဆိုက်ရောက်သွားနိုင်ပါတယ်၊ အောက်အောက် အရိယာများလည်း ဒီလိုနဲ့ပဲ အထက် အထက် မဂ်ဖိုလ် ရောက်သွားတတ်ပါတယ်။

အာဝရဏ နိဝရဏသုတ်

ဒီနေရာမှာ မဟာဝဂ္ဂသံယုတ် အာဝရဏနိဝရဏသုတ်အဆို အမိန့်ကိုလည်း သုံးသပ်ကြပါဦးစို့၊ ထိုသုတ်မှာ ဘုရားရှင်က နိဝရဏတရားငါးပါးဟာ ကုသိုလ်တရားတွေကို တားဆီးတတ် ပိတ်ပင်တတ်တဲ့တရား စိတ်၏ညစ်ညူးကြောင်းတရား ပညာကို အားနည်းအောင် ပြုတတ်တဲ့ တရားများဖြစ်ကြောင်း၊ ဗောဓျင်ခုနစ်ပါးတရားတွေ ကတော့ ကုသိုလ်တရားတွေကို မတားမြစ်တတ် မပိတ်ပင်တတ်တဲ့ တရား စိတ်၏ ညစ်ညူးကြောင်းမဟုတ် ဖြူစင်ကြောင်းတရား ပညာကို အားနည်းအောင်မပြု အားကြီးအောင် ပြုတတ်တဲ့တရားတွေဖြစ်ကြောင်း ဟောတော်မူပြီးနောက် ဆက်လက်ဟော ပြန်တာကအရိယာဖြစ်တဲ့ဘုရားတပည့်ဟာတရားတော်ကို လိုလို လားလား

http://www.dhammadownload.com

စိတ်ထဲထား စိတ်ကို လုံးလုံးတရားထဲသွင်းပြီး နာကြားခဲ့ယင် ထိုအခါမှာ နီဝရဏတရားငါးပါး မဖြစ်ကြောင်း ဗောဓိပင်တရားခုနစ်ပါးမှာ ဘာဝနာ၏ပြည့်စုံခြင်းသို့ ရောက်ကြောင်း ဟောတော်မူပါတယ်။

နောက်ကလည်း ဘာဝနာပြည့်စုံခြင်း ဘာဝနာအပြည့်အဝ ဖြစ်လာခြင်းဆိုတဲ့ စကားတွေ ပြောခဲ့ပါတယ်၊ ဘာဝနာပြည့်စုံတယ်ဆိုတာ အရဟတ္တမဂ်အခိုက်ဖြစ်တဲ့ ဗောဓိပင်တွေကို ဆိုခြင်းဖြစ်ပါတယ်၊ ထိုအရဟတ္တမဂ်အခိုက်မှာမှ ဗောဓိပင်တွေဟာ လုံးဝပြည့်စုံအပြီးရောက်နိုင်ပါတယ် ဒါကြောင့် ဒီနေရာမှာလည်း ဘာဝနာပြည့်စုံတယ်ဆိုတာ အရဟတ္တမဂ်ခဏ ဗောဓိပင်တွေကိုပြောတာပါ။

ဒီ အချက်မှာ အဋ္ဌကထာအဆိုကိုလည်း ပြောပါဦးမည်၊ အရိယာသာဝကဟာ မိမိနှင့်လျှောက်ပတ်တဲ့တရား နာရတဲ့အခါ နီဝရဏတွေ ဝေးကွာ ကင်းရှင်းနေသူဟာ ထိုတရားနာရာဌာနမှာပဲ တရားထူးရဖို့ရာ စွမ်းနိုင်ယင်တော့ ထိုနေရာမှာပဲ ဗောဓိပင်တရားတွေဟာ ဘာဝနာပြည့်စုံ ခြင်းသို့ ရောက်ရတော့တယ်၊ တရားနာတုန်း တရားထူးရဖို့ မစွမ်းနိုင်ဖြစ်နေသေးယင်တော့ ထိုနေရာကထပြီး နေ့နေရာ ညဉ့်နေရာသို့ ရောက်တဲ့အခါ ထိုတရားပီတိမကွာရှိနေလို့ နီဝရဏတွေ ခွာနိုင်ပြီး တရားထူးရနိုင်လိမ့်မယ်၊ ဒီနေရာမှာလည်း မရသေးလျှင် ခုနစ်ရက်အတွင်း ထိုတရားကြောင့် ဖြစ်တဲ့ ပီတိမစွန့်မကွာ တပါတည်းရှိနေလို့ တရားထူးကို ဖြစ်စေလိမ့်မယ်လို့ ဆိုပါတယ်၊ ဒါ ဟာ တရားနာရခြင်းကြောင့် တရားထူးရနိုင်တဲ့ အကျိုးပြ သာဓကတစ်ရပ်ပါပဲ၊ ဒါကြောင့် ဒီနေရာမှာ မေးမြန်းခြင်း သာမက တရားဆွေးနွေးခြင်း တရားနာခြင်း တရားဟောခြင်း တရားနှင့်ဆိုင်တဲ့ စာပေတွေ ကြည့်ရှုလေ့လာခြင်းအားလုံး သွင်း

http://www.dhammadownload.com

ယူယင် သင့်လျော်ပါတယ် ။

(၂) ဝတ္ထုစင်ကြယ်စေခြင်း

ဝတ္ထုဆိုတာ တည်နေရာ ခန္ဓာကိုယ်ရော ထိုခန္ဓာကိုယ်နဲ့ စပ်တဲ့ အဝတ်သက်နန်းစသည်ကိုပါ စိတ် စေတသိက်တို့၏ ဖြစ်ရာ ဖြစ်လို့ ဝတ္ထုဆိုပါတယ် စိတ်စေတသိက်တို့က အာရုံပြုသောအား ဖြင့် ထိုခန္ဓာ အဝတ်စသည်တို့၌ ရောက်နေ၍ စိတ်စေတသိက်တို့၏ တည်နေရာဆိုပါတယ် ၊ ခန္ဓာကိုယ်က အတွင်းဝတ္ထု အဝတ်သက်နန်း အိမ် ကျောင်း အိပ်ရာနေရာစသည်က အပဝတ္ထု ထိုကိုယ်တွင်း ကိုယ်ပဝတ္ထုတို့ကို စင်ကြယ်အောင်ပြုခြင်းဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ခြင်း အကြောင်းပါပဲ။

ဆံပင် အမွေး ခြေသည်း လက်သည်းတွေ ရှည်နေမယ် ကိုယ်မှာ ကြေးတွေ ချွေးတွေကပ်တွယ်နေမယ် အတွင်းက လေ သည်းခြေစသည်ဖောက်ပြန်ပြီး ခန္ဓာအတွင်း ဒေါသမကင်းဖြစ်နေ မယ်၊ အဲဒီအခါမှာ အတွင်းဝတ္ထုမစင်ကြယ် မသန့်ရှင်းခြင်းပါပဲ ၊ အဝတ် သက်နန်းဆွေးမြည့်နေမယ် ညစ်နွမ်း နေမယ် အနံ့ အသက် မကောင်းဖြစ်နေမယ် အိမ် ကျောင်း အိပ်ရာ နေရာမှ အမှိုက်တွေ ရှုပ်ပွေနေမယ် ဆိုယင် အဲဒီအခါ အပဝတ္ထု မသန့်မရှင်းဖြစ်နေတာ ပါပဲ။

အဲဒီလို အတွင်းအပ မသန့်ရှင်းလျှင် စိတ်ရှုပ်ပွေနေမယ် ၊ စိတ်ရှုပ်ပွေ မသက်မသာဖြစ်နေလျှင် တည်ငြိမ်မှုမရတော့ ဉာဏ် အမြင်ကောင်းဖို့ အတွက်လည်း အနှောင့်အယှက် ဖြစ်နေတော့ တာပါပဲ ။

http://www.dhammadownload.com

ဒါကြောင့် ဆံပင် လက်သည်း ခြေသည်းတွေ ရှည်နေယင် ဖြတ် ကိုယ်မှာ အညစ်အကြေး ကြေး ချွေးတွေ ညစ်ပေနေယင် ရေချိုး၊ လေ သည်းခြေစသည်တို့ကြောင့် ဒေါသမကင်းဖြစ်နေတဲ့ ခန္ဓာကိုယ်အတွင်းကိုလည်း ဝမ်းနှုတ်ဆေးစသော ဆေးဝါးဖြင့်ပြု ပြင်ပြီး ခန္ဓာကိုယ်ကို ပေါ့ပါးအောင်ပြု အဲဒါလို အတွင်းဝတ္ထုတွေ သန့်ရှင်းအောင်ပြုရတယ် ၊ အဝတ်သက်နှ်း ဆွေးနေညစ်နေ အနံ့ မကောင်း ဖြစ်နေတာကို ချုပ်ခြင်း လျှော်ဖွပ်ခြင်းဖြင့် စင်ကြယ် အောင်ပြု အမှိုက်စသည်ဖြင့် ရှုပ်ပွေနေတာတွေကို သုတ်သင် ရှင်း လင်းခြင်းဖြင့် အပဝတ္ထုတွေ သန့်ရှင်းအောင်ပြုရတယ်၊

အတွင်းအပဝတ္ထုတွေ မသန့်မရှင်းဖြစ်နေတဲ့အခါ ထိုအခါ ဖြစ်လာတဲ့ စိတ်စေတသိက်တွေမှာ ပါတဲ့ ဉာဏ်လည်း မသန့်ရှင်း တော့ဘူး မစင်ကြယ် မသန့်ရှင်းတဲ့ ဆီမီးခွက် မီစာကိုတို့ကို အစွဲပြု ဖြစ်လာရတဲ့ မီးလျှံရဲ့အရောင်ဟာ မသန့်မရှင်း မကြည် မလင် ဖြစ်ရတာလိုပါပဲ ၊ အတွင်းအပဝတ္ထုတွေ သန့်ရှင်းနေတဲ့အခါဖြစ်လာ တဲ့ စိတ်စေတသိက်တွေမှာ အတူပါတဲ့ ဉာဏ်ပညာလည်း သန့်ရှင်းစင် ကြယ်ရတယ် ၊စင်ကြယ်တဲ့ သန့်ရှင်းတဲ့ မီးခွက် မီးစာ ဆီတို့ကို အမှီပြုဖြစ်လာတဲ့ မီးလျှံရဲ့ အရောင်ဟာ သန့်ရှင်းကြည် လင်နေသလိုပါပဲ ၊ ဒါကြောင့် အတွင်းအပဝတ္ထု မသန့်ရှင်းခြင်းဟာ ဉာဏ်ပညာဖြစ်ဖို့ အနှောင့်အယှက် အတားအဆီးဖြစ်ကြောင်း ထို ဝတ္ထုတွေ သန့်ရှင်းခြင်းဟာ ဉာဏ်ပညာဖြစ်ကြောင်းမို့ ဓမ္မဝိစယ ဖြစ်ဖို့ရာမှာ ဒီဝတ္ထုတွေ သန့်ရှင်းခြင်းဟာ အကြောင်းတစ်ရပ် ဖြစ်ရ ပါတယ်။

မိခင်ရောဝတီ

http://www.dhammadownload.com

(၃)ဣန္ဒြေညီမျှအောင်ပြုခြင်း

ဘာဝနာအလုပ် အားထုတ်တဲ့အခါ တရားတွေ ညီညီမျှမျှ အလုပ်လုပ်နေကြဖို့ လိုပါတယ်၊ အထူးသဖြင့် ပဓာနဖြစ်တဲ့တရားတွေ ညီညီမျှမျှ အလုပ်လုပ်နေကြဖို့ အရေးကြီးပါတယ် ၊ ဘာဝနာတက်အောင် ဆုတ်အောင်လုပ်နိုင်တဲ့ ပဓာနတရားတွေက ဣန္ဒြေတွေပါပဲ ဣန္ဒြေခေါ် အစိုးရတဲ့ တရားတွေဆိုတာ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာတရားတွေပါပဲ ၊ ဆိုင်ရာမိမိကိစ္စမှာ လွန်စွာစိုးမိုး အစိုးရတဲ့တရားတွေ ယှဉ်ဖက်တရားတွေကို မိမိအလိုပါအောင် စိုးမိုးချုပ်ကိုင်တတ်တဲ့ တရားတွေ ဒါ့ကြောင့် ဣန္ဒြေ အစိုးရတဲ့ တရားတွေဆိုရပါတယ် ၊ ဒီတရားတွေ ညီညီမျှမျှ အယုတ်အလွန်မရှိကြပဲ ကိုယ့်ကိစ္စ ကိုယ်ဆောင်ရွက်နေကြယင် ပညာလည်း သူ့ကိစ္စ သူကောင်းကောင်း ဆောင်ရွက်နိုင်ပါတယ် ၊ ဒီလိုမဟုတ်ပဲ တစ်ခုက လွန်နေ တခြားဣန္ဒြေတွေက ယုတ်နေနဲ့ မညီမမျှဖြစ်နေကြယင် ပညာဟာ ကိုယ့်ကိစ္စကောင်းစွာမဆောင်ရွက်နိုင် ဒါ့ကြောင့် ဣန္ဒြေတွေ ညီမျှခြင်းဟာ ဓမ္မဝိစယပညာ ဖြစ်ခြင်းအကြောင်းဖြစ်ရပါတယ်

သဒ္ဓါ မယုတ် မလွန်ရ

လောကမှာ ကိုယ့်အလုပ်ထဲ ယုံကြည်မှုမရှိတဲ့ ပုဂ္ဂိုလ်ဟာ အလုပ်ကိုတကယ်ကြိုးစားမှာ မဟုတ်ပါဘူး ၊ အလုပ်တိုးတက်ရေး လည်းစဉ်းစားနိုင်မည်မဟုတ် ၊ အလုပ်ထဲ စူးစိုက်မှုလည်းရှိမှာမဟုတ်၊ အဲဒါလိုပဲ ယုံကြည်သက်ဝင်မှု သဒ္ဓါက အားနည်းနေလျှင် ဝီရိယ ကလည်း မထက်သန် ပညာဉာဏ်ကလည်း အမြင်မရှင်း ၊သမာဓိ ကလည်း လျော့ရဲရဲ စွဲမြဲမည်မဟုတ် ၊ ယုံကြည်သက်ဝင်မှု သဒ္ဓါအား

http://www.dhammadownload.com

သန်လျှင်တော့ ဝီရိယလည်းအားသန် ပညာလည်း အမြင်သန် သမာဓိကလည်းအထူးစူးစိုက် သတိလည်းအထူးကောင်းလာမှာပါပဲ၊ ဒီတော့ သဒ္ဓါယုတ်မှုဟာ ဘာဝနာရဲ့ အနှောင့်အယှက်တစ်ရပ်ပါပဲ

သဒ္ဓါယုတ်လျှင် ဘာဝနာအနှောင့်အယှက်ဖြစ်သလို လွန်လွန်းနေပြန်တော့လည်း အနှောင့်အယှက်ပဲ ဖြစ်ရပြန်ပါတယ် ဘာဝနာအလုပ် အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ တရားကတော်တော် တက်လာယင် တရားအပေါ်မှာ တရားအရှင် ဘုရားအပေါ်မှာ ယုံကြည်သက်ဝင်မှု သဒ္ဓါဟာ လွန်လွန်ကဲကဲဖြစ် လာတတ်ပါတယ်၊ တခြားသဒ္ဓါအားကြီးစေတတ်တဲ့ အကြောင်းတွေလည်း ရှိတတ်ပါသေးတယ် ၊ ဒီလိုသဒ္ဓါအားကြီးလာလျှင်တော့ အဲဒီသဒ္ဓါနောက် စိတ်ကလိုက်ပါနေတာနဲ့ ပညာလည်း အမြင်မရှင်း ဝီရိယ သမာဓိစသည်တို့လည်း လျော့လာတတ်ပါတယ် ၊ အဲဒီလိုသဒ္ဓါအားကြီးနေတဲ့ အခါမှာ ဝီရိယကလည်း မြှောက်ပင့်အားပေးမှုကိစ္စ မလုပ်နိုင် သတိကလည်း အာရုံကပ်တည်မှုကိစ္စမလုပ်နိုင် သမာဓိကလည်း မပျံ့လွင့်မှု ကိစ္စမလုပ်နိုင် ပညာကလည်း မြင်မှုကိစ္စမလုပ်နိုင် ဒီအခါမှာ သဒ္ဓါနဲ့ လျော့လာအောင်လုပ်ပေးရတယ်၊ တရား သဘောကို ဆင်ခြင်ခြင်းဖြင့်လည်း လျော့လာတတ်တယ် ၊ ဘယ်လို ဆင်ခြင်မလဲ?။

သဒ္ဓါရဲ့ ကြည်ညိုအပ်တဲ့ ဘုရား တရားစသည်က အာရုံ အကြောင်းအာရမ္မဏပစ္စည်း သဒ္ဓါနဲ့ စိတ်စေတသိက်တွေက အာရုံ အကြောင်းရှိတဲ့ အကျိုးအာရမ္မဏိကပစ္စယုပ္ပန်စသည်ဖြင့် ပစ္စည်း ပစ္စယုပ္ပန်အဖြစ် ဆင်ခြင်းခြင်း အနိစ္စ ဒုက္ခ အနတ္တအဖြစ်ဆင်ခြင်ခြင်း သဒ္ဓါစသော တရားတို့ရဲ့ သဘောကို ဆင်ခြင်ခြင်းစသည်ဖြင့်

http://www.dhammadownload.com

တရားသဘောတွေ ဆင်ခြင်ရပါတယ်။ ।ဒီလိုတရားသဘောတွေဆင်ခြင်တော့ ဒါဟာ ဒီတရားတွေရဲ့ သဘောပဲလို့ သိတဲ့ ပညာ ဗျာပါရက လွန်ကဲလာတော့ သဒ္ဓါရဲ့ သက်ဝင်ဆုံးဖြတ်မှု ကိစ္စဟာ လျော့လာရတယ် ।ဝန်ဆောင်အကြီးအမှူး တရားတွေထဲမှာ သဒ္ဓါအားကြီးယင် ပညာလျော့လာရ ပညာအားရှိတဲ့ အခါလည်း သဒ္ဓါက မျော့သွားရ ဒါ့ကြောင့် ပညာအားကြီးယင် သဒ္ဓါအားပျော့သွားရတာ ဖြစ်တော့ အားကြီးတဲ့ သဒ္ဓါလျော့လာပြီး ညီမျှလာအောင် ပညာ အားကိုး တရားသဘောတွေ ဆင်ခြင်ခြင်းဖြင့် မြှင့်ပေးရတာပါပဲ။

တစ်မျိုးအားဖြင့် အားကြီးနေတဲ့ သဒ္ဓါလျော့သွားအောင် လျော့နေတဲ့ ဝီရိယစသည်တက်လာအောင် လုပ်ရမှာက သဒ္ဓါ လွန်ကဲမှု ဖြစ်စေတတ်တဲ့ နှလုံးသွင်းမှု တစ်မျိုးမျိုး အစွဲပြုပြီး သဒ္ဓါ လွန်ကဲလာ ရတာဖြစ်တော့ ထိုသို့သော နှလုံးသွင်းမှုမျိုး နှလုံးမသွင်းတော့ပဲ ရပ်စဲဖြတ်တောက်လိုက်ပြီး ဝီရိ ယစသည် ထက်မြက်လာစေ တတ်တဲ့ နှလုံးသွင်းမှုမျိုး နှလုံးသွင်းလိုက်ယင် အားကြီးတဲ့ သဒ္ဓါဟာ လျော့လာပြီး ဝီရိယစသည်တို့နှင့် အညီအမျှ ဖြစ်လာပါလိမ့်မယ်။ ဝီရိယစသည် ထက်မြက်လာစေတတ်တဲ့ နှလုံးသွင်းမှုမျိုးဆိုတာက နောက်ပြောမယ့် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းစသည်တို့ဖြင့် သိနိုင်ပါတယ်။

ဝက္ကလိမထေရ်ဝတ္ထု

ဒီနေရာမှာ ဝက္ကလိမထေရ်ဝတ္ထုကို ထုတ်ပြကြပါတယ် ।ဝက္ကလိမထေရ်ဟာ ဘုရားရှင်၏ ရူပကာယတော်ကို ဖူးမြော်ခြင်းခံ သာ ကြောင့်ကြစိုက်နေလေတော့ ဘုရားရှင်က ဝက္ကလိ ဤကိုယ်

http://www.dhammadownload.com

ကာယအပုပ်ကို ရှုမြင်နေခြင်းဖြင့် ဘာအကျိုးရှိမလဲ?၊ တရားမြင်သူမှ ငါဘုရားကိုမြင်ရတယ် ငါဘုရား ကိုမြင်သူမှ တရားမြင်ရတယ် ၊ စသည်ဖြင့် ဆုံးမပြီး ကမ္မဋ္ဌာန်းအလုပ် အားထုတ်ဖို့ တိုက်တွန်းသော်လည်း မရပဲရှိနေလို့ နှင်ထုတ်လိုက်တယ် ၊ ထိုအခါ မိမိကိုယ်ကို ချောက်ထဲခုန်ချသေတော့မယ်လို့ တောင်ချောက်နခမ်းရှိရာဌာနသို့ တက်သွား ထိုအခါ ဘုရားရှင်က ၊ကိုယ်တော်မြတ် ထိုင်နေရာကပင် ရောင်ခြည်တော်လွှတ်ကာ ကိုယ်တော်ကို ထင်စွာပြလျက် ၊

ပါမောဇ္ဇဟုလော ဘိက္ခု – ပသန္နော ဗုဒ္ဓသာသနေ ၊
အဓိဂစ္ဆေ ဌာနံ သန္တံ – သင်္ခါရူပသမံ သုခံ ။

ဆိုတဲ့ ဂါထာကိုဟောကာ လာခဲ့ဝက္ကလိလို့ ခေါ်တော်မူလိုက်တယ် ဘုရားရှင်တရားကြားရ ဘုရားရှင်ခေါ်တဲ့ အသံကြားလိုက်ရတယ်၊ ဆိုယင်ပဲ အမြိုက်ရေစင်ဖြင့် သွန်းလောင်းခံရသလို အလွန်နှစ်သက်ရွှင်လန်းဝမ်းသာပြီး ဒီ အခါကျမှ ဝိပဿနာကို ဖြစ်စေ ပွားစေခဲ့ပါတယ် ။

သို့သော်သဒ္ဓါက အားကြီးနေတော့ ပိပဿနာလမ်းကြောင်း အမှန်သို့ မဆိုက်မရောက်ပဲ ရှိနေခဲ့တယ်၊ ဒါကို သိတော်မူတဲ့ ဘုရားရှင်က ဝက္ကလိမထေရ်အား ဣရိယာပထပြည့်မျှမျှ ဖြစ်စေဖို့ရန် ကမ္မဋ္ဌာန်းကိုသုတ်သင်ရှင်းလင်းနည်းလမ်းပေးတော်မူတယ်၊ဘုရားရှင်ပေးတဲ့ နည်းလမ်းမှာ တည်ပြီး ဝိပဿနာအားထုတ်လိုက်တော့ မဂ်အဆင့်ဆင့်တက်ကာ ရဟန္တာအဖြစ်ရောက်သွားတော်မူရပါတယ်၊ ဒီနေရာမှာ သဒ္ဓါလွန်နေလို့ ဝိပဿနာပညာ ကောင်းကောင်းအလုပ်မလုပ်နိုင်ပုံ သဒ္ဓါနှင့်ပညာ တခြားဣရိယာပထတွေ ညီညီမျှမျှ ဖြစ်အောင်ပြုပြင်ပေးနိုင်တော့ ဝိပဿနာပညာ ကောင်းစွာအလုပ် လုပ်နိုင်ပြီး

http://www.dhammadownload.com

အကျိုးသက်ရောက်ပုံကို သိနိုင်ပါတယ် ။။

ပါမောဇ္ဇဗဟုလော-တရားအာရုံ စွမ်းအဟုန်ဖြင့် မွမ်းထုံ လွှမ်းလာ ချမ်းသာအတိ များသောဝမ်းသာခြင်း ရှိနေသော၊ **ဗုဒ္ဓ သာသနေ**-သီလ သမာဓိ ပညာဟု သိက္ခာသုံးရပ် ဘုရားမြတ် သာသနာ၌ ၊ **ပသန္နော** - သဒ္ဓါရည်ပို အဆီစိုလျက် မှီခိုမလပ် ကြည်ညိုတတ်သော၊**ဘိက္ခု**-သာသနာ၏ ဝန်တာထမ်းပျော် ရဟန်း တော်သည်၊**သန္တံ**-ကိလေသာဝေး အေးကြီးအေးကာ ငြိမ်းချမ်းရာ ဖြစ်သော ၊**သခီရုပသမံ** - သခီရတို့ လုံးဝရုပ်သိမ်း ချုပ်ငြိမ်းစင်ကွာ အေးမြရာ ဖြစ်ပေထသော ၊ **သုခံ**-လောကီသုခ တုမရတဲ့ သုခအစစ် တကယ်ဖြစ်သော ၊ **ပဒံ** - အရိယာတို့ သိရာရပ်မှန် မြတ်နိုဗ္ဗာန်ကို၊ **အဓိဂစ္ဆေ**-ကိုယ့်စွမ်းအားပြ တရားရလျက် လှလှပိုင်ပိုင် ရနိုင် ရောက်နိုင်ပါပေသတည်း ။

ဝိရိယ မယှက် မလွန်ရ

ဝိရိယလျော့နေ ပျော့နေယင်လည်း တခြားဣန္ဒြေတွေ အလုပ်ကောင်းကောင်း မလုပ်နိုင် ဖြစ်ရတယ်၊ ဝိရိယပင့်မြှောက် ပေးမှုက တခြားဣန္ဒြေတွေ အလုပ်ကောင်းကောင်းလုပ်ဖို့ အင်အား တစ်ရပ်ပါပဲ ၊ ပျော့နေယင် တခြားဣန္ဒြေတို့ရဲ့ ကိစ္စဆောင်ရာမှာ အနှောင့်အယှက် ဖြစ်သလို ဝိရိယဣန္ဒြေလွန်နေမယ် အားကြီးနေ မယ်ဆိုယင်လည်း အနှောင့်အယှက်ပဲ ဖြစ်ရပြန်ပါတယ် ၊ ကြိုးစားမှု လွန်ကဲလို့ ဝိရိယဣန္ဒြေအားကြီးနေမယ်ဆိုယင် သဒ္ဓိဣန္ဒြေဟာသက်ဝင် ဆုံးဖြတ်မှု ကိစ္စပြုလုပ်ခြင်းဌာ မတတ်နိုင် ၊ တခြားဣန္ဒြေများလည်း

http://www.dhammadownload.com

ကိုယ့်ကိစ္စ ကိုယ်မဆောင်ရွက်နိုင်ပဲ ဖြစ်ကြရတယ်၊ ဒီလိုအခါမျိုးမှာ လွန်ကဲနေတဲ့ ဝီရိယကို ပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင်ပွားစေခြင်းဖြင့် လွန်နေတဲ့ ဝီရိယကို ယုတ်အောင်လုပ်ပေးရတယ် ။

ပဿဒ္ဓိ သမာဓိ ဥပေက္ခာပွားစေခြင်း ဆိုတာကနောက်ပြောမယ့် ပဿဒ္ဓိ သမာဓိ ဥပေက္ခာ သမ္ဗောဇ္ဈင်ဖြစ်ကြောင်းတွေ ပြည့်စုံအောင်ပြုပြီး ပဿဒ္ဓိစသည်ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးခြင်းပါပဲ ဒါတွင်မက ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ရှေးကဘယ်တရားဘယ်လို အားထုတ်တဲ့အခါ ပဿဒ္ဓိပေါ် လာဖူးတယ်၊ သမာဓိကောင်းဖူးတယ်ဆိုတဲ့ အသိအမှတ်မျိုး ရှိနေတတ်ပါတယ်၊ အဲ ဒီအသိအမှတ်ရ ရှေးက ပဿဒ္ဓိစသည်ဖြစ်ခဲ့ဖူးတဲ့ ဘာဝနာဖြစ်ပွားစေခြင်းဖြင့် ပဿဒ္ဓိစသည်ဖြစ်အောင် လုပ်ရပါတယ်၊ သမာဓိလွန်လျှင်အပျင်းဝင်လာတတ်တယ်၊ ထို အပျင်းဘက် ကျရောက်မသွားရအောင် စောင့်ရှောက်ကာကွယ်တတ်တာက ဝီရိယ ပညာ ပီတိ ဗောဇ္ဈင်တွေ ဒီတော့ ဝီရိယစသည် ပွားစေခြင်းဟာ လွန်နေတဲ့ သမာဓိလျော့စေကာ မိမိတို့နှင့် သမဖြစ်လာစေတတ်ပါတယ်၊ အဲ ဒါ လိုပဲ ဝီရိယလွန်တော့ ပျံ့လွင့်မှု ဝင်လာတတ်တယ်၊ထိုပျံ့လွင့်မှု ဘက်ကျရောက် မသွားရအောင် စောင့်ရှောက်ကာကွယ်တတ်တာက ပဿဒ္ဓိ သမာဓိ ဥပေက္ခာဗောဇ္ဈင်တွေပါပဲ ၊ ဒီတော့ ပဿဒ္ဓိစသည် ပွားစေခြင်းဟာ လွန်နေတဲ့ ဝီရိယလျော့စေကာ မိမိတို့နှင့် အညီအမျှသမလာစေတတ်ပါတယ်

သောဏမထေရ်ဝတ္ထု

ဒီနေရာ သောဏမထေရ်ဝတ္ထုကို ထုတ်ပြကြတယ်၊

http://www.dhammadownload.com

သောဏမထေရ်ဆိုတာ အလွန်နူးညံ့တဲ့ မထေရ် ခြေဘဝါးမှာတောင် အမွေး ပေါက်နေတယ် ဆိုပါတယ်။ ထို မထေရ်ဟာ ရဟန်းဖြစ်ပြီးတဲ့ နောက် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီး ၊ ယင်းတိုက်တောသုသာန်မှာ သီတင်းသုံးရင်း ငါ့ကိုယ်ဟာ နူးညံ့လှတယ် ဒါပေမယ့် ချမ်းသာဖြင့်ချမ်းသာကို ရနိုင်တာမဟုတ် ခန္ဓာကိုယ် ပင်ပန်းအောင်ပြုပြီး၊ တရားအားထုတ်သင့်တယ်လို့ အကြံရတဲ့အတိုင်း ရပ်မှုန့်စကြိန်လျှောက်မှု ဒီနှစ်ခုသာ အဓိဋ္ဌာန်ပြုပြီး ကမ္မဋ္ဌာန်းတရား အားထုတ် လိုက်တာ ခြေဖဝါးအပြင်မှာ အဖုတွေပေါ်လာ ကွဲလာပေါက်ပြဲလာ ဒီ အခါ ဒူးထောက် စကြိန်သွား အားထုတ်ပြန်တော့ ဒူးတွေကွဲ လက်တွေပြဲ အပေါက် အပြဲတွေဖြစ်လာ စကြိန်တစ်လျှောက်သွေးတွေအနှံ့ တင်းကျမ်းပြန့်နေခဲ့တယ် ၊ ဒီ အခါ ဘုရားရှင်ကြွတော်မူလာပြီး စောင်းဟာ ကြိုးတင်းလွန်း လျော့လွန်းလျှင် အသံမသာ တီးမကောင်းပုံ မလျှော့ မတင်း သမဖြစ်မှ အသံသာ တီးကောင်းပုံ ဥပမာတပ်ပြီး ဝီရိယနှင့် သမာဓိညီအောင် ညှိဖို့ ဣန္ဒြေတွေ အညီအမျှဖြစ်စေဖို့ နည်းလမ်းပေး ညွှန်ပြပြီး ဂိဏ္ဍဟုဋ္ဌိတောင်သို့ ကြွတော်မူခဲ့တယ်၊ သောဏမထေရ်လည်း ဘုရားရှင်ပေးတဲ့ နည်းအရ ဝီရိယ သမာဓိ သမဖြစ်အောင် ယှဉ်ညှိပြီး ပွားများတော့ ဝိပဿနာ အဆင့်ဆင့် တက်ကာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရပါတယ် ။

ဒီဝတ္ထုမှာ ဝီရိယလွန်နေလို့ တခြားဣန္ဒြေတွေ အလုပ်ကောင်းစွာ မလုပ်နိုင်ပုံ ဝီရိယနှင့် သမာဓိ ညီပေးတော့ တခြားဣန္ဒြေတွေလည်း အညီအမျှဖြစ်လာ အလုပ်ကောင်းစွာလုပ်နိုင်ပုံ ဒါ့ကြောင့်လည်း ဝိပဿနာပညာဟာ အဆင့်ဆင့် မြင့်တက်လာပြီး အရဟတ္တ

http://www.dhammadownload.com

ဖိုလ်ပေါက်ရောက်ရပုံ ဒီလိုရင်းအချက်ကို သတိပြုသင့်ပါတယ် ။

အဲ ဒါလိုပဲ ကျန်တဲ့ ဣန္ဒြေများမှာလည်း တစ်ခုကလွန်နေ လျှင် တခြားဣန္ဒြေတွေ ကိုယ့်ကိစ္စ ကိုယ်မဆောင်နိုင်ပဲ ရှိရပုံကို လည်း သိနိုင်လောက်ပါပြီ ။

သဒ္ဓါလွန်ကဲ ပညာနည်းခြင်း အပြစ်

အထူးအားဖြင့် သဒ္ဓါနှင့်ပညာ ဝီရိယနှင့်သမာဓိတို့၏ ညီမျှ ခြင်းကို ပညာရှိတို့ ခိုးမှမ်းကြတယ် သဒ္ဓါအားကြီးပြီး ပညာနည်းယင် ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ပြီး ကြည်ညိုတတ်မှုမရှိပဲ အချည်းနှီး အကျိုးမရှိသော ကြည်ညိုခြင်းမျိုးဖြင့် ကြည်ညိုတတ်တယ်၊ မကြည် ညိုထိုက်သော ဝတ္ထုများ၌ ကြည်ညိုတတ်တယ်။

ဒါတွင်မက ပညာနည်းတဲ့ သဒ္ဓါကြီးရှင်ဟာ ဘုရားရှင်ကို ပူဇော်ရာစသည်မှာလည်း ဂုဏ်တော်တွေထဲ အသိမရောက် ရုပ်ပွားဆင်းတုတော်လောက်မှာသာ အာရုံရောက်ပြီး ကြည်ညိုမှု မလေးနက်ပဲ ရှိတတ်ပါသေးတယ် ।တရားတော်အရာမှာလည်း တကယ်မွန်မြတ်တဲ့ တရားအစစ် တရားမြတ်တို့၏ ဂုဏ်တော်ကို အာရုံမပြုတတ် ပြုရမှန်းပင် မသိဘဲ အဟောတရား အပြောတရား လောက်သာ တရားထင်ပြီး အမြင်မလှ ဖြစ်တတ်ပါတယ်၊ သံဃာ ကြည်ညိုရာမှာလည်း ထို့အတူပဲ ဂုဏ်တော်ကို မမှန်းတတ် ပုဂ္ဂိုလ်မျှ လောက်မှာသာ စိတ်ရောက်ပြီး တဏှာပေမ မကင်းတဲ့ ကြည်ညို ခြင်းမျိုးသို့ ရောက်သွားတတ်တယ် ။

ဒါနပြုရာမှာလည်း ဘုရားရှင်အလိုကျ ဒါနမျိုးဖြစ်အောင် ဆေးမှားလို့ဖြစ်လာတဲ့ ရောဂါကဲ့သို့ ကုစားခက်လှသတဲ့ ၊ စိတ်ဖြစ်

http://www.dhammadownload.com

မလျှုတတ် ဝိဝဋ္ဋနိဿိတဖြစ်အောင် စိတ်မထားတတ် ပကာသန အကျော်အစောတွေလိုလားတဲ့ စိတ်ထားတွေဝင်လာ အကုသိုလ် ခြံရံလာနဲ့.အကျိုးရသင့်သလောက် မရပဲ ရှိတတ်ပါတယ် ၊ ထို့အတူ သီလဆောက်တည်မှုစသည်မှာလည်း တကယ့်သီလဖြစ်အောင် မရည်ရွယ်တတ် စိတ်မထားတတ်လို့ အမြတ်ရသင့်သလောက် မရ ဘဲ ရှိတတ်ပါတယ် ၊ ဒါ့ကြောင့် သဒ္ဓါအားကြီး ပညာနည်းလျှင် ကု သိုလ်အရာမှာ အကျိုးရသင့်သလောက်မရ မရတဲ့အပြင် အပြစ် တွေပင် ဖြစ်လာတတ်ပါသေးတယ် ။

ပညာလွန်ကဲ သဒ္ဓါနည်းခြင်း၏ အပြစ်

ပညာအားကြီးပြီး သဒ္ဓါနည်းသူအဖို့စင်းလဲကောက်ကျစ်တဲ့ ဘက် သက်ရောက်သွားတတ်တယ် ၊ ဆေးကြောင့်ဖြစ်တဲ့ ရောဂါ ရုံမျှဖြင့် ကုသိုလ်ဖြစ်တယ်လို့ လွန်ပြေးသွားပြီး ၊ ဒါနစသည် မပြုဘဲ ငရဲ၌ဖြစ်ရတတ်တယ် ၊ စိတ်ဖြစ်ရုံနဲ့ ကုသိုလ်ဖြစ်တယ်ဆိုတာ လျှုဖွယ် ဝတ္ထုမပါပဲ စိတ်ထဲကလျှုရုံ (သို့.မဟုတ်)သူများအလျှု ဝမ်းမြောက်ရုံနဲ့ ဒါနဖြစ်တယ် ၊စသည်ဖြင့် အကြောင်းအတုအယောင်တွေနဲ့ အလှည့် စားခံရပြီး အကြံဆန်းတွေ ကြံလာတယ် ၊ စိတ်ကောင်းထားပြီးတာပဲ သီလစောင့်ဖို့မလို စသည်ဖြင့် တခြားကုသိုလ်တွေကိုလည်း စိတ်နဲ့ပဲ စကားပြောပြီး ပစ်တတ်တယ် ၊ ဒီလိုပုဂ္ဂိုလ်မျိုးဟာ နူးညံ့ပျော့ပျောင်း စိတ်ကောင်းကလေးတွေကို သဒ္ဓါအစေးခြောက်ခန်း ကြမ်းတမ်းတဲ့ တွေးတောခံယူချက်က လုယက်ဖျက်ဆီးထားပြီး ဖြစ်လေတော့ ပညာရှိတို့ စကားကို မလိုက်နာနိုင်ပဲ ရှိတော့တယ် ၊ ဘယ်လိုပင် သဘောယုတ္တိကျမ်းအရှိန်နဲ့ ပြောပြပေမယ့် သဘောကျ နားလည်မှု

http://www.dhammadownload.com

မရှိနိုင်တော့ ဒါကြောင့်ပဲ ဆေးမှားတဲ့ ရောဂါလို အကုရခက်ကြောင်း မိန့်ဆိုကြခြင်း ဖြစ်ပါတယ်။

သဒ္ဓါနဲ့ ပညာ မျှလျှင်တော့ ကြည်ညိုသင့်တဲ့ အရာမှာသာ ကြည်ညိုတတ် ပြုသင့်တဲ့ ကုသိုလ်တွေ ပြုတတ် ပြုတဲ့အခါလည်း အကျိုးရှိ အမြတ်ရအောင် ပြုတတ်ပါတယ် ။

သမာဓိ ဝီရိယညီမျှအောင်ပြု

သဒ္ဓါပညာနှစ်ပါး အချင်းချင်း ညီညီမျှမျှဖြစ်ယင် အကျိုးကို ဆောင်တတ်သလို မညီမမျှဖြစ်လျှင် အကျိုးမဲ့ကို ဆောင်တတ်သလို ထို့အတူ သမာဓိ ဝီရိယနှစ်ပါး အချင်းချင်းညီညီမျှမျှ ဖြစ်နေယင် အကျိုးကိုဆောင်တတ် မညီမမျှဖြစ်နေယင် အကျိုးမဲ့ကို ဆောင်တတ်ပါတယ် ၊ သမာဓိအားကောင်းပြီး ဝီရိယအားနည်းလျှင် သမာဓိက ကောသဇ္ဇခေါ် အပျင်းဘက်ပါ တရားမို့ ၊ အပျင်းတရား လွှမ်းမိုးဖိစီးလာတတ်တယ် ၊ ဝီရိယအားကြီးပြီး သမာဓိအားနည်းနေယင် ဝီရိယက ဥဒ္ဓစ္စဆိုတဲ့ ပျံ့လွင့်ခြင်း ဘက်ပါတရားမို့၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စလွှမ်းမိုး ဖိစီးလာတတ်တယ် ၊ ဒီလိုဖြစ်နေယင် မိမိတို့လိုလားတဲ့ အပွနာ စျာန် မဂ်သို့ မသက်မရောက်နိုင်ဘဲ ရှိနေရတော့တယ် ၊ သမာဓိကို ဝီရိယနဲ့ ညီမျှအောင် ယှဉ်ပေးယင် အပျင်းဘက် ကျရောက်ခွင့်မရတော့ ဝီရိယကို သမာဓိနဲ့ ညီမျှအောင် ယှဉ်ပေးယင် ပျံ့လွင့်ခြင်းဘက် ကျရောက်ခွင့်မရတော့ သမာဓိလွန်လျှင် ဘယ်ဘာဝနာပွားရမယ် ၊ ဝီရိယလွန်လျှင် ဘယ်ဘာဝနာပွားရမယ်ဆိုတဲ့ အညီအမျှဖြစ်အောင် ပွားပုံကိုနောက်ကပြောခဲ့ပါပြီ ၊ ဒီ သမာဓိ ဝီရိယနှစ်ပါးမယုတ် မလွန် အညီအမျှဖြစ်အောင် ပြုပေးနိုင်လျှင် အပွနာ

http://www.dhammadownload.com

ဈာန် မဂ်သို့ သက်ရောက်လာနိုင်ပါတယ် ။

အားရှိသော သဒ္ဓါစသည် သင့်လျော်ပုံ

နောက်က သဒ္ဓါလွန်ကဲမှု စသည်ကြောင့် ဖြစ်တဲ့ အပြစ်များ ပြခဲ့သော်လည်း သူ့နေရာအလိုက် အားရှိတဲ့သဒ္ဓါစသည်များသင့် လျော်ပုံ အဋ္ဌကထာများမှာ တစ်နည်းအားဖြင့် ပြကြပါသေးတယ်၊ သမထကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်အဖို့ အတော်အတန်အားရှိတဲ့ သဒ္ဓါဟာသင့်ပါတယ် ၊ ဒီလိုသဒ္ဓါအားရှိခဲ့လျှင် ယုံကြည်သက်ဝင်ပြီး အပွနာဈာန်သို့ ရောက်ပေလိမ့်မယ်၊ယုံကြည်ဆိုတာက ပထဝီပထဝီ မြေမြေနဲ့ နှလုံးသွင်းရုံမျှနှင့် ဘယ်လိုဈာန်ပေါ်လာနိုင်ပါ့မလဲ လို့ မတွေးတော မစဉ်းစားပဲ မြတ်စွာဘုရား ဟောတော်မူတဲ့ အစီအရင် ဟာ မဗျတ်ဧကန်ပြည့်စုံလိမ့်မယ်ဆိုတဲ့ ယုံကြည်မှုမျိုးကို ဆိုပါတယ်၊

သမာဓိအလုပ် သမထကမ္မဋ္ဌာန်းအလုပ် အားထုတ်ဟဲ့ ပုဂ္ဂိုလ်အဖို့ အားရှိတဲ့ ဧကဂ္ဂတာ သင့်လျော်ပါတယ်၊ ဧကဂ္ဂတာအား ရှိယင် အပွနာဈာန်ရောက်တတ်တယ် ၊ ဝိပဿနာအလုပ် လုပ်တဲ့ ပုဂ္ဂိုလ်အဖို့ အားရှိတဲ့ ပညာသင့်ပါတယ် ၊ ထိုသို့ ပညာအားရှိယင် အနိစ္စစသော လက္ခဏာကို ထိုးထွင်း သိခြင်းသို့ရောက်နိုင်ပါတယ် သမာဓိ ပညာနှစ်ပါး ညီညီမျှမျှဖြစ်ယင်လည်း အပွနာဈာန်ရောက် တတ်ပါတယ် ။

အရာခပ်သိမ်းမှာ လို့အပ်သောတရား

သတိကတော့ ဣန္ဒြေအားလုံးမှာ အားရှိယင် သင့်လျော်ပါ တယ် ဘာကြောင့်လဲဆိုတော့ သတိဟာ ဥဒ္ဓစ္စဘက်သားဖြစ်တဲ့သဒ္ဓါ

http://www.dhammadownload.com

ဝိရိယ ပညာတို့၏ အစွမ်းဖြင့် ဥဒ္ဓစ္စဘက်ကျရောက်ခြင်းမှ ကာကွယ်တတ်တယ်၊ ကောသဇ္ဇအပျင်းဘက်သား သမာဓိအစွမ်းဖြင့် ကောသဇ္ဇဘက်ကျရောက်ခြင်း မှလည်း ကာကွယ်တတ်တယ်၊ ဒါကြောင့် ဒီ သတိဟာဖြင့် ဟင်းမှန်သမျှမှာ ဆားနဲ့ဟင်းခပ် အမွှေး အကြိုင် ဝတ္ထု လိုအပ်သလို မင်း၏ကိစ္စမှန်သမျှ၌ မင်းအလုပ်ခပ်သိမ်းဆောင်ရွက်တတ်တဲ့အမတ်ကြီးကို လိုလားအပ်သလိုအလုံးစုံသော ဣန္ဒြေတို့မှာ လိုလားအပ်တယ်၊ ရှေး အဋ္ဌကထာဆရာများအဆိုမှာလည်း သတိကို အလုံးစုံသော အရာတို့၌ အလိုရှိအပ်၏ဟု ဘုရားရှင်ကဟောတော်မူတယ် ဘာ့ကြောင့်လည်း စိတ်ဆိုတာ သတိသာ အားထားရာရှိခြင်း သတိတရားဟာ စောင့်ရှောက်တတ်သော တရားအဖြစ် ထင်ပေါ်ခြင်း၊ စိတ်ကို မြှောက်မှု နှိပ်မှုဟာ သတိနှင့်ကင်း၍ မဖြစ်နိုင်ခြင်း ဒီ အကြောင်းများအရ သတိဟာ အရာခပ်သိမ်းမှာ လိုလားအပ်ကြောင်း ဟောတော်မူခြင်း ဖြစ်ပါတယ် ။

(၄) ပညာမဲ့ပုဂ္ဂိုလ်ကို ရှောင်ခြင်း

ခန္ဓာစသော တရားတို့၌ သက်ဝင်နိုင်သည့် ဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်ကို ဒုပ္ပညာ ပညာမဲ့တဲ့ပုဂ္ဂိုလ်ဆို ပါတယ်၊ ဒီ တရားတွေမှာပရိယတ် အသိလည်းမရှိ ပဋိပတ်အသိလည်းမရှိတဲ့ ပုဂ္ဂိုလ်လို့လည်းဆိုနိုင်ပါတယ်၊ ဗောဓျင်တရားတွေဖြစ်ဖို့ရာ ဆန့်ကျင်ဘက် ရှောင်ရတယ် ।သင့်လျော်တဲ့တရားမှီဝဲရတယ်၊ ဒီတော့ ပညာမဲ့သူဟာ ဓမ္မဝိစယဖြစ်ဖို့ရာမှာ လျော်တဲ့အရာမဟုတ်ဆန့်ကျင်ဘက် အရာသာဖြစ်လို့ ပညာမဲ့သူကိုရှောင်ကြဉ်ခြင်းကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တစ်ရပ်အဖြစ် ဆိုခဲ့ပါတယ် ။

http://www.dhammadownload.com

(၅) ပညာရှိကို မှီဝဲဆည်းကပ်ခြင်း

ပညာရှိကို မှီခိုဆည်းကပ်မှု၌ ပညာရှိဆိုတာ ဥဒယဗ္ဗယ ဉာဏ်နှင့် ပြည့်စုံတဲ့ ပညာရှိဖြစ်ကြောင်း ပြဆိုကြပါတယ်၊ တရုဏ ဝိပဿနာခေါ် နုတဲ့ဥဒယဗ္ဗယဉာဏ် လက်ရှိဖြစ်နေလျှင်ပင် ဘာဝ နာမယဉာဏ်၌ တည်နေသူဖြစ်လို့ စင်စစ်အားဖြင့် ပညာရှိဖြစ် ကြောင်း သိစေလိုရှိ ဒီမှာပညာရှိအရ ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံသူ ကိုယူခဲ့ပါတယ်၊ ဒီနေရာမှာဝိပဿနာဉာဏ်အဆင့်ဆင့်တက်ရောက် နေသူတွေ မဂ်ရ ဖိုလ်ရပုဂ္ဂိုလ်တွေ ပရိယတ်ဗဟုသုတရှိသူတွေ ပညာရှိအားလုံးယူလည်းသင့်ပါတယ် ။

နောက်ကလည်း ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်း အရေးကြီးပုံပြောခဲ့ပါပြီ ၊ အရှင်အာနန္ဒာ က ကလျာဏမိတ္တဟာ မဂ်တည်းဟူသော ဗြဟ္မစရိယအကျင့်မြတ်ရဲ့ ထက်ဝက်ဆိုရလောက် အောင် အရေးပါကြောင်း လျှောက်တဲ့အခါ ဘုရားရှင်က ဒီလိုမပြော ဖို့တားမြစ်ပြီး ကလျာဏမိတ္တဆိုတာ ဗြဟ္မစရိယခေါ်မဂ်ရဲ့အကုန်လုံး ပင် ဆိုရလောက်အောင် အရေးပါကြောင်း မိန့်တော်မူခဲ့ပါတယ်၊**ယ ထာ ဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော**၊အမှန်တရားသိဖို့ ရာ ဆရာရှာရမယ်ဆိုတဲ့ အမိန့်တော်အရလည်း မှီခိုဆည်းကပ်ရ မယ့် ပုဂ္ဂိုလ်ဟာအရေးပါလှပါတယ်၊ဒါ့ကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းမှာပညာရှိကိုမှီဝဲခြင်းဟာအရေးကြီးတဲ့ အကြောင်းတစ် ရပ် ဖြစ်ရပါတယ်၊

(၆)နက်နဲသောတရား ဆင်ခြင်ခြင်း

မပျောက်ဖို့ တိုးတက်ဖို့ရာမှာ ပညာဖြစ်ဖို့ အမြဲတမ်း စိတ်သက်ဝင်

http://www.dhammadownload.com

ခန္ဓာ အာယတန ဓာတ်စသော တရားများဟာသာမန်ဉာဏ် ဖြင့်သက်ဝင်နိုင်ခဲသော တရားများဖြစ်လို့ အသိခက် အမြင်ခက်နက်နဲသောတရားများဖြစ်ပါတယ်၊ ထိုတရားများရဲ့ သဘော သဘာဝကို ဆင်ခြင်ခြင်း ထိုတရားတွေကို သိမြင်နေတဲ့ ပညာအမျိုးမျိုး အထွေထွေကို ဆင်ခြင်ခြင်း ဟာ အဆင့်ဆင့် ပညာမြင့်ကြောင်းတိုးပွားကြောင်းဖြစ်လို့ ထိုနက်နဲသောတရားနဲ့ နက်နဲသောတရားတို့ကို သိမြင်နေတဲ့ပညာအထူးအပြားအစားစားတို့ကို ဆင်ခြင်ခြင်းဟာလည်း ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တစ်ရပ်ဖြစ်ရပါတယ်။

(၇) ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ သက်ဝင်ခြင်း

မဖြစ်သေးတဲ့ ပညာဉာဏ် ဖြစ်ပေါ်လာဖို့ ဖြစ်လာတဲ့ ပညာ မပျောက်ဖို့တိုးတက်ဖို့ရာမှာ ပညာဖြစ်ဖို့ အမြဲတမ်း စိတ်သက်ဝင်နေခြင်း စိတ်ပါနေခြင်းဟာ အရေးကြီးလှပါတယ်၊ ဒီ လို စိတ်ပါနေမှ ပညာတိုးတက်ရေးအတွက် မလစ်ဟင်းဘဲ အမြဲတမ်း တစ်ဆင့်ပြီး တစ်ဆင့် မြင့်တက်လာအောင် ကြိုးစားမှာဖြစ်ပါတယ်၊ဒါ့ကြောင့် ဒီဗောဇ္ဈင်မှာ စိတ်ပါသက်ဝင်နေမှုဟာ ပညာဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တစ်ရပ်ဖြစ်ရပါတယ် ။

ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း

ရဟန်းတို့ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်၏ ဘာဝနာပြည့်စုံလုံလောက်ဖို့ရာ အကြောင်းဟာ ဘာလဲ ? ရဟန်းတို့ အာရမ္ဘဓာတ် နိက္ကမဓာတ် ပရက္ကမဓာတ်ရှိနေတယ် ထိုဓာတ်သုံးပါးမှာ သင့်တင့်သော အ

http://www.dhammadownload.com

ကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်း မှု များစွာပြုခြင်းသည်၊ မဖြစ်သေးသော ဝီရိယသမ္ဗောဇ္ဈင်ဖြစ်လာဖို့ရာ ဖြစ်ပြီးသော ဝီရိယ သမ္ဗောဇ္ဈင်၏ ဘာဝနာပြည့်စုံလုံလောက်ဖို့ရာ အကြောင်းပင်ဖြစ် တော့တယ်။

ဒီ မဟာဝဂ္ဂသံယုတ်ဒေသနာအရ အာရမ္ဘစသော ဓာတ်သုံး ပါးမှာ သင့်တင့်သော အကြောင်း မှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု ဟာ ဝီရယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းပဲလို့ သိရတယ်၊အာရမ္ဘဓာတ် ကုသိုလ်အမှု ရှေးဦးစွာ စတင်ပြုတဲ့ ဝီရိယစတင်ပြုတဲ့ ဝီရိယကို အာရမ္ဘ ဓာတ် ထိုဝီရိယပင် စိတ်စေတသိက်တို့ကို မလျော့ မယုတ်ရအောင် ဆောင်ထားတတ်သောကြောင့်(သို့မဟုတ်)ကုသိုလ်အစဉ်ကို မပြတ် မလပ် ဆက်စပ်ဖြစ်နေအောင် ဆောင်တတ်သောကြောင့် ဓာတု ဓာတ်လို့လည်း ဆိုရတယ် စတင်အားထုတ်ပြီးနောက် ဆက်ကာ ဆက်ကာ ဖြစ်လာပြီး အာသေဝနအထုံရလာတော့ ဆန့်ကျင်ဘက် အပျင်းကို နှိပ်နင်းတိုက်ဖျက်နိုင် အဲ ဒီလိုနှိပ်နင်းလို့ အပျင်းမှ ထွက် မြောက်လာတဲ့ ဝီရိယကို နိုက္ကမဓာတ် လွန်ကဲသထက်လွန်ကဲတဲ့ ဆန့်ကျင်ဘက်တရားတွေကို နှိပ်နင်းနိုင်လို့ ထက်မြက် သထက် ထက်မြက်ကာ တစ်ဆင့်ပြီးတစ်ဆင့် တက်လာတဲ့ နိုက္ကမဝီရိယထက် အားကောင်းလာသော ဝီရိယကို ပရက္ကမဓာတ်ဆိုရတယ်။

ထိုဓာတ်သုံးပါး၌ သင့်တင့်သော အကြောင်းမှန် လမ်းမှန် အားဖြင့် နှလုံးသွင်းမှုဆိုတာ ထို ဝီရိယဓာတ်သုံးပါးဖြစ်လာအောင် နှလုံးသွင်းမှု ဝီရိယဖြစ်လာအောင် အားပေးတဲ့ နှလုံးသွင်းမှုကို ဆို ပါတယ် ။။

မိခင်ရောဝတီ

http://www.dhammadownload.com

ဝိရိယသမ္မောဇ္ဈင်ဖြစ်ကြောင်း(၁၁)ပါး

ဝိရိယသမ္မောဇ္ဈင်ဖြစ်ကြောင်းဆယ့်တစ်ပါးကို အဋ္ဌကထာ မျှားမှာဖော်ပြကြပါတယ် ။

အပါယ်ဘေးမြင်၊ အာနိသင်မှန်း၊ ကျင့်လမ်းဆင်ခြင် ဆွမ်းလျှင်ရိုသေ၊ အမွေဘုရားမြတ်၊ ဓာတ်အဖော်များ ထူးခြားမြတ်ဟန်၊ တွေးကြံ့မကင်း၊ လူပျင်းရှောင်ရှား ကြိုးစားသူတွေ၊ လုံ့လထဲနစ်၊ သက်ဝင်ဖြစ်၊ဆယ်တစ် ဝိရယဖြစ်ကြောင်းတည်း ။

(၁) အပါယ်ဘေး ဆင်ခြင်ခြင်း

ငရဲများမှာ လက်နှစ်ဘက် ခြေနှစ်ဘက် ရင်ဘတ်ထက်မှာ လောလောပူနေတဲ့ သံဝုတ်ကို ရိုက်သွင်းခြင်းဖြင့် ငါးမျိုးသော နှောင်ဖွဲ့မှုဆိုတဲ့ ညှင်းဆဲမှုအပြုခံရသည်ကစပြီး ဆင်းရဲဒုက္ခခံရတဲ့ အခါတိရစ္ဆာန်မျိုးမှာ ငါးသားဖြစ်လို့ ကွန်ပစ် မြှားထောင်အဖမ်းခံရတဲ့အခါ နှင်တံ တံပြာ သန်ချွန်နဲ့ အထိုးခံရပြီး ဝန်ရုံးနေရတဲ့အခါ ပြိတ္တာဘဝ မှာနှစ် ထောင်ပေါင်းများစွာဘုရားတစ်ဆူအကြား အစာငတ်ရေငတ် နဲ့ခံနေရတဲ့အခါ ကာလကဋ္ဌိက အသူရာမျိုးမှာ အတောင်ခြောက် ဆယ် အတောင်ရှစ်ဆယ်ပမာဏ အရိုးအရေမျှ အတ္တဘောဖြင့် လေ နေပူစသော ဒုက္ခတွေခံနေရတဲ့အခါ ဒီလိုဒီလို အခါမျိုးတွေမှာဝိရိယ သမ္မောဇ္ဈင်ဖြစ်စေဖို့ တတ်နိုင်သည်မဟုတ် ၊ အို ရဟန်း ဒီအချိန်ဟာ သင့်အတွက် ဝိရိယသမ္မောဇ္ဈင်ပွားစေဖို့ရာ အခါပဲလို့ ဒီလိုအပါယ် ဘေး ဆင်ခြင်သူမှာလည်း ဝိရိယသမ္မောဇ္ဈင် ဖြစ်တတ်ပါတယ်။

http://www.dhammadownload.com

ယဒါ ဘဝေ အပါယေတွ -
မနုယျေ ကထံ တဒါ ၊
သတံ ဓမ္မံ သုဓေတ္တမိ -
ဒါနိ ကိ ကုသိတေန တေ ။

တွံ -လူဖြစ်ရှုံးလျက် လူလုံးမလှ အသုံးမကျသောသင်သည်၊ **ယဒါ**- အကုသိုလ်မျိုး အကျိုးပုံမလှ ကြုံရထင်စွာ အကြောင်အခါ၌၊ **အပါယေ**-ဆင်းရဲအသွယ်သွယ် တကယ်စုံလှ အပါယ်ဘုံဘဝ၌ ၊ **ဘဝေ**-အပြစ်ရခြေ ဖြစ်ရပေအုံ့၊ **တဒါ**-ဆင်းရဲချည်းသာ ခံရကာဖြင့် အခါမသင့် အခွင့်မသာ ထိုအခါ၌ ၊ **သတံ ဓမ္မံ** - ဗောဓိပက္ခိယ ဓမ္မအဖြာဖြာ ရတနာအပေါင်း သူတော်ကောင်းတရားကို ၊ **ကထံ အနုယုဇ္ဇေ**- မဖယ်မခွါ အဘယ်မှာ ကျင့်နိုင်ပါအုံ့နည်း ၊**နာနုယုဇ္ဇေဝ** အခွင့်မပိုင် မကျင့်နိုင်တော့သည် သာလျှင်တည်း ၊ **သုဓေတ္တမိ**- ဗုဒ္ဓပွါဒ **နဝမဟု ဓမ္မဖြစ်ကြောင်း** ခေတ်ကောင်းကြီးဖြစ်သော ၊ **ဒါနိ**- ရပ်ပြစ်ရှစ်ပါး ခေတ်အမှားမှ ကျော်လွှားမှုသာ ယခုအခါ၌ **တေ**-ဘဝတစ်ဖုံ အလှဂုဏ်နှင့် ရကြုံနေသောသင့်အား ၊ **ကုသိ တေန**-တရားကင်းရှင်း အားမတင်းဘိ ပျင်းရိပေါ့လျော့နေသဖြင့်၊ **ကိ**-အားထားစဖွယ် ဂုဏ်သွယ်သွယ်တို့ တကယ်မတိုးဘိ အဘယ် အကျိုးရှိပါတော့အုံ့နည်း ။

(၂) အကျိုးအာနိသင် မြင်ခြင်း

ပျင်းရိတဲ့ပုဂ္ဂိုလ်ဟာ လောကုတ္တရာတရား ကိုးပါးရခြင်းငှာ မတတ်နိုင် တကယ်ကြိုးစား အားထုတ်သူသာ ရနိုင်တယ်၊ ဒါဟာ ဝိရိယရဲ့ အကျိုးအာနိသင်ပဲလို့ ဒီလိုအာနိသင်ကို ရှုမြင်သော ပုဂ္ဂိုလ်

http://www.dhammadownload.com

အားလည်း ဝီရိယသမ္ဗောဇျင်ဖြစ်နိုင်တယ်။

ဝီရာဝ ပဋ္ဌိဝိဇ္ဇန္တိ -
နဝလောကုတ္တရံ ဓမ္မံ ၊
ဝီရိယဿ ယာနိသံသော -
ကုသိတော တံ ကထံ လဘေ ၊

ဝီရာဝ- ဝီရိယ၌နှစ် တံခွန်နွဲလွှင့် အကဲမြင့် ရဲရင့်သူ လုံ့လရှင်တို့သည်သာလျှင်၊**ဝရံ** - ချမ်းသာလိုလား အမျိုးသားတို့ နိုးကြားမလပ်တောင့်တအပ်သော ၊ **နဝလောကုတ္တရံ ဓမ္မံ** –လောကမှလွန် မြတ်မွန်ထူးခြား ကိုးပါးသော လောကုတ္တရာတရားကို ၊ **ပဋ္ဌိဝိဇ္ဇန္တိ** – ဉာဏ်မြင်ရှင်းမောက် အလင်းပေါက်လျက် ထွင်းဖောက်သိမြင်ကြလေကုန်၏၊ **အယံ**-လောကမှလွန် အမွန်ထူးခြား ဤကိုးပါးသော လောကုတ္တရာတရားသည်၊ **ဝီရိယဿ**-ဇွဲသန်သန်နှင့် ရဲမာန်တိုးပွါး နိုးကြားမကင်းကြိုးစားခြင်း၏ ၊**အာနိသံသော** –အကောင်းဆုံးတိုးတက် အကျိုးဆက်သာဖြစ်ပါပေ၏ ၊ **ကုသိတော** -ဝီရိယပါး နိုးကြားကင်းဘိပျင်းရိတဲ့ပုဂ္ဂိုလ်သည် ၊ **တံ** –ထို မွန်မြတ်ထူးခြား ကိုးပါးသော လောကုတ္တရာတရားကို ၊**ကထံလဘေ** – မတန်မရာ တကယ်သာမို့ အဘယ်မှာ ရနိုင်ပါတော့အံ့နည်း၊ **နလဘေ**ဝေ–ရှုံးကြိုးရှုံးရ ဧကန္တမို့ လုံးဝမပိုင် မရနိုင်တော့သည်သာတည်း။

(၃) သွားရောလမ်းကို ဆင်ခြင်ခြင်း

ဘုရားရှင်မှန်သမျှ ပစ္စေကဗုဒ္ဓါ မဟာသာဝက အများသွားရာ ဝိပဿနာ အရိယာမဂ် လမ်းကြောင်းကို သင်လိုက်သင့် သွား

http://www.dhammadownload.com

သင့်တယ်၊ထိုအကျင့်လမ်းကိုလည်း ပျင်းရိတဲ့လူမျိုး လိုက်ဖို့ သွားဖို့ရာ မတတ်နိုင်လို့ ဘုရားရှင်စသည်တို့သွားရာ ကျင့်ရာလမ်းကို ဆင်ခြင်သော သူအားလည်း ဝိရိယသမ္ဘောဇျင်ဖြစ်နိုင်တယ် ။

ဗုဒ္ဓါဒိ ဂတမဂ္ဂေါယံ –
မဂ္ဂေါ ဂမနိယော တယာ ၊
အလသော တံ နဂစ္ဆေယျ –
ကထံ ဗုဒ္ဓပုတ္တော ဘဝေ ။

ဗုဒ္ဓါဒိဂတမဂ္ဂေါ– ဘုရားအစ မျာလှအရိယာ များတကာတို့ သွားရာမြန်းလတ် လမ်းအမြတ်ဖြစ်ပေထသော ၊ **အယံ–မဂ္ဂေါ –** ဝိပဿနာ အရိယာဟု ကိလေသာဖျက်ခန်း ဣန္ဒြေမဂ်လမ်းကို၊ **တယာ–** မြတ်ဘုရား၏ တရားရှိရမည့် သားတပည့်ဖြစ်သော အရှင်သည်၊ **ဂမနိယော –** ဘုရားအကြိုက် တရားလိုက်လျက် အားစိုက်လေးစား အရေးထား သွားရမည်သာတည်း ၊**အလသော–**ဇွဲမာန်မရှိ ဝီရိယကင်း အဖျင်းအတိ ပျင်းရိတဲ့ပုဂ္ဂိုလ်သည် ၊ **တံ–** ထိုအရိယာများ သွားရာမဂ်လမ်း အထက်တန်းအကျော် လမ်းမတော်ကြီးကို၊ **နဂစ္ဆေယျ-** သူတော်ကောင်းကြိုက် စရိုက်မပိုင် မလိုက်နိုင်ငြားအံ့ ၊**ဗုဒ္ဓပုတ္တော** သားကောင်းတစ်ယောက် ဆိုလောက်ပြတ်သား မြတ်ဘုရားသားတော်သည် ၊ **ကထံ ဘဝေ ဘဝေယျာသိ** –ဂုဏ်ငယ်ငယ်မို့ မပယ်မပစ် အဘယ်မှာဖြစ်နိုင်ပါအံ့နည်း ၊**နဘဝေဗေ**-ဘုရားမပစ်ပယ် ချစ်စဖွယ်စစ် တကယ်မဖြစ်နိုင်တော့သည် သာတည်း-

http://www.dhammadownload.com

(၄) ဆွမ်းကိုရှိသေခြင်း

သင့်ကို ဆွမ်းစသည်ဖြင့် လုပ်ကျွေးပြုစုနေသူတွေဟာ သင့်ဆွေမျိုးတွေလည်းမဟုတ်၊ သင့် ကျွန်အမှုလုပ်တွေလည်း မဟုတ် သင့်ကိုမှီပြီး အသက်မွေးကြမယ်လို့ ကောင်းနိုးရာရာ ဆွမ်းစသည်တွေကို လှူနေကြသည်မဟုတ် ၊ အမှန်က မိမိတို့ပြုတဲ့ ပူဇော်မှုတို့၏ အကျိုးကြီးမြတ်ရေး မျှော် တွေးတောင့်တ လှူဒါန်းကြခြင်းဖြစ်တယ်၊ ဘုရားရှင်ကလည်း ဒီ ရဟန်း ဒီပစ္စည်းတွေ သုံးဆောင်ပြီး ကိုယ်လက်ကြံ့ခိုင်မှုများကာ ချမ်းသာစွာနေရလိမ့်မယ်လို့ မြော်မြင်တော်မူပြီး သင့်ဖို့ ပစ္စည်းလေးပါး ခွင့်ပြုထားတာမဟုတ် ၊ အမှန်က ဒီ ရဟန်းဟာ ဒီပစ္စည်းတွေသုံးဆောင်ပြီး ရဟန်းတရား အားထုတ်မှုပြုနိုင်ကာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရလိမ့်မယ်လို့ မျှော်ပြီး ဒီပစ္စည်းတွေ ခွင့်ပြုတော်မူခြင်းသာဖြစ်တယ် ၊ ယခုသင်ပျင်းရိနေယင် ထိုဆွမ်းကို တုံ့ပြန်ပူဇော်ရာ ရောက်လိမ့်မည်မဟုတ် ကြိုးစားအားထုတ်မှု ရှိသူအဖို့သာ ဆွမ်းကိုတုံ့ပြန်ပူဇော်မှုမျိုး ဖြစ်နိုင်တယ် ၊ ဒီလို ဆွမ်းကို တုံ့ပြန်ပူဇော်မှု ဆွမ်းကိုလေးမြတ်မှုကို ဆင်ခြင်သော ပုဂ္ဂိုလ် အားလည်း ဝိရိယသမ္ဗောဇ္ဈင်ဖြစ်နိုင်တယ် ။

ကုသိတော ဝိဟရံ ပိဏ္ဍာ–
ပစိတိ ' တွံ ကထံ ကရေ ၊
သဝိရိယောဝ တေန တွံ –
ကရပိဏ္ဍာ ပစာယနံ ၊

တွံ –သာသနာ၏ ဝန်တာထမ်းဆင် ရဟန်းဖြစ်သော သင်သည် ၊ **ကုသိတော** – တရားဖက်တွင် မသက်ဝင်ဘဲ ဖယ်ကြဉ်ကင်းဘိ တကယ်ပင်ပျင်းရိလျက် ၊ **ဝိဟရံ** – **ဝိဟရန္တော** အကျိုး

http://www.dhammadownload.com

မရ ကာလကုန်စေ အသရေမဲ့ နေခဲ့သည်ရှိသော် ၊ **ပိဏ္ဍာပစိတိ**- ဒကာဒကာမလျှုဒါန်း ဆွမ်းအလှူတော် ပူဇော်တုံ့ပြန်ခြင်းကို ၊ **ကထံ ကရေ** – ကိုယ်ကန့်ငယ် ဂုဏ်မကြွယ်၍ တကယ်မကွာ အဘယ်မှာ ပြုနိုင်ပါအုံ့နည်း ၊ **နု ကရေဝ**-တန်ခိုးမနည်း အကျိုးကြီးဟု အမှု မပိုင် မပြုနိုင်သည်သာတည်း ၊ **သ ဝိရိယောဝ** - ဝီရိယဓာတ်ဖွင့် မပြတ်ဆင့်လျက် မြင့်တက်ကြွားဘိ တရားရှိမှသာလျှင်၊ **ကရေ ကရေ ယျ**–ဒါနမျိုး၏ တန်ခိုးမနည်း အကျိုးကြီးဟု အမှုပိုင်ပိုင် ပြုနိုင်သည် သာတည်း ၊**တေန**–ထိုသို့ ဝီရိယတန်ခိုး ဆွမ်းကျိုးကြီးမှု ပြုနိုင်သည် ဖြစ်သောကြောင့် ၊**တွံ**–ဒကာ ဒကာမ ကျိုးရဆင်ခြင် ငဲ့ညှာရမယ် သင်သည် ၊ **ပိဏ္ဍာပစာယနံ**- ဝီရိယဓာတ်ဆင့် မပြတ်ဖွင့်လျက် မြင့် တက်လွှမ်းသူ တစ်ခန်းယူ၍ ဆွမ်းအလှူတော် ပူဇော်မကင်း တုံ့ပြန် ခြင်းကို ၊**ကရ ကရောဟိ** –အရိုးကြေကြေ အရေခန်းခန်းမဆုတ် တမ်းဟု အစွမ်းထုတ်ကာ ပြုလုပ်ပါတော့လော ။

မဟာမိတ္တမထေရ် ဝတ္ထု

ဒီနေရာမှာ ဆွမ်းကိုအလေးအမြတ်ပြုတဲ့ မဟာမိတ္တမထေရ် ဝတ္ထုကို ထုတ်ပြကြတယ် ၊ မထေရ်ဟာ ကဿကလိုဏ်ဂူမှာ သီတင်း သုံးတယ် ၊ ထို လိုဏ်ဂူအနီး ဆွမ်းခံရွာမှ ဒကာမကြီးတစ်ယောက်က မထေရ်ကို သားလိုပဲ ပြုစုလုပ်ကျွေးတယ်၊တစ်နေ့ တောသွားခါနီး ဒကာမကြီးက သမီးကိုမှာနေတာက၊သမီး ဟောဟိုနေရာမှာ ဆန် ဟောင်းတွေရှိတယ် ဟိုနေရာမှာနို့ ဟိုနေရာမှာထောပတ် ဟိုနေရာ မှာတင်လဲ ရှိတယ် ၊ သမီး အစ်ကိုတော် မဟာမိတ္တကြွလာတဲ့အခါ ဆွမ်းချက်ပြီး နို့ ထောပတ် တင်လဲတို့နဲ့အတူ လှူလိုက်၊ အမေတော့

http://www.dhammadownload.com

မနေ့က ချက်ထားတဲ့ ထမင်းကြမ်းကို ပုန်းရည်ဟင်းနဲ့ စားပြီးပြီ ။ နို့ နေ့လယ်တော့ ဘာစားမလဲ အမေလို့ သမီးကမေးတော့ ဟင်းရွက်ထည့်ပြီး ဆန်ကွဲနဲ့ ယာဂုချဉ် ချက်ထားလိုက် သမီးရေတဲ့ ၊ ဒီ လိုသားအမိ ပြောနေကြတဲ့ စကားတွေကို သက်နိုးရုံပြီး သပိတ်အိတ်ကထုတ်နေတုန်းဆဲဆဲ ကြားလိုက်ရတော့ မထေရ်က မိမိကိုယ်ကို ဆုံးမတယ် ။

ဒါယိကာမကြီးက ပုန်းရည်ဟင်းနဲ့ ထမင်းကြမ်းစားပြီး နေ့အခါကျတော့လည်း ယာဂုချဉ် စားတော့မယ်တဲ့ သင့်အတွက်တော့ ဆန်ဟောင်း နို့ ထောပတ် တင်လဲတွေလျှုဖို့ ညွှန်ကြားနေတယ် သင့်ကိုအမှီပြုပြီး ဒီ ဒကာမကြီးဟာ လယ်တို့ ယာတို့ ထမင်းအစာတို့ကို တောင့်တတာမဟုတ် သမ္မတ္တိခေါ် လူနတ်နိဗ္ဗာန်သုံးတန် ချမ်းသာ တောင့်တကာ လျှုဒါန်းခြင်းဖြစ်တယ် ၊ သင် ထိုဒကာမကြီးအား ထို ချမ်းသာသုံးပါးပေးနိုင်မလား?၊ မပေးနိုင်ဘူးလား?၊ ဒီ လို မိမိကိုယ်ကို ဆုံးမပြီး ဒီဆွမ်းကိုဖြင့် သင်ဟာ ရာဂမကင်း ဒေါသမကင်း မောဟမကင်းပဲ စားဖို့ရာ မတတ်နိုင်ဟု ဆင်ခြင်ကာ သပိတ်ကို အိတ်ထဲပြန်ထည့် အနားပတ်သီးကိုဖြုတ် ပြန်လှည့်လာပြီး ကဿကလိုဏ်ဂူသို့သာကြွ သပိတ်ကို ခုတင်အောက်ပြန်ထား သက်နိုးကို တန်းမှာတင် ရဟန္တာမဖြစ်သမျှ ငါမထွက်ဆိုတဲ့ ဝီရိယကိုဆောက်တည် ထိုင်နေခဲ့တယ် ၊ ကာလကြာမြင့်စွာ မမေ့မလျော့နေခဲ့တဲ့ ရဟန်းတော်ဟာ ဝိပဿနာကို ပွားလိုက်တာ မွန်းမလွဲသေးမီပင် အရဟတ္တဖိုလ်ဆိုက်ရောက်ခဲ့ ပွင့်လာတဲ့ ပဒုမ္မာကြာပန်းကြီးလိုရဟန္တာ ပုဂ္ဂိုလ်ကြီးဖြစ်ကာ ပြုံးပြုံးရွှင်ရွှင်နဲ့ လိုဏ်ဂူမှ ထွက်တော့မည့် ဆဲဆဲ လိုဏ်ဂူတံခါး အနားက သစ်ပင်စောင့်နတ်က ကောင်းချီးပေးကာ

http://www.dhammadownload.com

ဥဒါန်းစကား မြွက်ကြားလျှောက်ထားတယ်

နမော တေ ပုရိသာဇည–
နမော တေ ပုရိသုတ္တမ ၊
ယသ တေ အာသဝါ ခီဏာ –
ဒက္ခိဏေယျောသိ မာရိသ ။

မာရိသ – ဝဋ်စခမ်းမှ လွတ်လမ်းဆင်ထား အရှင်ဘုရား၊ **ယသ တေ** – ဝိရိယတံခွန် အားသွန်ဆင်သွား အကြင် အရှင်ဘုရားအား ၊ **အာသဝါ**–ကာလရှည်ကြာ ထုံလာကြငြား အာသဝတရားတို့သည်၊ **ခီဏာ** –အစွမ်းခြောက်ခန်း အဟုတ်နွမ်းကာ ကုန်ခန်းခဲ့ရပါပြီ ၊ **တွံ** - အရှင်မြတ်ဘုရားသည် ၊ **ဒက္ခိဏေယျော**– အလှူရှင်အား အကျိုးများရန် မြတ်သောအလှူခံ ပုဂ္ဂိုလ် မြတ်သည် **အသိ** –ဧကန်မသွေ ဖြစ်တော်မူခဲ့ပါပေ၏ ၊**ပုရိသာဇည** –ယောက်ျား ဇာနည် ပီသထင်ရှား အရှင်ဘုရား ၊ **တသ တေ** – ဇာနည်မြောက်ငြား ယောက်ျားထင်ထင် ထို အရှင်ဘုရားအား **နမော** – ဦးတင်ညွှတ်ကာ ရှိခိုးလိုက်ရပါတော့သည်ဘုရား ၊**ပုရိသုတ္တမ**–အမောက်စားဟု မြောက်ထားအပ်သွင် ယောက်ျားမြတ် အရှင်ဘုရား ၊ **တသ တေ**– မြောက်စားအပ်သူ ယောက်ျားမြတ်တစ်ဆူ ထို အရှင်ဘုရားအား ၊ **နမော** – ဦးတင်ညွှတ်ကာ ကန်တော့လိုက်ရပါတော့သည် ဘုရား ---။

ဒီလိုဥဒါန်းကျူးပြီး နတ်က အရှင်ဘုရား ဆွမ်းခံဝင်ကြတဲ့ အရှင်ဘုရားတို့လို ရဟန္တာပုဂ္ဂိုလ်တို့အား လှူရ၍ မိန်းမကြီးများမှာ ဒုက္ခမှ လွတ်ကြရပါတော့မယ်လို့ လျှောက်ထား၊ မထေရ်လည်း ထပြီးတံခါးဖွင့် အချိန်ကြည့် စောသေးတယ် မနက်ပဲ ရှိသေးတယ်လို့

http://www.dhammadownload.com

သိရတော့ ၊ သပိတ်သင်္ကန်းယူ ရွာထဲဝင်ကြွလာ မိန်းကလေးက လည်းဆွမ်းချက်ပြီးနောက်၊ ယခုပဲ ငါ့အစ်ကိုတော် ကြွလာလိမ့်မယ် ကြွလာလိမ့်မယ်နဲ့ တံခါးကိုကြည့်မျှော်ထိုင်နေတယ်၊ မထေရ်အိမ် တံခါးရောက်လာတော့ သပိတ်ယူပြီး ထောပတ် နို့တင်လဲရောထား တဲ့ ဆွမ်းကို သပိတ် အပြည့်ထည့်ပြီး ကပ်လိုက်တယ် ၊ **မထေရ်လည်း သုခံ ဟောတု**–ချမ်းသာပါစေလို့ အနုမောဒနာပြုကာ ထွက်ခွါလာခဲ့ မိန်းကလေးလည်း မထေရ်ကိုကြည့်ပြီး ရပ်နေခဲ့တယ် ၊ ထိုအချိန်က မထေရ်ရဲ့ ပုံအသွင်ဟာ ယခင်နှင့်မတူ တစ်မူထူးခြားနေလို့ ဂရု တစိုက်ကြည့်နေမိ ခြင်းပါပဲ ။

မထေရ်ရဲ့ ကိုယ်အရေအဆင်းဟာ ထိုအချိန်က အလွန်ပဲ စင်ကြယ်နေတယ်၊ ဣန္ဒြေတွေ အထူးကြည်လင်နေတယ်၊ မျက်နှာ တော်ဟာလည်း အညာမှ ကြွေကာစ ထန်းသီးမှည့်လို အလွန် ရွှန်းစို တင့်တယ်နေခဲ့တယ် ၊ ဒကာမကြီး တောကပြန်လာတဲ့အခါ သမီး အစ်ကို ကြွလာရဲ့လား၊ မေးတော့ ကြွလာကြောင်း မထေရ်ရဲ့ အမူ အရာဟာ ယခင်နှင့်မတူ ထူးခြားနေကြောင်းမျှားပြောပြ ဒီ အခါ ဒကာမကြီးက ငါ့သားတော် ရဟန်းကိစ္စပြီးပြီဆိုတာသိ ဒါ့ကြောင့် အေး သမီးအစ်ကိုဟာ သာသနာတော်မှာ ပျော်နေပြီ ပျင်းတော့မှာ မဟုတ်လို့ ပြောလိုက်တယ် ။

ဒီနေရာမှာ မဟာမိတ္တမထေရ်ရဲ့ ဆွမ်းကို တုံ့ပြန်အလေးပြု သောအားဖြင့်ဝိရိယတံခွန် အလွန်မြင့်အောင် လွှင့်တင်ကြိုးစားခဲ့ သည်မှာ အထင်အရှားဖြစ်ရာ ဆွမ်းရိုသေမှုဟာ ဝိရိယသမ္ဘောဇ္ဈင် ဖြစ်ကြောင်းတစ်ရပ်ပါပဲ ။

http://www.dhammadownload.com

(၅) အမွေတော်မြတ်ပုံ ဆင်ခြင်ခြင်း

ဗောဇ္ဈင်ခုနစ်ပါးတရားဆိုတဲ့ အရိယာတို့ဥစ္စာရတနာခုနစ်ပါးဟာဖြင့် ဘုရားရှင်ရဲ့ မွန်မြတ်လှစွာသော အမွေတော်အစစ်ဖြစ်ပါပေတယ် ।လောကမှာ အကျင့်ဖောက်ပြန်ပြီး ပျက်စီးနေတဲ့ သားသမီးကို မိဘတို့က သူဟာဖြင့် တို့သားမဟုတ်တော့ဘူးလို့ သားအဖြစ်မှ အပပြုလိုက်ကြတယ် । ဒီလိုမိဘတို့ ပစ်ပယ်ခံရတဲ့ သားဟာ မိဘတို့ ကွယ်လွန်တဲ့အခါ အမွေမခံရတော့ । ထို့အတူပဲ ပျင်းရိတဲ့ ပုဂ္ဂိုလ်ဟာ အရိယာတို့ဥစ္စာ ဗောဇ္ဈင်ရတနာခုနစ်ပါးကို မရလို့ ဘဘုရားရဲ့အပစ်ပယ်ခံရသူလိုဖြစ်ရပါတယ်၊ တကယ်အားထုတ်အပ်တဲ့ ဝိရိယရှိသူသာ ထိုတရားရတနာတွေကို ရနိုင်လို့ ဘဘုရားရဲ့အပစ်ပယ် မခံရသူ ဖြစ်တယ်လို့ ဒီလိုအမွေတော်ရဲ့ မြင့်မြတ်သည့်အဖြစ်ကိုဆင်ခြင်ခြင်းဟာလည်း ဝိရိယသမ္ဘောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ပါပဲ ။

ဒီနေရာမှာ အရိယာတို့ ဥစ္စာခုနစ်ပါးလို့ သာမည်ပဲ ဆိုထားပါတယ်၊ ဗောဇ္ဈင်အရာလည်းဖြစ် ဗောဇ္ဈင်ခုနစ်ပါးဟာ အရိယာတို့ ဥစ္စာလည်းဆိုနိုင်လို့ဗောဇ္ဈင်ခုနစ်ပါးကိုပဲ ဆိုခဲ့ပါတယ်၊တချို့နေရာမှာ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပကို အရိယာဥစ္စာခုနစ်ပါး အဖြစ် ဖွင့်ပြ ထားတာလည်း ရှိလေတော့ ဒီနေရာမှာလည်း ထိုဥစ္စာရတနာခုနစ်ပါးကို ယူနိုင်ပါသေးတယ် ။

ဒုပုတ္တော မာတာပိတူဟိ -
ဒါယစ္စံ ဝိန္ဒတေ ကထံ ।
ပိတု ဗုဒ္ဓဿ ဒါယစ္စံ -
ဒုဿုတော အလသော တထာ ।

http://www.dhammadownload.com

ဒုပုတ္တော – မိဘနှစ်ပါး စကားမလိုက် သားအမိုက်သည်၊ **မာတာပိတူဟိ** –မိခင်ဖခင် ကျေးဇူးရှင်တို့မှ၊ **ဒါယဇ္ဇံ**– ပစ္စည်းဥစ္စာ ရတနာထွေထွေ အမွေအနှစ်ကို ၊ **ကထံ ဝိန္ဒတေ**– အမိုက်ကံနှင့် ထိုက်တန်ဖွယ်ရာ အဘယ်မှာ ရနိုင်ပါအံ့နည်း ၊**နု ဝိန္ဒတေဝ**- မိဘ နှစ်သွယ် ပစ်ပယ်ခံရ တစ်စမပိုင် မရနိုင်သည်သာလျှင်တည်း၊ **ဒုဿုတော**- ဘုရားအကြိုက် မလိုက်မစားဘဲ အမိုက် သားတပည့် ဖြစ်သော ၊ **အလသော** - ဝီရိယကင်း အပျင်းလိုက်စား အဖျင်းအမိုက် သားသည် ၊ **ပိတု** - ကျေးဇူးတော်ရှင် ဂုဏ်အင်ကြီးမား ဘဘုရားဖြစ် တော်မူသော ၊ **ဗုဒ္ဓဿ**-သဗ္ဗညုတွင် ဘုရားရှင်၏ ၊ **ဒါယဇ္ဇံ**-တရား ခုနစ်ဖြာ ရတနာထွေထွေ အမွေအနှစ်ကို ၊ **တထာ** -အခြေမလှ အမွေမရတဲ့ လောကအရိုး သားဆိုးများလိုပင် ၊ **ကထံ ဝိန္ဒတေ** - ဝီရိယကင်း ညံ့ဖျင်းမှုအရ ကိုယ့်ဘဘုရားပစ်ထားခံရ ဘာမျှမပိုင် အဘယ်မှာရနိုင်ပါအံ့နည်း၊**နဝိန္ဒတေဝ**-ကိုယ့်ပျင်းမှုဒဏ် ကိုယ်ပင်ခံရ ဟန်မကျ၍ ဓနမပိုင် မရနိုင်တော့သာတည်း ။

(၆) ဘုရားရှင်၏ မြင့်မြတ်ပုံ ဆင်ခြင်ခြင်း

သင့်ဆရာ ဘုရားရှင်ဟာ အလွန်မြင့်မြတ်တဲ့ပုဂ္ဂိုလ် ဖြစ် တော်မူပါပေတယ် ၊ သင့်ဆရာဘုရားမြတ်ရဲ့ မယ်တော်ဝမ်းမှာ ပဋိ သန္ဓေတည်နေတဲ့အခါ တောထွက်တဲ့အခါ ဘုရားဖြစ်တဲ့အခါ ဓမ္မ စကြာတရား ဟောကြားတဲ့အခါ ယမိုက်ပြာဋိဟာပြတဲ့အခါ တာဝတိ သာမှ အဘိဓမ္မာဒေသနာဟောကြား တော်မူပြီး လူ့ပြည်ကြွဆင်း လာတဲ့အခါ အာယုသင်္ခါရလွှတ်တော်မူတဲ့အခါ ပရိနိဗ္ဗာန်ဝင် စံ တော်မူတဲ့အခါထူးခြားတဲ့ အခါပေါင်းများစွာမှာ တစ်သောင်းသော

http://www.dhammadownload.com

လောကဓာတ် ပဲ့တင်ခပ်အောင် တုန်လှုပ်ခဲ့ရတယ် ဒီလိုထူးခြား မြင့်မြတ်တဲ့ ဆရာဘုရားရဲ့ သာသနာမှာ ရဟန်းပြုနေပါလျက် ပျင်းရိသူ တစ်ယောက်ဖြစ်နေဖို့ရာ သင့်အတွက် သင့်ပါမည်လော?။ ဒီလိုဘုရားရှင်၏ မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းဟာလည်း ဝိရိယ သမ္ဗောဇျင်ဖြစ်လာဖို့ အကြောင်းတစ်ရပ်ပါပဲ ။။

သတ္ထာ ဧေါ တေ မဟာ တသ –
ဒိဿတိဟ အစ္ဆေရတာ ၊
ဤဒိသသ နုတေ ယုတ္တာ –
သာသနမှိ ကုသီတတာ ။

တေ – မြတ်ဘုရား၏ သားတပည့်ဖြစ်သော အသင်၏ ၊ **သတ္ထာ**–လိုက်နာဖွယ်မျှား တရားဒေသနာ အဖြာဖြာကြား ဆရာဘုရားသည်၊**မဟာ**–မြင့်မြတ်ကြီးကျယ် တကယ်ညွှန်ဖူး ပုဂ္ဂိုလ်ထူးလတ် ပုဂ္ဂိုလ်မြတ်ကြီးပါပေတည်း ၊ **ဣဟ**– မဆုံးနိုင်ဖွယ် ပြန့်ကျယ်ပြောလတ် လောကဓာတ် ဤကမ္ဘာ၌ ၊ **တသ** – ဂုဏ်အရဖြင့် စုံလှမြင့်စွာ သင့်ဆရာမြတ်ဘုရား၏ ၊ **အစ္ဆေရတာ** – မြေကြီးသိမ့်ကာ ခြိမ့်ခြိမ့်ငြာ၍ ကမ္ဘာတုံ့ဖွယ် ဂုဏ်သွယ်သွယ်ဖြင့် နှံ့ကျယ်အပြည့် အံ့ဖွယ်ရှိသည်၏အဖြစ်ကို ၊ **ဒိဿတိ**–ရင်တမမ ရှင်ပျမကွာ မြင်ရပါပေ၏၊ **ဤဒိသသ**– အံ့ဖွယ်တွေစုံ ဂုဏ်တော်ကြီးမား ဤသို့သော ဆရာဘုရား၏၊ **သာသနမှိ** – နည်းနာထုံးပြ အသုံးချဖို့ ဆုံးမအပ်ရာ မြတ်သာသနာ၌ ၊ **တေ**–လုံ့လကိုစိုက် လိုက်နာကျင့်စရာ အခွင့်သာနေသောသင်၏ ၊ **ကုသီတတာ**-မကြိုးမစား တရားအလုပ် အားထုတ်ကင်းဘိ အတင်းမရှိပြီး ပျင်းရိသည်၏အဖြစ်သည် ၊ **ယုတ္တာနု** – ဘုရားဂုဏ်ဝါ သာသနာအနှစ် ပစ်ပယ်ထားသဖြင့် အခွင့်ကျော်စွ

http://www.dhammadownload.com

သင့်လျော်လှပါ၏လော? ။

(၇) ဇာတ်အားဖြင့် မြတ်ပုံဆင်ခြင်ခြင်း

သင်ဟာ ဘုရားသားတော် ဘုရားသားတော်ဖြစ်တော့ ဘ ဘုရားရဲ့သာကီယဇာတ်အရ သင်ယုတ်ညံ့တဲ့ ဇာတ်ရှိသူမဟုတ် ဒါ တွင်မက သီလစသောဂုဏ်ရှိတဲ့ သမဏဇာတိ ရဟန်းဇာတ်အရ လည်းမြင့်မြတ်တဲ့ ဇာတ်ရှိသူ တစ်ယောက်ဖြစ်တယ်၊ ဒီလိုမြင့်မြတ် သောဇာတ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်နေပါလျက် ဇာတ်မြင့်သူတို့ နှင့် မအပ်စပ်သည့် ပျင်းရိသူတစ်ယောက် ဖြစ်နေဖို့ရာမသင့်တော်ပါ တကားဟု ဇာတ်အားဖြင့် မြတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်း ဟာလည်း ဝိရိယသမ္ဘောဇ္ဈင်ဖြစ်ဖို့ရာ အကြောင်းတစ်ရပ်ပါပဲ ။

ဇာတိယာ သာကိယော ဗုဒ္ဓ –
ပုတ္တော စေ အလသော ဘဝေ ၊
သတံ နိန္ဒံ လဘေဓာထ –
ကိ ' တဝ ဗုဒ္ဓပုတ္တတာ ။

ဇာတိယာ–အမြင်ထယ်ထယ် စင်ကြယ်ဖြူးလျှပ် အမျိုးဇာတ် အားဖြင့် ၊ **သာကိယော**– သာကီယဇာတ် တကယ်မြတ်သော ၊**ဗုဒ ပုတ္တော**–မြတ်ဘုရား၏ သားတပည့်သည် (**သမာနော**) ဗုဒ္ဓသာသန သံဃနွယ်ဝင်မို့ တကယ်ပင် ဖြစ်နေပါလျက်၊**အလသော**–တရားဆုတ် လျက် အားထုတ်ခြင်းကင်း အတင်းမရှိ ပျင်းရိသူသည် ၊ **စေ ဘဝေ**– တကယ်မေ့မေ့ အကယ်၍ဖြစ်ငြားအံ့ ၊ သတံ- သူတော်ကောင်းထိုထို ပုဂ္ဂိုလ်မြတ်တို့၏၊ **နိန္ဒံ**– အပျင်းသမား ဘုရားသားမပီဟု အလီလီဖွဲ့ ကဲ့ရဲ့ရှုတ်ချခြင်းကိုလည်း၊**လဘေ** – ဂုဏ်သတင်းမဲ့ကာ ရခဲ့ရာ၏၊

http://www.dhammadownload.com

တဝ–ဝိရိယမျိုး တန်ခိုးမထင် အကျိုးမမြင်သောသင်၏၊ **ဗုဒ္ဓပုတ္တာ**သူငါစိတ်တွင် အထင်ကြီးမား ဘုရားသားတော်၏ အဖြစ်သည်၊**ကိ**–အထင်ကြီးသလောက် ခရီးရောက်အောင် ကြီးမောက်ဖို့မရှယ် တကယ်မတိုးဘိ အဘယ်အကျိုးရှိပါအံ့နည်း ။

(၈) သီတင်းသုံးဖော်တို့၏ မြတ်ပုံဆင်ခြင်ခြင်း

အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်နှင့် ရှစ်ကျိပ်သော မဟာသာဝကကြီးတွေဟာ ဂုဏ်အားဖြင့် အလွန်ထူးခြားမြင့်မြတ်သော ပုဂ္ဂိုလ်ကျော်တွေ၊ ထိုပုဂ္ဂိုလ်ကျော် မထေရ်မြတ်တွေဟာ ဝိရိယတံခွန် လွှင့်ထူကာ လောကုတ္တရာတရားကိုးပါး ထိုးထွင်းသိတော်မူခဲ့ကြလို့ သို့ကလို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့ကြခြင်းဖြစ်တယ်၊ သင်ရော ထို သီတင်းသုံးဖော် အရှင်မြတ်တို့ရဲ့ ဝိပဿနာလမ်းမဂ်လမ်းကို အစွမ်းထုတ်ကာ လိုက်ပါရဲ့လား မလိုက်ဖူးလား ဒီလို သီတင်းသုံးဖော်တို့၏ မြင့်မြတ်သည့် အဖြစ်ကို ဆင်ခြင်ခြင်းဟာ လည်းဝိရိယသမ္ဘောဇ္ဈင်ဖြစ်လာဖို့ အကြောင်းတစ်ရပ်ပါပဲ။

သေဋ္ဌ သ ဗြဟ္မစာရိနံ –
မဂ္ဂ ကိ ံ ပဋ္ဌိပဇ္ဇသိ ၊
နနု တေ ဝီရိယေနေဝ –
ပဋ္ဌိဝိဇ္ဇိ ံ သွနုတ္တရံ ။

တွဲ၊သာသနာတွင်ဂုဏ်အင်ထုံသင်းသီတင်းသုံးဖော်မထေရ်ကျော်ကဝိ အဖော်ရှိနေသောသင်သည်၊**သေဋ္ဌ သဗြဟ္မစာရိနံ –** သာရိပုတ္တ မောဂ္ဂလာနတစ်ဖြာ မဟာကဿပ စသည်ကျော်ကြား မိမိသီတင်းသုံးဖော်အများတို့၏ ၊**မဂ္ဂ**–အရိယမဂ် နိဗ္ဗာန်တက်သည့်

http://www.dhammadownload.com

အထက်တန်းခေါ် မဂ်လမ်းတော်ကို ၊ **ပဋ္ဌိပဇ္ဇသီ ကိ** – အခွင့်မကွာ အကျင့်ပါလျက် သင့်စွာမနား တရားမကွာဘိ သွားပါ ၏လော၊ **တေ** –ထို သင့်သီတင်းသုံးဖော် အကျော်အမော် **အစားစား** မထေရ် မြတ်အများတို့သည်၊ **ဝိရိယေနေ၀**– မာန်နှင့် ဇွဲနှင့် အကဲမြင့်လျက် ရဲရင့်တည်တည် အရည်ရှိစွ ဝိရိယဖြင့်သာလျှင် ၊ **အနုတ္တရံ** - ကိလေသာဓာတ် ကင်းအောင်ဖြတ်သည့် မြတ်လှချုပ်ခြာ လောကုတ္တရာ တရားတော်ကို၊ **ပဋ္ဌိဝိဇ္ဈိ သု နနု** – ဉာဏ်အမြင်ပေါက် အလင်းရောက်အောင် ထွင်းဖောက်သိမြင်တော်မူကြကုန်ပြီ မဟုတ်ပါလော။

(၉) ပျင်းရိသူကို ရှောင်ခွါခြင်း

ပျင်းရိခြင်းဟာ ဝီရိယနဲ့ဆန့်ကျင်ဘက်ဖြစ်သလို လူပျင်းနှင့် ပေါင်းသင်းခြင်းဟာလည်း ဝီရိယ သမ္မောဇ္ဈင်ဖြစ်ဖို့နှင့် တစ်ဖက်တစ်လမ်း ဆန့်ကျင်ဘက်ပါပဲ ၊ ဆန့်ကျင်ဘက်ဖြစ်လို့လည်း လူပျင်းနှင့် ပေါင်းသူအဖို့ ဝီရိယသမ္မောဇ္ဈင်ဖြစ်ဖို့အရေး ဝေးလှပါသေးတယ် ၊ ဒါ့ကြောင့် ဆန့်ကျင်ဘက်ကို ပယ်ခွါ ရမှာဖြစ်တော့ အဌက ထာက ဝမ်းပြည့်အောင်စားပြီး ခွေတည်နေတဲ့ စပါးကြီး မြွေကြီးလို ကိုယ်လုံ့လ စိတ်လုံ့လ လုံးဝလက်လွှတ်ထားတဲ့ အပျင်းသမားတို့အား ရှောင်ရှားသော ပုဂ္ဂိုလ်အဖို့ ဝီရိယသမ္မောဇ္ဈင် ဖြစ်နိုင်ကြောင်း မိန့်ဆိုပါတယ် ။

(၁၀)ဝီရိယရှိသူကို မှီခို ဆည်းကပ်ခြင်း

ဝီရိယရှိသူကို ဆည်းကပ်ခြင်းဆိုတာ ကမ္မဋ္ဌာန်းအလုပ်တကယ်အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကို ရံခါရံခါ မကြာမကြာ

http://www.dhammadownload.com

ဆိုသလို ဆည်းကပ်ခြင်းကို ဆိုပါတယ်၊ နောက်ကလည်း ကလျာဏ မိတ္တ အရေးကြီးကြောင်း ပြောခဲ့ပါပြီ၊ ဒီလိုပုဂ္ဂိုလ်မျိုးက ကိုယ်တိုင်က တကယ့်ဝိရိယရှင်ဖြစ်တဲ့ အတိုင်းပဲ သူတစ်ပါးကိုလည်း ကြိုးစားဖို့ နှိုးဆော်အားပေးတယ်၊ ဝိရိယဖြစ်ဖို့ ဝိရိယနည်းမှန်ဖို့ နည်းလမ်းပေး တတ်တော့ မိမိမှာ ဝိရိယဖြစ်ဖို့အရေး အားဆေးတစ်ရပ် သဖွယ် ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဝိရိယရှိတဲ့ ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်းဟာ ဝိရိယသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ဖြစ်ရပါတယ်။

(၁၁) ဝိရိယသမ္ဗောဇ္ဈင်၌ သက်ဝင်စိတ်ညွှတ်ခြင်း

လူပျင်းအဖို့တော့ အပျင်းဟာအရသာတစ်မျိုးပါပဲ ဘာဝနာ အလုပ် အားထုတ်ကြတဲ့ ဝိရိယ ရှင်တွေအဖို့တော့ ထိုအပျင်းဟာ မသုံးသင့်တဲ့ အဆိတ်အတောက်သဖွယ် ထင်ကြတယ်၊ ဒါ့ကြောင့် စိတ်မတွန့်ဆုတ်ရ မပျင်းရအောင် အမြဲတမ်း ပြုပြင်ပေးကြတယ်၊ထို ပုဂ္ဂိုလ်တွေအဖို့ ဝိရိယဖြစ်ဖို့ ဝိရိယလျော့မသွားဖို့ အမြဲတမ်း စိတ် ညွှတ်လျက်ရှိနေတော့ မဖြစ်သေးတဲ့ ဝိရိယဖြစ်လာ ဖြစ်ပြီးဝိရိယ လည်း အဆင့်ဆင့် တိုးတက်လာရတယ်၊ ဒါ့ကြောင့် ဝိရိယဖြစ်ဖို့ စိတ်သက်ဝင်ညွှတ်ကိုင်းနေမှု ဟာ ဝိရိယသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာအရေး ကြီးတဲ့ အကြောင်းတစ်ရပ်ဖြစ်ရပါတယ်။

ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း

ရဟန်းတို့ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရာ ဖြစ်ပြီး သော ပီတိသမ္ဗောဇ္ဈင်၏ ဘာဝနာပြည့်စုံပြီးမြောက်ဖို့ရာ အကြောင်း ဟာဘာလဲ?၊ ရဟန်းတို့ ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရားတွေရှိ

http://www.dhammadownload.com

နေကြတယ်၊ ထိုပီတိဖြစ်ကြောင်း တရားတွေမှာ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မျှားစွာပြုခြင်းဟာ မဖြစ်သေးသော ပီတိသမ္ဗောဇျင်ဖြစ်ဖို့ရာ ဖြစ်ပြီးသော ပီတိသမ္ဗောဇျင်၏ ဘာဝနာပြည့်စုံ ပြီးမြောက်ဖို့ရာ အကြောင်းပင်ဖြစ်တော့တယ် ။

ဒီ မဟာဝဂ္ဂသံယုတ် ဒေသနာအရ ပီတိသမ္ဗောဇျင် ဖြစ်ကြောင်းတရားတို့၌ ယောနိသောမနသိကာရာမျှားစွာပြုခြင်းဟာ ပီတိသမ္ဗောဇျင်ဖြစ်ကြောင်းလို့ သိရပါတယ် ၊ ပီတိသမ္ဗောဇျင်ဖြစ်ကြောင်း တရားဆိုတာ ပီတိပဲလို့လည်း ဆိုရတယ် ၊ ပီတိဖြစ်လာပြီဆိုယင် နောက်ကလည်း ဆက်ဆက်ဖြစ်လာတော့ အသစ်အသစ်ဖြစ်လာတဲ့ ရှေးရှေးပီတိဟာ နောက်နောက်ပီတိဖြစ်ခြင်း အကြောင်းဖြစ်ရတယ် ။

ထိုပီတိ၌ အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု ယောနိသော မနသိကာရဆိုတာ ပီတိဖြစ်ပေါ်လာအောင် ပြုတဲ့ နှလုံးသွင်းမှုကို ဆိုပါတယ် ၊ ပီတိ၏ အာရုံကိုလည်း ပီတိဖြစ်ကြောင်းတရားလို့ ဆိုရပါတယ် ၊ ဘုရားရှင်၏ ဂုဏ်တော်စသော အာရုံဟာ ပီတိဖြစ်ကြောင်းမို့ ထိုပီတိ၏အာရုံ ဘုရားရှင်၏ ဂုဏ်တော်စသည်ကိုလည်း ပီတိသမ္ဗောဇျင်ဖြစ်ကြောင်းလို့ ဆိုရပါတယ် ။

ပီတိသမ္ဗောဇျင်ဖြစ်ကြောင်း(၁၁)ပါး

အဋ္ဌကထာမျှားမှာ ပီတိသမ္ဗောဇျင်ဖြစ်ကြောင်းဆယ့်တစ်ပါးလာပါတယ်။

ဗုဒ္ဓ ဓမ္မ သံဃ သီလ စာဂ ဒေဝတာ

http://www.dhammadownload.com

ဥပသမာထည့် နုဿတိခုနစ်ဖြာ
သဒ္ဓါခြောက်ခမ်း ကြမ်းတမ်းသူခွါ
သဒ္ဓါရှိန်တွေ သိမ်မွေ့သူခို ကြည်ညိုဖွယ်မှန်
သုတ္တန်တွေးဘိ ပီတိထဲနစ် သက်ဝင်ဖြစ်
ဆယ့်တစ်ပီတိ ဖြစ်ကြောင်းတည်း ။

(၁)ဗုဒ္ဓါနုဿတိ

ဘုရားရှင်ဂုဏ်တော်တွေကို အဖန်ဖန် အောက်မေ့ခြင်းဟာ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းပါပဲ ၊ ဒါပေမယ့်အောက်မေ့တတ်မှလည်း ပီတိဖြစ်ပါတယ် ၊ဘုရားရှင်၏ပါရမီတော်တွေ သူမတူအောင် ထူးထူးခြားခြားဖြည့်ခဲ့ပုံ ထိုသို့ထူးခြားအောင်ဖြည့်ခဲ့လို့ပဲ၊ဘုန်းတော် ကံတော်များ သူမတူအောင် လွန်ကဲပုံ ဉာဏ်တော်အမြင်ကလည်း ဘယ်သူမှ တုမရအောင် မြင်စွမ်းသိစွမ်းနိုင်ပုံ တန်ခိုးတော်အရာလည်းပြိုင်ဘက်မရှိအောင် ကြီးမားလှပုံ ရုပ်ပုံတော်အရာလည်း သူမတူအောင် ကြည်ညိုဖွယ်ဆောင်ကာ ရှုခြင်ဖွယ်ရာဖြစ်ပုံစသည်ဖြင့် အောက်မေ့ဖွယ်အဖုံဖုံ ဂုဏ်တော်တွေစုံလှပါတယ် ၊ ထို ဂုဏ်တော်တွေကို လေ့လာခြင်းဖြင့် ဘုရားရှင်ဂုဏ်တော်တွေကို အများအပြားသိရတဲ့အခါ အောက်မေ့တိုင်း ကြည်နူးနှစ်သိမ့်ဖွယ် ကြုံရပါလိမ့်မယ် ၊ အထူးသဖြင့် ဂုဏ်တော်တွေ ဖော်ကျူးထားတဲ့သာယာသောဘုရားရှိခိုးတွေ ကြိုးစားကျက်မှတ်ထားရင်ဖြင့် ရွတ်လို့ကောင်းဆိုလို့ကောင်းလို့ ရွတ်ဖတ်ပူဇော်ရတဲ့အခါ ကြည်နူးရ ဖော်ကျူးထားတဲ့ ဘုရားဂုဏ်တော်တွေက ကြည်ညိုဖွယ်တွေမို့ ရွတ်ရင်းဆိုရင်း ဂုဏ်တွေသိကာ ပီတိတွေဖြာလာနိုင်ပါတယ် ၊ဒါ့ကြောင့်ဘုရားဂုဏ်

http://www.dhammadownload.com

တော်အောက်မေ့လို့ ပီတိဖြစ်ရတာဟာ အောက်မေ့တတ်မှလို့ ပြော ခဲ့ခြင်းဖြစ်ပါတယ် ၊ အောက်မေ့တတ်သူအဖို့ အောက်မေ့တဲ့အခါ ဥပစာရ သမာဓိ အထိ ပီတိကြောင့် ဖြစ်ရတဲ့ ပဏီတရုပ်တွေ အနှံ့ တစ်ကိုယ်လုံး ပြန့်လာ ပီတိတွေ ဖြာလာရတာမို့ ဗုဒ္ဓါနုဿတိဟာ ပီတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ဖြစ်ရပါတယ် ။

ပုဏ္ဏရိုက် ယထာ ဝဂ္ဂု– တောယေန နုပလိမ္ဗတိ၊
ဧဝံ ပုညေစ ပါပေစ– ဥဘယေ တွံ နလိမ္ဗသိ ။
ပါဒေ ဝီရ ပသာရေဟိ– ဝါသေဌော ဝန္ဒတိ သတ္ထုနော

ဝဂ္ဂု-ရှုချင်စဖွယ် တင့်တယ်လှပသော ၊ **ပုဏ္ဏရိုက်**– မွှေးတ ထုံထုံ ဂုဏ်တံဆိတ်ဖြာ ပုဏ္ဏရိုက်ကြာသည် ၊ **တောယေန** – မိမိမှီရာ ရေဇလာနှင့် ၊**နုပလိမ္ဗတိယထာ** – မယှဉ်စပ်မိ မငြိမကပ်လေသကဲ့ သို့ ၊ **ဧဝံ** – ဤနည်းထားယူ အလားတူပင် ၊**တွံ** – ရှင်တော်မြတ် ဘုရားသည် ၊**ပုညေစ** – ဘဝဖြစ်ကြောင်း ကောင်းမှုဌ္ဌလည်းကောင်း၊ **ပါပေစ**– ဆင်းရဲဖြစ်ကြောင်း မကောင်းမှုဌ္ဌလည်းကောင်း ၊**ဥဘယေ**– ကောင်း မကောင်းနှစ်ပါး အကြောင်းတရား၌၊ **နလိမ္ဗသိ**–မဂ်ဖြင့် သိမ်း၍ မလိမ်းကပ်ဘိ မငြိမတွယ်တော့ပါပေ ၊ **ဝီရ** – ရဲရင့်တည် ကြည် ဇာနည်ယောက်ျား ရှင်တော်မြတ်ဘုရား (**တွံ**) တပည့်အများ အားထားရာသခင် ရှင်တော်မြတ်ဘုရားသည် ၊ **ပါဒေ**-စက်လက္ခဏာ သာယာဖွယ်ဖော် ခြေတော်အစုံတို့ကို ၊ **ပသာရေဟိ** –ဖူးမြော်ဖို့ရာ ဆန့်တော် ဖြန့်တော်မူပါဘုရား ၊ **ဝါသေဌော**– ဝါသေဌအမည်ရှိ ဘုရားတပည့်တော်သည် ၊ **သတ္ထုနော** – ဆရာသခင် ရှင်တော်မြတ် ဘုရား၏ ၊ **ပါဒေ**– မွှေးတထုံထုံ ဂုဏ်တံဆိတ်ဝေ ပုဏ္ဏရိုက်ခြေ တော်တို့ကို ၊ **ဝန္ဒတိ**–လွန်စွာမြတ်နိုး အားတော်ကိုး၍ ရှိခိုးကန်တော့

http://www.dhammadownload.com

ပါသည် ရှင်တော်မြတ်ဘုရား။

(၂) ဓမ္မာနုဿတိ

ထို့အတူ ဘုရားဟောတရားတော်တွေ၏ ကောင်းမွန်ပုံ မဂ်ဖိုလ်နိဗ္ဗာန်တရားတို့၏ ထူးခြား မြင့်မြတ်ပုံ အဖုံဖုံကို လေ့လာ ထားလျှင် တရားတော်ဂုဏ်ကို အောက်မေ့ရတာလည်း ပီတိဖြစ်နိုင် တာမို့ ဓမ္မာနုဿတိဟာလည်း ပီတိသမ္ဘောဇျင်ဖြစ်ခြင်းအကြောင်း ပါပဲ ။

ဓမ္မော တေ နာထ သွာက္ခာတော –
နတ္ထိ လောကမှိ တာဒိသော ၊
တမာဂမ္ဘ ဇနာ သန္တာ –
ကထံ နော ပူဇယာမ တံ ။

နာထ – သတ္တဝါအားလုံး ညွှတ်ရုံးလေးစား အားထားရာ သခင် ရှင်တော်မြတ်ဘုရား ၊ **တေ** – လူမွန်နတ်မွန် ပညာချွန်တို့ အလွန်လေးစား ရှင်တော်မြတ်ဘုရားသည် ၊ **ဓမ္မော** – မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မကွန်ဆယ်ပါး အတုမဲ့မြတ်တရားကို ၊**သွာက္ခာတော**–သင် ရာကျင့်ရာ သိမြင်ရာဟု အခါတိုင်းမှာ ချမ်းသာရအောင် ဖော် ဆောင်လေးမြတ် ကောင်းစွာဟောကြားတော်မူအပ်ပါပေ၏၊**လော ကမှိ**-ရှေးခေတ်ခုခေတ် နှစ်ခေတ်ပြောရ လောကအတွင်း၌ ၊**တာဒိ သော** – ရှင်တော်ဘုရား မြတ်တရားသို့ အမျှားမြတ်နိုး ထိုသို့သော တရားမျိုးသည် ၊ **နတ္ထိ** – ဘယ်သို့ရှာကြည့် ဘယ်မှာမှ မရှိပါပေ ၊ **တံ**–ထိုရှင်တော်မြတ်ဘုရား မြတ်တရားကို ၊ **အာဂမ္ဘ**– သင်မှုကျင့်မှု အစွဲပြု၍ ၊**ဇနာ**–အရိယာများဖျင် တရားရှင်ပုဂ္ဂိုလ်အပေါင်းတို့သည်၊

http://www.dhammadownload.com

သန္ဓာ – ကိလေသာတလူလူ အပူခပ်သိမ်း ပယ်ဖျောက်ငြိမ်းကြရပါကုန်သည်ဘုရား၊ (**မယံ**) တရားတော်ဂုဏ် အာရုံထားသည့် ဘုရားတပည့်တို့သည်၊ **တံ**–ကောင်းခြင်းအဖုံ စုံလင်ပြတ်သား မြတ်ဘုရား၏ တရားရတနာ ထူးမြတ်စွာကို ၊**ကထံ နော ပူဇယာမ** –ခေတ်ပေါ်အများ တရားတို့ထက် နှစ်သက်ဖွယ်မျိုး မြတ်နိုးဖွယ်ရာ တကယ်သာမို့ အဘယ်မှာ မပူဇော်ပဲ ရှိပါအုံ့နည်း၊ **ပူဇယာမ ဧဝ**–အာမိသနှင့် ဓမ္မနှစ်ဖြာ ပူဇာကိုဖော် တူပျော်တကွ ပူဇော်ကြမည်သာ ဖြစ်ပါတော့သည်ဘုရား ။

(၃) သံဃာနုဿတိ

သံဃာတော်၏ ကောင်းမွန်စွာ ကျင့်ခဲ့ပုံစသော ဂုဏ်တော်တွေဟာလည်း လေ့လာထား စူးစမ်းဆင်ခြင်ထားလျှင် အောက်မေ့တဲ့အခါ ပီတိဖြစ်နိုင်တာမို့ သံဃာနုဿတိဟာလည်းပီတိသမ္ဘောဇျင် ဖြစ်ကြောင်း တစ်ရပ်ပါပဲ ။

သံဃမှိ နော ပသန္နာသွ –
သံဃော နော ဟိတကာရကော၊
သံဃံ နိဿာယ အမှေဟိ–
ဗုဒ္ဓေါ ဓမ္မော စ ဉာယရေ ။

နော – သံဃာ့ဂုဏ်ရည် ယုံကြည်ညွှန်ထုတ် အကျွန်ုပ်တို့သည်၊ **သံဃမှိ** – မြတ်ဘုရား၏ သားတပည့်သံဃာ၌၊ **ပသန္နာ**–ယုံလည်းယုံပြီ ကြည်လည်းကြည်သည့် အဆီနိစ္စ ကြည်ညိုကြကုန်သည်၊ **အသွ** – အရတော်စွ ဖြစ်ကြပါကုန်၏။ **သံဃော**– သာသနာ့ဝန် ကျေပွန်အောင်ထမ်းလာ သံဃာတော်အပေါင်းသည်၊ **နော**–

http://www.dhammadownload.com

အကျွန်ုပ်တို့၏ ၊ **ဟိတကာရကော** –ကောင်းကျိုးအများ တရားတိုးအောင် အကျိုးဆောင်တော်မူတတ်ပါပေ၏ (**ဟိ**) ထိုစကားဧကန်မှန်လှပါပေ၏ ၊ **သံဃံ** – သံဃာတော်ဆို ပုဂ္ဂိုလ်မြတ် ဘုရားတပည့်အပေါင်းကို ၊ **နိဿာယ** –အတည်ကျကျ **အမှီ**ရကြကုန်၍ ၊ **အမှေဟိ**–ဘုရားတပည့်အမှန် သံဃာတပည့်သမုတ် အကျွန်ုပ်တို့သည် ၊ **ဗုဒ္ဓေါ စ**– ရှေ့ကပွင့်သွား တရားဘုရင် ဘုရားရှင်တုမရှိ ကိုလည်းကောင်း ၊ **ဓမ္မော စ**– သင်အပ်ကျင့်အပ် အမြတ်အစားစား တရားအဖြာဖြာ ရတနာကိုလည်းကောင်း ၊**ဥယရေ –ဥယန္တိ** – သံဃာ့ အသင်အပြ ခံယူရ၍ ယနေ့တိုင်ပင်အမြင် မမှားဘဲ ထင်ရှားသိအပ်ပါပေကုန်သတည်း ။

(၄) သီလာနုဿတိ

ရဟန်းတော်များ ကာလရှည်ကြာစွာ မကျိုးမပေါက်ရအောင် စောင့်ရှောက်ထားတဲ့ မိမိ၏ စတုပါရိသုဒ္ဓိသီလကို ဆင်ခြင်တဲ့အခါ လူများအဖို့လည်း မိမိတို့ရဲ့ မကျိုးမပေါက် မပြောက်မကျား ပြည့်ပြည့်ဝဝ စင်ကြယ်လှတဲ့သီလကို ဆင်ခြင်တဲ့အခါ ပီတိဖြစ်စရာမို့သီလဂုဏ်ကို အောက်မေ့ခြင်း သီလာနုဿတိဟာလည်းပီတိသမ္ဘောလျှင်ဖြစ်ခြင်း အကြောင်းတစ်ခုပါပဲ ။

ရက္ခိတं မေ သီလं သန္တ –
သေဝိတं မဂ္ဂပါဒကံ ၊
ဂန္ဓံ တံ မဏ္ဍနံ မယှ –
မဟော မေ သီလဝန္တတာ ။

သန္တသေဝိတं – ပါရမီရှင် သူတော်စင်တို့ ခင်မင်စုံညီ

http://www.dhammadownload.com

အကုန်မှီလျက် အတည်စွဲလတ် မှီဝဲအပ်ပေထသော ၊ **မဂ္ဂပါဒကံ**–ကိလေသာဖျက် စိန်စက်အလား မဂ်တရား၏ ရှေ့ဖျားမူလ စ အနေမှန် အခြေခံလည်းဖြစ်ပေထသော ၊ **သီလံ** – မကျိုးမပေါက် မပြောက်မကျား အမှားမစွဲ ပုလဲတရထည် ဝဇီရအလား သီလတရားကို ၊ **မေ**–ဘေးရန်ကင်းရေး အေးဖို့တွက်တာ ချမ်းသာရလို ဤ၎င့်ကိုယ်သည် ၊ **ရက္ခိတံ**–မဂ်ဖိုလ်ရည်စူး စိတ်ကြည်နူးလျက် ရွှင်မြူးလေးမြတ် စောင့်သုံးအပ်ပါပေပြီ၊**မယှံ**– မိမိသက်သာ ကိုယ့်ချမ်းသာတွက် မင့်ကွက်ဘဲ အားခဲအားထုတ် အကျွန်ုပ်၏ ၊**တံ သီလံ** အပြစ်ကင်းစွ အရေးလှလျက် ကြည်မြမကွာ ထိုသီလရတနာသည် **ဂန္ဓံ**– ဂုဏ်သတင်းဟု ထုံသင်းပျံ့ကာ ရနံ့ဖြာ နံ့သာလည်းဖြစ်ပါပေ၏ ၊ **မဏ္ဍနံ**–ကိုယ်လည်းယဉ်ယဉ် နှုတ်လည်းယဉ်ဖို့ တင်လွှမ်းမကွာ အဆင်တန်ဆာလည်းဖြစ်ပါပေ၏ ၊ **မေ** - ပဋိပတ်ဟုအမြတ်စခန်းတွင် မှတ်တမ်းဝင်ဖို့ အမြင်လွန်ဟုတ် အကျွန်ုပ်၏ ၊ **သီလဝန္ဓတာ**–ဒုသီလခက် အလှဖျက်သည့် မည်းစက်မထင် ဖြူစင်တည်ခ အကြည်ရတို သီလရှိသည်၏ အဖြစ်သည်၊ **အဟော**–စိတ်ကြည်လင်လျက် နှစ်သက်ပီတိ ပဿဒ္ဓိသုခ တည်လှသမာဓိ မဂ်ထိုဖိုလ်တိုင် ရနိုင်ဖွယ်ကောင်း အကြောင်းရပ်သာ ကောင်းမြတ်လှပါတော့သည် တကား။

(၅) ဈာဂါနုဿတိ

ရဟန်းတော်များ အစားအစာ ရှားပါးလှတဲ့အခါ စသည်မှာ ကိုယ်ရလာတဲ့ ဘောဇဉ်ကို သီတင်းသုံးဖော်တို့အား လှူဒါန်းပြီး ဒီလို အခါမျိုးမှာ ဒီလိုဒါနမျိုး ငါလှူရပါတကားလို့ မိမိဒါနဆင်ခြင် ရတဲ့

http://www.dhammadownload.com

အခါ လူများမှာလည်း ဒီလိုအခါမျိုးမှာ သီလဝန္တပုဂ္ဂိုလ်တို့အား လှူဒါန်းပြီး ထိုသို့လှူရတဲ့ ဒါနကို ပြန်လည်ဆင်ခြင်တဲ့အခါ ပီတိဖြစ်စရာမို့ စာဂါနုဿတိဟာလည်း ပီတိသမ္ဘောရွှင် ဖြစ်ခြင်း အကြောင်းပါပဲ ။

ဒီ နေရာမှာ ရှားပါးတဲ့အခါ လှူရတဲ့ဒါနဟာ ပိုပြီး ပီတိဖြစ်စေတတ်တာမို့ ထိုအခါ လှူရတဲ့ ဒါနကို အောက်မေ့ခြင်းကို အထူးဆိုခြင်းဖြစ်ပါတယ် ၊ ပကတိအခါ ဝမ်းမြောက်ရွှင်ပျ အားရဝမ်းသာ လှူခဲ့ရတဲ့ ဒါနတွေဟာလည်း အောက်မေ့တိုင်း ပီတိဖြစ်နိုင်တာချည်းပါပဲ ။

ဒါနံ နိဓာနံ အနုဂ်ံ –
ဒိန္နံ မေ သဗ္ဗကာမဒံ ၊
ဒါနာရီ ဟစ္ဘ ယုဒ္ဓမှိ –
ဧယော မမ အဟော အဟော ။

နိဓါနံ – အရေးကြုံသော် ထုတ်ဖော်သုံးရန် မြှုပ်နှံထားရာ ရတနာသိုက် ဘဏ္ဍာတိုက်လည်း ဖြစ်ပေထသော ၊ **အနုဂ်ံ** – ဘဝ ထိုထို ကိုယ်နှင့်မကွာ ထပ်ချပ်ပါ၍ ချမ်းသာအောင်ပြု အနုဂါမိက ဥစ္စာ ရတနာလည်းဖြစ်ပေထသော ၊ **သဗ္ဗကာမဒံ** – လိုရာလိုရာ ချမ်းသာအတိ သမ္ဘတ္တိအထွေထွေ ပေးတတ်ပေထသော ၊ **ဒါနံ** – အလောင်းအလျာ ပေါင်းတကာတို့ ကောင်းစွာဖြည့်ကြ လှူဒါနကို **မေ**–သဒ္ဓါဖော်လျက် အပျော်ဘက်၌ နှစ်သက်အားထုတ် အကျွန်ုပ်သည်၊**ဒိန္နံ**–လှူကျိုးနပ်စွာ အမြတ်သာဟု သဒ္ဓါဖွေးဖြူ အရေးယူလတ် ပေးလှူအပ်ပါပေပြီ ၊ **အစ္ဘ**–စေတနာကဲ သဒ္ဓါရဲလျက် ဇွဲမာန်တက်ရာ ဤနေ့ခါ၌ ၊ **ဒါနာရီဟိ** –မစ္ဆေရနှင့် လောဘ ဣဿာ

http://www.dhammadownload.com

အဘိဇ္ဈာထည့် မိစ္ဆာဒိဋ္ဌိ စရှိဆူဆူ အလျှုဖျက် ရန်သူတို့နှင့် ၊ **ယုဒ္ဓမှိ-** မပေါ်လာရန် တွန်းလှန်ပစ်လျက် စစ်ဖက်ရာ၌ ၊**မမ-** စေတနာကဲ သဒ္ဓါရဲလျက် ဇွဲတံခွန်ထုတ် အကျွန်ပ်၏ ၊**ဇယော** – အကဲလှလျက် ပွဲရဂုဏ်ဝင်း အောင်မြင်ခြင်းသည် ၊**အဟော**–အရတော်လှ ကောင်း လေစွဟု တ, ကာ တ,ကာ အားရဖွယ်ကြီးပါတကား၊ **အဟော** – လူဖြစ်ကျိုးနပ် အမြတ်ကြုံရ ငါ့ဘဝဟု တွေးဆလန်းကာ ချမ်းသာ တကယ် သြော် ဝမ်းသာဖွယ်ကြီးသာတကား ။

(၆) ဒေဝတာနုဿတိ

သဒ္ဓါစသော တရားဂုဏ်ပြည့်စုံကြတဲ့ ပုဂ္ဂိုလ်တွေ နတ်ပြည် ဗြဟ္မာ့ပြည်ရောက်ကြတယ် ထိုနတ်ပြည် ဗြဟ္မာ့ပြည်ရောက်ကြောင်း ကောင်းမြတ်သော သဒ္ဓါစသော ဂုဏ်တွေ ငါ့မှာရှိနေပါ တကားလို့ နတ်ဗြဟ္မာတို့၏ သဒ္ဓါစသော ဂုဏ်တွေ သက်သေထားပြီး မိမိမှာရှိ တဲ့ သဒ္ဓါစသောဂုဏ်ကို အာရုံပြု ပွားများတဲ့ ဒေဝတာနုဿတိဟာ လည်း ပီတိသမ္ဘောဇ္ဈင်ဖြစ်ကြောင်းတစ်ရပ်ပါပဲ ။

သဒ္ဓါဒယော ဂုဏာဂမ္မ-
ဒေဝလောကဂတာ မရာ ၊
အတ္ထိ မေ တေ ဂုဏာတေဟိ –
အဟော မေ ဂုဏတုလျတာ ။

အမရာ – သူတော်မျာကြိုက် တရားလိုက်လျက် အားစိုက် တတ်စွာ နတ်ဗြဟ္မာအပေါင်းတို့သည် ၊ **သဒ္ဓါဒယော** – သဒ္ဓါသီလ သုတတစ်ဖြာ ပညာစာဂ ဓမ္မပြားတုံ ငါးပါးကုန်သော ၊ **ယေဂုဏော**– နတ်ဗြဟ္မာသို့ ရောက်ဖို့အင်စုံ အကြင်ဂုဏ်တို့ကို ၊ **အာဂမ္မ**– ကိုယ်နှင့်

http://www.dhammadownload.com

တွဲယှဉ် အမြဲဆင်လျက် အသွင်ကောင်းမှု အကြောင်းပြု၍ ၊ **ဒေဝ လောကဂတာ**–ချမ်းသာအမျိုးမျိုး တန်ခိုးအတန်တန် ဗိမာန်အသင့် ဘုံအသင့်ဖြင့် ဂုဏ်မြင့်ဖြိုးမောက် နတ်ပြဟ္မာပြည်သို့ ရောက်ကြ လေကုန်၏ ၊ **တေ ဂုဏာ**–နတ်ပြဟ္မာထံ ရောက်ရန်ပုံကောင်း ထို ဂုဏ်အပေါင်းတို့သည် ၊ **မေ** – ဗုဒ္ဓဟောကြား တရားအလီလီ အ တည်ရလို ဤဝါ့ကိုယ်အား ၊ **အတ္ထိ** – အဆင့်ဆင့်ပွား အစဉ်များဘိ ထင်ရှား ရှိနေကြပါပေကုန်၏ ၊ **မေ** – ဗုဒ္ဓဇိနော် တပည့်တော်ဟု မှည့်ခေါ်ညွှန်ထုတ် အကျွန်ုပ်၏ ၊ **တေဟိ**–သဒ္ဓါစသည် ဂုဏ်အ ရည်ဖြင့် စုံညီကပ်ကာ မြတ်လာအစားစား ထိုနတ် ပြဟ္မာအများ တို့နှင့် ၊ **ဂုဏတုလျတာ** – သူတို့ပုံမှီ ဂုဏ်အရည်ဖြင့် စုံညီဖြူဆွ တစ်မူလှပြီး တူမျှ သည်၏ အဖြစ်သည် ၊ **အဟော** – ဗုဒ္ဓသာသန ဒုလ္လဘနှင့် ကြုံရကျိုးနပ် အကြောင်းရပ်သာ ဩော် ကောင်းမြတ် လှပါတော့သည် တကား။

(၇) ဥပသမာနုဿတိ

နိဗ္ဗာန်၏ ကိလေသာကင်းဝေးပုံ ကိလေသာကင်းဝေးလို့ ငြိမ်းအေးပုံ ဒုက္ခတွေမရှိ ချုပ်ငြိမ်းပုံစသည်ဖြင့် နိဗ္ဗာန်၏ ဂုဏ်တွေ ကို အာရုံပြုအောက်မေ့ပွားများတဲ့ ဥပသမာနုဿတိဟာလည်း ပီတိသမ္ဘောဇျင်ဖြစ်ခြင်း အကြောင်းတစ်ပါးပါပဲ ၊ တချို့မထေရ်တွေ သမာပတ်နဲ့ ခွာထားလို့ အနှစ်ခြောက်ဆယ်ခုနစ်ဆယ်တိုင် ကိလေ သာတွေဖြစ်ပေါ်မလာ ထိုသို့သော ကိလေသာငြိမ်းအေးမှုတစ်စိတ် တစ်ဒေသကို ဆင်ခြင်အောက်မေ့မှုဟာလည်း ဥပသမာနုဿတိ တစ်မျိုးမို့ ပီတိသမ္ဘောဇျင်ဖြစ်ကြောင်း ပါပဲ ။

http://www.dhammadownload.com

ကောနု အညတြ ပရိယေဟိ -
ပဒံ သမ္မုဒ္ဒုမရဟတိ ၊
ယံ ပဒံ သမ္မဒညာယ -
ပရိနိဗ္ဗန္တိ အနာသဝါ ။

အရိယေဟိ-အရိယာဇာတ် ပုဂ္ဂိုလ်မြတ်တို့ကို ၊ **အညတြ**-ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍၊ **ကော**-ပုထုဇဉ်အနွယ် အဘယ် ပုဂ္ဂိုလ်မျိုးသည် ၊ **ပဒံ**- အရိယာဇာတ် ပုဂ္ဂိုလ်မြတ်တို့ သိအပ်အမှန် နိဗ္ဗာန်ထွတ်ဖျား လောကုတ္တရာမြတ်တရားကို ၊**သမ္မုဒ္ဒုံ**-အလင်းပေါက်လျက် ထွင်းဖောက်ထင်လင်း သိမြင်ခြင်းငှာ ၊ **အရဟတိနု**-အမျှား အရိယာ အရိုက်အရာမို့ ထိုက်ပါ လျော်ပါ သင့်ပါတော့အံ့နည်း၊ **ယံ ပဒံ**- အရိယာအားလုံး လက်သုံးအမှန် ယင်းနိဗ္ဗာန်ကို၊**သမ္မဒညာယ**-အရဟတ္တ မဂ္ဂဉာဏ်ဆင် ပညာရှိရှိ ထင်စွာသိကြကုန်သည်ဖြစ်၍ ၊**အနာသဝါ**- အာသဝတို့ ကွာကျကင်းဘိ အလျှင်းမရှိကြကုန်ပဲ ၊ **ပရိနိဗ္ဗန္တိ**-ကိလေသပရိနိဗ္ဗာန် ဝင်စံကိန်းပျော် ငြိမ်းတော်မူကြ လေကုန်သတည်း ။

သဒေဝကဿ လောကဿ -
ဧတေ ဝေါ သုခသမ္မတာ ၊
ယတ္ထ စေတေ နိရုဇ္ဈန္တိ -
တं တေသံ ဒုက္ခသမ္မတံ ။

သဒေဝကဿလောကဿ- နိဗ္ဗာနဓာတ် မမြင်တတ်သည့် နတ်နှင့်တကွ တစ်လောကလုံးသည် ၊ **ဧတေ** - ထိုရူပသဒ္ဒစသည် အာရုံကာမဂုဏ်တို့ကို၊**သုခသမ္မတာ**-ချမ်းသာဟုထင် အမြင်မှားလတ် သမုတ်အပ်ကုန်၏ ၊ **ယတ္ထ စ**- အကြင်နိဗ္ဗာနဓာတ်တရားမြတ်၌

http://www.dhammadownload.com

ကား ၊ **ဧတေ**– ထိုရူပသဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့သည် ၊ **နိ ရုဇ္ဈန္တိ**–လုံးဝရုပ်သိမ်း ချုပ်ငြိမ်းကြရကုန်၏၊**တံ**–အငြိမ်းဓာတ်မှန် ထိ နိဗ္ဗာန်ကိုမူ၊ **တေသံ** – တဏှာပူးဝင် ပုထုဇဉ်ဟု ဉာဏ်မြင်ကင်းသူထိ နတ်နှင့်လူတို့သည်၊ **ဒုက္ခသမ္မတံ**–ကြောက်ဖွယ်ရာမြင် ကောင်းမ ထင်ပဲ တွင်တွင်ရှုတ်ချ ဒုက္ခဟု သမုတ်အပ်ပေသတည်း ။

သုခံ ဒိဋ္ဌမရိယေဟိ –
သဏ္ဌာယသ နိရောဓံ ၊
ပစ္စနီကမိဒံ ဟောတိ –
သဗ္ဗလောကေန ပသတံ ။

သဏ္ဌာယသ- ဥပါဒါန်နယ် တွဲရာအကြောင်း ခန္ဓာငါးပါး အပေါင်း၏၊ **နိရောဓံ**-လုံးဝရုပ်သိမ်း ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို **သုခံ** –ချမ်းသာအစစ် ဧကန်ဖြစ်၏ဟူ၍ ၊ **အရိယေဟိ** သန့်ရှင်း ဖြူစင် အရိယာအရှင်တို့သည် ၊ **ဒိဋ္ဌံ**–ကိုယ်တွေ့ဆိုက်ထိ သိအင်ပေပြီ **ဣဒံ**– နတ်လူသာမန် မမြင်တန်သည့် နိဗ္ဗာန်အငြိမ်းဓာတ် ဤ တရားမြတ်ကို ၊ **ပသတံ** – မဂ်သိဖိုလ်သိ အမြင်ရှိလာ အရိယာ အရှင်မြတ်တို့အဖို့ ၊**သဗ္ဗလောကေန** – ကိလေသာဟု သလာတွေဖုံး တစ်လောကလုံးနှင့် ၊**ပစ္စနီကံ**–အမြင်နှစ်ဝ ယှဉ်မရဘဲ လုံးဝဆန့် ကျင် ပြောင်းပြန်ပင် ၊**ဟောတိ** –အမှားအမှန် မြင်ဟန်ယူဆ မတူ မျှခြေ ဖြစ်ရပေသတည်း ။

(၈)ကြမ်းတမ်းသူကို ရှောင်ခွာခြင်း

ကြမ်းတမ်းသူဆိုတာ စိတ်နှလုံးမနူးညံ့ ကြမ်းတမ်းနေတဲ့ ပုဂ္ဂိုလ်လို့ ဆိုပါတယ် ၊ လောကမှာ အဆီအစေးရှိတဲ့ ဝတ္ထုကို နူး

http://www.dhammadownload.com

ည့်တယ် အဆီအစေးမကပ် ခြောက်ခြောက်ထပ်ထပ်ဝတ္ထုကို ကြမ်းတယ် ဆိုတဲ့ အသုံးရှိပါတယ်၊ ဒါလိုပဲ ကြည်ညိုထိုက်တဲ့ ရတနာသုံးပါးစသော ဝတ္ထုတို့ဝယ် ကြည်ညိုခြင်း သဒ္ဓါဆိုတဲ့ အစေးခြောက်ခန်း ကြမ်းတမ်းခြောက်ကပ်တဲ့ စိတ်ဓာတ်ရှိသူကို ကြမ်းတမ်းသူလို့ ဆိုခြင်းဖြစ်ပါတယ်၊ စေတီရုပ်ပွား ဘုရားဆင်းတု ဖူးမြော်မှုဆရာမထေရ်ကြီးတို့အား ဖူးမြော်မှုတို့၌ ကောင်းစွာမပြုရိုသေလေးစားမှု မရှိခြင်းက သူ့ရဲ့စိတ်နှလုံးကြမ်းတမ်းတယ်ဆိုတာ ပြနေပါတယ်၊ အဲဒီလို သဒ္ဓါအစေးခြောက်ခန်း ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပေါင်းသင်းခြင်းဟာ ပီတိဖြစ်ဖို့အရေးနဲ့ တစ်ဖက်တစ်လမ်း ဆန့်ကျင်ဘက်ပါပဲ၊ ဆန့်ကျင်ဘက်ဖြစ်လို့ပဲ ဒီလိုကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းကို ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တစ်ရပ်အဖြစ် ဆိုထားခြင်းဖြစ်ပါတယ်။

(၉) သိမ်မွေ့နူးညံ့သူကို မှီဝဲဆည်းကပ်ခြင်း

သိမ်မွေ့နူးညံ့သူဆိုတာ နူးညံ့တဲ့ စိတ်နှလုံးရှိတဲ့ ပုဂ္ဂိုလ်ပါပဲ ရတနာသုံးပါး ဆရာသမား မထေရ်ကြီးစသည်တို့အပေါ် ရိုသေလေးမြတ် ပူဇော်တတ် ရှိခိုးတတ် မြတ်နိုးတတ်တဲ့ ပုဂ္ဂိုလ် သဒ္ဓါအစေးရှိလို့ စိုပြည်နူးညံ့သိမ်မွေ့တဲ့ စိတ်နှလုံးရှိတဲ့ပုဂ္ဂိုလ် ဒီလို ပုဂ္ဂိုလ်မျိုး မှီဝဲဆည်းကပ်လျှင် သူ့ကို မြင်ရုံနဲ့ ပီတိဖြစ်နိုင်ရုံမက သူ့ရဲ့စိတ်ဓာတ်တွေ ကူးဆက်ပြီး မိမိလည်းကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ် ပိုပြီးကြည်ညိုတတ်တဲ့ပုဂ္ဂိုလ်ဖြစ်နိုင်ပါတယ်၊ ရတနာသုံးပါးဂုဏ်နဲ့စပ်ပြီး သူ့ထံမှ ကြားရနာရ ဆွေးနွေး ရလို့ ပီတိတွေဖြစ်နိုင်ပါတယ်၊ ဒါကြောင့် ဒီလိုသိမ်မွေ့နူးညံ့တဲ့ပုဂ္ဂိုလ်ကို မှီခိုပေါင်းသင်း ဆည်းကပ်မှီဝဲရခြင်းဟာ ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတစ်ရပ်ဖြစ်ရပါတယ်။

http://www.dhammadownload.com

(၁၀) ကြည်ညိုဖွယ်သုတ္တန်တွေ ဆင်ခြင်ခြင်း

ရတနာသုံးပါး ဂုဏ်တော်များကို ကြည်ညိုဖွယ်ဖော်ကျူးထူးခြားသော နည်းပရိယာယ် ချယ်လှယ်ဆင်သ ဟောပြတော်မူရာ ဒေသနာအများပင် ရှိနေခဲ့ပါတယ် ၊ ထိုသုတ္တန်များဝယ် အနက်အဓိပ္ပါယ် နားလည်သဘောကျသူတို့အဖို့ တရားအရသာအနက်အရသာ သာယာဖွယ်အဖုံဖုံ ကြုံတွေ့ခံစားရတဲ့အခါ လွန်စွာရွှင်မြူးကြည်နူးနှစ်သိမ့် တစိမ့်စိမ့် ပီတိဖြစ်လာရတယ်၊ နောက်က ပြောခဲ့တဲ့ ဝိမုတ္တာယတန လွတ်မြောက်ခြင်းအကြောင်း ငါးပါးထဲမှာ တရားဆင်ခြင်ခြင်းဟာ တစ်ပါး အပါအဝင်ဖြစ်ရာ ၄င်းမှာပီတိမှ အဆင့်ဆင့်တက်ကာ ဥပစာရသမာဓိအထိ သမာဓိလည်းဖြစ်နိုင်၍ လွန်စွာကျေးဇူးများလှပါတယ် ၊ ဒါ့ကြောင့် ဒီလိုကြည်ညိုဖွယ် သုတ္တန်တွေ ဆင်ခြင်ခြင်းဟာ ပီတိသမ္ဘောဇျှင်ဖြစ်ခြင်း တစ်ရပ်ဖြစ်ရပါတယ်။

(၁၁)ပီတိသမ္ဘောဇျှင်၌ သက်ဝင်ခြင်း

ဓမ္မပီတိဆိုတာ လွန်စွာသာယာဖွယ်ကောင်းတဲ့ပီတိ ဒီ ဓမ္မပီတိဟာ လွန်စွာကြိုးစားတဲ့ ယောဂီတွေမှာသာ ဖြစ်တာပါ၊ ဒီပီတိမျိုး ဖြစ်လာယင်လည်း ကာမဂုဏ်အစာ အာမိသမရောလို့ ရွှင်မောသာယာဖွယ် အတိုဖြစ်လေတော့ ထပ်ကာထပ်ကာ လိုလားနေတော့တာပါပဲ ၊မရသေးတဲ့ ယောဂီကလည်း ဒီပီတိဖြစ်ပုံ ကြားရတာနဲ့ ဒီလိုပီတိမျိုး ဖြစ်ဖို့လိုလားလျက်ပါပဲ၊ဒါကြောင့်လည်း ပီတိဖြစ်ဖို့ရာ စိတ်ပါနေကြ စိတ်ပါနေကြလို့ မဖြစ်သေးတဲ့ ပီတိဖြစ်လာဖို့ ဖြစ်ပြီးတဲ့ ပီတိအဆင့်ဆင့် မြင့်တက်လာဖို့ ကြိုးစားဇာတ်တာပါပဲ၊ ဒါ့ကြောင့် ပီတိသမ္ဘောဇျှင်ဖြစ်ဖို့ စိတ်ပါစိတ်ညွှတ်နေမှုဟာ ပီတိ

http://www.dhammadownload.com

သမ္မောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ဖြစ်ရပါတယ်။

ပဿဒ္ဓိသမ္မောဇ္ဈင်ဖြစ်ကြောင်း

ရဟန်းတို့မဖြစ်သေးတဲ့ ပဿဒ္ဓိသမ္မောဇ္ဈင်ဖြစ်ဖို့ ဖြစ်ပြီးသောပဿဒ္ဓိသမ္မောဇ္ဈင်၏ ဘာဝနာပြည့်စုံပြီးမြောက်ဖို့ အကြောင်းဟာဘာလဲ ၊ ရဟန်းတို့ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ ရှိနေတယ် ထိုပဿဒ္ဓိနှစ်ပါးခ္ဍ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မျှားစွာပြုခြင်းမှာ မဖြစ်သေးသော ပဿဒ္ဓိသမ္မောဇ္ဈင်ဖြစ်ဖို့ရာ ဖြစ်ပြီးသော ပဿဒ္ဓိသမ္မောဇ္ဈင်၏ဘာဝနာပြည့်စုံပြီးမြောက်ဖို့ရာ အကြောင်းပင်ဖြစ်တော့တယ် ။

ကာယပဿဒ္ဓိဆိုတာက စေတသိက်တို့၏ ငြိမ်းအေးမှု စိတ္တပဿဒ္ဓိဆိုတာက စိတ်၏ ငြိမ်းအေးမှု စိတ်စေတသိက်တွေ ငြိမ်းအေးနေလျှင် ရုပ်တွေလည်းငြိမ်းအေးလာတော့တာပါပဲ ၊ ထိုပဿဒ္ဓိ နှစ်ပါးခ္ဍ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှုဆိုတာ ရှေးတုန်းက မိမိမှာငြိမ်းချမ်းမှု ဖြစ်ခဲ့ဖူးတယ်၊ အဲ ဒီဖြစ်ခဲ့ဖူးတဲ့ အခြင်းအရာကို မှတ်သားပြီး ယခုထို ငြိမ်းချမ်းမှုမျိုးဖြစ်ပေါ်လာအောင် နှလုံးသွင်းခြင်းပါပဲ ၊ ဆိုလိုတာကရှေးက ဘာဝနာတစ်မျိုးမျိုး အားထုတ်စဉ်က ပဿဒ္ဓိဖြစ်ခဲ့ဖူးတာ ရှိပါလိမ့်မယ်၊ အဲ ဒီ ပဿဒ္ဓိဖြစ်အောင် ပွားခဲ့ဖူးတဲ့ဘာဝနာကို ပွားခြင်းပါပဲ။

ဒီတော့ ပဿဒ္ဓိဖြစ်ကြောင်းဟာ ပဿဒ္ဓိလို့လည်း ဆိုနိုင်ပါတယ်၊အသစ်အသစ်ဖြစ်လာတဲ့ ရှေးရှေးပဿဒ္ဓိဟာ နောက်နောက် ပဿဒ္ဓိဖြစ်ခြင်းအကြောင်းပါပဲ ၊ ဒါတွင်မက ပဿဒ္ဓိဖြစ်ကြောင်းတရားအာရုံဟာလည်း ပဿဒ္ဓိဖြစ်ခြင်းအကြောင်းပဲဆိုရပါတယ် ။

http://www.dhammadownload.com

ပဿဒ္ဓိသမ္ဗောဇျင်ဖြစ်ကြောင်းခုနစ်ပါး

အဋ္ဌကထာများမှာ ပဿဒ္ဓိသမ္ဗောဇျင်ဖြစ်ကြောင်းခုနစ်ပါး လာပါတယ်။

စားကောင်းသုံးမှု ဥတုတစ်ဖြာ ကျွန်ုပ်ယာပထ ချမ်းမြရာကပ် လယ်အလတ်ကျ ပယောဂဖန် ပူပန်သူများ ရှောင်ရှားဝေးဝေး အေးချမ်းသူကပ် ပဿဒ္ဓိခေတ် သက်ဝင်ဖြစ် ခုနစ်ပဿဒ္ဓိ ဖြစ်ကြောင်းတည်း ။

၁။ ကောင်းမွန်တဲ့ အစာမှီဝဲမှု

၂။ သပ္ပါယဖြစ်တဲ့ ဥတုမှီဝဲမှု

၃။ သပ္ပါယဖြစ်တဲ့ ကျွန်ုပ်ယာပုတ် မှီဝဲမှု

ဒီ အကြောင်းသုံးပါးကို တပေါင်းတည်း ပေါင်းပြောပါ တော့မယ် ၊ မိမိနှင့် သပ္ပါယဖြစ်တဲ့ ကောင်း မွန်နူးညံ့တဲ့ အစားအစာ စားရလျှင်လည်း ပဿဒ္ဓိသမ္ဗောဇျင်ဖြစ်နိုင်တယ်၊ အအေးအပူ ဥတု နှစ်မျိုးတွင် မိမိနှင့် သပ္ပါယဖြစ်တဲ့ ဥတုကို အသုံးပြု ခံယူရလျှင် ပဿဒ္ဓိသမ္ဗောဇျင်ဖြစ်နိုင်ပါတယ်၊ သွား ရပ် ထိုင် လျောင်း ကျွန်ုပ်ယာ ပုထ်လေးပါးတွင် မိမိနှင့်သင့်တော်တဲ့ ကျွန်ုပ်ယာပုထ် အသုံးပြုနေရ ယင်လည်း ပဿဒ္ဓိသမ္ဗောဇျင်ဖြစ်လာတတ်ပါတယ် ။

ဒီနေရာမှာ ဘယ်ဥတု ဘယ်ကျွန်ုပ်ယာပုတ်မျိုးမဆို ခံနိုင်ရည် ရှိတဲ့ ထူးခြားတဲ့ ယောက်ျားထူး ပုဂ္ဂိုလ်မြတ်များ ရှိတတ်ပါတယ်၊ထို ပုဂ္ဂိုလ်မျိုးကို ရည်ပြီးသင့်တဲ့ ဥတုကျွန်ုပ်ယာပုတ် မှီဝဲဖို့ဆိုတာ မဟုတ်ပါ ဘူး တချို့ပုဂ္ဂိုလ်မှာ သင့်တဲ့ဥတု သင့်တဲ့ ကျွန်ုပ်ယာပုတ် မသင့်တဲ့ဥတု ကျွန်ုပ်ယာပုတ်မျိုးရှိတတ်တယ် ၊ ထိုသို့ ခံနိုင်ရည်မရှိသော ပုဂ္ဂိုလ်မျိုးမှာ

http://www.dhammadownload.com

သင့်တဲ့ ဥတု ကျွန်ုပ်ယာကိုမှီဝဲ မသင့်တဲ့ ဥတု ကျွန်ုပ်ယာပုတ်ကို ရှောင်ရှားယင် ပဿဒ္ဓိဖြစ်နိုင်ပါတယ်၊ ဒီလိုသပ္ပါယဖြစ်တဲ့ အစာ အာဟာရ ဥတုကျွန်ုပ်ယာပုတ်သုံးပါးမှီဝဲ သုံးစွဲရတော့ ကိုယ်လန်းဆန်း ခံ့ကျန်းလာ ကိုယ်လန်းဆန်း ခံ့ကျမ်းမှုဟာ စိတ်၏လန်းဆန်းမှုကို လည်း ဖြစ်စေအောင်ဆောင်ရွက်ပေးသလိုဖြစ်တော့ စိတ်လည်း လန်းဆန်း အေးချမ်းလာရ ဒီတော့ ယခင်အစာ ဥတု ကျွန်ုပ်ယာပထ သပ္ပါယဖြစ်ရာ မှီဝဲခြင်းဟာ ပဿဒ္ဓိနှစ်ပါးဖြစ်ခြင်း အကြောင်း ဖြစ်ရတယ် ။

(၄)အလယ်အလတ်ဖြစ်သော ပယောဂရှိခြင်း

မိမိ၏လည်းကောင်း သူတစ်ပါး၏လည်းကောင်း ကံသာ ကိုယ့်ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်းကို မရွှေတွေ့ပယောဂ အလယ်အလတ်သဘောရှိတဲ့ ပယောဂဆိုပါတယ်၊ အလယ် အ လတ်သဘောရှိတဲ့ ပယောဂဆိုတာ အဖို့နှစ်ပါး ကျ မသွားတဲ့ အလယ်အလတ်အကျင့်ကိုလည်း ဆိုနိုင်ပါတယ်၊ ထိုသို့ အဖို့နှစ်ပါး ကျ မသွားပဲ ကံသာမိမိဥစ္စာအဖြစ် ဆင်ခြင်မှုဖြစ်လေတော့ အ လယ်အလတ်ဖြစ်တဲ့ စိတ်၏ဗျာပါရလို့လည်း ဆိုနိုင်ပါတယ်။

သတ္တဝါတို့၌ ရအပ်ခံစားအပ်တဲ့ ချမ်းသာဆင်းရဲဟာ အ ကြောင်းမရှိ အလိုအလျောက်ဖြစ်တယ်ဆိုတဲ့ အယူအဆက အဖို့ တစ်ပါး ၊ထိုချမ်းသာဆင်းရဲဟာ ဗြဟ္မာ ဗိဿနိုး အစိုးရသူ အရှင် ဟူသော အကြောင်းရှိတယ်ဆိုတဲ့ အယူအဆက အဖို့တစ်ပါး ၊ အဲဒီ အဖို့နှစ်ပါးဘက် ကျမသွားစေဘဲ မိမိ မိမိတို့ကံကြောင့် ဖြစ်တယ် ဆိုတဲ့ အယူအဆဟာ အလယ်အလတ်ဖြစ်တဲ့ အကျင့်လမ်း အဲဒီ

http://www.dhammadownload.com

အလယ်လမ်းလိုက်မှုဆိုတဲ့ ကမ္မဿသကအဖြစ် ဆင်ခြင်မှုကို မဂ္ဂင်္ဂပယောဂ အလယ်အလတ် သဘောရှိတဲ့အကျင့် အလယ်အလတ်သဘောရှိတဲ့ စိတ်၏ ဗျာပါရလို့ ဆိုပါတယ် ။

ဒီလို မိမိသူတစ်ပါး၏ ကမ္မဿကအဖြစ်ကို ဆင်ခြင်မှုဟာ သူတစ်ပါးကြောင့်လည်း ကိုယ့်မှာ စိတ်ပူပန်မှု မဖြစ်ရ ကိုယ့်ကြောင့်လည်း ကိုယ့်မှာ စိတ်ပူပန်မှုမဖြစ်ရ၊ ဒါကြောင့် စိတ်စေတသိက်တွေ ပူပန်မှု မဖြစ်ခြင်းအကြောင်းဖြစ်ကာ ပဿဒ္ဓိနှစ်ပါး ဖြစ်ပွားစေအောင် ရွက်ဆောင်တတ်တယ်၊ ဒီတော့ ဒီ အလယ်အလတ်သဘောရှိတဲ့ ပယောဂဖြစ်နေခြင်းဟာ ပဿဒ္ဓိ သမ္ဘောဇျင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ပါပဲ ။

(၅) ကိုယ်စိတ်ပူပန်သူကို ရှောင်ခွါခြင်း

ခဲနှင့်ပေါက် တုတ်နှင့်မိုက်စသည်တို့ဖြင့် တစ်ပါးသတ္တာတို့ကို ညှာတာသနားခြင်းကင်း ညှဉ်းဆဲလျက် လှည့်လည်နေတတ်သော ပုဂ္ဂိုလ်တို့ကို ကိုယ်စိတ်ပူပန်မှု ရှိတဲ့ပုဂ္ဂိုလ်ဆိုပါတယ် ဘာဝနာအလုပ်အားမထုတ်တဲ့ စိတ်ကောင်းရှိသူများမှာပင် ၊ ဒီလိုပုဂ္ဂိုလ်မျိုးတွေနှင့် တွေ့ရကြုံရ ဆက်ဆံရခြင်းဟာ စိတ်မချမ်းသာခြင်းအကြောင်းဖြစ်ရပါတယ် ၊ ငြိမ်းအေးမှု လိုလားတဲ့ ယောဂီများ အဖို့မှာတော့ ပြောစရာမရှိ၊ ဒါကြောင့် ဒီပုဂ္ဂိုလ်မျိုးတွေဟာ ပဿဒ္ဓိနှင့် ဆန့်ကျင်ဘက်တွေ သူတို့ကို ရှောင်ရှားခြင်းဖြင့် စိတ်မပူရ စိတ်အေးရလို့ ဒီလိုပုဂ္ဂိုလ်မျိုး ရှောင်ရှားခြင်းကို ပဿဒ္ဓိ သမ္ဘောဇျင်ဖြစ်ကြောင်းလို့ ဆိုရပါတယ် ။

http://www.dhammadownload.com

(၆) ငြိမ်းအေးသူကို မှီခို ဆည်းကပ်ခြင်း

ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်ဆိုတာ တစ်ပါးသတ္တာအပေါ်မှာ သနားကြင်နာ မေတ္တာထားတတ်၍ လက်ခြေစောင့်စည်းတတ်တဲ့ပုဂ္ဂိုလ်၊ ဒီ ပုဂ္ဂိုလ်မျိုးကို ပူပန်တဲ့ ကိုယ်စိတ်မရှိတဲ့ ပုဂ္ဂိုလ် ငြိမ်းအေးတဲ့ ပုဂ္ဂိုလ် ဆိုပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးတော့ မြင်ရတွေ့ရရုံနှင့်ပဲ စိတ်အေးငြိမ်းမှုဖြစ်ရပါတယ်၊ ဒီလိုပုဂ္ဂိုလ် မျိုးက ကိုယ်တိုင်ဘာဝနာလက်ရှိ ပ သဿဒ္ဓိ၏ တည်ရာဖြစ်နေတော့ သူ့ထံမှ ကြားရနာရ ဆွေးနွေး ရလျှင် ပဿဒ္ဓိဖြစ်ကြောင်း နည်းလမ်းကောင်းရရှိနိုင်ပြီး တွေ့ရတိုင်း ကြုံ ရတိုင်း ပဿဒ္ဓိတွေဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် ဒီလိုငြိမ်းအေးတဲ့ ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်းဟာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းဖြစ်ရပါတယ်။

(၇)ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ သက်ဝင်ခြင်း

ငြိမ်းအေးမှု ပဿဒ္ဓိဟာ ယောဂီတို့ရဲ့ ထူးခြားတဲ့ အရသာ သာယာဖွယ်တစ်မျိုးပါပဲ၊ တကယ်ပင် ကိုယ်စိတ်ချမ်းသာစေတတ်တဲ့တရားမို့ ဒီတရားအားကောင်းလာယင်ဖြင့် သမာဓိ ပညာ ဥ ပေက္ခာစသော အရေးကြီးတဲ့ တရားတွေလည်း အလွန်အကဲ တိုးတက်လာရတယ်၊ ဒါ့ကြောင့် ဒီတရားရနေတဲ့ ယောဂီတွေ၊ မရ သေးသော်လည်း ဒီတရားရဲ့ထူးခြားတဲ့ အရသာအကြောင်း ကြားဖူးတဲ့ ယောဂီတွေကတော့ ဒီတရားဖြစ်လာဖို့ တိုးတက်ဖို့ရာ အမြဲ တမ်း စိတ်ပါစိတ်ညွှတ်နေမှာပါပဲ ့ အဲဒီလို စိတ်ပါနေယင်တော့ မဖြစ်သေးတဲ့ ပဿဒ္ဓိဖြစ်အောင် ဖြစ်ပြီးတဲ့ပဿဒ္ဓိတိုးတက်ထက်သန် အောင် ကြိုးစားနေမှာသေချာပါတယ်၊ ဒါ့ကြောင့် ပဿဒ္ဓိ၌ စိတ်

http://www.dhammadownload.com

ပါသက်ဝင် ညွှတ်ကိုင်းနေမှုဟာ ပဿဒ္ဓိသမ္ဘောရွှင်ဖြစ်ခြင်း အ ကြောင်းတစ်ရပ် ဖြစ်ရပါတော့တယ်။

သမာဓိသမ္ဘောရွှင်ဖြစ်ကြောင်း

ရဟန်းတို့ မဖြစ်သေးသော သမာဓိသမ္ဘောရွှင်ဖြစ်လာဖို့ ဖြစ်ပြီးသော သမာဓိသမ္ဘောရွှင်ဘာဝနာပြည့်စုံ ပြီးမြောက်ဖို့ အ ကြောင်းဟာဘာလဲ၊ရဟန်းတို့ သမထနိမိတ် အဗျဂ္ဂနိမိတ်သည် ရှိ နေ၏ ၊ ထိုနိမိတ်၌ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မှားစွာပြုခြင်းမှာ မဖြစ်သေးသော သမာဓိသမ္ဘောရွှင် ဖြစ်ဖို့ ဖြစ်ပြီးသောသမာဓိသမ္ဘောရွှင်၏ ဘာဝနာပြည့်စုံ ပြီးမြောက် ဖို့ရာ အကြောင်းပင်ဖြစ်တော့တယ် ။။

ဒီ ဒေသနာမှာ သမထနိမိတ်ဆိုတာ သမာဓိကိုလည်းသမထ နိမိတ်ဆိုတယ် ၊ ထို သမာဓိ၏ အာရုံဖြစ်တဲ့ ပဋိဘာဂနိမိတ်ကိုလည်း သမထနိမိတ်ဆိုတယ် ၊ သမထဆိုတာ ရှေးရှေးဖြစ်တဲ့ သမာဓि ထိုသမာဓိကိုပဲ နောက်နောက်သမာဓိဖြစ်ခြင်း အကြောင်းဖြစ်လို့ နိမိတ်လည်းဆိုရတယ် ၊ အဗျဂ္ဂနိမိတ်ဆိုရာမှာ ဗျဂ္ဂ အမျိုးမျိုးသော အာရုံရှိတဲ့ ပျံ့လွင့်သောတရား ၊ဥဒ္ဓစ္စအဗျဂ္ဂအမျိုးမျိုးသော အာရုံ မရှိတဲ့ တစ်မျိုးတည်းသော အာရုံရှိတဲ့ ဥဒ္ဓစ္စပျံ့လွင့်တဲ့တရားရဲ့ ဆန့် ကျင်ဘက် သမာဓिပါပဲ ၊ ထိုသမာဓि ကိုပဲ နောက်နောက်သမာဓिရဲ့ အကြောင်းဖြစ်လို့ နိမိတ်အမည်ရတယ် ၊ ဒီတော့ သမထနိမိတ် အဗျဂ္ဂနိမိတ်ဆိုတာ အမည်သာကွဲ သမာဓिတစ်ခုတည်းကိုပင်ဆိုခြင်း ဖြစ်ပါတယ် ၊ ထို နိမိတ်မှာ အကြောင်းမှန်လမ်းမှန်အားဖြင့်နှလုံးသွင်း မှုဆိုတာ ရှေးကသမာဓिဖြစ်ခဲ့ပုံ အခြင်းအရာကိုမှတ်သားပြီး ထိုနည်း

http://www.dhammadownload.com

ဖြင့် သမာဓိဖြစ်လာအောင် နှလုံးသွင်းမှု ဘာဝနာကို ဖြစ်စေမှုပါပဲ။

ဒီတော့ သမာဓိသမ္မောဇျင်ဖြစ်ကြောင်းဟာ သမာဓိပါပဲ ၊ သမာဓိဖြစ်အောင် လုပ်ပေးလျှင် နောက်နောက်သမာဓိတွေ ဆက်ဆက်ဖြစ်လာလို့ ရှေးရှေးသမာဓိဟာ နောက်နောက်သမာဓိရဲ့ အကြောင်းဖြစ်ရတယ် ၊ ထို့ပြင် သမာဓိ၏အာရုံကမ္မဋ္ဌာန်းများလည်း သမာဓိသမ္မောဇျင်ဖြစ်ခြင်းအကြောင်းပါပဲ ။

သမာဓိသမ္မောဇျင်ဖြစ်ကြောင်း(၁၁)ပါး

ဒီနေရာမှာ သမာဓိသမ္မောဇျင်ဖြစ်ကြောင်းတစ်ဆယ့်တစ်ပါး အဋ္ဌကထာများမှာ ပြကြပါတယ်

ဝတ္ထုစင်စေ ဣန္ဒြေညီညာ နိမိတ်မှာကျွမ်း မြှောက်ခန်းကြိုက မြှောက်ရမလင့် နိုပ်ခွင့်နိုပ်လေ ရှင်စေရှင်သင့် ရှုခွင့်အမျှ သင့်ရှုဆကာ သမာဓိကင်း သူဖျင်းရှောင်ဘိ သမာဓိပို ပုဂ္ဂိုလ်ကပ်ရန် ဈာန်ဝိမောက္ခ တွေးဆခါခါ သမာဓိခေတ် ညွှတ်ဝင်ဖြစ် ဆယ့်တစ် သမာဓိဖြစ်ကြောင်းတည်း ။

၁။ ဝတ္ထုသန့်ရှင်းအောင်ပြုခြင်း

၂။ ဣန္ဒြေညီမျှအောင် ပြုခြင်း

ဒီအကြောင်းနှစ်ပါးကို ဓမ္မဝိစယသမ္မောဇျင်အခန်းမှာပြောခဲ့ပြီးပါပြီ ၊ ဒီ အကြောင်းနှစ်ပါးဟာ ပညာကို ဖြစ်စေတတ်သကဲ့သို့ သမာဓိကိုလည်း ဖြစ်စေတတ်ပါတယ် ၊ **သမာဟိတော ယထာဘူတံ ဇာနာတိ** ၊ သမာဓိရှိတဲ့ တည်ကြည်သော ပုဂ္ဂိုလ်သည် အမှန်တရားကို သိရ၏ ၊ ဒီ ဒေသနာအရ၀တ္ထု သန့်ရှင်းအောင်ပြုခြင်း ဣန္ဒြေညီမျှအောင်ပြုခြင်းဖြင့် သမာဓိရလာ သမာဓိဟာ ပညာ၏အကြောင်းမို့

http://www.dhammadownload.com

သမာဓိဖြစ်လျှင် ပညာလည်းဖြစ်တော့တာပါပဲ ၊ ဒီတော့ဒီအကြောင်း နှစ်ပါးက သမာဓိဖြစ်အောင် ရွက်ဆောင်ပေးခြင်းဖြင့် ပညာဖြစ်အောင်လည်းရွက်ဆောင်ပေးကြပါတယ်၊ဒဿကြောင့်သမာဓိသမ္ဘောဇ္ဈင်ဖြစ်ကြောင်းမှာရော ဓမ္မဝိစယသမ္ဘောဇ္ဈင်ဖြစ်ကြောင်းမှာရော ဒီအကြောင်း နှစ်ပါး ပါဝင်နေရခြင်း ဖြစ်ပါတယ်။။

(၃) နိမိတ်၌ ကျွမ်းကျင် လိမ္မာခြင်း

နိမိတ်မှာ ကျွမ်းကျင်လိမ္မာခြင်းဆိုတဲ့ အကြောင်းက ပထဝီကသိုဏ်းစသော နိမိတ်ကိုပြုလုပ်ရာ ပွားများရာ စောင့်ရှောက်ရာတို့၌ လိမ္မာကျွမ်းကျင်မှုကို ဆိုပါတယ် ၊ ဒီနေရာမှာ ကသိုဏ်းသာမက သမာဓိဖြစ်ကြောင်း စျာန်ရကြောင်း အသုဘစသော နိမိတ်များကို ယူမှုတွင် ကျွမ်းကျင်လိမ္မာခြင်းစသည်ကိုလည်း ယူရမှာပါပဲ ၊အားလုံး သမာဓိသမ္ဘောဇ္ဈင်ဖြစ်ကြောင်းတွေပါပဲ ။

(၄)မြောက်သင့်တဲ့အခါ စိတ်ကိုမြောက်ပေးရခြင်း

မြောက်သင့်တဲ့အခါ စိတ်ကိုမြောက်ပေးရခြင်းဆိုတာက ဝီရိယလျော့မှုပညာပယောဂနည်းမှု သတိချို့ယွင်းမှုတို့ကြောင့်စိတ်ဟာ တွန့်ဆုတ်နေမယ် ၊ အဲ ဒီလို စိတ်တွန့်ဆုတ်နေတဲ့အခါမှာဓမ္မဝိစယ ဝီရိယ ပီတိဗောဇ္ဈင်တွေဖြစ်စေခြင်းဖြင့် တွန့်ဆုတ်နေတဲ့ စိတ်ကို တက်ကြွလာအောင် မြောက်ပင့်ပေးရခြင်းပါပဲ ၊ စိတ်တွန့်ဆုတ်နေတဲ့အခါမှာ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ဗောဇ္ဈင်သုံးပါးပွားများနေလျှင် တွန့်ဆုတ်တဲ့စိတ်ဟာ ပိုတွန့်ဆုတ်သွားတတ်ပါတယ်၊ ဒီ လိုအခါမျိုးမှာ ဓမ္မဝိစယစသော ဗောဇ္ဈင်သုံးပါးသာ ပွားစေဖို့

http://www.dhammadownload.com

လျှော်၍ ပဿဒ္ဓိစသော ဗောဇ္ဈင်သုံးပါးပွားရန် မသင့်ကြောင်း မဟာ ဝဂ္ဂသံယုတ်မှာ ဟောထားပါတယ် ။

မဟာဝဂ္ဂသံယုတ် အဂ္ဂိသုတ်ကောက်နှုတ်ချက်

ရဟန်းတို့ ယောက်ျားဟာ အနည်းငယ်သော မီးကို တောက်စေလိုတယ် ၊ အဲဒီယောက်ျားဟာ ထိုနေရာမှာ မြက်စိမ်းတွေထည့်ပေးမယ် နောက်ချေးစိမ်း ထင်းစိုတွေထည့်ပေးမယ် ရေပါတဲ့လေကိုလည်းပေးမယ် မြေမှုန့်တွေနှင့်လည်း ကြဖြန့်ပေးမယ် ဒီလိုဆိုလျှင် အဲ ဒီယောက်ျားဟာ ထို အနည်းငယ်သော မီးကိုတောက်စေဖို့ရာ ဖြစ်နိုင်ပါသလား ? ၊ မဖြစ်နိုင်ပါဘုရား ၊ ရဟန်းတို့အဲဒါလိုပဲ စိတ်တွန့်ဆုတ်နေတဲ့အခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်ပွားများဖို့ အခါမဟုတ် သမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင်ပွားများဖို့ အခါမဟုတ်၊ဘာကြောင့်လဲ ရဟန်းတို့ တွန့်ဆုတ်နေတဲ့စိတ်ကို ထိုပဿဒ္ဓိ သမာဓိ ဥပေက္ခာ သမ္ဗောဇ္ဈင်တို့က တက်ကြွလာအောင် လုပ်ဖို့ခဲယဉ်းတယ် ၊ ရဟန်းတို့ စိတ်တွန့်ဆုတ်နေတဲ့ အခါ ဓမ္မဝိစယသမ္ဗောဇ္ဈင်ပွားများဖို့အခါပဲ ၊ ဝီရိယ ပီတိသမ္ဗောဇ္ဈင် ပွားများဖို့အခါပဲ ၊ ဘာကြောင့်လဲ ၊ရဟန်းတို့ တွန့်ဆုတ်နေတဲ့ စိတ်ကို အဲဒီ ဓမ္မဝိစယ ဝီရိယ ပီတိသမ္ဗောဇ္ဈင်တို့က တက်ကြွအောင် လုပ်ပေးနိုင်တယ် ၊ ရဟန်းတို့ ယောက်ျားဟာ အနည်းငယ်သော မီးကို တောက်စေ လိုတယ် ၊ အဲ ဒီယောက်ျားဟာ ထိုနေရာမှာ မြက်ခြောက်တွေထည့်မယ် နွားချေးခြောက် ထင်းခြောက်တွေ ထည့်ပေးမယ် ပါးစပ်ကလေမှုတ်ပေးမယ် ၊ မြေမှုန့်တွေ လည်းမကြဲမပက်ရဟန်းတို့ အဲဒီယောက်ျားဟာ အနည်းငယ်သော မီးကို တောက်စေဖို့ရာ ဖြစ်နိုင်ပါသလား ?၊ ဖြစ်နိုင်ပါတယ် ဘုရား

http://www.dhammadownload.com

ရဟန်းတို့ အဲဒါလိုပဲ စိတ်တွန့်ဆုတ်နေတဲ့အခါ ဓမ္မဝိစယ ဝီရိယပီတိ သမ္ဗောဇ္ဈင်ပွားများဖို့အခါဖြစ်တယ်။

ဓမ္မဝိစယစသည်ကို ပွားများတယ်ဆိုတာ ၊ မိမိတို့ဆိုင်ရာ ဗောဇ္ဈင်ဖြစ်ကြောင်းတွေ ဖြစ်စေတာ ကို ဆိုပါတယ်။

(၅) နှိပ်သင့်သော အခါ စိတ်ကိုနှိပ်ပေးရခြင်း

နှိပ်သင့်တဲ့ အခါ စိတ်ကိုနှိပ်ပေးရခြင်းဆိုတာက ဝီရိယက လွန်နေမယ် ပညာ ပယောဂက အားကြီးနေမယ် ၊ဝမ်းမြောက်မှုဖြင့် ပေါ်လွင်နေမယ်ဆိုယင် အဲဒီအခါမျိုးမှာ စိတ်ဟာ ပျံ့လွင့်နေတတ်တယ်၊ဒီလိုစိတ်ပျံ့လွင့်နေတဲ့အခါ ပဿဒ္ဓိ သမာဓိ ဥပေက္ခာဗောဇ္ဈင် သုံးပါးဖြစ်ပွားစေခြင်းဖြင့် ထို ပျံ့လွင့်နေတဲ့ စိတ်ကို နှိပ်ပေးရခြင်းကို ဆိုပါတယ် ၊ ဒီလို အခါမျိုးမှာ ဓမ္မဝိစယ ဝီရိယ ပီတိ ဗောဇ္ဈင်သုံးပါး ပွားလျှင် ပျံ့လွင့်တဲ့စိတ်ဟာ ပိုပျံ့လွင့်မှာဖြစ်လို့ ထိုဗောဇ္ဈင်သုံးပါး မပွားရ ဒီအချက် ကိုလည်း မဟာဝဂ္ဂသံယုတ်မှာ ဟောတော်မူပါတယ် ၊ အချုပ်ပြောရယင် ကြီးစွာသော မီးပုံကြီးကို ငြိမ်းစေလိုတဲ့ ယောက်ျားဟာ ထို မီးပုံကြီးမှာ မြက်ခြောက် နွားချေးခြောက် ထင်းခြောက်တွေထည့် ပေးမယ် ပါးစပ်က လေမှုတ်ပေးမယ် ဖုန်မှုန့်နှင့်လည်း မကြေမဖျန်းပေးဘူးဆိုလျှင် ထိုမီးပုံကြီး ငြိမ်းစေဖို့ရာ မတတ်နိုင်သလို ထို့အတူ စိတ်ပျံ့လွင့်နေတဲ့ အခါ ဓမ္မဝိစယ ဝီရိယ ပီတိဗောဇ္ဈင်များ ပွားဖို့အခါ မဟုတ် အကြောင်းမှာ ပျံ့လွင့်နေတဲ့ စိတ်ကို ထိုဓမ္မဝိစယစသော တရားသုံးပါးတို့က ငြိမ်းစေဖို့ ခဲယဉ်းလှသောကြောင့်ဖြစ်တယ် ၊ကြီးစွာသော မီပုံကြီးကို ငြိမ်းစေလိုတဲ့ ယောက်ျားဟာ ထိုမီးပုံကြီးထဲ မြက်စို နွားချေးစို ထင်းစိုထည့်ပေးမယ်

http://www.dhammadownload.com

ရေပါတဲ့ ပါးစပ်လေမှုတ်ပေးမယ် ဖုန်မှုန့်တွေနှင့် ကြေပက် ပေးမယ် ဆိုလျှင် ထို မီးပုံကြီးကို ငြိမ်းစေနိုင်သလို စိတ်ပျံ့လွင့်တဲ့အခါ ပဿဒ္ဓိ သမာဓိ ဥပေက္ခာ ပွားဖို့ရာ အခါပဲ ၊ ဘာကြောင်လဲ ပျံ့လွင့်နေတဲ့ စိတ်ကို ထို ပဿဒ္ဓိစသော ဗောဓျင်တရားတို့က ငြိမ်းစေဖို့ရာလွယ်ကူ သောကြောင့်ပင် ။

(၆) ရှင်စေသင့်တဲ့အခါ စိတ်ကို ရှင်စေခြင်း

စိတ်ကို ရှင်စေသင့်တဲ့အခါ ရှင်စေခြင်းဆိုတာက ပညာ ဗျာပါရက နည်းပါးနေခြင်း ငြိမ်းချမ်းမှု သုခ မရခြင်းတို့ကြောင့် စိတ်ဟာ သာယာမှုမရှိပဲ ဖြစ်နေမယ်ဆိုလျှင် ထိုအခါမှာ စိတ်ကို ရှင်ပျလာအောင် လုပ်ပေးရတယ် ၊ ပညာက ကောင်းကောင်း အလုပ်မလုပ်လျှင်လည်း စိတ်ဟာ သာယာမှုကင်း ရတယ် ၊ ငြိမ်းချမ်း မှုသုခကင်းနေလျှင်လည်း စိတ်ဟာ သာယာမှုကင်းတယ် ၊ဒါနဆိုတာ အလောဘပြဋ္ဌာန်းတယ်၊သီလက အဒေါသပြဋ္ဌာန်းတယ် ၊ဘာဝနာ က အမောဟ ပညာပြဋ္ဌာန်းတယ်၊ ဒါ့ကြောင့်ဘာဝနာမှာ ပညာက အလုပ်ကောင်းကောင်းလုပ်ဖို့လိုတယ် ၊ အားရှိဖို့လိုတယ် ပညာအား မရှိဘူးဆိုလျှင် ဘာဝနာကို အဆင့်ဆင့် ထူးခြားလာအောင် ရွက် ဆောင်မပေးနိုင်ဘူး ကောင်းအောင်ပြုပြင် စီမံမှုကင်းတဲ့ အစာအာ ဟာရဟာ စားသုံးသူ၏ စိတ်ကို နှစ်သက်မှုမဖြစ်စေသလို ပညာအား မရှိယင် ဘာဝနာအားထုတ်တဲ့ ယောဂီရဲ့စိတ် နှစ်သက်မှုကိုမဖြစ်စေ ဒါ့ကြောင့် သူ့စိတ်ဟာ သာယာမှုမရှိ ကင်းနေရတယ် ဒီလို ပညာ အားမရှိယင် ၊ ဘာဝနာဟာ ကောင်းစွာလမ်းမှန် မရောက်ခြင်း ကြောင့် ငြိမ်းချမ်းမှု သုခလည်း မရဘူး ၊ ငြိမ်းချမ်းမှု သုခမရလို့လည်း

http://www.dhammadownload.com

ယောဂီရဲ့ စိတ်ဟာ သာယာမှု ကင်းရတယ် ဒီလို စိတ်သာယာမှုကင်းနေတဲ့ အခါ သာယာမှုရကာ ရွှင်ပျလာအောင် ကုစားဖို့ကသံဝေဂဖြစ်အောင် ပြုပေးခြင်း စိတ်ကြည်လင်လာအောင် ပြုပေးခြင်းပါပဲ။

ဒီတော့ သံဝေဂဖြစ်အောင် သံဝေဂဝတ္ထုရှစ်ပါး ဆင်ခြင်ပေးရတယ် ।သံဝေဂဝတ္ထုရှစ်ပါးက ဇာတိ ဇရာ ဗျာဓိ မရဏအပါယ် ဆင်းရဲ ဒုက္ခ အတိတ်က ဝဋ်ဒုက္ခ အနာဂတ်ဝဋ်ဒုက္ခ ပစ္စုပ္ပန်မှာ အာဟာရရှာမှီးရခြင်းကြောင့်ဖြစ်ရတဲ့ဒုက္ခ।ဒီ ဒုက္ခတွေနဲ့ စိတ်ကိုလှန့်ပေးလိုက်လျှင် စိတ်ဟာ တက်ကြွလာတတ်ပါတယ်। ရတနာသုံးပါး၏ ဂုဏ်တော်တို့ကို အောက်မေ့ခြင်းဖြင့်လည်း စိတ်ကြည်လင်မှုကို ဖြစ်စေနိုင်ပါတယ် အဲဒီလို သာယာမှု ကင်းနေတဲ့အခါသမာဓိ မရနိုင်တော့ စိတ်တက်ကြွလာအောင် ရွှင်ပျကြည်လင်လာအောင် လုပ်ပေးမှုဟာ သမာဓိသမ္ဘောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ပါပဲ။

၇။ လျှစ်လျူရှုသင့်တဲ့အခါ လျှစ်လျူရှုခြင်း

လျှစ်လျူရှုသင့်တဲ့အခါ। လျှစ်လျူရှုခြင်းဆိုတာက မိမိ၏ မှန်ကန်တဲ့အကျင့်ကို အစွဲပြုပြီး ဘာဝနာဟာ လမ်းမှန်ရောက်ရှိကာ တိုးတက်နေတဲ့ အခါပါပဲ । အဲဒီအခါမှာ ယောဂီရဲ့စိတ်ဟာတွန့်ဆုတ်ခြင်းလည်းမရှိ ပျံ့လွင့်ခြင်းလည်းမရှိ । ပညာကကောင်းကောင်း အလုပ် လုပ်လို့ငြိမ်းချမ်းမှု သုခရကာ သာယာမှုလည်းရှိနေ အာရုံမှာ အညီအမျှဖြစ်ပြီး သမထလမ်းကြောင်းလည်းရောက်နေ ဒီလိုတိုးတက်ကောင်းမွန်နေတဲ့အခါ မြှောက်ပေးရမှု နှိပ်ပေးရမှုရှိုင်အောင် ပြုပေးရမှု ဗျာပါရတွေ ပြုဖို့မလိုတော့ဘဲ အညီအမျှပြေးနေတဲ့ မြင်းနှစ်ကောင်ကို ရထားထိန်း လျှစ်လျူရှုနေသလို လျှစ်လျူသာ

http://www.dhammadownload.com

ရှုနေတော့တယ် ၊ အဲဒီလို လျစ်လျူရှုမှုဟာလည်း သမာဓိတိုးတက်နေလို့ဖြစ်တာကြောင့် လျစ်လျူရှုသင့်တဲ့အခါ ရှုခြင်းဟာ သမာဓိသမ္ဘောဇျင်ဖြစ်ခြင်း အကြောင်းပါပဲ ။

၈။ သမာဓိ မရှိတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခွါခြင်း

သမာဓိ မရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဥပစာရသမာဓိလည်းမရှိအပ္ပနာသမာဓိလည်းမရှိ စိတ်ပျံ့လွင့်နေတဲ့ ပုဂ္ဂိုလ်ပါပဲ ၊ဒီလို ပုဂ္ဂိုလ်မျိုးဟာ ယောဂီ၏ သမာဓိဘာဝနာလုပ်ငန်းမှာ ဘယ်လိုမှ အကျိုးပြုနိုင်တာ မဟုတ်ပါဘူး ၊ အကျိုးမပြုတဲ့အပြင် ဒီလိုပုဂ္ဂိုလ်မျိုးပေါင်းသင်းရသည့်အတွက် မိမိဘာဝနာမှာ အနှောင့်အယှက်ပင် ဖြစ်နိုင်ပါသေးတယ် ၊ ဒီတော့ သူနဲ့ ပေါင်းလို့ မရသေးတဲ့ သမာဓိလည်း ရဖို့ရာ မဖြစ်၊ရပြီးသမာဓိပင်ပျောက်နိုင်တာမို့ ဒီလိုသမာဓိမရှိတဲ့ပုဂ္ဂိုလ်အားရှောင်ရှားကြဉ်ပယ် ခြင်းဟာ သမာဓိသမ္ဘောဇျင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ဖြစ်ရပါတယ် ။

၉။ သမာဓိရှိတဲ့ ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်း

သမာဓိရှိတဲ့ ပုဂ္ဂိုလ်ဆိုတာက ဥပစာရဖြစ်စေ အပ္ပနာဖြစ်စေ သမာဓိတစ်ပါးပါးရှိနေတဲ့ တည်ကြည်တဲ့ ပုဂ္ဂိုလ်ပါပဲ ၊သမာဓိရှိတဲ့ ပုဂ္ဂိုလ်ဟာ သမာဓိဘာဝနာရှင် ယောဂီအဖို့ ဥပနိဿယအားကြီးတဲ့ အကြောင်းတစ်ရပ်ပါပဲ ၊ သူနဲ့ပေါင်းသင်း သူ့ကိုဆည်းကပ်ခြင်းဖြင့် သမာဓိဖြစ်ကြောင်း နည်းလမ်းကောင်းလည်းရနိုင်သူ့ကို အားကျပြီး အတုမြင် အတတ်သင် ဆိုသလို မိမိလည်းအားထုတ်ဖြစ် သမာဓိရနိုင် သမာဓိတိုးတက်နိုင်တာမို့ ဒီလို သမာဓိရှင်ပုဂ္ဂိုလ်ကို ပေါင်းသင်း

http://www.dhammadownload.com

ဆက်ဆံ ဆည်းကပ်မှီဝဲခြင်းဟာ သမာဓိသမ္ဗောဇျင်ဖြစ်ခြင်း အကြောင်း တစ်ရပ်ဖြစ်ရပါတယ်။

၁၀။ စျာန်ဝိမောက္ခကို ဆင်ခြင်ခြင်း

စျာန်ရှစ်ပါး ဝိမောက္ခတရား ရှစ်ပါးတို့ကို ထိုထိုသုတ္တန်ပါဠိတော်များမှာ ဟောထားတာတွေ ရှိနေပါတယ် ထိုစျာန်ဝိမောက္ခပြတဲ့သုတ္တန်တွေကို ဆင်ခြင်ခြင်းဟာနောက်ကပြောခဲ့တဲ့ လွတ်မြောက်ခြင်းအကြောင်းဝိမုတ္တာယတနငါးပါးတွင်အပါအဝင်မို့ဥပစာရသမာဓိမှစကာ အရဟတ္တမဂ် သမာဓိအရောက် အဆင့်ဆင့်ပေါက်သွားနိုင်ပါတယ်၊ဒါကြောင့်ဒီလို သုတ္တန်တွေဆင်ခြင်ခြင်းဟာလည်း သမာဓိသမ္ဗောဇျင်ဖြစ်ခြင်း အကြောင်းတစ်ရပ် ဖြစ်ရပါတယ် ။

၁၁။ သမာဓိသမ္ဗောဇျင်၌ သက်ဝင်ခြင်း

သမထယောဂီ ဝိပဿနာယောဂီဘယ်ယောဂီအတွက်မဆို သမာဓိက အလွန်လိုပါတယ် သမထယောဂီအတွက်လည်း စျာန်ရကြောင်း ဝိပဿနာယောဂီအတွက်လည်း ဝိပဿနာသမာဓိအားရှိလာသည်နှင့်အမျှ အမှန်တရားသိရတဲ့ ယထာဘူတဉာဏ်ထက်သန်အားရှိကြောင်းမို့ အလွန်လိုလားအပ်ပါတယ် ၊ ဒါ့ကြောင့် ဘယ်ယောဂီမဆို သမာဓိရဖို့တော့ အလွန်လိုလားတောင့်တမြဲဖြစ်လို့ဒီလို လိုလားတောင့်တတဲ့ အတိုင်း သွားရာ ရပ်ရာ နေရာ ထိုင်ရာ အရာခပ်သိမ်းမှာ သမာဓိဖြစ်ဖို့ရာ စိတ်ပါသက်ဝင်နေတတ်လေတော့ ဒီလို သက်ဝင်ညွှတ်ကိုင်းနေခြင်းဟာ သမာဓိသမ္ဗောဇျင်ဖြစ်ခြင်းအကြောင်း ဖြစ်ရပါတယ် ။

http://www.dhammadownload.com

ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ခြင်းအကြောင်း

ရဟန်းတို့ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်လာဖို့ ရာလည်းကောင်း ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဘာဝနာပြီး ပြည့်စုံဖို့ရာလည်းကောင်း အကြောင်းဟာဘာလဲ? ရဟန်းတို့ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားတွေ ရှိနေကြတယ်၊ထို တရားတို့၌ သင့်တင့်သော အကြောင်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းမှု မျှားစွာပြုခြင်းမှာ၊ မဖြစ်သေးသော ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်လာဖို့ ရာလည်းကောင်းဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်၏ဘာဝနာပြီး ပြည့်စုံဖို့ရာလည်းကောင်း အကြောင်းပင်ဖြစ်တော့တယ်။

ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရားဆိုရာမှာ ဥပေက္ခာ ဟာလည်း ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းပါပဲ ၊ ဗောဇ္ဈင် တရားပွားများလျှင် ဥပေက္ခာလည်းဖြစ်လာတာပါပဲ ၊ ဥပေက္ခာဖြစ် တယ်ဆိုလျှင် နောက်လည်းဆက်ကာဆက်ကာ ဥပေက္ခာတွေဖြစ် လာတော့တာပါပဲ ၊ ဒီတော့ ရှေးရှေးဥပေက္ခာဟာနောက်နောက် ဥပေက္ခာဖြစ်ခြင်းအကြောင်း ဖြစ်လေတော့ ဥပေက္ခာလည်းဥပေက္ခာ သမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းပဲလို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။

ဒါတွင်မက ဥပေက္ခာ၏ အာရုံကိုလည်းဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ကြောင်းလို့ဆိုရပါတယ် ဥပေက္ခာ၏ အာရုံဆိုတာသဘာဝ အား ဖြင့် အလယ်အလတ်သဘောရှိတဲ့ အခြင်းအရာပါပဲ ၊အာရုံတစ်ခုခု မှာ လိုလားအပ် ကောင်းမြတ်တဲ့ ဣဋ္ဌအခြင်းအရာလည်း သူမယူ မလိုလားအပ် မကောင်းတဲ့ အနိဋ္ဌအာရုံကိုလည်း သူမယူဘဲ ထိုနှစ် ပါးမှ လွတ်အောင်ယူထားတဲ့ အလယ်အလတ်သဘောရှိတဲ့ အခြင်း အရာရှိနေပါတယ် ၊ အဲဒီအခြင်းအရာကို ဥပေက္ခာက ယူဖြစ်တာ

http://www.dhammadownload.com

ဖြစ်လေတော့ အဲဒီ အလယ်အလတ် သဘောရှိတဲ့ အခြင်းအရာဟာ ဥပေက္ခာရဲ့အာရုံပါပဲ ၊ ကောင်း မကောင်းကိုလျစ်လျူရှုတဲ့ သဘောလို့လည်း ဆိုနိုင်ပါတယ် ။

ထို့ပြင် ဥပေက္ခာသမ္ဗောဇ္ဈင်ပွားများတဲ့အခါ ယုတ်အောင်လည်း ဗျာပါရမပြု လွန်အောင်လည်း ဗျာပါရမပြု သင့်အောင်ရှုတတ်တဲ့ အလယ်အလတ် သဘောကလေး ရှိနေပါတယ် အဲဒီ အလယ် အလတ်သဘောရှိတဲ့ အခြင်းအရာဟာလည်း ဥပေက္ခာသမ္ဗောဇ္ဈင်ရဲ့ အာရုံပါပဲ ၊ နားလည်ရတော့ နည်းနည်းခက်ပါတယ်၊ သို့သော် ဓမ္မသဘောဆိုတာကတော့ တကယ်ပွားများကြည့်မှ ကိုယ်တွေ့သိတတ် ထင်လာပေါ်လာတတ်ပါတယ် ။

ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ကြောင်းငါးပါး

ဒီပြင် အဋ္ဌကထာများမှာလာတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ငါးပါးလည်းရှိပါသေးတယ် ။

သတ္တာတစ်ဝ သင်္ခါရစု လျစ်လျူရှုခဲ့ နှစ်ခုလုံးဝယ် ခင်တွယ်သူပစ် မချစ်လျစ်လျူ ရှုသူမှီလစ် ဥပေက္ခာတွင် ညွှတ်သက်ဝင် ငါးအင် ဥပေက္ခာဖြစ်ကြောင်းတည်း ၊

၁။ သတ္တာ၌လျစ်လျူရှုခြင်း

ချစ်ခြင်း မုန်းခြင်းကိုပယ်သော အားဖြင့် အလယ်အလတ်သဘောရှိသည်၏ အဖြစ်ဟာဥပေက္ခာသမ္ဗောဇ္ဈင်၏အကြောင်းပါပဲ၊ ဘာ့ကြောင့်လဲ ဒီလိုချစ်ခြင်းဘက်လည်းမရောက် မုန်းခြင်းဘက်လည်းမရောက် အလယ်အလတ်သဘောရှိသည်၏ အဖြစ်ရှိနေမှ

http://www.dhammadownload.com

ဥပေက္ခာသမ္ဗောဇ္ဈင် ပြီးနိုင်လို့ ဒီ လိုသဘောမရှိလျှင် ဥပေက္ခာ သမ္ဗောဇ္ဈင်မဖြစ်မြောက်နိုင်လို့ပါပဲ ၊ ဒီအလယ်အလတ်သဘောရှိနေ ခြင်းကိုပဲ လျစ်လျူရှုခြင်းဆိုပါတယ် ဒီလျစ်လျူရှုခြင်းက သူ့ဖြစ်ရာ အားဖြင့် သတ္တာသခ်ါရ နှစ်ဌာနဖြစ်လေတော့ ဒီနေရာမှာ သတ္တာ၌ လျစ်လျူရှုခြင်း သခ်ါရ၌ လျစ်လျူရှုခြင်းလို့ နှစ်မျိုးခွဲခဲ့ ပါတယ်။

သတ္တာ၌ လျစ်လျူရှုခြင်းဟာ အကြောင်းနှစ်မျိုးကြောင့်ဖြစ် နိုင်ပါတယ် ကံသာမိမိဥစ္စာရှိသည်၏ အဖြစ်ဆိုတဲ့ ကမ္မသကတာ ကို ဆင်ခြင်ခြင်း သတ္တာ မရှိဆိုတဲ့ နိဿတ္တာအဖြစ်ကို ဆင်ခြင်ခြင်း နှစ်မျိုးသင်ဟာ မိမိကံကြောင့်ရောက်လာပြီး မိမိကံကြောင့်ပဲ သွားရ လိမ့်မယ် သူလည်းမိမိကံကြောင့် ရောက်လာပြီး မိမိကံကြောင့်ပဲ သွားရလိမ့်မယ် ၊ သူ့ကံနဲ့သူ ကိုယ့်ကံနဲ့ကိုယ် သူနဲ့ကိုယ်နဲ့ ဘာမှ မဆိုင်ဆိုလိုပါတယ် ၊ ဒီတော့ သင်ဟာဘယ်သူကိုခင်တွယ်နေရသေး သလဲ ဒီလိုကံသာ မိမိဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်းဖြင့် လည်း သတ္တာအပေါ် လျစ်လျူရှုခြင်း ဖြစ်စေနိုင်ပါတယ် ၊ တကယ် တော့ ကိုယ်ချစ်နေသူအပေါ် သာမညဒီမျှ ဆင်ခြင်ရုံနဲ့ လျစ်လျူရှုဖို့ မလွယ်လှပါဘူး သို့သော် တခြားဘာဝနာအထောက်အကူရနေမယ် သို့မဟုတ်ဥပေက္ခာဘာဝနာက အတော်အတန်အားကောင်းနေမယ် ဆိုယင်ဖြင့် ဆင်ခြင်ခြင်းဟာ ခရီးရောက်နိုင်ပါတယ် ။

ပရမတ္ထအားဖြင့် သတ္တာဆိုတာပင်မရှိ သို့ပါလျက် သင် ဘယ်သူ့ကိုမျှား တွယ်တာနေရသလဲ ဒီလိုသတ္တာ မရှိသည်၏အဖြစ် ကို ဆင်ခြင်ခြင်းဖြင့်လည်း သတ္တာအပေါ် လျစ်လျူရှုနိုင်ပါတယ် ၊ ဒီနေရာမှာလည်း ဒီမျှသာမန် ဆင်ခြင်နေရုံမျှနဲ့တော့ ကိုယ်ချစ်နေ သူအပေါ်မှာ လျစ်လျူရှုဖို့ရာ မလွယ်လှပါဘူး ဒီခန္ဓာမှာ ဓာတ်တွေ

http://www.dhammadownload.com

သာရှိနေတယ်ဆိုတာ အမြင်ပေါက်ထားတဲ့ ဉာဏ်က သန်နေမှ သတ္တဝါပျောက်ဖို့ လွယ်ပါတယ် ၊ ဒါ့ကြောင့် ယခင်က သတ္တဝါမထင်ဓာတ်တွေချည်းမြင်အောင် ရှုပွားထားတဲ့ ဘာဝနာအခံ ရှိခဲ့ရပါလိမ့်မယ် ၊ အဲဒီလို ဘာဝနာအခံ ရှိလျှင်ဖြင့် သတ္တဝါ အထင်ဖျောက်နိုင်လို့ ဒီဆင်ခြင်မှုဟာခရီးရောက်ပြီး အချစ်ကိုခွါ လျစ်လျူရှုနိုင်ပါလိမ့်မယ်

ဥပေက္ခာဆိုတာ ချစ်ခြင်းမုန်းခြင်းကို ပယ်မှုဖြစ်တယ် ၊ ဒီမှာတော့ ချစ်ခြင်းသာပြုပြီး မုန်းခြင်းကိုတော့ မပြုပါဘူး ၊ မုန်းတဲ့လူကို ဥပေက္ခာပြုဖို့က လွယ်ပါလိမ့်မယ် ၊ဒါတွင်မက မုန်းမှု ဒေါသဖြစ်မှုကိုတော့ ပဿဒ္ဓိသမ္ဘောဇ္ဈင်က ခွာပေးထားပြီးဖြစ်လို့ သူ့အတွက် မလိုပဲချစ်ခြင်းကိုသာ ဦးစားပေးဖော်ပြနေခြင်းဖြစ်ပါတယ်၊ ထို့ပြင် ရာဂဟာ အထူးအားဖြင့် ဥပေက္ခာ၏ ဆန့်ကျင် ဘက်ဖြစ်နေပါတယ်၊ဒါ့ကြောင့်လည်း ဒီ ချစ်ခင်တွယ်တာမှုကိုသာ လျစ်လျူရှုဖို့ပြနေခြင်း ပါပဲ၊ ဒါက သတ္တဝါအပေါ် လျစ်လျူရှုခြင်းဆိုတဲ့ ဥပေက္ခာ သမ္ဘောဇ္ဈင် ဖြစ်ခြင်းအကြောင်းတစ်ပါးပဲ။

၂။ သခ်ါရဥ္ခ် လျစ်လျူရှုခြင်း

သခ်ါရဆိုတာ တစ်ချို့နေရာမှာ ရူပ်နာမ်ဓမ္မကိုသခ်ါရခေါ်တာလည်းရှိ ၊ဒီနေရာမှာတော့ ကုသိုလ်တဲ့ အကုသိုလ်တဲ့ တွေကို သခ်ါရခေါ်တာလည်းရှိ ကိုယ့်ပစ္စည်းဝတ္ထုတွေကို သခ်ါရဆိုခြင်းဖြစ်ပါတယ်၊ဝတ္ထုပစ္စည်းသခ်ါရတွေအပေါ်မှာလည်း အကြောင်းနှစ်ရပ်ကြောင့်ပဲ လျစ်လျူရှုမှုဖြစ်နိုင်တယ် ၊ ပထမအကြောင်းက ဒီဝတ္ထုပစ္စည်းမှာ မိမိ တကယ်မပိုင် တကယ်အရှင်မဟုတ်သည်၏ အဖြစ်ကိုဆင်ခြင်ခြင်းပဲ၊ ဒီ သက်နှ်း ဒီအဝတ်ဟာ တဖြည်းဖြည်း

http://www.dhammadownload.com

အရောင်အသွေးပျက်လာမယ် ၊ဆွေးမြေ့လာမယ် ၊နောက်တော့ ခြေသုတ်အဝတ်အဖြစ်ရောက်ပြီး တုတ်နဲ့ကော်ပစ်ရမယ့် အခြေတိုင် ရောက်သွားရတော့တယ် ၊ သင်ဟာ ဒီအဝတ် သင်္ကန်းကို စိုးပိုင်တဲ့ အရှင်ဖြစ်လျှင် ဒီ အဝတ်ဟာ သင့်အလိုအတိုင်း မပျက်ဘဲ နေရမှာပေါ့ ၊ ယခု သင့်အလိုကျမဖြစ် ပျက်စီးသွားတော့ သင်ဟာ ဒီသင်္ကန်း ဒီအဝတ်ပေါ်မှာ စိုးပိုင်တဲ့ အရှင် ဘယ်ဟုတ်နိုင်မလဲ၊ အဲဒီလို မိမိမပိုင် အရှင်မဟုတ်တဲ့ အဖြစ်ကို ဆင်ခြင်ခြင်းဖြင့်လည်း ထိုဝတ္ထု သခ်ၦါရအပေါ်မှာ လျစ်လျူရှုမှု ဖြစ်နိုင်ပါတယ် ။

ဒုတိယအကြောင်းက တစ်ခဏသာ တည်မဲ့အဖြစ်ကို ဆင်ခြင်ခြင်း ဒီသင်္ကန်း ဒီ အဝတ်ဟာ ကြာကြာတည်မယ့် အရာမဟုတ် အနိစ္စပဲ မကြာခင် ပျက်စီးမှာမို့ တစ်ခဏသာ တည်မယ့်အရာ ဒီလို တစ်ခဏသာ တည်မယ့်အရာ မမြဲတဲ့အရာကို ငါဘာလို့ တွယ်တာနေရမလဲ ဒီလိုတစ်ခဏသာ တည်မဲ့အဖြစ်ကို ဆင်ခြင်ခြင်းဖြင့်လည်း ထို သင်္ကန်း ထိုအထည်အဝတ်ပေါ်မှာ လျစ်လျူရှုခြင်း ဖြစ်နိုင်ပါတယ် ၊ အဲ ဒါလို သခ်ၦါရအပေါ်မှာ လျစ်လျူရှုခြင်းဖြင့် ဥပေက္ခာဖြစ်နိုင်တာမို့ ထိုသို့လျစ်လျူ ရှုခြင်းဟာ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ပါပဲ ။

၃။ သတ္တာသခ်ၦါရ၌ တွယ်တာတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခွါခြင်း

ယခုသတ္တာ သခ်ၦါရအပေါ်မှာ တွယ်တာတဲ့ ပုဂ္ဂိုလ်ကို ရှောင်ခွါခြင်းဆိုတဲ့ အကြောင်းပြောရမယ် တချို့ပုဂ္ဂိုလ်ဟာ လူဖြစ်လျှင်လည်း သားသမီးစသည်အပေါ်မှာ ရဟန်းဖြစ်လျှင်လည်း မိမိတပည့်စသည်အပေါ်မှာ တွယ်တာချစ်ခင်တတ်တယ် ၊သူတို့ကို မခိုင်းရက်

http://www.dhammadownload.com

မစေရက် ဆံပင်ရိတ်ခြင်း သင်္ကန်းချုပ်ခြင်း လျှော်ခြင်းစသော ကိစ္စ တွေကို မိမိကိုယ်တိုင်လုပ်ပေးတတ်တယ် ၊ ခဏကလေး မမြင်ရယင် ပင် ကိုရင် ဟိုဒင်းဘယ်သွားလဲ ဟိုဦးပဋ္ဌင်း ဘယ်သွားသလဲနဲ့ လေတိုက်တိုင်း တုန်လှုပ် ချောက်ချားတဲ့ သမင်လိုကြည့် စူးစမ်း တတ်တယ် တခြားပုဂ္ဂိုလ်ဆံပင်ရိတ်ဖို့စသောအကြောင်းရှိလို့ ခေတ္တ လွှတ်လိုက်ဖို့တောင်းပေမဲ့ တို့အလုပ်တောင် သူ့ကို မခိုင်းရက်ဖူး ငါ့ရှင်တို့ သူ့ကိုခေါ်ပြီး ပင်ပန်းအောင် လုပ်မလို့လားဆိုပြီး မပေးနိုင် မလွှတ်နိုင် အဲ ဒါ သတ္တွာအပေါ်ဝယ် ချစ်ခင်တွယ်တာ ခြင်းပါပဲ ။

တချို့ သင်္ကန်းသပိတ်ခွက် တောင်ဝှေးစသည်အပေါ်ဝယ် တွယ်တာ မက်မောတတ်တယ် သူတပါး ကိုင်ရုံကလေး ကိုင်တာ တောင် မကြိုက်နိုင် ခဏဌားရမ်းယင်တောင် တို့တောင် အလွန် မြတ်နိုးပြီး မသုံးရက် ငါ့ရှင်တို့ကို ဘယ်ပေးနိုင်ပါ့မလဲဆိုတတ်တယ် အဲဒီလိုပုဂ္ဂိုလ်မျိုးတွေဟာ သတ္တွာသခ်ါရအပေါ်မှာ တွယ်တာတတ်တဲ့ ပုဂ္ဂိုလ်တွေ ဒီလိုပုဂ္ဂိုလ်တွေဟာ မိမိဥပေက္ခာဖြစ်ဖို့ အနှောင့်အယှက် ဆန့်ကျင်ဘက်တွေပါပဲ ၊သူတို့ကိုရှောင်မှ မိမိဥပေက္ခာဖြစ်ရေးမှာ အနှောင့်အယှက် ကင်းရတယ် ၊ ဒါ့ကြောင့် သတ္တွာ သခ်ါရတို့၌ တွယ်တာတဲ့ ပုဂ္ဂိုလ်ကိုရှောင်ခြင်းဟာ ဥပေက္ခာ သမ္ဘောရှင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ဖြစ်ရပါတယ် ။

၄။ သတ္တွာသခ်ါရတို့၌ လျှစ်လျှူရှုတဲ့ ပုဂ္ဂိုလ်ကို မှီခို ဆည်းကပ်ခြင်း

တချို့ ဘယ်သတ္တွာ ဘယ်သခ်ါရအပေါ်မှ တွယ်တာမှုမရှိ လျှစ်လျှူရှုနိုင်ကြတယ် ၊ယခင် တွယ်တာတဲ့ ပုဂ္ဂိုလ်က ဥပေက္ခာဖြစ်ဖို့ ဥပနိဿယမဟုတ်ဥပေက္ခာဖျက်မဲ့ ဆန့်ကျင်ဘက် ယခုလို လျှစ်လျှူ

http://www.dhammadownload.com

ရှုတဲ့ ပုဂ္ဂိုလ်ကတော့ ယောဂီမိမိရဲ့ ဥပေက္ခာဖြစ်ဖို့အရေးမှာအားကြီး သော အကြောင်းဥပနိဿယ ၊ ထို ဥပနိဿယအစွဲပြုပြီး၊ မိမိမှာ ဥပေက္ခာဖြစ်ကြောင်း နည်းလမ်းရကာ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်လာ ဖို့ အလားအလာ မျှားစွာကောင်းနေပါတယ် ၊ ဒါ့ကြောင့် သတ္တာ သခါရအပေါ် လျစ်လျူရှုတဲ့ပုဂ္ဂိုလ်ကို မှီခိုဆည်းကပ်ခြင်းဟာ ဥ ပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်းအကြောင်းတစ်ရပ်ဖြစ်ရပါတယ် ။

၅။ ဥပေက္ခာသမ္ဗောဇ္ဈင်၌ သက်ဝင်ခြင်း

လောကကိုယ့်အလုပ်မှာ စိတ်ပါ အလုပ်ဖြစ်ရေးမှာ စိတ် ညွှတ်နေသူအဖို့ သူ့အလုပ်မှာ မလစ်ဟင်းစေရ အလုပ်ဖြစ်အောင် အမြဲကြိုးစားနေတာ အထင်အရှားပါပဲ ၊ အဲဒါလိုပဲ ဗောဇ္ဈင်အရာမှာ စိတ်ပါမှု ထိုထိုဗောဇ္ဈင်ဖြစ်ရေးမှာ စိတ်ညွှတ်နေမှုဟာလည်း အရေးပါလို့ ဗောဇ္ဈင်တိုင်းမှာပဲ အကြောင်းတစ်ရပ်အဖြစ် ထည့်ထား ခြင်းပါပဲ ၊ ဒါကြောင့် ဒီဥပေက္ခာဗောဇ္ဈင်အရာမှာလည်း ဥပေက္ခာ ဖြစ်ဖို့ စိတ်ပါ စိတ်ညွှတ်နေခြင်းဟာ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းတစ်ရပ်ဖြစ်ရတယ်ဆိုတာ အထူးအထွေပြောနေဖို့ မလို တော့ပါဘူး ထင်ရှားနေပါပြီ။

ဗောဇ္ဈင်မွားလို့ဘုရားဖြစ်

ဗောဇ္ဈင်ခုနစ်ပါး ဖြစ်ကြောင်းတရားတွေ ဟောခဲ့ပြီးပါပြီ ၊ **သတ္တာဗောဇ္ဈင်၏ ဘာဝေတွာ အနုတ္တရံ သမ္မာသမ္ဗောဓိ အဘိသမ္ဗုဒ္ဓေါ**၊ ဗောဇ္ဈင်ခုနစ်ပါးတရားတွေ ဖြစ်ပွားစေပြီး တုဖက်ကင်းကွာ အသာ ဆုံးဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတညာဏ်ကို ထိုးထွင်းသိတော်

http://www.dhammadownload.com

မူခဲ့ပြီဆိုတဲ့ပါဠိအရ ဘုရားရှင်ဟာ ဗောဓိဝင်ခုနစ်ပါးပွားစေပြီး ဘုရားအဖြစ်ရောက်တော်မူခဲ့တယ် ၊ မိမိကိုယ်တော်တိုင် လက်ကိုင်ရရှိသိတော်မူခဲ့တဲ့ ဗောဓိဝင်တရားတွေကို ဟောကြားနည်းပြ ဝေနေယျတို့ကိုလည်း သိစေပွားစေတော်မူခဲ့တယ် ၊ ကိုယ်တော်တိုင် ဗောဓိဝင်တရားတွေ သိတော်မူပြီးနောက် အမြဲမကွာအသုံးပြုတော်မူခဲ့လေတော့ ဗောဓိဝင်တရားတွေဟာ ဘုရားရှင်ရဲ့ အသုံးအဆောင်တွေဖြစ်နေခဲ့ပါတယ် ၊ ဒီတော့ ဒီနေရာမှာ ဘုရားရှင် ဗောဓိဝင်တရားတွေပွားခဲ့လို့ ဘုရားဖြစ်ခဲ့ပုံ အမြဲသုံးစွဲတော်မူပုံ အချုပ်မျှ ဟောပြပါဦးမယ်။

ဗောဓိဝင်တရားတွေ ပွားစေခဲ့ပုံ

ဘုရားဖြစ်မှုအစ အာနာပါနကလို့ ဆိုရပါလိမ့်မယ် ၊ အာနာပါနသတိစတင်ပွားစဉ်က လမ်းမှန် မရောက်နိုင်ပဲ အတော်ကြာခဲ့ပါတယ် ၊ နောက်မှ နည်းမှန်လမ်းမှန် ရောက်ခဲ့တယ် လမ်းမှန်သို့ ရောက်သွားလျှင်ပဲ ဗောဓိဝင်တရားတွေဟာလည်း အားရှိကာ တိုးပွားလာခဲ့ပါတယ် ၊ ဘုရား ရှင်က တစ်မါတစ်ခါ ကိုယ်တော်မြတ်ရဲ့ ဘုရားဖြစ်ဖို့ရာ အတော်နီးကပ်လာကဲ့အခါ ဗောဓိဝင်တရားတွေ တက်လာပုံကို ထုတ်ဖော်ဟောကြားတော်မူခဲ့ပါတယ်။

အာရဒ္ဓ ဟောတိ ဝီရိယံ အသလ္လီနံ ၊ ဝီရိယကိုအားထုတ်ခဲ့ပြီး တွန့်ဆုတ်ခြင်းမရှိ အာနာပါနအားထုတ်တော့ဝီရိယသမ္ဗောဇ္ဈင်ဟာ တကယ်ပြည့်စုံလာလို့ တွန့်ဆုတ်မှုမရှိ ထက်ထက် သန်သန် တက်တက်ကြွကြွ ဖြစ်နေပုံကို မိန့်ဆိုထုတ်ဟခြင်း ဖြစ်ပါတယ်၊ **ဥပဋ္ဌိတာ သတိ အသမ္မုဋ္ဌာ** ၊ သတိဟာ အာနာပါနအာရုံဆီကပ်တည်နေပြီ ပျောက်ပျက်မှုမရှိ ထိုအချိန်မှာ ကိုယ်တော်မြတ်ရဲ့သတိ

http://www.dhammadownload.com

ဟာ အာနာပါနအာရုံမှာ စွဲမြဲစွာ ကပ်တည်နေတော့တယ် ၊ အာရုံ ပျောက်ပျက် သွားတယ်လို့ လုံးဝမရှိတော့ သတိသမ္ဗောဇ္ဈင်အား ကောင်းပုံ မိန့်တော်မူခြင်းပါပဲ ၊ **ပဿဒ္ဓေါ ကာယော အသာရဒ္ဓေါ**၊ ကိုယ်စိတ်ပူပန်မှုမရှိ ငြိမ်းအေးခဲ့ပြီ ၊ ထိုအချိန်မှာ ရှင်တော်မြတ်၏ ကိုယ် စိတ်မှာ လွန်စွာငြိမ်းချမ်းနေခဲ့တယ် ၊ကိလေသာကြောင့်ဖြစ်တဲ့ ပူပန်မှု လုံးဝမရှိ ပဿဒ္ဓိသမ္ဗောဇ္ဈင် အား,အလွန်ကောင်းနေပုံကို မိန့်တော်မူခြင်းပါပဲ ၊ ပီတိကိုတော့ အထူးမိန့်တော်မမူတော့ပါဘူး ပီတိဖြစ်မှ ပဿဒ္ဓိဖြစ်တာမို့ ပဿဒ္ဓိအားကောင်းပုံပြလျှင် ပီတိဖြစ် ခြင်းဟာလည်း တပါတည်း ပြီးနေ တာပါပဲ ၊ပြပြီးဖြစ်နေပါတယ် ။

သမာဟိတ် စိတ္တံ ဧကဂ္ဂံ ၊ အာရုံအမျိုးမျိုးမရှိ တစ်ခုတည်း သော အာရုံရှိသော စိတ်တော်ကို ကောင်းစွာထားအပ်ပြီ ၊ ပျံ့လွင့်မှု မရှိဘဲ အာနာပါနအာရုံတစ်ခုတည်းမှာ စွဲမြဲစွာ စိတ်တော်ဟာ တည် ကြည်နေခဲ့တယ် ၊ သမာဓိသမ္ဗောဇ္ဈင်အားရှိနေပုံကို မိန့်တော်မူခြင်း ပါပဲ ၊ ထိုအချိန်မှာ သမာဓိအစွမ်းကြောင့် ကိုယ်တော်ပွားရာ အာနာ ပါနမှတခြားအာရုံဆီ လွင့်ပါမှုလုံးဝမရှိ ၊ အလွန်တည်ငြိမ် စွဲမြဲနေမှု ကို ထုတ်ဖော်တော်မူခြင်းဖြစ်ပါတယ် ၊ ဒီနေရာမှာ ပညာကိုတော့ အထူးမိန့်တော်မမူပါဘူး သမာဓိအားကောင်းနေတာပြလျှင် ဉာဏ်အမြင်လည်း သွက်နေတယ်ဆိုတာ ပြပြီးဖြစ်နေပါတယ် ဥပေက္ခာသမ္ဗောဇ္ဈင်လည်း သမာဓိအားကောင်းနေတယ်ဆိုတာနဲ့ပဲ ပြီးနေပါတယ် ၊သတိ ဝီရိယ သမာဓိတွေကောင်းနေလျှင် ထိုတရား တွေ အညီအမျှဖြစ်အောင် ဗျာပါရမပြု အသင့်ရှုနေတဲ့ ဥပေက္ခာ လည်း အားကောင်းနေတယ်ဆိုတာထင်ရှားပါပြီ။

ဒီလိုအပွနာစျာန်ဆိုက်နိုင်လောက်အောင် ဗောဇ္ဈင်တရား

http://www.dhammadownload.com

တွေ အားကောင်းနေတော့ မကြာခင် ပဌမစျာန်ရခဲ့တယ်၊ ဒုတိယ စျာန် တတိယစျာန် စတုတ္ထစျာန်တွေလည်း ဆက်ကာဆက်ကာ ရခဲ့တယ် စတုတ္ထစျာန်သမာဓိက အလွန်အားရှိတဲ့သမာဓိပေါ့၊ သမာဓိ အားရှိတော့ ထိုစျာန်မှာပါတဲ့ ဗောဇ္ဈင်တရားတွေဟာလည်းအလွန်ပဲ အားရှိထက်သန်နေခဲ့ပါတယ် ၊ ဒါ့ကြောင့် အဲဒီစတုတ္ထစျာန်ဟာ အဘိညာဉ်တွေ ဖြစ်စေဖို့ရာ အစွမ်းသတ္တိရှိနေခဲ့ပါတယ် ၊ဒါ့ကြောင့်လည်း ရှင်တော်မြတ်ဟာ မကြာမီ ပုဗ္ဗေနိဝါသာနုဿတိခေါ်ဉာဏ်တော်ကြီးကို ရခဲ့ပါတယ် ၊ အဲဒီ ဉာဏ်တော်ကြီးနဲ့ ရှေးရှေးဘဝများစွာ ကမ္ဘာအလီလီက ဖြစ်ခဲ့ရတဲ့ ခန္ဓာအစဉ်တွေအောက်မေ့တော်မူခဲ့ပါတယ် ၊ ဒီနောက် ဒိဗ္ဗစက္ခု ခေါ်ဉာဏ်တော်ကြီးကိုရခဲ့ပြန်တယ်၊ အဲဒီဉာဏ်တော်နဲ့ ဒုဂ္ဂတိဘဝရောက်နေတဲ့ သတ္တဝါတွေ သုဂတိဘဝရောက်နေရတဲ့ သတ္တဝါတွေကို ခြင်းရာပုံဟန် အတန်တန်နဲ့ ကံအကြောင်းတွေကိုပါမြင်နေ သုံးသပ်ဆင်ခြင်တော်မူနေခဲ့တယ်၊ သည်နောက် စတုတ္ထစျာန်အခြေခံပြီး ဝိပဿနာပွားတော်မူခဲ့တယ် ထိုထိုရုပ်နာမ်တို့ကို သဘာဝအကြောင်းအကျိုး အနိစ္စစသည်အားဖြင့် ဝိပဿနာဉာဏ်တင် အဖန်ဖန်အပြန်ပြန် ရှုဆင်ခြင်တော်မူခဲ့တယ်၊ ဒီအခါမှာ ကိုယ်တော်မြတ်သန္တာန်မှာ အလွန်ထက်သန် အားကောင်းနေတဲ့ ဗောဇ္ဈင်တရားတွေအစွမ်းကြောင့် မဂ်လေးဆင့် အဆင့်ဆင့် လျှင်စွာတက် အရဟတ္တမဂ်ဉာဏ်တော်ကြီးရတော်မူခဲ့၊အရဟတ္တဂ်ဉာဏ်တော်ကြီးအခိုက်မှာ ဖြစ်နေတဲ့ ဗောဇ္ဈင်တရားတွေ ကတော့ ဘာဝနာအပြည့်အဝဆုံးဖြစ်ကာ အထွတ်အထိပ်ရောက်လာရတဲ့ ဗောဇ္ဈင်တရားတွေပါပဲ အဲဒီအရဟတ္တမဂ်ဉာဏ်တော်နဲ့ ကိလေသာ အားလုံး ချေမှုန်းပယ်သတ်တော်မူပြီးတဲ့နောက် အရဟတ္တဖိုလ်ဆိုက်

http://www.dhammadownload.com

ရောက်တော်မူခဲ့တယ် ၊ အဲဒီအခါမှာ သူတကာ တုမရတဲ့ဗုဒ္ဓဉာဏ်တော် တန်ခိုးတော်အဖုံဖုံ ဂုဏ်တော်အရပ်ရပ်ဖြင့် ဘုရားမြတ်အဖြစ်သို့ ဆိုက်ရောက်ခဲ့ရပါတယ်၊ အဲ ဒီနောက်တော့ ဒီ ဗောဓိပင်ခုနစ်ပါး တရားမြတ်ရတနာတို့ကို သက်တော်ရှည်သမျှ အမြဲတမ်းသုံးဆောင် တော်မူခဲ့ပါတယ် ၊ ဒီနေရာမှာ ဈာန်ဝိပဿနာ မဂ်ဖိုလ် အခိုက်မှာဖြစ်တဲ့ ဗောဓိပင်တွေနဲ့စပ်လို့ ရှင်းလင်းဖို့ လိုနေတော့ အဲဒီ ရှင်းလင်းချက်ကလေးကို ပြောကြပါဦးစို့ ။

ဗောဓိပင်နှင့်စပ်၍ ရှင်းလင်းချက်

နောက်က ဗောဓိပင်အနက်တွေ ပြောရာမှာ ကိလေသာဟူသော အိပ်ပျော်ခြင်းမှနိုးတယ် သစ္စာ လေးပါး ထိုးထွင်းသိတယ် နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတဲ့ အနက်သုံးမျိုးပါခဲ့ပါတယ် ၊ ကိလေသာဟူသော အိပ်ပျော်ခြင်းမှနိုးတယ်ဆိုတဲ့ စကားအရ မဂ်သာမဂအထွတ်အထိပ်ခေါင်ဖျားရောက်နေတဲ့ ဝိပဿနာများလည်း ဗောဓိပင်ဖြစ်ကြောင်း ပြတယ်လို့ဆိုပါတယ် ၊ ခေါင်ဖျားရောက်နေတဲ့ ဝိပဿနာဆိုတာက ဝုဋ္ဌာနဂါမိနီခေါ် မဂ်ရောက်ကြောင်း ဝိပဿနာမဂ်နဲ့အလွန်နီးနေတဲ့ အနုလောမဉာဏ်နဲ့ သခါရုပေက္ခာဉာဏ် နောက်ဆုံးပိုင်းကိုဆိုပါတယ်၊ အဲဒီဝုဋ္ဌာနဂါမိနီဝိပဿနာဟာ ကိလေသာတွေ ချုပ်ငြိမ်းစေပြီးဖြစ်နေတာကြောင့် မဂ်လိုပဲဗောဓိပင်အစစ်အဖြစ် သွင်းရတယ်ဆိုပါတယ် ၊ သစ္စာလေးပါး သိတယ်ဆိုတဲ့ အနက်က မဂ်ဗောဓိပင်ကိုဆိုပါတယ် ၊ နိဗ္ဗာန်မျက်မှောက်ပြုတယ်ဆိုတဲ့ အနက်က ဖိုလ်ဗောဓိပင်ကိုရည်ပါတယ် ။။

ဝုဋ္ဌာနဂါမိနီဝိပဿနာက ဗောဓိပင်တွေဟာအလွန် အား

http://www.dhammadownload.com

ကောင်းနေ ကိလေသာတွေကိုလည်း တကယ်ရှင်းစေလို့မဂ်ဗောဓျင်
နဲ့ အတူထား ဗောဓျင်တရားအဖြစ် ဆိုထားပါတယ် ၊ ဒီဝိပဿနာ
က ရှေးဖြစ်တဲ့ အားရှိတဲ့ဗလ ဝိပဿနာများမှာလည်း ဗောဓျင်
တရားများဟာ လွန်စွာထက်သန် ထင်ရှားနေခဲ့ပါတယ် ၊ဒါကြောင့်
အဲ ဒီ ဗလဝိပဿနာအခိုက်မှာလည်း ဗောဓျင်တရားများ ဖြစ်
ကြောင်းဆိုကြပါတယ် ၊ ဝိပဿနာဆိုတာက အနိစ္စစသည်အားဖြင့်
ရှုတာ သမ္မသနဉာဏ်အခိုက်မှာ အနိစ္စစသည်ဖြင့် ရှုနေသော်လည်း
အဲဒီအခိုက် ဝိပဿနာကို မုချဝိပဿနာမဆို ပရိယာယ်အားဖြင့်
ဝိပဿနာဆိုရတယ် ၊ ဥဒယဗ္ဗယဉာဏ်ရောက်မှ အနိစ္စ စသော
လက္ခဏာကို ပိုထင်ရှား ပေါ်လွင် မြင်လာရလို့ အဲဒီ ဥဒယဗ္ဗယ
ဉာဏ်က စပြီးအစစ်ဝိပဿနာ မုချဝိပဿနာဆိုလိုကြပါတယ်၊
ဥဒယဗ္ဗယဉာဏ်ကလည်း အနုအရင့်နှစ်မျိုး တရုဏဝိပဿနာခေါ်
ရတဲ့ နုတဲ့ ဥဒယဗ္ဗယဉာဏ်ရလာတယ် ဆိုယင်ပဲ ပီတိ ပဿဒ္ဓိ
ဝိရိယ သတိ ပညာ ဥပေက္ခာ ဒီတရားတွေဟာအလွန်ထူးခြား ထက်
သန်စွာဖြစ်လာပါတယ်၊ ဒါ့ကြောင့်လည်း ဒီအခိုက်မှာ ယောဂီဟာ
မိမိကိုယ်ကို မဂ်ရနေပြီလို့ ထင်လာတတ်ခြင်းဖြစ်ပါတယ် ၊ အဲဒါ
မဂ်မဟုတ်သေးကြောင်းသိပြီး ဆက်လက်အားထုတ်မြဲ အားထုတ်လို့
ဝိပဿနာညစ်ညူးကြောင်းတွေကို လွန်မြောက်လာတဲ့ ဥဒယဗ္ဗယ
ဉာဏ်အရင့်က စပြီး ဗလဝိပဿနာရလာယင် အဲဒီကစပြီး ဘင်
စသော နောက်ဝိပဿနာဉာဏ်အဆင့်ဆင့်မှာ ဗောဓျင်တရားတွေ
ဟာ တစ်ဆင့်ထက် တစ်ဆင့် တက်ကာသာ အားကောင်းလာ
ပါတယ် ။

နုတဲ့ တရုဏဝိပဿနာခေါ် ဥဒယဗ္ဗယဉာဏ်ပိုင်ပြီဆိုယင်

http://www.dhammadownload.com

အာရဒ္ဓဝိပဿကခေါ်ပါတယ် ဝိပဿနာအလုပ် အားထုတ်စပြုပြီး ပုဂ္ဂိုလ်လို့ဆိုလိုပါတယ်၊ အဲဒီပုဂ္ဂိုလ်ဖြစ်သည်ကစပြီး သမ္ဘောဓိပဋိပဒါ ခေါ် ဗောဓိပက္ခိယတရားအကျင့် ကျင့်နေသူဆိုရကြောင်းမိန့်ဆိုကြပါတယ်။

သမ္ဘုဏ္ဏတိ အာရဒ္ဓဝိပဿကတော ပဌာယ ယောဂါဝစရော တိ သမ္ဘောဓိ၊ တဿ သမ္ဘောဓိဿ အင်္ဂ ' တိသမ္ဘောဇ္ဈင်္ဂ ယောဂါဝစရော–ကမ္မဋ္ဌာန်းအားထုတ် ယောဂအလုပ်တွင် သက်ဝင်ကျက်စားသူ ယောဂါဝစ ရ ပုဂ္ဂိုလ်သည် ၊ **အာရဒ္ဓဝိပဿကတော**– အားထုတ်မှု စတင်ပြုပြီးသည့် ဝိပဿနာယောဂီ ပုဂ္ဂိုလ် အဖြစ်မှ၊**ပဌာယ**–အစပြု၍၊**သမ္ဘုဏ္ဏတိ**–သစ္စာလေးပါးကို ကောင်းစွာ သိတတ်၏ ၊ **ဏ္ဍတိ** -ထို့ကြောင့် ၊**သမ္ဘောဓိ**–သမ္ဘောဓိမည်၏ ၊**တဿ သမ္ဘောဓိဿ**– သမ္ဘောဓိအမည်ရ ထိုအာရဒ္ဓ ဝိပဿကတ်၏ ၊ **အင်္ဂ**– အကြောင်းအစိတ်အဂါကို ၊ **ဏ္ဍတိ**–ဤအနက်အရ ၊**သမ္ဘောဇ္ဈင်္ဂ**– သမ္ဘောဓိအမည်ရ အာရဒ္ဓဝိပဿကတ်၏ အကြောင်း အစိတ်အဂါကို ဟူသော၊ ဒီဃမဟာဝဂ္ဂအဋ္ဌကထာအရ နုသော ဥဒယဗ္ဗယညာဏ် ပိုင်ပြီးနောက် ရင့်သောဥဒယဗ္ဗယညာဏ်ကစပြီး နောက်နောက် အားရှိတဲ့ ဗလဝဝိပဿနာညာဏ်တွေမှာ ဗောဓိပက္ခိယတရားများဖြစ် ကြောင်းပြပါတယ် ။

ဒီဗောဓိပက္ခိယတရားမှာ ဗလဝဝိပဿနာ မဂ်ဖိုလ်အခိုက်မှာ ဖြစ်တဲ့ သတိစသောတရားကိုသာ ဗောဓိပက္ခိယ်အဖြစ် ယူလိုတဲ့မထေရ်တွေ ထိုမျှမက ဝိပဿနာအခြေခံ စျာန်တရားတွေမှာဖြစ်တဲ့ သတိ စသော တရားတွေကိုလည်း ဗောဓိပက္ခိယ်အဖြစ်ယူလိုတဲ့ မထေရ်တွေလို့ ရှေးကပဲ နှစ်မျိုးအယူအဆ ကွဲပြားနေတဲ့မထေရ်တွေ ရှိနေခဲ့ပါတယ်၊

စျာန်မရှိတဲ့ သတိစသည်ကို ဗောဓိပက္ခိယ်အဖြစ်လိုလားသူတို့

http://www.dhammadownload.com

အလိုက ကိလေသာကို ဖောက်ခွဲဖျက်ဆီးတတ်တဲ့ သစ္စာကို ဖောက်ထွင်းသိတတ်တဲ့ မဂ်သို့ ရောက်စေတတ်တဲ့ တရားမို့ ဝိပဿနာ အခြေခံ စျာန်မှာရှိတဲ့ သတိစသည်ကိုလည်း ဗောဇ္ဈင်ပဲဆိုနိုင်တယ်လို့ ယူဆကြတယ်၊ ဝိပဿနာ အခိုက် သတိစသည်ဟာ မဂ်အားလျော်သောကြောင့် ဗောဇ္ဈင်ဆိုရသလို စျာန်အခိုက် သတိစသည်တွေဟာလဲ ထိုသို့ပင် မဂ်အားလျော်သောကြောင့် ဗောဇ္ဈင်ဆိုရတယ်လို့ ဆိုလိုပါတယ် ၊ ဆိုလိုရင်းက စျာန်နဲ့ ဝိပဿနာဟာ မဂ်၏ အဝေးအနီး အကြောင်းအဖြစ်ဖြင့်သာ ကွဲပြားကြပါတယ် မဂ်၏ ဥပနိဿယကတော့ ဖြစ်ကြတာချည်းပဲ ဆိုလိုပါတယ်။

စျာန်မှာရှိတဲ့ သတိစသည်ကို ဗောဇ္ဈင်အဖြစ် မလိုလားတဲ့ ပုဂ္ဂိုလ်များအလိုက ဝိပဿနာဟာ မဂ်၏ နီးသောအကြောင်းဖြစ်သလို စျာန်က ထိုသို့နီးသောအကြောင်းမဟုတ် စျာန်ဟာ ဝိပဿနာလိုမဂ်၏ဇောနန်ဖြစ်တဲ့ အကြောင်းလည်း မဟုတ် ဝိပဿနာကိစ္စရဲ့ပြီးမြောက်မှု အဆုံးသတ်ဟာ မဂ်ဖြစ်သလို စျာန်ကိစ္စရဲ့ ပြီးမြောက်မှု အဆုံးသတ်ဟာ မဂ် မဟုတ်ကြောင်း ဒီလို ယူဆ ပစ်ပယ်ကြပါတယ် ။

စျာန်အခိုက်မှာ ဗောဇ္ဈင်တရားယူဖို့ လိုလားကြတဲ့ပုဂ္ဂိုလ်တွေ အယူအဆကို ရှေးအဋ္ဌကထာဆရာများက မပယ်ရှား မတားမြစ်ခဲ့လို့ ဒီအယူလည်း အတည်ဖြစ်နေခဲ့ပါတယ်၊ ဒါကြောင့်လည်း နောက်က ဗောဇ္ဈင်ဖြစ်ကြောင်းတွေပြရာမှာ စျာန်တရားကဗောဇ္ဈင်တွေကိုလည်း ပြခဲ့တာ အမှတ်ပြုမိ ကြပါလိမ့်မယ်၊ သို့သော်လည်း စျာန်အခိုက်မှာဖြစ်တဲ့ ဗောဇ္ဈင်တွေကိုတော့ ပရိယာယ်ဗောဇ္ဈင်ဆိုရပါတယ် ၊ ပရိယာယ်ဆိုတာကတော့ အစစ်ဗောဇ္ဈင်တွေနဲ့

http://www.dhammadownload.com

သဘာဝတူကြ ဝေးသောအကြောင်း ဖြစ်ပေမယ့် မဂ်ရကြောင်းပဲ ဆိုနိုင်လို့ပါပဲ ၊ တကယ်အစစ်မှုချ ဗောဓျင်ကတော့ မဂ်ဗောဓျင်ပါပဲ ဝုဋ္ဌာနဂါမိနီခေါ် ခေါင်ဖျားရောက် ဝိပဿနာလည်း ဗောဓျင် အစစ်ထဲ သွင်းလိုကြပါတယ် ၊ ခေါင်ထိပ် ခေါင်ဖျား မဂ်အနီးအနား ကပ်နေတဲ့ ထိုဝိပဿနာမှတစ်ပါး နောက်နောက် အားရှိတဲ့ ဗလဝ ဝိပဿနာတွေကိုပင် ပရိယာယ်ဗောဓျင်အဖြစ်ဆိုခဲ့ကြပါတယ်။

ဒါ့ကြောင့် ဘုရားရှင် အာနာပါနစျာန်ရဖို့ အားထုတ်တဲ့ အခါက ဖြစ်လာတဲ့ ဗောဓျင်တွေ စျာန်ရတဲ့အခိုက် ဖြစ်တဲ့ဗောဓျင် တွေကို နောက်ကပြောခဲ့ရာမှာ ပရိယာယ်ဗောဓျင်အဖြစ်ဖြင့်ပြောခဲ့ တာဖြစ်ကြောင်း သတိပြုသင့်ပါတယ် ၊ ရှေးနာမရူပပရိစ္ဆေဒ ပစ္စယ ပရိဂ္ဂဟ သမ္မသနဉာဏ်တွေမှာလည်း ဒီဗောဓျင်တရားတွေဟာ ပါနေတာပါပဲ ၊ ဒါပေမယ့် သူတို့ကိစ္စက သိပ်မပေါ်လွင်လှသေး ဆန့်ကျင်ဘက် ပဋိပက္ခတွေကိုလည်း ကောင်းစွာမပယ်နိုင်သေး ဖြစ် နေလို့ ဗောဓျင်စာရင်းထဲ မသွင်းဘဲ ထားခဲ့ခြင်းပါပဲ ၊သို့သော်လည်း ထိုဉာဏ်တွေအခိုက်ဖြစ်တဲ့ တရားတွေထဲမှာလည်းတရားတက်လာ တဲ့အခါ အဆင့်ဆင့်အားရှိလာတဲ့ တရားတွေလည်း ရှိနေတော့ထို ဉာဏ်တွေအခိုက်မှာဖြစ်တဲ့ ဗောဓျင်တရားတွေကိုလည်း ပရိယာယ် အားဖြင့် ဗောဓျင်လို့ပဲ ဆိုခွင့်ရှိနေပါတယ် ။။

ဘုရားရှင်ဗောဓျင်တရား အမြီအသုံးပြုတော်မူပုံ

ကဲဒီတော့ စျာန်ဝိပဿနာ မဂ်ဖိုလ်အခိုက်မှာ ဗောဓျင် တရားတွေ မိမိတို့ကိစ္စဆောင်ရွက် နေကြတယ်ဆိုတာ သိရပါပြီ ၊ ဒီလိုဆိုလျှင် ဖိုလ်ဝင်စားတဲ့ ဘုရားရှင်ဟာ ဗောဓျင်ခုနစ်ပါး တရား

http://www.dhammadownload.com

ရတနာတွေ ဖြစ်စေနေတယ်ဆိုတာ ရှင်းလောက်ပါပြီ၊ ဘုရားရှင်ကိုယ်တော်မြတ်ဟာ အရဟတ္တဖိုလ်ရောက် ပေါက်မြောက်အပြီးတွင် ဗောဓိပင်ပလ္လင်တော်ထက်မှာပဲ နေရာမထ ရက်သတ္တတစ်ပတ် လုံးလုံး ဝိမုတ္တိသုခခေါ် ဖလသမာပတ်ချမ်းသာဖြင့် စံနေတော်မူခဲ့ပါတယ်၊အဲ ဗောဒ္ဓိင်တရားရတနာ အသုံးပြုတော်မူကာဖြင့် နိဗ္ဗာန်အရသာ ခံစားသုံးဆောင်နေတော်မူခြင်းပါပဲ ၊ နောက်လည်းပဲ သက်တော်ရှည်သမျှ ကာလပတ်လုံး အမြဲလိုလို ဒီသမာပတ်ကို အသုံးပြုတော်မူခဲ့ပါတယ် ၊**ယေန သုခံ နိစ္စကပ္ပံ ဝိဟရာမိ**၊ ယင်းဖလသမာပတ်ဖြင့် အမြဲလိုလိုနေခဲ့ကြောင်း ၊သစ္စကကြီးကို ဘုရားရှင်ဟောတော်မူတာရှိပါတယ် ၊ တရားဟောခြင်း တခြားသမာပတ်ဝင်စားဖို့ အကြောင်းရှိနေခြင်းစသော အခွင့်မသာတဲ့ အခါ ချန်လှပ်ပြီး အခွင့်သာတိုင်း ဝင်စားတော်မူလေ့ရှိပါတယ် ၊ တရားဟောတော်မူတဲ့ အခိုက်မှာပဲ လူတွေ သာဓု ခေါ်နေတဲ့ အတွင်းမှာတောင် ဝင်စားတော် မူလိုက်ပါသေးတယ်၊ သာဓုခေါ်ပြီးချက်ချင်းပဲ သမာပတ်မှ ထတော်မူကာ တရားဆက်ဟောနိုင်ပါ တယ်။

ရှင်တော်မြတ်ဘုရား တစ်ခါက ဝေဠုဝန်မှာ ဝါကပ်တော်မူစဉ် ပရိနိဗ္ဗာန်စံရလောက်အောင် ပြင်းတန်တဲ့ ရောဂါဝေဒနာဖြစ်ပေါ်လာတယ် ၊ အဲဒီအခါက ဖလသမာပတ်ဖြင့် နေတော် မူခဲ့ရာ ထိုရောဂါလုံးဝပျောက်ငြိမ်းခဲ့ရပါတယ် ၊ ဖလသမာပတ်ဖြင့်နေရသော အခါ ငါဘုရား ကိုယ်တော်ဟာ အလွန်.အလွန်ချမ်းသာလှကြောင်းလည်း အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့ပါတယ် အတုမရတဲ့ သုခဓာတ် အငြိမ်းအအေးဖြင့် စိမ့်ပေးတတ်သော သမာပတ်ဖြစ်ရာ ထိုသမာပတ်ဖြင့် ဆယ်လကြာအောင် ရောဂါမငြိ

http://www.dhammadownload.com

ပကတိကျန်းမာစွာ တည်နေနိုင်တော်မူခဲ့ပါတယ်၊ ဒီတော့ဖလသမာ ပတ်ပါ ဗောဇ္ဈင်တရားများကို ရောဂါဖြစ်သောအခါ အကာအကွယ် အဖြစ် အသုံးပြုတော်မူခဲ့သည်ကိုလည်းကောင်း ပကတိအခါ တ ကယ့်ငြိမ်းချမ်းမှု သုခအရသာ ခံစားရေးအတွက် အသုံးပြုတော်မူ ခဲ့သည်ကိုလည်းကောင်း သိရသည်ဖြစ်ရာ ဗောဇ္ဈင်တရားများဟာ ဗုဒ္ဓ မြတ်စွာရဲ့ အသုံးအဆောင်တော်များဖြစ်ခဲ့ကြောင်း ကောင်းစွာ သဘောပေါက်လောက်ပါပြီ ။

ပရိဘောဂေါ ဗောဇ္ဈင်–ရတနံ ဓမ္မရာဇိနော၊
ကော တံ နု ပရိဘုဥ္ဇေယျ– တံ ဟိ သန္ဓိပဒါယကံ၊

ဗောဇ္ဈင်ရတနံ - သုံးစွဲဆင်က အမြင်လှ၍ ရွှင်ပျစရာ သူငါညွှတ်ချင် အထွတ်တင်အပ် ဗောဇ္ဈင်မြတ်ရတနာသည် ၊ **ဓမ္မရာဇိနော–** တရားကြောင့်လျှင် မျှားအရှင်ဟု ဘုရင်အစစ် ဓမ္မရာဇာတွင် ရှင်တော်မြတ်ဘုရား၏ ၊ **ပရိဘောဂေါ**-ငြိမ်းအေးခြင်း မှန် ရသာခံဖို့ လျှော်ကံသင့်ရာ ခွင့်ခါအားလုံး မဆုံးအောင်ဆင် အသုံးအဆောင်ပင် ဖြစ်ပါတော့သတည်း ၊ **ကော** – ချမ်းသာဖို့ရေး အေးဖို့ရွယ်ယူ အဘယ်သူ အဘယ်ပုဂ္ဂိုလ်သည် ၊ **တံ** -ထိုဘုရား မြတ်တို့ သုံးအပ်ညွှတ်ဝင် အထွတ်တင်အပ် ဗောဇ္ဈင်မြတ် ထို ရတနာကို ၊ **နု ပရိဘုဥ္ဇေယျ**–အတိုးဆုံးပြ ကြိုးလုံ့လဖြင့် အရယူ ကာ မသုံးဘဲရှိရာအံ့နည်း ၊ **ပရိဘုဥ္ဇေယျော** –မရအရ အားမာန်ကြွ လျက် အရယူကာ သုံးဆောင်ရာသည်သာလျှင်တည်း၊ **ဟိ** – ရဖို့ လျှော်ကန် သုံးရန်ကောင်းလှ အကြောင်းပြုရလျှင် ၊ **တံ**–ဘုရား မြတ်စွာ သုံးဆောင်ရာဟု ရတနာတွင် တရားမြတ် ထိုဗောဇ္ဈင်သည် **သန္ဓိပဒါယကံ**–ရသူ ပိုင်သူ သုံးသူခပ်သိမ်း ငြိမ်းဖို့အရေး အအေး

http://www.dhammadownload.com

ဓာတ်မကွာစေ ပေးတတ်ပါပေသတည်း . . . . ။

ပစ္စေကဗုဒ္ဓါအရှင် စသည်တို့၏လည်း သုံးဆောင်ရာ

ဗောဓျင်ခုနစ်ပါး တရားမြတ်ရတနာတို့ကား ဘုရားရှင်၏ အသုံးအဆောင်တော်များ ဖြစ်သည်သာမက ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေ အရှင်သာရိပုတ္တရာအစရှိသော ရဟန္တာအရှင်မြတ်တွေ ဆိုင်ရာဆိုင်ရာ မဂ်ဖိုလ်တွေရနေကြတဲ့ အရိယာပုဂ္ဂိုလ်တို့ရဲ့ အသုံးအဆောင်တွေလည်းဖြစ်ပါတယ်၊ ပစ္စေကဗုဒ္ဓါ ရဟန္တာနဲ့ အရိယာသခင်အရှင်မြတ်တွေဟာ နိဗ္ဗာန်အရသာခံဖို့ အစဉ်ထာဝရ သုံးစွဲတော်မူကြတဲ့ အသုံးအဆောင် ရတနာတွေပါပဲ၊ ဒီနေရာမှာ မဟာဝဂ္ဂသံယုတ်ဝတ္ထုသုတ်လာ အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးက မိမိဖလသမာပတ်အရာမှာ လွန်စွာနိုင်နင်း လေ့လာခြင်း စွမ်းအားကြီးမားနေပုံကို ရဟန်းများအား မိန့်ကြားတော်မူချက်ကလေး လိုရင်းချုပ်ကာ ထုတ်ဖော်လိုက်ပါဦးမယ် ။

ရှင်ဘုရင်မှာဖြစ်စေ အမတ်ကြီးမှာဖြစ်စေ အရောင် အမျိုးမျိုး ဆိုးသခြယ်လှယ်ထားအပ်တဲ့ အဝတ်ပုဆိုး အမျိုးမျိုး သေတ္တာအပြည့်ရှိနေမယ်ဆိုယင် ထိုဘုရင် ထိုအမတ်ကြီးဟာ ထိုသေတ္တာထဲမှ နံနက်အခါ ဝတ်လိုရာ ထိုထိုအဝတ် ပုဆိုးအစုံကို ဝတ်ရုံနိုင်တယ် ၊ နေ့လယ်အခါလည်း ဝတ်ရုံလိုက ကြိုက်ရာ ကြိုက်ရာ ဝတ်စုံကို ဝတ်ရုံနိုင်တယ် ၊ ညနေအခါလည်း ဝတ်ရုံလိုက ကြိုက်ရာဝတ်စုံကို ဝတ်ရုံနိုင်တယ်၊ ထို့အတူ ဗောဓျင်ခုနစ်ပါး တရားတွေရှိခဲ့ရာ ထိုဗောဓျင်ခုနစ်ပါး ထဲမှ နံနက်အခါ မိမိနေလိုရာ ဗောဓျင်ဖြင့် နေနိုင်တယ် ၊ နေ့လယ်အခါလည်း မိမိနေလိုရာ

http://www.dhammadownload.com

ထိုထိုဗောဓျင်ဖြင့်နေနိုင်တယ်၊ ညချမ်းအခါလည်း ထို့အတူ လိုရာ လိုရာဗောဓျင်ဖြင့်နေနိုင်တယ်၊သတိသမ္ဗောဓျင်ပဲလို့ သိယင် ထို ဗောဓျင်ဟာ ပမာဏမရှိလို့လည်းသိ၊ပြီးပြည့်စုံခဲ့ပြီဟုလည်းသိတည် နေလျှင်လည်း တည်နေသည်ဟုသိ၊ ရွှေ့ရှားပျက်ပြား သွားလျှင် လည်း ဒီအကြောင်းကြောင့် ရွှေ့ရှားပျက်ပြားသွားရတယ်လို့လည်း သိတယ်၊ သည့်ပြင် ဗောဓျင်တွေကိုလည်း အသီးအသီး သည်လိုပဲ သိနေရကြောင်းဖြင့် ကိုယ်တော်အရှင်၏ ဗောဓျင်အရာ ဝသီဘော် စွမ်းအား ကြီးမားပြည့်ဝပုံကို မိန့်တော်မူခဲ့ပါတယ်။

ကဲ ဒီတော့ ဗောဓျင်တရားများဟာ ဘုရားရှင်၏ အသုံးအ ဆောင်ပရိဘောဂဖြစ်ရုံသာမက ပစ္စေကဗုဒ္ဓါ ဘုရားတပည့် အရိယာ ရဟန္တာအရှင်တို့ရဲ့ သုံးစွဲရာ ပရိဘောဂလည်းဖြစ်ကြောင်းသိလောက် ပါပြီ ။

ဗောဓျင်၏ ရတနာဖြစ်ပုံ

ယခုဗောဓျင် တရားများကို ရတနာလို့သုံးခဲ့တော့ ဗောဓျင် တရားများရဲ့ ရတနာဖြစ်ကြောင်းလည်း အလျဉ်းသင့်လို့ ပြောဦးမှ ပြည့်စုံပါလိမ့်မယ်၊ ရတနာဆိုတာ၊**ရတိ စနနဋ္ဌေန** -နှစ်သက် ပျော် ရွှင်မှုကို ဖြစ်စေတတ်သော အနက်သဘောကြောင့်၊**ရတနံ**-ရတနာ မည်၏ ၊ အဆိုအရ လောကမှာ စိန် ရွှေ ငွေ မြ ပတ္တမြား နီလာ ဂေါ်မုတ် ဥဿဖယား စသော ရတနာတွေရှိခဲ့ ၊ ထိုရတနာတွေရဲ့ ပိုင်ရှင်ဟာ ထိုရတနာတွေ သုံးရစွဲရ ဆင်ရ မြင်ရတဲ့ အခါ ရွှင်ပျ နှစ်သက်မှု ပျော်ရွှင်မှု ရနေ ဖြစ်နေတာက အထင်အရှားပါပဲ ၊ သားသမီးကို ရတနာဆိုကြပါတယ် သားတို့ရုပ်ရည် သီတာမည်

http://www.dhammadownload.com

သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစတမ်း အဆိုအရ ကိုယ့်သားသမီးတွေ အပေါ်မှာ မိဘနှစ်ဖြာတို့ရဲ့ နှစ်သက်မှု ပျော်ရွှင်ကျေနပ်မှုဟာ ဘယ်မျှအားကြီးတယ်ဆိုတာ အထင်အရှားပါပဲ ၊ ဗောဇ္ဈင်ခုနစ်ဖြာ ရတနာတို့ဟာလည်း ပိုင်ရှင်တွေကို ပျော်စေ ရွှင်စေ နှစ်သက်စေတတ်လို့ ရတနာပဲ ဆိုရပါတယ် ၊ ဗောဇ္ဈင်လမ်းဖြင့် ဖိုလ်အထိပေါက်ကာ အထွတ်အထိပ် ရောက်လာလျှင်ဖြင့် ထိုပိုင်ရှင်၏ အေးငြိမ်း ချမ်းသာမှုကြောင့် ရလာတဲ့ သုခဟာ ဘယ်လောက် နှစ်သက်စရာ ပျော်ရွှင် ကျေနပ်နှစ်သိမ့်စရာ ကောင်းလိမ့်မယ်ဆိုတာနောက်ကလည်းဆိုခဲ့ပါပြီ၊ ဒီလိုအထွတ်အထိပ် မရောက်သေးတဲ့ ဝိပဿနာအခိုက်မှာပင် ရူပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကိုကောင်းစွာမြင်တဲ့ ဥဒယဗ္ဗယညာဏ်များ ဖြစ်လာတဲ့အခါ ရလာတဲ့ နှစ်သက်ပျော်ရွှင်မှုဟာလူ့ဘဝက ဘယ်ပျော်ရွှင်မှု မျိုးနှင့်မျှ မနှိုင်းသာတဲ့ လူ့ဘဝပျော်ရွှင်မှုတွေကို ကျော်လွန်သွားတဲ့ ပျော်ရွှင်မှုဖြစ်ကြောင်း ဓမ္မပဒမှာ ဟောတော်မူခဲ့ပါတယ်။

သုညဂါရံ ပဝိဋ္ဌဿ – သန္တစိတ္တဿ ဘိက္ခုနော၊
အမာနုသိ ရတိ ဟောတိ– သမ္မာ ဓမ္မံ ဝိပဿတော ။
ယတော ယတော သမ္မသတိ– ခန္ဓာနံ ဥဒယဗ္ဗယံ ၊
လဘတေ ပီတိပါမောဇ္ဇံ – အမတံ တံ ဝိဇာနတံ ။

သုညဂါရံ –ဘာဝနာမှု ပြုဖို့သင့်လတ် ဆိတ်ငြိမ်ရာအရပ်သို့ ၊**ပဝိဋ္ဌဿ**–ကမ္မဋ္ဌာန်းခွင် စခန်းဝင်လျက် အမြင်ပေါက်စေ ဝင်ရောက်နေသော ၊ **သမ္မာ** – နည်းလမ်းသင့်တန် အကြောင်းမှန်ဖြင့်၊ **ဓမ္မံ** –ရူပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး သဘောတရားကို ၊ **ဝိပဿတော**– အမျိုးမျိုးပင် အမှန်ထင်မှု ဉာဏ်တင်ရှုနေသော ၊ **သန္တစိတ္တဿ**–

http://www.dhammadownload.com

တရားကြောင့်ရ သုခကြိမ်လျက် အရှိန်တက်ဘိ ငြိမ်သက်သော စိတ်ရှိထသော ၊ **ဘိက္ခုနော** – ဝိပဿနာ ဘာဝနာဟု ဝန်တာ ထမ်းပျော် ရဟန်းတော်အဖို့ ၊ **အမာနုသီ** –လူ့ဘဝတွင် ပျော်ရွှင်မှုများ ကျော်လွှားခဲ့နိုင် အထွတ်တိုင်ခဲ့သော ၊ **ရတီ** –အလွန်ချမ်းမြသုခစိမ့်ဝင် ပေါ်လွင်အပြု ပျော်ရွှင်မှုသည် ၊ **ဟောတိ**-အသစ်သစ်ထက် ဆက်ကာဆက်ကာ ဖြစ်ပေါ်လာရပါပေသတည်း ။

ယတော ယတော–ကမ္မဋ္ဌာန်းခွင် ဝင်ရောဝင်ရာ အကြင်အကြင်အခါ၌ ၊**ခန္ဓာနံ** –ခန္ဓာ ငါးတန် ရုပ်နှင့်နာမ်တို့၏ ၊**ဥဒယဗ္ဗယံ** ဖြစ်ဟန်ချုပ်ဟန် သရုပ်မှန်ကို ၊**သမ္မသတိ** –ဉာဏ်အမြင်သုံး ထုံးအမှတ်တင် သုံးသပ်ဆင်ခြင်လေတော့၏ ၊ **တတော တတော** – ဖြစ်ပျက်နှစ်တန် စစ်ချက်မှန်ကို ဉာဏ်မြင်ဆုံးဖြတ် သုံးသပ်စူးစမ်း ကမ္မဋ္ဌာန်းခွင် ဝင်ရောဝင်ရာ ထိုထိုအခါ၌ ၊ **ပီတိပါမောဇ္ဇံ** -တရားကြောင့်တက် ဖြစ်လျက်လွှမ်းလာ နှစ်သက်ဝမ်းသာမှုမျိုးကို၊ **လ ဘတေ**–ဆက်ဆက်ပြန်ပြန် အဖန်ဖန်ပွား ခံစားရရှိလေတော့၏ ၊ **တံ** –ထိုတရားကြောင့်တက် ဖြစ်ပျက်လွှမ်းလာ နှစ်သက်ဝမ်းသာမှုမျိုးမှာ ၊ **ဝိဘာနတံ**– ဝိပဿနာ အမြင်သာဘိ ပညာရှိတို့၏၊**အမတံ** အေးငြိမ်းခြင်းရ မွန်မြတ်လှတဲ့ သုခဆိုက်လာ အမြိုက်အရသာပင် ဖြစ်ပါပေတော့သတည်း။

ဒီဒေသနာအရ ဝိပဿနာအခိုက်မှာ ဗောဇ္ဈင်ရတနာတို့က တကယ့်ပျော်ရွှင် အေးချမ်းမှုသုခကို ဖြစ်စေတတ်ကြောင်းကို သိရပါတော့တယ် ။

http://www.dhammadownload.com

ရတနာပြစ်ပုံတစ်မျိုး

လေးစားအပ်ရိုး အဖိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာအနက်ငါး။

ဆိုတဲ့ ရတနာအနက်ငါးပါးနဲ့ စဉ်းစားပြန်တော့လည်း ဗောဓျင်တရားများဟာ ထူးခြား မြင့်မြတ်တဲ့ တရားတွေမို့ ရိုသေလေးစားမှု ပြုအပ်တဲ့တရား ထူးခြားမွန်မြတ်လို့လည်း ဘယ်အရာနဲ့မှ မလဲနိုင်အောင် တန်ဖိုးမြင့်မားတဲ့တရား သာသနာပတရားတွေ မတုပနိုင် မသာနိုင်လို့ အတုမဲ့တရား ဘုရားပွင့်တဲ့အခါ ဘုရားသာသနာမှာမှ ကြုံကြိုက်ရလို့ မြင်ရတွေ့ရဖို့ ခဲယဉ်းတဲ့ တရား ဘုရားရှင်စသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ သုံးဆောင်ရာ ဖြစ်လို့ မြင့်မြတ်သူတို့သာ သုံးဆောင်ရာတရား ဤသို့အားဖြင့် ရတနာတွေပင်ဖြစ်ကြရပါတော့တယ် ။

စကြဝဠာမင်း ရတနာနဲ့ ဗောဓျင်ရတနာ

မဟာဝဂ္ဂသံယုတ်မှာ စကြဝဠာမင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် စကြာရတနာ ဆင် ရတနာ မြင်းရတနာ ပတ္တမြားရတနာ မိဖုရားရတနာ သူဌေးကြီးရတနာ သားကြီးရတနာ၊ ရတနာခုနစ်ပါး ထင်ရှားပေါ်လာရသလို ၊ ရှင်တော်မြတ်ဘုရားထင်ရှားပွင့်ပေါ်တော်မူခြင်းကြောင့် သတိသမ္ဗောဇ္ဈင်ရတနာ ဓမ္မဝိစယ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာသမ္ဗောဇ္ဈင်ရတနာ ရတနာခုနစ်ပါး ထင်ရှားပေါ်လာရကြောင်း ဟောတော်မူခဲ့ပါတယ် ၊

ဒီနေရာမှာ စကြဝဠာမင်း၏ ရတနာခုနစ်ပါးနဲ့ ဘုရားရှင်၏ ဗောဓျင်ရတနာခုနစ်ပါး အသီးအသီးတူပုံကို ပြပါဦးမယ်။

http://www.dhammadownload.com

စကြာရတနာနှင့် သတိသမ္ဗောဇွင်ရတနာ

စကြဝတေးမင်းရဲ့ ရတနာခုနစ်ပါးတို့တွင် စကြာရတနာဟာ ရတနာအားလုံးတို့ရဲ့ ရှေ့သွား ဖြစ်တယ် ၊ စကြာရတနာပေါ်လာမှ တခြားရတနာတွေလည်းပေါ်လာနိုင်ပါတယ် ၊ ထို့ အတူ သတိသမ္ဗောဇွင်ဟာလည်း အလုံးစုံသော ဗောဇွင်တရားတို့ရဲ့ ရှေ့သွားဖြစ်လို့ စကြာရတနာနဲ့တူတယ် ၊ သတိကို နောက်တုန်းက ကုသိုလ်တရားတို့၏ ပြီးစီးခြင်းတို့ကို ရှာဖွေတတ်တယ်လို့ ဆိုခဲ့ပါတယ် ၊အဲ ဒီလို သတိက ရှာဖွေတွေ့ရှိမှ ပညာစသည်က ဆိုင်ရာကိစ္စတွေဆောင်ရွက် နိုင်တာမို့ သတိသမ္ဗောဇွင်ကို ဗောဇွင်တို့ရဲ့ ရှေ့သွားလို့ ဆိုခြင်းဖြစ်ပါတယ် ၊

ဆင်ရတနာနဲ့ ဓမ္မဝိစယသမ္ဗောဇွင်ရတနာ

စကြဝတေးမင်း၏ ရဟနာတို့တွင် ဆင်ရတနာဟာကြီးမားသော ကိုယ်ထည်ရှိ၍မြင့်တယ် ပြန့်ကျယ်တယ် ကြီးမားတယ် ၊ ထို့အတူ ဓမ္မဝိစယသမ္ဗောဇွင်ရတနာဟာလည်း ဘုရားစသော ကြီးမြတ်သော ပုဂ္ဂိုလ်တို့ မစွန့်အပ် လက်စွဲပြုအပ်သဖြင့် ကြီးမားသော တရားသဘောဖြစ်သည် တစ်ကြောင်း ဓမ္မကာယတရားအပေါင်းထဲမှာ အကြီးအကဲဖြစ်သည် တစ်ကြောင်းတို့ကြောင့် ကြီးမားသော တရားကိုယ်ထည်ရှိနေ၍ မြင့်လည်းမြင့်တယ် ပြန့်လည်းပြန့်ကျယ်တယ် ကြီးလည်းကြီးမားတယ် ၊ ဒါကြောင့် ဓမ္မဝိစယသမ္ဗောဇွင်ရတနာဟာ ဆင်ရတနာနဲ့တူတယ်၊ ဒီနေရာမှာ မြင့်တယ် ဆိုတာက ယခုပြောနေတဲ့ ဗောဇွင်ရတနာဟာ လောကုတ္တရာ အထူးသဖြင့် မဂ်ဗောဇွင်များဖြစ်၍ တရားအလုံးစုံကို

http://www.dhammadownload.com

ကျော်လွန်လျက် မြင့်တက်နေတယ် ।အဲ ဒီဗောဓျင်တွေထဲမှာလည်း ပညာက အကြီးအမှူးဖြစ်နေတာ တစ်ကြောင်း အသိအမြင်တရား မို့ ထင်ရှားပေါ်လွင်နေသည် တစ်ကြောင်း တို့ကြောင့် မြင့်တယ်ဆိုရတယ် । ဒါကြောင့်လည်း ပညာပါသာဒ ပညာတည်းဟူသော ပြာသာဒ် လို့ ပညာကို ပြာသာဒ်နဲ့ တင်စားဟောကြားတော် မူခဲ့ပါတယ် ॥

ပြန့်ကျယ်တယ်ဆိုရာမှာလည်း နောက်ကပြောခဲ့တဲ့ ကြီးမားသော တရားကိုယ်ထည်ရှိလို့ပဲ ပြန့်ကျယ်တယ်လို့လည်းဆိုရ ဒါတွင်မက အမျိုးမျိုးအထွေထွေ သိတတ်လို့လည်း ပြန့်ကျယ်တယ်ဆိုနိုင်ပါတယ် । ဒီ မဂ်အရာမှာ ပညာဟာ နိဗ္ဗာန်ကို အာရုံပြုသော်လည်း အသမ္မောဟ ပဋိဝေဓ မတွေ့မဝေသိ ရှင်းလင်းပြီး အသိအားဖြင့်တော့ တရားအမျိုးမျိုး သိမှုပြီးနေ၍ ကျယ်ပြန့်တယ်ပဲဆိုရပါတယ် । ကြီးတယ်ဆိုတာကတော့ ကြီးမားသော တရားကိုယ်ထည်လည်းရှိ ကျယ်လည်းကျယ်ပြန့်လို့ ကြီးတယ်ဆိုတာ ပြီးစီးခဲ့ပါပြီ।

မြင်းရတနာနဲ့ ဝီရိယသမ္ဗောဇ္ဈင်ရတနာ

စကြဝဠာတေးမင်းရဲ့ မြင်းရတနာဟာ လျင်တယ် မြန်တယ် အဟုန်ရှိတယ် ထို့အတူ ဝီရိယသမ္ဗောဇ္ဈင် ရတနာဟာလည်း အစမထင် သံသာရာက ထုံလာတဲ့ ကိလေသာအစဉ်ကို တစ်ခဏခြင်း ပယ်ဖျက်တတ်လို့ လျင်တယ် မြန်တယ် အဟုန်ရှိတယ်। ဒါ့ကြောင့် ဝီရိယသမ္ဗောဇ္ဈင် ရတနာဟာ မြင်းရတနာနဲ့တူတယ်॥

http://www.dhammadownload.com

ပတ္တမြားရတနာနဲ့ ပီတိသမ္ဗောဇ္ဈင်ရတနာ

စကြဝဠာတောမင်းရဲ့ ပတ္တမြားရတနာဟာ အမှောင်ကိုခွင်းအလင်းကို ပြတတ်သလို ပီတိ သမ္ဗောဇ္ဈင်ရတနာဟာလည်း ဗောဇ္ဈင်တရားဖြစ်လေတော့ တကယ့်ကုသိုလ်ဖြစ်လို့ ကိလေသာအမှောင်ကို ခွင်းတတ်တယ်၊ တကွဖြစ်တဲ့ ပညာအရ ဉာဏ်အလင်းရောင်ကိုလည်း ပြတတ်တယ် ဒါ့ကြောင့် ပီတိသမ္ဗောဇ္ဈင်ရတနာဟာ ပတ္တမြားရတနာနဲ့တူတယ် ။

မိဖုရားရတနာနဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရတနာ

စကြဝဠာတောမင်းရဲ့ မိဖုယားရတနာဟာ ကိုယ်စိတ်ပူပန်စေတတ်တဲ့ အရာတွေငြိမ်းစေသလို ပူလောင်မှုကို ငြိမ်းအေးစေသလို ပဿဒ္ဓိသမ္ဗောဇ္ဈင်ရတနာဟာလည်း စိတ်စေတသိက်တွေ ပူပန်စေတတ်တဲ့တရားတွေ ငြိမ်းစေ အပူတွေ ငြိမ်းအေးစေတတ်လို့ မိဖုရားရတနာနဲ့တူတယ် ။

သူဌေးကြီးရတနာနဲ့ သမာဓိသမ္ဗောဇ္ဈင်ရတနာ

စကြဝဠာတောမင်းကြီးရဲ့ သူဌေးကြီးရတနာဟာ မင်းကြီး လိုရာလိုရာခရီးမှာ အလိုရှိသမျှ ဓနဥစ္စာပေးခြင်းဖြင့် မင်းကြီးရဲ့စိတ် ပျံ့လွင့်မှုကို ဖြတ်ပယ်တတ်တယ် ၊ ထို့အတူ သမာဓိသမ္ဗောဇ္ဈင်ရတနာဟာလည်း အလိုရှိရာ ကမ္မဋ္ဌာန်းဖြင့် အပွနာသို့ရောက်စေတယ် ထိုအပွနာဖြင့် စိတ်ပျံ့လွင့်မှုကို ဖြတ်ပယ်ကာ စိတ်တည်ကြည်မှု ပြုတက်တယ်၊ ဒါ့ကြောင့် သူဌေးကြီးရတနာနဲ့တူတယ် ။

http://www.dhammadownload.com

သားကြီးရတနာနဲ့ ဥပေက္ခာသမ္ဘောဇင်ရတနာ

စကြဝဠာတေးမင်းကြီးရဲ့ သားကြီးရတနာဟာ ခမည်းတော် မင်းကြီးရဲ့ အကျိုးကိစ္စအားလုံး ပြီးမြောက်ရွက်ဆောင်ပေးနေလေတော့ မင်းကြီးဟာ ဘယ်ကိစ္စအတွက်မှ ဗျာမများရ ၊ ကြောင့်ကြမဲ့ နေနိုင်ရတယ် ၊ထို့အတူ ဥပေက္ခာသမ္ဘောဇင်ရတနာဟာလည်း စိတ်စေတသိက်တွေကို တွန်ဆုတ်မှု ပြန်လွှင့်မှုမှ ကင်းလွတ်စေပြီး အလယ်အလတ် ဗျာပါရရှိသည်၏ အဖြစ်၌ ထားကာ ထိုတရားတို့၏ ကြောင့်ကြမဲ့အဖြစ်ကို ပြုတတ်တယ် ၊ ဒါ့ ကြောင့် ဥပေက္ခာသမ္ဘောဇင်ရတနာဟာ သားကြီးရတနာနဲ့ တူတယ် ။

ဗောဓိပင်တွေကြောင့် ရောဂါပျောက်ပုံ

ဗောဓိပင်တရားများရဲ့ ရတနာဖြစ်ပုံ ပြောပြီးနောက် ယခု ဗောဓိပင်ဒေသနာတော်၏ ရောဂါပျောက်ရေးဝယ် ဆေးသဖွယ် မန္တန်သဖွယ် အာနိသင်ရှိကြောင်း ဆက်ပြောရဦးမယ် ၊

တစ်ခါက ရှင်မဟာကဿပမထေရ်မြတ် မကျန်းမမာဖြစ်နေတဲ့အခါ ရှင်တော်မြတ်ဘုရားက ကဿပ ပွားစေအပ် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်တဲ့ ဗောဓိပင်ခုနစ်ပါး တရားတို့ဟာ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ သစ္စာတရားတို့ကို ကောင်းစွာ အကြွင်းမဲ့ သိခြင်းငှာ ဒုက္ခငြိမ်းရာ နိဗ္ဗာန်အလို့ငှာ ဖြစ်ကြတယ်၊ စသည်ဖြင့် ဟောတော်မူတဲ့အခါ ရှင်မဟာကဿပ ရောဂါဟာ လုံးဝ အရှင်းပျောက်ကင်းသွားကြောင်း မဟာဝဂ္ဂဗောဓိသံယုတ်မှာ လာပါတယ် ၊ ဒီဗောဓိပင်တရားတော်ဖြင့် အရှင်မြတ်ရောဂါ ဘယ်ပုံ ပျောက်ကင်းသွားရကြောင်း အဋ္ဌကထာက ရှင်းပြထားပါ

http://www.dhammadownload.com

တယ်။ အရှင်မြတ်ဟာ ဗောဓိပင်ဘာဝနာတရားကိုရှိသေ ကောင်းမွန်စွာ နာကြားနေစဉ် စဉ်းစားဆင်ခြင်မိတာက ငါ ရဟန်းဖြစ်ပြီးနောက် ခုနစ်ရက်မြောက်နေ့မှာ သစ္စာလေးပါးတရားတို့ကို ထိုးထွင်းသိရသောအခါ ဒီဗောဓိပင်ခုနစ်ပါးတရား အထင်အရှားဖြစ်ခဲ့ဖူးတယ်။ ဒီလိုပြန်လည်စဉ်းစား အောက်မေ့မိရာက ဗုဒ္ဓမြတ်စွာတို့ဆရာဘုရားရဲ့ သာသနာဟာ ကိလေသာဝဋ်ဒုက္ခမှ လွတ်မြောက်တတ်တဲ့ သာသနာပါ တကားလို့ ။ စဉ်းစားမိသော အခါ သွေးတွေကြည်လင်လာ ဥပါဒါရူပ်တွေ အထူးသန့်ရှင်း စင်ကြယ်လာ ဒီအခါ ကြာဖက်ပေါ်ရောက်တဲ့ ရေပေါက်ပမာ ရောဂါဟာ ဆုတ်ဖယ် ရှောင်ရှား လွင့်ပျောက်သွားရတော့တယ် ။

ထို့အတူပဲ အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်အား ဘုရားရှင်ဟောတော်မူတဲ့အခါ၊အရှင်စုန္ဒကဘုရားရှင်အား ဟောကြားတဲ့အခါ များမှာလည်း ဗောဓိပင်တရားများ ကိုယ်တော်မြတ်တို့၌ ထင်ရှားခဲ့ပုံ သာသနာတော်၏ ထူးခြားမွန်မြတ်ပုံတွေကို အာရုံပြုမိရာမှသွေးသားကြည်ကာ ဥပါဒါရူပ်တွေသန့်ရှင်း ရောဂါကင်းပျောက်ရကြောင်း သိရပါတယ်။ ဒါက ဗောဓိပင်အရာမှာ အထွတ်အထိပ် ရောက်နေကြတဲ့ ပုဂ္ဂိုလ်မြတ်တွေ ဗောဓိပင်တရားကြားနာရတဲ့အခါ ရောဂါပျောက်ပုံပါပဲ ။

ဒီလို အပြီးသတ် မရောက်သေးသော်လည်း လက်တွေ့ဗောဓိဘာဝနာပွားများနေပြီး ထိုက်သင့်သလောက် အကျိုးခံစားနေရတဲ့ ပုဂ္ဂိုလ်တွေမှာလည်း ဗောဓိပင်တရား နာကြားရတဲ့ အခါထိုကဲ့သို့ စိတ်ကြည်ရူပ်ကြည် အသွေးကြည်ကာရောဂါပျောက်မှုနဲ့ ကြုံနိုင်ပါတယ် ।ဗောဓိပင်တရား လက်တွေ့ပွားနေတဲ့ ပုဂ္ဂိုလ်များ

http://www.dhammadownload.com

အဖို့ တရားနာမှ မဟုတ်ဘဲ ပွားများတဲ့ ဗောဒ္ဓိင်ဘာဝနာကြောင့် အထူးသဖြင့် ပဿဒ္ဓိအရှိန်အဝါကြောင့် ရောဂါအကာအကွယ်ရနေလို့ရောဂါလည်း မဖြစ်တတ် အခန့်မသင့်ဖြစ်လာလည်း ဗောဒ္ဓိင် ပွားခြင်းဖြင့် ပျောက်တတ်ပါတယ်။

ဗောဒ္ဓိင်လည်းမပွား ဗောဒ္ဓိင်တရားလည်း ဘာမျှမသိကြတဲ့ ပုဂ္ဂိုလ်တွေကြတော့ ဗောဒ္ဓိင်တရားနာရတဲ့အခါ ဘယ်လို ရောဂါ ပျောက်နိုင်ပါသလဲ ၊ ဒါကတော့ ဓာတ်ခိုက်လို့လို့ ဆိုရ ပါလိမ့်မယ် ၊ ဗောဒ္ဓိင်တရားတွေဟာ ထူးခြားတဲ့ အရှိန်အဝါရှိတဲ့ တရားတွေ ထိုတရားတွေပြတဲ့ ဒေသနာဟာလည်း အရှိန်အဝါရှိလျက်သာ ဖြစ်ပါတယ် ၊ ထိုသို့ အရှိန်အဝါရှိတဲ့ ဒေသနာကို ရွတ်ဆိုတဲ့ အသံမှာ လည်း ထူးခြားတဲ့ ဓာတ်အရှိန်အဝါ ရှိလျက်သာ ဖြစ်နေပါတယ်၊

ဒါတွင် မက ရွတ်ဆိုဟောကြားတဲ့ ပုဂ္ဂိုလ်ရဲ့ ဗောဒ္ဓိင်တရား အပေါ်မှာ သိရှိနားလည် ယုံကြည်တဲ့ သဒ္ဓါ ရောဂါသည်အပေါ် ထားတဲ့ ကရုဏာ မေတ္တာစသော ဓာတ်တွေနဲ့ ဆက်စပ်ရွတ်ဖတ်ဟဲ့ တရားအသံဖြစ်လေတော့ ထိုတရားသံမှာ ထူးခြားတဲ့ဓာတ်အရှိန်အဝါ ရှိနေပါတယ် ၊ဒီတော့ ထို အသံကြားရ ထိုအသံဓာတ် ထိခိုက်ခံရတဲ့ ဝေဒနာသည်မှာ ဓာတ်ခိုက်ပြီး ရောဂါပျောက်ကင်းနိုင်ပါတယ် ၊ တရားနာတဲ့ ဝေဒနာသည်ရဲ့ သဒ္ဓါနဲ့ ကြည်နူးနှစ်သိမ့်မှုစသည်များကလည်း ဓာတ်ခိုက်ဖို့ တရားဓာတ်ခိုက်အောင် ခံယူနိုင်ဖို့ ဖန်တီးပေးလျက် ရှိနေတယ်လို့လည်း ဆိုနိုင်ပါတယ်။

ဗောဒ္ဓိင်ဘာဝနာ

ဗောဒ္ဓိင်နှင့်စပ်တဲ့ သိမှတ်ဖွယ်တွေ ဟောခဲ့တာ အတော်ပဲ

http://www.dhammadownload.com

စုံသွားပါပြီ ।ယခု ဗောဇ္ဈင် ဘာဝနာပွားများပုံကလေး ဆက်ဟောရ မယ် । ဒီအချက်မှာ သုတ္တန်တစ်ခု မူတည်ဟောမှာဖြစ်တော့ ဟော နိုင်တဲ့သက်ဆိုင်တဲ့သုတ္တန်တွေကတော့ အများအပြားပဲရှိနေပါတယ် ဒါပေမယ့် ဗောဇ္ဈင်ခုနစ်ပါးတရားနဲ့ နိုဂုံးချုပ်ထားတဲ့ နန္ဒကောဝါဒ သုတ္တန်ပဲ ဟောတော့မယ် ।ဟောတဲ့အခါ သုတ်ရှိအတိုင်း လုံးစေ့ပါ၌ စေ့ မဟုတ်ဘဲ အကျဉ်းချုပ်ပြီး ဟောရပါလိမ့်မယ် ॥

နန္ဒကောဝါဒသုတ်

ရှင်တော်မြတ်ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် မှာ သီတင်းသုံးနေတော်မူစဉ် မဟာပဇာပတိဂေါတမီဟာ ဘိက္ခုနီ ငါးရာနှင့်အတူ ဘုရားရှင်ထံမှောက် ချဉ်းကပ်ရောက်လာ ရှိခိုးကာ တည်နေပြီး ဘိက္ခုနီမတို့အား ဆုံးမသြဝါဒပေးဖို့ တရားဓမ္မ ဟောပြ ဖို့ရာ လျှောက်ထားခဲ့ပါတယ် ဒီအခါက ရဟန်းတော် မထေရ် တွေဟာ ဘိက္ခုနီမတို့ကို အလှည့်ကျ ဆုံးမနေကြတယ် ।အရှင်နန္ဒက ကတော့ ဘိက္ခုနီမတို့ကို အလှည့်ကျ ဆုံးမဖို့ အလုံမရှိဘဲ ဖြစ်နေ တယ်। ဒီ အခါဘုရားရှင်က အာနန္ဒာ ယနေ့ ဘိက္ခုနီမတို့ကို ဆုံးမဖို့ ဘယ်သူ့အလှည့်ကျသလဲလို့ အရှင်အာနန္ဒာအား မေးတော်မူ တယ်। အားလုံးကိုယ့်အလှည့်နဲ့ကိုယ် ဘိက္ခုနီမတွေကို ဆုံးမပြီးပါပြီ। ဒီ အရှင်နန္ဒကဟာ ဘိက္ခုနီမတို့ကို အလှည့်ကျ ဆုံးမဖို့ရာ အလို မရှိဖြစ်နေပါတယ်လို့ လျှောက်ထားခဲ့တယ် । ဒီ အခါ ဘုရားရှင်က ဘိက္ခုနီမတို့ကို ဆုံးမဖို့ တရားဟောဖို့ တိုက်တွန်းတော်မူခဲ့ ပါ တယ် । အရှင်နန္ဒကလည်း ဘုရားရှင်တိုက်တွန်းတော်မူချက်လက်ခံ ကြတဲ့ နှမတွေက မသိကြောင်း လျှောက်ကြရမယ် သိကြတဲ့ နှမ

http://www.dhammadownload.com

ပြီးမနက် ဆွမ်းခံဝင်ဆွမ်းကိစ္စအပြီး ဆွမ်းခံရွာမှထွက်ခဲ့ပြီး ရာဇဂာ ရာမကျောင်းသို့ အဖေါ်တစ်ပါးနဲ့ အတူကြွလာ ဘိက္ခုနီမတွေက အရှင်နန္ဒက ကြွလာတာ အဝေးက လှမ်းမြင်ရတော့ နေရာခင်း ခြေဆေးရေအသင့် ထားနှင့်ကြတယ်၊ အရှင်နန္ဒကလည်း ခင်းထား တဲ့နေရာမှာထိုင် ခြေများဆေးကြော၊ ဘိက္ခုနီမများလည်း အရှင် နန္ဒကကို ရှိခိုးပြီး သင့်တော်ရာမှာ ထိုင်နေကြတယ် ။

မေးခွန်းထုတ်တရား

ဒီအခါ အရှင်နန္ဒက က နှမတို့ ယခုဟောမယ့် တရား စကားက မေးခွန်းထုတ် ဟောကြားရမယ့် တရားစကားပဲ မသိ တွေကလည်း သိကြောင်း လျှောက်ကြရမယ်၊ ယုံမှားသံသယဖြစ် ယင်လည်းဒါက ဘယ်လိုပါလဲ ဒီတရားရဲ့ အနက်သဘောကဘာပါ လဲလို့ဘုန်းကြီးကို မေးရမယ်၊ဒီလိုအမိန့်ရှိတော့ အရှင်နန္ဒက က တပည့်တော်တို့ကို ယခုလိုခွင့်ပေးသမှု ဖိတ်မန်ခြင်းပြုတော့ တပည့် တော်တို့မှာ ရှင်နန္ဒကအား လွန်စွာ အားရဝမ်းသာ နှစ်သက်ကျေ နပ်ကြပါကြောင်း၊လျှောက်ထားကြတယ်၊ ဒီနောက် အမေးအဖြေ အားဖြင့် တရားဟောတော်မူခဲ့တယ် ။။

နှမတို့ ယခုဘုန်းကြီးပြောမယ့်အချက်ကို နှမတို့ ဘယ်လို ထင်ကြသလဲ မျက်စိအကြည်ရုပ် စက္ခုဟာ မြဲသလား မမြဲဘူးလား၊ မမြဲပါဘုရား ၊ မမြဲတဲ့စက္ခုဟာ ချမ်းသာလား ဆင်းရဲလား ၊ ဆင်းရဲပါ ဘုရား၊ မမြဲဆင်းရဲ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိတဲ့ ထိုစက္ခုကို ဒီစက္ခုဟာ ငါ့ဥစ္စာ ဒီစက္ခုဟာ ငါဖြစ်တယ် ဒီစက္ခုဟာ ငါ၏အတ္တ ပဲလို့ ရှုခြင်းငှာ သင့်လျော်ပါမည်လား၊ မသင့်လျော်ပါဘုရား ၊အဲဒါ

http://www.dhammadownload.com

စက္ခုအတွက် မေးဖြေကြပုံ။

အဲဒါလိုပဲ နားအကြည် သောတ ၊ နှာခေါင်းအကြည် ဃာန၊ လျှာအကြည် ဇိဝှါ၊ ကိုယ်အကြည် ကာယ ၊ စိတ် မနတို့ကိုလည်း အသီးအသီး တစ်ခုစီ မေးဖြေသွားကြပါတယ် ၊ စက္ခုနေရာ သောတ စသည် သွင်းရုံမှတစ်ပါး အားလုံးအတွက် မေးဖြေ ပုံ အတူတူပါပဲ။

ဒီနောက် ဆက်မေးဖြေတာက ဘာကြောင့် ဒီစက္ခုစသည်ကို ငါ ငါ့ဥစ္စာ ၊ငါ၏ အတ္တလို့ ရှုဖို့ရာ မလျော်ပါသလဲ ၊ဒီလို အကြောင်းကြောင့် ဒီ အတွင်းအာယတနခြောက်ပါးဟာ မမြဲကြဘူး ဆိုတာ ရှေးကပင် ဟုတ်တိုင်းမှန်စွာ အကြောင်းမှန် လမ်းမှန် ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ထားပြီး ဖြစ်လို့ပါဘုရား ၊ နှမတို့ သာဓု သာဓု ၊ဟုတ်တိုင်းမှန်စွာ အကြောင်းမှန် လမ်းမှန် ဝိပဿနာပညာဉာဏ်ဖြင့်ရသော အရိယာသာဝကရဲ့ အမြင်ဟာ နှမတို့ ယခုမြင်တဲ့ အတိုင်းပါပဲ ။

ဒီနောက် အဆင်းရှုပါရုံ ၊ အသံသဒ္ဒါရုံ ၊ အနံ့ဂန္ဓာရုံ ၊ အရသာရသာရုံ၊ အတွေ့ဖောဋ္ဌဗ္ဗာရုံ တရားဓမ္မာရုံ ဆိုတဲ့ အပြင်အာယတနခြောက်ပါးတို့ကိုလည်း ၊ယခုပြောခဲ့ပြီးအတိုင်း ရှုပါရုံဟာ မြဲသလား မမြဲဘူးလား စသည်ဖြင့် ၊ စက္ခုစသည်နဲ့ အမည်သာကွဲ မေးဖြေပုံက အတူတူပါပဲ ၊ ဘာ့ကြောင့် ဒီရှုပါရုံစသော တရားတွေကို ငါ့ဥစ္စာ ငါ ငါ့အတ္တလို့ ရှုခြင်းငှာ မသင့်လျော်သလဲ ဆိုတဲ့ အမေးကို ဒီအကြောင်းကြောင့် ဒီအပြင်အာယတနတွေ မမြဲဘူး ဆိုတာတပည့်တော်တို့ဟုတ်တိုင်း မှန်စွာဝိပဿနာပညာဖြင့်ကောင်းစွာမြင်ထားပြီးဖြစ်လို့ပါ ၊ ဖြေရာမှာလည်း အပြင်အာယတနဆိုတဲ့ နာမည်သာကွဲပါတယ် ၊ အပြင်အာယတနဆိုရာ အမေးအဖြေနောက် သာဓုခေါ် ကောင်းချီးပေးတာလည်း ယခင်အတွင်း အာယ

http://www.dhammadownload.com

တနအတွက် ကောင်းချီးပေးတာနဲ့ အတူတူပါပဲ ။

ဒီနောက် မျက်စိအသိ စက္ခုဝိညာဉ် ၊ နားအသိ သောတ ဝိညာဉ်၊နှာခေါင်းအသိ ဃာနဝိညာဉ်၊ လျှာအသိ ဇိဝှါဝိညာဉ်၊ ကိုယ်အသိ ကာယဝိညာဉ် ၊ စိတ်အသိမနောဝိညာဉ်တို့ကို ၊တစ်ခုစီ မြဲသလား မမြဲဘူးလားစသည်ဖြင့် မေးဖြေပုံ အတူတူပါပဲ ၊ နောက် ဘာ့ကြောင့် ဒီစက္ခုဝိညာဉ်စသည်ကို ငါ့ဥစ္စာ ငါ ငါ့အတ္တလို့ ရှုခြင်း ဌာ မသင့်လျော်ပါသလဲဆိုတဲ့ ၊ အမေးကို ဖြေရာမှာ ဒီအကြောင်း ကြောင့် ဒီဝိညာဉ်အပေါင်းဟာ မမြဲဘူးဆိုတာ ဟုတ်တိုင်းမှန်စွာ ဝိပဿနာပညာဖြင့် ကောင်းစွာ မြင်ထားပြီး ၊ ဖြစ်လို့ပါလို့ ဖြေတာ

သာ ထူးပါတယ် ၊ နောက် သာဓု ခေါ် ကောင်းချီးပေးပုံကတော့ ထပ်တူပါပဲ ။

ဆီမီးတောက် ဥပမာ

နှမတို့ မီးတောက်နေတဲ့ ဆီမီးရဲ့ဆီရော မီးစာရော မီးလျှံရော မီးရောင်ရော မမြဲပျက် စီးတတ်တဲ့ သဘောရှိတယ်၊ သူတစ်ယောက်က မီးတောက်နေတဲ့ ဆီမီးရဲ့ဆီရော မီးစာရော မီးလျှံရော မမြဲ ပျက်စီးတတ်တဲ့ သဘောရှိတယ် ၊ သို့သော် မီးရောင် ကတော့ မြဲတယ် ခိုင်တယ် အမြဲတည်ရှိတယ် ၊ ပျက်စီးတတ်တဲ့ သဘောမရှိဆိုယင် ၊ အဲ ဒီအပြောဟာ မှန်တဲ့ အပြောဖြစ်ပါ့ မလား၊ မမှန်ပါဘုရား ၊ ဘာ့ကြောင့်လဲ မီးတောက်နေတဲ့ ဆီမီးမှာဆီရော မီးစာရော မီးလျှံရော မမြဲ ပျက်စီးတတ်တဲ့ သဘောရှိယင် မီးရောင် မမြဲ ပျက်စီးတတ်တဲ့ သဘောရှိတယ်ဆိုတာ ပြောစရာ မရှိပါဘုရား၊

http://www.dhammadownload.com

နှမတို့ အဲဒါလိုပဲ ၊ သူတစ်ယောက်က အတွင်းအာယတန ခြောက်ပါးဟာ မမြဲ ပျက်စီးတတ်တဲ့ သဘောရှိတယ် ၊သို့သော် ဒီ အတွင်းအာယတနခြောက်ပါး အကြောင်းပြု ခံစားရတဲ့ သုခဒုက္ခ ဥပေက္ခာဝေဒနာကတော့ မြဲတယ် ခိုင်တယ် အမြဲရှိတယ် ပျက်စီး တတ်တဲ့ သဘောမရှိဆိုယင် ဒီ အပြောဟာ မှန်တဲ့အပြောဖြစ်ပါ မလား၊ မဖြစ်ပါဘုရား ၊ ဘာ့ကြောင့်လဲ ဆိုင်ရာ ဆိုင်ရာ ထိုထို အကြောင်း အစွဲပြုပြီး ထိုထို ဝေဒနာဖြစ်လာရတာ ထိုထိုဆိုင်ရာ အကြောင်း ချုပ်လျှင် ထိုထို အကြောင်းကြောင့် ဖြစ်ရတဲ့ဝေဒနာ လည်း ချုပ်ရတာ ဖြစ်လို့ပါဘုရား ၊ သာဓု သာဓု နှမတို့ ၊ ဝိ ပဿနာပညာဖြင့် အဖြစ်မှန်အတိုင်း သိမြင်တဲ့ အရိယာသာဝကရဲ့ အမြင်ဟာ နှမတို့ မြင်တဲ့အတိုင်းပါပဲ ။

သစ်ပင်ကြီး ဥပမာ

နှမတို့ ထီးတည်းတည်ရှိနေတဲ့ အနှစ်ရှိ သစ်ပင်ကြီးရဲ့ အမြစ်ရော ပင်စည်ရော အခက် အရွက်ရော အရိပ်ရော မမြဲ ပျက်စီးတတ်တဲ့ သဘောရှိတယ် ၊ သူတစ်ယောက်က တည်ရှိနေတဲ့ အနှစ်ရှိ သစ်ပင်ကြီးရဲ့ အမြစ်ရော ပင်စည်ရော အခက် အရွက်ရော မမြဲ ပျက်စီးတတ်တဲ့ သဘောရှိတယ် ၊ သို့သော် အရိပ်ကတော့ မြဲတယ် ခိုင်တယ် အခါခပ်သိမ်းရှိတယ် ၊ ပျက်စီးတတ်တဲ့ သဘော မရှိလို့ ပြောယင် ၊သူ့အပြောက မှန်တဲ့ အပြောဖြစ်ပါ့မလား ၊ မဖြစ်ပါဘုရား ၊ ဘာ့ကြောင့်လဲ ၊တည်ရှိနေတဲ့ အနှစ်ရှိသစ်ပင်ကြီးရဲ့ အမြစ်ရော ပင်စည်ရော အခက်အရွက်ရော မမြဲဘူးဆိုယင်အရိပ် မမြဲဘူးဆိုတာ ပင်ကိုကပင် ပြီးနေပြီ ပြောစရာမလိုတော့ပါဘုရား၊

http://www.dhammadownload.com

နှမတို့ အဲဒီလိုပဲ ၊ သူတစ်ယောက်က ဒီ အပြင်အာယတန ခြောက်ပါးဟာ မမြဲ ၊ သို့သော် အပြင် အာယတနခြောက်ပါး အ ကြောင်းပြု ခံစားရတဲ့ သုခ ဒုက္ခ ဥပေက္ခာဝေဒနာကတော့ မြဲတယ် ဆိုယင် ဒီအပြောဟာ မှန်ပါ့မလား ၊ မမှန်ပါဘုရား ၊ ဘာ့ကြောင့်လဲ ဆိုင်ရာ ဆိုင်ရာ ထိုထိုအကြောင်း အစွဲပြုပြီး ထိုထိုဝေဒနာဖြစ်လာ ရတာ ထိုထိုဆိုင်ရာအကြောင်း ချုပ်လျှင် ထိုထို အကြောင်းကြောင့် ဖြစ်ရတဲ့ ဝေဒနာလည်းချုပ်ရတာ ဖြစ်လို့ပါဘုရား၊သာဓု သာဓု နှမတို့၊ဝိပဿနာပညာဖြင့် အဖြစ်မှန်အတိုင်း မြင်ရတဲ့ အရိယာ သာဝက အမြင်ဟာ နှမတို့ မြင်တဲ့အတိုင်းပါပဲ ။

နွားသတ်သမား ဥပမာ

နှမတို့ နွားသတ်သမားဖြစ်စေ နွားသတ်သမား တပည့် ဖြစ်စေ နွားမကိုသတ်ပြီး ထက်လှတဲ့ သားလှီးဓားနဲ့ အတွင်းက အသားကိုယ်ထည်လည်း မပျက်စေဘဲ အပြင်က အရေကိုယ်ထည် ကိုလည်း မပျက်စေပဲ အရေနဲ့ အသားကြားက အရေကပ်နေတဲ့ အတွင်းသား အတွင်းအကြောနှ အတွင်းအထပ်ကို ကျွမ်းကျင်စွာ လှီး အရေကိုခွါ ခွါပြီးအရေကို ခါပြီး နွားမကို ပြန်အုပ်ဖုံးထားမယ် ပြီး သူက ဒီနွားမဟာ ဒီအရေနဲ့ပဲ ရှေးကအတိုင်း ယှဉ်စပ်ကပ်နေ တယ်လို့ ပြောမယ် ၊ အဲဒီ အပြောဟာ မှန်တဲ့ အပြောလား ၊မှန်တဲ့ အပြောမဟုတ်ပါဘုရား ၊ ဘာ့ကြောင့်လဲ၊ နွားသတ်သမား ဖြစ်စေ သူ့တပည့်ဖြစ်စေ နွားမကိုသတ်ပြီး ထက်လှတဲ့ သားလှီးဓားနဲ့ အတွင်းသား အပြင်အရေ မပျက်စေဘဲ အသားအရေကြားက အတွင်းသား အတွင်းကြော အတွင်းအဖွဲ့ကို ဖြတ်လှီးပြီး အရေကိုခွါ

http://www.dhammadownload.com

ခါတွက်ကာ ပြန်အုပ်ထားတာဖြစ်တော့ ဘယ်လိုပဲ ဒီနွားမဟာ ဒီအရေနဲ့ ရှေးကအတိုင်း ယှဉ်စပ်ကပ်နေတယ် ဆိုပေမယ့် တကယ်တော့ မကပ်မယှဉ် ကွာလျက်ပင် ရှိပါတယ်ဘုရား ။

နှမတို့ တရားသဘောသိဖို့ ဘုန်းကြီးဥပမာပြုခဲ့ခြင်းပဲ ।ဒီဥပမာမှာ တရားသဘောက ယခု ဆိုမယ့်အချက်တွေပဲ । အတွင်းအသား ကိုယ်ထည်ဆိုတာ အတွင်းအာယတနခြောက်းပါးရဲ့အမည်ပဲ । အပြင်အရေ ကိုယ်ထည်ဆိုတာ အပြင်အာယတနခြောက်ပါးရဲ့အမည်। အသားအရေ ကြားက အတွင်းသား အတွင်းကြော အတွင်းအဖွဲ့ဆိုတာ နှစ်သက်တပ်မက် တတ်တဲ့ တဏှာ ရာဂရဲ့ အမည်। ထက်လှတဲ့ သားလှီးဓားဆိုတာ အရိယာပညာရဲ့အမည် । ယင်းအရိယာပညာဟာ အတွင်းကိလေသာ အတွင်းသံယောဇဉ် အတွင်းအနှောင်အဖွဲ့ကို ကောင်းစွာဖြတ်လှီး ပယ်ရှားတတ်တယ်။

ဗောဓျင်ခုနစ်ပါး

ဒီနောက် နိဂုံးချုပ်အနေအားဖြင့် ဗောဓျင်ခုနစ်ပါးရှိကြောင်း ယင်းဗောဓျင်ခုနစ်ပါးပွားစေမှု ကြိမ်ဖန်များစွာ အလေ့အလာပြုမှုကြောင့် အာသဝတွေကုန်လို့ အာသဝကင်းတဲ့ စိတ်၏ ကိလေသာမှ လွတ်ရာ အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝမှာပင် ကိုယ်တိုင်သိလျက်၊ မျက်မှောက်ပြုရကြောင်း ဗောဓျင်ခုနစ်ပါးဆိုတာ ကိလေသာ ကင်းဆိတ်မှု ပျောက်ပြယ်မှု ချုပ်ငြိမ်းမှုကို မှီတဲ့ကိလေသာစွန့်မှု နိဗ္ဗာန်ဆီပြေးဝင်မှုဌာရင့်ဆဲ ရင့်ပြီးဖြစ်တဲ့ သတိစသောဗောဓျင်ခုနစ်ပါးပွားစေသည်ကို ဆိုကြောင်းများ မိန့်တော်မူကာ တရားအဆုံးသတ်လိုက်ပါတယ်။

http://www.dhammadownload.com

ဒီနောက် အချိန်ကျပြီ သွားကြတော့လို့ ဘိက္ခုနီများကို ပြန်လွှတ်လိုက်တယ်၊ ဘိက္ခုနီများ လည်း ဘုရားရှင်ထံ သွားရောက်ချဉ်းကပ် ရှိခိုးတည်နေကြ၊ ဘုရားရှင်ကလည်း အချိန်ကျပြီ သွားကြတော့လို့ပဲ လွှတ်လိုက်တယ်၊ ဘိက္ခုနီတွေ ထွက်ခွါသွားပြီး မကြာမီ ရဟန်းတော်တို့ကို မိန့်တော်မူတာက၊ ရဟန်းတို့ တစ်ဆယ့်လေးရက် ဥပုသ်နေ့မှာ လ ဟာယုတ်သလား ပြည့်သလား လို့လူအများမှာ ယုံမှားသံသယ မရှိ၊ ယုတ်နေတယ်ဆိုတဲ့ အသိသာဖြစ်နေသလို၊ ထို့ အတူ ထို ဘိက္ခုနီတွေဟာ နန္ဒကရဲ့ တရားဒေသနာကြောင့် နှစ်သက်အားရကြ၊ သို့သော် စိတ်အလို ဆန္ဒတော့ မပြည့်ကြသေး ဒီလိုမိန့်တော်မူပြီး အရှင်နန္ဒကကို နက်ဖြန်လည်း ဒီ သြဝါဒနဲ့ပဲ၊ ဘိက္ခုနီ တွေကို ဆုံးမဖို့ရာ မိန့်တော်မူခဲ့တယ်၊ အရှင်နန္ဒကလည်း နောက်တစ်နေ့ ယခင်နေ့ကအတိုင်း ယခင်နေ့က ဟောသလို ကြွရောက်ဟောပြောပြီး ၊ဘိက္ခုနီတွေကို ပြန်လွှတ်လိုက်တယ် ၊ မနေ့ကလိုပဲ ဘုရားထံ သွားရောက်ဖူးမြော်ကြ ဘုရားရှင်ကလည်း ဘိက္ခုနီတွေပြန်လွှတ်ပြီး သူတို့ သွားလို့ မကြာမီ ရဟန်းတွေကို ရဟန်းတို့ တစ်ဆယ့်ငါးရက်လပြည့်နေ့မှာ လ ဟာ ယုတ်သလား ပြည့်သလား ဆိုတာ လူအများမှာ ယုံမှားသံသယမဖြစ် ပြည့်နေတယ်လို့သာ အသိဖြစ်ရသလို ထို့အတူ ဒီ ဘိက္ခုနီတွေဟာ နန္ဒကရဲ့ တရားဖြင့် နှစ်သက်လည်း နှစ်သက်အားရကြ စိတ်အကြံ အလို ဆန္ဒလည်း ပြည့်ဝကြပြီဖြစ်ကြောင်း ဤ ဘိက္ခုနီငါးရာတို့တွင်အည့ဲ ဆုံး ဘိက္ခုနီဟာ သောတာပန်ဖြစ်ကြောင်း မိန့်တော်မူခဲ့ပါတယ်။

http://www.dhammadownload.com

သုတ္တန်ရှင်းလင်းချက် အနိစ္စလို့ ဖြေတာ ဘယ်လို အသိနဲ့လဲ

အရှင်နန္ဒက မထေရ်က အတွင်းအာယတန အပြင် အာယတန ဝိညာဉ်တို့ကို မြဲသလား မမြဲဘူးလား မေးတဲ့အခါ ဘိက္ခုနီမတွေက မမြဲတဲ့အနိစ္စဖြစ်ကြောင်း ဖြေကြပါတယ် ၊ ဒီလိုဖြေကြတဲ့အခါ သုတမယအသိ စိန္တာမယအသိ ဘာဝနာမယ အသိသုံးမျိုးတွင် ဘယ်လိုအသိနဲ့ ဖြေကြတာလဲ သုတမယအသိဆိုတာသူတစ်ပါးထံမှ ကြားရ နာရလို့သိတဲ့ အသိ ၊ စိန္တာမယအသိက မိမိကိုယ်တိုင်ကြံစည်စဉ်းစားခြင်းဖြင့် ဖြစ်လာတဲ့ အသိ ၊ ဘာဝနာမယအသိက ပွားများခြင်းဖြင့် ဖြစ်လာ ထင်ပေါ်လာတဲ့ အသိ ၊ဒီ ဘိက္ခုနီမတွေဟာ ဘုရားရှင်ထံမှ တရားနာရ တခြားရဟန္တာမထေရ် စသည်တို့ထံမှတရားနာရမှာမို့ သုတအသိလည်း ရှိပြီးဖြစ်မှာပါပဲ ၊ မကြားရ မနာရခင်က လောကမှာ ပျက်စီးတာတွေ တွေ့ရလို့ ထိုပျက်စီးမှုတွေ အကြောင်းပြုပြီး အနိစ္စအဖြစ် တွေး တော စဉ်းစားမိတဲ့ စိန္တာအသိလည်း ရှိသလောက်ရှိမှာပါပဲ ဒါပေမယ့် ယခုဖြေတာက ထို သုတအသိ စိန္တာအသိမျှနဲ့ ဖြေကြတာမဟုတ်ပါဘူး ၊သုတအခြေခံပြီးလက်တွေ့ ပွားများထားတဲ့ ဝိပဿနာ ဘာဝနာအရ ကိုယ်တွေ့သိ ဝိပဿနာပညာအမြင်နဲ့ တကယ်မြင်ထားတဲ့အတိုင်း ဖြေကြခြင်းဖြစ်ပါတယ်။။

ဒီတရားတွေ အနိစ္စဖြစ်ကြတယ်ဆိုတာ ဝိပဿနာပညာဖြင့် မိမိတို့အမှန်အတိုင်း ရှေးကပင် သိထားပြီးဖြစ်ကြောင်း သူတို့ဖြေထားတဲ့ အဖြေလည်း ရှိနေပါတယ် ၊ မြင်တာမှ သုဒိဋ္ဌတကယ်မြင်ကောင်းစွာမြင်ထားကြောင်း လျှောက်ထားကြတော့ ဝိပဿနာမှာတောင် သာမန်ဝိပဿနာမျှမဟုတ် အထက်တန်း ဗလဝ ဝိ

http://www.dhammadownload.com

ပဿနာခေါ် အားရှိတဲ့ ဝိပဿနာအဆင့် ရောက်နေကြောင်းလည်း သိနိုင် ပါတယ် ၊ အနိစ္စလက္ခဏာ တကယ်ကောင်းစွာမြင်တာက အထက်အထက် အားအလွန်ရှိတဲ့ ဝိပဿနာတွေပါပဲ ၊ အထူးသ ဖြင့် ဘင်ဉာဏ်အရောက်မှာ အကောင်းဆုံးမြင်ရတယ် အဆိုရှိ ပါတယ် ဒါ့ကြောင့် အရောင်အလင်းစသော ဝိပဿနာ ညစ်ညူး ကြောင်း ဥပက္ကိလေသတို့မှ လွတ်သော ရင့်တဲ့ ဥဒယဗ္ဗယဉာဏ်က စပြီး ဘင်စသောဉာဏ် တစ်ခုခု အဆင့်သို့ ရောက်နေတယ်လို့ ဆိုဖွယ် ရှိပါတယ်၊ ဒီ လိုဆိုတော့ တကယ့် ဗောဓျင်ဘာဝနာ အကျင့် ကျင့်နေတဲ့ အဆင့် ရောက်နေတယ်လို့လည်းဆိုနိုင်ပါတယ်၊ဒီတော့ အနိစ္စပါဘုရားလို့ သူတို့ဖြေခြင်းဟာ သာမန်သုတ စိန္တာဉာဏ်နဲ့ဖြေ ခြင်း မဟုတ်ရုံမျှမက သာမညဝိပဿနာအမြင်နဲ့ဖြေတာမဟုတ် တကယ်အားရှိတဲ့ ဝိပဿနာအမြင်နဲ့ ဖြေကြောင်းသိလောက်ပါပြီ။

တကယ့်ဒုက္ခ အမြင်

အနိစ္စဖြစ်တဲ့ ဒီတရားတွေဟာ သုခလား ဒုက္ခလားမေးတဲ့ အခါ ဒုက္ခဖြစ်ကြောင်းဖြေကြတယ် ဒါလည်း နောက်က ပြောခဲ့တဲ့ အတိုင်း သုတ စိန္တာ အသိမျှမဟုတ် တကယ့်ဝိပဿနာအသိ ၊ဝိ ပဿနာ အမြင်အရ ဖြေကြခြင်းပါပဲ ၊ အမှန်က အနိစ္စမမြင်ယင် ဒုက္ခမမြင် ၊ အနိစ္စမြင်ယင်တော့ ဒုက္ခလည်းမြင်ရတော့တာပါပဲ၊ သာမန်လူတွေမှာ အိုတဲ့နာတဲ့ အခါစသည်မှာ ဒုက္ခလို့မြင်တတ်ပါ တယ် ဒါလည်း တကယ့်ဒုက္ခမြင်ရတာမဟုတ် ၊ ပညတ်ဒုက္ခမြင်ရ တာပါပဲ ၊ ကျန်းကျန်းမာမာ သာသာ ယာယာ ရှိနေတဲ့ အခါတော့ မိမိကို မိမိရုပ်နာမ်တွေကို ကောင်းတယ် ချမ်းသာတယ်လို့ သာယာ

http://www.dhammadownload.com

ဖွယ် အဖြစ် မြင်နေကြပါတယ်၊ ဒါ အနိစ္စမမြင်လို့ပါပဲ ၊ သဘာဝ ဓမ္မတွေ ဖြစ်ပြီးပျက်စီးသွားတာတွေ တမြင်တည်း မြင်နေရတဲ့ ယောဂီအဖို့မှာတော့ အနိစ္စသဘော မြင်နေတာမို့ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခံနေရတဲ့ တရားတွေပဲ ၊ကြောက်လန့်ဖွယ် တရား တွေပဲ ဆိုတဲ့ အမြင်ရနေလို့ အကောင်း မထင် အဆိုးထင်သာယာ ဖွယ်မထင် ကြောက်ဖွယ်လန့်ဖွယ် မြင်နေရတော့ ဒုက္ခ အဖြစ် ကောင်းကောင်းကြီးသိနေပါတယ်၊ ယခု ဘိက္ခုနီမတွေက အနိစ္စ အဖြစ် တကယ်မြင်ထားတော့ ဒီတရားတွေ ဒုက္ခတွေပဲလို့ မြင်တာ ပညတ် ဒုက္ခအဖြစ် မြင်တာမဟုတ် ၊ ပရမတ်တရားတွေအပေါ်မှာ တကယ့် ဆင်းရဲအဖြစ် မြင်ရတဲ့ အထက်တန်း ဝိပဿနာအမြင်ဖြင့် ဖြေကြတယ်ဆိုတာ ထင်ရှား ပါတယ် ၊

အနတ္တအမြင်လည်း တကယ့်အမြင်

မမြဆင်းရဲ ပျက်စီးတတ်သော သဘောရှိတဲ့ အတွင်းအပ အာယတနတွေ ဝိညာဉ်တွေကို ငါ့ဥစ္စာ ငါ ငါ၏အတ္တလို့ရှုခြင်းငှာ သင့်ပါမည်လား ၊ မေးတဲ့ အခါ ဒီလို မရှုသင့်ကြောင်းဖြေကြတယ်၊ ဘာ့ကြောင့် မရှုသင့်သလဲ မေးတော့ ၊ တပည့်တော်တို့ဟာဒီတရား တွေ အမြဲမရှိဘူးဆိုတာ ရှေးမဆွကပင် ဝိပဿနာပညာဖြင့် ကောင်းကောင်းကြီးမြင်ထားသောကြောင့် ဖြစ်ကြောင်း လျှောက် ထားကြတယ်၊ ဒီလျှောက်ထားချက်အရ အနိစ္စမြင်လျှင်အနတ္တလည်း မြင်တာပဲဆိုတာ ပေါ်လွင်နေပါတယ် ၊ ဒီတော့ အနိစ္စမြင်နေတဲ့ ဘိက္ခုနီတွေ မြင်ရတဲ့ အနတ္တအမြင်ဟာလည်း တကယ့်အမြင် ဝိ ပဿနာအမြင်ဆိုတာ သိနိုင်ပါတယ် ။

မိခင်ရောဝတီ

http://www.dhammadownload.com

အတ္တဆိုတာ

ဒီနေရာမှာ အတ္တဆိုတာက တကယ်ရှိနေတဲ့ အရာတော့ မဟုတ်သို့သော် သဘာဝ တရားတွေကို မသိ မိမိတို့ စိတ်ကူးထင်မြင်ချက်အရ ယူဆစွဲလန်းနေတဲ့ ဇီဝခေါ် အသက်တစ်မျိုးပါပဲ သဘာဝခမ္မတွေထဲမှာ ဇီဝိတိန္ဒြေခေါ် ဆိုင်ရာ ရုပ်နာမ်တွေကို စောင့်ရှောက်နေတဲ့ ရုပ်သက် နာမ်သက် အသက်ဇီဝိတတော့ရှိနေပါတယ်၊ ဒီ အသက်ကတော့ သဘာဝအားဖြင့် ထင်ရှားရှိတဲ့ တရားတစ်မျိုးပါပဲ၊ သဘာဝတရားမို့ ဖြစ်ပြီးပျက်ရတဲ့ အနိစ္စတရားသာ ဖြစ်ပါတယ်၊ သူတို့တစ်တွေ စွဲလန်းနေကြတဲ့ ဇီဝအသက်ကတော့ စိတ်ကူး အထင်အရသာရှိပြီး သဘာဝစူးစမ်းတဲ့ ဉာဏ်နဲ့ ရှာမရတဲ့ သဘာဝမဟုတ်သောအရာသာ ဖြစ်ပါတယ်၊ ဒီ အသက်ဇီဝကိုပဲ မြတယ် ၊ အခါခပ်သိမ်း ထင်ရှားရှိနေတယ်၊မပျက်စီးတဲ့ အရာဖြစ်တယ်လို့လည်း စွဲကြတယ်၊ ဒီမျှမက ဒီအသက်ကလေးက ဒီကိုယ်ကြီးရဲ့ အမှုကိစ္စ ခပ်သိမ်းပြုတတ်တယ်၊ သုခ ဒုက္ခကိုလည်း သူကပဲ ခံစားတယ်၊သူဟာ ခန္ဓာအိမ်ကြီး အရှင်သခင် အစိုးရသူ ကိုယ်ကြီးက သူ့အလိုလိုက်နေရတယ် ၊ ခန္ဓာကိုယ်ကြီးကို သူက စီမံခန့်ခွဲတတ်တယ်၊ ခန္ဓာကိုယ်မှာ အမြဲအစွဲ နေတတ်တဲ့ အရာဖြစ်လို့ခန္ဓာ အဟောင်းပျက်တဲ့အခါ ခန္ဓာအသစ် ရှာဖွေနေတတ်တယ်၊ စသည်ဖြင့် ကြံစည်ယူဆ စွဲလန်းကြပါတယ်၊ သာမန်လူ သာမန်ဗုဒ္ဓဘာသာဝင်တွေမှာလည်း အသက်ထွက်သွားတယ် ၊ဝိညာဉ်ကလေးဟာ တခြားဘဝ ကူပြောင်းသွားတယ်၊ စသည်ဖြင့် ဒီ အသက် ဇီဝစွဲဟာ ရှိနေတာပါပဲ ။

http://www.dhammadownload.com

ဝိညာဉ်ကို အတ္တစွဲတဲ့ သာတိရဟန်း

စိတ်ကို တစ်ခုတည်းထင်ပြီး အဲဒီတစ်လုံးတည်းသာစိတ်က အရာရာလိုက်သိနေတယ် ထင်ကြ စိတ်၏ အဝေးအနီး ဟိုအာရုံ ဒီအာရုံ ပြောင်းလွဲသိနေပုံက ဆန်းကြယ်တော့ ပြေးမှု လွှားမှု ကူးပြောင်းမှု ဗျာပါရရှိသလိုမြင်ပြီး အသက် အယောင် အကောင် အသွင် အရှင်အလား အမြင်မှား စွဲလမ်းနေကြခြင်းပါပဲ ၊ ဒီ အစွဲမျိုး ဘုရားရှင်လက်ထက်တော်က သာတိဆိုတဲ့ ရဟန်းစွဲလမ်းဖူးတာ တွေ့ရပါတယ် ၊ ဒီ ဝိညာဉ်ကလေးပဲ တစ်ဘဝမှ တစ်ဘဝ ပြေးသွား ကျင်လည် နေတယ် တခြားဝိညာဉ်မဟုတ်လို့ သူက စွဲစွဲမြဲမြဲ ယူဆ ထားတယ်၊ သာတိဟာ အကြားအမြင် သုတနည်းတဲ့ ဇာတက ဘာဏကဇာတ်ဆောင်ပုဂ္ဂိုလ်လို့ ဆိုပါတယ် ၊ ဇာတ်တွေ လေ့လာ ကျက်မှတ်ထားတော့ ဇာတ်နိဂုံးတွေမှာ မဟောသဓဟာဝါဘုရား ဖြစ်လာတယ် ၊ ဝိဓူရဟာ ဝါဘုရားဖြစ် လာတယ်၊ စသည့်အချက် တွေကို အစွဲပြုပြီး စွဲလမ်းလာခြင်းဖြစ်တယ် ၊ ဝ့ါရှင် အကြောင်းနဲ့ ကင်းပြီး ဝိညာဉ်ဖြစ်ပေါ်မှု မရှိလို့ ဝိညာဉ်ဟာ အကြောင်းကြောင့် ဖြစ်လာရုံကို မျှားစွာသော အကြောင်းပရိယာယ်ဖြင့် ဘုရားဟော ထားခဲ့ကြောင်း ရဟန်းတွေက ပြောပြကြ ၊ ဆိုလိုရင်းက အကြောင်း က အမျိုးမျိုးကွဲပြား ခြားနားရသလို ဝိညာဉ်လည်း တစ်ခုတည်း မဟုတ် အမျိုးမျိုးသာ အကြောင်းတွေက မမြဲ ၊ ဖြစ်ပြီးပျက်သလို ဝိညာဉ်လည်း ဖြစ်ပြီးပျက်ရ အနိစ္စသာဖြစ်ကြောင်း ဆိုလိုရင်းပါပဲ ဒီလိုပြောပေမယ့် သူကလည်း အလျှော့မပေး ဒီ ဝိညာဉ်ပဲ တစ် ဘဝမှ တစ်ဘဝ ပြေး သွား ကျင်လည်နေတယ် ၊ တခြားဝိညာဉ် မဟုတ်ဖူးဆိုတာ ဘုရားဟောတဲ့အတိုင်း တပည့်တော် သိထားတာပဲ

http://www.dhammadownload.com

ဆိုပြီး ပြောမြဲ ပြောနေခဲ့တယ် ၊ အယူအဆ တစ်ခု စိတ်မှာ အတည်ပြု ဆုံးဖြတ်ထားမိပြီး စွဲမိပြီဆိုယင် အဲဒီ အယူအဆ စွန့်ဖို့ဆိုတာတယ်ပြီးလွယ်လှတာမဟုတ်၊သူက သုတနည်းတယ်ဆိုတာလည်း ရုပ်နာမ်ဆိုင်ရာ အသိသုတနည်းတာဖြစ်မှာပါပဲ ၊ ဒီလို ဆိုတော့ သူများ အပြောလောက်နဲ့တော့ သူ့အယူစွန့်ဖို့ ခက်မြဲ ခက်နေမှာပါပဲ ၊တကယ်တော့ ဝိပဿနာအမြင်ရှိယင် ဒီ အယူ မျိုးဟာ ဖြစ်ဖို့မရှိပါဘူး ၊ ဝိပဿနာလက်တွေ့ မရှိခြင်းဟာ ဒီ အယူဖြစ်ဖို့ ဒီလို အယူမလွှတ်နိုင် ဆုတ်ကိုင်ထားဖို့အကြောင်းဖြစ်နေတယ်ဆိုတာ ထင်ရှားပါတယ် ။

ဝိညာဉ်အမျိုးမျိုး ဖြစ်ပုံ

ဒီ သာတိအယူနဲ့စပ်ပြီး ရဟန်းတို့ကို ဝိညာဉ်ဆိုတာ အကြောင်းကြောင့် ဖြစ်ရကြောင်း အကြောင်းက ကွဲပြားတော့ဝိညာဉ်လည်း ကွဲပြား အစားစား ဖြစ်ရကြောင်း မီးဥပမာနဲ့ ဟောတော်မူခဲ့တယ် ၊ ဆိုင်ရာဆိုင်ရာ အကြောင်းကို အစွဲပြုပြီး တောက်လာရတဲ့ မီးဟာ ထိုအကြောင်းအရ အမည်ရခဲ့ကြောင်း ထင်းကိုအစွဲပြုလောင်တဲ့မီးကို ထင်းမီးဆိုရကြောင်း ဝါးခြမ်း မြက် နွားချေး ဖွဲ အမှိုက်ကို အစွဲပြု လောင်တဲ့ မီးကို ဝါးခြမ်းမီး မြက်မီး နွားချေးမီး ဖွဲမီး အမှိုက်မီးဆိုရကြောင်း ဥပမာပေးတော်မူခဲ့တယ်၊ဒီဥပမာပေးရာမှာ မီးဆိုတာအပူသဘောအားဖြင့်တူပေမယ့် ဆိုင်ရာအကြောင်းကြောင့် ဖြစ်ရလို့ တစ်ခုတည်းမဟုတ်၊အကြောင်းကွဲပြားမှုအရ အမျိုးမျိုးသာ အကြောင်းတွေကြောင့် ဖြစ်ရတဲ့ ဝိညာဉ်ဟာလည်း အသီးသီး

http://www.dhammadownload.com

ဖြစ်ကြောင်း အကြောင်းမရှိ ပျောက်တဲ့အခါ အကျိုးလည်းချုပ်ငြိမ်းရကြောင်း သိစေလိုလို့ ဖြစ်ပါတယ်၊ ဒီ သဘောအတိုင်းပဲ ဆိုင်ရာဆိုင်ရာ အကြောင်း အစွဲပြု ဖြစ်လာတဲ့ ဝိညာဉ်ဟာလည်းထို အကြောင်းအရ အမည်ရကြောင်း စက္ခုနဲ့ ရူပါရုံ အစွဲပြု ဖြစ်လာတဲ့ ဝိညာဉ်ဟာ စက္ခုဝိညာဉ်အမည်ရကြောင်း၊ သောတနဲ့ သဒ္ဒါရုံ၊ ဃာနနဲ့ဂန္ဓာရုံ၊ဇိဝှါနဲ့ ရသာရုံ၊ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံ၊မနနဲ့ဓမ္မာရုံ၊ အစွဲပြု ဖြစ်လာတဲ့ ဝိညာဉ်တွေဟာ အသီးသီး သောတဝိညာဉ် ဃာနဝိညာဉ် ဇိဝှါဝိညာဉ် ကာယဝိညာဉ် မနောဝိညာဉ် အမည်ရကြောင်း ဟောတော်မူခဲ့တယ် ။

ဒီဒေသနာဖြင့်လည်း စိတ်ဝိညာဉ်ဟာ တစ်ခုတည်း မဟုတ်ကြောင်း ဝိညာဉ်ဖြစ်ပေါ်လာဖို့ အကြောင်းအမျိုးမျိုးရှိတော့ ထိုကွဲပြား တခြားစီဖြစ်ရကြောင်း ဆိုင်ရာအကြောင်းမရှိတဲ့ပျက်တဲ့အခါ အကျိုးဝိညာဉ်ဟာလည်း ပျက်ရကြောင်း သိစေပါတယ် ။

ဝိပဿနာမရှိက အတ္တလုံးလုံး မပျောက်

ဒီဒေသနာကြားနာရတဲ့ ရဟန်းတော်တွေထဲမှာ မဂ်ရဖိုလ်ရ ပုဂ္ဂိုလ်တွေ ဝိပဿနာအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်နေမှာပါပဲ၊ အဲ ဒီ ပုဂ္ဂိုလ်တွေအဖို့တော့ ဒီတရားဟာ ကိုယ်တွေ့နဲ့ ကိုက်ညီနေလို့ ကျေနပ်အားရနှစ်သက်ကြမှာပါပဲ၊ ဝိပဿနာအသိမရှိတဲ့ ရဟန်းတော်တွေမှာလည်း ဘုရားစကားတော်က ယုတ္တိရှိနေတော့ ယုတ္တိအရ ယုံကြည်လက်ခံ သဘောကျမှာပါပဲ ၊သို့ သော်လည်း တကယ့်ကိုယ်တွေ့ အမြင် အသိမဟုတ်တော့ နောင်အခါ ကိုယ့်စိတ်ကူးအရ ဖြစ်စေ တခြားအယူအဆ တခုခုက ဆွဲဆောင်ချက်အရ ဖြစ်စေ

http://www.dhammadownload.com

သာတိလို အယူမပြောင်းဘူးလို့ မဆိုနိုင်သေး စိတ်မချရသေးပါဘူး၊ ဝိပဿနာအသိနဲ့ သဘာဝမမှတွေ တသီးတခြားစီ ကိုယ့်ကိစ္စ ကိုယ်ရွက်ဆောင်နေကြပုံဖြစ်ပြီး ၊ ပျက်သွားပုံအသီးသီး သဘာဝနဲ့ အနိစ္စသဘောမြင်ရယင် အတ္တစွဲရှင်းမည် ကင်းမည်ဖြစ်သော်လည်း သုတစိန္တာအသိနဲ့တော့ အတ္တမရှိဆိုတာသဘောကျသင့်သလောက် ကျမည်ဖြစ်သော်လည်း တကယ့် အမြင်မဟုတ်တော့အတ္တစွဲကလေး ဟာ တစ်နည်းမဟုတ် တစ်နည်းနဲ့ စွဲမြဲစွဲလျက် ရှိနေမှာပါပဲ၊ခန္ဓာ ကိုယ်ကြီးက ကိုယ့်အလိုလိုက်နေသလို ကိုယ့်အလိုအတိုင်း ဖြစ်နေ သလို ထိုထိုအတ္တခြင်းရာလေးတွေဟာ တစ်မျိုးမဟုတ်တစ်မျိုး ဆို သလို စွဲလျက်ထင်လျက် ရှိနေကြမှာပါပဲ ။

အတ္တစွဲဖြုတ်တဲ့ အမေးအဖြေ

အတ္တစွဲဖြုတ်ဖို့ အမေးအဖြေပုံကိုလည်း စိစစ်ကြဦးစို့.အချို့ ကဝေဒနာဟာ အတ္တပဲ ၊ ဒီ ဝေဒနာကောင် အတ္တက ချမ်းသာ ဆင်းရဲကို ခံစားတယ်လို့ ယူဆကြတယ် ၊ ဝေဒနာကို အတ္တစွဲ တော့ ဒီခံစားတတ်တဲ့ ဝေဒနာကောင် အတ္တကလေးဟာ မြဲတယ် အမြဲ ရှိနေတယ် မပျက်စီးဘူးလို့ ဆိုလိုပါတယ် ၊ အဲဒီ အယူ အဆကို ဖျက်ဖို့.အရှင်နန္ဒက က ဥပမာနဲ့ အမေးအဖြေပြုခဲ့ခြင်း ဖြစ်ပါတယ်

တောက်နေတဲ့ ဆီမီးမှာ ဆီရော မီးစာရော မီးလျှံရော မမြဲ မီးရောင်ကတော့မြဲတယ်ဆိုယင် အမှန်ပြောတာ ဖြစ်ပါ့မလား မေးတော့ ၊မမှန်ကြောင်း ဖြေကြတယ် ၊ ဘာ့ကြောင့်လဲ မေးတော့ ဆီ မီးစာ မီးလျှံမှမမြဲယင် မီးရောင်မမြဲတာတော့ ပြောစရာမရှိပါ လို့ လျှောက်ကြတယ် ၊ မီးရောင်ဆိုတာက ဆီ မီးစာ မီးလျှံ မရှိဘဲ

http://www.dhammadownload.com

ဖြစ်နိုင်တာမဟုတ် ၊ဆီ မီးစာ မီးလျှံ အစွဲပြုပြီးပေါ်လာရတာ ဒီတော့ အကြောင်းဆီ မီးစာ မီးလျှံကုန်သွား ပျောက်သွားယင် ၊ အကျိုး မီးရောင်လည်း ပျောက်သွားရတာ ဘယ်သူမှ မငြင်းနိုင်တဲ့အချက် ပါပဲ ၊ ဒါ့ကြောင့် အကြောင်းကြောင့် ဖြစ်လာရတဲ့ တရားတွေမှာ အကြောင်းပျောက်ယင် အကျိုးလည်းပျောက်ရတယ် ၊ ဆိုတဲ့ အချက်ကို ပြောချင်တော့ ဒီ လောက ယုတ္တိကလေးနဲ့ စဉ်းစား မေးဖြေမှု ပြုခဲ့ခြင်းပါပဲ ။

အဲ ဒါလိုပဲ စက္ခုစသော အတွင်းအာယတနခြောက်းပါးက တော့ မမြဲ ပျက်စီးတတ်တဲ့ သဘော ရှိတယ် ၊ ထို အာယတနခြောက် ပါးအစွဲပြု ခံစားရတဲ့ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာကတော့ မြဲတယ် မပျက်စီးဘူးလို့ပြောယင် ၊ အမှန်ပြောတာ ဖြစ်ပါ့မလားလို့ မေးခဲ့ တယ် ၊ ဒီ အမေးက ဝေဒနာကို အတ္တစွဲတဲ့ ပုဂ္ဂိုလ်တွေကို စောင်း လိုက်တာပါပဲ၊ စက္ခုစသော အာယတနတွေရဲ့ ပျက်စီးမှုက မျက်မြင် မို့ တကယ့် အသိအရမဟုတ်သော်လည်း လူသာမန်တို့ အသိအရ အနိစ္စအဖြစ် လက်ခံကြတယ် ၊ စက္ခုစသောအာယတနတွေ စွဲဖြစ် လာတဲ့ ဝေဒနာကျတော့ နာမ်တရားမို့ မျက်မြင် အထင်အရှား မမြင်ရ၊ မမြင်ရတော့ ဝေဒနာဟာတစ်ခုတည်းကပဲ ချမ်းသာဆင်းရဲ တွေကို ကူးပြောင်းခံစားနေတယ် ၊ သူက ခံစားမှုလိုလားတဲ့ အတိုင်း ခန္ဓာရှိမှ ခံစားနိုင်တာမို့ ဒီခန္ဓာပျက်သွားယင် ခန္ဓာအသစ်ရှာ ခံစား တယ်၊ စသည်ဖြင့် ဝေဒနာရဲ့ အသက်အကောင်အဖြစ် မြဲသည်၏ အဖြစ်ကို ကြံဆစွဲလမ်းကြတယ် ။

http://www.dhammadownload.com

အမှန်သိပြီးဖြေတဲ့ အဖြေ

ဒီဝေဒနာမြီတယ်ဆိုတဲ့ အပြောဟာမမှန်ကြောင်း ဘိက္ခုနီများက ဖြေကြတယ်၊ ဒါလဲ သုတ စိန္တာအရ ဖြေကြားခြင်း မဟုတ်ပါဘူး ၊ တကယ့် ဝိပဿနာ အသိအမြင်အရ ဖြေကြားခြင်းပါပဲ ၊ ဒီဘိက္ခုနီတွေဟာဗလဝဝိပဿနာရှင်တွေ ဖြစ်ဖို့ရှိကြောင်း ပြောခဲ့ပါပြီ ၊ ဒီတော့ နာမရူပပရိစ္ဆေဒ ပစ္စယပရိဂ္ဂဟဉာဏ်တွေ ဖြစ်စဉ်ကပဲ ဝေဒနာရဲ့ သဘောဆိုင်ရာ အကြောင်းတွေကြောင့် ဝေဒနာဖြစ်ပေါ်လာပုံ သိပြီး အထက်ဝိပဿနာတွေနဲ့ အနိစ္စဖြစ်ပုံ တကယ်သိပြီး ဖြစ်နေလို့ မိမိတို့ကိုယ်တွေ့အသိအရ ဖြေကြခြင်းပါပဲ ၊ ဒါ့ကြောင့်ပဲ ဘာ့ကြောင့် ဒီအပြော မမှန်သလဲ မေးတော့ ၊ ဆိုင်ရာဆိုင်ရာ ထိုထို အကြောင်းတွေ အစွဲပြုပြီး ထိုထိုအကြောင်းအားလျော်တဲ့ ထိုထို ဝေဒနာဖြစ်လာရခြင်း ဖြစ်ကြောင်း ဆိုင်ရာဆိုင်ရာ ထိုထို အကြောင်းတွေ ချုပ်သွားတဲ့အတွက် ထိုအကြောင်းတွေကြောင့်ဖြစ်ရတဲ့ ဝေဒနာတွေလည်း ချုပ်ရကြောင်း အမှန်အတိုင်း ဖြေနိုင်ကြခြင်းဖြစ်ပါတယ် ။

ဆိုလိုတာက အတ္တဝါဒသမားတွေ အလိုအရ ဝေဒနာဟာ မြီတယ် ၊ မြလို့ အကြောင်းကင်းတယ် ၊ ဒါကိုယ်တွေ့ အမြင်မရှိ စိတ်ကူးအရ ပြောကြတာပဲ ၊ မိမိတို့ကိုယ်တွေ့ အမြင်အရ ဝေဒနာဟာ အကြောင်းကြောင့် ဖြစ်လာရတာ ၊ အကြောင်းလည်းမမြဲ အကြောင်းမမြဲသလို အကျိုးဝေဒနာလည်းမမြဲ ၊ ထို့ကြောင့် အနိစ္စ အနိစ္စဆိုတာ စိတ်ကူးမဟုတ် ဉာဏ်နဲ့တကယ်မြင် တကယ်သိလို့ သူတို့အပြော မဟုတ်ကြောင်းပြောနိုင်ခဲ့ပါတယ် ။

http://www.dhammadownload.com

အပြင်အာယတနဲ့စပ်တဲ့ အမေးအဖြေ

တစ်ခါ အပြင်အာယတနတွေ အစွဲပြုဖြစ်လာခံစားလာရတဲ့ ဝေဒနာကို အတ္တစွဲမှုနဲ့ ပတ်သက် ပြီး ထိုအတ္တစွဲပယ်ဖို့ ဥပမာပေး အမေးအဖြေပြုခဲ့ပြန်တယ် ၊ သစ်ပင်မှာ အမြစ် ပင်စည် အခက် အရွက်တွေ မမြဲဘူး ၊ အရိပ်တော့ မြဲတယ်ဆိုယင် ဟုတ်ပါ့မလားတဲ့ ၊ မဟုတ်ကြောင်းဖြေတော့ ဘာ့ကြောင့်လဲလို့ အမေးမှာ ၊ အမြစ် ပင်စည် အခက် အရွက် မမြဲလျင် အရိပ်လည်းမမြဲဘူးဆိုတာ ပြီးနေပါပြီ ၊ ပြောစရာ မလိုတော့ပါကြောင်း လျှောက်ထားကြတယ် ဒီမှာလည်း အရိပ်ဆိုတာက အမြစ် ပင်စည် အခက် အရွက် ရှိမှဖြစ်တာ မရှိပဲ ဖြစ်တာမဟုတ် ၊ အကြောင်းအမြစ် ပင်စည် အခက် အရွက် ပျက်ယင် အကျိုးအရိပ်လည်းပျက်မယ် ဆိုတာ ၊ မငြင်းနိုင်တဲ့ အချက်ပါပဲ ၊ ဒါ့ကြောင့် အကြောင်းကြောင့် ဖြစ်ရတဲ့ တရားတွေမှာ ၊ အကြောင်းပျက်ယင် အကျိုးလည်း ပျက်မည်သာ ဖြစ်ကြောင်း ပြမယ့်အရေးမှာ ဒီသစ်ပင် အရိပ်ဥပမာနဲ့စချီလာ ခြင်းဖြစ်ပါတယ် ၊

အဲဒါလိုပဲ ရှုပါရုံစသော အပြင်အာယတနတွေ မမြဲ ၊ အဲဒီ အာယတနတွေအစွဲပြု ခံစားရတဲ့ သုခဒုက္ခဥပေက္ခာ ဝေဒနာတွေ တော့ မြဲတယ်ဆိုယင် ၊ ဒီ အဆိုမှန်ပါ့မလား မေးတော့ ၊ မမှန်ကြောင်း ဖြေကြ ၊ ဘာ့ကြောင့်လဲမေးတော့ ထိုထိုအကြောင်းကြောင့် ဖြစ်လာ ရတဲ့ဝေဒနာတွေဆိုင်ရာအကြောင်းချုပ်တော့ထိုထိုဝေဒနာများလည်း ချုပ်ရကြောင်းဖြေကြတယ် ၊ ဒါလည်း နောက်က ပြောခဲ့တဲ့ အတိုင်း ကိုယ်တွေ့ ဝိပဿနာဉာဏ်အရ အတ္တဝေဒနာကောင် မရှိကြောင်း မရှိတဲ့ ဝေဒနာကောင်ကို မြဲတယ်လို့ဆိုဖွယ်မရှိကြောင်း ၊ သဘာဝ

http://www.dhammadownload.com

ဝေဒနာတရားသာ ရှိကြောင်းထိုဝေဒနာလည်း ဆိုင်ရာအကြောင်း အလိုက် တစ်ခုတည်းမဟုတ် အသီးသီးဖြစ်ကြောင်း ၊ အကြောင်း ကြောင့်ဖြစ်ရလို့ ၊ အကြောင်းပျက်သလို ဝေဒနာလည်း ပျက်ရ ၊ အနိစ္စဖြစ်ကြောင်းများကို ကိုယ်တိုင် ရှင်းလင်းစွာသိပြီး ဖြေကြခြင်း သာဖြစ်ပါတယ် ။။

အကြောင်းတစ်ခုတည်း မဟုတ်

ယခင် ဥပမာမှာ အတွင်းအာယတနအစွဲပြု ဝေဒနာဖြစ်လာတာကို ဆိုခဲ့တယ် ၊ ယခုဥပမာမှာ အပြင်အာယတနအစွဲပြု ဝေဒနာဖြစ်လာတာကို ဆိုတယ် ၊ ဒီတော့ ဝေဒနာဟာ အတွင်းအာယတန သက်သက်အစွဲပြုလည်း ဖြစ်နိုင်တယ် ၊ အပြင် အာယတနသက်သက်အစွဲပြုပြီးလည်း ဖြစ်နိုင်တယ်လို့ ထင်စရာရှိနေပါတယ်၊ အမှန်ကတော့ အတွင်းအပ အာယတနနှစ်ပါးဆုံမိမှ ဝေဒနာဖြစ်နိုင်တာပါ ဆုံမိမှဖြစ်လို့ အတွင်းအာယတနလည်း အကြောင်းဖြစ်နိုင်တယ် ၊အပြင်အာယတနလည်း အကြောင်းဖြစ်နိုင်လို့ ဆိုခြင်းဖြစ်ပါတယ်၊ တကယ်တော့ ဝေဒနာရဲ့ အနီးကပ် အကြောင်းက ၊ ဖဿတွေ့ထိမှုပါပဲ ၊ ဖဿပစ္စယာ ဝေဒနာအရ တွေ့ထိမှု ရှိလို့ ဝေဒနာဖြစ်လာရတာပါ ၊ ဒီ ဖဿတွေ့ထိမှု ဆိုတာကလည်း အတွင်းအာယတန အပြင်အာယတန ဝိညာဉ် ဒီသုံးခု ပေါင်းဆုံမိလို့ ဖြစ်လာတဲ့ တရားပါပဲ ။

မျက်စိအကြည်နဲ့ အဆင်းရှုပါရဲ့ ဆုံမိ တိုက်ခိုက်မိတဲ့ အခါ ဝိညာဉ်ပေါ်လာ ၊ အဲ ဒီသုံးပါး ဆုံမိတဲ့ အခါ အာရုံ၌ တွေ့ထိမှု ဖဿပေါ်လာရပါတယ်၊ထို့အတူနားနှင့် အသံ ဝိညာဉ်စသည်လည်း

http://www.dhammadownload.com

သူ့အတွဲနှင့်သူ ဆုံမိတဲ့အခါ ၊ ဖဿ-ဖြစ်လာတာ သိနိုင်ပါတယ်၊ အဲ ဒီလို ဖဿတွေ့ထိမှု ဖြစ်လာယင်၊ကောင်း မကောင်း အလယ် အလတ်ဆိုတဲ့ ခံစားမှု ဝေဒနာဖြစ်လာရပါတယ် ၊ ဒီ ဖဿ ဝေဒနာ သဘောလည်း သိထားသင့်ပါတယ် ၊ တရားသဘောတွေ ရှုတဲ့သူမှာ ဆိုင်ရာအကွက် ရောက်တဲ့အခါ ဒီတရားတွေကလည်း သူ့အနေနှင့် သူ ထင်ပေါ်လာတတ်ပါတယ် ၊ ဖဿတွေ့ထိမှု ဟာ ဝေဒနာရဲ့ အကြောင်းဖြစ်သော်လည်း ၊အဲဒီ ဖဿက အတွင်း အပ အာယတန ဝိညာဉ် ဆုံမိမှုကြောင့် ဖြစ်လာရလို့ အကြောင်း၏ အကြောင်းကို လည်း အကြောင်းပဲဆိုရတဲ့ ထုံးအရ အတွင်းအပ အာယတနများ လည်း ဝေဒနာရဲ့အကြောင်းလည်းဖြစ်ရပါတယ် ၊ ဘိက္ခုနီမတွေ လျှောက်တဲ့ ထိုထိုအကြောင်းကြောင့် ထိုထိုဝေဒနာဖြစ်ရ ထိုထို အကြောင်းချုပ်လို့ထိုထိုဝေဒနာ လည်းချုပ်ရတယ်ဆိုတဲ့ အကြောင်း ပြ ၁ကားမှာ ဝေဒနာရဲ့ ထိုထိုအကြောင်းဆိုတာ ယခုပြခဲ့တဲ့ အ ကြောင်းတွေပါပဲ ။

နွားမဥပမာ ရှင်းလင်းချက်

ကဲ ဒီအထိတော့ အတွင်း အပ အာယတန ဝိညာဉ်တွေ အရင်းခံပြီး ကမ္မဋ္ဌာန်းနည်းပေးနေခြင်းပါပဲ ၊ ဗောဓိပင်တရားတွေ အထင်အရှား ဖြစ်ပွားစေဖို့ နည်းပေးနေခြင်းလို့ပဲ ဆိုနိုင်ပါတယ် နောက်ဆုံး အရဟတ္တမဂ်အထိပေါက်ပြီး ဗောဓိပင်တရားတွေ အပြည့် အစုံဆုံး ဖြစ်ရတဲ့အခါ ၊ ဖြစ်လာရတဲ့ အခြင်းအရာ အခြေအနေကို ထင်ရှားစေလိုလို့ ဥပမာတစ်မျိုးပေး အမေးအဖြေပြုခဲ့ပြန်တယ်

ကျွမ်းကျင်တဲ့ နွားသတ်သမား သို့မဟုတ် သူ့တပည့်ဟာ

http://www.dhammadownload.com

နွားမကိုသတ်ပြီး အတွင်းက အသားကိုယ်ထည်လည်းမပျက်စေရပဲ၊ အပြင်အရေကိုယ်ထည်လည်း မပျက်စေရပဲ ဓားထက်ထက်နဲ့ အသား အရေကြားက အတွင်းသား အတွင်းကြော အတွင်းအဖွဲ့ ကျွမ်းကျင်စွာလှီး အရေကိုခွါထုတ် ခါတွက်ပြီး အဲ ဒီအရေနဲ့ နွားမသေကို ပြန်အုပ်ပြီး ဒီနွားမကြီးဟာ ဒီအရေနဲ့ပဲ ရှေးကလို တွဲကပ်နေတယ်ဆိုယင် မှန်ပါ့မလား ၊ မေးတော့ ၊ မမှန်ကြောင်း ဖြေကြဘာ့ကြောင့်လဲ မေးတော့ အရေကိုခွါပြီး ပြန်ဖုံးအုပ်ထားတာဖြစ်တော့ ဘယ်လိုပဲ ရှေးအတိုင်း ဒီ အရေနဲ့ မကွာမကွဲ တစ်ဆက်တည်းတည်နေတယ် ပြောပြော အမှန်က ထိုနွားမဟာ ထိုအရေနဲ့ မဆက် မကပ် ကွာလျက်သာရှိကြောင်း ဖြေကြတယ် ။

အတွင်းကိလေသာတွေကို အရဟတ္တမဂ်ပညာနဲ့ ဖြတ်ပယ်လိုက်တဲ့အခါ အတွင်း အပ အာယတနတွေ ထိခိုက်မှုကြောင့် ဖြစ်လာရဘဲ့ အခြေအနေဟာ နဂိုကိလေသာ မကင်းစဉ်ကဖြစ်တဲ့ အခြေ အနေမျိုး မဟုတ်တော့ တစ်မျိုးပြောင်းလဲသွားကြောင်း သိအောင် ဒီဥပမာထုတ်ဆောင်ခဲ့ပါတယ် ဒီ ဥပမာအရ ဥပမာ ဥပမေယျ နှီးနှောပြတော့ အတွင်းသားကိုယ်ထည်နဲ့ အတွင်း အာယတန၊ အပြင်အရေကိုယ်ထည်နဲ့ အပြင်အာယတန ၊ အတွင်းသား အတွင်းကြော အတွင်းအဖွဲ့နဲ့ အတွင်းကိလေသာ အတွင်းသံယောဇဉ် အတွင်းအနှောင်အဖွဲ့ နွားလှီးဓား ထက်ထက်နဲ့ အရိယာပညာတူကြောင်း ပြပါတယ်၊ ဆိုလိုတာက ယခင်ကိလေသာ မကင်းစဉ် အခါက အတွင်းအပြင် အာယတနတွေ ထိခိုက်တဲ့အခါ အတွင်းကိလေသာ အတွင်းသံယောဇဉ် အတွင်းအနှောင်အဖွဲ့တွေ အတွယ်တွေနဲ့ တွယ်ကပ်ယှဉ်စပ်နေတယ် ၊ ယခု အရဟတ္တမဂ် အရိယာ

http://www.dhammadownload.com

ပညာနဲ့ အဲဒီ ကိလေသာ သံယောဇဉ် အဖွဲ့အတွယ်တွေ ဖြတ်လိုက်တော့ ဘယ်လိုပဲ အာယတနတွေဆုံကြ ခိုက်ကြသော်လည်း အတွယ်ကင်းရှင်း ယှဉ်စပ်ခြင်း မရှိတော့လို့ ဆိုလိုပါတယ် ။

ဗောဓျင်ခုနစ်ပါး ဟောခြင်းအကြောင်း

ဒီနောက် ဗောဓျင်ခုနစ်ပါး တရားပွားခဲ့ယင် မျက်မှောက်ဘဝမှာပဲ အရဟတ္တဖိုလ်ဆိုက်ရကြောင်း ဆက်ဟောပါတယ်၊ အမှန်က ခုနပြောခဲ့တဲ့ အရဟတ္တမဂ် အရိယာပညာနဲ့ပဲ ဗောဓျင်ခုနစ်ပါး အပြည့်အစုံ အပြီးအစီးရောက်ပုံ ပြပြီးသားဖြစ်နေခဲ့ပါပြီ၊ ဒီတော့ ဗောဓျင်ခုနစ်ပါး တရားကို ဘာလို့ ထပ်ဟောရပြန်သလဲလို့ မေးစရာရှိနေပါတယ် ၊ အရိယာပညာက ကိလေသာတွေကို ဖြတ်တယ်ဆိုတော့ ၊ ပညာတစ်ခုတည်းနဲ့ ဖြတ်မှုကိစ္စ ပြီးသလို ထင်ဖွယ်ရှိပါတယ် ၊ အမှန်က ပညာဟာ တစ်ပါးတည်း မိမိဘာသာ ကိလေသာတွေကို မဖြတ်နိုင်ပါဘူး ၊ ဥပမာအားဖြင့် ဓားမဟာ မိမိဘာသာ ဖြတ်ရမယ့် အရာကို မဖြတ်နိုင်ပါဘူး ၊ ယောက်ျားရဲ့ စွမ်းအား အစွဲပြုပြီးသာ ဖြတ်နိုင်ပါတယ် ၊ ထို့ အတူပဲ ပညာဟာ ကျန်ဗောဓျင်တရားခြောက်ပါးနဲ့ ကင်းပြီးကိလေသာတွေကို မဖြတ်နိုင်ပါဘူး ၊ အဲဒီအချက်ကို သိစေလို၍ ဗောဓျင်ခုနစ်ပါး တရားကို ဆက်ဟောခြင်းဖြစ်ပါတယ်

စုံလင်သော အကြောင်းပြ

ယခင်ဥပမာမှာ ယောက်ျားစွမ်းအား အစွဲပြုရမှ ဖြတ်နိုင်တယ် ဆိုတော့ ဝီရိယတစ်ခုသာ ပါသလိုဖြစ်နေပါတယ် ၊ စုံလင်

http://www.dhammadownload.com

အောင်ပြောရယင် ရှေးယခင် ပရိယာယ် ဗောဓိတွေ ပြောရာမှာ ဒီဗောဓိတွေဟာ ကိစ္စတိုင်းမှာ လိုအပ်ကြောင်း ပြောခဲ့ပါတယ်၊ အဲ ဒီပရိယာယ် ဗောဓိနည်းနဲ့ ပြောရယင် ယောက်ျားဟာ ဓားနဲ့ ဖြတ်ရမယ့်ဝတ္ထုကို ဖြတ်တဲ့အခါ ဖြတ်ရမယ့်နေရာကို မှတ်သားမှုလည်း လိုတယ် ၊ ဖြတ်မှု ပယောဂလည်းလိုတယ်၊ စိတ်မရှင် ကိုယ်ပူပန် လှုပ်ရှားနေယင် ဖြတ်ရမယ့် အရာကို ကောင်းစွာဖြတ်နိုင်မှာ မဟုတ်လို့ စိတ်ရှင်ပျနေမှု ကိုယ်စိတ်ငြိမ်းအေးနေမှုလည်း လိုတယ် မတည်မငြိမ် ဖြစ်နေလျှင်လည်း ကောင်းစွာဖြတ်နိုင်မှာ မဟုတ်လို့ စိတ်တည်ငြိမ်နေမှုဟာလည်း လိုတယ် တခြားကိစ္စ စိတ်ရောက်နေလျှင်လည်း ကောင်းစွာဖြတ်နိုင်မှာ မဟုတ်လို့ တခြားကိစ္စကို လျစ်လျူရှုမှုလည်းလိုတယ်၊ အဲဒါလိုပဲ ပညာနဲ့ ကိလေသာတို့ကို ဖြတ်တဲ့ယောဂီအဖို့ ဝိရိယအစွမ်း နဲ့ အတူ သတိ ပီတိ ပဿဒ္ဓိ သမာဓိ ဥပေက္ခာတို့ကိုလည်း လိုအပ်ပါတယ် ၊ ဒီ လိုပညာဟာ ဝိရိယစသော ကျန်ဗောဓိခြောက်ပါးတို့နဲ့ကင်းကွာပြီး ကိလေသာ မဖြတ်နိုင် ၊ အားလုံး စုံစုံညီညီ ဖြစ်မှ ကိလေသာဖြတ်နိုင်ကြောင်း သိရန် ဗောဓိခုနစ်ပါးဆက်ဟောရပါတယ် ။

နာမရူပ ပရိစ္ဆေဒညာဏ်က ၈

ကဲ ယခု ဗောဓိဘာဝနာစခန်း ပြောကြစို့ ၊ ယခင်သုတ္တန်မှာ ဘိက္ခုနီတွေက မိမိတို့ အတွင်းအပ အာယတနတစ်ခုနဲ့ ဝိညာဉ်တွေရဲ့ အနိစ္စသဘောကို ဝိပဿနာပညာဖြင့် ကောင်းစွာမြင်ထားကြောင်း လျှောက်ကြတယ်၊ ဒီလိုသူတို့ အနိစ္စလို့မြင်တာဟာ အနိစ္စသဘော ၈ ရှုလို့ မြင်ရတယ်လို့ မဆိုနိုင်ပါဘူး ၊သူတို့

http://www.dhammadownload.com

အမြင်က ပညတ်အနိစ္စအမြင်မဟုတ် ပရမတ်အနိစ္စအမြင် ဖြစ်ကြောင်း ပြောခဲ့ပါပြီ ၊ ပရမတ် အနိစ္စမြင်ရအောင် ပရမတ္ထသဘာဝတရားတွေကို ရှေးဦးစွာ ရှုရပါ တယ် ၊ အဲ ဒီလိုရှုတော့ သဘာဝရုပ်နာမ်တရားတွေ အသီးသီး သူ့သဘောနဲ့သူ သူ့ကိစ္စနဲ့သူ ရွက်ဆောင်နေကြတာ အထင်အရှား တွေ့လာရပါလိမ့်မယ်၊ ရုပ်နာမ်သဘာဝတွေကို သူ့သဘောနဲ့ သူ ဖြစ်နေတာ တစ်သန့်စီ တစ်သန့်စီ ဖြစ်လာရတဲ့အခါ ၊ အနိစ္စသဘောဟာလည်း ဉာဏ်မှာ ထင်လာရပါတယ် ၊ ဒီလို ရုပ်နာမ်တွေကို တစ်သန့်စီ တစ်ကန့်စီ အသီးသီး ခွဲခြားမြင်လာယင် နာမရူပပရိစ္ဆေဒဉာဏ် နာမ်ရုပ်တို့ကို ပိုင်းခြားသိတဲ့ဉာဏ် ရလာပါပြီ ဆိုရပါတယ် ၊ ဒါ့ကြောင့် ဝိပဿနာဘာဝနာအရာမှာ နာမရူပပရိစ္ဆေဒဉာဏ်က စပွားရတယ် ၊ ဒီတော့ ယခင်သုတ္တန်မှာ အတွင်း အာယတန အပြင်အာယတန ဝိညာဉ်တွေနဲ့ ကမ္မဋ္ဌာန်းနည်းပြခဲ့တာဖြစ်တော့ အဲဒီတရားတွေနဲ့ပဲ လုပ်ငန်းသဘော ပြောရပါလိမ့်မယ် ။

မြင်တဲ့ အခါ ရှုပုံ

တစ်စုံတစ်ခု မြင်ရတဲ့အခါ စက္ခုနဲ့ ရူပါရုံ ဝိညာဉ် ဒီတရားတွေဖြစ်နေတယ် ၊ စက္ခုနဲ့ရူပါရုံ ဆုံမိ တိုက်မိတဲ့အခါ ထိုရူပါရုံကို သိတဲ့ ဝိညာဉ်ပေါ်ရတယ် ၊ အဲဒီအခါမှာ စက္ခုအကြည်ကိုလည်း သိအောင်ပြုရတယ် ၊ အဆင်းရူပါရုံကိုလည်း သိရတယ် ၊ အသိဝိညာဉ်ကိုလည်း သိရတယ် ၊ထိုတရား တွေအပေါ်မှာ သတိနဲ့လိုက်အသိနဲ့ဆိုက် သမာဓိနဲ့စိုက်ပေးရတယ် ၊ ဆိုလိုရင်းကတော့ ဒီတရားသုံးပါးအပေါ်မှာ လိုက်ရှုနေ သိနေရမယ်၊အစတော့ သုံးပါး

http://www.dhammadownload.com

လုံး သိဖို့ ရုတ်တရက် မလွယ်ဘဲ ရှိနေပါလိမ့်မယ်၊ ဒါပေမယ့် မြင်တဲ့အခါတိုင်း ထင်ရာပေါ်ရာကို ကြိုးစားသိမှတ်ရှုပေးနေယင် ၊ တစ်စထက်တစ်စ အမြင်ပိုရှင်းလာပြီး နောက်တော့ သုံးပါးလုံး ခွဲခွဲခြားခြားမြင်လာနိုင်ပါလိမ့်မယ် ဘာဝနာအရာမှာ ဘာဝိတ-ပွားစေအပ် ၊ ဗဟုလီကတ- ကြိမ်ဖန်များစွာ အလေ့အလာပြု အပ်ဆိုတဲ့ အသုံး အမြဲလာပါတယ်၊ ရှုရမယ့်တရားတွေ အပေါ်မှာ သတိပညာ သမာဓိ အမြဲမပြတ် ဖြစ်ပွားစေ ထိုတရားတွေဖြစ်ဖို့ အကြိမ်များစွာ အလေ့အလာပြုနေဖို့ အရေးကြီးလို့ပါပဲ ၊ ဒါမှ တရားတွေ တိုးတက်လာ အားရှိလာ ဒီလို တိုးတက်လာတော့ အမြင်သန်လာ ဉာဏ်အားရှိလာမှာ ဖြစ်ပါတယ် ၊

ကြားတဲ့ အခါ ရှုပုံ

အဲဒါလိုပဲ တစ်စုံတစ်ခု အသံကြားရတဲ့ အခါတိုင်း သောတနဲ့ သဒ္ဒါရုံ ဝိညာဉ် ဒီတရား တွေ ဖြစ်နေတယ် ၊ ဒီအခါမှာ နားအကြည် သောတအသံ သဒ္ဒါရုံ သောတကိုမှီကာ ထိုအသံကို သိလာတဲ့ ဝိညာဉ် ဒီသုံးပါးကို မလွတ်ရအောင် ရှုပေး သိပေးနေရမယ် ၊ အသံကတော့ ကွဲကွဲ ပြားပြား သိဖို့ရာ ထင်ရှားပါတယ်၊ ဟေ့ လူ ဆိုယင် ဟေ့ ဆိုတဲ့ အသံနဲ့ လူဆိုတဲ့ အသံဟာ တစ်ခုပြီးမှ တစ်ခုဖြစ်လာတာ ပေါ်လွင်ပါတယ် ၊ အသံတသီးတခြား အဖြစ်ပေါ်လွင်သလို အသိကလည်း ဟေ့ ကို သိတဲ့ အသိကတစ်ခု ၊ လူကိုသိတဲ့ အသိက တစ်ခု ၊ဒါလည်း ကွဲပြားပါတယ် အသံ အသိ ကွဲသလို၊ သောတအကြည် ကွဲပြားမှုဟာလည်း နောက် အသားကျ

http://www.dhammadownload.com

လာတဲ့အခါ ခွဲခြား မြင်လာပါလိမ့်မယ်။ ဒီတရားသုံးခုအပေါ်မှာ သတိကို ကပ်ပေး သမာဓိ စိုက်ပေး ပညာနဲ့လိုက်ပေး နေယင် ကြာတော့ ဒီတရားတွေ အားကောင်းလာသည်နှင့်အမျှ သုံးခုလုံး ထင်ရှားပြတ်သားစွာ ပိုင်းခြား သိမြင်လာနိုင်ပါလိမ့်မယ် ။

နံတဲ့ အခါ ရှုပုံ

တစ်စုံတစ်ခု အနံ့ကို နံတဲ့ အခါလည်း ယာနဆိုတဲ့ နှာခေါင်း ထဲက အကြည်ရုပ် အနံ့ ဂန္ဓာရုံ ယာနအကြည်မှီပြီး အနံ့ကို သိ တဲ့စိတ် ဒီသုံးပါး ထင်ပေါ်အောင် ရှုနေသိနေရမယ်။ မြင်ရ ကြားရ တာတွေက အခါများစွာဖြစ်ပေမယ့် ထင်ထင်ရှားရှား အနံ့ရတဲ့ အခါကတော့ နည်းပါလိမ့်မယ်။ ဒါပေမယ့် အနံ့နံတဲ့အခါနဲ့ ကြုံတဲ့ အခါ ရှုပေးရမှာပဲ ။ သတိ ပညာ သမာဓိနဲ့ လိုက်ပေးနေရမှာပဲ ။ အားစိုက်မှု ဝီရိယကလည်း အရေးကြီးပါတယ် ။ အဆင်းမြင်မှု တစ်ခုတည်း အသံကြားမှု တစ်ခုတည်း အကြောကြီး ရှုနေယင်လည်း အပျင်းဝင်လာတတ် ငြီးငွေ့လာတတ်ပါတယ် ဒီတော့ အပြောင်း အလွဲလုပ် ရှုပေးဖို့လည်း လိုပါတယ် ।

စားတဲ့ အခါ ရှုပုံ

တစ်စုံတစ်ခု အရသာစားသောက်နေတဲ့ အခါလည်း ထိုအခိုက်မှာ လျှာအကြည် ဇိဝှါ အရသာ ရသာရုံ လျှာမှာမှီပြီး အရသာသိတဲ့ ဝိညာဉ် ဒီသုံးခုဟာ ထင်ရှားနေပါတယ်။လျှာ အ ကြည်လည်း ရှု အရသာကိုလည်း သိနေအောင်ပြု အသိကိုလည်း ဉာဏ်မှာထင်အောင်ပြု အရသာသိအောင်ပြု ဆိုတဲ့နေရာမှာလည်း

http://www.dhammadownload.com

ကောင်းတယ် မကောင်းဘူးဆိုတဲ့ အသိတော့ ရုတ်တရက် မရောက်သင့်သေးဘူး အမှန်က ကောင်း မကောင်းသိတာ ဝေဒနာအသိဖြစ်တော့ ရှုရမယ့် တရားပါပဲ ၊ ဒါပေမယ့် အသား မကျသေးခင် ရှုတော့ ကောင်းတယ် အသိအရ တဏှာဘက် လွန်သွားတတ် မကောင်းအသိ အရ ဒေါသဘက်လွန်တတ်လို့ ယခု အာယတနရှုနေတုန်းတော့ အရသာမှန်းသိရုံသာ သိဖို့လိုပါတယ် ထို့အတူပဲ မြင်မှု ကြားမှု နံမှုတွေမှာလည်း ကောင်း မကောင်း အသိဘက် ရောက်မသွားစေပဲ ဆိုင်ရာ တရားသုံးပါးသာ ထင်ပေါ်အောင် ရှုနေတာ ကောင်းပါတယ်၊ နောက်တော့ ၊ ဒီ တရားတွေ ရှုနေရင်းနဲ့ သမာဓိ ပညာ အားကောင်းလာတဲ့အခါ တခြား ဝေဒနာဖဿစသော တရားသဘောတွေ ဟာလည်း ပေါ်လာ ထင်ရှားလာရပါတယ်၊ ဒီ လိုအရသာ ရသာရုံကို ရှုနေတဲ့အခါလည်း စားတုန်း ကွဲပြားနေတဲ့ ခို့ ချဉ် စပ် ငန် စသော အရသာအလိုက် ရသာရုံ အကွဲအပြားကို တခြားစီ ကွဲပြားသိနေပါလိမ့်မယ်၊ ဒီလို အရသာ ကွဲပြားသည်နှင့်အမျှ အရသာ တခြားစီ အသီးသီးကို သိနေ တဲ့ဝိညာဉ်အသိ ကွဲပြားလာပုံလည်း နောက် ထင်ရှားလာပါလိမ့်မယ် ဇိဝှါအကွဲအပြားလည်း အသိဉာဏ်အားရှိလာတဲ့ အခါ ထင်ရှားလာ ပါလိမ့်မယ် ။

တွေ့ထိတဲ့ အခါ ရှုပုံ

တစ်စုံတစ်ခု ထိထိုဝတ္ထုတွေနဲ့ တွေ့ရထိရတဲ့အခါ ကိုယ် အကြည်ကာယလည်းထင်ရှားတယ် အတွေ့ ဖောဋ္ဌဗ္ဗာရုံကလည်း ထင်ရှားတယ် ၊ ကာယအကြည်မှီပြီး ဆိုင်ရာအတွေ့ကို သိတဲ့ ဝိညာဉ်

http://www.dhammadownload.com

လည်းထင်ရှားတယ် ၊ အဲ ဒီတရားသုံးပါးလည်း မလွတ်အောင် ရှုပေး ရပါတယ်၊ဝိရိယ အားရနေလျှင် ဒီအခိုက်မှာ သတိရှဲကပ်တည်မှု ပညာရှုမြင်မှု သမာဓိရှဲ စူးစိုက်မှုတွေဟာလည်း တစ်ဆင့်ထက် တစ်ဆင့် မြင့်လာ ရင့်သန်လာရပါတယ် ၊ ဒီ ကာယ ရှုကွက်တွေက အတော်များပါတယ် ၊ မိမိကိုယ်မှာ လက်နဲ့.ကိုယ်နဲ့. ထိမှုစသော အသားချင်းထိမှု အဝတ်စသည်နဲ့. ကိုယ်နဲ့.ထိမှု သွားတဲ့အခါ ခြေနဲ့. မြေစသည်နဲ့. ထိမှုစသည်ဖြင့် အများအပြားရှိနေတော့ တွေ့.တဲ့အခါ များတာနဲ့. အမျှတွေ့.တိုင်း ထိတိုင်း အတွေ့.ကာယ ဝိညာဉ်ကိုသိတဲ့ ရှုစရာကလည်း များပါတယ်၊ ဘယ်အရာနဲ့. တွေ့.ထိ တွေ့.ထိ တွေ့.ထိတိုင်း ဒီတရားသုံးပါးကိုသိနေရမှာပါပဲ ၊ ဒီလိုကာယအတွေ့. ဝိညာဉ် သုံးပါးကို သိ အောင် မြင်အောင် ရှုနေရင်းနဲ့.ပဲ သတိပညာ သမာဓိ တွေ အားကောင်းလာတဲ့အခါ ဒီကာယ အကြည်တည်ရာ ကိုယ်ကြီးထဲကပဲ တခြားရုပ်တွေဟာလည်း ဉာဏ်မှာ ထင်လာရ ပါတယ် ၊ခန္ဓာကိုယ်မှာ လျှပ်ရှား ရွှေ့ရှားနေတဲ့ ဝါယောတွေ ပူမှု အေးမှုတေဇောတွေ အထည်ကိုယ်အဖြစ် ထင်လာရအောင် ခက် မာမှု ပထဝီတွေ ၊အရည်သဘော ယိုစီးမှုဖွဲ့.မှုအာပေါတွေ ၊ ဒီရုပ် တွေဖြစ်နေတာလည်း ထင်ပေါ်လာရပါတယ်၊ ဒါ့ကြောင့် ဒီ ကာ ယ ဖောဋ္ဌဗ္ဗ ဝိညာဉ် ရှုကွက်မှာ ကောင်းကောင်းမြင်ဖို့. သမာဓိပညာ ထက်သန်လာဖို့. အလွန်လိုအပ် ပါတယ်။

သိတဲ့အခါ ရှုပုံ

တစ်စုံတစ်ရာ တွေးတောစဉ်းစား သိနေတဲ့ အခါ မနစိတ်လည်း ထင်ရှားတယ် ၊ ထိုမနမှ ထင်ပေါ်လာတဲ့ ဓမ္မာရုံလည်း

http://www.dhammadownload.com

ထင်ရှားတယ် ၊ ဓမ္မာရုံဆိုတာက ယခင် ရှုပါရုံစသော အာရုံငါးပါးမှ တစ်ပါး ရုပ်တွေ နာမ်တွေ နိဗ္ဗာန်နဲ့ ပညတ်တွေပါပဲ ၊ ဒီဓမ္မာရုံ ထင်ပေါ်ရာ မနဆိုတာက ဘဝင်နဲ့ အာဝဇ္ဇန်းပါပဲ ၊ ဒီတရားတွေဟာ ဘဝင်မှာတိုက်ဆိုင်ထိခိုက်လာတယ် ၊ အာဝဇ္ဇန်းဆိုတဲ့ ဆင်ခြင်တဲ့ စိတ်မှာ ထင်ပေါ်လာတယ်၊ ဒီအခါမှာ ဓမ္မာရုံဆိုတဲ့ ထင်ပေါ်လာတဲ့ တရားကိုလည်း သိအောင်ပြု ရှုရမယ် ၊ အဲ ဒီအာရုံထင်ပေါ်ရာ မန ဘဝင် အာဝဇ္ဇန်းကိုလည်း သိရ ရှုရတယ် ၊ ထို ဓမ္မာရုံကို သိတဲ့ မနောဝိညာဉ်ခေါ် အသိကိုလည်း ရှုရတယ် ၊ ဒီနေရာမှာ ဘဝင် အာဝဇ္ဇန်း မနောဝိညာဉ်နဲ့ အမည်တပ် ရှုနေဖို့ဆိုတာ မဟုတ်ပါဘူး ၊ ထင်ရာစိတ်ကိုသိ ၊ ထင်တဲ့ တရားအာရုံသိ ၊ ထိုတရားကို သိတဲ့ အသိဝိညာဉ်ကိုလည်းသိ ၊ အဲဒီသုံးချက်ကို သိနေ ရှုနေရမှာပဲ ၊ ဒီမှာလည်း သုံးချက်လုံး အစတော့ သိမှာ မဟုတ်ပါဘူး ၊ ထင်ရာ ပေါ်ရာ ရှုနေရင်းနဲ့ပဲ နောက်တော့ သုံးချက်လုံးသိတဲ့ အခြေရောက်သွားမှာပါ ။

တခြားရှုစရာတွေလည်းပေါ်

ဒီ ဓမ္မာရုံကို ရှုနေတဲ့အခါလည်း သတိ သမာဓိ ပညာအား ကောင်းလာတဲ့အခါ တရားအာရုံ တွေဟာ မျှားစွာထင်ပေါ်လာနိုင်ပါတယ် ၊ မထင်ပေါ်တဲ့ တရားအာရုံတွေကိုလည်း ထင်ပေါ်အောင် ရှာဖွေနှလုံးသွင်းနိုင်ပါတယ်၊ ခန္ဓာကိုယ်ထဲမှာ ယခုဖြစ်နေထင်ပေါ် နေတဲ့ ခက်မာတဲ့ သဘော ပထဝီတွေ ၊ယိုစီးမှုဖွဲ့မှုအာပေါတွေ လှုပ်ရှားမှု တွန်းကန်မှု ဝါယောတွေ၊ပူမှုအေးမှု တေဇောတွေ ရှာဖွေနှလုံးသွင်း ရှုနိုင်ပါတယ်၊ ပြီးဆိုင်ရာ အကြည်ရုပ်နဲ့ အာရုံနဲ့

http://www.dhammadownload.com

စိတ်နဲ့ဆုံတဲ့အခါ ဖြစ်တဲ့ ဖဿ တွေ့ထိမှု ဝေဒနာကောင်း မကောင်း ခံစားမှုစသော တရားတွေ၊ ပြီးတော့ မိမိတရား ရှုဆင်ခြင်နေတဲ့ အခါ ဖြစ်နေတဲ့ သတိ ပညာ ဝီရိယ ပီတိ ပဿဒ္ဓိ သမာဓိစသော တရားတွေ ၊ မကောင်းတဲ့စိတ်တွေ ဝင်လာတဲ့အခါလည်း ဝင်လာတဲ့ လောဘ ဒေါသ ဝိစိကိစ္ဆာစသော တရားတွေ ဒီတရားတွေလည်း ဓမ္မာရုံအဖြစ်ထင်ပေါ်လာအောင် ရှုနိုင်ပါတယ်၊ ဒီတော့ ဒီ မနစိတ် ဓမ္မာရုံ အသိဝိညာဉ် သုံးပါး အရာမှာတော့ မိမိ ကျွမ်းကျင်လိမ္မာ သလောက် ရှုစရာတရားတွေ များစွာထွက်လာနိုင်ပါတယ် ။

အဲဒီလို အာယတနဝိညာဉ်တွေသာ ရှုနေ တခြား စိတ် မရောက်စေခဲ့ယင် လောဘ ဒေါသ စသော အကုသိုလ်တွေ ဝင်မလာ၊အကုသိုလ်ဇောတွေ မဖြစ် ၊ကုသိုလ်ဘာဝနာ ဇောတွေသာ ဖြစ်နေတာမို့ မြင်တဲ့အာရုံမှာ မြင်ရုံမျှ ကြားတဲ့အာရုံ နံတဲ့အာရုံ စားတဲ့အာရုံ တွေ့တဲ့အာရုံ သိတဲ့အာရုံတွေမှာလည်း ကြားရုံမျှ နံရုံမျှ စားရုံမျှ တွေ့ရုံမျှ သိရုံမျှ ဖြစ်ရမယ်ဆိုတဲ့ ၊**ဒီဋ္ဌေ ဒီဋ္ဌ မတ္တံ ဘဝိဿတိ** ၊စသော အရှင်ဗာဟိယစသည်ကိုပေးတဲ့ နည်းလမ်းနဲ့ အညီ ဖြစ်နေပါတော့တယ်

ဇောရှင်ဖြစ်ရာ အခါ

ဒီတရားတွေ ရှုနေတဲ့ အခါ ရှုစဲမှာတော့ အသားမကျသေး ထင်ပေါ်တာ သိတာနည်းနေ ကျဲနေသေး ဖြစ်နေမှာမို့ သတိ ပညာ ဝီရိယဆိုတဲ့ ဘာဝနာမှာ အရေးကြီးတဲ့ တရားတွေဟာ မထင်ရှား မထက်သန်ဘဲ ဖြစ်နေပါသေးတယ် ၊ ဒါပေမယ့် တကယ် ကြိုးစား ရှုမှတ်နေယင်တော့ တစ်စထက်တစ်စ တိုးတက်ထင်ပေါ်

http://www.dhammadownload.com

လာ ရှုလို့ကောင်းလာ အမြင်သွက်လာပါလိမ့်မယ် ၊ အဲဒီအခါ သတိ ပညာ ဝီရိယ တို့ကလည်း အားရှိလာပါလိမ့်မယ် ၊ သတိ ပညာ ဝီရိယတွေ အားကောင်းလို့ တရားအမြင်တက်လာသည်မှ စပြီး ပီတိ ပဿဒ္ဓိတွေလည်း ပေါ်လာနိုင်တယ် ၊ သမာဓိလည်း အား ကောင်းလာမယ် ၊အမှန်က ဒီတရားတွေဟာ တရားကိုယ်အနေနဲ့ ဝိပဿနာမှာ အတူပါနေတဲ့ တရားတွေပါပဲ ၊ ဒါပေမယ့် တရား မတက်သေးတဲ့ အခါ သူတို့ကိစ္စတွေက ထင်ပေါ်မလာသေး တရား တက်လာပြီး ရှုလို့မှတ်လို့ အလွန်ကောင်းလာတဲ့အခါမှ သူတို့ ကိစ္စတွေ ထင်ပေါ်လာတယ် အဲဒီအခါမှာ ဘရားကြောင့်ဖြစ်တဲ့ နှစ်သက်မှု နှစ်သက်အားရမှုကြောင့် ဖြစ်လာတဲ့ ငြိမ်းအေးမှု ပီတိ ပဿဒ္ဓိတွေပေါ့ ဒါတွေပေါ်လာရ ငြိမ်းအေးမှုရတော့ သမာဓိ ဥပေက္ခာတို့လည်း ထင်ပေါ် လာရ ဒီအခါ ဗောဇ္ဈင်တရားတွေ ဖြစ်လာရတာပါပဲ ၊ အဲ ဒီလိုနဲ့ ရှုတဲ့တရားတိုင်းမှာ သူ့သဘာဝနဲ့ သူ အသီးသီး တစ်သန့်စီ ပိုင်းခြားပြီး ထင်လာ ပေါ်လာတဲ့အခါ နာမ်ရုပ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ပြည့်စုံလာတော့ တာပါပဲ ။။

နာမရူပ ပရိစ္ဆေဒ –
ဉာဏာယ ပဒဟံ ကရေ ၊
တသ္မိ ံ လဒ္ဓေ အနိစ္စာဒိ –
ဒဿနံ သုကရံ ဘဝေ ။။

နာမရူပ ပရိစ္ဆေဒဉာဏာယ –ပညတ်မှထုတ် အမှန်ဟုတ် သည့် နာမ်ရုပ်နှစ်ရပ် ပရမတ်ကို တပ်အပ်မိမိ အရှိထင်လင်း ပိုင်းခြား၍ သိမြင်ခြင်းငှာ ၊ **ပဒဟံ** – ဤခန္ဓာမှာ ပေါ်လာသမျှ

http://www.dhammadownload.com

မလွတ်ရအောင် ရှုဆစိတ်သွင်း အားထုတ်ခြင်းကို ၊ **ကရေ ကရေ ယျ**– ထင်လျက်ထင်လျက် အမြင်သွက်အောင် စဉ်ဆက်မကွာ ပြုလုပ်ရာ၏ ၊ **တသ္မိ** - နာမ်ရူပ်နှစ်ပါး ကသိုဏ်းလားသို့ပိုင်းခြား အမှန်ထင် ထိုဉာဏ်အမြင်ကို ၊ **လဒ္ဓေ** – ရှုတိုင်းထင်ထင် အမြင်သွက်လျက် အချက်ကျကျ အစစမလပ် ရအပ်သည်ရှိသော် ၊**အ နိစ္စာဒိဒဿနံ** - အသက်ယောင်ယောင် အကောင်အသွင် မြဲတယ်ထင်လည်း အထင်သက်သက် ပျက်ရစမြဲ မလွဲအတိ အမြဲမရှိသော သဘောထင်ဟန် အမြင်ဉာဏ်သည် ၊ **သုကရံ** - မြင်ဖို့ရေးဝယ် တကယ်မခက် လွယ်လျက်သာ ရှိနေပါသတည်း ။

ပစ္စယပရိဂ္ဂဟဉာဏ်

အကြောင်းကို သိမ်းဆည်းရှုဆင်ခြင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ် အရာမှာ ၊ ရှေးအတိတ်က အကြောင်းများလည်းရှိပါတယ်၊ ယခုပစ္စုက္ခမျက်မြင် အကြောင်းများလည်းရှိတယ် ၊ ရုပ်ဖြစ်ခြင်း အကြောင်းကို အဝိဇ္ဇာ တဏှာ ကံ ဥပါဒါန် အာဟာရလို့ဆိုပါတယ်၊ ရုပ်ဖြစ်ဖို့ရာမှာ ရှေးကံဟာ အကြောင်းပဲ ဒီရှေးကံကလည်း အဝိဇ္ဇာ တဏှာဥပါဒါန်အဖော်ရမှ ရုပ်ကိုဖြစ်စေတာမို့ ဘဝအပြစ်မမြင်မှု အဝိဇ္ဇာ ဘဝမှာတွယ်တာမှု တဏှာ ဘဝမှာ စွဲလမ်းမှု ဥပါဒါန်တို့ဟာ ရုပ်ဖြစ်ဖို့ အကြောင်းတွေပါပဲ ၊ ဒါက ရှေးအတိတ် အကြောင်း ၊ ယခုဘဝ မျက်မြင်အကြောင်းကတော့ အာဟာရ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့က အမေနဲ့တူသတဲ့ အမေဟာ သား၏ မှီရာ အကြောင်းဖြစ်သလို အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ဟာလည်း ရုပ်ဖြစ်ဖို့ရာ အားကြီးတဲ့ အကြောင်းများပါပဲ ၊ ကံ ကတော့အဖေ

http://www.dhammadownload.com

နဲ့တူတယ် ၊ အဖေသည် သားကိုဖြစ်စေတတ်လို့ ဇနကအကြောင်း ဖြစ်စေတတ်တဲ့ အကြောင်းဖြစ်သလို ၊ ကဲကရုပ်ကိုဖြစ်စေတတ်လို့ ရုပ်၏ဇနကအကြောင်း ၊ အာဟာရကတော့ ကလေးထိန်းနဲ့တူတယ်၊ ကလေးထိန်းက ကလေးကို မွေးကျွေးထိန်းပေးသလို၊ အာဟာရက ရုပ် တွေမပျက်ရ တိုးပွားရအောင် ထိန်းပေး ထောက်ပံ့ ပေးတတ်တယ်၊ ဒီ အတိတ်အကြောင်းတွေက မျက်မြင်မဟုတ်ပေမယ့် အဲဒီ အကြောင်းတွေလည်း ဆင်ခြင်ရမှာပဲ ၊ အထူးသဖြင့် ကဲကိုဆင်ခြင်ရတယ်၊ကဲကိုသဘောကျမှ မလိုအပ်တဲ့ အကြောင်းတွေဘက်လည်း ရောက်မသွား ၊ ကုသိုလ်ပွားဖို့ အကုသိုလ်ရှောင်ရှားဖို့စိတ်အားထက်သန်တတ်ပါတယ် ။

ယခုမျက်မြင် အကြောင်းတွေထဲမှာ စိတ္တဇရုပ်တွေဟာ စိတ်ကြောင့်ဖြစ်လာရတာ ထင်ရှားပါတယ် ၊ စိတ်က တစ်စုံတစ်ခု အမှုအရာ အပြုအမူဖြစ်စေလိုယင် စိတ်အလိုအတိုင်း လှုပ်ရှားပြုမူရတဲ့ ရုပ်တွေဖြစ်လာရ အဲဒီရုပ်တွေဖြစ်စေတဲ့ အကြောင်း စိတ်ကိုတော့ နာမ်ရုပ်သဘောတွေ ရှုဆင်ခြင် နေတဲ့ အခါမှာပဲ ပေါ်လွင်နေခဲ့ပါတယ် ၊ သည်ပြင် ဥတု အာဟာရကြောင့် ဖြစ်တဲ့ရုပ်တွေ အဲဒီ ရုပ်တွေနဲ့ အကြောင်း ဥတု အာဟာရလည်း ရုပ်တွေရှုနေတဲ့ အခါ ဆိုင်ရာအကွက်မှာ ပေါ်လွင်နေတာ ပါပဲ ၊ နာမ်တရားများက စက္ခု အကြည်စသော ဝတ္ထု အဆင်းရှုပါရုံစသော အကြောင်းကြောင့်ဖြစ်ရတယ်ဆိုတာ အာယတနတွေ ဝိညာဉ်တွေ ရှုတုန်းပဲ ပေါ်လွင်နေပါတယ် ၊ ဖဿ တွေ့ထိမှု အစွဲပြုပြီး နာမ်တရားတွေဖြစ်လာရတယ်ဆိုတာလည်း နာမ်တွေကို ရှုနေရင်း ထင်ရှားလာပါတယ် ဒီပြင် နာမ်ဖြစ်ဖို့ အဝိဇ္ဇာ တဏှာ ကဲ ဥပါဒါန်ဆိုတဲ့ အကြောင်းတွေရှိ

http://www.dhammadownload.com

နေပါသေးတယ် ၊ ဒါတွေက အတိတ်အကြောင်းလည်းရှိ ပစ္စုပ္ပန်အကြောင်းလည်းရှိ ၊ အတိတ်က အဝိဇ္ဇာ တဏှာကံ ဥပါဒါန် တို့ကြောင့် ယခုဘဝအကျိုး ဝိပါက်နာမ်တွေဖြစ်ရ ၊ ယခုဘဝမှာ အဝိဇ္ဇာ မသိမှုကြောင်းကံတွေဖြစ်ရ ၊တဏှာတပ်မက်မှုကြောင့် ဥပါဒါန်ဖြစ်ရ ဥပါဒါန်ကြောင့် ကံ ဖြစ်ရ ဆိုတဲ့ ၊ ဉာဏ်တွင် ထင်ရှားတဲ့အကြောင်းများလည်း ရှိပါတယ် ၊ ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ်ပိုင်လျှင်ဖြင့် တချို့ ရုပ်၏ အကြောင်း နာမ်၏အကြောင်းတွေဟာ ပေါ်လွင်နေခဲ့ပါတယ် ၊ အဲဒီတော့ ရုပ်နာမ်အကြောင်းတွေ ထပ်မံရှုတဲ့ အခါ အခက်အခဲမရှိလှတော့ပါဘူး အလွယ်နဲ့ပဲ ထင်ပေါ်လာနိုင်ပါတယ်။

အဲဒီလို အကြောင်းမှန်တွေ ပေါ်လာတော့ ဗြဟ္မာ ထာဝရစသော တန်ခိုးရှင်တွေ စီမံဖန်တီးလို့ ရုပ်နာမ်ဖြစ်လာရတယ် ဆိုတဲ့ အယူမျိုး အကြောင်းမရှိ သူ့ဘာသာ အလိုအလျှောက် ဖြစ်လာရတယ်ဆိုတဲ့ အယူမျိုး ဒီလို မလိုလားအပ်တဲ့ အယူမျိုးဘက်လည်း ကျရောက်မသွားနိုင်တော့ဘူး ၊ အတိတ်က ငါဖြစ်ခဲ့သလား မဖြစ်ခဲ့ဘူးလားစသော ယုံမှားမှု အမျိုးမျိုးတွေလည်း ကင်းရှင်းသွားရတယ်၊ အဲဒီလို ရုပ်နာမ်တွေလည်း ရှင်းရှင်းမြင်ရ ထိုရုပ်နာမ်တွေရဲ့ အကြောင်းမှန်ကိုလည်း ရှာတွေ့ရ ဆိုတော့ လောကမှာ ရှေးကမတွေ့ဖူးသေးတဲ့ အထူးအဆန်းတွေ တွေ့ရမြင်ရတဲ့အခါ စိတ်ထဲပျော်လာ ရွှင်ပျန့်သက်လာရသလို ဒီလိုအကြောင်းနှင့် တကွရုပ်နာမ်တွေ ထင်ထင်လင်းလင်း သိလာရတဲ့အခါ ပီတိတွေဖြစ်လာမှာမို့ ဒီဉာဏ်အခိုက်မှာလည်း ဗောဓိပင်တရားတွေဟာ တဆင့်တက်ကာ ပိုအားရှိလာပါတယ် ။။

http://www.dhammadownload.com

တရားရှုရင်း သဘောသိ

တရားတွေ ရှုတဲ့အခါ သဘောလက္ခဏာကိုလည်း သိရမယ် ဆိုပါတယ်၊ စက္ခု ရှုပါရုံစသည်ကို ရှုနေရုံနဲ့ ဘယ်လိုသဘော လက္ခဏာစသည်ကို သိနိုင်မလဲလို့ စဉ်းစားဖွယ်ရှိပါတယ်၊ မှန်ပါတယ် အစတော့ ဒီတရားတွေ ကွဲကွဲပြားပြားသိအောင် အားစိုက်နေရတာနဲ့ ရုတ်တရက်တော့ သိနိုင်မယ် မဟုတ်သေးဘူးပေါ့၊ ဒီတရားတွေ ကွဲကွဲပြားပြား သိလောက်အောင် သတိ သမာဓိတွေ အားရှိလာတဲ့ အခါတော့ ပညာကိစ္စလည်း ပေါ်လာရတာပါပဲ၊ ဒီတော့ စက္ခုစသော တရားတွေကို ကြည်တဲ့တရား ကြည်စေတတ်တဲ့ တရားတွေ အဖြစ်ကိုသော်လည်း မြင်တတ်ပါတယ်၊ ဒီတရားတွေ ဟာ ဝိညာဉ်၏တည်ရာ တရားတွေ အဖြစ်သော်လည်း ထင်ပေါ်တတ်ပါတယ်၊ အာရုံတွေကိုလည်း စက္ခုစသော အကြည်မှာ လာထိမိုက်တတ်တဲ့ တရား ထိုစက္ခုစသည်၏ အာရုံဖြစ်တဲ့ တရားဆိုတဲ့ သဘာဝကိုတော့ မြင်ရတာပါပဲ၊ ဝိညာဉ် သိတတ်တဲ့ သဘောကိုလည်း သိနိုင်ပါတယ်၊ ထို့ အတူပဲ ပထဝီစသော ဓာတ်တွေရဲ့ ရှိနေတဲ့ သဘောလက္ခဏာ ကိစ္စ ရသစသည် တစ်မျိုးမျိုးဟာ ဉာဏ်မှာ ထင်လာပါတယ်၊ သတိ သမာဓိစသော ဗောဓိတရားတွေရဲ့ သဘာဝ ဖဿအာရုံနဲ့ တွေ့ထိမှု၊ ဝေဒနာခံစားမှုစသော ရှုခိုက်မှာ သူ့အကွက်နဲ့သူ ထင်ပေါ်လာတဲ့ တရားတွေရဲ့ သဘာဝ ကိစ္စ ပစ္စုပဋ္ဌာန် တစ်မျိုးမျိုးဟာ ပေါ်လာထင်လာရတာပါပဲ ။

ဝတ္တန္တိ ဒိဋ္ဌိ ယော ကခ်ီ -
ဓမ္မ ဟေတု အဇာနနာ ၊

မိခင်ရောဝတီ

http://www.dhammadownload.com

စဟိတုံ တာ ပယုဇ္ဇေယျ -
ဉာဏော ဟေတု ပရိဂ္ဂဟော ။

ဓမ္မဟေတု အစာနနာ -အကျိုးတရား အစားစား၏ ထင်ရှားဖြစ်ရန် အကြောင်းမှန်ကို ဉာဏ်မရှိကင်း အမှန်မသိခြင်းကြောင့် ၊ **ဒိဋ္ဌယော**- ဘုရားဖန်ဆင်း အကြောင်းကင်းဟု ရှုမြင်တတ်ဘိ စိတ်ရှိအမှား ဒိဋ္ဌတရားတို့သည်လည်းကောင်း၊ **ကခ်ီ**- ရှစ်ပါးတစ်ဖွဲ့ တစ်ဆယ့်ခြောက်တစ်ဖုံ ပုံအမှားသွင်း ယုံမှားခြင်းတို့သည်လည်းကောင်း ၊ **ဝတ္ထုဿ** - ဉာဏ်မရှိ၍ အသိမဖြစ် အပြစ်ပေါ်ကာ ဖြစ်ပေါ်လာကြလေကုန်၏ ၊ **တာ** -ထိုမောဟပိတ်မိ အဆိပ်မိ၍ ဒိဋ္ဌအဖုံဖုံ ပုံမှားမကင်း ယုံမှား ခြင်းတို့ကို ၊ **စဟိတုံ**- အခါသင့်ခိုက် လုံ့လစိုက်လျက် တိုက်ဖျက်နှိမ်နင်း ပယ်ရှားခြင်းငှာ၊ **ဟေတု ပရိဂ္ဂဟော** - နာမ်ရုပ်နှစ်ဖော် ဘာ့ကြောင့်ပေါ်ဟု သင့်လျော်ပေါင်းမိ အကြောင်းအရှိကို အသိတတ်အပ် သိမ်းဆည်းတတ်သော၊ **ဉာဏော** - ပစ္စယပရိဂ္ဂဟ ခေါ်ရမှန်ဘိ ဉာဏ်အသိ၌၊ **ပယုဇ္ဇေယျ**- အမျိုးမျိုးပွား အကျိုးများဖို့ နိုးကြားမကွာ ကြိုးစားရာသတည်း။

နိဗ္ဗါ၀ ဂတီ ယသ -
ဟေတု,စာနန,ဉာဏိနော ၊
စူဠသောတာပန္နော သေ-
ကိ ' တံ တွဲ လဒ္ဓမုသဟေ ။

ဟေတု,စာနန,ဉာဏိနော- ရုပ်နာမ်နှစ်ပါး တရားဖြစ်ရန် အကြောင်းမှန်ကို အခြေခံမိ ဧကန်သိသည့် သတိတမန် အသိဉာဏ်ရှိသော ၊**ယသ**- နာမ်ရုပ်ပေါ်ထင် အမြင်မှာဆက် တိုးတက်သိမြင် အကြင်ယောဂီအား ၊ **ဂတိ** -နောက်ဘ၀တစ်ပါး သွားစရာရှိ

http://www.dhammadownload.com

လားရာဂတိသည် ၊ **နိဗ္ဗါ၀**–အပါယ်မကျ တကယ်လှတဲ့ ဘ၀စွဲဘိ မြဲသောဂတိရှိပါပေ၏၊ **သေ သော** –ပစ္စယပရိဂ္ဂဟ ဉာဏ်ရ သဘောမှီ မနောကြည်လတ် ဤသို့သောယောဂီမြတ်သည် ၊ **စူဠ သောတာပန္နော** – သောတာပန်တသွယ် အငယ်စားဟု တရားယူပြ မှုချပြောဟန် စူဠသောတာပန်ဖြစ်ပါပေ၏ ၊ **တွံ** - ကြောင်းကျိုး ဆက်ဟန် အချက်မှန်ကို ထက်သန်မြင်ချင် အသင်ယောဂီသည်၊ **တံ**– ထိုပစ္စယပရိဂ္ဂဟ အမည်ရ အမှန်ထင် ဉာဏ်အမြင်ကို ၊**လ**ဒ္ဓါ– ဉာဏ်တစ်ဆင့်တက် အခွင့်ဆက်လျက် မြင့်တက် ထင်လင်း ရရှိခြင်း ၎၊ **ဥ သဟေ ကိ** – တရားမဆုတ်စရာ အားထုတ်ပါ၏လား အရှင် ယောဂီ . . . . ။

သမ္မသနဉာဏ်

အဲဒီလို ထိုထိုရုပ်နာမ်တရားတွေ သဘာ၀နဲ့ အကြောင်း ပိုင်းပိုင်း ခြားခြား ကွဲကွဲပြားပြား သိလာရတဲ့အခါ အသိဉာဏ်က ကောင်းလေ ထိုတရားတွေရဲ့ ဖြစ်လာပြီး ပျောက်သွားရတာတွေ ကိုလည်း တွေ့နေရတော့တာပါပဲ ၊ အဆင်းမြင်ရတဲ့အခါအဆင်းက တစ်ခုတည်းမဟုတ် အမျိုးမျိုး တစ်မျိုးပျောက်ပြီး တခြားတစ်မျိုး မြင်ရတာ အထင်အရှား အသိကလည်း အဆင်းတစ်ခုပျောက်ပြီး အသစ်မြင်ရတိုင်း ရှေ့အသိပျောက် နောက်အသိရောက်လာတာ လည်း ထင်ရှားပါတယ်၊ အသံကတော့ သာထင်ရှားပါတယ် ၊ ဗုဒ္ဓ သရဏံ ဂစ္ဆामိ၊ဆိုတဲ့ အသံကြားရတဲ့အခါ တစ်ဆက်တည်းတစ်သား တည်း ထင်ရပေမယ့် ယောဂီအဖို့တော့ ဒီ အသံရှစ်လုံးဟာတစ်ခု ပျောက်သွားပြီး တစ်ခုအသစ် အသစ်ပေါ်လာတာ အလွန်ပေါ်လွင်

http://www.dhammadownload.com

နေပါတယ် ၊ ရှေ့ရှေ့အသံပျောက် နောက်နောက် အသံဖြစ်လာတာ ထင်ရှားနေသလို ရှေ့အသံသိတဲ့ အသိပျောက်၊နောက်အသံသိတဲ့ အသိသစ် ဖြစ်လာတာလည်း အထင်အရှားတွေ့နေရပါတော့တယ်၊ သည့်ပြင်တရားတွေမှာလည်း ဖြစ်ပြီးပျောက် သွားတဲ့သဘောတွေဟာ ထင်ရှားနေပါတယ်၊ အဲ ဒီအခါ အနိစ္စသဘော မြင်ရတာပါပဲ ။။

ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတဲ့ ဒီ ဉာဏ်တွေပိုင်ပြီဆိုယင် အားလုံး ပေါ်လာတဲ့ တရားတွေ ဖြစ်ပြီးပျောက်သွားရတယ်ဆိုတဲ့ အသိဟာလည်း ရှင်းလင်းလာတာပါပဲ ဒီတော့ ပေါ်လာတဲ့ တရားတွေကိုပဲ အားစိုက်ရှုရင်းနဲ့ အနိစ္စ သဘောဟာ ထင်ရှားလာတာ ဖြစ်တော့ သမ္မသနဉာဏ်အရ အနိစ္စ အဖြစ် ရှုတဲ့အခါမှာ တယ်အခက်အခဲ မရှိလှတော့ပါဘူး၊ အနိစ္စ အဖြစ်ဟာ အလိုက်သင့် ပေါ်လာတော့တာ ပါပဲ ၊ အနိစ္စထင်ယင် ဒုက္ခလည်းမြင်လာတာပါပဲ ၊ နိစ္စ မြဲတယ်ဆိုတဲ့ အထင်အရ ၊သုခချမ်းသာတယ်ထင်တာ မမြဲ တစ်ပျက်တည်း ပျက်နေတယ်ဆိုတဲ့ အမြင်ရတယ်ဆိုယင် ထိုတရားတွေအပေါ်မှာ ဘယ်မှာ သုခ လို့ ထင်နိုင်ပါ့မလဲ ၊ ထို့ အတူဒီတရားတွေကို ရှေးက နိစ္စထင် သုခ ထင်နေလို့ ကိုယ့်အလိုလိုက်သလို ထင်နေခဲ့တာ ဇီဝ အသက်လို့ ထင်နေခဲ့တာ၊ မမြဲဘူး ပျက်စီးတတ်တဲ့ တရားတွေလို့ သိနေရတဲ့ အခါ အလိုလိုက်တဲ့ အတ္တအဖြစ် အသက်ဇီဝ အတ္တအဖြစ် ၊ဘယ်မှာ ထင်နိုင်တော့မလဲ ၊အနတ္တအဖြစ်လည်း ဉာဏ်အသိမှာ ထင်လာတော့တာပါပဲ ၊ ဒီတော့ အနိစ္စအဖြစ် မြင်ရတာ ပမာန ၊ အနိစ္စ မြင်ယင်ဒုက္ခအဖြစ် အနတ္တအဖြစ်ဟာလည်း သဘောကျ ရှင်းလင်း

http://www.dhammadownload.com

နေတော့တာပါပဲ ၊ အဲဒီလို အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကို ဆင်ခြင်တိုင်း အသိဉာဏ် ရှင်းကာ ကောင်းစွာမြင်လာရတဲ့ အခါမှာတော့ သမ္မသနဉာဏ်ခေါ် ရုပ်နာမ်ကို လက္ခဏာရေးသုံးပါးတင် သုံးသပ်ရှုဆင်ခြင်တဲ့ဉာဏ်ဟာ ပြည့်စုံလာတော့တာပါပဲ

ဒီလို တစ်ဆင့်တက်ပြီး အနိစ္စ လက္ခဏာစသည် ပိုပြီးထင်ရှားလာရတဲ့အခါမှာ ယောဂီရဲ့ ဝီရိယ သတိ သမာဓိ ပညာတွေဟာ တိုးတက်မြင့်မားလာပါတယ်၊ ဒီ တိုးတက်မှု အစွဲပြုပြီး ကျေနပ်နှစ်သက် အားရမှုဟာလည်း ရှေးကထက် ထူးခြားလာမှာဖြစ်လို့ ဒီအခါ ဗောဓိပင်တရားတွေဟာ ပိုအားရှိလာတဲ့ အခါပါပဲ ။

အဒ္ဓာ နိစ္စတာဒိသ –
နေ၀ ဉာဏပရမ္မရာ ၊
တသ္မာ သမ္မသနေ ယောဂေါ –
ကရဏီယောဝ ယောဂိနာ ။

အဒ္ဓာ နိစ္စတာဒိသ– အသိရှင်း၍ အလင်းထင်စွ မမြင်ရသည့် အနိစ္စနှင့် ဒုက္ခအနတ္တာ ခြင်းရာထိမိ အသိမရှိသောသူအား ၊၀ါ- အနိစ္စနှင့် ဒုက္ခအနတ္တာ ခြင်းအရာကို လင်းစွာထိမိ အသိမထင် အမြင်ကင်းလျက်ရှိသူအား ၊ **ဉာဏပရမ္မရာ–** ဥဒယဗ္ဗယ ဘင်္ဂစသည် ထိုဤမြင်လျက် ဆင့်ဆင့်တက်သည့် တိုးလျက် ထက်သန် လျင်မြန်ထက်မြက် ဉာဏ်အဆက်ဆက်တို့သည် ၊ **နေ၀ (ဟောန္တိ)** ဖြစ်ပြီးပျက်ဟန် တစ်ဖုံဖန်သည့် ပုံမှန်အရှိ အသိမဖြစ်မစစ်မပိုင် မဖြစ်နိုင်သည်သာတည်း ၊ **တသ္မာ –** အနိစ္စဟု ဒိဋ္ဌထင်ထင် ပုံမမြင်က ဉာဏ်စဉ်ဆက်ဆက် အမှန်ပင်မတက်သောကြောင့် ၊ **ယောဂိနာ–** ဉာဏ်တွေ ဉာဏ်တွေ တိုးတက်နေသော

http://www.dhammadownload.com

စိတ်ဓာတ်စောလျက် မနောကြည်လင် ယောဂီရှင်သည် **သမ္မာသနေ** မမြဆင်းရဲ ဓာတ်မျှပဲဟု စွဲမြဲထင်ထင် အမြင်မှန်ရ သမ္မသနတွင် ဉာဏ်အမြင်၌ **ယောဂေါ**–အလိုပြည့်ဘိ ကိုယ်တွေ့သိအောင် သတိ မကင်း အားထုတ်ခြင်းကို **ကရဏီယောဝ**– အမြဲမှန်မှန် ဇွဲသန်သန် ထား နိုးကြားမယုတ်ကြိုးစားပြုလုပ် သင့်သည်သာလျှင်တည်း။

ဥဒယဗ္ဗယဉာဏ်

ဒီနောက် ဥဒယဗ္ဗယဉာဏ်ရောက်ဖို့ ကတော့ အနိစ္စစသော လက္ခဏာသုံးပါး တကယ်ထင်အောင် ရှုဖို့ပါပဲ ၊ အထူးသဖြင့် အနိစ္စတကယ်ထင်ဖို့ အရေးကြီးပါတယ် အဲဒီ တော့ ယခင် ရုပ်နာမ်တရားတွေကိုပဲ အနိစ္စအဖြစ်ထင်ပေါ်အောင် စွဲစွဲမြဲမြဲ ရှုနေဖို့လိုပါတယ် အဲဒီလို ရှုနေတဲ့အခါ တရားတွေကလည်း တစ်ခု စီတစ်ခုစီ လျှင်မြန်စွာ ထင်လာမယ် ဖြစ်ပြီး ပျက်သွားတာကလည်း လျင်လျင်မြန်မြန် ထင်လာပေါ်လာမယ် ၊ အားမစိုက်ရပဲ သူ့ဟာ သူဆိုသလို တရားတွေ ထင်ပေါ်လာလို့ အနိစ္စအဖြစ်ကလည်းအထူး ထင်ရှားစွာ ပေါ်လာမယ်ဆိုယင် အဲဒီအခါ ဥဒယဗ္ဗယဉာဏ်ရောက် တာပါပဲ ။

ဒီဉာဏ်ရောက်ယင်တော့ ဖြစ်လိုက်တာကိုလည်း အထင် အရှားသိရ ပျက်သွားတာကိုလည်း အထင်အရှားသိရ ဒီလိုသိတာ ကလည်း ဒီ ဉာဏ်အရောက်ဖြစ်နေတဲ့ သတိ ပညာ စသော တရား တွေက ရှေးကနှင့်မတူ အလွန်ထူးခြားထက်သန်နေလို့ပါပဲ ၊အဲဒီလို လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တို့ရဲ့ အဖြစ်အပျက်ကို အားမ စိုက်ရ သူ့ဟာသူ ပြနေသလိုမြင်ရယင် ဒီအခါမှာ ထူးခြားတဲ့

http://www.dhammadownload.com

အလင်းရောင်လည်း ပေါ်လာတတ်တယ် ၊ ဝိပဿနာကြောင့်ဖြစ်တဲ့ အလွန်နှစ်သက် ပျော်ရွှင်တဲ့ ပီတိလည်းဖြစ်လာတယ် ၊ ကိုယ်စိတ် နှစ်ပါး အေးချမ်းတဲ့ ထူးခြားတဲ့ ပဿဒ္ဓိလည်းဖြစ်လာ၊ ဒီ ပဿဒ္ဓိ အရ လေးလံထိုင်းမှိုင်းမှုမရှိ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် နူးညံ့ပျော့ပျောင်း ဘာဝနာမှုပြုလို့ အလွန်ကောင်းနေခဲ့တယ်၊ အလွန်အားကောင်းတဲ့ သဒ္ဓါ ပေါ်လာလို့ စိတ်စေတသိက်တွေဟာ လွန်စွာကြည်လင်နေတယ် ၊ မလျော့မတင်း ညီညီမျှမျှနဲ့ အတူ ဖြစ်ဖက်တရားတွေ မြောက်ပင့်ပေးနေတဲ့ ဝီရိယလည်း ဖြစ်လာ တယ် ၊ တစ်ကိုယ်လုံးပြန့်စေတဲ့ အလွန်ကောင်းတဲ့ သုခဝေဒနာ ချမ်းသာအထူးလည်းဖြစ်နေ အလွန်ထက်မြက် သန့်ရှင်း ရှုတိုင်း ရှင်းလင်း သွက်လက် အချက်ကျသိနေတဲ့ ပညာလည်းဖြစ်လာ တကယ်စွဲမြဲစွာ တည်နေတဲ့ သတိလည်းဖြစ်လာ ၊ တရားတွေက လည်း ထင်ရှားနေ အဖြစ်အပျက်ကလည်း ထင်ရှားနေလေတော့ လျှင်လျှင်မြန်မြန် ဖြစ်ပျက်ထင်ရှားနေတဲ့ တရားတွေဟာ အလို လိုထင်ပေါ်လာနေသလို ဖြစ်နေလို့ ထိုတရားတို့ကို ရှုဖို့ ဗျာပါရ မပြု အသင့်ရှုတဲ့ ဝိပဿနာဥပေက္ခာ ဆင်ခြင်လိုတိုင်း သွက်လက် လျင်လျင် ဆင်ခြင်နိုင်တဲ့ အာဝဇ္ဇန်း ဥပေက္ခာလည်း ထင်ရှားဖြစ် နေတယ် ။

ဒီလောက်ကောင်းနေတဲ့ ဝိပဿနာမှာ သာယာနှစ်သက် နေတဲ့ နိကန္တိခေါ် သိမ်မွေ့တဲ့ တဏှာလည်းဖြစ်လာတတ်တယ် ၊ ဒီတော့ ဒီအခါမှာ ဗောဓိပင်တရားတွေဟာ ဘယ်မျှအားကောင်း ထင်ရှားနေတယ်ဆိုတာ သိနိုင်ပါတယ် ၊ဒါပေမယ့် ဒီလိုအခါမှာ မကျွမ်းကျင်တဲ့ ယောဂီဟာ ၊ မဖြစ်စဘူး အဖြစ်ထူးတွေ ဖြစ်လာလို့

http://www.dhammadownload.com

မဂ်ရပြီထင်ပြီး ထိုအရာထိုတရားတွေကို သာယာစွဲလမ်း နေလို့ ကမ္မဋ္ဌာန်းဟာ ရပ်တန့်ဆုတ်ဆိုင်း သွားတတ်ပါတယ်၊ ဒီနေရာမှာ နောက်ဆုံး နိကန္တိခေါ် သာယာနှစ်သက်မှုသာ ဝိပဿနာညစ်ညူး ကြောင်းအစစ်ပါ၊ အရောင် ပီတိစသည်က သဘာဝအားဖြင့်ညစ် ညူးကြောင်းတွေ မဟုတ်ပါဘူး ၊ အဲဒါတွေကို အကြောင်းပြုပြီး တွယ်တာ စွဲလမ်း အထင်ကြီးတဲ့ တဏှာမာနဒိဋ္ဌိတွေ ဖြစ်ကြောင်း ဖြစ်လို့သာ ဝိပဿနာညစ်ညူးကြောင်း ဆိုခြင်းဖြစ်ပါတယ် ။

ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်း ဆိုရတဲ့ ဒီအထိတော့ တရုဏ ဝိပဿနာ နုတဲ့ဝိပဿနာခေါ်ပါ တယ် ၊ ဒီ တရုဏ ဝိပဿနာ ရယင်ပဲ အာရဒ္ဓဝိပဿက ဝိပဿနာအားထုတ်မှု အစပြုပြီး ဝိပဿနာယောဂီလို့ ဆိုရပါတယ် ၊ သမ္မသနဉာဏ်အခိုက်မှာ ဝိပဿနာက အစစ်မဟုတ်သေး ပရိယာယ် ဝိပဿနာသာတဲ့ ၊ဥဒ ယဗ္ဗယကျမှ အနိစ္စစသည် ကောင်းစွာမြင်လို့ ဝိပဿနာအစစ် ဆို တယ်၊ ဒါ့ကြောင့်လည်း ဥဒယဗ္ဗယဉာဏ်ရှေ့ပိုင်း တရုဏ ဝိပဿ နာရလျှင် ဝိပဿနာအလုပ် အားထုတ်စပြုပြီး ပုဂ္ဂိုလ်လို့ ဆိုခြင်း ဖြစ်ပါတယ် ၊

ဒီအခါမှာ နားလည်ကျွမ်းကျင်တဲ့ ယောဂီကတော့ ဒါတွေ ဟာ လမ်းမှန်မဟုတ် ဝိပဿနာ သာ လမ်းမှန်လို့ သိပြီး အားထုတ် မြဲအတိုင်း ဆက်လက်အားထုတ်နေလျှင် ဝိပဿနာညစ်ညူး ကြောင်း တွေ လွန်မြောက်ပြီး ရင့်သန်တဲ့ ဥဒယဗ္ဗယဉာဏ်ရောက်သွားရ တော့တယ်၊ နုတဲ့ဝိပဿနာမှာတောင် ဗောဗျင်တရားတွေဟာ လွန် စွာကောင်း အလွန်အားရှိနေတော့ အားရှိတဲ့ ဝိပဿနာ ဆိုရတဲ့ ဥဒယဗ္ဗယနောက်ပိုင်းကစပြီး ဗောဗျင်တရားတွေဟာ ဘယ်လောက်

http://www.dhammadownload.com

အားကောင်းနေမယ် ဆိုတာ ပြောစရာမရှိတော့ပါ ၊ ဒါ့ကြောင့် အာရဒ္ဓဝိပဿကပုဂ္ဂိုလ်အဖြစ်ကစပြီး သမ္မောဓိပဋိပဒါခေါ် ဗောဓျင် အကျင့် ကျင့်နေသူဖြစ်ကြောင်း အထူးမိန့်ဆိုကြခြင်း ဖြစ်ပါတယ်

သမ္မာဒိဋ္ဌာ နိစ္စါဒိဿ -
ဉာဏ် စာတောဒယဗ္ဗယ် ၊
အမာနုသီ ရတိ တသ -
ဝမ္မာ စ အဗ္ဗု တုန္ဒတာ ။

သမ္မာဒိဋ္ဌာ နိစ္စါဒိဿ -မမြဲဆင်းရဲ ကောင်းလည်းမဟုတ် သရုပ်မှန်ဘီ ကောင်းစွာမြင်အပ် သော အနိစ္စစသော သဘောရှိ သူအား -၀ါ- အနိစ္စ ဒုက္ခ အနတ္တ သုံးဖြာ ကောင်းစွာမြင်လတ် သုံးသပ်ထင်ထင် အမြင်ပေါက်သော ပုဂ္ဂိုလ်အား ၊**ဥဒယဗ္ဗယ်ဉာဏ်** ရုပ်နမ်နှစ်ချက် ဖြစ်တိုင်းပျက်လျက် ဖြစ်ပျက်ဖြစ်ပျက် သစ်သစ် ဆက်ဟန် အချက်မှန်ကို ထက်သန်လျင်လျင် အမြင်သာသာ ပညာ တစ်ခုဥဒယဗ္ဗယတွင် ဉာဏ်အမြင်သည် ၊ **စာတံ**- အမြင်ထူးလျက် ရှင်မြူးဖွယ်ရာ ဖြစ်ပေါ်လာခဲ့ပါပေ၏ ၊**တသ=** ထိုဥဒယဗ္ဗယဉာဏ် ကိုရသော မနောကြည်လင်သော ယောဂီရှင်အား ၊**အမာနုသီ** လူ. ဘဝတစ်ခွင် ပျော်ရွှင်မှုမျိုး လွှမ်းမိုးသာလွန်သော ၊**ရတိ**– နှစ်သက် ပီတိ အဆီရှိလျက် ငြိမ်သက်အေးရိုး အပျော်မျိုးသည် (**ဟောတိ**) ဘဝအသစ် တစ်ခေတ်ဖော်ကာ ဖြစ်ပေါ်လာခဲ့ပါပေ၏ ၊ **ဝမ္မာစ**- သတိပညာ ဥပေက္ခာနှင့် သဒ္ဓါဝီရိယ စသည်မျှားရိုး တရားမျိုးတို. သည်လည်း ၊**အဗ္ဗုတာ**-မဖြစ်ဖူးမြဲ ထူးကဲတကယ် အံ့ဖွယ်တစ်ခေတ် ပြန်.ကြွယ်ဖြစ်ကြကုန်လျက် ၊ **ဥန္ဒတာ** – အဟုန်သွက်လျက် ခုံတက် မြင့်ကာ သစ်သစ်ဖြာ ဖြစ်လာပေါ်ထွက် ကုန်သတည်း . . . ။

မိခင်ရောဝတီ

http://www.dhammadownload.com

ဘင်ဉာဏ်

ဝိပဿနာ ညစ်နွမ်းကြောင်းတွေမှ လွတ်ကင်းပြီး လမ်းမှန်ရောက်လာတဲ့ အားရှိတဲ့ ဥဒယဗ္ဗယဉာဏ်ရောက်လာတဲ့ အခါ အဖြစ်အပျက် မြင်တဲ့ဉာဏ် မမြဲဆင်းရဲ အသက်ကောင် မဟုတ်ကြောင်း သိမြင်ဆင်ခြင်တဲ့ဉာဏ် အလွန်ထက်မြက်လာ သခ်ါရရူပ်နာမ်တို့ကလည်း လျင်စွာလျင်စွာ ထင်လာ အဲဒီလို ဉာဏ်ကလည်း သွက်လက်ထက်မြက် သခ်ါရတို့ကလည်း လျင်မြန်စွာ ထင်လာတော့ ဒီအခါ ယောဂီရဲ့ဉာဏ်မှာ ဥပါဒ်လည်းမထင် ဌီလည်းမထင် ရူပ်နာမ်စဉ်လည်းမထင် သခ်ါရ ပုံဟန် နိမိတ်လည်းမထင်လာ သခ်ါရတို့၏ ချုပ်မှုပျက်မှုချည်းသာ မြင်နေရတော့တယ် ၊ ဒီလို အပျက်ချည်းမြင်နေရတဲ့အခါ ဘင်ဉာဏ်ဖြစ်လာတော့တာပဲ၊ ဒီလိုဖြစ်တဲ့အခါလည်း ရှေ့ရူပ်နာမ် ပျက်မှုကို ဉာဏ်ဖြင့်သိ အဲဒီ အပျက်ကိုသိတဲ့ ဉာဏ်ရဲ့ ပျက်မှုကိုလည်း နောက်ဉာဏ်ကသိနဲ့ အပျက်ကို ဒီအသိမျိုးနဲ့ ဆက်ကာဆက်ကာ သိနေတော့တယ် ၊ တစ်ရိပ်ရိပ်ပျက်နေသော အပျက် တွေကို အားမစိုက်ရပဲ ရုပ်ရှင်ပြနေသလို မြင်နေရသော ယောဂီအဖို့ ထိုအခါမှာ သတိ ပညာ သမာဓိ ဝီရိယတို့ကလည်း အလွန်ထက် ပီတိပဿဒ္ဓိတွေက အလွန်ပေါ်လွင် ဗျာပါရမပြု အသင့်ရှုမှု ဥပေက္ခာကလည်း အလွန်ကောင်းနေလို့ ဗောဓျင်တရားတွေ အားအလွန်တက်နေတဲ့ အခါပါပဲ ဒီ ဘင်ဉာဏ်အခိုက်မှာဖြင့် ဗောဓျင်ပဋိပဒါအကျင့်ဟာ တစ်ဆင့်မြင့်ကာ ပွင့်တက်တိုးပွား လာတဲ့ အခါပါပဲ ။

လဟုပဌာန သခ်ါရော –
တိက္ခဉာဏော ဒယဗ္ဗယေ ၊

မိခင်ရောဝတီ

http://www.dhammadownload.com

ဥပ္ပါဒါဒိ မနာဝဇ္ဇံ –
ဘဂ်ိုဃာ မဓိဂ္ဂတိ ။

ဥဒယဗ္ဗယေ–ဖြစ်ပြီးပျက်လစ် တစ်ဖန်ဖြစ်လျက် တစ်ဖန်ပျက်ဟု ရှုတိုင်းမနစ် သစ်သစ်ဆက်ပွား ဖြစ်ပျက်နှစ်ပါး၌ ၊**တိက္ခ ဉာဏော** – မလွတ်တန်းဟူ အစွမ်းလူလျက် ဖန်းယူသွက်လက် အချက်ချက်ထင် ထက်မြက်သောဉာဏ်ရှင် ဖြစ်ပေထသော ၊**လဟု ပဋ္ဌာန သခ်ါရော**–ဉာဏ်ထက်မြက်၍ သွက်လက်ပေါ်လွင် အမြင်သာလျက် လျင်စွာလျင်စွာ ထင်လာရဘိ သခ်ါရတရားရှိသော မနောကြည်လင် ယောဂီရှင်သည် ၊**ဥပ္ပါဒါဒိ** – ဥပါဒ်ဌိသွင် ဖြစ်စဉ်အရိပ် ပုံနိမိတ်ကို ၊**အနာဝဇ္ဇံ အနာဝဇ္ဇန္တော** - ဉာဏ်ဆင့်တစ်ချက် မှန်မြင့်တက်လျက် သက်သက်လုံးလုံး အဆုံးကင်းဘိ နှလုံးမသွင်းမိသည်ဖြစ်၍ ၊**ဘဂ်ိုဃာ** -ပေါ်လျက်ပေါ်လျက် လျင်စွာပျက်သည့် ရေဗွက်ကိုမြင် ပုံအသွင်သို့ ဉာဏ်မြင်ကသွက် ဖြစ်ပျက်ကမြန် ပုံဟန်ဆင်အရ အမြင်လှအမှန် ဘဂ်ိုဃာဉာဏ်ကို၊ **အဓိဂ္ဂတိ** - ဉာဏ်အမြင့်ဆက် တစ်ဆင့်တက်လျက် အထက်တန်းပိုင် တက်လှမ်းကိုင်လေတော့ သတည်း ။

ဘယဉာဏ်

ဒီလိုနဲ့ ဘဂ်ိုဃာဉာဏ်ကို ထပ်တလဲလဲ ပွားများနေသော ယောဂီအဖို့ တစ်ပျက်ထည်း ပျက်နေတာချည်း မြင်နေရတော့ ကြောက်တတ်သူ လူတစ်ဦးဟာ တောထဲမှာ ကျားခြေသ့် စသည်တို့နဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ ကြောက်မက်ဖွယ်ဘေးကြီး အဖြစ်ထင်လာမြင်လာသလို သခ်ါရရုပ်နာမ်တို့ အပေါ်မှာ ကြောက်ဖွယ်

http://www.dhammadownload.com

ရာ ဘေးအဖြစ် ထင်မြင်လာတော့တယ် ၊ အဲ ဒီလို ကြောက်ဖွယ် ဘေးအဖြစ်မြင်လို့ ရှေးကဖြစ်ခဲ့တဲ့ ရုပ်နာမ်တွေလည်း ချုပ်ခဲ့ပျက်ခဲ့ ကြပြီ ၊ ယခုဖြစ်နေဆဲ သခ်ၦိရ ရုပ်နာမ်တွေလည်း ချုပ်နေ ပျက်နေဆဲ နောင်ဖြစ်မယ့် ရုပ်နာမ်တွေလည်း ဒီလိုပဲ ချုပ်ပျက်နေဦး မှာပါ တကားလို့ သဘောကျလာတဲ့အခါ ဘယညာဏ်ဖြစ်လာရပါတယ်၊ ဒီဘယညာဏ်က ခုန ကျားခြသေ့် မြင်ရတဲ့လူ ကြောက်ပုံမျိုး ကြောက် တာတော့ မဟုတ်ပါဘူး ၊ ကြောက်ဖွယ်အဖြစ်ဆင်ခြင် မြင်ရုံမျှသာ ဖြစ်ပါတယ် ၊

ဘင်ဝ ဘင်ညဏေန –
ပဿတော ဘယတော တဒါ၊
ဥပဋ္ဌာတိ တဿ ဘယ –
ညာဏံ ဥပ္ပဇ္ဇိ ယောဂိနော ။

ဘင်ညဏေန–တရိပ်ရိပ်ပင် ပျက်နေအင်သို့ အမြင်ဖန် လတ် တဲလျှပ်အသွင် အမြင်ရမှန် ဘင်ညာဏ်ဖြင့် ၊**ဘင်ဝ**–ဥပါဒ် ဌိမထင် ဖြစ်စဉ်ပုံရိပ် နိမိတ်ပျောက်ယျက် ဆက်ဆက်ထိုထို အပျက် ကိုသာလျှင် ၊**ပဿတော** – တစ်ဆင့်တက်လျက် မြင့်တက်ထင်စွ အမြင်ရသော ၊ **ယောဂိနော**-ယောဂလမ်းစဉ် စခန်းဝင်လျက် မြင် သဘောမှီ အရှင်ယောဂီအား ၊ **တဒါ**– အပျက်ချည်းပင် မြင်ရာ ထင်ရာထိုအခါ၌ ၊**ဘယတော** –ချမ်းသာဖွယ်ထင် အမြင်ပျောက် ကွယ် ကြောက်စဖွယ် အနေအားဖြင့် ၊**ဥပဋ္ဌာတိ**– ညာဏ်မြင်ပြောင်း လျက် တိုးတက်မြင်ကာ ထင်လာပေတော့သတည်း၊ **တဿယောဂိ နော** –ကြောက်ဖွယ်အသွင် အမြင်သဘောမှီ ထိုယောဂီအား ၊**ဘယ ညာဏံ** –သခ်ၦိရဝယ် ထောက်တွယ်မရ ကြောက်ဖွယ်ပဟု ရှုဆ

http://www.dhammadownload.com

ရမှန် ဘယညာဏ်သည် ၊ **ဥပ္ပဇ္ဇိ** -ဘေးအသွင် ဖြင့် အမြင်ပေါက်လစ် အသစ်ပေါ်ကာ ဖြစ်ပေါ်လာခဲ့ပါပေသတည်း . . . ။

အာဒီနဝညာဏ်

ဘယညာဏ်ဖြစ်လို့ သခ်ါရတွေကို ကြောက်ဖွယ်အဖြစ် မြင်ရတဲ့ ယောဂီအဖို့ သခ်ါရအား လုံးတွင် သာယာဖွယ်မထင် အပြစ်ချည်းမြင်နေတော့တယ် ၊ ကြောက်တတ်သူတစ်ယောက်ဟာ သာယာပျော်ရွှင်ဖွယ်အဖြစ်ဖြင့် တည်နေတဲ့ တောကြီးကိုပင် ခြေသံ့သစ် ကျား သားရဲတွေပေါများ နေတာသိရတော့ ပျော်ဖွယ်ရာမထင် အပြစ်ချည်းမြင်နေသလို ဘယ်လောက်ပင် ချမ်းသာဖွယ်ထင် နေရတဲ့ သခ်ါရတွင်ဖြစ်စေ အပြစ်တွေသာမြင်နေရတော့တယ် ၊ အဲဒီ အခါမှာ အာဒီနဝညာဏ် ဖြစ်လာ တာပါပဲ ။

သခ်ါရေသု ဘယံ ဒိသွာ -
အာဒီနဝေါ ပဒိဿတိ ၊
တဒါ အာဒီနဝံ ဉာဏံ -
ပါတုဘူတံဝ ယောဂိနော ။

သခ်ါရေသု- အကြောင်းစုံ၏ အပြုထင်စွာ ပြင်စရာမမှ သခ်ါရတို့၌ ၊ **ဘယံ** - ဘဝ်ဉာဏ်ပေါက် အမြင်ရောက်၍ ထောက်အတွယ်ကွာ ကြောက်ဖွယ်ရာဟု ၊**ဒိသွာ** - ဘယညာဏ်ဝင် အထင်ကရ မြင်ရသည်ရှိသော် ၊ **အာဒီနဝေါ** - ဘေးတွေဖြစ်လာ ခေတ်အရာမို့ ပစ်စရာ မချစ်လို အပြစ်ကိုသာ ၊**ပဒိဿတိ** - ယောဂိစိတ်တွင် တံဆိပ်ထင်သို့ အသွင်တစ်ရပ်ပမာ မြင်အပ်ပါပေ၏ **တဒါ**-သခ်ါရ၌ လုံးဝမချစ်ခင် အပြစ်မြင်ရာ ထိုအခါ၌ ၊**ယောဂိနော**

http://www.dhammadownload.com

ဘယဉာဏ်မှ အဆင့်လှသား မြင့်ရဉာဏ်မြင့် တစ်ဖန်ဆင်လျက် အမြင့်ဇောကြည် ရှင်ယောဂီအား ၊ **အာဒီနဝံ ဉာဏံ** – အာဒီနဝ မည်ရ အမှန်ထင် ဉာဏ်အမြင်သည် ၊ **ပါတုဘူတံ**– အမှန်ထင်ထင် ဉာဏ်အသွင်တစ်ပါး အမြင်အားဖြင့် ထင်ရှားဖြစ်ပေါ်ခဲ့ ပါပေ သတည်း ။

နိဗ္ဗိဒါဉာဏ်

သင်္ခါရရူပ်နာမ်တွေမှာ အပြစ်မြင်လာတော့ ဒီသင်္ခါရတွေ အပေါ် မပျော်ရွှင်နိုင်ပဲ ငြီးငွေ့လာရတယ် ၊ ရူပ်နာမ်သင်္ခါရတွေမှာ ငြီးငွေ့ပေမယ့် မရှုပဲတော့ နေတာမဟုတ်ပါဘူး ရူပ်နာမ်မှာ ငြီးငွေ့ လျက် အရှုမပျက် ဆက်ရှုမြဲပါပဲ ၊ ရှေ့ဟသ်ာဟာ အညစ်အကြေး တွေ ပြည့်နေတဲ့ တန်စီးတွင်းမှာမပျော် သာယာစင်ကြယ်ပျော်ဖွယ် ရာ အိုင်ကြီးတွေမှာသာ ပျော်သလို ဘာဝနာရတိ မကွာရှိနေတော့ ထိုရူပ်နာမ်ကို ပွားများတဲ့ ဘာဝနာမှာတော့ ပျော်လျက်သာ ရှိ ပါတယ်၊ ဒါ့ကြောင့်နောက်က ပြောခဲ့တဲ့ ဘယ အာဒီနဝနဲ့ ယခု နိဗ္ဗိဒါဉာဏ်တွေမှာလည်း ဗောဇ္ဈင်တရားတွေဟာ အားကောင်းမြဲ အားကောင်းလျက်သာ ရှိနေပါတော့တယ် ။

သင်္ခါရာန မာဒီနဝ –
မဝေက္ခတော ဟိ ယောဂိနော ၊
နိဗ္ဗိဒါဉာဏ မုပ္ပဇ္ဇိ –
တေသု တေန နိဗ္ဗိန္ဒတိ ။

သင်္ခါရာနံ -ဖြစ်ပြီးချုပ်ဟန် သရုပ်ဖန်တဲ့ ရူပ်နာမ်နှစ်ဖြာ ထင်လာသမျှ သင်္ခါရတို့၏ ၊**အာဒီနဝံ**–ကြောက်ဖွယ်သီးသီး ပျက်စီး

http://www.dhammadownload.com

ကြပုံ ဖုံဖုံစစ်လေ အပြစ်တွေကို ၊**အဝေကွတော–အဝေကွန္တသ**–ဉာဏ်တစ်စဉ်တက် အမြင်သွက်လျက် အချက်ထင်ထင် သက်ဝင်မှုများ ဂရုထားမသွေ ရှုစားနေသော ၊ **ယောဂိနော** –တရားအလုပ်ပွားမယုတ်ဘဲ အားထုတ်ရှင်ရှင် အစဉ်ဇော ကြည် ရှင်ယောဂီအား၊ **နိဗ္ဗိဒါဉာဏ်** – ပျက်စီးနေကြ သင်္ခါရတွင် အပြစ်မြင်၍ ရှင်ဖွယ်မှီးစေ့ နည်းမတွေ့.မှန် ငြီးငွေ့.သောဉာဏ်သည် ၊ **ဥပ္ပန္နိ**– မြင်ပုံတစ်ခေတ် အသစ်ဖော်ကာ ဖြစ်ပေါ်လာခဲ့လေပြီ ၊**တေန** – ငြီးငွေ့.စိတ်ရှိ တံဆိပ်ဖိလျက် နိဗ္ဗိဒါတွင် ထိုဉာဏ်မြင်ဖြင့် ၊**တေသု**–အပြစ်ထင်ကာ ရှင်စရာမရ ထိုသင်္ခါရတို.၌ ၊ **နိဗ္ဗိန္နတိ** – သာယာဖွယ်မထင်ပြစ်ချည်းမြင်၍ ရှင်ဖွယ်သီးသီး နည်းမတွေ.ချေ ငြီးငွေ့.လေတော့သတည်း ။

မုဒ္ဓိတုကမျတာဉာဏ်

တစ်စုံတစ်ခု အစွဲပြုပြီး ငြီးငွေ့.လာယင်တော့ ထိုအရာနဲ.လွတ်အောင်ရှောင်လိုတဲ့စိတ်ဟာ ဖြစ်မြဲမမှတာပါပဲ ရေထဲမှာပျော်တဲ့ငါးဟာ တံငါပိုက်ကွန်ထဲ ဖမ်းမိနေယင် အဲဒီပိုက်ကွန်ထဲကလွတ်ချင် ထွက်ချင်နေသလို ဘာဝနာတွင် ပျော်ရှင်တဲ့ ယောဂီအဖို.သင်္ခါရတို.မှာ ငြီးငွေ့.လာတဲ့အခါ သူ.စိတ်ဟာ သင်္ခါရတို.မှ လွတ်လိုကင်းရှင်းလိုလျက်သာရှိပါတယ်၊ အဲဒီလို သင်္ခါရတို.မှာ တွယ်တာမှုကင်း သင်္ခါရတို.မှ လွတ်ချင်နေတဲ့ ယောဂီအဖို. အဲဒီအခါမှာ မုဒ္ဓိတုကမျတာဉာဏ် ဖြစ်လာရပါတယ် ။

နိဗ္ဗိန္နော သင်္ခါရေသု –
တေဟိ မုဒ္ဓိတုကမျတာ ၊

မိခင်ရောဝတီ

http://www.dhammadownload.com

စာတာ တဒါနိ ယောဂိသ –
ဥဏ္ဍံ တန္ဟာမကံ ဘဝေ ။

သခ်ါရေသု – စစ်လေစစ်လေ အပြစ်တွေဟု ရှုမြင်လာရ သခ်ါရတို့၌ ၊ **နိဗ္ဗိန္ဒန္တော** –အပြစ်ချည်းမို့ ပျော်နည်းရွှင်နည်း နည်းမတွေ့ပြီ ငြီးငွေ့တဲ့ယောဂိပုဂ္ဂိုလ်သည် ၊ **တေဟိ**– အပျက်ချည်းဖောက် ကြောက်ဖွယ်ရာဖြစ် အပြစ်ချည်းသာ မြင်လာရငြား ထိုသခ်ါရတရားတို့မှ ၊**မုစ္စိတုကမျတာ**–ပိုက်ကွန်မှ ငါးအနေ မြွေပါးစပ်မှ ဖားအသွင် မခင်မည္ဆတ် အစဉ်လွတ်လိုလှသည်၏ အဖြစ်သည် ၊ **စာတာ** – ဥဏ္ဏာစဉ်လမ်းပွင့် တစ်ခန်းဆင့်လျက် အသင့်လျှော်စွာ ဖြစ် ပေါ်လာရပါပေ၏ ၊ **တဒါနိ** – ဝဋ်တခိုမှ လွတ်လိုလှတဲ့ ဆန္ဒထူးစွာ ဖြစ်ပေါ်လာတဲ့ ထိုအခါ၌ ၊ **ယောဂိသ**– ပဓာနလမ်းစဉ် စခန်းဝင်လျက် အမြင်ဇောကြည် **အရှင်ယောဂီအား** **တန္ဟာမကံ**-သခ်ါရခပင်း ဝဋ်အတွင်းမှ လွတ်ကင်းစိတ်ပို လွတ်လိုလှ ဘိ ထိုမုစ္စိတုကမျတာ အမည်ရှိသော ၊ **ဥဏ္ဍံ** – တစ်ဆင့်ပွင့်လျက် မြင့်တက်မှန်ဘိ ဥဏ္ဏာအသိသည် ၊ **ဘဝေ** – နိဗ္ဗာန်ရောက်ရန် တစ်ထောက်ဖန်လျက် ပေါ်ထွက်သစ်စွာ တစ်ခေတ်သာ ဖြစ်လာ ခဲ့ရပေသတည်း ။

ပဋိသခ်ါဥဏ္ဏာ

ဒီနောက် ပဋိသခ်ါဥဏ္ဏာ သခ်ါရတို့ကို အနိစ္စစသော လက္ခဏာသုံးပါးဖြင့် ထပ်မံရှုတဲ့ ဥဏ္ဏာပါပဲ ၊ ဒီ အနိစ္စစသော အမြင်ကရှေးကလည်းဖြစ်ပြီးပဲ၊ ဘာ့ကြောင့်ထပ်ရှုရသလဲ ၊သခ်ါရတို့မှ လွတ်ချင်တဲ့ပုဂ္ဂိုလ်ဟာ လွတ်ကြောင်းရှာတော့တာပါပဲ ၊ လွတ်ကြောင်းက

http://www.dhammadownload.com

ဝိပဿနာ ၊ ဝိပဿနာမှာ အနိစ္စ ဒုက္ခ အနတ္တ အမြင်က ပဓာန၊ ဒါကြောင့် နောက်ကပြောခဲ့တဲ့ တရားတွေမှာ အနိစ္စ ဒုက္ခ အနတ္တ သဘောပေါ်အောင်ပဲ ထပ်ရှုနေရခြင်းဖြစ်ပါတယ် ၊ ဒီနေရာမှာ ဘယ အာဒီနဝ နိဗ္ဗိဒါ မုစ္စိတုကမျှတာ ပဋိသခါဉာဏ်တွေ ထင်ရှားစေတဲ့ ဥပမာကလေး ဝိသုဒ္ဓိမဂ်မှာ ပေးထားပါတယ်။

လူတစ်ယောက်ဟာ ငါးဖမ်းမယ်လို့ ရေထဲမြှုံးချ ထောင်ထား မြှုံးထဲမှာ မွှေကြီးမိနေ မြှုံးဝက လက်သွင်းမွှေလည်ပင်းကိုင်မိတဲ့အခါ ငါးအကြီးကြီး ငါမိပြီ အထင်နဲ့ အားရဝမ်းသာ ဆွဲထုတ်ကြည့်လိုက်တော့ လားလား လည်ရေးသုံးဆင့် မြင်ရလို့ မွှေဆိုးမှန်းသိ ၊ သိတော့ကြောက်လာ အပြစ်မြင်လာ စိတ်ပျက်လာ၊ ဒီတော့ လွှတ်ပြစ်ချင်လာ ရုတ်တရက်လွှတ်လိုက်ယင် မိမိကို ကိုက်မှာမို့ မကိုက်နိုင်အောင် လွှတ်ဖို့အကြောင်း စဉ်းစားပြီး ခေါင်းအပေါ် လက်မြှောက်ပြီး နှစ်ကြိမ်သုံးကြိမ် ချာလပတ်လည်အောင် ဝှေ့ရမ်းပြီး မွှေကို အားနည်းအောင်ပြု လွှတ်ပစ်လိုက်တယ် ၊အဲဒါလိုပဲ ခန္ဓာကိုယ်ကို ယောဂီဟာရှေးကနှစ်သက်နေ တရားအားထုတ်မိလို့ ဘယ အာဒီနဝ နိဗ္ဗိဒါ မုစ္စိတုကမျှတာ ဉာဏ်တွေဖြစ်လာပြီး လွှတ်ချင်လာ ၊ လွှတ်ချင်လာတဲ့ အတိုင်း လွှတ်ဖို့နည်းလမ်း အပြည့်အစုံဖြစ်ဖို့ ဒီအနိစ္စစသော လက္ခဏာရေးသုံးပါးကိုပဲ ထပ်ဆင်ခြင်ရပါတယ် ၊ဒီ ပဋိသခါဉာဏ် အခိုက်မှာလည်း ရပြီးကျေပြီးစာရွတ်ရတဲ့အခါ သက်သာ ချောမော သူဟာသူ ရွတ်သွားရ သလိုဖြစ်နေတဲ့ နည်းအတိုင်း ထင်ပြီး အနိစ္စစသော သဘောကို ထပ်ဆင်ခြင်တာဖြစ်တော့ သတိပညာ စသည်ဟာ သွက်မြဲသွက် ထက်မြဲထက်နေလို့ ဗောဓိပင်တရားတွေဟာ အားရှိစွာ ပေါ်လျက်ဖြစ်လျက်ရှိ

http://www.dhammadownload.com

နေပါတယ် ။

မုစ္ဆိတုကာမတော တသ-
နာနာကာရေန လက္ခဏော ၊
ပုန ဝိပသ္သတော ပဋိ -
သခ်ိဉာဏံ ပဝတ္တတေ ။

မုစ္ဆိတုကာမတော- သခ်ိရခပင်း အပျက်တွင်းမှ ချက်ချင်း အကျွတ် မည်ကွတ်မခင် လွတ်ချင်လျက်ရှိသော ၊ **တသ-** ဘာဝနာခွင် ခါခါဝင်လျက် ရှုမြင်မလတ် ယောဂီမြတ် ထို အရှင်၏ ၊**လက္ခဏော-** အနိစ္စ ဒုက္ခ အနတ္တ ခြင်းရာ လက္ခဏာရေးတို့ကို ၊ **နာနာကာရေန** – တကယ်စုံအောင် အပုံအသီးသီး နည်းအဖြာဖြာ အမျိုးမျိုးသော အခြင်းအရာအားဖြင့် ၊ **ပုနဝိပသ္သတော** – ဖန်ဖန်မလတ် နောက်ထပ်ခါခါ ထင်စွာအပြု ပညာမှုဖြင့် ယခုထင်ထင် ရှုမြင်လျက်ရှိသော ယောဂီအား၊**ပဋိသခ်ိဉာဏံ**–ပဋိသခ်ိတွင် ဉာဏ်အမြင်သည် -ဝါ- လွတ်ချင်လှ၍ လွတ်ရဖို့တွက် မျှော်လင့်ချက်ဖြင့် သုံးလက္ခဏာ ထက်ခါတင်ဘိ ရှိအမြင်သာ သိပညာမှန် ပဋိသခ်ိဉာဏ်သည် ၊ **ပဝတ္တတိ-** အမှန်တစဉ် ဉာဏ်အမြင်သစ် တစ်ခေတ်ပေါ်ကာ ဖြစ်ပေါ်လာပေတော့သတည်း ။

သခ်ိရှုပေက္ခာဉာဏ်

ပဋိသခ်ိဉာဏ် အလွန်ထက်သန်အားရှိလာတဲ့အခါ သခ်ိရှုပေက္ခာဉာဏ် ဖြစ်လာရတယ် ဒီသခ်ိရှုပေက္ခာဉာဏ်က တော်တော်အရေးပါတဲ့ ဉာဏ်ပါပဲ၊ ဒီ ဉာဏ်ရောက်ယင် မဂ်ရောက်ဖို့ အတော်နီးလာပြီ ဖြစ်လို့ပါပဲ ၊ပဋိသခ်ိဉာဏ်နဲ့ သခ်ိရတရားတွေကို

http://www.dhammadownload.com

အနိစ္စစသော လက္ခဏာဖြင့် အထပ်ထပ်ဆင်ခြင်တဲ့ ယောဂီမှာ သခ်ၸါရတွေရော သခ်ၸါရတို့၏ အနိစ္စစသော သဘောတွေရော အလွန်အမြင်သန်စွာ ထင်လာတော့ ဒီသခ်ၸါရပေက္ခာဉာဏ် ရောက်တဲ့အခါ ထိုသခ်ၸါရတွေရော အနိစ္စစသော လက္ခဏာတွေရော အလွန်ထင်ပေါ်နေလို့ ဉာဏ်ကလည်း အလွန်သွက် အလွန်တက်နေလို့ ရှုဆင်ခြင်မှုမှာ ဗျာပါရမပြုရပဲ အသင့်ရှု လျစ်လျူရှုနေတော့တယ် ။

သခ်ၸါရပေက္ခာဆိုတာက သခ်ၸါရတို့၌ လျစ်လျူရှုတဲ့ဉာဏ် မိမိမယားအပေါ်မှာ ရှေးက အလွန်ချစ် မပစ်ရက် မခွါရက်နိုင်တဲ့ ယောက်ျားဟာ ၊ နောက်အပြစ်မြင်လာတဲ့ အခါ ၊ အပြတ်ကွာ ရှင်းလိုက်တယ် ဆိုယင်၊ နောက်အခါ မိမိမယား တခြားယောက်ျားနဲ့ တွဲနေသော်လည်း ဘယ်လိုမှမဖြစ် လျစ်လျူရှုနိုင်သလို ၊ သခ်ၸါရတို့မှာ တွယ်တာမှု ကင်းနေလေတော့ သခ်ၸါရတို့ ၃ကိစ်းခြင်းကြောင့်ဖြစ်တဲ့ ကြောက်မှု ဘယဉာဏ်တုန်းကဖြစ်တဲ့ ကြောက်မှုမျိုး သခ်ၸါရတို့ပြည့်စုံခြင်း တစ်စုံတစ်ခု ပြည့်စုံခြင်းကြောင့်ဖြစ်တဲ့ နှစ်သက်မှုမျိုး ဥဒယဗ္ဗယဉာဏ် အနုဖြစ်စဉ်က နှစ်သက်မှုလို နှစ်သက်မှုမျိုးတွေ လုံးဝကင်းပြီး အားလုံးသခ်ၸါရတွေအပေါ်မှာ လျစ်လျူရှုနိုင်ပါတယ် ၊ ဉာဏ်အမြင် က အလွန်သွက် အလွန်ကောင်းနေတော့ သခ်ၸါရတို့၏ အနိစ္စသဘောစသည် မြင်မှုရှုမှုမှာ ကြောင့်ကြမစိုက်ရ သူ့ဟာသူ အလိုက်သင့် မြင်မြင်သွားနေသလိုဖြစ်နေလို့ သခ်ၸါရတရားတို့ကို အနိစ္စစသည်ဖြင့် စိစစ်ဆင်ခြင်မှုမှာ လည်း လျစ်လျူရှုနိုင်ပါတယ်။။

http://www.dhammadownload.com

ဘယံ ပဟာယ နန္ဒိဠ –
သခ်ါရေသု ဥဒါသီနော ၊
သခ်ါရူပေက္ခာ သခ်ါတံ –
ဉာဏံ ယောဂီဓိဂစ္ဆတိ ။

ယောဂီ– ပဋိသခ်ါဉာဏ်ရှိန်ဝါတက် ရှေ့ဆက်တစ်ဖန် နိဗ္ဗာန်နီးလာ ခရီးသာလျက် ပညာပြောစည် သဘောတည်လတ် ယောဂီမြတ်သည် ၊ **ဘယဠ** –သခ်ါရပျက် ကြောက်လန့်ချက်တစ်ဝ ဘယဉာဏ်ဝယ် ကြောက်လန့်ဖွယ်တသင်း ကြောက်လန့်ခြင်းမှန်သမျှကို လည်းကောင်း **နန္ဒိဠ**= သခ်ါရတွင် ခုံမင်နှစ်သက် တရားတက်လျက် နှစ်သက်ခဲ့ရိုး နှစ်သက်ခြင်းမျိုးကိုလည်းကောင်း ၊**ပဟာယ**– ဉာဏ်ဖြင့်ဖျောက်ပယ် တကယ်မလာအောင် ပယ်ခွါ စွန့်ပစ်လျက် ၊**သခ်ါရေသု**–စဉ်ကာစဉ်ကာ ထင်လာသမျှ သခ်ါရတို့၌ ၊ **ဥဒါသီနော** နှစ်ဖက်မကျ အလယ်ကလျှင် မျှတသမျှ လျစ်လျူရှုသည် ဖြစ်၍ **သခ်ါရူပေက္ခာသခ်ါတံ** – အကြောက်လည်းမဖက် နှစ်သက်မှုမဝင်လာ သခ်ါရအစု လျစ်လျူရှုသော ၊ **သခ်ါရူပေက္ခာသခ်ါတံ** သညာသတ်မှတ် ခေါ်ဝေါ်အပ်သော ၊**ဉာဏံ**– သခ်ါရအစဉ် ရှုမြင်ခြင်း၌ အားစိုက်မပြု အမျှရှုဟန် အမှန်ထင်ထင် ဉာဏ်အမြင်ကို ၊**အဓိဂစ္ဆတိ**– ကိုယ့်အစွမ်းပေါက် မှန်းသလောက်လျှင် လှမ်းရောက်မသွေ ရရှိခဲ့ပါပေသတည်း ၊

ဉာဏ်တက်လေ သိမ်မွေ့လေ

ဒီသခ်ါရူပေက္ခာဉာဏ်ဟာ အလွန်အားရှိလာယင်တော့ လျင်စွာ ဝုဋ္ဌာနဂါမိနီခေါ် ဝိပဿနာ ဆိုက်ပြီး အနုလုံ ဂေါတြဘူ

http://www.dhammadownload.com

တို့၌ တစ်ဆက်တည်းဆက်ကာ မဂ်ဆိုက်နိဗ္ဗာန်မြင်တော့တာပါပဲ၊ ဒီလိုမဆက်နိုင်သေးလျှင်လည်း သခ်ါရပဲအာရုံယူ ရှုမြဲ ရှုနေရတာပါပဲ၊ ဒါပေမယ့် ဒီလိုအဆင့်မြင့် တက်လာတဲ့ သခ်ါရုပေက္ခာဉာဏ်က၊ မုန့်.မှုန့်.ကို ဆန်ကောထဲ ထည့်ဝိုင်းပေးနေယင် ပိုမိုနူးညံ့လာသလို အစေ့ထုတ်ပြီး ဝါဂွမ်းဟာ ဖတ်လေဖတ်လေ သာပြီးနူးညံ့သိမ်မွေ့.လာလေ ဖြစ်သလို ဘာဝနာစွမ်းအားထက်မြက် လာသည်နှင့်အမျှ အလွန်အကဲသိမ်မွေ့.လည်း သိမ်မွေ့.လာတော့တယ် ဒီတော့.ဒီသခ်ါရုပေက္ခာဉာဏ်အခိုက်မှာ ဖြစ်နေတဲ့ ဗောဓျင်တွေ ဘယ်မျှ အားရှိ ဘယ်ပုံ ကောင်းမွန် ထက်သန်စွာ ဖြစ်နေတယ်ဆိုတာ အထူးပြောဖို့.မလိုတော့ပါဘူး ।

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

ဒီသခ်ါရုပေက္ခာဉာဏ်ဟာ အဆုံးစွန်ရောက်ရှိပြီး အနုလုံ ဂေါတြဘူ မဂ်တို့.နဲ့. တစ်ဆက်တည်း ဆက်ဖြစ်နိုင်လောက်တဲ့ အခြေရောက်လာယင်တော့ ဒီအခိုက်မှာဖြစ်တဲ့ ဝိပဿနာကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာခေါ်တယ် । ဝုဋ္ဌာနဆိုတာ ထမြောက်တယ်ဆိုတဲ့ အနက်ရတယ် । သခ်ါရတွေအာရုံ ပြုနေရာမှ ထိုသခ်ါရကို အာရုံ မပြုတော့ပဲ သခ်ါရချုပ်ငြိမ်းရာသို့. ရောက်သွားလို့. မဂ်ဟာ သခ်ါရမှလည်း ထမြောက်တယ် । မဂ်မဖြစ်ယင် နောင်ဖြစ်နိုင်တဲ့ ကိလေသာ ကဲ ဝိပါက် ခန္ဓာတွေဟာ မဂ်ဖြစ်တဲ့အခါ နောင်အခါ အားလျော့စွာ ကင်းရှင်းတော့မှာမို့. မဂ်ဟာ ကိလေသာ ကဲ ခန္ဓာတို့.မှလည်း ထမြောက်တယ် ।ဒီတော့ ဝုဋ္ဌာနဆိုတာ မဂ်ကိုခေါ်တာပါပဲ၊ အဲ ဒီဝုဋ္ဌာနခေါ် မဂ်သို့.ရောက်တတ်လို့. မဂ်အရောက်တစ်ခါတည်း

http://www.dhammadownload.com

ဆက်စပ်ဖြစ်သွားလို့ ဝုဋ္ဌာနဂါမိနီခေါ်ရတယ် အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကတော့ သခ်ၸိရုပေက္ခာဉာဏ်အဆုံးစွန် ထိပ်ဖျားပိုင်းနဲ့ အနုလုံ ဂေါတြဘူတို့ပါပဲ ။

ထိပ်ဖျားရောက် သခ်ၸိရုပေက္ခာဆိုတာက မဂ်ဖြစ်ရာ စိတ်အစဉ် ဝီထိနဲ့ကပ်နေတဲ့ စိတ်အစဉ် ဝီထိနှစ်ခု သုံးခုလောက်မှာပါတဲ့ ဉာဏ်ပါပဲ ၊ အဲ ဒီဝုဋ္ဌာနဂါမိနီကိုပဲ သိခါပတ္တ ဝိပဿနာ အထွတ်အထိပ်ခေါင်ဖျားသို့ရောက်နေတဲ့ ဝိပဿနာလို့လည်း ဆိုရပါတယ် ဒီအခိုက်ဖြစ်နေတဲ့ ဗောဗျင်တရားတွေကတော့ ဝိပဿနာဗောဗျင်တွေထဲမှာ အထူးခြားဆုံးပါပဲ ၊ အမှန်က မဂ်အခိုက်ဗောဗျင်မျှားဟာ မုချဗောဗျင်ဖြစ်ကြောင်း နောက်ကပြောခဲ့ပါပြီ ၊ ဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာအခိုက်မှာ မဂ်ရောက်ခါနီးမို့ ကိလေသာတွေဟာ လွန်စွာပဲ ကင်းရှင်းချုပ်ငြိမ်းနေလေတော့ မဂ်ဗောဗျင်နဲ့ အတူထားပြီး မုချဗောဗျင်အဖြစ် ဆိုလိုကြပါတယ် ၊ အဲဒီတော့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဆိုတာ မဂ်ဖိုလ်တို့ရဲ့ တံခါးဝပါပဲ ၊ လောကမှာမြို့ထဲ အလွန်ရောက်ချင်နေတဲ့ ပုဂ္ဂိုလ်ဟာ မြို့တံခါးဝ ရောက်ယင်တော့ ဆုတ်ဆိုင်းမရှိ တစ်ချီးတည်းဝင်ရောက်သွားတာလို ၊ ဒီဝိပဿနာ ဖြစ်လာယင် မဂ်ဆိုက်ဖို့ ဆုတ်ဆိုင်းခြင်းမရှိချင်းနင်းဝင်ရောက်သွားတော့တာ သေချာပါတယ်။

အရေပ်သိတဲ့ ကျီးငှက်ဥပမာ

ဒီ ဝုဋ္ဌာနဂါမိနီမှာအစက သခ်ၸိရုပေက္ခာဉာဏ် အစွန်းထိပ်ဖျားပိုင်း ဒီအဆင့်မှာ သခ်ၸိရုပေက္ခာက ထက်လည်းထက် သန့်လည်း သန့်ရှင်း ရဲတင်းသွက်လက်နေတဲ့ ဒီ အဆင့်မှာ နိဗ္ဗာန်ကို မှန်းမျှော်

http://www.dhammadownload.com

နိုင်သလို ဖြစ်နေတယ် ယခင်ရှေးကတော့ နိဗ္ဗာန်အရောက်နဲ့ လှမ်းနေသေးတော့ ၊ နိဗ္ဗာန်ကို မလှမ်းမမျှော်နိုင်သေးသလို ဖြစ်နေရတယ် ၊ ဒီနေရာမှာ အရပ်ကို သိတတ်ညွှန်တတ်တဲ့ ကျီးငှက်နဲ့ ဥပမာပေးကြတယ် ၊ရှေးကပင်လယ်တဲ ရွက်လှေနဲ့ သွားကြတဲ့ ကုန်သည်တွေဟာ ဒီလို ကျီးမျိုး ငှက်မျိုးကို ဆောင်သွားလေ့ရှိတယ်၊ လေပြင်းမိလို့ လှေလမ်းလွဲသွားလို့ ကမ်းမမြင် လမ်းမမြင်ဖြစ်တဲ့ အခါ၊ဒီ လိုကျီးမျိုး ငှက်မျိုးလွှတ်ကြတယ် ၊ ဒီ ကျီးငှက်ဟာကမ်းမြင်ယင်တော့ တခါတည်း လှေသို့ပြန်မလာ ကမ်းဆီသာ ဦးတည်ပြန်သွားတော့တာပဲ ၊ ကမ်းမမြင်ရသေးယင်တော့ ရွက်တိုင်သို့ ပြန်ပြန်နားတော့တာပဲတဲ့ ၊ အနုလောမဉာဏ်စသည် ပေါ်စေ လောက်အောင် အားမရှိသေးတဲ့ သခ်ါရုပေက္ခာက ကမ်းမမြင်ရသေးတဲ့ ကျီးငှက် ရွက်တိုင် ပြန်ပြန်နားရသလို သခ်ါရထဲမှာပဲ အာရုံပြုဆဲရှိနေရတယ် ၊ အနုလောမဉာဏ်ဖြစ်စေဖို့ အားရှိလာ ထက်မြက်ရဲရင့်လာတဲ့ သခ်ါရုပေက္ခာရောက်လျှင်တော့ ဆုတ်ဆိုင်းမရှိ နိဗ္ဗာန်ဖက် ဦးတည်ပြေးဝင်သွား တော့တယ် ။

ဒီလိုပြေးဝင်နိုင်လောက်တဲ့ ခေါင်ဖျားရောက် သခ်ါရုပေက္ခာ အခိုက်မှာ ဘာဝနာအစွမ်းအရ ယုံကြည်သက်ဝင်မှု သဒ္ဓါကလည်း ပိုကဲအားသန်နေ ဆန့်ကျင်ဘက် ကိလေသာတို့ကို ပယ်ဖျက်နိုင်စွမ်းရှိတဲ့ ဝီရိယကလည်း ကောင်းစွာအားပေး အားမြှောက်ပြုနေ အလွန်ထက်မြက်ပြီး အာရုံမှာ ကောင်းစွာကပ်တည်နေတဲ့ ၊ သတိကလည်း အလွန်စွဲ အလွန်ကောင်းနေ၊ ငြိမ်းအေးမှု ပဿဒ္ဓိနဲ့ ထိုပဿဒ္ဓိကြောင့်ဖြစ်တဲ့ ချမ်းသာခြင်း သုခလည်း အလွန်ပဲ လွန်ကဲနေတော့ အာရုံထဲ ကောင်းစွာ ကပ်စွဲနေသလိုဖြစ်တဲ့ သမာဓိ

http://www.dhammadownload.com

ကလည်း အလွန်ပဲတည်ကြည်နေ ၊ ဣန္ဒြေတွေအလွန်ထက်မြက်သန်စွမ်းနေသည်နှင့်အမျှ ဗောဓျင်တရားတွေကလည်း အလွန်ပဲပေါ်လွင် အလွန်ပင် သန်စွမ်းထက်မြက် သွက်လက်နေလို့ ဒီခေါင်ဖျားရောက် သခ်ါရုပေက္ခာဉာဏ်ဟာ အလွန်ပဲထက် အလွန်ပဲ သန်.ရှင်း အနုလုံကဆက် ဂေါတြဘူ မဂ် တက်ဖို့.ရာ လွန်စွာရဲတင်းသွက်လက်လျက်ရှိနေခဲ့ပါတယ်

အနုလောမဉာဏ်

အဲ ဒီလိုမဂ်အထိ တက်ဖို့.ရာ လွန်စွာထက်မြက်သွက်လက်ရဲတင်းနေတဲ့အတိုင်း သခ်ါရုပေက္ခာ ဝိပဿနာ ဇော ဝီထိ အစဉ်နှစ်ခုသုံးခုအဆုံးတွင် ဘဝင်ဖြစ်သင့်သမျှဖြစ်ပြီး ၊ မဂ်ဝီထိ စိတ်အစဉ်ဖြစ်လာရတော့တယ် ၊ အဲ ဒီ စိတ်အစဉ်မှာ သခ်ါရုပေက္ခာယူခဲ့ရှုခဲ့တဲ့ သခ်ါရ၏ အနိစ္စ ဒုက္ခ အနတ္တခြင်းရာတစ်ခုခု အာရုံပြုဆင်ခြင်တဲ့ မနောဒ္ဓါရာဝဇ္ဇန်းဖြစ်လာတယ် ၊အဲဒီ အာရုံကိုပဲ အာရုံပြုပြီး ပရိကံဥပစာ အနုလုံခေါ် ဝိပဿနာဇော သုံးကြိမ်ဖြစ်ခဲ့ အနုလောမဉာဏ်ဆိုတာက ထိုဇောသုံးခုမှာပါတဲ့ ဝိပဿနာဉာဏ်ပါပဲ၊ အနုလောမက လျော်တယ်ဆိုတဲ့ အနက်ရလေတော့ ရှေ.ဥဒယဗ္ဗယစသောဝိပဿနာဉာဏ်ရှစ်ပါးလိုပဲ အနိစ္စ ဒုက္ခ အနတ္တအဖြစ် ဆင်ခြင်တာပဲဖြစ်လို့ ရှေးဝိပဿနာဉာဏ် ရှစ်ပါးနဲ့.လည်း သင့်တင့်လျော်ကန်တယ်၊ ဒီ အနုလောမဉာဏ်အကျင့်နဲ့ အထက်မဂ်အခိုက် ဗောဓိပက္ခိယ တရားတွေ ရတာဖြစ်လို့ ထိုမဂ်ဗောဓိပက္ခိယ တရားများနဲ့.လည်းလိုက်ဖက်သင့်လျော်တယ်၊ဒီ လိုရှေ.ဘက်နောက်ဘက်နှစ်ဘက်လုံးနဲ့ လိုက်ဖက်သင့်လျော်နေတဲ့ အတွက် အနုလောမဉာဏ်ဆိုပါတယ်၊

http://www.dhammadownload.com

ဂေါတြဘူ

ဒီ အနုလောမဉာဏ်က သခ်ါရတွေ အာရုံပြုနေသော်လည်း ထိုသခ်ါရမှ တွန့်ဆုတ်လျက် ထိုသခ်ါရတွေကို အနှောက်အယှက်တွေ ထင်နေတာဖြစ်လေတော့ သခ်ါရအာရုံယူယင်းနဲ့ သခ်ါရကင်းရာချုပ်ရာဘက်သို့ တက်လှမ်းနေတဲ့ ဉာဏ်ပါပဲ ၊ ဒါ့ကြောင့်ပဲ အနုလောမဉာဏ်အဆုံးမှာ သခ်ါရချုပ်ငြိမ်းရာဘက် သက်ရောက်သွားရတယ် ၊ အဲဒီရောက်တာကဂေါတြဘူ ၊ ဂေါတြဘူကသခ်ါရချုပ်ရာ နိဗ္ဗာန်ကို ပထမယူလိုက်တဲ့ ဝိပဿနာရဲ့ အထွတ်အထိပ် ဇောစိတ်ပါပဲ ၊ ဂေါတြဘူက အနွယ်ကို လွှမ်းမိုး နှိပ်နင်းတယ် ၊အနွယ်သို့ရောက်သွားကယ်ဆိုတဲ့ အနက်ရပါတယ်၊ ပုထုဇဉ်အနွယ်ကို နှိပ်နင်းကျော်လွှားတဲ့ အရိယာနွယ်သို့ သက်ရောက်တဲ့စိတ်ဆိုလိုပါတယ်၊ ဒီ ဂေါတြဘူအခိုက်မှာ အာရုံသစ်တစ်ခု ဦးဦးဖျားဖျား ရုတ်တရက် ရယူလိုက်ရတော့ အာသေဝန အထုံမရသေးလို့ ကောင်းစွာမတည်တံ့နိုင်သေး ၊ ဒီနောက် မဂ်အခိုက်ရောက်တော့မှ ထိုအာရုံမှာခိုင်မြဲ ကောင်းမွန်စွာ တည်တံ့သွားပါတယ်။

မြောင်းခုန်တဲ့ ယောက်ျားဥပမာ

ဒီနေရာမှာ မြောင်းခုန်တဲ့ယောက်ျား ဥပမာပြကြပါတယ်၊ ခုန်နိုင်လောက်ရုံ ကြီးတဲ့မြောင်းကို ခုန်လွှား ဟိုဖက်ကမ်းပါးကို ရောက်လိုတဲ့ယောက်ျားဟာ မြောင်းနဲ့ ခပ်လှမ်းလှမ်းကနေ အရှိန်ယူပြေးလာ မြောင်းရဲ့သည်ဖက်ကမ်း သစ်ပင်ရဲ့ကိုင်းမှာ ချီ ဆွဲ တွဲလဲကျနေတဲ့ ကြိုးကိုဖြစ်စေ တုတ်ကိုဖြစ်စေ ကိုင်ဆွဲပြီး မြောင်းကိုခုန် ၊ကိုယ်ကဟိုဖက်ကမ်းဆီ ယိမ်းညွှတ်သွားတစ်ဖက်ကမ်း

http://www.dhammadownload.com

ပေါ်ရောက် ကမ်းပေါ်အရောက် ကြိုးတုတ်ကို လွှတ်လိုက်ပြီး လျှပ်ရှားယိမ်းယိုင်ကာ ကမ်းပေါ်ခြေချမိ နောက်မှ တဖြည်းဖြည်း ကိုယ်ရှိန်သတ် ရပ်တည်နိုင်တော့တယ် ၊ တစ်ဖက်ကမ်းဆိုတာက ဘဝစသည်ရဲ့တစ်ဖက်တစ်လမ်းဖြစ်တဲ့ နိဗ္ဗာန် ၊အဲဒီနိဗ္ဗာန်တစ်ဖက်ကမ်း လှမ်းတက်လိုတဲ့ ယောဂီပုဂ္ဂိုလ်ဟာ မြောင်းခုန်မယ့်ယောက်ျား အရှိန်ယူပြေးရသလို ဥဒယဗ္ဗယစသော ဗလဝဝိပဿနာတွေနဲ့ အရှိန်ယူ ပြေးလွှားခဲ့ရပြီး ကိုယ်ကာယသစ်ကိုင်းမှာ ချီဆွဲတွဲလဲကျ နေတဲ့ ရုပ်ဆိုတဲ့ကြိုး ဝေဒနာစသော တုတ် တစ်ခုခုကို အနိစ္စစသော လက္ခဏာတစ်ခုခုတင် ဆင်ခြင်တဲ့ အာဝဇ္ဇန်းနဲ့ ဆင်ခြင်ဆွဲကိုင်ခါ ပထမအနုလုံနဲ့ခုန် ၊ဒုတိယအနုလုံနဲ့ နိဗ္ဗာန်ကမ်းဖက် ညွှတ်ယိမ်း၊ တတိယအနုလုံနဲ့ တစ်ဖက်ကမ်း ပေါ်ရောက် ယောက်ျားပမာ နိဗ္ဗာန်နဲ့ နီးကပ်လာ ကြိုးလွှတ်လိုက်အပြီး တစ်ဖက်ကမ်း ခြေချမိတဲ့ ယောက်ျားပမာ ၊ ထိုအနုလုံစိတ်ချုပ်ပြီးနောက် သခ်ါရအာရုံလွှတ်ကာ ဂေါတြဘူစိတ်နဲ့ တစ်ဖက်ကမ်း နိဗ္ဗာန်တွင်သက်ဝင်ကျရောက်သွားတော့တယ်၊ ကမ်းပေါ်ကျစ အနေမကျသေးခင်လျှပ်ရှား ယိမ်းယိုင်သော ယောက်ျားပမာ ဂေါတြဘူဟာအာရုံသစ်တစ်ခုရစ အာသေဝနအထုံ မရသေးတဲ့အတွက် ခိုင်မြဲစွာမတည်နိုင်သေး ၊ မဂ်သို့ ရောက်မှ အထုံရကာကောင်းစွာ တည်နေနိုင်တော့တယ်။

ပထမမဂ်ဉာဏ်

ဂေါတြဘူက နိဗ္ဗာန်အာရုံကိုယူပြီး လွှဲအပ်ပေးလိုက်တော့ မဂ်က ဆက်ခံပြီး နိဗ္ဗာန်အာရုံကို ယူခဲ့တယ် ၊ ဒီမှာတော့ အထုံရသွားပြီဖြစ်လို့ မဂ်ဟာ နိဗ္ဗာန်အာရုံကို စွဲမြဲတည်တံ့စွာ ယူနိုင်တယ်၊

http://www.dhammadownload.com

ပြီး ဝိပဿနာက အဆင့်ဆင့် မြင့်တက်ရင့်သန်လာကာ ကိလေသာကိုပယ်ခွါ ပေးခဲ့ပြီးဖြစ်လို့ အထူးသဖြင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ အခိုက်မှာ ကိလေသာ အလွန်ကင်းရှင်းအောင် သုတ်သင်ပယ်ရှားနိုင်ခဲ့လို့ မဂ်အရောက်မှာ အထူးကြောင့်ကြ မစိုက်ရတော့ပဲ ၊ ဆိုင်ရာ ကိလေသာကို တိကန်ဲ အပြတ် ဖြတ်တောက်နိုင်ခဲ့တယ် ၊ ဒီ မဂ်အခိုက် ဖြစ်နေကြတဲ့ ဗောဓိပင်တရားတွေက အလွန်လည်း သိမ်မွေ့ အလွန်ပဲ ထက်မြက်နေကြလို့ ၄င်းတို့စွမ်းအားက ကိလေသာ အပြတ်ဖြတ်ရန် လုံလောက်သော သတ္တိ အပြည့် ရှိနေခဲ့ခြင်းပါပဲ ၊ ချုပ်ငြိမ်းမှုဆိုတာက သခါရတရားဆိုလို့ လုံးဝမရှိတော့ အလွန်ပဲ သိမ်မွေ့တဲ့ ဓာတ်အထူးဖြစ်ပါတယ် ၊ ထိုချုပ်ငြိမ်းမှုဓာတ်က သိမ်မွေ့သည်နှင့်အမျှ ထိုချုပ်ငြိမ်းမှုထဲ အာရုံစွဲ သက်ရောက်နေကြတဲ့ ဗောဓိပင်တရားတွေကလည်း အလွန်ပဲ သိမ်မွေ့လျှက်ရှိနေကြပါတယ် ၊ မြင်ဖို့ခက်အောင် သိမ်မွေ့နေကြသော်လည်း ထိုအခိုက် ပဿဒ္ဓိ သမာဓိစသည်တို့ရဲ့ ရသ ကတော့ နောင်ပြန်ဆင်ခြင်တဲ့ အခါ ခန့်မှန်းနိုင်လောက်အောင်တော့ ပေါ်လွင်တတ်ပါတယ် ။

ပထမမဂ်၏ အာနိသင်

အနုမတဂ္ဂသံသာရာက တစ်ခါမှ မတွေ့ရ မကြုံရဘူး ထူးခြားတဲ့ချုပ်ငြိမ်းမှုကို ကြုံတွေ့ရခြင်း ယင်းပထမ သောတာပတ္တိမဂ်က ဒိဋ္ဌ ဝိစိကိစ္ဆာနှင့် တချို့ အပါယ်လားစေတတ်တဲ့ ကိလေသာတွေကို အပြတ်အရှင်း ပယ်သတ်နိုင်ခြင်း အပါယ်လားမှုကို လုံးဝတားဆီးနိုင်ခြင်း အလွန်ဆုံးခုနစ်ဘဝ နောက်ဖြစ်ရမယ့် ခန္ဓာ ၊ ထိုခန္ဓာရဲ့

http://www.dhammadownload.com

အကြောင်းကိလေသာကံတွေကို ပယ်သတ်နိုင်ခြင်း စသည်ဖြင့် ပြောမကုန်အောင် များများလှတဲ့ အကျိုးဂုဏ်အင် အာနိသင်နဲ့ ပြည့်စုံတဲ့ ပထမမဂ်ကိုစတင် ရရှိခဲ့သော ယောဂီအဖို့ပုထုဇဉ်ဘဝမှာ တစ်ဖြစ်လဲကာ အရိယာအဖြစ်စခန်းသို့ စတင်လှမ်းခဲ့ခြင်း ပင်ဖြစ်တော့တယ် ။

သောတာပန်ဖြစ်ခါ ဗောဓိပင်အရသာခံရ

တစ်ကြိမ်တည်းနဲ့ ဆိုင်ရာကိလေသာတွေကို အပြတ်ရှင်းနိုင်တဲ့ မဂ်ဖြစ်ပြီးနောက် ထိုမဂ်၏အကျိုး ဖိုလ်စိတ်နှစ်ကြိမ် သုံးကြိမ်သင့်သလိုဖြစ်ရပါတယ်၊ မဂ်က ကိလေသာတွေသတ်လိုက်တော့ ထို ကိလေသာငြိမ်းမှု ခံစံဖို့ ဆက်လက်ဖြစ်ရတဲ့ မဂ်၏အာရုံ နိဗ္ဗာန်ကိုပဲ ဆက်လက်အာရုံပြုတဲ့ မဂ်၏ အကျိုးစိတ်ပါပဲ ၊ အဲဒီ ပထမဖိုလ်က စပြီး သောတာပန်ပုဂ္ဂိုလ်အဖြစ် ရောက်ခဲ့ရတယ် ၊ ဖိုလ်အခိုက်ဗောဓိပင်တွေကလည်း မဂ်အခိုက်ကလို ကိလေသာသတ်ဖို့ ကိစ္စမရှိသော်လည်း ငြိမ်းအေး မှု စူးစိုက်မှုစသော ကိစ္စတွေက တော့ အလွန်ပဲ ထူးခြားလျက်သာ ရှိနေကြပါတယ် ၊ ဒီမဂ်အခိုက် ဖိုလ်အခိုက်က သခ်ါရတွေချုပ်ငြိမ်းနေတဲ့အခိုက် ဖြစ်လေတော့ ဘာမှသိစရာမရှိ ဘာမှ မသိသလိုဖြစ်ကာ ချုပ်ငြိမ်းမှုထဲ စိတ်ဟာ သက်ရောက်နေခြင်းပါပဲ ၊ ဒီနောက်တော့ မိမိကြုံတွေ့ခဲ့ရတဲ့ မဂ် ဖိုလ်နိဗ္ဗာန်တွေကို ပြန်လည်ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်လာရလို့ မဂ်ဖိုလ်ရောက်မှန်း ချုပ်ငြိမ်းမှု နိဗ္ဗာန်ထဲ ရောက်သွားမှန်းသိရတယ်၊ ဒီနောက်တော့ ထိုသောတာပန်ပုဂ္ဂိုလ်ဟာ ဖိုလ်ဝင်စားတိုင်း ဝိပဿနာရှုတိုင်း ဗောဓိပင်အရသာတွေတွေ့နေ ခံစားနေ

http://www.dhammadownload.com

ရတော့တာပါပဲ။

အထက်မဂ်ဖိုလ် အရောက်မှာလည်း ဗောဓိပင်အရသာခံရ

ဒီနောက်တော့ သောတာပန်ဖြစ်ပြီး ပုဂ္ဂိုလ်ဟာ ဒီတစ်ထိုင်တည်းမှာ ဖြစ်စေ၊နောင်သင့်လျော်ရာ အခါမှာဖြစ်စေ ဒီ ဥဒယဗ္ဗယ စသော ဝိပဿနာတွေပဲ အားထုတ်လို့ သကဒါဂါမိမဂ် ဖိုလ် အနာဂါမိမဂ်ဖိုလ် အရဟတ္တမဂ်ဖိုလ်တွေ ဆိုက်ရောက်နိုင်ပါတယ်၊ အရဟတ္တမဂ်အထိ ဆိုက်ရောက်တဲ့ အခါကျယင် ဗောဓိပင်ဘာဝနာဟာ လွန်စွာပြည့်မြောက် အထွတ်အထိပ်သို့ ရောက်တော့တာပါပဲ၊ အဲဒီနောက်တော့ ဝိပဿနာ ဖလသမာပတ်တွေနဲ့ ဒိဋ္ဌဓမ္မသုခ ဝိဟာရခေါ် မျက်မှောက်ဘဝမှာ ချမ်းသာစွာနေရမှုဆိုတဲ့ ဗောဓိပင် အရသာတွေ တစ်သက်လုံး အသုံးပြု ခံစား နေရတော့တာပါပဲ ၊ ကဲဒီမျှနဲ့ ဗောဓိပင်ဘာဝနာ အပြီးယတ်လိုက်ပါပြီ ။။

မိမိသည်သာ ကိုးကွယ်ရာ

ယခုတရားတော်ရဲ့နိဂုံးအနေအားဖြင့် မိမိသည်သာ ကိုးကွယ်ရာ မိမိမှတစ်ပါး အခြားကိုးကွယ် အားထားရာမရှိ ဆိုတဲ့ တရားတော်ကို အချုပ်အားဖြင့် ဟောကြားပြီးစီ့ ။

အတ္တာဒီပါ ဘိက္ခဝေ ဝိဟရထ၊
အတ္တသရဏာ အနညသရဏာ ။

ဘိက္ခဝေ –ရဟန်းတို့ ၊**အတ္တာဒီပါ** – မိမိဟူရာ ကျွန်းပမာသိမှီခိုရာရှိကြကုန်သည်ဖြစ်၍၊ **အတ္တသရဏာ** – မိမိဟူဘိ ကိုးကွယ်အားထားရာ ရှိကြကုန်သည်ဖြစ်၍ ၊ **အနညသရဏာ** –မိမိမှတစ်ပါး

http://www.dhammadownload.com

တခြားအားထားကိုးစားရာ မရှိကုန်သည်ဖြစ်၍ ၊ **ဝိဟရထ–** နေကြ ပါကုန်လော့ ။

ဒီ ဒေသနာမှာ ဘုရားရှင်က မိမိကိုယ်သာ အားထားရာ ပြုနေကြမိမိမှ တစ်ပါး တခြားကို အားထားရာ ပြုမနေကြနဲ့လို့ ဟောတော်မူရာမှာ ၊ မိမိဆိုတာ ဘာလဲလို့မေးယင် ၊ လူတွေက၊ မိမိကိုယ်ကို လက်ညိုးထိုးပြကြမှာပါပဲ၊ဒါလည်း လောကအလို မိမိ ပဲမို့ အမှားလို့တော့ မဆိုနိုင်ပါဘူး ၊ ဒါပေမယ့် ဒီ အတ္တမိမိက တကယ့်အစစ် မုချမိမိကို ဆိုလိုတာမို့ မိမိခန္ဓာကိုယ်ကို ဆိုတာ မဟုတ်ပါဘူး ၊ ဒါဖြင့် မိမိကိုယ်သာ ကိုးကွယ်ရာပြုနေကြ ဆိုရာမှာ မိမိအစစ်ကဘာလဲ ၊

ကောပနေတ္ထ အတ္တာနာမ
လောကိယ,လောကုတ္တရော ဓမ္မော

ဧတ္ထ–မိမိကိုယ်သာ အားထားရာပြုနေကြဆိုတဲ့ ဤဒေသ နာ၌ ၊ **အတ္တာနာမ–** အတ္တမည်သည်မှာ ၊**ကော ပန** -အဘယ်အရာ ပါတဲ့နည်း ၊ **လောကိယလောကုတ္တရော** – လောကီ လောကုတ္တရာ ဖြစ်သော ၊**ဓမ္မော** -တရားပင်ဖြစ်တော့သည် ၊ဆိုတဲ့ အဌကထာအရ အတ္တ မိမိအစစ်က လောကီ လောကုတ္တရာတရားပဲလို့ သိရတယ်၊ ဒီအဌကထာမှာ လောကီ လောကုတ္တရာတရားကို ဘာလို့ အတ္တ ဆိုရသလဲဆိုတဲ့ မေးဖွယ်အချက်ကို၊**ကန္ဓနာထဘာဝတော** -တကယ် ကိုးစားအားထားရာဖြစ်သောကြောင့်လို့ ၊ ဋီကာဆရာက အကြောင်း ပြခဲ့တယ် ၊ ဒီ ဋီကာအရ ကိုးစားရာအားထားရာ တကယ်ဖြစ်မှ အတ္တ မိမိဆိုရကြောင်း သိရပါတယ်၊ဒီတော့ လောကီလောကုတ္တ ရာတရားသာ ကိုးစားရာ အားထားရာ အစစ်တကယ် ဖြစ်လို့

http://www.dhammadownload.com

မိမိဆိုရကြောင်း စစ်မှန်သော အနက် ပေါ်ထွက်လာရပါတယ်။ ဒါလေးကို ထပ်စိစစ်ကြပါဦးစို့ ။

ကိုယ့်ခန္ဓာဟာ အားထားရာလား

မိမိဆိုတာ ဒါပဲလို့ ။ မိမိတို့ပြကြတဲ့ ကိုယ့်ခန္ဓာဟာ တကယ် ကိုးစား အားထားရာဟုတ်ပါရဲ့လား ।**ဘာရာ ဟဝေ ပဠုက္ကန္ဓာ**। ခန္ဓာငါးပါးဟာ တကယ်လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးများသာ ဖြစ်ကြောင်း ဟောတော်မူခဲ့တယ် ।ဒီခန္ဓာကိုယ်ကြီးကို ကျွေးရမွေးရ ဝတ်စားဆင်ရ နေရာပေးရ သုတ်သင်ပြုပြင် ယုယရတဲ့ ဒုက္ခဝန်ကြီးဟာ ဘယ့်ကလောက် လေးလှတယ်ဆိုတာ စဉ်းစားတတ်သူတိုင်း သိနိုင်အောင် ပေါ်လွင်လှပါတယ် ။ ဒီလိုလေးလံလှတဲ့ ခန္ဓာဝန်ထုပ်ဝန်ပိုးကြီးကို တယုတယပြုစုကြ ထမ်းဆောင်ကြရတဲ့ ပုဂ္ဂိုလ်တွေအဖို့ ဘယ်လောက်များ ခန္ဓာကိုယ်ကြီးက အကျိုးပြုပါသလဲ ။ တကယ်တော့ ဒီ ခန္ဓာကိုယ်ကြီးဟာ အိုရ နာရ သေရနဲ့ ပျက်စီးတတ်တဲ့ ခန္ဓာကိုယ်ကြီး ဒုက္ခမျိုးစုံ အဖုံဖုံဟာ ဒီခန္ဓာက ပေါ်လာရတာတွေမို့ ကောင်းကျိုးမပေး ။ ဒုက္ခသာပေးနေတဲ့ ခန္ဓာကိုယ်ကြီး ।ဒီလိုဆို ဒီ ခန္ဓာကိုယ်ကြီးဟာ ဘယ်လိုမျှား ကိုးစား အားထားရာ ဖြစ်ပါ့မလဲ ။

မိမိဆို့ရအောင် တကယ်ပို့င်ရဲ့လား

တစ်မျိုးပြောရယင် အတ္တမိမိဆိုတာ တစ်ပါး သူတစ်ပါးအရာမဟုတ်တာကို ဆိုပါတယ် ဆိုလိုရင်းက ကိုယ်ပိုင်ယင် ကိုယ့်အလိုကျဖြစ်ယင် အတ္တ မိမိ ဒီလို ကိုယ်မပိုင်တဲ့ ကိုယ့်အလိုကျ မဖြစ်တဲ့

http://www.dhammadownload.com

တစ်ပါးသူ တစ်ပါးအရာကို ပရ, သူတစ်ပါးလို့ ဆိုရပါတယ် ၊ ကဲ ဒီတော့ ခန္ဓာကိုယ်ကြီးဟာ ကိုယ်ပိုင်ဟုတ်ကဲ့လား၊ ကိုယ့်အလို အတိုင်းကော ဖြစ်ရဲ့လား ၊ခန္ဓာကိုယ်သာမက ပစ္စည်းဥစ္စာအသုံး အဆောင်တွေကိုပင် မိမိဥစ္စာ မိမိပိုင်အဖြစ်ဆိုကြပါသေးတယ်၊ ဒီကိုယ်နဲ့ ဒီဥစ္စာ မိမိပိုင် တကယ် ဟုတ်ကဲ့လား၊

အသကော လောကော သဗ္ဗံ ပဟာယ ဂမနီယံ ၊လောကော သတ္တဝါပြောရတဲ့ လောကကြီးသည် ၊ **အ သကော**–ကိုယ်ပိုင်ဥစ္စာ မရှိပါခဲ့ ၊ **သဗ္ဗံ** –အလုံးစုံသော ဥစ္စာကို ၊**ပဟာယ**– တစ်နေ့ သော အခါ စွန့်ပယ်ခွါပြီး ၊**ဂမနီယံ** – သင့်ရာဘဝ သွားကြရမည်သာ တကား ၊ ဆိုတဲ့ ဒေသနာအရ၊ ပစ္စည်း ဥစ္စာတွေက ကိုယ့်ဆီကထွက် တစ်ပါးသူထံ ရောက်ရောက်သွားတာ အထင်အရှားပါပဲ ၊ကိုယ်နဲ့ မကွာ ရှိနေပါတယ်ဆိုတဲ့ ပစ္စည်းတွေကိုပင် တစ်နေ့သေရတဲ့အခါ အားလုံးစွန့်ခွါသွားရမှာမို့၊ ဒီအချက်က ကိုယ့်မပိုင်ပါဘူး ဆိုတဲ့ သဘောကိုပြနေပါတယ်၊ခန္ဓာကိုယ်ကြီးကကော မအိုစေချင်ပေမယ့်၊ အိုရ၊မနာစေချင်ပေမယ့်နာရ၊ မသေစေချင်လည်း နေမရ ၊ချမ်းသာ စေလိုလည်း ကိုယ့် အလိုကျ မချမ်းသာရ ၊ မဆင်းရဲစေချင်ပေမယ့် အလိုမကျ ၊ဒုက္ခတွေက ဝင်လာမစဲနဲ့ ဘယ်မှာ ကိုယ့်အလိုကျ ဖြစ်သလဲ ၊ တစ်နေ့ကျ ဒီခန္ဓာကိုယ်ကြီးစွန့်ရ ၊သုသာန်မှာ ပုပ်ပွကြေမွ ပျောက်ကွယ်ပျက်စီးရတဲ့အခါ ၊ခန္ဓာကိုယ်ကြီးက ငါ့ကို သင်မပိုင်ပါ ဘူးကွယ်လို့ ပြနေသလိုပါပဲ ဒီတော့ လောကအလို မိမိဆိုရသော်လည်း အစစ်မှုချက ကိုယ်ခန္ဓာဟာ အတ္တ မိမိမဟုတ်သေး ။

http://www.dhammadownload.com

မိမိကိုးစားရာ မိမိပိုင်က ဓမ္မတွေ

ဒီတော့ အစစ်အတ္တ မိမိဆိုတာက ဓမ္မတွေ၊ လောကီလော ကုတ္တရာတရားတွေ၊ လောကီ ဒါန သီလ ဘာဝနာစသော တရားတွေက၊ ခန္ဓာကိုယ်ကြီး ပျက်စီးပေမယ့် ဒီတရားတွေကမပျက် ဘဝသံသရာမှာ ကိုယ့်နောက်ပါပြီး အမြဲတမ်း အကျိုးဆောင်မယ့် တရားတွေ၊ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတွေ ပွားစေရင် ဒီဘဝမှာပဲ ငြိမ်းအေးခြင်း သုခအမြိုက်အရသာ ကြုံတွေ့ရပါတယ်၊ အဆုံးသတ် အပြီးတိုင်ရောက်လို့ လောကုတ္တရာဓမ္မတွေ ရနေခဲ့ယင်တော့ ဝဋ္ဌဘဝ ဒုက္ခတွေ လုံးဝဇာတ်သိမ်း ချုပ်ငြိမ်းခြင်းသုခ အတုမရတဲ့ ချမ်းသာကို ခံစားရတော့မှာပါပဲ၊ အတ္တ, ပရ သဘောနဲ့ပြောယင်လည်း၊ ခန္ဓာကိုယ် ပစ္စည်းတွေက ပျက်စီးမှာမို့ ကိုယ်နဲ့ ကွာရကင်းရမှာမို့ ပရ, တစိမ်းပြင်ပတွေ၊ ဓမ္မတွေကတော့ ကိုယ်နဲ့မကွာ ကိုယ်လိုလားတဲ့ စီးပွားချမ်းသာ အဖြာဖြာ ရအောင် အကျိုးဆောင်တတ်တာမို့ ကိုယ့်အလိုကျ ရွှက်ဆောင်ပေးတတ်တာမို့ ပရ, တစိမ်းပြင်ပ မဟုတ်၊ အတ္တအစစ် မိမိတကယ်ဖြစ်တယ်လို့ ဆိုရပါတယ်။

မဟာနာမ်အား ဟောကြားတဲ့တရား

ဒီနေရာမှာ ခန္ဓာကပျက်စီး တရားက မပျက်ဆိုတဲ့ အချက်နဲ့စပ်လို့ မဟာနာမ်သာကီဝင်ကို ရှင်တော်မြတ်ဟောကြားတဲ့ တရားတစ်ခုရှိရာ သတိပြုစရာပါပဲ၊ တစ်နေ့ မဟာနာမ်သာကီဝင်ဘုရား ရှင်ထံရောက်လာပြီး၊ကပိလဝတ်နေပြည်တော်ဟာ ပြည့်စုံစည်ကားလူအများပေါလှ လမ်း, ကျဉ်း တွေကများကြောင်း၊ ဘုရားရှင်နဲ့ ရဟန်းတော်များ ဖူးမြော်ပြီး ညနေချမ်းအခါ နေပြည်တော် ဝင်

http://www.dhammadownload.com

အလာမှာ ၊ ရောက်ရက်ခတ် ပြေးလွှားလှုပ်ရှားတဲ့ ဆင်ခြင်း ရထားလှည်း လူများနဲ့ ဆုံရ ကြုံရတဲ့အခါ ၊ ဘုရား တရား သံဃာ အာရုံပြုတဲ့ သတိဟာ မေ့ခဲ့ရ ပျောက်ခဲ့ရကြောင်း ၊ ဒီလို မေ့ပျောက်ရတဲ့ တပည့်တော်အဖို့ ခုအချိန်များ ငါသေသွားယင် ငါလားရာ ဂတိ ဘယ်လိုများ ရှိဟုမလဲလို့ စဉ်းစားမိကြောင်းများ လျှောက်ထား ခဲ့တယ် ။

မင်ကြောက်နဲ့ မဟာနာမ် မကြောက်နဲ့ သင့်အဖို့ မကောင်းသော သေရခြင်းမျိုး ဖြစ်လိမ့်မည် မဟုတ်လို့ မိန့်တော်မူပြီး မကောင်းသော သေခြင်းမျိုး မဖြစ်နိုင်ကြောင်း ၊ အကြောင်းပြု တရားဟောကြားတော်မူခဲ့ပါတယ် ၊ ဒီတရား အချုပ်အားဖြင့် ပြောရယင် ထောပတ်အိုး ဆီအိုးတစ်ခုခုကို ရေနက်ထဲနှစ် ရိုက်ခွဲ ပစ်လျှင် အိုးခြမ်းကွဲတွေက အောက်ဘက်ရောက်သွားပြီး၊ အိုးထဲက ထောပတ်ဆီတွေကတော့ အထက်တက်ရ ထူးခြားတဲ့ အခြေအနေရောက်ရသလို ၊ ကာလကြာမြင့်စွာ သဒ္ဓါ သီလ သုတ စာဂ ပညာများဖြင့် ထုံပြား ပွားစေထားတဲ့ စိုတ်ရှိနေသူအဖို့ ခန္ဓာကိုယ်ကိုတော့ ကျီး လင်းတ စွန်ရဲ ခွေး မြေခွေး ပိုးအမျိုးမျိုးတို့က ခဲကြစားကြ ၊ ကြာမြင့်စွာ သဒ္ဓါစသည်ဖြင့် ထုံပွားထားတဲ့ စိတ်ကတော့ အထက် အထက် အမြင့်ဘက်ရောက်ရ ထူးခြားသော အခြေသို့ ရောက်ရကြောင်း ၊ သင့်စိတ်ဟာ ကာလာကြာမြင့်စွာက သဒ္ဓါ သီလ သုတ စာဂ ပညာတရားများ ထုံပွား ထားရှိနေလေတော့ ၊ ကြောက်ဖို့မလိုကြောင်း မကောင်းသော သေခြင်းမျိုး ဖြစ်လိမ့်မည် မဟုတ်ကြောင်း မိန့်တော်မူခဲ့ပါတယ် ။

http://www.dhammadownload.com

ပရမတ္ထအရ ဓမ္မသာ အတွင်း မိမိ

တစ်မျိုးပြောရဦးလျှင် အတ္တဆိုတာ အတွင်းကျတဲ့အရာကို ခေါ်တာ ၊ လောကက မိမိအတွင်း ကိုယ်ကို အတ္တ၊ မိမိအပြင်ကျတဲ့ အရာကို ပရ, သူတစ်ပါးဆိုပါတယ် ၊ အတ္တဝါဒသမားများ အလို ဆိုယင် အတွင်းက ဇီဝအသက်ကလေးဟာ အတွင်းအကျဆုံးပါပဲ၊ ဒါပေမယ့် ဒီဇီဝကောင် အတ္တက တကယ်ရှိတာမဟုတ်တော့ ၊သူတို့ အထင်နဲ့ ပညတ်ထားတဲ့ ပညတ်အတ္တကောင်ကလေး ပါပဲ၊သာမန် လူများအမြင်မှာတော့ ၊အတွင်းကျတဲ့ ကိုယ်ဆိုတာ တစ်ကိုယ်လုံးပါပဲ၊ တစ်ကိုယ်လုံးကို အတွင်း မိမိအဖြစ် ယူဆနေကြတယ် ၊ ဒါလည်း ပညတ်အတ္တပါပဲ ၊ တကယ်အတွင်းအစစ်ကို အရင်းအမြစ် ကျကျ ရှာဖွေကြတဲ့ ပုဂ္ဂိုလ်တွေအဖို့ကတော့ ဓမ္မတရားကို တွေ့ကြရ ပါတယ်။

အတ္တာနာမေတ္ထ ပရမတ္ထတော ဓမ္မာ အဗ္ဘန္တရဋ္ဌေန –

ဧတ္ထ–ဤမိမိသည်သာ အားထားရာဆိုတဲ့ အချက်၌ ၊**အတ္တာ နာမ** – အတ္တမိမိမည်သည်မှာ **ပရမတ္ထတော**– အစစ်အမှန် အချက် ကောင်းမြတ်သော အနက်ဆိုရတဲ့ ပရမတ္ထအားဖြင့် ၊ **အဗ္ဘန္တရဋ္ဌေန**– အတွင်းဟူသော အနက်သဘောအရ ၊ **ဓမ္မာ**–တရားပင်ဖြစ်တော့ သည်ဆိုတဲ့ ၊ ဋီကာအရ အတ္တအနက်အစစ် ပေါ်လာပါတယ် ။

ဒီတော့ မိမိကိုယ်သာ အားထားနေကြဆိုတဲ့ နေရာမှာ မိမိဆိုတာ ဘုရားအလိုတော်က ကိုယ်ခန္ဓာကို မိန့်လိုရင်းမဟုတ်၊ ဓမ္မကိုသာ ဆိုလိုတယ်ဆိုတာ ပေါ်လာပါတယ်၊ ဒါ့ကြောင့်ပဲ မိမိ ကိုယ်သာ အားထားရာပြုနေကြဆိုတဲ့ အမိန့်တော်နောက်က ၊အတ္တ အရ ထပ်ဖွင့်ပြတဲ့ အနေအားဖြင့်၊ **ဓမ္မဒီပါ ဓမ္မသရဏာ အနည**

http://www.dhammadownload.com

သရဏာ– လို့ ဟောတော်မူခဲ့ပါတယ် ၊ **ဓမ္မဒီပါ**–တရားတော်သာ ကျွန်းပမာသိ မှီခိုရာရှိကြကုန်သည်ဖြစ်၍ ၊ **ဓမ္မသရဏာ**– တရားတော်သာ ကိုးကွယ်အားထားရာ ရှိကြကုန်သည်ဖြစ်၍၊ **အနညသရဏာ**–တရားမှတစ်ပါး အခြားအားထားရာ မရှိကြကုန်သည်ဖြစ်၍၊**ဝိဟရထ** –နေကြကုန်လော့ ။

ကိုယ့်ကိုယ်ကိုသာ အားထားရာဆိုတာ

ဓမ္မပဒမှာ **အတ္တာ ဟိ အတ္တနော နာထော ၊ကော ဟိ နာထော ပရော သိယာ** –မိမိသည်သာ မိမိ၏ အားထားရာ မိမိမှတစ်ပါး တခြားသူဟာ ဘယ်မှာ မိမိ၏ အားထားရာ ဖြစ်ပါ့မလဲဆိုတာ တရားမှာလည်း ၊ အတ္တာ ၊ မိမိဆိုတာ တရားကိုဆိုတာပါပဲ ၊ ကိုယ့်စွမ်းအား ကိုယ့်လုံ့လနဲ့သာ ကိုယ်ရနိုင်တာ သူတစ်ပါးက လုပ်ပေးလို့ ရနိုင်တာ မဟုတ်ပါဘူး ၊သူတစ်ပါး တရားက ကိုယ့်ကို အကျိုးပြုနိုင်တာ မဟုတ်ပါဘူး၊ကိုယ့် သတိပဋ္ဌာန် ကိုယ့်ဗောဇ္ဈင်စသော ကိုယ့်တရားများကသာ ကိုယ့်ကို အကျိုးပြုနိုင်တာမို့ ကိုယ့်ကိုယ်ကိုသာ အားထားရာဆိုတဲ့ စကားကလည်း တရားပြပဲ ဖြစ်ရတော့တယ် ။။

ညွှန်ကြားချက်သာ သူ့ တွက်တာ

နောက် ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းဟာ မဂ်ဆိုတဲ့ အကျင့်မြတ်၏ အလုံးစုံ သိရလောက်အောင်အရေးပါကြောင်း ဆိုခဲ့ပါတယ်၊ ဒီတော့ တစ်ပါး အားထားရာလည်းရှိသေးတယ် မဟုတ်လားလို့ ပြောစရာရှိပါတယ် ၊ ဒါက တရား ညွှန်ကြားချက်

http://www.dhammadownload.com

အတွက် ပြောတာပါ။ အလုပ်ကတော့ ၊ ထို ကလျာဏမိတ္တက လုပ်ပေးနိုင်တာ မဟုတ်ပါဘူး ၊ ကိုယ်လုပ်မှ ကိုယ်ရ ကိုယ်အကျိုး ခံစားရတာပါ ။

ဥပဒေသမတ္တမေဝ – ဟိ ပရသ္မိं ပဋိဗဒ္ဓံ၊
အညံ သဗ္ဗာသမ္ဘတ္တိ–ပုရိသသ္သ အတ္တာဝိနာဝ။

ဟိ-မိမိကိုယ်သာ အားထားရာပြုရမည်မှာ အမှန်သာဖြစ်ပါတော့၏ ၊ **ဥပဒေသမတ္တမေဝ** ကျင့်ကြံကြိုးစား အားထုတ်ဖို့တွက် ညွှန်ပြချက်မျှသည်သာလျှင် ၊ **ပရသ္မိं** –တစ်ပါးပုဂ္ဂိုလ်၌ ၊**ပဋိဗဒ္ဓံ**–ဆက်စပ်သက်ဆိုင်လျက်ရှိခဲ့၏။ **အညာ**- ဥပဒေသ ညွှန်ကြားချက်မှ တစ်ပါးသော၊**သဗ္ဗာသမ္ဘတ္တိ** –ကိုယ့်မှာလက်ရ ပြည့်စုံမှုမှန် သမျှမှာ ၊**ပုရိသသ္သ**–ထိုထိုအလုပ် အားထုတ်ကြိုးပန်း ပြုနိုင်စွမ်းသော ပုဂ္ဂိုလ်၏ ၊ **အတ္တာဝိနာဝ**– မိမိဆိုရ ထိုထိုဓမ္မနှင့်သာ ဆက်စပ် ပတ်သက် သက်ဆိုင်လျက် ရှိပါပေ၏ ။

ကျင့်ရာမှာက မိမိသာ

ကဲဒီတော့သတိပဋ္ဌာန်စသော ထိုထိုဓမ္မမှာ ဘုရားရှင်စသော ကလျာဏမိတ္တတွေက ဒီလိုပွား ဒီလိုရှုနဲ့ နည်းပေးလမ်းပြ ရုံသာ တတ်နိုင်ကြပါတယ် ၊ တကယ် ထိုတရားတွေရဖို့ ထိုတရား တွေရဲ့ အကျိုးအာနိသင်စုံလင်ပြည့်ဝ ခံစားရဖို့ အရေးမှာတော့ တစ်ပါးပုဂ္ဂိုလ်နဲ့ မဆိုင် မိမိနဲ့သာဆိုင် သူတစ်ပါးရနေတဲ့ ဓမ္မကမိမိအတွက် အကျိုးပြုမှာမဟုတ်၊ မိမိရနေတဲ့ ဓမ္မကသာ မိမိအတွက် အကျိုးပြုမှာ ဖြစ်တော့ သတိပဋ္ဌာန်စသော ဓမ္မကို အားကိုးပြုကာ နေကြရမယ့် အကြောင်း ဟောတော်မူခြင်းဖြစ်ပါတယ် ။

http://www.dhammadownload.com

တို့ဘုရားများက ဟောရုံသာ ဟောနိုင်ကြတယ်၊ ကျင့်ဖို့ကတော့ တို့နဲ့မဆိုင် သင်တို့ကိုယ်တိုင် ပြုရမယ့်၊ အလုပ်ဖြစ်ကြောင်းဟောတော်မူတဲ့ ဒေသနာကိုလည်း သေချာစွာ နှလုံးထားသင့်ကြပါတယ်။

ဓမ္မပဒလာ ဒေသနာ

တုမှေဟိ ကိစ္စမာတပ္ပံ –
အက္ခာတာရော တထာဂတာ ၊
ပဋိပန္နာ ပမောက္ခန္တိ –
ဈာယိနော မာရဗန္ဓနာ ။

တုမှေဟိ– ဓမ္မ မှန်ကို ရရန်မျှော်မှန်း သင်ရဟန်းတို့သည်၊ **အာတပ္ပံ**–ဤမဂ်လမ်းမျိုး ကိုယ့်အကျိုးမို့ အရိုးကြေကြေ အရေခန်းခန်း မဆုတ်တမ်းဟုလူစွမ်းကောင်းတုန်း နှလုံးလှလှ အသုံးချရိုးလုံ့လမျိုးကို၊ **ကိစ္စं** –မနေမနား ထွေထွေပွားလျက် တရားအစုအားအထုကို ယခုထုတ်ကာ ပြုလုပ်သင့် ပြုလုပ်ထိုက်ပါပေ၏၊ **တထာဂတာ** –ရှေးဘုရားပေါင်း တရားဟောင်းဟု လမ်းကောင်းထုတ်ဟ သရုပ်ပြတဲ့ ဗုဒ္ဓထွတ်တင် ငါအရှင်မြတ်တို့သည်၊ **အက္ခာတာရော**–ဤလမ်းမသင့် ဤလမ်းကျင့်ဟု အခွင့်လုံ့လ အသုံးချဖို့ ဆုံးမရုံသော် မိန့်ဖော်ထုတ်ပြ ဟောကြားတော်မူတတ်ကြပါပေကုန်၏၊ **ပဋိပန္နာ** –ဓမ္မအလုပ်မှာ ငါ့ဥစ္စာဟု ထုတ်ကာလုံ့လ အသုံးချသဖြင့် အခွင့်လှလှ ကျင့်ကြံကြသူတို့သည်၊ **ဈာယိနော**–ရှုထိုက်ပွားထိုက် တရားဌာလျှင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ကြကုန်လျက်၊ **မာရဗန္ဓနာ** – တေဘူမက ဝဋ်ဘဝဟု ဒုက္ခခပင်း

http://www.dhammadownload.com

မုချညဉ်းဖို့ မာရ်မင်းထောင်တဲ့ အနှောင်အဖွဲ့မှ၊ **ပမောက္ခန္တိ** – မဂ်ဖိုလ်ရှစ်တန် နိဗ္ဗာန်တစ်ပါး တရားတမွတ် အရဆွတ်လျက် အထွတ်ပေါက်တုံ့ လွတ်မြောက်ကြရ ကုန်လိမ့်တကား။

သတိပဋ္ဌာန်ဖြင့် ဗောဓျင်ပွားမှုပြီး

ဒီ အမိန့်တော်အရ ကိုယ်ကျင့်မှုကိုယ်ရ ကိုယ့်ကိုယ်ကိုသာ အားထားရာဆိုတဲ့ အဓိပ္ပါယ်ဟာ ပေါ်လောက်ပါပြီ ၊ ဒီနေရာမှာ မိမိကိုယ်သာ အားထားရာပြုနေကြ ဆိုရာမှာ အတ္တအရ တရားကိုယ် သတိပဋ္ဌာန်လေးပါး ပွားများရမယ့်အကြောင်း ဟောတော်မူခဲ့ပါတယ် ၊ဒီ သတိပဋ္ဌာန်လေးပါး ပွားယင် ဗောဇ္ဈင်ပွားမှု ကိစ္စလည်း ပြီးနေတာပါပဲ ၊ ဒါကိုနောက်ကလည်း ပြောခဲ့ပါပြီ ၊ ဗောဓိပက္ခိယတရားတွေမှာ တစ်ခုခုပွားနေယင် ကျန်တရားတွေဟာ ပါနေလျက်သာ ရှိပါတယ် ၊ ဒါကြောင့် သတိပဋ္ဌာန်ပွားယင် မဂ္ဂင်ပွားမှုလည်း ပါဝင်နေတာပါ ၊ သမ္မာဒိဋ္ဌိစသည့် တရားတွေဟာ သတိပဋ္ဌာန်ပွားတဲ့အခါ ဖြစ်နေရတဲ့ တရားတွေပါပဲ ၊ ထို့အတူ သတိပဋ္ဌာန် အားသန်သန်ပွားယင် သမ္မပ္ပဓာန်လည်း ပွားမှုပြီးနေတာပဲ၊ သာမန် ဆန္ဒ စိတ် ဝီရိယ ပညာနဲ့ သတိပဋ္ဌာန် ဘာဝနာ ဟာ ထမြောက်ပြီးစီးနိုင်တာ မဟုတ်ပါဘူး ၊ တကယ်ထက်သန်တဲ့ ဆန္ဒ စိတ် ဝီရိယ ပညာနဲ့သာ ခရီးရောက်နိုင်တာမို့ သတိပဋ္ဌာန်ပွားယင် ဣဒ္ဓိပါဒ် ပွားမှုဟာလည်း တပါတည်း ပြီးနေတာပါပဲ ၊ သဒ္ဓါစသော ဣန္ဒြေ ဗိုလ်တရားများ ထက်မြက်မှ သတိပဋ္ဌာန်ပွားမှု အရာရောက် အရေးပါနိုင်တာမို့ သတိပဋ္ဌာန်ပွားခြင်းဖြင့် ဣန္ဒြေရော ဗိုလ်ရော ပွားမှု ကိစ္စပြီး နေတာပါပဲ ၊ ဒီတော့ မဂ်အခိုက်မှာ ဗောဓိပက္ခိယ

http://www.dhammadownload.com

တရားသုံးဆယ့်ခုနစ်ပါးဖြစ်ရသလို သတိပဋ္ဌာန်ဘာဝနာမှာလည်း ဗောဓိပက္ခိယတရားတွေဖြစ်နေတာမို့ ၊ သတိပဋ္ဌာန်ပွားဖို့ စကားနဲ့ ဗောဓိပွားမှုလည်း ပြီးနေကော့တာ ပါပဲ ၊

ကဲဒီတော့ သတိပဋ္ဌာန်ဆိုတဲ့ စားကျက်မှာ ကျက်စားမိမိဆိုတဲ့ တရားသာ မှီခိုအားထားကြ ဒီလိုနဲ့ ဗောဓိတရားတွေ ဖြစ်ပွားစေပြီး ၊ဒုက္ခအဆုံးသတ်မှု ပြုနိုင်ကြလိမ့်မယ်၊ ဆိုတဲ့မိတ္ထေး တော်ဂေါတမ ပရိနိဗ္ဗာန်စံမှု အကြောင်းပြုပြီး ဘုရားရှင်မိန့်ကြားဟဲ့ သြဝါဒ ဥယျောဇဉ်စကားနဲ့ နိဂုံးချုပ်လိုက်ရပါတယ်။

အတ္တာဒီပါ တတော ဟောထ-
သတိပဋ္ဌာန ဂေါစရာ ၊
ဘာဝေတ္တာ သတ္တဗောဇ္ဈင်္ဂေ -
ဒုက္ခဿန္တ် ကရိဿထ ၊

(**ဘိက္ခဝေါ**) ရဟန်းတို့ ၊**တတော** -နိဗ္ဗာန်ဆိုက်က ဒုက္ခဂတိ ကင်းကွာရသည်၏ အဖြစ်ကြောင့်၊**သတိပဋ္ဌာနဂေါစရာ**-သတိပဋ္ဌာန်လေးပါး တရားတော်သာ ကျက်စားရာရှိကြကုန်သည်ဖြစ်၍ ၊ **အတ္တာ ဒီပါ**- မိမိဆိုရ မြတ်ဓမ္မသာ ကျွန်းပမာသို့ မှီခိုရာရှိကြကုန်သည်၊ **ဟောထ**- ကိုယ်တွေ့အရှိ အသိထင်ထင် အမြင်ပွားထုံ ဖြစ်ကြကုန်လော ၊ **သတ္တဗောဇ္ဈင်္ဂေ**- ဗောဓိခုနစ်ပါး တရားမြတ် ရတနာတို့ကို၊ **ဘာဝေတ္တာ**-ကိုယ်သန္တာန်တွင် ထင်ရှားပြည့်ဝ ဖြစ်စေကြ ကုန်ပြီးသော်၊ **ဒုက္ခဿ**-မပြတ်မစဲ ထပ်တလဲဖန်လာ သံသရာဝဋ္ဋဒုက္ခ၏၊ **အန္တ**-အရဟတ္တ နိဗ္ဗာန်ရလျက် လုံးဝပြုန်းလတ် အဆုံးသတ်ကို၊ **ကရိဿထ** - ပြုနိုင်မည်မှာ လွန်သေချာ ဤငါ နှိုးဆော်ချက်ပေတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com

တရားရဖို့သင့်ရာ အခွင့်အခါကောင်းကြီးကို လွတ်မသွားစေဖို့ ကြိုးစားရယူကြဖို့ တိုက်တွန်းတော်မူတဲ့ ဘုရားအမိန့်တော်က၊

မာ ဝေါ ခဏံ ဝိရာဓေထ –
ခဏာတီတာ ဟိ သောစရေ ၊
သဒ္ဓေ ဝါယမေယျာထ –
ခဏော ဝေါ ပဋိပါဒိတော။ တဲ့

ဝေါ– မနုဿတို့ ဒုလ္လဘနဲ့ ကြုံရဆဲမှာ အခါကောင်းထင်သူတော်စင်တို့သည် ၊ **ခဏံ** အလွန်ထူးခြား မြတ်တရားနှင့် အလားသင့်သင့် ဘုရားပွင့်ရာ အခွင့်အခါကောင်းကြီးကို ၊ **မာဝိရာဓေထ** အခွင့်သာဆဲ အားကုန်ခဲ့တော့ အကဲမှားချေ လွဲမသွားကြပါစေလင့် **ဟိ**–လွဲဖို့မတော် ကျော်ဖို့မကောင်းကြ အကြောင်းပြရလျှင် ၊**ခဏာတီတာ**– တရားကျင့်ဖို့ အလားသင့်လာ ခွင့်အခါကို လွင့်ကာမတော် ကျော်လွန်သွားကြသူတို့သည် ၊ **သောစရေ** – သံသရာရေးဘေးအဖုံဖုံ ကြုံရကာမှ မှားလေစွဟု နောင်တရတုံ ပူဆွေးရကုန်တော့သတည်း ၊ **သဒ္ဓေ**–ကိုယ့်စီးပွားစစ် တကယ်ဖြစ်သည့် အနှစ်အသား ပွားမဆုတ်တမ်း တရားလုပ်ငန်း၌ ၊**ဝါယမေယျာထ**–ဇွဲသန်သန်ထား ရဲမာန်အားဖြင့် နိုးကြားထကြွ ကြိုးစားကြ ပါကုန်လော့ ၊ **ဝေါ**– ပုဗ္ဗေကတ အခြေလှလျက် အရတော်ချင် သင်သူတော်စင်တို့သည် ၊ **ခဏော**– မြတ်တရားနှင့် အလားသင့်သည့် ဘုရားပွင့်ရာ အခွင့်အခါကောင်းကြီးကို ၊ **ပဋိပါဒိတော** -တစ်ခေတ်တစ်ခါ ကြုံခဲစွာကို အခါသင့်တုံ အခွင့်ကြုံ ဆုံနေဆိုက်ခဲ့ပြီတကား။ မဟာဝဂ္ဂသံယုတ်လာ အရှင်မဟာကဿပ မထေရ်မြတ်အားဟောကြားတော်မူအပ်သော ဗောဓျင်ခုနစ်ပါး တရားဒေသနာတော်

http://www.dhammadownload.com

ပါဠိအနက်။

သတ္တိမေ ကသပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ ။

ကတမေ သတ္တ ။

၁။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကသပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ ။

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါခေါ ကသပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

၃။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကသပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

၄။ ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကသပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

၅။ ဇဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကသပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

၆။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကသပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ

http://www.dhammadownload.com

နိဗ္ဗာနာယ သံဝတ္တတိ ။

၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

ဣမေ ခေါ ကဿပ သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ ။

ကဿပ -ကဿပ ၊ **မယာ** -အရိယာဆင့် တန်းအမြင့်သို့ လှမ်းခွင့် အပ်ချင် မြတ်အရှင်ငါသည် ၊ **သမ္မဒက္ခာတာ**- စီးပွားကောင်းရန် အကြောင်းမှန်ဖြင့် နည်းသင့်လမ်းကျ ထုတ်ဟမြွက်ဖော်ဟောကြားတော်မူအပ်ကုန်သော ၊**သတ္တ**-ရေတွက်ညွှန်ကြား ခုနစ်ပါးကုန်သော၊ **ဣမေ ဗောဇ္ဈင်္ဂါ**- သစ္စာကိုသိ ဗောဓိသင်းတွင် အဝင်အပါ အင်္ဂါများပင် ဤဗောဇ္ဈင်တို့သည် ၊ **ဘာဝိတာ** -ကိုယ့်သန္တာန်တွင် အထင်အရှား အဖြစ်များဖို့ မနားမနေ ပွားစေ အပ်ကုန်သည်ရှိသော်၊ **ဗဟုလီကတာ** - အရှိန်သန်အောင် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်ကုန်သည်ရှိသော် ၊ **အဘိညာယ** - အနိစ္စစသည် သုံးလီခြင်းရာ ဉာဏ်ထူးစွာဖြင့် သေချာထင်လင်း သိရှိခြင်းငှာ၊ **သမ္ဗောဓာယ**-မဂ်သို့ချဉ်းရောက် အလင်းပေါက်အောင် ထွင်းဖောက်ထင်လင်း ကောင်းစွာသိရှိခြင်းငှာ ၊ **နိဗ္ဗာနာယ**- ဒုက္ခခပ်သိမ်းအေးငြိမ်းရာမှန် နိဗ္ဗာန်အလို့ငှာ ၊ **သံဝတ္တန္တိ** - အကြောင်းသာလျက် ကောင်း စွာမသွေ ဖြစ်ကြပါပေကုန်၏ ။

သတ္တ-ငါရှင်ညွှန်ကြား ခုနစ်ပါးတို့မှာ ၊**ကတမေ**– အဘယ် တရားတို့ပေနည်း ၊

http://www.dhammadownload.com

၁။ **ကာယပ**-ကာယပ ၊ **မယာ**၊ ကိလေသာကို ပယ်ခွါနိုင်ရေး နည်းပေးညွှန်ကြား ငါဘုရားသည် ၊**သမ္မဒက္ခာတော** -အကြောင်းသင့်တန် နည်းလမ်းမှန်ဖြင့် သိရန်သတ်မှတ် ဟောကြားတော်မူ အပ်သော၊**သတိသမ္ဗောဇ္ဈင်္ဂေါ** -သတိဟူတွင် ဗောဇ္ဈင်တရားသည်၊ **ဘာဝိတော**-တရားတွေတက် ဆက်ဆက်များဖို့ မနားမနေ ပွားစေအပ်သည်ရှိသော် ၊ **ဗဟုလီကတော**- အရှိန်သန်အောင် ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် ၊ **အဘိညာယ** - ဝိပဿနာ ပညာဖြင့်ဖိ အရှိထင်လင်း သိမြင်ခြင်းငှာ၊**သမ္ဗောဓာယ**– အထက်ဆင့်ပေါက် မဂ်ဖြင့်ရောက် ထွင်းဖောက်ကောင်းစွာ သိခြင်းငှာ ၊**နိဗ္ဗာနာယ**– ဒုက္ခဝဋ်ကိန်း လုံးဝသိမ်း ချုပ်ငြိမ်းအေးဖို့ရာ ၊**သံဝတ္တတိ** အကြောင်းသင့်ကာ အခွင့်သာ ကောင်းစွာဖြစ်ပါပေသတည်း။

၂။ **ကာယပ** -ကာယပ ၊ **မယာ** -သတ္တဝါများ ချမ်းသာပွားဖို့ လိုလားမြော်မြင် ငါအရှင်သည် ၊**သမ္ဗဒက္ခာတော**-အကြောင်းသင့်တင့် အခွင့်သာရန် နည်းလမ်းမှန်ဖြင့် သိရန်သတ်မှတ် ဟောကြားတော်မူ အပ်သော ၊ **ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ** - တရားစဉ်လာ ဆင်ခြင်ရာဟု ပညာအမြင် ကောင်းမြတ်သောဗောဇ္ဈင်သည် ၊ **ဘာဝိတော** - ကိုယ့်စွမ်းကိုယ့်အား မြင့်တင်ထားလျက် မနားမနေ ပွားစေအပ်သည်ရှိသော် ၊ **ဗဟုလီကတော**- စွမ်းအင်တိုးရန် အရှိန်သန်ဖို့ ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သည်ရှိသော် ၊ **အဘိညာယ**- ဝိပဿနာ ပညာဖြင့်ဖိ အရှိထင်လင်း သိမြင်ခြင်းငှာ ၊ **သမ္ဗောဓာယ** မဂ်ဖြင့်ထွင်းကာ လေးသစ္စာကိုကောင်းစွာ သိခြင်းငှာ ၊**နိဗ္ဗာနာယ**- ကိလေသာခပင်း လုံးဝ ကင်းချုပ်ခြင်း နိဗ္ဗာန်အလို့ငှာ ၊ **သံဝတ္တတိ**- မဆုတ်နစ်ကာ အကြောင်းသာ ကောင်းစွာဖြစ်ပါပေသတည်း။

http://www.dhammadownload.com

၃။ ကာသဝ -ကာသဝ ၊ **မယာ**- ဒုက္ခကင်းရေး နည်းလမ်းပေး လျက် ငြိမ်းအေးခြင်းဖော် ငါကိုယ်တော်သည် **သမ္မဒက္ခာတော**- အကြောင်းလျှော်ကန် နည်းလမ်းမှန်ဖြင့် သိရန်သတ်မှတ် ဟောကြား တော်မူအပ်သော ၊ **ဝိရိယသမ္ဗောဇ္ဈင်္ဂေါ**- ဝိရိယတွင် ကောင်းမြတ် သော ဗောဇ္ဈင်သည် ၊ **ဘာဝိတော**- အသစ်သစ်များ ဖြစ်စေသားဟု မနားမနေ ပွားစေအပ်သည်ရှိသော် ၊ **ဗဟုလီကတော**-ထပ်တလဲလဲ မစဲမနား **အထုံပွား**အောင် **အားဆောင်**သမျှ **များ**အောင်ပြုအပ် သည်ရှိသော် **အဘိညာယ**- ဝိပဿနာ ပညာမြင့်တက် သွက်လက် ထင်လင်းသိမြင်ခြင်းငှာ ၊ **သမ္ဗောဓာယ** -အမှန်လေးချက် တရား နက်ကို ဉာဏ်မင်းဖြင့်ထွင်း ကောင်းစွာသိခြင်းငှာ ၊ **နိဗ္ဗာနာယ**- ဝဋ်ဆင်းရဲတို့ ကင်းစဲရုပ်သိမ်း ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်အလို့ငှာ ၊ **သံဝတ္တတိ** -တစ်ခေတ်ပြောင်းကာ အကြောင်းသာ ကောင်းစွာ ဖြစ်ပါပေသတည်း။

၄။ **ကာသဝ** -ကာသဝ ၊ **မယာ** -ကိလေသာကင်း စင်ကြယ် ခြင်းကို အပ်နှင်းထားချင် ဘုရားရှင်ငါသည် ၊ **သမ္ဗဒက္ခာတော**- နည်းကျလမ်းကျ အကြောင်းရဖြင့် ညွှန်ပြသောအား သဘော သွားမှတ် ဟောကြားအပ်သော ၊ **ပီတိသမ္ဗောဇ္ဈင်္ဂေါ**- ပီတိဟုတွင် ကောင်းမြတ်သော ဗောဇ္ဈင်သည် ၊ **ဘာဝိတော** -ဘာဝနာဉာဏ် ထက်သန်စေသား မနားမနေလတ် ပွားစေအပ်သည် ရှိသော် ၊ **ဗဟုလီကတော** -ဘာဝနာထုံအား များဖို့ရွယ်ချိန် ကြိမ်ကြိမ်ထပ် ထပ် မရုပ်မစဲ ထပ်တလဲလဲ ပြုအပ်သည်ရှိသော် ၊ **အဘိညာယ**- အသိမြင်ဟု ဝိပဿနာ ပညာထင်လင်း အထူးသိခြင်းငှာ **သမ္ဗောဓာယ** - မင်အမြင်ရောက် အလင်းပေါက်လျက် ထွင်းဖေါက်ထင်

http://www.dhammadownload.com

လင်း ကောင်းစွာသိခြင်းငှာ ၊**နိဗ္ဗာနာယ** - သခါရတို့ လုံးဝငြိမ်းရာ ချမ်းသာဧကန် နိဗ္ဗာန်အလို့ငှာ၊ **သံဝတ္တတိ** -အရိယာဖြစ် တစ်ခေတ် ပြောင်းစရာ အကြောင်းသာ ကောင်းစွာဖြစ်ပါပေသတည်း ။

၅။ **ကဿပ** -ကဿပ ၊ **မယာ** -ဝဋ္ဌစခန်းမှ လွတ်လမ်းပြဖို့ ဓမ္မဓာတ်ဆင် မြတ်အရှင်ငါသည် **သမ္ဘဒကွာတော** - အကြောင်း သင့်ဘ ယုတ္တိလည်းတန် နည်းလမ်းမှန်ဖြင့် ရှေ့ဉာဏ်ဖော်လတ် ဟောတော်မူအပ်သော ၊ **ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါ** -ပဿဒ္ဓိတွင် ကောင်းမြတ်သော ဗောဇ္ဈင်သည် ၊**ဘာဝိတော** - ဘာဝနာစွမ်းအား များထက်များအောင် မနားမနေလတ် ပွားစေအပ်သည်ရှိသော် **ဗဟုလီကတော** -ကြိမ်ဖန်များလတ် ထပ်တလဲလဲ အထုံစွဲမိ အလေ့အလာ ပြုအပ်သည်ရှိသော် ၊ **အဘိညာယ** - အနိစ္စစသည် သုံးလီတင်လတ် ဝိပဿနာ ပညာရှိပြီး အသိကြီးလျက် ဖိစီးနှိုင်နင်း သိမြင်ခြင်းငှာ ၊ **သမ္ဗောဓာယ** -အမှန်လေးချက် တရားထက်ဝယ် ဉာဏ်မဂ်ဖောက်ထွင်း ကောင်း စွာသိခြင်းငှာ ၊**နိဗ္ဗာနာယ** - သခါရစ် ချုပ်မြဲဆိတ်ညံ နိဗ္ဗာန်အလို့ငှာ၊ **သံဝတ္တတိ**- အရိယာတန်း တစ်ခန်း ပြောင်းစရာ အကြောင်းသာ ကောင်းစွာဖြစ်ပါပေသတည်း ။

၆။ **ကဿပ** -ကဿပ ၊ **မယာ** -သံသရာနယ်ပြင် သမုဒ်ခွင်မှ ထုတ်တင်တတ်စွာ အမြတ်ငါသည် ၊ **သမ္ဘဒကွာတော** - စီးပွားဖြစ်ရိုး အကျိုးရရန် နည်းလမ်းမှန်ဖြင့် အကြောင်းသင့်တော် အခွင့်ဖော် လတ် ဟောတော်မူအပ်သော ၊ **သမာဓိသမ္ဗောဇ္ဈင်္ဂါ** - သမာဓိတွင် ကောင်းမြတ်သော ဗောဇ္ဈင်သည် ၊**ဘာဝိတော** -အားကြိုးမာန်တက် ဆက်ဆက်ဖြစ်ပွား မနားမနေ ပွားစေအပ်သည်ရှိသော် ၊ **ဗဟုလီ ကတော** - မဂ်ဖိုလ်သို့ကပ် ကိုယ့်အမြတ်ဟု မရပ်မစဲ ထပ်တလဲရှု

http://www.dhammadownload.com

အလေ့အလာပြုအပ် သည်ရှိသော် ၊ **အဘိညာယ** - ဝိပဿနာ မြတ်ပညာဖြင့် ထင်စွာဖိနင်း သိမြင်ခြင်းငှာ ၊**သမ္မောဓာယ**– သစ္စာ လေးချက် အကွက်ထင်ထင် မဂ်မြင်ပြောင်းကာ အကြောင်းသာ လျက် ကောင်းစွာထင်လင်း သိမြင်ခြင်းငှာ ၊ **နိဗ္ဗာနာယ** - သခ်ါရတို့ လုံးဝပြုတ်ကင်း ချုပ်ခြင်းအမှန် နိဗ္ဗာန်အလို့ငှာ၊**သံဝတ္တတိ** အရိ ယာဆင့် တန်းမြင့်ပြောင်းစရာ အကြောင်းသာ ကောင်းစွာဖြစ်ပါ ပေသတည်း . . . ။

၇။ **ကဿပ** -ကဿပ ၊ **မယာ** - ဒုက္ခနယ်ရပ် တကယ်ပြတ်ဖို့ ကယ်တတ်ထင်စွာ အရှင်ငါသည်၊ **သမ္မဒက္ခာတော** -နည်းလမ်းလည်း ကောင်း အကြောင်းသင့်တော် အခွင့်ဖော်လတ် ဟောတော်မူအပ် သော၊ **ဥပေက္ခာသမ္ဗောဇ္ဈင်္ဂါ** - ဥပေက္ခာတွင် ကောင်းမြတ်သော ဗောဇ္ဈင်သည် ၊**ဘာဝိတော**–ဘာဝနာခွင် သက်ဝင်ကြိုးစား မနားမနေ ပွားစေအပ်သည်ရှိသော် ၊ **ဗဟုလီကတော** -အကြိမ်များစွာ အခါ မလတ် ထပ်တလဲလဲ စွဲမြဲသမှု အလေ့အလာ ပြုအပ်သည်ရှိသော်၊ **အဘိညာယ**– အလွန်ထူးမြတ် ဝိပဿနာ ဉာဏ်ပညာဖြင့် ထင်လာ ရှင်းလင်း သိမြင်ခြင်းငှာ၊**သမ္ဗောဓာယ**-လေးသစ္စာတွင် မဂ်ဉာဏ်ဝင် ရောက် အမြင်ပေါက်လျက် ထွင်းဖောက်မယွင်း ကောင်စွာသိခြင်း ငှာ၊**သံဝတ္တတိ** - အရိယာဇာတ် ဓာတ်ပြောင်းစရာ အကြောင်းသာ ကောင်းစွာဖြစ်ပါပေသတည်း ။

ကဿပ -ကဿပ ၊**မယာ** -အရိယာဖြစ်ရန် ဉာဏ်အဆင့် ဆင့် အခွင့်ကြားတတ် ဘုရားမြတ်ငါသည် ၊ **သမ္မဒက္ခာတာ**–နည်း လည်းဖြောင့်တန်း လမ်းလည်းလွန်ကောင်း အကြောင်းသင့်တင့် အခွင့်ဖော်လတ် ဟောတော်မူအပ်ကုန်သော ၊ **သတ္တ** -အသီးသီး

http://www.dhammadownload.com

ထုတ် သရုပ်ညွှန်ကြား ခုနစ်ပါးကုန်သော ၊ **ဣမေ ဗောဇ္ဈင်္ဂါ**–သစ္စာသိရန် အကြောင်းမှန်သည့် ဗောဓိသင်းမှာ အပါအဝင် ဗောဇ္ဈင်ခုနစ်ပါး ဤတရားတို့သည် ၊ **ဘာဝိတာ** -ဘာဝနာတင်ပွား အမြင်မျှားဖို့ မနားမနေ ပွားစေအပ်ကုန်သည်ရှိသော် ၊ **ဗဟုလီကတာ** -ထပ်တလဲလဲ မရပ်စဲပဲ ထုံစွဲမှတ်ရှု အလေ့အလာပြုအပ်ကုန်သည်ရှိသော်၊ **အဘိညာယ**-ဝိပဿနာ ပညာကွန်မြူး အထူးထင်လင်း သိမြင်ခြင်းငှာ၊**သမ္ဗောဓာယ**-သစ္စာထွင်းဖောက် အလင်းပေါက်တဲ့ မဂ်ရောက်ချဉ်းနင်း ကောင်းစွာသိခြင်းငှာ **နိဗ္ဗာနာယ** - ကိလေသာဓာတ် အပြတ်အရှင်း ချုပ်ခြင်းအမှန် နိဗ္ဗာန်အလို့ငှာ၊ **သံဝတ္တန္တိ** -အရိယာအဖြစ် တစ်ခေတ်ပြောင်းစရာ အကြောင်းသာ ကောင်းစွာဖြစ်ကြကုန်သတည်း ။

အမှာ အရှင်မောဂ္ဂလာန်မထေရ်အား ဟောတော်မူသော ဗောဇ္ဈင်ဒေသနာ၌ (ကဿပ)နေရာတွင်(မောဂ္ဂလ္လာန) ရှိ၍ (မောဂ္ဂလ္လာန မောဂ္ဂလ္လာန်)ဟု အနက်ပေးရုံသာ ထူးပါသည် ။

ဘုရားရှင်အား အရှင်စုန္ဒဟောသော ဗောဇ္ဈင်ဒေသနာ၌ ယခင်ကဿပ ဗောဇ္ဈင်တွင်(ကဿပ)နေရာ၌ (ဘန္တေ) ဟုလည်းကောင်း ၊ (မယာ)နေရာ၌ (ဘဂဝတာ)ဟုလည်းကောင်း ရှိနေ၍ (ဘန္တေ-မြတ်စွာဘုရား-ဘဂဝတာ-ရှင်တော်မြတ်ဘုရားသည်) ဟု အနက်ပေးရုံသာထူးပါသည် ။

ဗောဇ္ဈင်ခုနစ်ပါး တရားမြတ်ရတနာ ပြီး၏။

မိခင်ရောဝတီ

http://www.dhammadownload.com

ဒါရုက္ခန္ဓောပမသုတ် တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အချီး ဒါရုကန္ခေါပမ သုတ္တန်ဆိုတာက သစ်တုံးကြီး ဥပမထား ဟောကြားတဲ့ ဒေသနာဖြစ်ပါသည်၊ဗုဒ္ဓ ရှင်တော်မြတ်ဟာ တရံတစ်ခါ တရားတော်ကို ဥပမာ ဥပစာတို့ ဖြင့် တန်ဆာဆင်ပြီး ဝေဝေ ဆာဆာ သာသာ ယာယာဖြစ်အောင် ဟောပြတတ်ပါတယ်၊ ဒါက ဒေသနာဝိလာသခေါ် တရားဒေသနာ တော်ကို တင့်တယ်စေတတ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးရဲ့အစွမ်း ပါပဲ ၊ ဝေနေယျပုဂ္ဂိုလ်တို့အလိုအရ ရိုးရိုးဟောပြမှ တရားရမယ့် ပုဂ္ဂိုလ်ကို ရိုးရိုးကလေးဟောပြီး ၊အဆန်းတကြယ်ဟောမှ တရားရ မယ့်ပုဂ္ဂိုလ်ကျတော့ အဆန်းတကြယ် ချယ်လှယ် ဆင်သ ဟောပြ တော်မူတယ်၊ ဒါဟာ သတ္တဝါတို့ရဲ့ အလိုဆန္ဒအကြိုက်ကို နှိုက် နှိုက် ချွတ်ချွတ် သိတော်မူတတ်တဲ့ အာသယာနုသယဉာဏ်တော်ရဲ့ အစွမ်းလို့လည်း ဆိုရပါတယ်၊ ဒီဒေသနာတော်နဲ့ တရားရှုနည်း ပွားများနည်းများရနိုင်ပါတယ်၊ ဒါ့ကြောင့် ယခင်ဉာဏ်တော်ကြီး တွေကိုလည်း ကြည်ညိုရအောင် တရားရှုနည်း ပွားနည်းကလေး များလည်း ရမိအောင် ရိုသေလေးစားစွာ နာယူကြဖို့ရာ တိုက်တွန်း လိုက်ရပါတယ်၊ ကဲ ယခုဒါရုက္ခန္ဓောပမသုတ္တန်တော်ကြီးကို စတင် ဟောပြောကြပါစို့ ။

http://www.dhammadownload.com

ကို့ုက်တွန်းချက် **ဒါရုကွန္ဒေါပမ် နာမ –**
သုတ္တံ ဗုဒ္ဓေန ဒေသိတံ ၊
သာဝေါ တံ နိသမေန္တု –
ဟောန္တု ဗုဒ္ဓဝသာနုဂါ ။

ဒါရုကွန္ဒေါပမ် နာမ–သစ်တုံးကြီးဥပမာဖြင့် ရှုစရာသဘောပြ ဒါရုကွန္ဒေါပမ အမည်ရသော ၊ **သုတ္တံ** -တပည့်အများအသိပွားဖို့ တရားထုတ်ပြန် သရုပ်ဖန်လျက် နှုတ်သံဖော်မြွက်သုတ္တန်တော်မြေစက်ကို၊ **ဗုဒ္ဓေန**–တရားအရာ ကြားနာရှင်ပျ အစဉ်လှအောင် ဆင်ပြတတ်ငြား မြတ်ဘုရား အနုတ္တရ တို့ုဗုဒ္ဓသည်၊ **ဒေသိတံ** – တရားမာတ်ခံ ဉာဏ်အဆင့်ဆင့် အမှန်ပွင့်အောင် အခွင့်ဖော်လတ် ဟောကြားတော်မူအပ်ပါပေပြီ ၊ **တံ သုတ္တံ** - ဒါရုကွန္ဒေါပမ မည်ရအကျော် သုတ္တန်တော် ထိုတရားမြတ်ကို၊ **သာဝေါ**– ကိုယ်သန္တန်တွင် အမှန်မြင်ဖို့ ဉာဏ်ယှဉ်လိုလား သူတော်ကောင်း ဒကာဒကာမများတို့သည် ၊**နိသာမေန္တု**– နာလည်းနာမည် ကျင့်လည်းကျင့်မည် ရှင်ကြည်ကြည် စိတ်ထားလျက် တရားသဘောကျအောင် နားသောတ ဆင်ကြပါကုန်လော ၊ **ဗုဒ္ဓဝသာနုဂါ**–မဂ်ဖိုလ်နိဗ္ဗာန် ရဖို့ရန်ဟု ကျင့်ကြံဖို့ရေး မြော်တွေးမြွက်ဟ နည်းလမ်းပြတဲ့ ဗုဒ္ဓအကြိုက် အလိုလိုက်သည့် စရိုက်ဖွေးဖြူ ကျင့်ကြသူတို့သည်၊**ဟောန္တု**– ကြုံခဲကြုံရ ဒုလ္လဘနှင့် ဆုံရဆဲဖြစ် တို့ရဲ့ခေတ်ဟု မလစ်ကြတဲ့ ဖြစ်ကြပါစေကုန်သတည်း ။

သူတော်နိဒါန်း တစ်ခါက ဗုဒ္ဓရှင် ကိုယ်တော်မြတ်ဟာ
ကောသမ္ဗီပြည် ဂဂ်ါမြစ်ကမ်းပါးမှာသီတင်း

မိခင်ရောဝတီ

http://www.dhammadownload.com

သုံး နေတော်မူခဲ့တယ် ၊ တစ်နေ့သောအခါ ဗုဒ္ဓါသနခေါ် ဘုရား နေရာတော်မှာ ရဟန်းအပေါင်း ခြံရံလျက်ထိုင်နေတော်မူခိုက် ဂဂ်ါ မြစ်ထဲမှာ မျောပါနေတဲ့ သစ်တုံးကြီးတစ်တုံးကို မြင်တော်မူရတယ်။ တပည့်ရဟန်းများကို တရားဟောပြ ဆုံးမသွန်သင်ဖို့ရာ အမြဲတမ်း ဦးတည်နေတဲ့ ရှင်တော်မြတ်ဘုရားဟာ သစ်တုံးကြီး ဂဂ်ါမြစ်ထဲမျော နေတာ မြင်ရတယ် ဆိုယင်ပဲ တရားဟောဖို့အတွက် အချက် အလက်ကို မြင်တော်မူတယ် ။ မြင်တော်မူတဲ့အတိုင်း ရဟန်းများကို မေးတော်မူတယ် ၊ ချစ်သားရဟန်းတို့ ဂဂ်ါမြစ်ရေအလျှဉ်ဖြင့် မျော နေသော ဟောဟို သစ်တုံးကြီးကို မြင်ကြသလား ၊ ဘုရားရှင်အမေး ကို ကြားရတော့ ရဟန်းတွေ အားတက်သွားမှာပါပဲ ၊ဘာကြောင့်လဲ ဘုရားရှင်တို့မည်သည်မှာ အကျိုးမရှိဘဲ ဘာအမေး ဘာစကားမျှ မိန့်ကြားတော်မူလေ့မရှိ၊ အကျိုးရှိမှ မေးလေ့ မြန်းလေ့ ရှိလေတော့၊ ယခုလို အမေးကြားရယင်ပဲ တို့တော့ တရားကောင်းတစ်ပုဒ် နာခံ မှတ်သားရတော့မှာပဲလို့ အားတက်သရောဖြစ်ကာ ၊ မှန်လှပါမြတ် စွာဘုရား. အမိန့်တော်မြတ်အတိုင်း မြင်ကြရပါတယ် ဘုရားလို့ လျှောက်ထားကြတယ် ၊ အဲဒီ အခါမှာ ဘုရားရှင်က သစ်တုံးကြီး ဥပမာထားလို့မို့ တရားဒေသနာကို ဝေဝေ ဆာဆာနဲ့ စတင် မိန့်ကြားတော်မူခဲ့တယ် ။

တရားအကွက်ဖော်ပို့. ချစ်သားရဟန်းတို့ ထိုသစ်တုံးကြီး ဟာ ဒီဘက်ကမ်းလည်း မကပ်ဘူး ၊ ဟို ဘက်ကမ်းလည်း မကပ်ဘူး ၊ မြစ်အလည်ခေါင်မှာလည်း နစ်မြုပ်မနေဘူး ၊ကုန်းပေါ်လည်း တင်မနေဘူး ၊ လူလည်း ဆယ်မ

http://www.dhammadownload.com

ယူဘူး ၊ နတ်လည်း ဆယ်မယူဘူး ၊ဝဲလည်းစုပ်ယူ မသွားဘူး၊ အတွင်းဆွေးလည်း ပုပ်ဆွေးမသွားဘူး ဆိုယင် ၊ သမုဒ္ဒရာထဲ ရောက်သွားတော့မှာပဲ ၊ ဘာကြောင့်လဲ ၊ ဂင်္ဂါမြစ်က သမုဒ္ဒရာထဲ နိမ့်ဆင်းညွှတ်ကိုင်း သက်ရှိုင်းနေသောကြောင့်ပင် ဖြစ်တော့တယ် ဆိုလိုတာက ဂင်္ဂါမြစ်က သမုဒ္ဒရာဘက် တိုးဝင်နိမ့်ရှိုင်း ညွှတ်ကိုင်းနေလေတော့၊ ဂင်္ဂါမြစ်ရေလျှဉ်ကြောနဲ့ မျှောပါသွားယင်ဖြင့် သမုဒ္ဒရာထဲတစ်ခါတည်းရောက်သွားတော့မှာပါပဲ၊ ဒီလိုမဟုတ်ဘဲ ဒီဘက်ကမ်း ကပ်နေမယ်၊ ဟိုဘက်ကမ်းကပ်နေမယ် ၊ မြစ်လယ်ခေါင်မှာ သဲဖုံးနစ်နေမယ် ၊ ကုန်းပေါ်တင်နေမယ်၊ လူဆွဲသွားမယ်၊ နတ်ဆွဲသွားမယ်၊ ဝဲစုပ်ယူသွားမယ်၊ ဆွေးမြေ့သွားမယ်ဆိုယင် ဂင်္ဂါမြစ်မှာ မျှောမပါနိုင်တော့လို့၊သမုဒ္ဒရာထဲ ရောက်နိုင်ဖို့ အကြောင်းမရှိတော့ဘူး ၊ ဒါက ဥပမာနော် ၊ဒီဥပမာကလေး မှတ်ထားမှ နောက်လာမယ့် တရားတွေလည်း မှတ်မိ သဘောကျမှာ ။

ယခင်သစ်တုံးကြီးလို့ကျင့်က ဗုဒ္ဓရှင်တော်မြတ်ဟာ သစ်တုံးကြီး ဖြစ်ပုံ ဥပမာလေးကို ဟောတော်မူပြီးနောက် ထိုသစ်တုံးကြီး စံထားပြီး တရားကျင့်ဖို့ရာ ဆက်လက်ဟောတော်မူခဲ့ပါတယ်၊ အို ချစ်သားရဟန်းတို့ ထိုသစ်တုံးကြီး ဥပမာအတိုင်း သင်ချစ်သားတို့သည် ၊ ဒီ ဘက်ကမ်းလည်း မကပ်၊ ဟိုဘက်ကမ်းလည်း မကပ် ၊ အလယ်ခေါင်မှာလည်း မနစ်မမြုပ်၊ ကုန်းပေါ်လည်း တင်မနေ၊ လူလည်း အဆွဲမခံရ ၊နတ်လည်း အဆွဲမခံရ ၊ ဝဲစုပ်လည်း မခံရ ၊ အတွင်းဆွေးလည်း မဆွေး ဘူးဆိုယင် ဖြင့်သင်တို့သည် နိဗ္ဗာန်ညွှတ်ကိုင်း သက်ရှိုင်းကျရောက်သွားတော့

http://www.dhammadownload.com

မှာပဲ ၊ ဘာ့ကြောင့်လဲ ၊ သမ္မာဒိဋ္ဌိ မှန်ကန်သော မြင်သိမှုတရားဟာ နိဗ္ဗာန်သို့ ညွှတ်ကိုင်း သက်ရှိုင်းကျရောက်သော တရားဖြစ်သော ကြောင့်ပင် ၊ ဒါက ဘာဆိုလိုတာလဲ၊ စောစောကပြောခဲ့တဲ့ သစ်တုံးကြီးဟာ ဂင်္ဂါမြစ်က သမုဒ္ဒရာထဲ ထိုးဝင် နိမ့်ဆင်းနေလေတော့၊ ဂင်္ဂါမြစ်ရေလျှံကြောင့် မျှောသွားယင် သမုဒ္ဒရာထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားမှာ သေချာတယ် ၊ ဒီ လိုမဟုတ်ဘဲ ဟိုဘက်ကမ်းကပ် ၊ သည်ဘက်ကမ်းကပ် စသည်ဖြင့် အနှောင့်အယှက် တွေကြုံနေရယင်ဖြင့် သမုဒ္ဒရာထဲ ရောက်တော့မှာ မဟုတ် ၊အဲ ဒါလိုလည်း အမှန်ဘရားမြင်တတ်တဲ့ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်သို့ ညွှတ်ကိုင်းသက်ဝင်နေတာမို့ ထိုသမ္မာဒိဋ္ဌိ ရေစီးကြောင်းနဲ့ ပါသွားလျှင်ဖြင့် နိဗ္ဗာန်သို့ ရောက်သွားမှာ အမှန် ၊ ဒီလို မဟုတ်ဘဲ သင်တို့ဒီဘက်ကမ်းကပ်၊ ဟိုဘက်ကမ်းကပ် စသည်ဖြင့် အနှောင့်အယှက်တွေကြုံနေ လုပ်နေလျှင်ဖြင့် နိဗ္ဗာန်ရောက်နိုင်မှာ မဟုတ်ဆိုဘဲ ၊ အဓိပ္ပါယ်ပါပဲ။

ပဟေဋ္ဌိဆန်ဇဲ့ ဒေသနာ သို့သော် ဒီလောက်နဲ့ သိပ်ပြီး သဘောပေါက် ရှင်းလင်းကြ ဦးမယ်ထင်တဲ့ မဟုတ်သေးဘူး ၊ယခင် ဥပမာက သစ်တုံးကြီးဖြစ်လေတော့ ဒီ ဘက်ကမ်းကပ် ဟိုဘက်ကမ်းကပ်စသည့်အချက်ဟာ ရှင်းနေပါတယ်၊ယခုတော့ ရဟန်းတွေကို သင်တို့လည်း ဒီဘက်ကမ်းလည်း မကပ် ဟိုဘက်ကမ်းလည်း မကပ်ဘူးဆိုယင် ၊ စသည်ဖြင့် ဟောထားတော့ ၊ဘာလိုလိုနဲ့ မရှင်းမလင်းဖြစ်နေမှာပဲ မရှင်းတာလည်း သဘာဝကျလို့ ဖြစ်ထိုက်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီဒေသနာ

http://www.dhammadownload.com

က ၊ တိုက်ရိုက် ဟောတဲ့ ဒေသနာမဟုတ်ဘဲ ၊ ပဟေဠိဆန်ဆန် ဆန်းကြယ်စွာ ဟောထားတဲ့ဒေသနာဖြစ်လို့ပါပဲ ၊ ပဟေဠိဆိုတာ လောက ကစကားထာဝှက်တယလို့ဆိုတဲ့ စကားမျိုးပါပဲ ၊ လောကမှာ တစ်ဦးဦးက စကားထာဝှက်တဲ့အခါ ၊ ရှေးက စကားထာနဲ့စပ်လို့ ဗဟုသုတလည်းရှိထားမယ် ၊ လိမ္မာပါးနပ်တဲ့ ဉာဏ်လည်းရှိသူ ဖြစ်မယ်ဆိုယင်ဖြင့် ချက်ချင်း ဘာဆိုလိုတယ် ဆိုတာ ထင်းကနဲ ပေါ်လာပြီး၊ ဒေါက်ခနဲ ပြောချနိုင်တော့တာပဲ ၊ ဗဟုသုတလည်း မရှိ လူကလည်း မပါးမနပ်၊ ထုံ အ. အ ဆိုယင်တော့ ၊ သီမှာ မဟုတ်ဘူး အဲ ဒီလိုပဲ သင်တို့လည်း ဒီဘက်ကမ်းလည်းမကပ် ၊ဟိုဘက်ကမ်းလည်းမကပ် ၊ အလယ်မှာ မမြုပ် ၊ ကုန်းမှာ မတင် ၊ လူလျှင်မဆွဲ၊ နတ်မဆွဲ ၊ ဝဲမစုပ် ၊ မဆွေးမပုပ်လျှင် နိဗ္ဗာန်ရောက်ကြလိမ့်မယ် ဆိုတဲ့ ဒေသနာမှာလည်း ၊ တရားနာ ပရိသတ်ထဲက တရားပေါက်ရောက်ပြီး ပဋိသမ္ဘိဒါဉာဏ်စသော ဉာဏ်တွေ ရထားတဲ့ ရဟန္တာတွေလည်းပါမှာဖြစ်တော့ ၊ အဲ ဒီလို ရဟန္တာတွေကတော့ ဘုရားရှင် ဘာဆိုလို တယ်ဆိုတာ ဒက်ခနဲ ကွက်ခနဲ ဆိုသလို သိဖို့ရှိပါတယ်၊ တရားမပေါက်ရောက် အသိဉာဏ် မကြွယ်သေးတဲ့ ရဟန်းအချို့လည်း ပါမှာဖြစ်တော့ ၊ အဲ ဒီလို ရဟန်းတွေကတော့ ဘာဆိုမှန်းသိကြမှာ မဟုတ်ပေဘူး ၊ တစ်ခါတစ်ခါလည်း သိတဲ့ရဟန်းတွေထဲက၊အမျှားအကျိုးရှိအောင် သိ နားလည်အောင် ၊ မိမိက သိပြီးဖြစ်သော်လည်း မေးလျှောက်တာ ရှိတတ်ပါသေးတယ် ၊ အဲ ဒီလို ရဟန်းတွေထဲက ရဟန်းတစ်ပါးက ၊ ဘုရားရှင်တော်အား မေးမြန်းလျှောက်ထားခဲ့တယ် ။

http://www.dhammadownload.com

အမေး+အေျဖ မြတ်စွာဘုရား ၊ ဒီဘက်ကမ်း ဆိုတာ ဘာပါလဲ ဘုရား ၊ ဟိုဘက်ကမ်းဆိုတာ ကကော ဘယ်လိုပါလဲ ဘုရား၊ မြစ်အလယ်မှာ နှစ်တယ်ဆိုတာဘာ ကို ဆိုလိုပါသလဲ ၊ကုန်းပေါ်တင်နေတယ်ဆိုတာ ဘယ်ဟာပါလဲ လူ ဆယ်ယူတယ် ဆိုတာ ဘာပါလဲ ၊ နတ်ဆယ်ယူတယ် ဆိုတာက ကော ဘာပါလဲ၊ဝဲစုပ်ယူသွားတယ် ဆိုတာ ဘယ်အရာပါလဲ ၊အတွင်း ဆွေး ဆွေးနေတယ် ဆိုတာကကော ဘာပါလဲဘုရား။

ဒီဘက်ကမ်းကပ်၊ ဟိုဘက်ကပ်နဲ့.၊ လယ်ရပ်မြေပ်ချက် ၊
ကမ်းထက်တင်ဟူ ၊လူသော် ဆွဲလတ်၊နတ်မူ ယူဆွဲ ၊
ဝဲ ကြီးစုပ်ပြေး ၊ အတွင်းဆွေး၊သိရေး ဥပမာ။

ရဟန်းတော်ကလေး မေးတဲ့ အချက်. ရှစ်ချက်. ကို ၊ ဘုရားရှင်က တစ်ခုစီ တစ်ခုစီ ဖြေရှင်းပြသွားတော်မူခဲ့ပါတယ် ။

ဒီဘက်ကမ်း ဆိုတာ **သြရိမ် တီရန္တိ ခေါဘိက္ခု ဆန္ေတ အဗ္ဗတ္တိကာနံ အာယတနာနံ အဓိဝစနံ။ဘိက္ခု**– သိလိုရေးနဲ့. စစ်ဆေးမေးမြန်း အိုချစ်သားရဟန်း ၊ **သြရိမ် တီရန္တိ ေတ**ာ-ငါမြတ်ဘုရား မိန့်.ကြားမြွက်ဟ သည်ဘက်ကမ်း ဆိုတဲ့ ဤ ဝေါဟာရသည် ၊ **ဆန္ဒ** –သရုပ်အားဖြင့် ခြောက်ပါးကုန်သော ၊ **အဗ္ဗတ္တိကာနံ အာယတနာနံ** –ခန္ဓာကိုယ်အားကျေးဇူးများလှအတွင်းကျငြား အာယတနတရားတို.၏ ၊ **အဓိဝစနံ** ဉာဏ်ဖြင့် ပွားဖို. တင်စားရည်ရွယ် အမည်တစ်မျိုးပင် ဖြစ်ပေတော့သတည်း ၊

http://www.dhammadownload.com

စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ၊ မြန်မာလိုတော့ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဆိုတဲ့ တရားခြောက်ပါးဟာ အာယတနတရားတွေ ၊ အာယတနဆိုတာ တည်ရာဆိုတဲ့ အနက်ရတော့ ၊ စိတ် စေတသိက်တရားများရဲ့တည်ရာဖြစ်သောကြောင့် အာယတနအမည်ရကြတယ်၊ စိတ် စေတသိက်တို့၏ဖြစ်ပေါ်ကြောင်း တရားလို့လည်း ဆိုနိုင်ပါတယ်၊ ထိုတရားတွေဟာ ခန္ဓာကိုယ်မှာ အတွင်းကျတဲ့ တရားတွေမို့ အဗ္ဗတ္တိက အတွင်းကျတဲ့ အာယတနတရားတွေလို့လည်း အမည်ထူး တစ်မျိုး ရပြန်ပါတယ် ၊ ခန္ဓာကိုယ်အတွင်းမှာ သည်ပြင်တရားတွေလည်း ရှိနေပါတယ်၊သို့သော်ထိုတရားခြောက်ပါးက ခန္ဓာကိုယ်အားကျေးဇူးများတဲ့ တရားတွေ၊ခန္ဓာကိုယ်ကို အထူးကျေးဇူးပြုတဲ့ တရားတွေဖြစ်လို့ သူတို့ကိုသာခန္ဓာအတွင်းကျတဲ့ အာယတနတွေလို့ ဆိုရပါတယ်၊ စဉ်းစားကြည့်ပါ ၊ မျက်စိရှိလို့ အဆင်း ရှုပါရုံမျိုး စုံ မြင်ကြရတယ်၊နားရှိလို့အသံမျိုးစုံ ကြားရ မှတ်ရတယ်၊ နှာခေါင်းရှိလို့ အနံ့မျိုးစုံ ခံနိုင်လေရှုနိုင်တယ် လျှာရှိလို့ အရသာခံနိုင်ကြတယ်၊ ကိုယ်ရှိလို့ အတွေ့မျိုးစုံသိရခံရတယ် ၊ စိတ်ရှိလို့ သိဖွယ် အမျိုးမျိုး သိရတယ် ၊ ဒီလိုဆိုတော့ သူတို့ဟာ ခန္ဓာကိုယ်မှာ ဘယ်လောက်အရေးကြီးတယ် ၊ ပဓာနကျတယ်ဆိုတာ သိနိုင်ပါတယ် ၊တို့ရှိလို့သာ ခန္ဓာကိုယ်ကြီးဟာ အသုံးဝင်နေတာ တို့သာ မရှိယင် မင်းခန္ဓာဟာ ဘာမျှအသုံးဝင်မှာ မဟုတ်ဘူးလို့ ဆိုသလိုဖြစ်နေပါတယ် ၊ဒါ့ကြောင့် သူတို့တစ်တွေဟာ ခန္ဓာအတွက် ကျေးဇူးများလို့ ဒီ မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို အတွင်းအာယတန ၊ အဗ္ဗတ္တိကာယတနဆိုရပါတယ် အတွင်း အာယတနဖြစ်လို့ပဲ အတွင်းဘက်ကျတဲ့ သည်ဘက်ကမ်း

http://www.dhammadownload.com

အဖြစ်တင်စားပြီး ၊ ဘုရားရှင် ဟောတော်မူခဲ့ခြင်း ဖြစ်ပါတယ် ။

ဟိုဘက်ကမ်းဆိုတာ ကဲ ဒီဘက်ကမ်းတော့သိကြရပါပြီ ဟိုဘက်ကမ်းဆိုတာဘာပါလဲ ဆိုတဲ့ ၊ရဟန်းအမေးကို ဆက်နေပုံကလေး ပြောကြပါဦးစို့၊ **ပါရိမ်တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ၊** ဘိက္ခု-သိလိုရေးနဲ့ မေးမြန်း လျှောက်ထား အိုချစ်သားရဟန်း၊**ပါရိမ်တီရန္တိ ခေါ ဧတံ**- ငါဘုရားမြွက်ဟ ဟို ဘက်ကမ်းဆိုတဲ့ ဤဝေါဟာရမှာ၊**ဆန္နံ** -မူအစားစား ကွဲပြားခဲ့တဲ့ ခြောက်ပါးကုန်သော ၊**ဗာဟိရာနံ အာယတနာနံ** -အပြင်အပ ဗာဟိရဟု ဆိုရအလား အာယတနတရားတို့၏ ၊ **အဓိဝစနံ**- သမ္မဇဉ်အား ဉာဏ်မြင်ပွားဖို့ တင်စားမှီရိုး အမည်တစ်မျိုးပင် ဖြစ်လေတော့သတည်း ။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဆိုတဲ့ - အဆင်း အသံ အနံ့ အရသာ အတွေ့ တရားဆိုတဲ့ အာရုံခြောက်ပါးကို ဗာဟိရာယတန အပြင်အာယတနတွေလို့ ဆိုရပါတယ် အဆင်း အသံ စသည်ဟာ ဤကိုယ်က အပြင်ကျတဲ့ အာရုံတွေပါပဲ ၊ ကိုယ်တွင်းမှာလည်း အဆင်း အသံစသည့် ရုပ်တွေ ရှိတော့ ရှိပါသေးတယ် ၊ ကိုယ်တွင်းကျပေမယ့် ခုနပြောခဲ့တဲ့ စက္ခု သောတစသည်တို့လို ခန္ဓာကိုယ်အား ကျေးလူးမမှား ကျေးလူးမပြုကြလို့ အပအာယတနတွေပဲ ဆိုရပါတယ်၊ အဲ ဒီလို အပြင်အပကျတဲ့ အာယတနတွေမို့ပဲ ဟိုဘက်ကမ်းဟု တင်စားပြီးဘုရားမြတ်က ဟောတော်မူခဲ့ပါတယ်။

http://www.dhammadownload.com

ကမ်းကပ် မကပ်ပုံ သိမ်ြမင်လို ဒီေတာ့ ဒီဘက်ကမ်းဆို တာ အတွင်းဘာယတန ေြခာက်ပါးကိုတာ ၊ နားလည် ခဲ့ကြပြီ၊ ဟိုဘက်ကမ်းဆိုတာ အပြင် အာယတနတွေပဲလို့ နားလည်ခဲ့ကြပြီ၊ဒီအဖြေနှစ်ခုဟာလိုရင်း ကျ လို့ ဒါနှစ်ခုကိုပဲ အရင်ခွဲခြား ေဟာရဦးမယ် ၊မြစ်အလယ်ခေါင်နစ် တာတို့ကုန်းထက်တင်တာတို့ စသော အချက်တွေကိုတော့ ၊ေနာက် ဆုံးကျမှ ရှင်းပြတော့မယ် ၊ ဒီဘက်ကမ်း ဟိုဘက်ကမ်းသိပြီးသည့် ေနာက် ၊ သည်ဘက်ကမ်း ကပ်တယ် မကပ်ဘူး ၊ ဟို ဘက်ကမ်းကပ် တယ်မကပ်ဘူးဆိုတာနားလည်ဖို့ လိုပြန်တယ် ဘုရားရှင်က သင်တို့ သည်ဘက်ကမ်းလည်း မကပ် ၊ ဟိုဘက်ကမ်းလည်း မကပ်ယင် နိဗ္ဗာန်ရောက်ကြလိမ့်မယ် ေတာကြောင့်လဲ သမ္မာဒိဋ္ဌိဟာ နိဗ္ဗာန်သို့ ညွှတ်ကိုင်း ေတက်ဝင်ေနတော့ ေကြာင့်လို့ ၊ေဟာထားတာ ခပြာခဲ့ပါပြီ၊ ဒီေတာ့ ဆိုလိုတာက သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန် ရှိေနယင် သည် ဘက်ကမ်းလည်း မကပ် ၊ ဟိုဘက်ကမ်းလည်းမကပ် မေနေ သမ္မာ ဒိဋ္ဌိနဲ့.ေမျှာပါပြီး၊ နိဗ္ဗာန်သို့ တစ်သမတ်ထည်း ဆိုက်ေရာက်သွား လိမ့်မယ်လို့ ဆိုပါတယ် ၊ ဒါကို ပထမ သဘောပေါက်ထားဖို့လိုပါ တယ်၊ အဲ ဒီေတာ့ ယခု ဒီဘက်ကမ်း ကပ်ပုံ မကပ်ပုံ ၊ဟိုဘက်ကမ်း ကပ်ပုံ မကပ်ပုံကလေးများ ၊ ခွဲခြားပြဖို့ အခွင့်ေရာက်လာပြန်ပါပြီ။

ကဋ္ဌနဲ့. ရူပါရုံ စက္ခုဆိုတာ ဒီဘက်ကမ်း၊ ရူပါ ရုံဆိုတာ ဟိုဘက်ကမ်း ၊ သူတို့ နှစ်ခုကို ပထမ ေပြာရလိမ့်မယ် ၊ ဘာပြုလို့လဲ ဆိုတော့ စက္ခုဆိုတဲ့ မျက်စိ အကြည်မှာ ရူပါရုံဆိုတဲ့အဆင်းက လာထင်ရတာကိုး ဒါ

http://www.dhammadownload.com

ကြောင့် သူတို့နှစ်ခုက တစ်တွဲ ၊ ငါ့ မျက်လုံးလေးဟာ သိပ်အားသန်၊ သိပ်အမြင်သန်တာပဲ ၊ လှလို့ ပလို့ ကြည်လဲ့ရွှန်းဝေလို့ ၊သမင်မျက်လုံးကလေးလို ပုလဲတစ်လုံး ရွှဲတစ်လုံးဆိုသလိုပဲ ၊ စသည်ဖြင့် မျက်စိအပေါ်မှာ နှစ်သက် တပ်မက်တဲ့ လောဘဖြစ်နေယင် အဲဒါ သည်ဘက် ကမ်းကပ်နေတော့တာပဲ၊ထို့ပြင် ငါ့မျက်လုံးက ကြည့်လို့ လည်း မကောင်းတော့ပါဘူး သဲသဲကွဲကွဲ မမြင်ရတော့ အရောင်တွေ လည်းကင်း၊အဆင်းတွေလည်း ပျက်နေပါလားလို့၊စိတ်ပျက် မသက်သာ ဖြစ်နေယင် ဒေါမနဿဖြစ်တော့တာပဲ ၊ မျက်လုံးအတွက် ဒေါမနဿဖြစ်ယင်လည်း ၊ ဒီဘက် ကမ်း ကပ်နေတော့တာပဲ ၊ မျက်လုံးကအသက်ကလေးရှိလို့ မြင်နေတာပဲ ၊ စသည်ဖြင့် အသက်ဇီဝစွဲ စွဲပြန်တော့ ဒီအတ္တဒိဋ္ဌိပဲ ၊ အဲ ဒီလို ဒိဋ္ဌိရှိနေယင်လဲ ဒါဒီဘက် ကမ်းကပ်နေတာပဲ ။

လှပတဲ့ ရူပါရုံကလေးမြင်ရလို့ နှစ်သက်တပ်မက်ယင် လောဘဖြစ် ၊ လောဘဖြစ်ယင် ဟိုဘက်ကမ်းကပ်ခြင်းပဲ ၊ ကိုယ် မလိုလား မနှစ်သက် မမြင်ချင်တဲ့ အဆင်းရူပါရုံ မြင်ရတဲ့ အခါ စိတ်ဆိုး ဒေါသဖြစ် ၊ ဒေါသဖြစ်ယင် ဟိုဘက်ကမ်းကပ်နေခြင်းပါပဲ ၊ စက္ခုကို စက္ခုအဖြစ်မြင်မယ် ရုပ်အဖြစ် မြင်မယ်၊ ဖြစ်ပျက်တရားလို့မြင်မယ်၊ အနိစ္စ ဒုက္ခ အနတ္တအဖြစ်မြင်မယ် ဆိုယင် ၊ ဒါ သမ္မာဒိဋ္ဌိ အမြင်မှန်ပဲ ၊ သမ္မာဒိဋ္ဌိ အမြင်မှန် ရှိနေယင်၊ ဒီဘက်ကမ်းက ခွါ သမ္မာဒိဋ္ဌိနဲ့ အတူ နိဗ္ဗာန်ဘက် မျောပါနေတာပဲ အဆင်းရူပါရုံကိုလည်း ရူပါရုံအဖြစ် ရုပ်အဖြစ် မြင်မယ် ၊ ဖြစ်ပျက်တရားလို့မြင်မယ် ၊ အနိစ္စ ဒုက္ခ အနတ္တ အဖြစ် မြင်မယ် ဆိုယင်၊ အဲ ဒါ သမ္မာဒိဋ္ဌိပဲ ၊သမ္မာဒိဋ္ဌိဖြစ်ယင် ဟိုဘက်ကမ်း မကပ် ဟိုဘက်

http://www.dhammadownload.com

ကမ်းကခ္ဓါ သမ္မာဒိဋ္ဌိနဲ့အတူနိဗ္ဗာန်ဆီဦးတည်မျောပါသွားတော့တယ်

သောတနဲ့ သဒ္ဒါရုံ အဲ ဒါလိုပဲ ငါ့နားဟာတယ်ကောင်း တယ်ပြီးကြားလွယ်ပါကလား ၊ အသံတိုးတိုးလေးတောင် ကြားနိုင်တယ်၊ စသည်ဖြင့် မိမိ နားသောတဋ္ဌ လောဘဖြစ်နေလျှင် သောတဆိုတဲ့ သည်ဘက်ကမ်း ကပ်နေတာပဲ၊ ငါ့ နားက ကောင်းကောင်းလည်း မကြား ထိုင်းနေ ပျက်နေပါပေါ့ လားလို့ ၊ စိတ်ပျက် ဒေါသဖြစ်နေယင် ၊ အဲ ဒါလည်း သောတဆိုတဲ့ ဒီဘက်ကမ်း ကပ်နေတာပဲ ၊ အသံသာသာလေး ကြားရတဲ့အခါ သာယာ စွဲလမ်းနေယင် လောဘဖြစ် လောဘဖြစ်ယင်၊ အသံဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာပဲ ၊မလိုတဲ့ မနှစ်သက်တဲ့ အသံကြား ရလို့ စိတ်ပျက် စိတ်ဆိုလာယင် ၊ဒေါသဖြစ် ဒီအခါလည်း သဒ္ဒါရုံ ဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာပဲ ၊ သောတအဖြစ်ရုပ်အဖြစ် မြင်မယ် ၊သဒ္ဒါရုံအဖြစ် ရုပ်တရားအဖြစ်မြင်မယ် ၊ ဖြစ်ပျက်တရား မြင်မယ် ၊ မမြဲ ဆင်းရဲ အစိုးမရတဲ့ တရားတွေလို့မြင်မယ်ဆိုယင် အဲဒါ သောတဆိုတဲ့ သည်ဘက်ကမ်းလည်း မကပ်၊ သဒ္ဒါရုံဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ် ၊ သမ္မာဒိဋ္ဌိနဲ့ အတူ နိဗ္ဗာန်ဘက်တရွေ့ ရွေ့ မျောသွားနေတာ ပါပဲ ။

ဃာနနဲ့ ဂန္ဓာရုံ ငါ့နှာခေါင်းက အနံ့တယ်သိအနံ့ ခံလို့ အလွန်ကောင်း စသည်ဖြင့် သာယာစွဲလမ်းနေယင် ဃာနဆိုတဲ့ သည်ဘက်ကမ်း ကပ်နေပြီ၊ နှာခေါင်းများကလည်း မကောင်းတော့ပါဘူး အနံ့တောင် တယ်

http://www.dhammadownload.com

မရတော့ဘူး ।စသည်ဖြင့် စိတ်ပျက်နေ ယင် ဒေါသဖြစ် । ဒေါသဖြစ်ယင်လည်း ဃာနဆိုတဲ့ သည်ဘက်ကမ်း ကပ်နေတော့ တာပါပဲ । မွေးတဲ့ ဂန္ဓာရုံ ယနံ့ကလေး ကြုံရတဲ့အခါ । သာယာစွဲလမ်းနေယင် လောဘဖြစ် । လောဘဖြစ်ယင် ဂန္ဓာရုံဆိုတဲ့ ဟိုဘက်ကမ်းက မခွါ ကပ်နေတာ့တာပဲ । မကောင်းတဲ့ ပုပ်တဲ့ အနံ့နဲ့ ကြုံရလို့ စိတ်ဆိုး စိတ်မသက်သာ ဖြစ်နေယင် ဒေါသဖြစ် । ဒေါသဖြစ်နေယင်လည်း ဂန္ဓာရုံဆိုတဲ့ ဟိုဘက်ကမ်းက မခွါ ကပ်နေတော့ တာပါပဲ ဒီလို မဟုတ်ဘဲ ရှုလို့ မှတ်လို့ ပွားများလို့ ဃာနကို ဃာနအဖြစ်ရုပ်အဖြစ် မြင်မယ် । ဖြစ်ပျက်တရားလို့ မြင်မယ် । အနိစ္စ ဒုက္ခ အနတ္တလို့မြင်မယ်ဆိုယင် သမ္မာဒိဋ္ဌိပဲ ।သမ္မာဒိဋ္ဌိဖြစ်နေယင် ဃာနဆိုတဲ့သည်ဘက်ကမ်းလည်း မကပ် । ဂန္ဓာရုံဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ်।နိဗ္ဗာန်ဘက် မျှောသွားနေခြင်းပါပဲ။

ဇိဝှါနဲ့ ရသာရုံ ဘ့ါ လျှာလေးကနီလို့ရဲလို့ သိပ်လှ တာပဲ । အရသာကိုလည်းတကယ် ကောင်းအောင်ခံစားနိုင်တယ် । စသည်ဖြင့် လျှာကို စွဲလမ်းနှစ်သက်တဲ့ လောဘဖြစ်နေယင် ဇိဝှါဆိုတဲ့ ဒီဘက်ကမ်း ကပ်နေပြီ ।လျှာမျှားကလည်းတယ် မကောင်းတော့ပါဘူး । အရသာတောင် ကောင်းကောင်းမသိချင်တော့ပါဘူး ।စသည်ဖြင့် လျှာ အတွက် စိတ်ပျက်လျှင် ဒေါသဖြစ်। ဒီ အခါလည်း ဇိဝှါဆိုတဲ့ သည်ဘက်ကမ်းက မခွါ ကပ်နေတာပဲ। ရသာရုံ အရသာ ကောင်း ကလေးစားရလို့ နှစ်သက်စွဲမက် လောဘဖြစ်နေယင် । ဒါက အရသာဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေခြင်းပါပဲ । မကောင်းတဲ့ အရသာစားရလို့ စိတ်ပျက် စိတ်ဆိုး

http://www.dhammadownload.com

ဒေါသဖြစ်လာယင်လည်း ၊ ရသာရုံဆိုတဲ့ ဟိုဘက်ကမ်းကပ်နေတော့ တာပဲ ၊ ဒီလို လောဘ ဒေါသ မဖြစ်ရအောင် ရှုမှတ်နေလို့ ဇိဝှါကို လည်း ဇိဝှါအဖြစ် ရူပ်တရားအဖြစ်မြင်မယ်၊ ရသာရုံကိုလည်း ရသာရုံ အဖြစ် ရူပ်တရားအဖြစ် မြင်မယ် ၊ ထို တရားနှစ်ပါးလုံး ဖြစ်ပျက် တရားတွေလို့ မြင်မယ် ၊ အနိစ္စ ဒုက္ခ အနတ္တလို့မြင်မယ်ဆိုယင်၊ အဲ ဒါ သမ္မာဒိဋ္ဌိပဲ ၊ သမ္မာဒိဋ္ဌိဖြစ်ယင် နိဗ္ဗာန်ဘက် ဦးတည်သွားနေ တာဖြစ်လေတော့ ၊ ဇိဝှါဆိုတဲ့ သည်ဘက်ကမ်းလည်း မကပ် ၊ ရသာရုံဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ်တော့ ။

ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံ ၎ကိုယ်လေးကရှေ့လိုဝင်းပ လှ ချင်တိုင်းလှနေတယ် ၊စသည်ဖြင့် မိမိကာယကို စွဲမက် နှစ်သက်နေယင် တဏှာလောဘဖြစ် ၊ တ ဏှာလောဘဖြစ်ယင် ကာယဆိုတဲ့ ဒီဘက်ကမ်း ကပ်နေခြင်းပါပဲ၊ ၎ကိုယ်က မွဲလို့ ချောက်လို့ အရုပ်ဆိုးလိုက်တာ စသည်ဖြင့် စိတ် မသက်သာ ဒေါမနဿဖြစ်နေယင် ၊ ကာယဆိုတဲ့ ဒီဘက်ကမ်း ကပ်နေခြင်းပဲ၊ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ နူးညံ့သာယာဖွယ်အတွေ့တွေ့ရတဲ့ အခါ၊အဲ ဒီအတွေ့ကို သာယာစွဲမက် လောဘထွက်နေယင်ဖောဋ္ဌ ဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာပဲ ၊ မကောင်း ကြမ်းတမ်းတဲ့ အတွေ့နဲ့ တွေ့ရလို့ စိတ်ပျက် ဒေါသထွက်နေယင်လည်း ဖောဋ္ဌ ဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာပါပဲ ၊ ကာယကို ကာယအဖြစ် ရူပ်အဖြစ်မြင်မယ် ၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း ဖောဋ္ဌဗ္ဗာရုံအဖြစ်မြင်မယ်၊ ဖြစ်ပျက်တရားလို့ မြင်မယ် ၊ အနိစ္စ ဒုက္ခ အနတ္တလို့မြင်မယ် ဆိုယင် အဲ ဒါ သမ္မာဒိဋ္ဌိပဲ ၊ သမ္မာဒိဋ္ဌိနဲ့ အတူ နိဗ္ဗာန်ဘက် ရွှေ့လျက် မျှောပါ

http://www.dhammadownload.com

နေ တာပဲ ၊ ဒီသမ္မာဒိဋ္ဌိဖြစ်နေယင်တော့ ကာယဆိုတဲ့ သည်ဘက်ကမ်းလည်း မကပ်တော့ ၊ဖောဋ္ဌဗ္ဗဆိုတဲ့ ဟို ဘက်ကမ်းလည်း မကပ်တော့ ။

မနနဲ့ ဓမ္မာရုံ အဲ ဒါလိုပဲ ငါ့ စိတ် ကလေးက သိပ်သိတတ်တယ် သိပ်ချမ်းသာနေတယ် စသည်ဖြင့် မိမိစိတ်ကလေးကို သာယာစွဲ လမ်းနေယင် လောဘဖြစ်နေတော့ မနဆိုတဲ့ ဒီဘက် ကမ်း ကပ်နေခြင်းပါပဲ၊ သောကအပူ စသည်တွေ့ရလို့ ပူလောင်နေတဲ့ မိမိစိတ်ကို ဒေါသ စိတ်ပျက်နေယင် ၊ ဒေါသဖြစ်နေတော့ မနဆိုတဲ့ ဒီဘက်ကမ်း ကပ်နေတော့တာပါပဲ ၊ စိတ်က တွေ့တဲ့ ဓမ္မာရုံခေါ်အာရုံ ကလေးက သာယာဖွယ်ဖြစ်လို့ သာယာနေယင် လောဘဖြစ် ၊ ဒီ အခါ ဓမ္မာရုံဆိုတဲ့ ဟိုဘက်ကမ်း ကပ်နေတော့တာပဲ ၊ ဒီဓမ္မာရုံက မနှစ်သက်ဖွယ်ဖြစ်လို့ စိတ်ပျက်နေယင် ဒေါသဖြစ်၊ ဒေါသဖြစ်တော့ ဓမ္မာရုံဆိုတဲ့ ဟိုဘက်ကမ်းက မခွါ ကပ်နေတော့တာပါပဲ ၊ ဒီနေရာမှာဓမ္မာရုံဆိုတာက အမျိုးမျိုး သဒ္ဒါ သတိ သမာဓိ ပညာစသော ကောင်းတဲ့ တရားတွေရှိ၊ဒေါသစသောမကောင်းတဲ့တရားတွေလည်းရှိ စေတနာ ဝိတက်စသော ကောင်း မကောင်း ရောရာ တရားတွေလည်းရှိ ၊ယခင် အာရုံတစ်ပါး ရုပ်တရား တွေလည်းရှိ ၊ အများအပြားပါပဲ ။

စိတ်ကို စိတ်အဖြစ်နာမ်တရား အဖြစ်မြင်မယ် ၊ ဓမ္မာရုံကိုလည်း ဓမ္မာရုံအဖြစ် မြင်မယ် ၊ဖြစ်ပျက်တရားတွေလို့မြင်မယ်၊ အနိစ္စ ဒုက္ခ အနတ္တလို့မြင်မယ် ၊ အဲ ဒါက သမ္မာဒိဋ္ဌိ၊ ဒီ သမ္မာဒိဋ္ဌိဖြစ်နေယင်တော့ မနဆိုတဲ့ ဒီဘက်ကမ်းလည်း

http://www.dhammadownload.com

မကပ် ၊ ဓမ္မာရုံဆိုတဲ့ ဟိုဘက်ကမ်းလည်း မကပ် နှစ်ဖက်ကမ်း က ခွါ၊နိဗ္ဗာန်ဆီသာ ဦးတည် ရွှေ့မျောနေတော့တယ် ။

ဘိုက်တွန်းချက် ကဲ အတွင်းအာယတန ဆိုတဲ့ ဒီ ဘက်ကမ်း ကပ်ပုံ မကပ်ပုံ ၊အပြင် အာယတနဆိုတဲ့ ဟိုဘက်ကမ်း ကပ်ပုံ မကပ်ပုံ ပြောတာစုံသွားပါပြီ ယခု အတွင်းအာယတန ဆိုတဲ့ သည်ဘက်ကမ်းကလည်း ခွါဖို့၊ အပြင် အာယတနဆိုတဲ့ဟိုဘက်ကမ်း ကလည်း ခွါဖို့ သမ္မာဒိဋ္ဌဆိုတဲ့ အမြင်မှန်နဲ့ အတူမျောပါ နိဗ္ဗာန်သာ ဆိပ်ကမ်း တက်လှမ်းဖို့ ၊နည်းလမ်းကလေး ရှာကြစို့၊ ဒီနေရာမှာ သမ္မာဒိဋ္ဌကိုသာ ပြောသော်လည်း အားလုံး မဂ္ဂင်ရှစ်ပါးအကုန်ပါနေ တယ်ဆိုတာ ၊ သတိပြုသင့်ပါတယ် ထို တရားတွေက မခွါမခွဲ တစ်ပါတည်း အလုပ် လုပ်နေကြတာဖြစ်တော့ သမ္မာဒိဋ္ဌပြောယင် တခြားမဂ္ဂင်တွေလည်း ပါသွားတော့တာပါပဲ ၊ အမြင်မှန် အမြင်ကောင်းဖြစ်ယင် အကြံကောင်းတော့တာပါပဲ သတိ သမာဓိ ဝီရိယဆိုတဲ့ တရားတွေကလည်း ကောင်းသွား မှန်သွားတော့တာပဲ အပြုအပြော အသက်မွေးမှုတွေလည်း ကောင်းသွားတော့တာပဲ ၊ ဒီ နေရာမှာ သမ္မာဒိဋ္ဌဟာ နိဗ္ဗာန်ဌဉ္ဇတ် နေတယ်ဆိုတာ မဂ်ရောက်နေတဲ့ သမ္မာဒိဋ္ဌက နိဗ္ဗာန်တစ်ခါတည်း ဆိုက်ပြီးညွှတ်နေတာ ၊ အဲ ဒီ သမ္မာဒိဋ္ဌ ရောက်အောင် ဝိပဿနာ သမ္မာဒိဋ္ဌနဲ့ လိုက်ကြရမှာ ၊ ဝိပဿနာ သမ္မာဒိဋ္ဌ မဂ်ဘက်ဖိုလ်ဘက် ဦးတည်သွား နေတာမို့ နိဗ္ဗာန်ဆီ ညွှတ်ကိုင်းနေတယ်ပဲ ဆိုရပါတယ် ၊ ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌလုပ်ငန်း ကမ္မဋ္ဌာန်းဖြင့် တစ်ခန်းဖွင့်ဖို့ရာ အခွင့် ဆိုက်လာခဲ့ပါပြီ ၊ ဒီတော့ တို့တတွေဟာဒီ

http://www.dhammadownload.com

ဘက်ကမ်းကလည်း မခွါ ၊ ဟို ဘက်ကမ်းကလည်း ကပ်နေလိုက်ကြတာ ကြာလှပြီ ၊ယခု သမ္မာဒိဋ္ဌိ ရေလျှဉ်ကြောဖြင့် နိဗ္ဗာန်ဆီမျှောလိုက် ကြဦးစို့. ဆိုတဲ့ စေတနာ ဆန္ဒဖြင့် လေးလေးစားစားနာကြားလိုက်ကြပါဦး ။

အာနာပါနဖြင့်စ ဝိပဿနာဆိုတာ တစ်ကိုယ်လုံးမှာ ရှိတဲ့ပေါ်ရာ ပေါ်ရာ ရုပ်နာမ် တရားတွေကို ရှုမှတ်ရမှာ ဖြစ်ပါတယ်၊ဒါပေမယ့် ပထမတော့ ပင်တိုင်အချက်အချာကျတဲ့ ရှုကွက်တစ်ခုကို မူတည်ပေးရလိမ့်မယ် ၊ အဲဒါက အာနာပါန ရှုကွက်ပါပဲ ၊ အာနာပါနဆိုတာ နှာခေါင်းမှာထွက်လာတဲ့လေ ဝင်လာတဲ့လေ ထွက်သက်ဝင်သက်ကိုဆိုပါတယ်၊လူတွေဟာ ဒီထွက်သက် ဝင်သက်နဲ့. အသက်ရှူပြီး ၊ အသက်ရှင်နေကြရတယ် ၊ အများစုမှာ အသက်ရှင်ဖို့. အတွက်လောက်သာအသုံးကျနေတော့တယ် ၊ ထွက်သက် ဝင်သက်ကနေ အမြတ်ထုတ်ဖို့. သတိမရကြဘူး တကယ်တော့ သူ့.ကိုတရားနည်းလမ်းနဲ့. စနစ်တကျအသုံးချယင် အမြတ်တွေ အများကြီး ထွက်လာနိုင်တာ အမှန်ပါပဲ၊ လောကမှာ သိဒ္ဓိအမျိုးမျိုးရအောင် ဆိုပြီး အဂ္ဂိရတ်ထိုး ဖိုထိုးကြတယ်၊ ဖိုထိုးကြတဲ့ လူတွေ သိဒ္ဓိပေါက်တာမျှား တွေ့.ဖူးကြသလား၊ အဲဒီ ဖိုထိုးတဲ့ လုပ်ငန်းက သိဒ္ဓိပေါက်ဖို့. မသေချာ မရေရာတဲ့ လုပ်ငန်းပါ၊မိမိတို့.မှာ ကိုယ်ပိုင်နှာခေါင်းဖိုတွေ ရှိနေကြတယ် ၊နှာခေါင်းဖိုကိုအသုံးချ ဖိုထိုးလိုက်ကြယင် နိဗ္ဗာန်ဆိုတဲ့ သာသနာမှာ အပြီးသတ် သိဒ္ဓိပေါက်မှာမို့. နှာခေါင်းဝက အာနာပါနဆိုတဲ့. လုပ်ရပ်ဖြင့် အမြတ်ဆုံး သိဒ္ဓိကို ရအောင် မယူထိုက်ကြပေဘူးလား ၊ ပေါက်

http://www.dhammadownload.com

ရောက်ရမယ်လို့ ယုံကြည်တဲ့ သဒ္ဓါတရား ရှေ့ထားပြီး သတိအား သမာဓိအား ပညာအား ဝီရိယအား တွေနဲ့ ကြိုးစားလိုက်ကြစမ်းပါလို့ တိုက်တွန်းလိုက်ပါတယ် ကဲ အလုပ်စခန်းလေး **စကြစို့။**

ရှေ့ပြေးအလုပ် ရှေးဦးစွာ ဒီအာနာပါနလုပ်ငန်းကို လုပ်ဖို့ နေရာဌာနကိုပြောကြဦးစို့၊

အရညာ ဂတော ဝါ-တောရပ်သို့ကပ်ရောက်လျက်လည်းကောင်း **သုညာဂါရ ဂတော ဝါ**- ဆိပ်ငြိမ်ရာအရပ်သို့ ကပ်ရောက်လျက်လည်းကောင်းလို့ ပါဠိက နေရာသတ်မှတ် ပေးပါတယ်၊ တောတို့ သစ်ပင်ရင်းတို့ဆိုတာလည်း ဆိပ်ငြိမ်ရာ အရပ်မို့နေရာသတ်မှတ်ခြင်းပါပဲ၊ ဒီတော့ သုညာဂါရ ဂတော အရ ဆိပ်ငြိမ် တိတ်ဆိတ်ရာ အရပ်ဟာ လိုရင်းပါပဲ၊ လူသံ သူသံ တိရစ္ဆာန်သံ စသည်အသံတိတ်ဆိပ်ရာ ၊လူမမြင် သူမမြင်ရာ အရပ်ဆိုယင်ဖြင့်၊ဘယ်မှာ မဆိုအားထုတ်နိုင်တယ် ဆိုတာ သိနိုင်ပါတယ်၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့အခါ နေပုံထိုင်ပုံ ကလေးကိုလည်း ပါဠိတော်မှာမှာ သတ်မှတ်ပေးထားပါသေးတယ်၊ **ပလ္လင်္ကံ** **အာဘုဇိတ္တာ** -တင်ပလ္လင်ခွေ၍ ၊ကာယ်အထက်ပိုင်းကိုယ်ကို **ဥဇုံ**-ဖြောင့်ဖြောင့်မတ်မတ် **ပဏိဓာယ** ထား၍တဲ့၊ တင်ပလ္လင်ခွေ ဆိုတာကလည်း ယောက်ျားများအတွက် မိန်းမများကတော့ ပုဆစ်တုပ်ထိုင် ပြီးတာပါပဲ ၊ အဲ ဒီလိုထိုင်ပြီး ခါးက အထက်ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ဆန့်ထားရမယ်တဲ့၊ ဒီလိုထိုင်ပြီး အားထုတ်တာ သမာဓိပိုရနိုင်တဲ့ အားထုတ်ခြင်းမျိုးမို့ထိုင်အားထုတ်ဖို့ ညွှန်ကြားခြင်းပါပဲ ၊ သည်နည်းနဲ့ အားမထုတ်ရလို့ တော့မဆိုလိုပါဘူး ၊ ဒါ့ကြောင့် ထိုင်အားထုတ်လို့ညောင်းညာပင်

http://www.dhammadownload.com

ပန်းလာယင် ၊ တခြားရပ်ရင်း သွားရင်း လျှောင်းရင်း ၊ ဘယ်ကျွရိယာ ပုထ်မဆို အားထုတ်နိုင် ပါတယ် ၊ ကမ္မဋ္ဌာန်း မပျက်လေကောင်း လေပါပဲ ။

သတိစိုက်ထား အဲဒီလိုထိုင်ပြီးနောက်လုပ်ရမယ့် အလုပ်ကို ညွှန်ပြတော်မူတာက ၊ **ပရိမုခံ**-ကမ္မဋ္ဌာန်းသို့ ရှေးရှု(ဝါ)အာနာပါန ထွက်သက် ဝင်သက်သို့ ရှေးရှု ၊ **သတိ**-သတိတရားကို ၊ **ဥပဋ္ဌပေတွာ** -ကပ်တည်စေသား ဆွဲချထား၍ ၊ ထွက်သက် ဝင်သက် လေနှစ်ချက်သို့ သတိကလေးကို စွဲပေး ကပ်ပေး အပ်ပေးထားပါတဲ့ ၊ ထွက်သွားတဲ့ လေကိုလည်း သိနေရမယ် ၊ ဝင်လာတဲ့ လေကိုလည်း သိနေရမယ် ၊ သတိ မလွတ်စေနဲ့ ဆိုလိုပါတယ် ၊ ဒါ ဟာအာနာပါန လုပ်ငန်းမှာ လိုရင်း အစ ပဓာနအချုပ်ပါပဲ ။

သမထဝိပဿနာလမ်းနှစ်သွယ် အာနာပါန အလုပ်က စျာန်လမ်း မဂ်လမ်း နှစ်မျိုးရှိနိုင်ပါတယ် ၊ သမထလမ်း ဝိပဿနာလမ်းလို့လည်း ဆိုရပါတယ် ၊ တချို့က စျာန်ရအောင် အားထုတ်ပြီးမှ ဝိပဿနာကို တဆင့်တက်ကြပါတယ် ၊ တချို့က စျာန်အတွက် အားမထုတ်တော့ဘဲ စ ကတည်းက ဝိပဿနာဖြစ်အောင် အားထုတ်ကြတယ် ၊ ပါဠိတော်မျှားမှာ စျာန်လမ်းပြီးမှ ဝိပဿနာလမ်းပြပါတယ် အဋ္ဌကထာမျှားမှာလည်း စျာန်ရပြီး ၊ ဝိပဿနာတက်ပုံ ပြကြတယ် ၊ သို့သော်လည်း

http://www.dhammadownload.com

ဈာန်ရပြီး ဝိပဿနာတက်ပုံပြတော့ ၊ဈာန်အင်္ဂါ ဆင်ခြင်တဲ့ နည်း တခြား အာနာပါနနဲ့ အာနာပါနဖြစ်ကြောင်း နာမ်ရှုတဲ့နည်း တခြား၊ အလွတ်ရုပ်နာမ် ရှုတဲ့နည်း အမျိုးစုံပဲ ပြပါတယ် ၊ ဒီတော့ အာနာပါန က ရုပ်တရား၊ထို အာနာပါနရှုတဲ့ အသိက နာမ်တရားမို့ ဒီတရား တွေ ရှုပြီး၊ ဝိပဿနာလမ်း လိုက်နိုင်တယ်ဆိုတာ ထင်ရှားပါတယ် ဒါ့ကြောင့် ဒုတိယလမ်းဖြစ်တဲ့ ဝိပဿနာလမ်းနဲ့ပဲ သွားကြစို့ ။

အာနာပါနရှုပုံ ဒီလမ်းကိုလိုက်တော့ ရှေးဦးပထမ သိထားရမှာက ၊ အာနာပါန ထွက်သက်ဝင်သက်၊ဆိုတာ ဝါယောခေါ်တဲ့လေဓာတ် ၊ ရုပ်တရားလို့ သိထားရမယ် ၊ထို့ပြင် အဲ ဒီထွက်လေဝင်လေကိုသိနေတဲ့ အသိတရား ရှိနေတယ်၊ထို ထွက်လေဝင်လေကို လိုက်သိ နေတဲ့အသိစိတ်ကလေးကို နာမ်တရားလို့ သိထားနှင့်ရမယ် ၊ ဒီ နေရာမှာ အသိစိတ်လို့ စိတ်ကို ပဓာနထား ပြောလိုက်ပေမယ့် အဲဒီ အသိစိတ်နဲ့အတူ ကမ္မဋ္ဌာန်းအာရုံလွတ်မသွားရအောင် အမှတ်ရနေအောင် ထိမ်းပေးတဲ့သတိလည်း ပါနေတာပဲ ၊ အဲဒီ ထွက်လေဝင်လေ ရုပ်ကို အမှန်အတိုင်း မြင်နေတဲ့ ပညာလည်း မကွာပဲ ပါနေတယ် ၊ထို ထွက်လေဝင်လေ ရုပ်မှာ စူးစိုက်တည်ကြည်နေတဲ့ သမာဓိလည်း ပါနေတယ်၊ ထိုတရားတွေ အလုပ်ကောင်းကောင်းလုပ်နိုင်အောင် အားပေးချီးမြှောက် ပေးနေတဲ့ ဝီရိယလည်း ပါတာပဲ ၊ အဲ ဒီလို စိတ်နဲ့အတူ ရဲဘော် ရဲဘက်တရားတွေ အစုံအညီ စုပေါင်းလုပ်နေခြင်းပဲ ဆိုတာ သိရမယ်၊ဒါပေမယ့် ရှုတဲ့အခါတော့ အဲ ဒီတရားတွေ ခွဲခြားရှုနေရမှာမဟုတ် ၊ထွက်သက်ဝင်သက်ကို သိသိနေတဲ့ အသိနာမ်တရား

http://www.dhammadownload.com

အဖြစ် သိထားဖို့က လိုရင်းပါပဲ ၊ အဲ ဒီလို ထွက်တဲ့လေရုပ်တရား ဝင်တဲ့ လေ ရုပ်တရား ထို ထွက်လေဝင်လေကို သိတဲ့ အသိကနာမ် တရားလို့ ခွဲခြား အသိအမှတ်ပြုထားပြီး ရှုတဲ့ အခါတော့ ရုပ်ပဲ နာမ်ပဲ ရှုမနေနဲ့တော့ ၊ ထွက်လေကိုလည်း ရှုနေ သိနေ၊ ဝင်လေ ကိုလည်း ရှုနေ သိနေ ၊ထွက်လေ ဝင်လေကိုသိနေတဲ့ နာမ်တရား အသိကိုလည်း သိနေ ၊ အဲ ဒီ သုံးချက်ကို မလွတ်စေပဲ သိနေဖို့သာ လိုပါတယ် ၊ ပထမသုံးချက်ကို သိဖို့ခဲယဉ်းတယ်ဆိုယင် ထွက်လေ ဝင်လေကိုသာ ရှုနေ ၊ နောက် ထွက်လေ ဝင်လေကိုသိနေတဲ့ အသိ ကလေးဟာ သူ့အလိုလို ထင်ရှားလာပါလိမ့်မယ် ၊ သူ့ကိုလည်း မသိလို့မဖြစ် သိရလိမ့်မယ်၊ဒီတော့မှ ရုပ်နာမ်နှစ်ပါး သိနေတဲ့ ၊အသိဉာဏ်ဖြစ်နေမှာ ။

မာရ်စစ်တပ်တွေတို့ကော် ပထမတော့ စိတ်ဟာ တယ်ငြိမ် လှမယ် မဟုတ်သေးဘူး ၊ ဟိုထွက် သွား ဒီထွက်သွား ဟိုအာရုံရောက် ဒီအာရုံရောက်ဖြစ်နေလိမ့်မယ်၊ ဒါဟာ သဘာဝပါပဲ ၊ စိတ်ဆိုတာက ကာမဂုဏ်အာရုံတွေမှာ ကျက် စားနေကျဖြစ်တော့ တရားအာရုံပေါ်ဆွဲ တင်ထားတဲ့အခါ၊ တယ်ပြီး စွဲစွဲမြဲမြဲမနေချင်တတ်ဘူး၊ ကာမဂုဏ် အာရုံတွေဆီ ပြန်လည်ချင်နေ တာပဲ ၊ အဲဒါ ဘုရားဖြစ်ခါနီး မာရ်နတ်ဖျက် ဆိုသလို မာရ်နတ်စစ် တပ်အတိုက် ခံရတယ်လို့ သဘောထားပြီး သူတို့တစ်တွေကို နိုင် အောင်တိုက်မယ်ဆိုတဲ့ ဇွဲကလေးနဲ့ တိုက်ရမယ် ၊ မိမိ ကျက်စားနေ ကျ ကာမဂုဏ် အာရုံတွေ အဲဒီအာရုံတွေမှာ နှစ်သက် တွယ်တာမှု တွေ ဒါတွေဟာ ကာမတွေ ဒီကာမဟာ မာရ်နတ်စစ်တပ် တဲ့၊ဒုတိ

http://www.dhammadownload.com

ယကာမစစ်တပ်က တရားမှာ မပျော်တာ ပျင်းလာတာပဲ ၊ အဲ ဒီ အပျင်းဆိုတဲ့ မာရ်စစ်တပ်ကလည်း ကမ္မဋ္ဌာန်း အားထုတ်သူ အဖို့ အနှောင့်အယှက်ဖဲ ၊ သူကလည်း အမြဲဆိုသလို ဝင်နှောင့်ယှက်တတ်ပါတယ် ၊ သူ့ကို အရေးတကြီး ကိုက်ဖို့လည်း လိုလာပြန်တယ်၊ မာရ်နတ်စစ်တပ်တွေထဲက အရေးကြီးတာ တစ်ခုက ရှိသေးတယ်၊ ထိနမိဒ္ဓ စိတ်ထိုင်းမှိုင်းမှု လေးလံမှု အိပ်ချင်မှု ငိုက်မျဉ်းမှု တွန့်ဆုတ်တရားပါပဲ ၊ ဒါကလည်း အနှောင့်အယှက်တစ်ရပ် မာရ်နတ်စစ်တပ်ပါပဲ ၊ သူ့ကိုလည်း နိုင်အောင် တိုက်ရတယ်၊ ဒီပြင် ဆာလောင်မွတ်သိပ်တာတို့ ကြောက်လန့်တတ်တာတို့ စသည်ဖြင့် မာရ်စစ်တပ်တွေရှိသေးတယ် ၊ ဘာပဲဖြစ်ဖြစ် ကမ္မဋ္ဌာန်းအနှောင့်အယှက်တွေ အဖျက်မခံပဲ ၊ ကမ္မဋ္ဌာန်းအာရုံထဲမှာသာ စိတ်ကိုထားနိုင်အောင် ကြိုးစားရမယ် ၊ အဲဒီလို ကာမဝိတက်တွေ ပျင်းရိမှုတွေ အိပ်ချင်ငိုက်မျဉ်းမှုစသော မာရ်စစ်သည်ဘို့ကို တိုက်နိုင်လို့ ကမ္မဋ္ဌာန်းထဲမှာ စွဲမြဲစွာ စိတ်ထားနိုင်ယင် ၊ သတိအား သမာဓိအား ပညာအားတွေ ပြည့်ကာ တိုးတက်လာပါ လိမ့်မယ် ။

တရားတက်လျှင်ဉာဏ်အမြင်တိုး ဒီ တရားတွေ တိုးတက်အားရှိလာယင်၊ ထွက်သက်ဝင်သက်တွေဟာ အဆက်ဆက် ဖြစ်ပြီးပျက်ပျက်သွားတာတွေ့ရလိမ့်မယ်၊ထွက်သက် ဝင်သက်ကို ရှုမှတ်နေတဲ့ အသိစိတ်ဓာတ်ကလေးတွေဖြစ်ပြီး ပျက်နေတာကိုလည်း တွေ့ရလိမ့်မယ်၊ ဖြစ်ပြီးပျက်သွားတာဟာ အနိစ္စသဘောပဲ ၊ ဖြစ်ပြီး ပျက်လို့ပဲ ဒုက္ခတရားတွေလို့လည်း မြင်လာမယ် ၊ဖြစ်ပျက်တရားမို့ အသက်အရှင် အတ္တ

http://www.dhammadownload.com

ဆိုတဲ့ အစွဲပျက် ဖြစ်ပျက်ဆဲ ဓာတ်သက်သက်ပဲ ဆိုရတဲ့ ၊ အနတ္တ သဘောဟာ အလိုလို ထင်လာမြင်လာမယ် ၊ အနိစ္စ ဒုက္ခ အနတ္တ ဆိုတာ တမင်ဆိုနေစရာမလိုပါဘူး ၊တရားတွေကို ရှုနေယင် တရား တွေက ပြလာမှာပဲ ၊ ဒီ လို ထွက်သက် ဝင်သက်ရှုပ်နဲ့ အသိနာမ် တရားတွေကို မြင်ရတာ၊ ဖြ စ်ပြီး ပျက်နေတာ မြင်ရတာဟာ ၊သမ္မာ ဒိဋ္ဌိပဲ အဲဒီ သမ္မာဒိဋ္ဌိ ဖြစ်နေယင် စက္ခုစသော အတွင်းအာယတနဆို တဲ့ ဒီဘက်ကမ်း ကပ်နေဦးမလား ၊ မကပ်တော့ပါဘူး ၊ ရှုပါရုံစသော အပြင်အာယတနဆိုတဲ့ ဟိုဘက်ကမ်းကို ကပ်နေဦးမှာလား ၊ မကပ် တော့ပါဘူး၊ သမ္မာဒိဋ္ဌိရေလျှင်နဲ့ အတူ နိဗ္ဗာန်ဆီ မျှောပါလိုက်နေ တာသာဖြစ်ပါတယ်၊ အဲ ဗဟိုချက်မ ရှုကွက်အနေအားဖြင့် ပေးထား တဲ့ ၊ အာနာပါနကအတော် ခရီးရောက်လာတဲ့ အခါကျတော့ ဒီ နောက် ၊တစ်ကိုယ်လုံးဖြန့်ပြီး လိုက်ရှုရတော့မယ် ။

ပင့်ကူဥပမာ

ဒီနေရာမှာ ပင့်ကူဥပမာကလေး သတိထားရလိမ့်မယ် ၊ ပင့်ကူအိမ် တွေ့ဖူးကြမှာပေါ့ အဲဒီပင့်ကူအိမ်မှာ ပင့်ကူကလေးဟာ အလယ်ဗဟို တွင် ငြိမ်ပြီးနေခဲ့ပါတယ် ၊ သူ့အိမ် အရှေ့ဘက် တစ်နေရာက ပိုး ကောင်ကလေး လာငြိကပ်လာတယ်ဆိုယင် တစ်ခါတည်း ပြေးပြီး လိုက်ဖမ်းတော့တာပဲ ၊ ဖမ်းပြီး အဆီစုပ်စားပြီး ဗဟိုချက်မ နေရာပြန် သွား၊ငြိမ်နေတော့တာပဲ ၊ထို့အတူ အနောက် တောင် မြောက် ဘယ် နေရာမဆို ပိုးကောင် မွှားကောင်ကလေး လာကပ်တယ် ဆိုယင် လိုက်ဖမ်းစုပ်ယူ ပြန်ပြီး၊သူ့ဗဟိုနေရာမှာပြန်တည်ငြိမ်နေတာပဲ ၊အဲ ဒါလိုပါပဲ အာနာပါန ဗဟိုချက်မမှာ တည်ငြိမ်အောင် စိတ်ထား၊အဲဒီ

http://www.dhammadownload.com

ကနေ ခန္ဓာကိုယ်ထဲမှာ ထင်လာပေါ်လာတဲ့ တရားတွေ လျှောက်ဖမ်းယူ ရှုမှတ်ရမှာပဲ၊ခန္ဓာကိုယ်ထဲမှာ ထင်လာပေါ်လာတဲ့ တရားတွေ ရှုနေမယ်ဆိုတော့ ဘယ်တရားတွေ ရှုနေရ မှာလဲ ။

ခြောက်ဒွါရမှာ ပေါ်လာသမျှ ခန္ဓာကိုယ်ထဲက ဒွါရခြောက်ပါးမှာ ထင်လာတဲ့ တရားတွေ ရှုရလိမ့်မယ်၊ ဒွါရခြောက်ပါးဆိုတာ ယခင်ပြောခဲ့တဲ့ အတွင်း အာယတန စက္ခု သောတ ဃာန ဇိဝှါ ကာယ မနဆိုတဲ့ အာယတနတွေပေါ့၊ အဲဒီခြောက်ပါးကို ဘာကြောင့် ဒွါရလို့ ခေါ်ရသလဲ ၊ဒွါရဆိုတာက မြန်မာလို တံခါး ၊ တံခါးဆိုတာလူတို့ ဝင်ရာ ဖြစ်တာလို့၊ အဲ ဒီအာယတနခြောက်ပါးဟာလည်း ၊ စိတ် စေတသိက်တို့ ဝင်ရောက်လာရာဖြစ်လို့ ဒွါရ တံခါးလို့ ဆိုရပါတယ်၊အပြင် အာယတနဆိုရတဲ့ အာရုံခြောက်ပါးဟာ အဲဒီ ဒွါရ မှာ လာတိုက်ကြ ထင်ကြရတယ် ၊ စက္ခုစသည် ခြောက်ပါးက အခံမာတ်ခြောက်ပါး၊ရူပါရုံ စသော ခြောက်ပါးက အတိုက်မာတ် ခြောက်ပါးလို့ သတ်မှတ်ကြတယ်၊ စက္ခုဆိုတဲ့ မျက်စိအကြည်မှာ အဆင်းရူပါရုံဟာ လာထင်ရတယ် ၊ သောတဆိုတဲ့ နားအကြည်မှာ သဒ္ဒါရုံဆိုတဲ့ အသံက လာတိုက်ရ ထင်ပေါ်ရတယ် ၊ဃာနဆိုတဲ့ နှာခေါင်း အကြည်မှာ ဂန္ဓာရုံဆိုတဲ့ အနံ့ဟာ လာတိုက် လာထင်ရတယ် ၊ဇိဝှါဆိုတဲ့ လျှာအကြည်မာတ်မှာ ရသာရုံဆိုတဲ့ အရသာ လာတိုက်ရ လာထင်ရတယ် ၊ကာယဆိုတဲ့ ကိုယ်အကြည်မှာ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့ဟာ လာတိုက်ရ ထင်ရတယ်၊ မန ဆိုတဲ့ ဘဝင်စိတ်အကြည်မှာ ဓမ္မာရုံဆိုတဲ့ တရားအမျိုးမျိုး လာထင်ရတယ်၊ အဲဒီတော့ ဒီတရားတွေ သူ့အတွဲနဲ့သူ

http://www.dhammadownload.com

ရှုမှတ်ရပုံကလေးတွေ ပြောကြားဦးစို့ ။

မြင်တဲ့ အခါ မြင်တယ်ဆိုတာ မျက်စိအကြည် မာတ်နဲ့ အဆင်းရှုပါရဲ့ တိုက်ဆိုင်မိတဲ့ အခါ၊ထိုရှုပါရဲ့ကို သိတဲ့အသိ စိတ်ပေါ်လာတာကို မြင်တယ်လို့ ဆိုရပါတယ်၊ ဒါကြောင့် အဆင်းကိုမြင်ရတဲ့အခါ အဆင်းရှုပါရဲ့ကိုလည်း သိရမယ် ၊ထိုရှုပါရဲ့ လာထင်ရာ လာတိုက်ရာ စက္ခုအကြည်ကိုလည်း သိရမယ်၊ စက္ခုနဲ့ ရှုပါရဲ့ တိုက်ဆိုင်လို့ ပေါ်လာတဲ့ ၊အသိတရားတွေကိုလည်း သိရတယ်၊ ရှုတယ်ဆိုတာထိုစက္ခု ရှုပါရဲ့ အသိဒီတရားတွေကိုသိပေးနေရမှာဖြစ်ပါတယ်၊အစ ပထမတော့ သုံးပါးလုံးသိဖို့ မလွယ်သေးဘူးပေါ့ ရှုဖန်များလို့ သတိ သမာဓိ ပညာ အားတွေကောင်းလာတော့ ကွဲကွဲပြားပြား ခွဲခွဲ ခြားခြား မြင်လာရပါလိမ့်မယ် ၊ဒါတွင်မက ရှုပါရဲ့တွေ ဖြစ်ပြီးပျက်သွားတာကိုလည်း တွေ့ရလိမ့်မယ် ၊ အသိ နာမ်တရားတွေ ဖြစ်ပြီးပျက် သွားတာကိုလည်း တွေ့ရလိမ့်မယ် ၊ စက္ခုတွေရဲ့ ဖြစ်ပျက်ကိုလည်း သိလာလိမ့်မယ်၊အဲဒီလို စက္ခု ရှုပါရဲ့ အသိနာမ် သုံးချက် ဖြစ်ပြီး၊ပျက်ပျက်သွားတာ မြင်ရယင် အနိစ္စသဘောမြင်တာပဲ ၊ ဖြစ်ပြီး တပျက်တည်း ပျက်နေတာတွေ့ရတော့ ၊ ဖြစ်ပျက်ဖြင့် အမြဲနှိပ်စက်နေတဲ့ တရားတွေပါလား ဆိုတဲ့၊ဒုက္ခသဘောလည်းပေါ်လွင်အောင် မြင်လာ သိလာရတော့တာပါပဲ ၊အဲ ဒါလို ဖြစ်ပြီးပျက်နေတာ မြင်ရတော့ မြဲတဲ့ အနှစ်သာရလို့ ထင်ရတဲ့ အသက် ဇီဝ အတ္တဆိုတာမရှိ ဖြစ်ပျက်နေတဲ့ဓာတ်တွေသာ ရှိပါလားလို့ ၊ အနတ္တသဘောလည်း ထင်လာ မြင်လာရတော့တာပါပဲ ၊ အဲ ဒီ စက္ခု ရှုပါရဲ့ အသိနာမ်တွေ ရှုနေတာ ထိုအခိုက်ဖြစ်နေတဲ့ ၊ ခန္ဓာငါးပါးကို အရှိကို အရှိအတိုင်း အဖြစ်နဲ့

http://www.dhammadownload.com

အပျက်ကို ဖြစ်တဲ့ ပျက်တဲ့အတိုင်း ၊အမှန်ကိုရှု အဟုတ်ဂုဏ်သိနေတာ ဖြစ်နေတော့ ၊ ဒီအမှန်တရားတွေကို အမှန်အတိုင်း မြင်ပဲ့မှုသိမှုဟာ သမ္မာဒိဋ္ဌအမြင်မှန်ပါပဲ၊ဒီသမ္မာဒိဋ္ဌဖြစ်နေယင်၊ စက္ခုဆိုတဲ့သည်ဘက် ကမ်းကပ်နေဦးမလား၊ မကပ်တော့ပါဘူး ၊ ရှုပါရုံဆိုတဲ့ ဟိုဘက်ကမ်း ကလည်း ခွါနေတာပါပဲ၊သမ္မာဒိဋ္ဌရေလျှဉ်ကြောနဲ့ နိဗ္ဗာန်ဆီ ပြေး နေတော့တာပါပဲ ။

ကြားတဲ့ အခါ သောတအကြည်ဓာတ်နဲ့ သဒ္ဒါရုံ အသံတို့ တိုက်မိတဲ့အခါ၊ အသံကို သိတဲ့ အသိနာမ် ဖြစ်ပေါ်လာတာကိုပဲ ကြားတယ် ဆိုရပါတယ် ၊ ဒီလိုကြားရတဲ့အခါမှာ အသံဆိုတဲ့သဒ္ဒါရုံကိုလည်း သိရမယ် ၊ နား အကြည် သောတကိုလည်း သိရမယ် အသံကို သိတဲ့ အသိနာမ်ကို လည်း သိရမယ် ၊ အသံတွေ အသိတွေ ဖြစ်ပြီး ပျက်ပျက် သွားတာ တော့ အတော် ထင်ရှားပါတယ် ၊ ဥပမာ -**ဗုဒ္ဓံ သရဏံ ဂစ္ဆामိ**၊ရွတ် တဲ့အခါ ကြားရတဲ့ အသံတွေမှာ ဗုဒ် ဆိုတဲ့ အသံကြားပြီး သူပျောက် သွားမှ ဓံ ဆိုတဲ့ အသံကြားရတယ် ၊ ဓံ ဆိုတဲ့ အသံကြားရပြီး ပျောက်သွားမှ သ၊သ သံ ပျောက်သွားမှ ၊ရ-ရပျောက်မှ ၊ဏံ - ဏံ ပျောက်သွားမှ ၊ ဂစ် ဂစ်ပျောက်သွားမှ ၊ ဆာ ဆာ ပျောက်မှ၊ မိ ကြားရတယ် ၊ အဲ ဒီတော့ အသံတွေဖြစ်ပြီး ပျောက်ပျောက်သွား တာ ထင်ရှားပါတယ် ၊ အဲဒါလိုပဲ ဗုဒ် ဆိုတဲ့ အသံကို သိတဲ့ဟာ၊ ဓံ ကို သိတဲ့ အသိဆီရောက်လာတာ မဟုတ်ပါဘူး ၊ ဗုဒ် ဆိုတာသိ ပြီး ပျောက် ၊နောက် ဓံ ကိုသိတဲ့ အသိပေါ်လာ ၊ ဓံ ကို သိတဲ့အသိ ဟာလည်း အသံဆုံးပျောက် ၊ သ ဆိုတဲ့ အသံမှာ အသိ ဖြစ်ပေါ်

http://www.dhammadownload.com

လာတာပါပဲ ၊ အဲဒါလို ရဏ် ဂစ္ဆာမိ ဆိုတာမှာလည်း ရှေးရှေး အသံတွေ သိတဲ့ အသိတွေဟာ အသံဆုံးလျှင် အသိလည်း၊ပျောက် ပျောက်သွားတာ သိနိုင်ပါတယ်၊လူတွေရဲ့ အထင် ဗုဒ္ဓသိတာလည်း ဒီ အသိပဲ ၊ ဓံ သိတာလည်း ဒီ အသိပဲ အသိနာမ်ကလေးဟာ တစ်ခုတည်းလို့ ထင်နေကြတယ် ၊ အဲ ဒီလိုထင်နေလို့လည်း အရှင် အသက်ဆိုတဲ့ အတ္တစွဲကလေးဟာ ရှိနေကြတာပဲ၊ ဒီ လို အသိတစ်ခု တည်းဆိုတဲ့ ၊ အစွဲရှိနေလို့ပဲ ၊ ဒီ အသက်ကလေးဟာ နောက်ဘဝ သွားပြီး ခန္ဓာအသစ်ဖြစ်တယ်လို့ စွဲလမ်းနေကြတယ် ၊ဒါ ဟာအတ္တ အစွဲပဲ ၊ အဲ ဒါလို အသံတွေလည်း ဖြစ်ပြီးပျက်တယ်၊ အသိတွေ လည်း အဆင့်ဆင့် ဖြစ်ပြီး ပျက်တယ်လို့ သိဖို့ကရှုမှတ်တဲ့ ဉာဏ် ဘာဝနာဉာဏ်ပေါ့လေ ၊ အဲ ဒါလိုတယ် ၊အဲဒီ ဉာဏ် သတိ သမာဓိ တွေ ထက်သန်လာတဲ့အခါ ၊ အသိနာမ်ကလေးဟာ တစ်ခုတည်း မဟုတ် တစ်ခုဖြစ် ချုပ်ပြီး တစ်ခုပေါ်လာတယ်ဆိုတာ ရှင်းရှင်းလာ ပါတယ် ၊ အသံတွေ တစ်ခုပြီး တစ်ခု အသစ်အသစ်ဖြစ်ပြီး ပျက်နေ တာတွေ ၊ အသံကိုသိတဲ့ အသိတွေ တစ်ခုပြီး တစ်ခု ဖြစ်ပြီး အဆင့် ဆင့် ပျက်နေတာတွေ မြင်ရတော့ နားထဲက သောတ အကြည်ရုပ် တွေဟာလည်း ဖြစ်ပြီးပျက်ပျက်နေတာ ထင်ပေါ်လာရတာပါပဲ၊အဲ ဒီလို အသံလည်းသိ၊ သောတလည်း သိ ၊ အသံကိုသိတဲ့ နာမ်တရား ကိုလည်း သိ ၊ ဖြစ်ပြီးပျက်တဲ့ အနိစ္စသဘော အပျက်တရားမို့ ဒုက္ခ သဘော၊ ဖြစ်ပျက်တဲ့ ဓာတ်သဘောမျှ ၊ ဇီဝအသက် မဟုတ် အရှင် မဟုတ်တဲ့ အနတ္တ သဘောလည်း သိနေ ၊ အဲ ဒီအသိတွေဟာသမ္မာ ဒိဋ္ဌိအမှန်အကန် သိမှုတွေ၊ ဒီသမ္မာဒိဋ္ဌိ ဖြစ်နေယင် သောတမှာ လောဘ ဒေါသစသည်ဖြစ်မှုဆိုတဲ့ ဒီဘက်ကမ်း ကပ်မှုလည်း မရှိ၊

http://www.dhammadownload.com

အသံ သဒ္ဒါရုံမှာ လောဘ ဒေါသစသည်ဖြစ်နေမှု ဆိုတဲ့ဟိုဘက်ကမ်း ကပ်မှုလည်း မရှိ ၊ သမ္မာဒိဋ္ဌိနဲ့ အတူ မျောပြီး နိဗ္ဗာန်သမုဒ္ဒရာ ဦးတည်သွားနေတော့ တာပါပဲ ။

နံတဲ့ အခါ နံတယ် မွှေးတယ်ဆိုတာ ဘာလဲ၊ ယာနခေါ် နှာခေါင်းထဲက အကြည်နဲ့ ဂန္ဓာရုံ အခေါ်နဲ့ဆုံမိတဲ့အခါအဲ ဒီအနံ့ကိုသိတဲ့ အသိနာမ်ပေါ်လာတယ်၊အနံ့ကိုသိတဲ့အသိပေါ်လာတာကို နံတယ် မွှေးတယ်လို့ဆိုရပါတယ်၊အဲဒါကြောင့် အနံ့ နံတဲ့ အခါ ဖြစ်နေတဲ့ အနံ့ဂန္ဓာရုံကိုလည်း သိရမယ်၊ နှာခေါင်းထဲက အကြည်ရုပ်ကိုလည်းသိရမယ် အနံ့ကို သိတဲ့ အသိနာမ်တရားကိုလည်း သိရမယ် ၊ အဲဒါလို အသိပေး ရှုပေးနေယင် သတိ သမာဓိ အားကောင်းလာတဲ့အခါ အနံ့နဲ့ အသိနာမ် ယာနတို့ဟာ ဥဏ္ဏာထဲမှာ ကွဲကွဲ ပြားပြား ခွဲခွဲ ခြားခြားပေါ်လာပါလိမ့်မယ် ၊ ဒီ လို ကွဲကွဲ ပြားပြား တွေ့လာယင် ဖြစ်ပြီးပျက်ပျက် သွားတာလည်းတွေ့ရလို့ အနိစ္စ သဘော ဒုက္ခသဘော အနတ္တသဘောတွေလည်း ထင်လာ မြင်လာပါလိမ့်မယ် ၊ အဲ ဒီလို ဒီ ယာန ဂန္ဓ အသိ ဆိုတဲ့ တရားတွေမြင်တယ်၊ ဖြစ်ပြီးပျက်တာ မြင်မယ်ဆိုယင် ဒါအမှန်မြင်တဲ့ သမ္မာဒိဋ္ဌိပဲ ၊ ဒီ သမ္မာဒိဋ္ဌိဖြစ်နေယင် ယာန ဂန္ဓ နဲ့စပ်လို့ လောဘ ဒေါသစသည် ဖြစ်မှု ဆိုတဲ့ ဒီဘက်ကမ်း ဟိုဘက်ကမ်း ကပ်မှုတွေ ကင်း ၊ သမ္မာဒိဋ္ဌိရေလျှဉ်နဲ့ အတူ မျောကာ နိဗ္ဗာန်ဆီ ဦးတည်သွားနေခြင်းပါပဲ ၊ ဒီနှာခေါင်းက ဒီယာန အနံ့ အသိရှုရုံ အသုံးကျတော့ မဟုတ်ဘူးနော် ၊ယခင် ပင်ကို ဗဟို အချက် ရှုကွက်အဖြစ်ပေးထားတဲ့ အာနာပါနဟာလည်း နှာခေါင်းပဲ

http://www.dhammadownload.com

အသုံးပြုရတာပဲ ဒီတော့ တခြားရှုစရာ မမြင်ရယင် ၊ သို့မဟုတ် ရှုလို့မကောင်းတတ်သေးယင် ၊ဗဟိုချက်မအာနာပါနဆီ ပြန်ရှုပေးပါ

စားတဲ့အခါ ဇီဝါခေါ် လျှာအကြည်မှာ အရသာ ရသာရုံ ထိတိုက်နေတာကို စားတယ် ဆိုရပါတယ် ၊အဲ ဒီအခါ ဒီတရားနှစ်ခုက တိုက်မိ ဆုံမိလို့ပေါ်လာတဲ့ အသိနာမ်က ထိုအရသာရသာရုံကို သိနေတာပါပဲ၊ ဒီ အခိုက်မှာ ဖြစ်လာတဲ့ဇီဝါ ၊ ရသာရုံ ၊ အသိနာမ် သုံးပါးတို့ကို လိုက် သိနေရမယ် အမှန်ကပထမ သုံးပါးလုံး ရှင်းရှင်း လင်လင်း ကွဲကွဲ ပြားပြား သိဖို့မလွယ်သေးပါဘူး ၊ ထင်ရာ အသိဉာဏ်တွေ ပေါ်ရာကိုသာ စွဲရှုရမှာပါ၊ဒီလိုရှုရင်းနဲ့ သမာဓိ စွဲ ဉာဏ်အား ကောင်းလာတဲ့အခါ သုံးပါးလုံးထင်ရှားလာမှာပါ ၊ နောက်က စက္ခု သောတ ဃာနတို့မှာ လည်း ဒီ အတိုင်းပါပဲ သမာဓိ ပညာ အားကောင်းလာတဲ့အခါတော့ ဒီ သုံးခုသာမက ဒီသုံးခု ရှုရင်းနဲ့ တခြားတရားတွေလည်း ထင်ပေါ်လာတာပါပဲ၊ ဇီဝါ ရသာရုံ တိုက်မိတဲ့အခါ ဖြစ်လာတဲ့ ဖဿ တွေ့ထိမှု ၊ထိတွေ့ထိမှုကြောင့် ပေါ်လာရတဲ့ သာယာဖွယ် မသာယာဖွယ် ကောင်း မကောင်းခံစားတဲ့ ဝေဒနာ ဒါတွေဟာလည်း ဉာဏ်မှာထင်ပေါ်လာရပါတယ် ၊ ဒီမျှမက ဒီတရားသုံးပါး ရှုရင်းနဲ့ပဲ လျှာအကြည် တည်ရာ လျှာ၏ ခက်မာမှုသဘော စိုစိမ့်ယိုနေတဲ့ သဘော လှုပ်ရှားတွန်းကန်နေတဲ့ သဘော အပူအအေးသဘောဆိုတဲ့ ၊ ဒီ သဘော ဓာတ်ကြီးလေးပါးဟာလည်း ဉာဏ်မှာပေါ်လာတာပါပဲ ၊ ယခင် စက္ခုစသည်မှာလည်း ဒီ အတိုင်းပါပဲ ၊ ဒီ တော့ တရား ဆိုတာက ထင်ရာ ပေါ်ရာရှုရင်းနဲ့ သမာဓိ ပညာ အားကောင်းလာတဲ့ အခါ

http://www.dhammadownload.com

တမင် မရှုတဲ့ တရား တွေဟာလည်း တပါတည်း သဘာဝအလိုက် ထင်ပေါ်လာရတာဟာ သတိ သမာဓိ ပညာတို့၏ အစွမ်းလို့ ဆိုရပါတယ် ။

တွေ့ထိတဲ့အခါ ကာယ ကိုယ်ဆိုတာကမျက်စိ နား နှာ လျှာ အကြည်ရုပ် ထိုမှတစ်ပါး တစ်ကိုယ်လုံးရှိ အကြည်ဓာတ်ကို ဆိုပါတယ် ၊ အဲဒီကိုယ် အကြည်ဓာတ် ကာယမှာလာတိုက်တဲ့အာရုံက ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိ ပါပဲ ၊ အဲ ဒီကာယနဲ့ ဖောဋ္ဌဗ္ဗာရုံ ဆုံမိတိုက်မိတဲ့ အခါ ထိုဖောဋ္ဌဗ္ဗာရုံကို သိကဲ့ နာမ်အသိပေါ်လာရတယ် ၊ အဲဒီ အခါ ကာယ ကိုယ်ရော၊ အသိနာမ်ကိုရော သိရ ရှုရပါမယ် ရှုတယ်ဆိုတာ ဉာဏ်နဲ့လိုက်သိ နေရမှာကို ဆိုလိုပါတယ် ၊ အတွေ့ အာရုံဆိုတာက အဝတ်နဲ့ ကိုယ်နဲ့ထိတဲ့အခါ၊ထိုင်တဲ့ အိပ်တဲ့အခါ ကြမ်းနဲ့ဖျာနဲ့ ထိတဲ့အခါ တစ်စုံ တစ်ခုကိုင်တဲ့ အခါ ကိုင်အပ်တဲ့ အရာဝတ္ထုနဲ့ ထိတဲ့အခါ ၊သွားတဲ့ အခါ မြေကြီးနဲ့ ကြမ်းနဲ့ ခြေဘဝါးနဲ့ ထိတဲ့အခါ၊ စသည်ဖြင့် အများကြီးရှိပါတယ် ၊ တစ်ခုခုနဲ့ ကိုယ်နဲ့ ထိတိုင်း ကိုယ်ရော ထိလာ တဲ့အာရုံရော ထို အာရုံသိတဲ့ နာမ်အသိရော သုံးပါးလုံးမှာ အသိ ဉာဏ် လွှတ်ပေးထားယင် သတိ သမာဓိ ပညာ အားကောင်းလာပြီး ထိတဲ့ ဖောဋ္ဌဗ္ဗာရုံလည်း ဖြစ်ပြီး ပျက်သွားတာ ထို အထိ အာရုံကို သိတဲ့ အသိနာမ်ကလေးတွေ ဖြစ်ပြီး ပျက်သွားတာကိုယ် အကြည် တွေလည်း ဖြစ်ပြီးပျက်သွားတာ တွေ့ရပါလိမ့်မယ်၊ အဲဒီ အခါ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေပေါ်နေတာ ထင်နေတာပါပဲ ၊ အဲ ဒီလို ကိုယ်သိတာ၊ဖောဋ္ဌဗ္ဗအတွေ့အာရုံကိုသိတာ၊ထိုအာရုံကိုသိတဲ့

http://www.dhammadownload.com

အသိနာမ်ကိုသိတာ ထိုတရားသုံးပါး ဖြစ်ပြီးပျက်သွားရလို့ အနိစ္စ ဒုက္ခ အနတ္တလို့သိတာ အဲဒီ အသိဉာဏ်တွေဟာ သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိ ဖြစ်နေတော့ ၊ ကိုယ်နဲ့စပ်ပြီးဖြစ်တဲ့ လောဘ ဒေါသ စသည်ဖြစ်မှု သည်ဘက်ကမ်း ကပ်ခြင်းဖြစ်ဦးမလား ၊မဖြစ်ပါဘူး၊ ဖောဋ္ဌဗ္ဗာရုံနဲ့ စပ်လို့ လောဘ ဒေါသ စသည်ဖြစ်မှု ဟိုဘက် ကမ်း ကပ်ခြင်းဖြစ်ဦး မလား၊ မဖြစ်ပါဘူး ၊သမ္မာဒိဋ္ဌိဖြစ်နေတော့ သမ္မာဒိဋ္ဌိနဲ့ အတူ နိဗ္ဗာန်ဆီ လိုက်ပါမျောနေတာသာ ဖြစ်ပါတယ်။

ကိုယ်နဲ့စပ်တဲ့ရှုကွက် ဒီကိုယ်ကြီးကတော့ ရှုကွက်တွေ အလွန်များလို့ ဒါတွေ ပြောရလိမ့်ဦးမယ်၊ကာယ အကြည် ရှုယင်းနဲ့ ၊ကာယအကြည်တရားကိုယ်ကြီးက ရှုစရာတွေများစွာ ထင်လာ ပေါ်လာနိုင်ပါတယ်၊ ဒီကိုယ်ထဲမှာ ဗျာပါရ အမျိုးမျိုးဖြစ်နေတာ အာရုံအားလုံး ရုပ်တွေရဲ့ အလုပ်မျည်းပါပဲ အဲဒီရုပ်တွေ အလုပ် လုပ်အောင် နာမ်က လှုံ့ဆော်ပေးနေတာဖြစ်တော့ နာမ် အလုပ်လည်း ပါနေတယ် ၊ ဒါကို ပထမသိထားကြရလိမ့်မယ်၊ ဒီ တော့ ဒီခန္ဓာကိုယ်ထဲမှာ သွားမှု လာမှုစတဲ့ ခြေလှုပ်ရှားတွေ ၊ ကိုင်မှု တွယ်မှု လက်မြှောက်မှု ချမှု စသော လက်လှုပ်ရှားမှုတွေ ၊မျက်လွှာလှုပ်မှု လည်ပင်း လှုပ်မှုစသော လှုပ်ရှားမှု ရွှေ့လျှားမှုတွေဟာ ၊ ဝါယောဓာတ် လွန်ကဲတဲ့ ရုပ်ကလာပ်တွေ ဖြစ်မှုပါပဲ ဒီတော့ ကိုယ်နဲ့ အတွေ့အာရုံရှရင်းနဲ့ အဲ ဒီလှုပ်ရှားမှု အမျိုးစုံ ထိုလှုပ်ရှားမှုကို လှုံ့ဆော်ပေးနေတဲ့ စိတ် အသိ ဒါတွေလည်း ထင်ပေါ်လာတာပဲ၊မထင်ပေါ်ယင်လည်း တမင်ရှုပေးနိုင်ပါတယ် ၊ သမာဓိပညာ အားကောင်းလာလျှင်တော့ တမင် မရှုပဲနဲ့ ထင်ပေါ် လာတတ်ပါ

http://www.dhammadownload.com

တယ်၊ ခန္ဓာကိုယ်ထဲ ပူမှု အေးမှုတွေ ရှိနေတယ် ဒါတွေလည်း ထင်ပေါ်လာတတ်ပါတယ် ၊ မထင်ယင် တမင်ရှုပေးနိုင်ပါတယ် ၊ ရှုတယ်ဆိုတာ ဖြစ်သမျှ ပေါ်သမျှလိုက်ပြီး သိနေရာမှာ ဆိုလို ပါတယ် ၊ ပူမှု အေးမှုကို သိတာ တေဇောလွန်ကဲတဲ့ ရူပ်တရားတွေကို သိတာပဲ၊ ငြိမ်နေ ရပ်နေ ထိုင်နေတဲ့အခါ ခန္ဓာကိုယ် တောင့်တင်းနေတဲ့အခါ၊ ပထဝီဓာတ်လွန်ကဲတဲ့ ရူပ်ကလာပ်တွေ ဖြစ်နေတာပဲ ၊ ဒီ သဘာဝလည်း ထင်ပေါ်လာတတ်ပါတယ် ၊မထင်လျှင် တမင်ရှုနိုင်ပါတယ်။

စားတဲ့ သောက်တဲ့အခါ လက်ကထမင်းလုပ်ယူ ဟင်းခပ်နဲ့ လှုပ်ရှားပုံတွေ ပါးစပ် လျှာတို့ လှုပ်ရှားပုံတွေစသည်အမျိုးမျိုး လှုပ်ရှားမှု ဝါယောဓါတ်တွေထင်ပေါ်လာတတ်ပါတယ် ၊ ကိုယ်ကို ရှုယင်းနဲ့ပဲ ခန္ဓာကိုယ်မှာ ယိုစီးတတ် စိမ့်တတ်တဲ့ အရည်သဘော ၊ဥပမာ တံတွေး ကျင်ငယ်စသည်တို့ရဲ့ သဘာဝ အာပေါဓာတ်တွေဟာလည်း ထင်လာတတ်တာပါပဲ၊ တမင်လည်းရှုပေးနိုင်ပါတယ် ၊ ဒါတွင်မက ရှုနေတဲ့ အသိနာမ်ဉာဏ်စသည်ဟာလည်း ထင်ပေါ်နေတတ်ပါတယ် ၊ တမင်လည်း ဒီ အသိကိုရှုနိုင်ပါတယ် အဲ ဒီတော့ ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ဖြစ်လာတဲ့ ပေါ်လာတဲ့ ရူပ်အခြေအနေတွေကို လိုက်သိပေးနေရမယ် အဲဒီလိုသိနေတဲ့အခါ၊ ရှေ့စိတ်ကို နောက်စိတ်ကလိုက်နေသလို ရှုနေ ထင်နေ သိနေတဲ့ အသိစိတ်ကိုလည်း သိအောင်ကြိုးစားရတယ်၊ ဒီတော့ ခန္ဓာကိုယ်ကြီးမှာ ရှုစရာတွေ အများကြီး ၊အဲ ဒီရှုစရာတွေဟာ အာယတန ဝိညာဉ်တွေ ရှုရင်းနဲ့ သတိ သမာဓိပညာ အားကောင်းလာယင် အလိုလို ထင်ပေါ်လာတတ်ပါတယ်၊ မထင်လျှင် အဲဒါတွေကိုလည်း

http://www.dhammadownload.com

ကိုယ်အနှံ့. တွေ့.သမျှ လိုက်ရှုနေရမှာဖြစ်တော့ ၊ ကာယအကြည်တည်ရာ ဒီကိုယ်မှာက ရှုကွက်တွေ အလွန်ပေါများလှပါတယ်။

သိတဲ့ အခါ မနဆိုတာ စိတ်အားလုံးနဲ့.ဆိုင်ပါတယ် ၊ ဒါပေမယ့် ဒီနေရာမှာတော့ ဓမ္မာရုံနဲ့. တွဲရမှာဖြစ်တော့ ဓမ္မာရုံထင်ပေါ်ရာဘဝင်စိတ်ကို ယူရပါတယ် ကမ္မဋ္ဌာန်း ပွားများတဲ့အခါ ခန္ဓာကိုယ်ထဲက ဓာတ်ကြီးလေးပါးတို့. စက္ခုစသော အကြည်ရုပ်တို့. ပြီးနာမ်တရားတွေ အဲဒီ ဓမ္မာရုံတွေဟာ ထင်ပေါ်လာရတယ် ၊ မနဆိုတဲ့ ဘဝင်စိတ်က အဲ ဒီဓမ္မာရုံတွေ ထင်ပေါ်ရာ ဌာနပါပဲ ၊ ဒီ အခါမှာ မနကိုလည်း သိရတယ်၊ ဓမ္မာရုံတွေလည်းသိရတယ် ၊ ဒီ ဓမ္မာရုံတွေကိုသိတဲ့ ရှုတဲ့ အသိနာမ်တရားတွေကိုလည်း သိရတယ် ၊ တရားရှုနေတဲ့အခါ ရှုပါရုံ စသော တရားငါးပါးမှ တစ်ပါး ၊တခြားတရားတွေကို ရှုနေပွားနေတဲ့ အခါ ၊ဓမ္မာရုံသိမှုဟာ ပြီးနေပါတယ် ၊ ဒီတရားတွေကို ရှုနေတဲ့ အသိကို နောက်အသိတစ်မျိုး နဲ့. လိုက်သိနေတဲ့ အသိကိုပဲ၊ဓမ္မာရုံကို သိတဲ့ အသိနာမ်တရားကို သိရတယ် ဆိုပါတယ် ၊ ဒီမနမှာကသည့် ပြင်စိတ်ကူး အတွေးအမျိုးမျိုးတွေလည်းထင်လာပေါ်လာတတ်ပါသေးတယ် ဒါကိုလည်း သိရမှာပါပဲ ၊ ဒါပေမယ့် အဲဒီအတွေးတွေဟာ ကမ္မဋ္ဌာန်းအာရုံက အလွတ်ကမ္မဋ္ဌာန်းက ခွါပြေး နေတဲ့ အတွေးတွေ ဖြစ်နေယင်တော့ အဲ ဒီ အတွေးတွေ ဖြတ်ပြီး ၊ကမ္မဋ္ဌာန်း အာရုံမှာ ပြန်တင်ပေးရပါလိမ့်မယ်။

ဉာဏ်တွေတက် မဂ်ပို့လ်ဆိုက် ယခုပြောခဲ့တဲ့အတိုင်းခန္ဓာ

http://www.dhammadownload.com

ကိုယ်ထဲမှာ စွဲစွဲ မြဲမြဲနဲ့.ရှဲ
သန်သန်တား ရှုပ္ပွားကြိုးစားယင် ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်နေတဲ့
တရားသဘောတွေကို အမှန်အတိုင်း မြင်ရပါလိမ့်မယ် ထို့တရား
တွေရဲ. ဖြစ်ပြီး ပျက်တတ်တဲ. အနိစ္စသဘော စသည်ကိုလည်း သိ
လာရပါလိမ့်မယ် ၊ အနိစ္စသဘော မြင်ရတဲ့အခါ တရားသဘောတွေ
ဖြစ်လာတာကိုလည်းသိ ပျက်သွားတာလည်း သိတဲ့ဉာဏ်ဖြစ်လာ
ပါလိမ့်မယ် ၊ ဒီ ဉာဏ်ဖြစ်လာယင် တရားတွေဖြစ်ပေါ်တာလည်း
တွေ.ရ ဖြစ်ပြီးပျက်သွားတာလည်း အထင်အရှား သိရပါလိမ့်မယ်၊
အဲ ဒါလို အဖြစ်ကိုရော အပျက်ကိုရော သိလာတဲ့ ဉာဏ်ကို ဥဒ
ယဗ္ဗယဉာဏ်ခေါ်ပါတယ်၊ အဲ ဒီဉာဏ်ပေါ်လာယင်တော့ ၊ထူးခြားတဲ့
အရောင် အလင်းမျှားလည်း ဖြစ်ပေါ်လာတတ်ပါတယ် ၊ ထူးကဲတဲ့
ပီတိတွေလည်း ဖြစ်လာတယ် ၊ တကယ့်ငြိမ်းအေးမှု ချမ်းသာမှု ဉာဏ်
လျင်မြန်သွက်လက်မှု စသော ထူးထူးခြားခြား တရားတွေပေါ်လာ
တတ်ပါတယ် ၊ဒီ အခါ ဝိပဿနာမှာ သာယာတဲ့ နိကန္တိခေါ် သိမ်
မွေ့.တဲ့ တဏှာလည်း ဖြစ်လာတတ်ဟယ် ၊ ဒါတွေဟာ ဝိပဿနာ
လမ်းမှန်တော့ မဟုတ်ဘူး ၊ ဝိပဿနာညစ်နွမ်းကြောင်း တရားတွေ
ဆိုပါတယ် ။

အဲ ဒါတွေ အရေးမထားပဲ ရှုမြ
ရှုနေယင် ရင့်တဲ့ ဥဒယဗ္ဗယဉာဏ် ပေါ်လာရတယ်၊ ဒီ ဉာဏ်ရင့်လာ
တော့နောက်ကို ဖြစ်ပျက်ကို သိနေတဲ့ဉာဏ်က အလွန်သွက်လက်
လျင်မြန်လာပြီး ၊အဖြစ်ကို မမြင်ရတော့ဘဲ ပျက်နေတာချည်း မြင်
ရတဲ့ ဘင်ဉာဏ်ဆိုတာ ဖြစ်လာရတယ် အဲ ဒီနောက် တခြားဉာဏ်
တွေ အဆင့်အဆင့် ဖြစ်သွားပါလိမ့်မယ်၊ တကယ်တော့ ဒီ ဉာဏ်

http://www.dhammadownload.com

တွေကို သိဖို့ မလိုသေးပါဘူး ရှုဖို့သာ လိုပါသေးတယ် ရှုမြဲ ရှုနေ ယင်တော့ သတိ ပညာ သမာဓိ အားကောင်းလာသည်နှင့် အမျှ ကိုယ်ကသိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဉာဏ်တွေက သူ့ ဟာသူ အဆင့်ဆင့် ရင့်သန်တိုးတက်ပြီး ।တစ်ဆင့်ပြီး တစ်ဆင့်တက်ကာ ပွင့်လန်းဖြစ်ပွားသွားတော့မှာပါပဲ । နောက်ဆုံး ဉာဏ်အလွန်လျှင် အလွန်သွက် အလွန်တက်လာတဲ့ အခါကျတော့ သခ်ၸိရ ရုပ်နာမ်တို့ နဲ့အဆက်ပြတ်ကာ ချုပ်ငြိမ်းရာ ဓာတ်တစ်မျိုးသို့ ကိုယ်တွေ့မျက်မှောက် ဆိုက်ရောက်သွားပါလိမ့်မယ် । ထိုအခါ မဂ်ဖိုလ်တရားများ ထင်ရှားဖြစ်ခြင်းပါပဲ । ဒီတရား ရှုမှတ်ပွားများခြင်းကြောင့် ရလာတဲ့ အလွန်ထူးခြား မြင့်မြတ်တဲ့ အကျိုးအာနိသင်ပါပဲ। ဒီ လိုအစ မဂ်ဖိုလ် ဆိုက်သွားယင်ပဲ । နောင် ဝဋ်ဒုက္ခတွေငြိမ်းအေးဖို့ရာ စိတ်ချရတဲ့ အဖြစ်မျိုး ရောက်ခဲ့ပြီမို့ အလွန်ထူး ခြား မွန်မြတ်လှတဲ့ အဖြစ် မျိုးဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။

သောတာပန်ဂုဏ်ရည်

ပထဗျာ ကေရဇ္ဇေန-
သဂ္ဂသ ဂမနေနဝါ ।
သဗ္ဗလောကာဓိပစ္စေန-
သောတာပတ္တိဖလံ ဝရံ။

(ဓမ္မပဒ)

ပထဗျာ –ကမ္ဘာ့ဗေဒွင် မြေတစ်ပြင်လုံး၌ ।**ကေရဇ္ဇေန ဝါ**– တစ်ဦးတည်းအရှင် ဘုရင်ကေရာဇ် ဖြစ်ရသည် ထက်လည်းကောင်း। **သဂ္ဂသ** – ချမ်းသာရိပ်ငြိမ် စည်းစိမ်တွေစုံ နတ်တိုဘုံသို့ **ဂမနေန ဝါ**– ကုသိုလ်ဖန်၍ ဗိမာန်အသင့်ဘုံအသင့်

http://www.dhammadownload.com

ဖြင့် ဂုဏ်ဖြင့်ဖြိုးမောက် ရောက်ရသည်ထက်လည်းကောင်း ၊**သဗ္ဗ လောကာဓိပစ္စေန ၀ါ**– တစ်လောကလုံး သိမ်းကျုံးလွှမ်းမိုး တန်ခိုး လှလှ အစိုးရသည်ထက်လည်းကောင်း၊ **သောတာပတ္တိဖလံ**–သော တာပတ္တိ မည်ရှိထူးခြား ဖိုလ်တရားသည် ၊ **ဝရံ** – ဂုဏ်အရည်ဖြင့် မမီနိုင်ကမ်း အလှမ်းဝေးကွာ ထူးခွန်မွန်မြတ်လှပါပေသတည်း ။

မြစ်လယ်မြုပ်တယ်ဆိုတာ ကဲ တရားက မဆုံးသေးဘူး ၊ ရဟန်းရဲ့အမေးမှာ ဒီဘက်ကမ်း ဟိုဘက်ကမ်း အဖြေနှစ်ခုသာ တင်ပြရသေးတယ် ၊ နောက် ဆက် လက်ပြီး ဖြေတဲ့ အဖြေတွေရှိတော့ အကျဉ်းချုပ်ပြီး ဟောပြရလိမ့် မယ်၊ မြစ်လယ်ခေါင်မှာ နစ်မြုပ်တယ်ဆိုတာ ဘာပါလဲလို့ ဆိုတဲ့ အမေးရဲ့ အဖြေကို ဆက်ကြဦးစို့ ၊ ဘုရားရှင် အဖြေက

မဇ္ဈေ ဃံသာဒေါတိ ခေါ ဘိက္ခု နန္ဒီရာဂသေတံ အဓိ၀စနံ၊ ဘိက္ခု – အသိထင်ထင် အမြင်ပွားဖို့ လျှောက်ထားမေးမြန်း အို ချစ်သားရဟန်း ၊ **မဇ္ဈေ–ဃံသာဒေါတိ** မြစ်လယ်မှာငုပ် သဲတွေအုပ် နစ်မြုပ်သည်ဟူသော ၊ **ဧတံ** - ငါအရှင် မြတ် ကွယ်ဝှက်တည်ထား ဤစကားသည်၊ **နန္ဒီရာဂသ**– အာရုံ သွယ်သွယ် မဖယ်မခွါ တွယ်တာ နှစ်သက် တပ်မက်တတ်သား တဏှာတရား၏၊ **အဓိ၀စနံ**–တရားပေါ်ထင် အမြင်ပွားဖို့ တင်စား တီထွင် အမည်ပင် ဖြစ်ပေတော့သတည်း။

ဒီ ဒေသနာအရ မြစ်လယ်မှာ မြုပ်တယ်ဆိုတာ တဏှာပဲလို့သိရ နှစ်သက်စွဲလမ်း တပ်မက်တဲ့ တဏှာဆိုတာက ထိုထိုအာရုံမှာနစ်နေတာ မဟုတ်လား ၊ သားတွယ်

http://www.dhammadownload.com

တာ သမီးတွယ်တာ လင်တွယ်တာ ဇနီးတွယ်တာနဲ့ ပစ္စည်းတွယ်တာ တွယ်တာနှစ်သက် စွဲလမ်းနေတဲ့ ဒီတဏှာဟာ ၊ မိမိနှစ်သက်ရာ ဝတ္ထုအာရုံတွေထဲမှာ ခေါင်းမဖော်သာနိုင်အောင် နစ်မြုပ်နေတာ ထင်ရှားလှပါတယ်၊ ဒီ နေရာမှာ အဋ္ဌကထာဆရာက မြစ်လယ်မှာ မြုပ်ပြီး အောက်သဲပြင်ရောက်နေတဲ့ သစ်တုံးကြီးကို သဲတွေကဖုံး လုံးလုံးနောက်ထပ် ခေါင်းမထောင်နိုင်ဖြစ်ရသလို ၊နန္ဒိရာဂခေါ် တဏှာအနှောင်အဖွဲ့ ခံနေရတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးဘုံမှာ ဒုက္ခကြီးစွာဖြင့် ပိတ်ဖုံးခံရပြီး နှစ်ထောင်ပေါင်းများစွာ နောက်ထပ်ခေါင်းမဖော်နိုင်အောင် ဖြစ်ရကြောင်းမိန့်ဆိုပါတယ် ၊ဒါလည်းနစ်ခြင်းတစ်မျိုးပါပဲ၊ အဲဒီတော့ ဒီတဏှာရာဂနဲ့ နစ်မြုပ်နေပြီဆိုယင် သမ္မာဒိဋ္ဌိ ဖြစ်ခွင့်မရ နိဗ္ဗာန်နဲ့ဝေး ၊အဲ တရားရှုနေယင်တော့ တဏှာက ပေါ်မလာတဏှာနဲ့ နစ်မနေပဲ သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန်ဘက် လိုက်ပါနေတော့ တာပါပဲ ။

ကုန်းပေါ်တင်တယ်ဆိုတာ ကုန်းပေါ်မှာ တင်တယ်ဆိုတာဘာ ပါလဲဆိုတဲ့အမေးကို ဘုရားရှင် ဖြေတော်မူတာကဒီလိုပါ။

ထလေ ဥဿာဒေါတိ ခေါ ဘိက္ခု အသ္မိမာနသေတံ အဓိဝစနံ။ **ဘိက္ခု**- တရားအချက်တွင် သက်ဝင်စူးစမ်း အို ချစ်သား ရဟန်း၊**ထလေဥဿာ ဒေါတိ ခေါဇတံ**-ကုန်းထက်တက်နေ အချက်ဖွေလျက် မြွက်လေတည်ထား ဤစကားသည်၊**အသ္မိမာနသ**–ငါဟုဆိုရ ထောင်လွှားတတ်တဲ့ မာန၏ ၊**အဓိဝစနံ**- မြုပ်ကွက် ဆင်ထား အမြင်ပွားဖို့ တင်စားတီထွင် အမည်

http://www.dhammadownload.com

ပင် ဖြစ်ပေတော့သတည်း ။

ကုန်းပေါ်တင်နေတယ်ဆိုတာ ငါ ငါဆိုပြီး ထောင်လွှားတဲ့ မာနတရားကို တင်စားထားတဲ့ အမည်ပဲလို့ ဖြေကော်မူတယ် ၊ ပညာဂုဏ် ဓနဂုဏ် အလှဂုဏ်စသည် တိုကြောင့် သူတကာအပေါ် ထောင်လွှားမော်ကြွား မောက်မာတတ်တဲ့ တရားဟာ မာနပါပဲ ၊ ဒီ မာန က ထောင်လွှား မြင့်တက်ချင်တဲ့ သဘောမို့ ကုန်းပေါ်တင်နေတာနဲ့ တင်စားထားတာ သဘာဝကျပါတယ် ။

ကုန်းဆိုတာက မြစ်ထဲက သဲကုန်း သောင်ပြင်ပါပဲ ၊ ဒီ သဲကုန်းမှာ တင်နေတဲ့ သစ်တုံးကြီးဟာ မြစ်ရေတက်လာလည်း စိုရ ၊ မိုးရွာလည်းစိုရနဲ့ ၊ အထက်အောက် ရေနဲ့ စိုနေရ၊ ဒီပြင် မှော်တွေကဖုံးလာ ၊ ဒီလိုနဲ့ နောက်အခါ ကျောက်တုံးလား သစ်ငုတ်လား ထင်ရဆိုတဲ့၊ အခြေရောက်ရတယ် ၊ဒါလိုပါပဲ မာနဖြင့် ထောင်လွှားနေတဲ့ ပုဂ္ဂိုလ်ဆိုတာက၊ အရာရာမှာ သူသာဟုတ် သူသာတော် ဆိုသလို မိမိကိုယ်ကို မြှောက်နေတတ်သောသူ ၊ ပုံ့သုကူ ဆောင်အရာမှာ ပုံ့သုကူဆောင်ဖြစ်နေ ဓမ္မကထိကဒရာမှာ သူက ဓမ္မကထိကဖြစ်နေ ရန်ဖြစ်ရာမှာလည်း မာနခဲဆိုတော့ ၊ရန်ဖြစ်သူ ဖြစ် ၊ဆေးဆရာ အရာမှာလည်း သူကဆေးဆရာဖြစ်နေနဲ့သူ့ကို ပုံ့သုကူဆောင်လား ၊ဓမ္မကထိကလား စသည်ဖြင့် ထင်ရဆိုရတဲ့ အခြေရောက်နေ ၊ ဒီလို ပုဂ္ဂိုလ်မျိုးက မိမိမာနအရ ထင်ရာစိုင်းနေတော့ အာပတ်တွေ ဗရပွေနဲ့ နောက်ဆုံး ဒီပုဂ္ဂိုလ်သန္တာန်မှာ သီလတစ်စုံတစ်ရာ ရှိမှရှိသေးရဲ့လား ၊ မရှိဘူးလားလို့ ဆိုရတဲ့အခြေရောက်နေတယ် ၊ ဒါ့ကြောင့် မာနကို သစ်တုံးကြီး ကုန်းပေါ်တင်နေမှုနဲ့ ဥပမာပေးခဲ့ခြင်းပါပဲ၊ဒီ မာနဟာလည်း တရားရှုနေတဲ့ ပုဂ္ဂိုလ်

http://www.dhammadownload.com

မှာ ထိုအခိုက် ဖြစ်မလာပါဘူး ၊ ဒီ တော့ တရားရှုနေတဲ့ ပုဂ္ဂိုလ်မှာ မာနဆိုတဲ့ ကုန်းပေါ်တင်မှု မဖြစ်ဘဲ၊ သမ္မာဒိဋ္ဌိဆိုတဲ့ ရေလျှဉ်နဲ့ နိဗ္ဗာန်ဘက် မျှောလိုက်နေတဲ့ ပုဂ္ဂိုလ် ဖြစ်နေပါတော့တယ် ။

လူဆယ်ယူတယ်ဆိုတာ လူဆွဲ လူဆယ်ယူတယ် ဆိုတာ ဘာပါလဲဆိုတဲ့၊ ရဟန်းအမေးကို ဖြေတဲ့ဘုရားရှင် အဖြေက ဒီလိုပါ။

ကတမော စ ဘိက္ခု မနုဿဂ္ဂါဟော ဣဓ ဘိက္ခု ဂိဟိဟိ သံသဋ္ဌော ဝိဟရတိ၊သဟနန္ဒီ သဟ သောကီ သုခိတေသု သုခိတော၊ဒုက္ခိတေသု ဒုက္ခိတော ၊ ဥပ္ပန္နေသု ကိစ္စကရဏီယေသု အတ္တနာ တေသု ယောဂံ အာပဇ္ဇတိ အယံ ဝုစ္စတိ ဘိက္ခု မနုဿဂ္ဂါဟော ။

ဘိက္ခု–သိလိုရေးနဲ့မေးမြန်းလျှောက်ထား ချစ်သား ရဟန်း ၊ **မနုဿဂ္ဂါဟော**–လူဆယ်ယူခြင်းဆိုသည်မှာ ၊ **ကတမောစ** ဘယ်အရာပေနည်း ၊ **ဘိက္ခု** -တရားအရှိ သိဖို့မျှော်မှန်း အို ရဟန်း၊ **ဣဓ**-ဤ ငါဘုရားသာသနာတော်၌ ၊**ဘိက္ခု**-တရားမဖက် ပေါ့ပျက်လမ်းမှား ရဟန်းတစ်ပါးသည် **ဂိဟိဟိ**-လူဒကာ ဒကာမတို့နှင့် ၊ **သံသဋ္ဌော**-တရားပျက်ရန် ဆက်ဆံရောနှောလျက် ၊ **ဝိဟရတိ** -ကာလ ကုန်စေ နေတတ်ပါပေ၏ ၊ **သဟနန္ဒီ**- လူကပျော်သော်ကိုယ်လည်းပျော်နဲ့ ၊ **သဟသောကီ** -လူပူဆွေးက ကိုယ်ဆွေးရလျှက် **သုခိတေသု**-ဒကာ ဒကာမချမ်းသာကြသော် ၊ **သုခိတော** -ကိုယ်ပါတူမျှ ချမ်းသာရလျက် ၊**ဒုက္ခိတေသု** - ဒကာ ဒကာမဆင်းရဲကြသော်၊ **ဒုက္ခိတော**-ကိုယ်ပါတွဲလတ် ဆင်းရဲတတ်၍ ၊ **ကိစ္စကရဏီ ယေသု**-

http://www.dhammadownload.com

ကိစ္စအသွယ်သွယ် ပြုဖွယ်အရပ်ရပ်တို့သည် ၊ **ဥပ္ပန္နေသု** -ဆိုင်ရာ ဆိုင်ရာ ဖြစ်ပေါ်လာကုန်သည် ရှိသော် ၊ **အတ္ထာနာ** -မိမိကိုယ်တိုင်၊ **တေသု**-ထိုလူမှုကိစ္စတို့၌၊**ယောဂံ**- ကြောင့်ကြမကင်း ကြိုးစားခြင်းသို့ **အာပဇ္ဇတိ** -ရောက်ရပေ၏ ၊ **ဘိက္ခု** -တရားမြင်ရန် ဉာဏ်အသိမှန်း တပည့်ရဟန်း ၊ **အယံ** -ဤလူတွေနဲ့ဖက် ရောယှက်ဆက်ဆံခြင်းကို၊ **မနုဿဂ္ဂါဟော**-လူကဆယ်ယူ ဆွဲယူခြင်းဟူ၍ ၊**ဝုစ္စတိ** -ငါ့ အလိုမှတ် ဆိုအပ်ပါပေသတည်း ။

ဘုရားရှင်က လူဆယ်ယူတယ်ဆိုတာ လူတွေနဲ့ ဆက်ဆံရောနှော ၊ လူတွေချမ်းသာယင် ကိုယ်လဲချမ်းသာ၊ လူတွေ ဆင်းရဲတဲ့အခါ ကိုယ်ပါရော စိတ်ဆင်းရဲ ၊ လူ့ကိစ္စတွေမှာ ကိုယ်လိုက်ကြောင့်ကြ စိုက်နေမှုကို ၊ တင်စားလိုက်တဲ့ အမည်ပဲလို့ ဖြေတော်မူပါတယ် ။ ဒီနေရာမှာ ရဟန်းတွေကို ဟောနေတာဖြစ်လို့ လူတွေအပေါ် တွယ်တာနေတဲ့ ရဟန်းကို လူဆယ်ယူခံရတဲ့ ပုဂ္ဂိုလ် အဖြစ် ဟောခြင်းဖြစ်ပါတယ် ၊လူတွေအတွက်ဆိုယင်တော့ သား တွယ်တာ သမီးတွယ်တာ ဇနီးတွယ်တာ လင်တွယ်တာ ပစ္စည်း တွယ်တာပြီး မခွါချင်လို့ ဥပုသ်မစောင့်နိုင် တရားအားမထုတ်နိုင်တဲ့ ဒကာ ဒကာမတွေကို လူဆယ်ယူ လူအဖမ်းခံ ရတယ်လို့ ဆိုရမှာပဲ၊ အဲ ဒီလို မတွယ်တာပဲ တရားရှုပွား အားထုတ်နေယင်တော့၊ လူဆွဲ လူဆယ် မခံရတဲ့ ပုဂ္ဂိုလ် ၊ သမ္မာဒိဋ္ဌိနဲ့ နိဗ္ဗာန်ဆီ ဦးတည်သွားနေ တဲ့ ပုဂ္ဂိုလ်လို့ ဆိုရပါတယ်။

နတ်ဆယ်ယူတယ်ဆိုတာ နတ်ဆွဲခံရ နတ်ဆယ်ခံရ တယ်ဆိုတာလည်း ဆိုတဲ့

http://www.dhammadownload.com

ရဟန်းအမေးကို ၊ ဘုရားရှင်က ဒီလို ဖြေဆိုမိန့်ကြားတော်မူပါတယ်

ကတမော စ ဘိက္ခု အမနုဿဂ္ဂါဟော ၊ ဣဒ ဘိက္ခု ဧကစ္စော အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ ၊ ဣမိနာဟံ သီလေနဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ ၊ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရောဝါတိ၊အယံဝုစ္စတိဘိက္ခု အမနုဿဂ္ဂါဟော။

ဘိက္ခု – ဓမ္မလိုရှာ ဝါကိုမေးမြန်း ချစ်သားရဟန်း **အမနုဿဂ္ဂါဟော** -နတ်ဆယ်ယူသည် ဆိုသည်မှာ ၊ **ကတမောစ**- အဘယ်ပေနည်း ၊ **ဘိက္ခု**-ချစ်သားရဟန်း ၊ **ဣဒ**–ငါဘုရား သာသနာတော်၌ ၊**ဧကစ္စော**-အချို့သောပုဂ္ဂိုလ်သည်၊ **ဣမိနာ သီလေနဝါ**– ဤသီလဖြင့်လည်းကောင်း ၊ **ဣမိနာ ဝတေနဝါ** - ဤဝတ်အကျင့်ဖြင့်လည်းကောင်း ၊ **ဣမိနာ တပေန ဝါ**- ဝီရိယဖွင့် ဤခြိုးခြံသော အကျင့်ဖြင့်လည်းကောင်း ၊ **ဣမိနာ ဗြဟ္မစရိယေန ဝါ**- မေထုန်ပယ်လွှင့် ဤမြတ်သော အကျင့်ဖြင့်လည်းကောင်း ၊ **ဒေဝေါဝါ**– နတ်မင်းသော်လည်းကောင်း ၊ **ဒေဝညတရော ဝါ**- နတ်တွင်ပါလတ် နတ်တစ်မျိုးမျိုးသော်လည်းကောင်း **ဘဝိဿာမိ** -ဖြစ်ရလို၏ ၊ **ဣတိ** ဤကဲ့သို့၊**အညတရံ** -တစ်မျိုးမျိုးသော၊ **ဒေဝနိကာယံ**– နတ်ဘုံဌာနကို **ပဏိဓာယ**- ရည်ရွယ်မှန်းဆ စိတ်တောင့်တ၍၊ **ဗြဟ္မစရိယံ**-မြတ်သောအကျင့်ကို၊**စရတိ**- မသင့်အရပ် အခွင့်မှတ် ကျင့်တတ်ပါပေ၏၊ **ဘိက္ခု** - အသိလိုချင် ဉာဏ်မြင်ကိုမှန်း ချစ်သားရဟန်း ၊**အယံ**- နတ်ပြည်ဌာန တောင့်တသဖြင့် အကျင့် ကျင့်ခြင်းကို ၊ **အမနုဿဂ္ဂါဟော**- နတ်ကဆယ်ယူ ဆွဲခြင်းဟူ၍ ၊ **ဝုစ္စတိ** - ဝါအလိုမှတ် ဆိုအပ်ပါပေသတည်း ။

http://www.dhammadownload.com

နတ်ဆွဲခံရ နတ်ဆယ်ယူခံရတယ်ဆိုတာ နတ်ပြည်ကို တောင့်တပြီး ကျင့်ခြင်းကို ခေါ်ဆို တင်စားထားတဲ့ အမည်ဖြစ်ကြောင်း ၊ ဘုရားရှင်က ဖြေတော်မူတယ် ၊ ဒီတော့ နတ်ပြည် နတ်အဖြစ် တောင့်တကုသိုလ်ပြုယင် ဒီပုဂ္ဂိုလ်နတ်ဆွဲခံရတဲ့ ပုဂ္ဂိုလ်မို့ နိဗ္ဗာန်ဆီ မရောက်နိုင် ၊တရားအားထုတ် ရှုပွား နေတဲ့ ပုဂ္ဂိုလ်ကတော့ ၊သမ္မာဒိဋ္ဌိနဲ့ နိဗ္ဗာန်ဘက်လိုက်နေတာမို့ ဘယ်နတ်မှ အဆွဲအဆယ် မခံရတဲ့ ပုဂ္ဂိုလ်ဆိုတာ သိသာပါတယ် ။

ဝဲစုပ်တယ် ဆိုတာ ဝဲစုပ်တယ်ဆိုတာ ဘာလဲဆိုတဲ့ ၊ ရဟန်းအမေးကို ဘုရားရှင်ဖြေတာက ဒီလိုပါ ။

အာဝဋ္ဋဂ္ဂါ ဟောတိ ခေါ ဘိက္ခု ပဠေနေတံ ကာမဂုဏာနံ အဓိဝစနံ။

ဘိက္ခု -ဓမ္မအမှန် အရဖန်ဖို့ ငါထံလျှောက်ထားအိုချစ်သားရဟန်း ၊ **အာဝဋ္ဋဂ္ဂါ ဟောတိ**– ဝဲစုပ်ယူသည်ဟူသော ၊ **ဇတံ** - ငါရှင်ကြားမြွက် ဤစကားဝှက်သည် ၊ **ပဠေနံ** -အစားစားအဖုံဖုံ ငါးပါးကုန်သော **ကာမဂုဏာနံ** -လိုလားအာရုံ ကာမဂုဏ်တို့၏ ၊ **အဓိဝစနံ** -အမြင်ပွားဖို့ တင်စားတီထွင် အမည်ပင် ဖြစ်ပေတော့သတည်း ။

ဝဲစုပ်ယူဆိုတာ ကာမဂုဏ်ငါးပါးကို တင်စားခြင်းဖြစ်ကြောင်း ဒီဒေသနာအရ သိရ ပါတယ် ရှုပါရုံစသော ကာမဂုဏ်ငါးပါးဟာ သတ္တဝါတွေ တစ်ခါတည်းမခွါပဲ သူတို့ဘက်ပါအောင် ဆွဲဆောင်သွားတတ်လို့ ဝဲစုပ်ယူတယ် ဆိုရပါတယ်၊ တစ်မျိုး

http://www.dhammadownload.com

ပြောရယင် ဝဲစုပ်ခံရတဲ့ သစ်တုံးကြီးဟာ မြစ်အောက် အတွင်းမှာ ကျောက်တုံးစသည်တွေနဲ့ တိုက်မိ ခိုက်မိနဲ့ ယိုယွင်းကွဲပျက် မှုန့်မှုန့်ညက်ညက် ကြေရသလို ကာမဂုဏ်ဝဲထဲ ကျနေတဲ့ ပုဂ္ဂိုလ်လည်း အပါယ်ဆင်းရဲ ဒုက္ခတွေ တိုက်လာ ခိုက်လာနဲ့ ပျက်ပြားကြေမွ မှုန့်မှုန့်ညက်ညက် ပျက်စီးရတယ်၊ ဝဲထဲကျယင် သစ်တုံးပျက်စီးရသလို ကာမဂုဏ်ထဲ ကျနေယင်လည်း ပုဂ္ဂိုလ်ပျက်စီးတတ်တာမို့ ကာမဂုဏ်တွေကို ဝဲနဲ့တင်စားခြင်းပါပဲ၊ ကဲတရားအားထုတ်နေယင် ဘယ်ကာမဂုဏ်ဝဲမှ အဆွဲအစုပ်မခံရ၊ ဒီတော့ သမ္မာဒိဋ္ဌိနဲ့ အတူ ပါပြီး နိဗ္ဗာန်ဘက်ဆီ သွားနေတော့ တာပါပဲ ။

အတွင်း ပုပ်ဆွေးတယ်ဆိုတာ အတွင်းပုပ်ဆွေးတယ်ဆိုတာ ဘာပါလဲဆိုတဲ့၊ ရဟန်း အမေးကို ဘုရားရှင်ဖြေဆို ချက်ကိုတော့ အကျဉ်းလိုရင်းပဲ ပြောပါတော့မယ်၊ အတွင်းက ပုပ်ဆွေးတယ်ဆိုတာ သီလမရှိ အကျင့်ပျက်တာကို ဆိုလိုပါတယ်၊ သစ်တုံးကြီး ဆွေးနေယင် ဂင်္ဂါမြစ်ကြောမျှောပါနိုင်လို့ သမုဒ္ဒရာထဲ မရောက်နိုင်တာလို ၊သီလမရှိအကျင့်ပျက်နေသူဟာလည်း နိဗ္ဗာန် မရောက်နိုင်ပါဘူး၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကတော့ သီလမပျက် အကျင့်ကောင်းနေတော့ မဆွေးတဲ့ သစ်တုံးဟာ ဂင်္ဂါမြစ်ကြောမျှောပါ သမုဒ္ဒရာရောက်ရသလိုဒီပုဂ္ဂိုလ်ဟာ သမ္မာဒိဋ္ဌိ ရေလျှဉ်ကြောနဲ့ မျှောပါ နိဗ္ဗာန်သမုဒ္ဒရာသို့ဆိုက်ရောက်ရပါတော့တယ် ။

http://www.dhammadownload.com

နွားကျောင်းသားနန္ဒ ဘုရားရှင်အဖြေက ဒီတွင်ဆုံးသွားပါပြီ ၊ အဲ ဒီတရားကို ရဟန်းတွေအား ဟောကြားနေခိုက်မှာ နန္ဒဆိုတဲ့နွားကျောင်းသားတစ်ယောက်ကလည်းဘုရားရှင်နဲ့.မနီးမဝေးမှာရပ်နားနေခဲ့တယ်၊ဒီ နန္ဒဟာတရားတော်ကို အလွန်သဘောကျလို့ တရားဆုံးလျှင်ဆုံးချင်း ဘုရားရှင်ထံ ချဉ်းကပ်လျှောက်ထားတယ် ၊ မြတ်စွာဘုရား ဘုရားတပည့်တော် ဒီဘက်ကမ်းလည်း မကပ်လိုပါ ၊ ဟိုဘက်ကမ်းလည်း မကပ်လိုပါ၊ အလယ်မှာလည်း နစ်မနေလိုပါ၊ ကုန်းပေါ်လည်း တင်မနေလိုပါ၊ တပည့်တော်ကို လူလည်းဆယ်မယူပါစေနဲ့.တော့ ၊နတ်လည်း ဆယ်မယူပါစေနဲ့.တော့၊ဝဲလည်း စုပ်မယူပါစေနဲ့.တော့ ၊အတွင်းလည်း ပုပ်ဆွေးသူ မဖြစ်လိုပါ ၊ ရှင် တော်ဘုရားအထံတော်မှာ ရှင်အဖြစ်ရလိုပါတယ် ၊ ရဟန်းအဖြစ် ရလိုပါတယ် ၊ ဒီ လိုလျှောက်ထားတော့ကဲ့ နန္ဒ ဒါဖြင့် မင်းနွားတွေကို နွားရှင်မျှားထံ ပြန်အပ်ချေဦးလို့ ဘုရားရှင်က မိန့်တော်မူတယ် ၊တရားအလွန် သဘောကျလို့ ရဟန်းအလွန်ပြုနေချင်တာဖြစ်တော့ ၊ နန္ဒ က အချိန်ဆွဲမနေချင်ဘူး ၊ ဒါ့ကြောင့် မြတ်စွာ ဘုရား ဒီနွားမတွေဟာ သားငယ်ကို ခင်မင်ကြတဲ့ နွားမတွေပါ ၊ သူ့ဘာသာ သွားကြပါလိမ့်မယ်လို့ လျှောက်ထားပါတယ် ၊ ဒါပေမယ့် သူ့တာဝန်ကျေမှု ရဟန်းပြုပေးတာ ကောင်းလေတော့၊ဘုရားရှင်က မင်း သွား အပ်ကို အပ်ရဦးမယ် နန္ဒ လို့ ၊ မိန့်ကြားလိုက်တော့မှ နွားရှင်တွေထံ နွားတွေသွားအပ်ပြီး ၊ အပ်ပြီးခဲ့ကြောင်း ရှင်ရဟန်းပြုပေးဖို့အကြောင်း လျှောက်ထားခဲ့တယ် ၊ဒါနဲ့ပဲ ဘုရားရှင်ထံတော်မှာ ရှင် ရဟန်းအဖြစ် ရခဲ့တယ် ၊ ရဟန်းဖြစ်တယ်ဆိုယင်ပဲ ၊ သူလိုလားခဲ့တဲ့အတိုင်း ၊ ဒီဘက်ကမ်းလည်း မကပ် ၊

http://www.dhammadownload.com

ဟိုဘက်ကမ်းလည်း မကပ် ၊ မြစ်လယ်လည်း မမြုပ် ၊ ကုန်းပေါ်လည်း မတင် လူဆွဲမခံ ၊နတ်ဆယ်မခံ ဝဲစုပ် မခံ၊ အတွင်းပုပ်ဆွေးမှုမရှိ ၊ သမ္မာဒိဋ္ဌိ ရေလျှဉ်ကြောနဲ့ မျောလိုက်ခဲ့တာ၊ မကြာမီ နိဗ္ဗာန်သမုဒ္ဒရာရောက်ကာ ၊ ရဟန္တာဖြစ်ခဲ့တယ် ၊ ကဲ ဒီတော့ ဒကာ ဒကာမတွေလည်း ဒီဘက်ကမ်းလည်း မကပ်ကြနဲ့ ၊ဟိုဘက် ကမ်းလည်း မကပ်ကြနဲ့ ၊အလယ်မှာလည်း မြုပ်မနေကြနဲ့ ၊ ကုန်းပေါ်လည်း တင်မနေကြနဲ့ ၊ လူအဆယ်လည်း မခံကြနဲ့ ၊နတ်အဆယ်လည်း မခံကြနဲ့ ဝဲစုပ်လည်း မခံကြနဲ့ ၊ အတွင်းပုပ်ဆွေးမှုလည်း မဖြစ်စေကြနဲ့ ၊သမ္မာဒိဋ္ဌိနဲ့အတူ နိဗ္ဗာန်ဆီ ဦးတည် သွားကြစမ်းပါလို့ တိုက်တွန်းရင်း တရားအဆုံးသတ်လိုက်ရပါတော့တယ် ။

တိုက်တွန်းချက် **သုတ် သုတ္တံ ဒါရုက္ခန္ဓော-**
ပမံ ဝေါ သာရသမ်တံ ၊
ယထာ ဝုတ္တံ သုသိက္ခန္တာ -
ဟောထ သန္တာ ကုတော ဘယာ။

ဝေါ -တရားအလိုလို နှစ်အဆီကို ချစ်ကြည်တောင့်တ သင် ဒကာ ဒကာမတို့သည် ၊ **သာရသမ်တံ** - ကျင့်ကြံပွားက တရားရဖို့ သာရနှစ်ထု အမြုတေတို့ဖြင့် စုနေထင်လတ်ဆင်ပြင်အပ်သော ၊**ဒါရုက္ခန္ဓောပမံ** -သစ်တုန်းကြီးသာ ရှုစရာဟု ဥပမာဆင်သ ဒါရုက္ခန္ဓောပမ အမည်ရသော ၊ **သုတ္တံ** -တရားအချက်စကားဝှက်ကာ ဥပစာဖြင့် ဝေဆာထုတ်ပြန် နှုတ်သံဖော်မြွက် သုတ္တန်တော် ဓမ္မစက်ကို ၊ **သုတ်**- တရားသိရန် စီအမ်ကောင်း ဉာဏ်အကြောင်းမို့ နှစ်ထောင်းအားရ နာခဲ့ရ ကြားခဲ့ပါရ ပါပေပြီ ၊ **ယ**

http://www.dhammadownload.com

ထာဝုတ္တံ-ကိုယ့် သန္တာန်တွင် အမှန်မြင်ဖို့ စီစဉ်သတ်မှတ် ဟော ကြားတော်မူအပ် သည့်အတိုင်း ၊ **သုသီကွန္တာ**- မဂ်ကိုရလို ဖိုလ်ကိုတောင့်တ နိဗ္ဗာန်ရ ဖို့ တက်ကြွနိုးကြား အကျိုးများအောင် ကြိုးစား ကျင့်သုံးကြကုန်လျက် ၊**အကုတောဘယာ**- ပဋိသန္ဓေ အိုနာသေရေး ဘေးအဖုံဖုံ ကုန်ကာမထိ တစ်စုံတစ်ရာ မရှိကြကုန်ဘဲ **သန္တာ**-အဟောသုခံ ဥဒါန်းသံဖြင့် ပြန်လှန်မြွက်ဟ စိတ်ရွှင်ပျလျက် အားရဖို့ရာ ကိလေသာဟူ အပူတွေသိမ်း ချုပ်ငြိမ်းချမ်းမြေ အအေး ကြီး အေးကြရကုန်သည် ၊ **ဟောထ**-သန္ဓိဋ္ဌက ကိုယ်တွေ့ရတဲ့ ဓမ္မစွမ်း ဟုန် လွှမ်းခြုံဆင်သ အမြင်လှ ဖြစ်ကြဖို့ရာ တိုက်တွန်းပါသည် ချမ်းသာအမြဲ ကြုံဖို့သော် . . . . ။

ဒါရုက္ခန္ဓောပမသုတ် တရားတော်ပြီး၏။

http://www.dhammadownload.com

ဗုဒ္ဓါနုဿတိဘာဝနာ

[သုမေဓာ ရှင်ရသေ့ ရွတ်ဆိုသော]

ဂုဏ်တော် ဂါထာများ

ပထဝီယံ နိပ္ပန္နသ –
ဇဝံ မေ အာသိ စေတသော ।
ဣစ္ဆမာနော အဟံ အဇ္ဇ –
ကိလေသေ ဃာတယာမဟံ ॥

ပထဝီယံ-ရွှံ့ညွန်တွေတက် မြေအထက်၌ ၊ **နိပ္ပန္နသ**–ရှင်တော်မြတ်ဘုရား ကြွလျှောက်သွားဖို့ အလျားစင်းစင်း တံတားခင်းချေ လျှောင်းလျက်နေသော ၊ **မေ** -ဘုရားမြတ်တွက် အသက်ပင်စွန့်. မတွန့်ရဲစွာ သုမေဓာ ငါ၏ ၊ **ဇဝံ** - စိတ်အားမယုတ် မဆုတ်မဆိုင်း ဤဆိုမည့်အတိုင်း ၊ **စေတသော (ပရိဝိတက္ကော)**-ဘုရားအဖြစ် တအားသစ်ရန် စိတ်အကြံသည် ၊ **အာသိ**-အသစ်စွဲမြဲတစ်ခေတ်နွဲ့ဖို့. ဖြစ်ခဲမကွာ ဖြစ်၍လာခဲ့လေပြီ ၊ **အဟံ**- အဘိညာဉ်တွေ. ဆင်ဓလေ့ဖြင့် ရှင်မွေ့.မကွာ ရသေ့ငါသည် ၊ **ဣစ္ဆမာနော**-ကိလေသာကို ပယ်ခွါသတ်ဖို့. အရဟတ္တဖိုလ်ကို အလိုရှိသည် ဖြစ်သော်၊**အဇ္ဇ** - ဒီပက်ရာ မြတ်စွာခြေရင်း ဝပ်စင်းပြုရာ ယခုအခါ၌ပင်၊ **ကိလေသေ**ခန္ဓာဓာတ်ထဲ မပြတ်စွဲဘီ ငြိနေမကွာ ကိလေသာတို့.ကို ၊ **ဃာတယာမိ** - လုံးဝပြုန်းစေ ဆုံးအခြေဖြင့် မနေမကပ် အသေသတ်နိုင်ပါပေ၏ ॥

http://www.dhammadownload.com

ကိ ံ မေ အညာတဝေသေန -
ဓမ္မံ သစ္ဆိကတေနိဓ ၊
သဗ္ဗညုတံ ပါပုဏိတွာ -
ဗုဒ္ဓေါ ဟေသံ သဒေဝကေ ။

မေ - အာသဝက္ခယ ရဖို့လွန်ကောင်း အကြောင်းစုံစွာ သုမေဓာဝါအား ၊ **ဣဓ** မျက်မှောက်ထင်ထင် ကြိုတွေ့မြင်သည့် ဒီပက်ရ မြတ်ဗုဒ္ဓ၏သာသနာ၌ ၊ **အညာတဝေသေန** - အမျှားနဲ့တူ သူအမျှားတွင် အဝင်တစ်ပါး မထင်ရှားသော အသွင်ဖြင့် ၊ **ဓမ္မံ**- ကိလေသာသိမ်း ငြိမ်းရာဓာတ်ဆို အရဟတ္တဖိုလ်ကို ၊ **သစ္ဆိကတေန**- ကိုယ်တွေ့ထင်ထင် အမြင်ပေါက်မှု မျက်မှောက်ပြုရသဖြင့် ၊ **ကိ ံ**- သတ္တာသွယ်သွယ် ဝဋ်နယ်နယ်မှ ကျွတ်ဖွယ်လွတ်ဖွယ် မသယ်ပိုးဘိ အဘယ်အကျိုးရှိတော့အံ့နည်း၊ **သဗ္ဗညုတံ**-သုံးဘုံလောက အသာ ရတဲ့ ဉာဏာဓာတ်ဆင် မြတ်အရှင်ဟု သဗ္ဗညုအရိုက်အရာသို့ ၊ **ပါပုဏိတွာ**-ပါရမီဘုန်းကံ ဉာဏ်တော်ဆင့်ဆင့် ပင့်မြှောက်သီးသီး အသင့်ရောက်တော်မူပြီးသော်၊**သဒေဝကေ**- နတ်နှင့်တကွ အနန္တမှတ်ရာ သတ္တာလောကထဲ၌ ၊ **ဗုဒ္ဓေါ**-တုဘက်မထင် ယှဉ်ဘက်ကင်းသူ တစ်ဆူတည်းထင်ရှား ရှင်ဘုရားမြတ်ဗုဒ္ဓသည် ၊ **ဟေသံ** - ပါရမီ ဆင့်ဆင့်ခါမှီမြင့်လျက် အခွင့်မထင် ကျင့်မလစ်စေ ဖြစ်ပေတော့အံ့ သတည်း။

ကိ ံ မေ ဇကေန တိဏ္ဏေန -
ပုရိသေန ထာမဒဿိနာ ၊
သဗ္ဗညုတံ ပါပုဏိတွာ -
သန္တာရေသံ သဒေဝကံ ။

http://www.dhammadownload.com

ထာမဒဿိနာ- ဘုရားဖြစ်ရည် အားသစ်တည်ဆောက်မထောက်စတမ်း အရောက်လှမ်းဖို့ သွားစွမ်းထင်ထင် အားအစွမ်းကိုမြင်ရသော၊**ပုရိသေန**-အခက်ခဲစု ဆင်းရဲထုကို မမှုခဲ့ပြီ ဘာမထီသည့် ဇာနည်မြောက်ငြား ယောက်ျားအစစ်ဖြစ်ပါလျက်၊**ဧကေန**-အမျှားသတ္တဝါ တူမပါဘဲ ချမ်းသာထောက်ပြီး တစ်ယောက်တည်းသာ ၊ **တိဏ္ဏေန**-နိဗ္ဗာန်ဘက်ကမ်းအထက်တန်းသို့ တက်လှမ်းကူးမြောက်သဖြင့် ၊ **မေ**-ဘုရားဖြစ်ဖို့ ခေတ်ကိုလာတွေ့ ငါရသော့ သုမေဓာအား ၊**ကိ**-အမျှား အကျိုး အားကိုးစဖွယ် တကယ်မကြိုးဘိ အဘယ်အကျိုးရှိပါတော့အံ့နည်း ၊ **သဗ္ဗညုတံ**-သဗ္ဗညူဟု နတ်လူဘုံတွင် သုန်သုန်လွင်လျက် ဂုဏ်ထင်ရှားလတ် ဘုရားမြတ်အဖြစ်သို့ ၊ **ပါပုဏိတ္တာ**- ပါရမီအမျိုးမျိုး အားကြိုးသယ်ဆောက် တကယ်ရောက်ပြီးသော် ၊ **သဒေဝကံ**-နတ်ပြဟ္မာနှင့် တူပါတကွ တစ်လောကလုံးကို ၊**သန္ဓာရေသိ**- သံသရာနယ်စွန် ကျော်လွန်မြောက်ကာ နိဗ္ဗုတာနယ်ခွင် တကယ်မြင်အောင် ကယ်တင် ရပေတော့အံ့သတည်း ။

ဏ္ဍမိနာ မေ အဓိကာရေန –
ကတေန ပုရိသုတ္တမေ ၊
သဗ္ဗညုတံ ပါပုဏိတ္တာ –
တာရေမိ ဇနတံ ဗဟုံ ။

မေ- ကောင်းမှုတစ်ဖုံ ယခုဆုံ၍ ကြုံတွေ့အလာ ရသော့ ငါ၏၊ **ပုရိသုတ္တမေ**- ယောက်ျားလူမွန် ပုဂ္ဂိုလ်ချွန်ဟု တံခွန်လွှားအပ် ဘုရားမြတ်ဒီပင်ရာ၌ ၊ **ကတေန** -အသက်ကိုစွန့် မတွန့်ဆုတ်လတ် ပြုလုပ်အပ်သော ၊ **ဏ္ဍမိနာ အဓိကာရန**- ကိုယ်အလျားစင်း တံတား

http://www.dhammadownload.com

ခင်းတဲ့ ခဲယဉ်းစွာပြု လွန်ကဲသော ဤကောင်းမှုကြောင့် ၊**သဗ္ဗညုတ**-လောကသုံးခွင် ဥာဏ်ကြီးရှင်တို့. ခိုဝင်ညွှတ်တွား ထွတ်ဖြားအစစ် သဗ္ဗညုဘုရားအဖြစ်သို့. ၊ **ပါပုဏိတွာ** -ပါရမီဆင့်ဆင့် ခါမ့ီရင့်လျက် အခွင့်ပေါက်မြောက် အသင့်ရောက်ပြီးသော် ၊ **ဗဟု** -အဘယ်မျှဟူ တွက်ယူမရ များပြားလှစွာသော ၊ **ဇနတ**-သံသရာခွင် ရေလျှဉ်ကြောင့် မျှောပါကြသူ နတ်လူပြဟ္မာ သတ္တဝါအပေါင်းကို ၊**တာရေမိ**-နိဗ္ဗာနဓာတ် ဘေးမကပ်သည့် အေးရပ်နယ်ခွင် တကယ်ဝင်အောင် ကယ်တင်ရပါလို၏ . . . ။

သံသာရသောတံ ဆိန္နိတ္တွာ –
ဝိဒ္ဓံသေတ္တွာ တယော ဘဝေ ၊
ဓမ္မနာဝံ သမာရုယှ –
သန္ဏရေသံ သဒေဝကံ ။

(**အဟံ**)ဒီပက်ရာ ရတနာမှတ်သား မြတ်ဘုရားကို ထင်ရှားလေ့လာ ရသေ့ ငါ သုမေဓာသည် ၊ **သံသာရသောတံ** -ဒုက္ခဖန်လာ ပြန်ခါခါ(ပြင်)နှင့် ခန္ဓာအစဉ် သံသရာအလျှဉ်ကို၊ **ဆိန္နိတ္တွာ**– မဂ်အရဟတ် စက်အမြှောင်ဖြင့် အပြတ်အတောက် ထပ်မရောက်အောင် ဖြတ်တောက်တော် မူခဲ့၍ ၊ **တယော ဘဝေ**- ဆင်းရဲမျိုးစုံ အဖုံဖုံနှင့် ကြုံရဆုံရ ဘဝသုံးသွယ် သေမင်းနယ်တို့.ကို ၊**ဝိဒ္ဓံသေတ္တွာ** ဆက်သုံး မရပျက်ဆုံးကြဟု အရဟတ္တမဂ် လက်နက်တော်သုံး အခြေပြုန်းအောင် ချေမှုန်းဖျက်ဆီးတော်မူလျက် ၊ **ဓမ္မနာဝံ**– နိဗ္ဗာန်ရပ်ဖျားဓာတ်တစ်ပါးသို့. အသွားလျှဉ်လျှဉ် မနားနှင်သည့် မဂ္ဂင်ရှစ်ပါးတရားလှေတော်ကြီးကို ၊ **သမာရုယှ**-မငြီးပျော်ပျော် ခရီးဖော်လျက်

http://www.dhammadownload.com

စီးတော်မူပြီးလျှင် **သဒေဝကံ** -နတ်တွေလည်းပါ ဗြဟ္မာနှင့်တကွ သတ္တလောကကို ၊ **သန္ဓာရေသံ**-မဂ္ဂင်ရှစ်ဖော် လှေတော်အပ်လျက် သုံးရပ်ဝဋ်ခွင် ရေအပြင်မှ လျင်လျင်ထုတ်ချောက် နိဗ္ဗာန်ပေါက် အောင် ကူးမြောက်ပါစေ ကယ်တင်ရ ပေတော့အံ့သတည်း။

(ဝ)သဗ္ဗညုတညာဏ် ပူဇော်ရှိခိုး(ဝ)

ဥ ယျဲ့ သဗ္ဗံ ပဇာနာတိ –
သဗ္ဗညုတာယ မေ ဇိနော ၊
ဒေသေတဗ္ဗပကာရံ စ –
အာသယံစာပိ ပါဏိနံ ၊
တဗ္ဗလံ မေ သရီရမှိ –
နိစ္စံ သေတု ဘဝါဘဝေ ။

မေ ဇိနော -မာရ်အပ်ပ်ပ် အောင်လံဆွဲလျက် အောင်ပ်ပ်ရဆင် ငါအရှင် ဘုရားမြတ်သည် ၊ **သဗ္ဗညုတာယ** - ဉာဏ်ဒေမြင်မှာ မယှဉ် သာ၍ ပညာရှိတွင် ထွတ်ဖူးရှင်ဟု မှတ်တင်အမှ သဗ္ဗညုရှေ့ဉာဏ် တော်ဖြင့် ၊ **သဗ္ဗံ ဥ ယျဲ့စ** - ပရမတ်ပညတ် အရပ်ရပ် အဖုံဖုံ ဆုံး မကုန် အစားစား အလုံးစုံသော ဥ ယျတရားကိုလည်းကောင်း၊ **ဒေသေတဗ္ဗပကာရံ စ**-သဒ္ဒါအချက်ချက် အနက်အသီးသီး နည်း အသွယ်သွယ် ပရိယာယ်ပေါလှ သဘောကျချယ် ပြောပြဖွယ် အဖုံ နည်းမျိုးစုံကိုလည်းကောင်း **ပါဏိနံ** -စိတ်ထားမတူ အပူပြား လတ် ဓာတ်အပြားပြား သတ္တဝါဝေနေယျတို့၏ ၊ **အာသယံစာပိ**- နှလုံးသွင်းထိုထို အလိုအကြိုက် စရိုက်အမျိုးမျိုး ကောင်းဆိုးအ

http://www.dhammadownload.com

တန်တန် မှတ်ရန်အစားစား ဓာတ်ခံအများကိုလည်းကောင်း ၊**ပဏာနာ တိ** -ရှေ့လက်တင်ထား ပတ္တမြားမျက်ရှင် ပုံဟန်တင်သို့ ဉာဏ်တွင် အတိပေါ် အမှန်မြင်သိတော်မူပါပေ၏ ၊ **တဗ္ဗလ်** -သဗ္ဗညုမှန် ထိုရှေ့ ဉာဏ်၏ သုံးတန်ထူးလတ် မြတ်အတန်းစား ဓာတ်စွမ်းအားသည်၊ **မေ သရီရမ္ပိ**- ရှေ့ဉာဏ်ရှင်ဘုရား ဂုဏ်တော်များ၌ လေးစားတည်ခ အမှီရသဖြင့် ကြည်မအလို ဤငါ့ကိုယ်၌ ၊ **ဘဝါဘဝေ** -အဆုံး စွန်ရ ဘဝကျအောင် ခဏမဆိုင်း ဘဝတိုင်းဘဝတိုင်းဝယ် ၊ **နိစ္စံ** အတူတွဲ၍ မခွဲမခွါ အမြဲသာလျှင် ၊ **သေတု** - အနန္တဂုဏ် အဖုံဖုံ၌ အာရုံမလွတ်တိမ်းညွှတ်စရာ ကိန်းဝပ်ပါစေသား(သို့မဟုတ်)(ပါစေ သတည်း. . .)။

အဂ္ဂပသာဒ ဘုရားရှိခိုး

ရတနဂ္ဂေ ပသန္နာနံ -
အဂ္ဂံ ပုညံ ပဝဍ္ဎတိ ၊
အဂ္ဂံ အာယု စ ဝဏ္ဏော စ -
ယသော ကိတ္တိ သုခံ ဗလံ ၊
တံ သဗ္ဗံ ဝဍ္ဎတံ မယှ -
မဂ္ဂေ ယေန နမာမဟံ ။

အဂ္ဂေ-ပြဟ္မာလူနတ် ဦးတင်လတ်၍ ညွှတ်အပ်မကွာ ထွတ်မြတ်လှစွာသော၊ **ရတနေ**-နှစ်သက်ဖွယ်မျိုး မြတ်နိုးဖွယ်စုံ ဂုဏ်တော် ထူးခြား ရတနာမြတ်သုံးပါး၌ ၊ **ပသန္နာနံ** -သဒ္ဓါ ဖွေးလတ် အအေး ဓာတ်ဖြင့် လေးမြတ်ကြည်ညို ဘုရားတပည့် ပုဂ္ဂိုလ်တို့အား ၊**အဂ္ဂံပုညံ** ကုသိုလ်မှုးမှတ် ထွတ်ဖူးဓာတ်ဟု ထူးမြတ်သောကောင်းမှုသည်၊

http://www.dhammadownload.com

ပဝမ္ဘတိ - အကျိုးများစေ တိုးပွားလေတော့သည် ၊ **အဂ္ဂ အာယုစ** ဆ ဆတက်ပွား ထူးခြားဆက်စည် အသက်ရှည်ခြင်း သည်လည်း ကောင်း၊ **အဂ္ဂဝဏ္ဏောစ**-သူ့ထက်ထူးခြေ ရုပ်ရေဝင်းပ အဆင်းလှ ခြင်းသည်လည်းကောင်း ၊ **အဂ္ဂယသော စ**-အထူးပွားခြေ ထွေ ထွေရံတည် အခြွေအရံသည်လည်းကောင်း ၊**အဂ္ဂကိတ္တိ စ**-ကောင်းခြီး ထူးစွာ သူငါသောသော ဖော်ပြောမကင်း ကျော်ဇောခြင်းသည်လည်း ကောင်း ၊**အဂ္ဂသုခဉ္စ**-အဖက်ဖက်ရံ ဖုံဖုံပြည့်ဝ ထူးကဲစွာ ချမ်းသာရ ခြင်းသည်လည်းကောင်း ၊**အဂ္ဂဗလဉ္စ** -သူ့ထက်ထူးချွန် အလွန်ပွားရ ခွန်အားဗလသည်လည်းကောင်း ၊**ပဝမ္ဘတိ**- အဆင့်ဆင့်ပွား မြင့် မြင့်မားလျက် မျိုးများပစေ တိုးပွားလေတော့၏ ၊ **ယေန**- ဝေဝေ ဆာဆာ စေတနာနှင့် သဒ္ဓါဆင်ကောင်း အကြင်ကြောင်းကြောင့် **အဟံ** -သုံးရတနာ ကိုးစားရာဟု ဦးမှာထားဘိ ဘုရားတပည့်သည် **အဂ္ဂေ**-မြတ်ဘုရားနှင့် တရားသံဃာ အမြတ်ရတနာတို့ကို ၊ **နမာမိ**- ဂုဏ်တော်ထူးခ်ီ ကြည်နူးမြတ်နိုး အချစ်တိုးလျက် ရှိခိုးကန်တော့ ပါ၏(**ဟေန**)ထိုသို့စေတနာသဒ္ဓါ ဝေဖြာကာဖြင့် ရတနာသုံးပါး အမြတ်များ၌ ညွှတ်တွားဝပ်စင်း ရှိခိုးရခြင်းကြောင့် ၊**မယှံ**-ကုသိုလ် ထူးကို ဆွတ်ခူးထားသည့် ဘုရားတပည့်အား ၊ **တံ သဗ္ဗံ** -အသက် ရှည်ခြင်း အဆင်းလှစေ ခြွေရံပေါပေါ ကျော်စောချမ်းသာ အားတိုးလာဟု မျှားစွားကျိုးတုံ အလုံးစုံသော ထိုအကျိုးသည် ၊**ပ ဝမ္ဘတံ ပဝမ္ဘတု** - တိုးပွားပါစေ ဆုပန်ခြွေသည် အထွေထွေပြည့်ဝ ပါစေသော် . . . ။

http://www.dhammadownload.com

(*) မဟာဝဇိရဉာဏ်တော်ရှိခိုး (*)

မဟာဝဇိရဉာဏမှိ -
သဒါ အမှိ နတောဘ အဟံ ।
တံ စ သော ဓာတုဘာဝေန -
တိဋ္ဌတံ မမ မာနသေ ॥

မဟာဝဇိရဉာဏမှိ- သုံးကုဋေခြောက်သန်း ဂဏန်းသတ်မှတ် အသိဓာတ်ဟု ဝိပဿနာ မဟာဝဇိရ မည်ရအကျော် ဉာဏ်တော် မြတ်ကြီး၌ ၊ **မဟာဝဇိရဉာဏမှိ** - အတုမရ နုတ္တရဟု ဗုဒ္ဓမြတ်ဂုဏ် အဖုံဖုံကို အကုန်နှင်းအပ် အရဟတ်ဟု အမြတ်မဂ်ကျော် မဟာဝဇိရ ဉာဏ်တော်ကြီး၌ ၊ **မဟာဝဇိရဉာဏမှိ**-နှစ်ကုဋေလေးသန်း ဂဏန်း ပြည့်ယှဉ် မရွှေ့ထင်အောင် နေ့စဉ်သုံးမှန် ပျော်ပွဲခံဖို့ ဝင်စံမလတ် သမာပတ်ဖလ မဟာဝဇိရခေါ် ရွှေဉာဏ်တော်မြတ်၌ ၊ **မဟာဝဇိရ ဉာဏမှိ**-တုဖက်မမြင် ယှဉ်ဖို့ဝေးကွာ အလေးသာသည့် မဟာဝဇိရ ဉာဏသုံးလီ တည်ရာသခင် ဉာဏ်တော်ရှင် ဘုရားမြတ်၌ ၊ **အဟံ**- မြတ်ဗုဒ္ဓဂုဏ် အဖုံဖုံကို အာရုံပွားသည့် ဘုရားတပည့်သည် ၊ **နတောဘ** -ထက်လှသဒ္ဓါ ဝေဆာဆာနဲ့ စေတနာတိုး သတိဖြိုးလျက် ရှိခိုးညွှတ်ခသည်၊**သဒါ အမှိ**-နေ့မှာကြိမ်ကြိမ် ညချိန်ခါခါ မကွာ မလတ် အခါခပ်သိမ်းသာ ဖြစ်ပါတော့သည်ဘုရား ၊ **တံ စ** -ထို မဟာဝဇိရသုံးတန် ဉာဏ်တော်မြတ်သည်လည်းကောင်း - **သော စ** - ထို ဉာဏ်တော်သခင် ရှင်တော်မြတ်ဘုရားသည်လည်းကောင်း၊ **ဓာတု ဘာဝေန**-အာနုဘော်မျိုး တန်ခိုးတေဇာ ရှိန်ဝါတက်စေ ဓာတ်အနေအားဖြင့် ၊**မမ မာနသေ**- ရှင်တော်မြတ်ဂုဏ် အဖုံဖုံ၌ အာရုံတော်ထား ဆိတ်မသွားတဲ့ တရားပိတ်ဖုံး တပည့်၏ စိတ်

http://www.dhammadownload.com

နှလုံး၌ ၊ **တိဋ္ဌတံ တိဋ္ဌတု** - ပရိနိဗ္ဗာန် ဝင်စံရသည့် ဘဝထိအောင် စွဲငြိမှီခြေ ဖည်မသွေဘဲ ရှည်စေကြာကြာ တည်နေပါစေသား အရှင်မြတ်ဘုရား ။

ဘုရား တရား သံဃာ ဂုဏ်တော်သစ္စာပြု
ဗုဒ္ဓေါ လောကေ သမုပ္ပန္နော -
အသမော ဧကပုဂ္ဂလော ၊
သော ပဏသေတိ သဒ္ဓမ္မံ -
အမတံ သုခမုတ္တမံ ။

အသမော - ဉာဏ်ဖြင့်ချိန်ထိုး တန်ခိုးဖြင့်နှုန်း ဘုန်းကံရှုပ အတူဆလည်း တူမျှသည့် တစ်စုံတစ်ယောက်မျှ ရှိတော်မမူထသော **ဧကပုဂ္ဂလော**-ဤကမ္ဘာ ထိုကမ္ဘာ ရပ်တိုင်းမှာ အရာရာမွန် သာလွန် အားကြီး တစ်ပါးတည်းပေါ် ပုဂ္ဂိုလ်ကျော်အဖြစ် တကယ်တမ်း ဖြစ်တော်မူထသော၊**ဗုဒ္ဓေါ**-လောကဓာတ်လုံး အမြတ်ဆုံးဟု အသုံးထုတ်ဟ သမုတ်ရတဲ့ ဗုဒ္ဓရှင်တော်မြတ်သည် ၊ **လောကေ** သတ္တဝါ အဖုံဖုံ စုံလင်ပေါစွ လောကကြီးအတွင်း၌ ၊ **သမုပ္ပန္နော** -အရတော်စွ ကောင်းလေစွဟု ပြောကြပြန်.ကြွယ် အနှံ.နယ်၌ အံ့ဖွယ်တင့်ရှန်း အခွင့်ညွှန်းလျက် ပွင့်ထွန်းပေါ်ပေါက်ခဲ့ပါပေပြီ၊ **သော ဗုဒ္ဓေါ**-လောကသားတွက် တအားတက်ဖို့ ပွင့်လျက်ထင်ရှား ထိုရှင်တော်မြတ်ဘုရားသည် ၊ **သဒ္ဓမ္မံ** -ကိလေသာဇာတ် ဓာတ်မကျန်ရ ပြတ်ရန်ပြတဲ့ သဒ္ဓမ္မသုံးဖြာ တရားမြတ်ရတနာကိုလည်းကောင်း၊**ဥတ္တမံ သုခံ**-ကောင်းခြင်းတွေလွန် မွန်မြတ်လှစွာ ချမ်းသာအစစ်ဖြစ်ပေထသော၊ **အမတံ** -ရှင်သေမင်း၏ မျက်စိမှောက်ရာ မမြင်သာသည် နိဗ္ဗာန

http://www.dhammadownload.com

ဓာတ် တရားမြတ်ကိုလည်းကောင်း ၊ **ပကာသေတိ** - အရိယာခန်းမြင့် အတန်းဖွင့်လျက် ဆင့်ဆင့်ဆင်ပြင် အစဉ်အားရ ထင်ရှားပြတော်မူလျက် ရှိပါပေသတည်း။

ဘဝသောတံ သစေ ဗုဒ္ဓေါ -
တိဏ္ဏော လောကန္တဂူ ဝိဒူ ၊
စေတေန သစ္ဘဝဇ္ဇေန -
ကရဏံ မေ သမိဇ္ဈတု ။

ဗုဒ္ဓေါ-ဂုဏ်တော်များစွာ ရတနာစုံ အာရုံပွားအပ် ဘုရားမြတ်သည် ၊ **ဘဝ သောတံ** - အစမထင် ဘဝစဉ်ဟု ဗွေပြင်ခရီးရေလျှင်ကြီးကို၊ **တိဏ္ဏော** - မဂ္ဂင်ရှစ်ဖော် လှေတော်မှူးမို့. အထူးပေါက်ရောက် ကူးမြောက်တော်မူပြီးဖြစ်၍ ၊ **လောကန္တဂူ** လောကဆုံးရာ အေးရိပ်သာဟု နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့. ဆိုက်ကပ်ပေါက်ရောက်တော်မူသည် ၊ **ဝိဒူ**- သဗ္ဗညုတ ဉာဏ်အရဖြင့် ဓမ္မဖုံဖုံ အစုံအရှိ အကုန်သိမတော်မူသည် ၊ **သစေ (ဟောတိ)** ငါကြားရဘိ ငါသိသလို ကိုယ်တော်မြတ်မှာ အမှန်သာဖြစ်ခဲ့ပါအုံ့၊ **စေတေနသစ္ဘဝဇ္ဇေန** - ငါကြားမှန်ဘိ ငါ့အသိညီ အတည်ဖြစ်လာ ဤသစ္စာစကားကြောင့်၊**မေ**- စေတနာမွန် သဒ္ဓါလွန်လျက် တာဝန်မယုတ် အကျွန်ုပ်၏ ၊**ကရဏံ** - လောကသာသနာ အရာရာတွင် အောင်မြင်ဖို့.တွက် ဆောင်ရွက်သမျှ မှုကိစ္စသည်၊ **သမိဇ္ဈတု**-ခုခံတွေ့ရှား တားလည်းမငြိ ဆီးမရှိတုံ ပြီးပြည့်စုံပါစေသတည်း ။

http://www.dhammadownload.com

ယဒိ သန္တိကမော မဂ္ဂေါ –
မောက္ခော စေ စုန္တိကံ သုခံ ၊
ဧတေန သစ္စဝဇ္ဇေန –
ကရဏံ မေ သမိဇ္ဈတု ။

မဂ္ဂေါ-ရှစ်ဖြာစုံဘိ အင်စုံရှိသည့် အရိယစက်အား မဂ်တရားသည် ၊ **သန္တိကမော** ငြိမ်းအေးရာအမှန် နိဗ္ဗာန်စခန်း အေးရိပ်နန်းသို့ မြန်းရန်အကြောင်း လမ်းမှန်ကောင်းသည် ၊ **ယဒိ(ဟောတိ)**ငါကြားရဘိ ငါသိမခြား တရားမြတ်မှာ အမှန်သာဖြစ်ပါအံ့ ၊ **မောက္ခောစ**-သံသရာဝဋ် ကျွတ်ရာလွတ်ရာ နိဗ္ဗာနဓာတ် တရားမြတ်သည်လည်း **အစ္စုန္တိကံ** -သခ်ာတ၏ ဘဝ်စွန်ဖောက် တံခွန်ဆောက်လျက် လွန်မြောက်ခဲ့သည်ဖြစ်၍ ၊ **သုခံ** -အပူဝေး၍ အေးခြင်းလွှမ်းလာ စခန်းသာဖြစ် ချမ်းသာအစစ်သည် **ယဒိ(ဟောတိ)** ငါကြားရဘိ ငါသိသလို အမှန်စင်စစ် ဧကန်သာဖြစ်ပါအံ့ ၊ **ဧတေနသစ္စဝဇ္ဇေန**-ငါကြားမှန်ဘိ ငါ့အသိညီ အတည်ဖြစ်လာ ဤသစ္စာစကားကြောင့် **မေ**- စေတနာမွန် သဒ္ဓါလွန်လျက် တာဝန်မယုတ် အကျွန်ုပ်၏ ၊ **ကရဏံ** - လောကသာသနာ အရာရာတွင် အောင်မြင်ဖို့တွက် ဆောင်ရွက်သမျှ မှုကိစ္စသည် ၊ **သမိဇ္ဈတု** -ခုခံတွေ့ရှား တားလည်းမငြိ ဆီးမရှိတုံ ပြီးပြည့်စုံပါစေသတည်း

သံဃော စေ တိဏ္ဏကန္တာရော –
ပုညက္ခေတ္တော အနုတ္တရော ၊
ဧတေန သစ္စဝဇ္ဇေန –
ကရဏံ မေ သမိဇ္ဈတု ။

http://www.dhammadownload.com

သံယော-ကိလေသာရန် အောင်ပွဲခံလျက် အမှန်သာကျော် သံဃာတော်အရှင် မြတ်သည် ၊ **တိဏ္ဍကန္တာရော** -သံသာရာဘဝ ကန္တာရကို လုံ့လအားသီး ကူးမြောက်ပြီးသည်ဖြစ်၍ ၊ **အနုတ္တရော**- ဘယ်ဂိုဏ်းလာလာ ဘယ်သံဃာစု မတုဖက်လာ ယှဉ်လာကွာခြား အသာစားမို့ တရားဓာတ်ဖုံး အမြတ်ဆုံး ဖြစ်တော်မူသော၊ **ပုညက္ခေတ္တော** - ကုသိုလ်မျိုးတို့ စိုက်ပျိုးဖွယ်ရာ တကယ်သာသည့် လယ်ရာအစစ် ဖြစ်ကြီးဖြစ်သည် ၊ **စေ(ဟောတိ)** ဤငါကြားရှိ ငါသိသည့်ဟန် သံဃာမြတ်မှာ အမှန်သာ ဖြစ်ခဲ့ပါအုံ ၊ **စေတေန သစ္စဝဇ္ဇေန**-ငါကြားမှန်ဘိ ငါ့အသိညီ အတည်ဖြစ်လာ ဤသစ္စာ စကားကြောင့် ၊ **မေ**- စေတနာမွန် သဒ္ဓါလွန်လျက် တာဝန်မယုတ် အကျွန်ုပ်၏ ၊**ကရဏံ** - လောကသာသနာ အရာရာတွင် အောင်မြင် ဖို့တွက် ဆောင်ရွက်သမျှ မှုကိစ္စသည် ၊ **သမိဇ္ဈတု**- ခုခံတွေရှား တားလည်းမငြိ ဆီးမရှိတုံ ပြီးပြည့်စုံပါစေသတည်း။

[မဟာကပ္ပိနမင်းကြီးနှင့် အမတ်များ သစ္စာပြုသော ဂါထာများ]



ဇဝံ အစိန္တိယာ ဗုဒ္ဓါ –
ဗုဒ္ဓဝမ္မာ အစိန္တိယာ ၊
အစိန္တိယေ ပသန္နာနံ –
ဝိပါကော ဟောတိ အစိန္တိယော၊
ဤဒိသံ ကိ နု ဝန္နာမ –
စိန္တေယျ ပါကကာမိနော ။

http://www.dhammadownload.com

ဗုဒ္ဓါ - အတုမရ ရှုမဝတဲ့ ဂုဏာပွားလတ် တရားမာတ်ဆင် ဘုရားမြတ်အရှင်တို့သည် ၊ **ဒေ** -ဂုဏ်တော်တို့တွင် မချို့ထင်၍ သို့စဉ်ကလောက် အခေါင်ရောက်အောင် ပြောင်မြောက်ခဲ့သည့် အတိုင်း၊**အစိန္တိယာ**-အနန္တစုံ ဂုဏ်တော်စုံရှိ အကုန်သိဖို့ သတိမသန် ဉာဏ်မရှိလတ် မကြံစည်အပ် မကြံစီနိုင်ပါပေကုန် ၊**ဗုဒ္ဓဓမ္မာ**- ဗောဓိ ပက္ခိယ စသည်မျှားလတ် ဘုရားမြတ်၏ တရားအရပ်ရပ်တို့သည်၊ **ဗုဒ္ဓဓမ္မာ** သာမန်ဉာဏ်မျိုး မတိုးမပေါက် မရောက်ကပြီ ထောက်မမီ လတ် ဘုရားမြတ်တို့၏ သဘောသဘာဝတို့သည် ၊ **ဒေ**- သို့က လောက်ပင်မြင်နိုင်ဖို့ခဲ နက်နဲလှကုန်သည်ဖြစ်၍ ၊ **အစိန္တိယာ** -လူ သာမန်ဟူ ဉာဏ်မလူသည့် သူငါထင်ရေး အမြင်ဝေး၍ အတွေးဖန် လတ် မကြံအပ် မကြံနိုင်ပါပေကုန် ၊ **အစိန္တိယေ** -သူတကာမှန် လူသာမန်တို့ တွေးဉာဏ်မမီ မကြံစည်အပ် ဘုရားမြတ်ရတနာ၌၊ **ပသန္နာနံ** - ဂုဏ်တော်တွေသဲ အခြေစွဲလျက် အမြဲမှီခို ကြည်ညိုလေး မြတ်ကြကုန်သော သူတို့အား ၊ **ဝိပါကော** -ကိုယ်စိတ်လန်းစရာ စခန်းသာလျက် ချမ်းသာတိုးဖို့ အမျိုးမျှားပြား အကျိုးတရားသည် လည်း၊**အစိန္တိယော(ဟောတိ)** ဂုဏ်အင်အရှိ ကုန်စင်သိရေး အတွေး မသန် ဉာဏ်မမီလတ် မကြံစည်အပ် မကြံစည်နိုင်ပါပေ၊ **အစိန္တေ ယျပါကကာမိနော**- မကြံအပ်ပိုင် မကြံနိုင်ရိုး အမျိုးမျိုးဆို အကျိုးကို အလိုရှိကြကုန်သော၊**မယံ**- ဗုဒ္ဓဓာတ်ပုံ အမြတ်ဂုဏ်၌ အာရုံပွားဘိ ဘုရားတပည့်တော်တို့သည် ၊ **ဤဒိသံ** -အစိန္တေယျ ဂုဏ်ပေါင်းခ သည့် လောကထွတ်တင် ဤသို့သော ဘုရားမြတ် အရှင်ကို ၊ **ကိ ံ နု ဝန္ဒာမ**- သဒ္ဓါဓာတ်တိုး အမြတ်မျိုးဟု မြတ်နိုးအားရ အဘယ် မှာ ရှိမခိုးကြဘဲ ရှိပါကုန်အံ့နည်း ၊ **ဝန္ဒာမ ဒေ**-တို့ကိုးကွယ်ရာ

http://www.dhammadownload.com

ရတနာဟု သဒ္ဓါအရှိန် အကြိမ်ကြိမ်ဖြစ် အသစ်သစ်တိုး ရှိခိုး ကန်တော့ကြကုန်သည်သာလျှင်တည်း ။

(ဝ) သိကြားမင်း မြှောက်ဆိုသော ယထာဘူတ ဂုဏ်တော်(၈)ပါး

၁။ **ဟိတာယ ပါဏိနံ နာထော–**
ပဋိပန္နော သုခါယ စ ।
ဒေဝ ပဋိပန္နံ အည် –
နမ ပဿာမ ကဒါစိပိ ။

နာထော- ငါတို့ကိုးစား အားထားရာသခင် ရှင်တော်မြတ်ဘုရားသည်၊**ပါဏိနံ** - လူနတ်ပြဟ္မာ သတ္တဝါအများတို့၏ ၊**ဟိတာယစ**- အဖက်ဖက်၌ တိုးတက်ကြီးမား အစီးအပွား အလို့ငှာလည်းကောင်း ၊**သုခါယ စ** - ကိလေသာဟူ အပူကင်းဝေး ငြိမ်းအေးချမ်းသာဖို့ အလို့ငှာလည်းကောင်း ၊ **ပဋိပန္နော** -လွန်စွာသင့်လျော်အခွင့်ပေါ်၍ ကျင့်တော်မူတတ်ပါပေ၏ ၊ **ဒေဝ** -အများတွက်တာသက်ညာကြိုးစား တို့ဘုရားကျင့်သကဲ့သို့ ၊**ပဋိပန္နံ** -ဂုဏ်အင်္ဂါတူ မူနှစ်မူဖွင့် အတူတူ ကျင့်တတ်သော **အည်**-တို့ဘုရားမှတစ်ပါး အခြားဆရာတစ်ယောက်ကို ၊**ကဒါစိပိ** - ရှေးကခုခါ နောင်အခါဟု ဘယ်ခါကာလ ဘယ်သမယမှာမှ ၊**နမ ပဿာမ** - ပုဂ္ဂိုလ်တော်ထူးထွတ်အဖူးမို့ အထူးတစ်ယောက် ပေါ်ပေါက်ယှဉ်၍ မမြင်မတွေ့ကြရပါကုန် ။

http://www.dhammadownload.com

၂။ **ဇိနော နော သြပနေယျိက -**
ဓမ္မံ ဒေသေတိ သုန္ဒရံ ၊
ဧဝံ ဒေသေန္တမည နု -
တိတေ ပဿာမ ဒါနိုစ ။

နော ဇိနော -မာရ်အပ္ပဲပ္ပဲ အောင်လံစွဲလျက် ရဲတံခွန်တင် ငါတို့ရှင်တော် မြတ်ဘုရားသည် ၊ **သုန္ဒရံ** -သွာကွာတမှန် သန့်ဌိုက အကာလိနှင့် ဧဟိပဿ စသည်စုံစွ ကောင်းမြတ်လှပေထသော၊ **သြပနေယျိကဓမ္မံ** - စိတ်ထဲမြဲအောင် ဆွဲဆောင်ထိုက်သား တရား တော်မြတ်ကို **ဒေသေတိ** - ကရုဏာထား ဟောကြားတော်မူတတ် ပါပေ၏ ၊ **ဧဝံ**- သံသရာဘေးဘယ အေးမြဖို့ရေး နည်းလမ်းပေးပြ ဗုဒ္ဓထွတ်ထား တို့ဘုရားကဲ့သို့ ၊ **ဒေသေန္တံ** - ဝင့်ဘေးလွတ်ရေး နည်းလမ်းပေးလျက် အရေးလှအောင် ဟောပြ ညွှန်ကြားပေတတ် သော၊**အည်**-တို့ဘုရားနှင့်အလားမကွာ တစ်ပါးဆရာ တစ်ယောက် ကို ၊ **အတီတေ စ**-အဆက်ရှည်ဝေး ရှေးအတိတ်ကာလကလည်း ၊ **နပဿာမ**–ပုံသာဓက ပမာပြဖို့ ရှာမရခဲ့ကြပါပေ ၊ **ဒါနိ စ** -မျက် မြင်ခုဖြစ် ယခုခေတ်၌လည်း ၊**နု ပဿာမ** -ရှင်မြတ်သာသနာ ထူးခြားစွာမို့ တူလာဖို့လျှင် ယှဉ်ဖွယ်ထောက်ဆ မတွေ့မမြင် ကြရပါပေ ။

၃။ **ဣဒံ ကုသလာကုသလန္တိ -**
ပညတ္တံ နော မဟေသိနာ ၊
ပညာပေတာရမေဝည် -
နု ပဿာမ ကဒါစိပိ ။

http://www.dhammadownload.com

နော- တို့ဘုရားမှ ဘုရားဟဟု အားရနှစ်လို့ အကျွန်ုပ်တို့၏ ၊ **မဟေသိနာ** လောကထွတ်ထား ဘုရားမြတ်သည် ၊ **ဣဒံ**- ဤတရားသည်ကား ၊**ကုသလံ** -ကောင်းမှုဟုဆို ကုသိုလ်တရားပေတည်း ၊ **ဣဒံ** -ဤတရားကတော့ ၊**အကုသလံ** -မကောင်းမှုဆို အကုသိုလ်ပင်တည်း ၊**ဣတိ**-ဤသို့စသည် **အလီလီခဲ့**၊ ပြစ်မဲ့ပြစ်ရှိ ယုတ်၏မြတ်ဟူ အဖြူအမည်း အနည်းနည်းခွဲ၍ ကွဲပြားပလေတရားတွေကို ၊**ပညတ္တံ** - ထုတ်ဖော်ပညတ် ဟောကြားတော်မူအပ်ပါပေ၏ ၊ **ဧဝံ** -ဤသို့ ငါတို့ဘုရား ခွဲခြားစစ်လတ် ပညတ်ဖော်ထုတ်သကဲ့သို့ ၊ **ပညာပေတာရံ** - အချက်ကျကျ မြွက်ဟပညတ်ထုတ်ဖော်ပြသတတ်သော ၊ **အညံ** - တို့ဘုရားနှင့် အလားနမူ အခြားသူတစ်ယောက်ကို ၊**ကဒါစိပိ** - ဟိုရှေးအခါ ခုအခါနှင့် ဘယ်ခါကာလ ဘယ်သမယမှာမှ ၊**နေ ပဿာမ**- သဗ္ဗညုတဉ် ဉာဏ်အရှင်မို့ ယှဉ်ဖွယ်ထောက်ဆ မတွေ့မမြင်ကြရပါပေ ။

၄။ **ပညတ္တာ တေန နိဗ္ဗာန -**
ဂါမိနိယာ ပဋိပဒါ ၊
ဂဂ်ေါဒံ ယမုနောဒေန-
သမေတီဝ ဒွယမ္ပိ စ ၊

ပညာပေတာရမေဝညံ -
နေ ပဿာမ ကဒါစိပိ ။

တေန - မဟေသီဟု ဂုဏ်ရည်ထင်ရှား ငါတို့ရှင်တော်မြတ်ဘုရားသည် ၊ **နိဗ္ဗာန ဂါမိနီ** -နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်

http://www.dhammadownload.com

ကြောင်း အစစ်အမှန်ပင် ဖြစ်ပေထသော ၊ **ယာပဋိပဒါ**- မရွှံ့မပဋိပတ် အကြင်မဂ္ဂင် အကျင့်မြတ်ကို ၊ **ပညတ္တာ** -ကိုယ်တော်တိုင်သိတပည့်တစ်တွေ သိစေထုတ်ဖော် ပညတ်တော်မူအပ်ပါပေ၏။ **ဧတံ ဒွယမ္မိစ** -ထိုနိဗ္ဗာန်နှင့် ပဋိပတ် အမြတ်နှစ်ပါး တရားတော်သည်လည်း **ဂဂ်ါဒံ** - ဂဂ်ါမြစ်ရေသည် ၊ **ယမုနောဒေန**-ယမုနာမြစ်ရေနှင့် သမေတိ - မကွဲမပြား အခြားမရှိ နှီးနှော ညီညွတ်လေတိသကဲ့သို့ ၊ **သမေတိ**- နှီးနှောမိလေ ညီညွတ်ပါပေ၏ ၊ **ဧဝံ** - ဤသို့ နိဗ္ဗာန်နှင့် ပဋိပတ် စပ်မိလေအောင် ထုတ်ဆောင်ညွှန်ကြား တို့ဘုရားမြတ်ကဲ့သို့ ၊**ပညာပေတာရံ**-အများအသိ တရားမိအောင် ထုတ်ဆောင်ပညတ်နိုင်သော ၊ **အညံ**- တို့ဘုရားနှင့် မခြားမကွာ တစ်ပါးဆရာ တစ်ယောက်ကို **ကဒါစိပိ** - အတိတ်ရှေးခါ ယခုခါနှင့် နောင်ခါသမယဘယ်အခါကာလမှာမှ ၊ **နေ ပဿာမ** - တို့သခင်နှင့် ယှဉ်ဖွယ်ထောက်ဆ တစ်ယောက်မျှပင် မတွေ့မမြင်ကြရပါပေ ။

၅။ **အဘိနိပ္ပန္နော လာဘော စ–**
သိလောကော စ မဟေသိနော ၊
ခတ္တိယာပိ ပိယာယန္တိ –
တထာ ပိ သ အမတ္တကံ ။
အာဟာရေတိ ဝ အာဟာရံ –
ဝေါဟာရမ မတ္တကံ ၊
အာဟာရန္တိ နေ ပဿာမ –
အညံတိတေ ဣဒါနိ စ ။

မဟေသိနော - သီလစသည် ရှာဖွေနည်း၌ မဟေသီတွင်

http://www.dhammadownload.com

ရှင်တော်မြတ်ဘုရား၏ **လာဘော စ** - အများကြည်ဖြူ လျူပူဇော်ကြ ပစ္စည်းလာဘ်လာဘသည်လည်းကောင်း ၊ **သိလောကောစ**-လောကဓာတ်ဘုံ လုံးစုံပြန့်သင်း ကျော်စောခြင်းသည်လည်းကောင်း ၊ **အဘိနိပ္ပန္နော**-မကုန်ခန်းနိုင် ဖြိုးလှိုင်ကုံလုံ ပြီးပြည့်စုံ လှပါပေ၏၊ **ခတ္တိယာပိ** - လူမင်းနတ်မင်း ဗြဟ္မာမင်းတို့သော်ပင် ၊**ပိယာယန္တိ**- အကြည်ညိုတိုး ချစ်မြတ်နိုးကြပါပေကုန်၏၊ **တထာပိ** - ပစ္စည်းကဲပေါ ကျော်စောခြင်းတိုး အများချစ်မြတ်နိုးအပ်သော်လည်း ၊ **သ**–ထို လောကသခင် ငါတို့ရှင်တော်မြတ်ဘုရားသည် ၊ **အမတ္တက်** - တဏှာဖက်လျက် မက်မောလွန်ကျူး မယစ်မူးဘဲ ၊ **အာဟာရံ** - ဆွမ်းစသော အာဟာရကို ၊ **အာဟာရေတိ ဝ** - ဘုဉ်းပေးသုံးဆောင် တော်မူသည် သာလျှင်တည်း ၊ **ဧဝံ** - ဤသို့ အာဟာရတွက် မက်မောခြင်းခွါ တဏှာမပွါး ငါတို့ဆရာဘုရားကဲ့သို့ **အမတ္တက်**- တဏှာမဖြစ် အညစ်မလူး မယစ်မူးဘဲ ၊**အာဟာရံ** - ထူးထွေမျှားစွာ အစားအစာကို ၊**အာဟရန္တော** - သတိထားလျက် စားသောက်သုံး ဆောင်တတ်သော ၊ **အည်**-တို့ဘုရားနှင့် အလားမကွာ တစ်ပါးဆရာ တစ်ဦးကို ၊ **အတီတေ စ** - ရှေးယခင်သမယ အတိတ်ကာလက လည်း ၊ **နေ ပဿာမ** - အသန့်ခြင်းယှဉ် အစင်ပြိုင်က နိုင်မရချေ မတွေ့မမြင်ကြရပါပေ ၊ **ဣဒါနိစ** - မျက်မြင်ကာလ ခုခါသမယ၌ လည်း ၊**နေ ပဿာမ**- အလွန်သန့်စင် တို့သခင်နှင့် ယှဉ်ဖွယ်ထောက် ဆ တစ်ယောက်မျှလျှင် မတွေ့မမြင်ကြရပါပေ ။

၆။ **သေခါနာရဟတံ လဒ္ဓ –**
သဟာယော နော တထာဂတော၊

မိခင်ရောဝတီ

http://www.dhammadownload.com

ဝိဟရေ တေ အပနုဒ္ဓ –
ဧကာရာမနယုဠ္ဟကော ।
ဝေညံ ဝိဟရန္တံ နု –
တီတေ ပဿာမ ဒါနိစ ။

နော တထာဂတော - သဗ္ဗညုဟု ဗုဒ္ဓနိုးဆူကျော်ကြား ငါတို့ မြတ်စွာဘုရားသည်၊ **သေခါနံ** -ကျင့်ဆဲကျင့်တုန်း အဆုံးမသတ် သေခပုဂ္ဂိုလ်မြတ်တို့၏လည်းကောင်း ၊ **အရဟတံ** - ကျင့်ကိစ္စတုံး အဆုံးပြီးသတ် ရဟန္တာအရှင်မြတ်တို့၏လည်းကောင်း ၊**လဒ္ဓသဟာ ယော** - ရအပ်လွန်ကောင်း အပေါင်းအဖော် ရှိတော်မူပါပေ၏ ၊ **တေ**- ထိုဝိုင်းဝန်းကာနေ ရံရွှေတော်ကောင်း အပေါင်းအဖော်တို့ကို ၊**အပနုဒ္ဓ**- အတူမကွာ နေတုံပါလည်း သမာပတ်ဖြင့် မကပ်မတွယ် ပယ်ခွါတော်မူပြီးလျှင် ၊**ဧကာရာမံ** - တစ်ပါးတည်းသော် မွေ့ပျော်တော်မူသည်၏ အဖြစ်ကို ၊ **အနုယုဠ္ဟကော**- တရံမစဲ အမြဲအားထုတ်တော်မူလျက် ၊ **ဝိဟရေ ဝိဟရတိ** -သီတင်းသုံးချေနေတော်မူခဲ့ပါပေ၏ ၊ **ဝေ** - တူနေထဲမှ စွဲကာစွဲကာ သမာပတ်စွမ်း အမြဲတမ်းဖော်တို့ရှင်တော်ကဲ့သို့ ၊ **ဝိဟရန္တံ** - အခြေတစ်ရပ် အနေမြတ်ဖြင့် နေတတ်ပေထသော ၊**အညံ** တို့ရှင်ကိုထား အလားမကွာတစ်ပါး ဆရာ တစ်ယောက်ကို ၊**အတီတေ စ**- ဟိုရှေးသမယ အတိတ်ကာလ ကလည်း ၊**နု ပဿာမ**- ယှဉ်ကာချင့်ဖို့ အခွင့်ကြုံကြ မတွေ့မမြင်ကြ ရပါပေ၊**ဒါနိစ**-မျက်မြင်ခုဖြစ် ယခုခေတ်၌လည်း၊**နု ပဿာမ**–ရှင်မြတ်များနှင့် အလားအသွင် နှစ်ပါးယှဉ်၍ မမြင်မတွေ့ကြရပါကုန်။

http://www.dhammadownload.com

၇။ **ယထာဝါဒီ တထာကာရီ -**
ယထာကာရီ တထာဝါဒီ ၊
ဇိနော နော ဒေဒိသ် အည် -
တိတေ ပဿာမ ဒါနိစ ။

နော ဇိနော - ငါးပါးမာရ်စုံ ရန်သူပုန်ကို အကုန်နှင်တတ်ငါတို့ရှင်တော်မြတ်ဘုရားသည် ၊ **ယထာ ဝါဒီ** - အကြင်သို့သော် နှုတ်တော်ချက်ကျ မြွက်ဟတော်မူတတ်၏ ၊ **တထာကာရီ** - နှုတ်တော်ထွက်ပြား ထိုစကားနှင့် မပြားမကွဲ မလွဲစေမူ ပြောသလိုပြုတော်မူတတ်ပါပေ၏ ၊ **ယထာကာရီ** -ကိုယ်တော်တိုင်ပြု အမှုဆင့်ဆင့် အကြင်သို့ပြုကျင့်တော်မူတတ်၏ ၊ **တထာဝါဒီ**- အပြုတစ်ပါး အပြောတခြားဟု ကွဲပြားမရှိ တိကျသေချာ ပြုသလို ပြောတော်မူတတ်ပါပေ၏၊**ဤဒိသ်** -ပြောသလိုပြု ပြုသလိုပြော သဘောနှစ်ပါး မကွဲပြားဘဲ လွဲမှားမရှိ မုနိထွတ်ထား တို့ဘုရားနှင့် မခြားနမူ အလားတူ ဖြစ်သော ၊ **အည်** - တို့ဘုရားလို အားထားစေလောက် အခြားဆရာတစ်ယောက်ကို ၊ **အတီတေ စ**-လွန်လေခဲ့ရာ ရှေးအတိတ်အခါကလည်းကောင်း၊ **ဒါနိ စ**- မျက်မြင်လောက ယခုလောကဌ်လည်းကောင်း **နပဿာမ** - မကျင့်အရာ အဆင့်သာ သဖြင့် အဘယ်မှာမှ ရှာမရ၍ မတွေ့မမြင်ကြရပါပေ

၈။ **တိဏ္ဏဝိစိကိစ္ဆော သိဒ္ဓ -**
သက်ပ္ပေါ အကထံ ကထီ ၊
ဇိနော အဗ္ဘာသယေနာဒိ -
ဗြဟ္မစရိယဝရေန သော ၊

http://www.dhammadownload.com

ဤဒိသံ အည် ပဿာမ-
နေဝတီတေ နဒါနိပိ ။

သောဒိနော - ငါးပါးအောင်မြင် ထိုရှင်တော်မြတ်ဘုရားသည် ।**အဗ္ဗာသယေန**- သံသရာဒဏ် ဘေးရန်တွေစဲ လွန်ကဲသော မှီရာဖြစ်သော ।**အာဒိဗြဟ္မစရိယဝရေန** - အရိယမဂ် ဖြိုးလတ်တင့်လတ် ရှေးဟောင်းအကျင့်တော်မြတ်ဖြင့် ।**တိဏ္ဏဝိစိကိစ္ဆော** လွန်မြောက်ပြီးသည့် ဝိစိကိစ္ဆာရှိသည် ।**အကထံကထီ** - သို့လောသို့လော တွေးတောတတ်ဘိ ယုံမှားခြင်းမရှိသည် (**ဟုတ္တာ**)ဖြစ်တော်မူ၍ ।**သိဒ္ဓသက်ပ္ပေါ** - သဗ္ဗညုတ ဉာဏ်တော်ရဘိ ပြီးမြောက်သော အကြောင်းအစည် ရှိတော်မူပါပေ၏။ **ဤဒိသံ** -တို့ရဲ့ဗုဒ္ဓ ပုံတမျှသို့ အရိယမဂ်တရားဖြင့် ယုံမှားကင်းဘိ ပြီးမြောက်သော အကြောင်းအစည် ရှိသော ।**အည်** - ငါတို့ဘုရား ကြဉ်ဖယ်ထား၍ အလားမကွာ အခြားဆရာ တစ်ယောက်ကို ।**အတီတေ ပိ**- ကာလရှည်ဝေးရှေးအတိတ်ကလည်း ।**နေဝ ပဿာမ** - အရာရာတွင် ယှဉ်မရ၍ မမြင်ရ မတွေ့ကြရပါပေ ।**ဣဒါနိပိ** - မျက်မြင်ခုဖြစ် ယခုခေတ် အခါ၌လည်း ।**နေ ပဿာမ**-အဘက်ဘက်မှာ တုမဲ့သာမို့ ပမာ ယှဉ်စရာ မမြင်ကြ မတွေ့ကြရပါပေ ။

(ဂေါဝိန္ဒသုတ်မှ သိကြားမင်း ဟောသော ဘုရားဂုဏ်တော်ရှစ်ပါး)
(သုတ်မဟာဝါ ပါဠိတော်)

http://www.dhammadownload.com

အရှင်သာရိပုတ္တရာ လျှောက်ထားသော ဘုရားရှင်ဂုဏ်တော်များ

(ထေရာပဒါန်မှ ကောက်နှုတ်ချက်)

၁။ **သမုဒ္ဓရသိမံ လောကံ –**
သယမ္ဘူ အမိတောဒယ ၊
တဝ ဒဿနမာဂမ္မ –
ကခ်ါသောတံ တရန္တိ တေ ။

သယမ္ဘူ-ဆရာမရှိ ကိုယ်တိုင်သိကာ ဘုရားဖြစ်လာသော၊ **အမိတောဒယ**- အနန္တဂုဏ်တော်တို့ ထွက်ပေါ်ထွန်းရာ ရတနာသခင် ရှင်တော်မြတ်ဘုရား ၊ **တွံ** -ရှင်တော်မြတ်ဘုရားသည် ၊ **ဣမံ လောကံ**-လူနတ်ပြဟ္မာ ဤသတ္တဝါအပေါင်းကို၊**သမုဒ္ဓရသိ**-သံသရာကိုဆန် နိဗ္ဗာန်ရောက်အောင် ထုတ်ဆောင်ကယ်တင် တော်မူတတ်ပါပေ၏ ၊**တဝ** - ရှင်တော်မြတ်ဘုရားအား ၊ **ဒဿနံ** -ဖူးမြော်တွေ့ဆုံရခြင်းကို ၊ **အာဂမ္မ** - အကောင်းအမှု အကြောင်းပြု၍ ၊**တေ** ထိုနတ်လူပြဟ္မာ ပေါင်းများစွာတို့သည် ၊ **ကခ်ါသောတံ** -ဝိစိကိစ္ဆာသင်္သယပြေပြင် ရေအလျှဉ်ညြဿကြီးကို ၊ **တရန္တိ**-မဂ်တိုင်ဖိုလ်ရောက်အထူးပေါက်သဖြင့် ကူးမြောက်နိုင်ကြပါကုန်သည်ဘုရား . . . ။

၂။ **တုဝံ သတ္ထာ စ ကေတု စ –**
ဓေေ ယူပေါ စ ပါဏိနံ ၊
ပရာယဏော ပတိဋ္ဌာ စ –
ဒီပေါ စ ဒ္ဝိပဒုတ္တမော ။

တုဝံ -ရှင်တော်မြတ်ဘုရားသည် ၊ **သတ္ထာစ** - နတ်လူပြဟ္မာ

http://www.dhammadownload.com

သတ္တာတို့၏ ဆရာအစစ် ဖြစ်လည်းဖြစ်တော်မူပါပေ၏ ၊ **ကေတုစ**- လောကဓာတ်လုံး အမြတ်ဆုံးမှန် အလံများတွင် ထွတ်ဖျားတင့်ဖုံး အမြင့်ဆုံးဧကန် အလံသဖွယ်လည်းဖြစ်တော်မူပါပေ၏၊ **ဓေဇေစ**- ဂုဏ်တော်အစဉ် လွန်ပေါ်လွင်လျက် ထင်ရှားလွန်စွာ တံခွန်ပမာ လည်းဖြစ်တော်မူပါပေ၏ ၊ **ယူပေါ စ**- နတ်လူများသော် ပူဇော်ရာ အစစ် ယဇ်တိုင်ကြီး သဖွယ်လည်း ဖြစ်တော်မူပါပေ၏ ၊ **ပါဏိနံ** သတ္တာမှန်သမျှတို့၏ ၊ **ပရာယဏော စ** - အမြတ်ဆုံးမှန်စွာကိုးကွယ် ဆည်းကပ်ရာလည်း ဖြစ်တော်မူပါပေ၏၊ ပိတိဌာစ-သံသရာချောက် မကျရောက်ဖို့ ထောက်ရာတည်ရာလည်း ဖြစ်တော်မူပါပေ၏၊**ဒီပေါ စ** -ကျွန်းကြီးသပမာ မှီခိုအားထားရာလည်း ဖြစ်တော်မူပါပေ၏ ၊ **ဒွိပဒုတ္တမောစ** -ခြေနှစ်ချောင်းရှိသူ နတ်လူများတွင် ဂုဏ်အင်လွှမ်း ဖုံး အမြတ်ဆုံးလည်း ဖြစ်တော်မူပါပေ၏ ။

၃။ **သက္ကာ သမုဒ္ဒေ ဥဒကံ –**
ပမေတုံ အာဌကေန ဝါ ၊
နတ္ထေ ဝ တဝ သဗ္ဗညု –
ဥဏံ သက္ကာ ပမေတဝေ ။

သမုဒ္ဒေ- မဟာသမုဒ္ဒရာ၌ ၊**ဥဒကံ**- တည်နေရှိနေ ရေမှန် သမျှကို၊**အာဌကေန**–ပြီဝင်ခွက်ဖြင့် (ဝါ-အနက်မရှိ) **ပမေတုံ** - အဘယ်မျှ ရှိ သိသာစရာ ချင့်တာရေတွက်ခြင်းငှာ၊**သက္ကာ**- စွမ်းနိုင်ဖွယ်အရေး ရှိသော်ရှိရာသေး၏ ၊ **သဗ္ဗညု**-သိစရာစုံ အကုန်အစင် စုံလင်သိ တတ် ရှင်တော် မြတ်ဘုရား၊**တဝ**-ရှင်တော်မြတ်ဘုရား၏၊**ဥဏံ** - သူငါမပိုင် ဉာဏ်မိနိုင်ခဲ နက်နဲဧကန် မြတ်ရွှေဉာဏ်ကို ၊ **ပမေတဝေ**-

http://www.dhammadownload.com

ဤရွှေ့ဤမျှ ဂဏန်းချလျှက် မှန်းဆရေတွက်ခြင်းငှာ ၊ **နတ္ထေ သက္ကာ** - ဉာဏ်ကားမကုန် အစွမ်းကုန်လျက် လုံးစုံပြီးပိုင် မတတ်နိုင်သည်သာ ဖြစ်ပါတော့သည်ဘုရား ။

၄။ **ဓာရေတုံ ပထဝီ သက္ကာ –**
ဌပေတွာ တုလမဏ္ဍလေ ၊
နတ္ထေ တာ သဗ္ဗညု –
ဉာဏံ သက္ကာ ဓရေတဝေ ။

ပထဝီ-ကမ္ဘာမြေကြီးကို -**တုလမဏ္ဍလေ** - ချိန်ခွင်ခွက်ဝိုင်း၌ **ဌပေတွာ**-တင်ထား၍ ၊ **ဓာရေတုံ**- ဆောင်ခြင်းငှာ ၊**သက္ကာ** -တတ်နိုင်ဖွယ်ရာ ရှိကောင်းရှိရာသေး၏ ၊ **သဗ္ဗညု** -အလုံးစုံသိမြင် သဗ္ဗညုမြတ်အရှင် ၊ **တာ** - ရှင်တော်မြတ်ဘုရား၏ ၊ **ဉာဏံ** - နိုင်းဆဖို့ရန် အမှန်မလျော် ဉာဏ်တော်မြတ်ကြီးကို ၊ **ဓရေတဝေ** - ခံနိုင်လောက်သော အားရှိမယ်ပင် ဆောင်ထားခြင်းငှာ ၊ **နတ္ထေ သက္ကာ** -ထုထည် ပမာဏ တာမရသဖြင့် ဘာမျှထမ်းပိုင် မစွမ်းနိုင်တော့ပါဘုရား ။

၅။ **အာကာသော မိနိတုံ သက္ကာ –**
ရဇ္ဇုယာ အဂ္ဂုံလေန ဝါ
နတ္ထေ တာ သဗ္ဗညု–
ဉာဏံ သက္ကာ ပမာတဝေ ။

အာကာသော -ဆုံးစမထင် ကောင်းကင်ပြင်ကို ၊**ရဇ္ဇုယာ** - တာကြိုးဖြင့် သော်လည်းကောင်း ၊ **အဂ္ဂုံလေနဝါ**– လက်သစ်ဖြင့်သော်လည်းကောင်း ၊ **မိနိတုံ** - တိုင်းတာခြင်းငှာ ၊ **သက္ကာ** -တတ်နိုင်ဖွယ်ရာ

http://www.dhammadownload.com

ရှိပါသေး၏။ ၊ **သဗ္ဗညု** -သိဖွယ်မှန်သမျှ မကျန်ရအောင် လုံးဝသိမြင်ရှင်တော် မြတ်ဘုရား ၊ **တဝ** -ရှင်တော်မြတ်ဘုရား၏။ **ဉာဏံ** - သဗ္ဗညုတ မည်ရအကျော် ဉာဏ်တော်မြတ်ကြီးကို **ပမေတဝေ** ဘယ်မျှဟုပိုင်း နှိုင်းကာနှိုင်းကာ တိုင်းတာခြင်းငှာ ၊**နု တေဝ သက္ကာ**- ဘယ်အတိုင်းတာ ဘယ်သင်္ချာမျှ မပြမှန်းပိုင် မစွမ်းနိုင်တော့ပါ ဘုရား ။

၆။ **မဟာသမုဒ္ဒေ ဥဒကံ -**
ပထဝီ အဓိလံ ဇဋ္ဌံ ၊
ဗုဒ္ဓဉာဏံ ဥပါဒါယ -
ဥပမာတော နု ယုဇ္ဇရေ ။

မဟာသမုဒ္ဒေ - သမုဒ္ဒရာပြင်ကျယ် ပင်လယ်ကြီးအတွင်း၌၊ **ဥဒကံ စ**- ရေမှန်သမျှသည်လည်းကောင်း ၊ **ပထဝီ စ** -ကမ္ဘာမြေကြီးသည်လည်းကောင်း ၊ **အဓိလံ**-အလုံးစုံသော ၊ **အဇ္ဇံ စ**– အဇဋ္ဌာပြင် ကောင်းကင်တစ်ဝန်းလုံးသည်လည်းကောင်း(**တေ**) ကြီးကျယ်လှဆို ထိုအရာအားလုံး တို့သည် ၊ဗုဒ္ဓဉာဏံ -ဘုရားရှင်၏သဗ္ဗညုတ ဉာဏ်တော်ကြီးကို ၊ **ဥပါဒါယ** - ထောက်စာသည်ရှိသော်၊ **ဥပမာတော** - တူတန်လိမ့်နိုး ချိန်ထိုးဖွယ်ရာ ဥပမာအားဖြင့် ၊**နယုဇ္ဇရေ**- ဉာဏ်တော်ထူးကဲ တူနိုင်ပဲမို့ အကဲသွင်ပြ ယှဉ်မရကြပါကုန်ဘုရား

၇။ **သဒေဝကဿ လောကဿ-**
စိတ္တံ ယေသံ ပဝတ္တတိ ၊
အန္တောဇာလီကတာ ဇေတေ -
တဝ ဉာဏမှိ စက္ခုမ ။

http://www.dhammadownload.com

စက္ခုမ - စက္ခုငါးတန် ဉာဏ်မြင်ထင်ရှား ရှင်တော်မြတ်ဘုရား ၊ **သဒေဝကဿ**– နတ်ပြဟ္မာနှင့်တကွသော ၊ **လောကဿ**- တစ်လောကလုံးတွင်၊**ယေသံ**- အကြင်သူတို့အား၊ **စိတ္တं** - စိတ်ဝိညာဉ်သည် ၊ **ပဝတ္တတိ** - ရှိနေ ဖြစ်နေပါ၏ ၊ **ဧတေ** - ထို ဝိညာဉ်ရှိသူ နတ်လူမှန်သမျှတို့သည် ၊**တဝ** -ရှင်တော်မြတ်ဘုရား၏ ၊ **ဉာဏမှိ**- ဉာဏ်တော်မြတ်၌ ၊ **အန္တောဓာလီကတာ** -ပိုက်ကွန်အတွင်း သွင်းဖမ်းသည်သွင် ဝင်ရောက်လျက်သာ ရှိကြရပါကုန်တော့သည် ဘုရား။

၈။ **သုဝိနိတာ စ တေ သိဿာ –**
ပရိသာစ သုသိက္ခိတာ ၊
ဥတ္တမေ ဒမထေ ဒန္တာ–
ပရိဝါရေန္တိ တं သဒါ ။

တေ -ရှင်တော်မြတ်ဘုရားသည် ၊ **သိဿာ** -တပည့်သာဝကတို့ကို ၊ **သုဝိနိတာ စ** - ကိုယ်နှုတ်နှလုံး အသုံးကျအောင် အကောင်းဆုံး ဆုံးမတော်မူအပ်ပါပေ၏ ၊ **ပရိသာ စ**- ခစားဆည်းကပ် ပရိသတ်ကိုလည်း ၊ **သုသိက္ခိတာ** - တရားစည်းကမ်း လမ်းမလွန်စေ အကောင်းဆုံးသင်ကြားအပ်ပါပေ၏ ၊ **ဥတ္တမေ**-ကောင်းခြင်းသာလွန်မွန်မြတ်လှစွာသော ၊**ဒမထေ** - ကိလေသာစင် ယဉ်ကျေးခြင်း၌ ၊ **ဒန္တာ** -အစဉ်အေးလျက် ယဉ်ကျေးကုန်ကြ တပည့်သာဝကတို့သည် ၊ **တं**-ရှင်တော် မြတ်ဘုရားကို ၊**သဒါ** - နေ့ရောညဉ့်ပါ အခါခပ်သိမ်း ၊ **ပရိဝါရေန္တိ** -အမြဲရံခ ခြံရံတော်မူကြပါကုန်သည် ဘုရား ။

http://www.dhammadownload.com

၉။ **ဈာယီ ဈာနရတာ ဓီရာ –**
သန္တစိတ္တာ သမာဟိတာ ।
မုနီ မောနေယျသမ္မဒ္ဓာ –
ပရိဝါရေန္တိ တံ သဒါ ။

ဈာယီ-ဈာန်ဝင်စားလေ့ရှိကြကုန်သော၊**ဈာနရတာ**- ဈာန်သမာပတ်၌ နှစ်ခြိုက်မွေ့လျော် ပျော်တတ်ကြကုန်သော ၊ **ဓီရာ**- အရဟတ္တဖိုလ်အထိ မွန်မြတ်သော ပညာရှိကြကုန်သော၊**သန္တစိတ္တာ** ငြိမ်သက်အေးမြ စိတ်ရှိကြကုန်သော ၊ **သမာဟိတာ**- စွဲမြဲတည်ဘိ သမာဓိရှိကြကုန်သော ၊ **မောနေယျသမ္မဒ္ဓာ** -မုနိဖြစ်ကြောင်း အကောင်းဆုံးဆို မဂ်ဖိုလ်ဆင့်ဆင့် အကျင့်နှင့်ပြည့်စုံကြကုန်သော **မုနီ** - အရှင်ရဟန်းတော်တို့သည် ၊ **တံ** -ရှင်တော်မြတ်ဘုရားကို၊ **သဒါ**-အခါခပ်သိမ်း ၊ **ပရိဝါရေန္တိ**- ဝန်းလှည့်ရံခ ခြံရံလျက် ရှိနေကြပါကုန်သည် ဘုရား။

၁၀။ **အပ္ပိစ္ဆာ နိပကာ ဓီရာ –**
အပ္ပါဟာရာ အလောလုပါ ।
လာဘာလာဘေန သန္တုဋ္ဌာ –
ပရိဝါရေန္တိ တံ သဒါ ။

အပ္ပိစ္ဆာ -ပစ္စည်းထိုထို အပိုမမှီ အလိုနည်းကြကုန်သော၊ **နိပကာ** - ရင့်ကျက်သော ပညာရှိကြကုန်သော ၊ **ဓီရာ** -မတွန့်မဆုတ်သည့် လုံ့လရှိကုန်ကြသော ၊**အပ္ပါဟာရာ**- အတိုင်းတာသိနည်းပါးသော အာဟာရရှိကြကုန်သော ၊ **အလောလုပါ**–လျှပ်ပေါ်လော်လီခြင်း ကင်းတော်မူကြကုန်သော၊ **လာဘာလာဘေန**– ပစ္စည်း

http://www.dhammadownload.com

လာဘ်လာဘရခြင်း မရခြင်းနှစ်မျိုးကြောင့် ၊**သန္တုဋ္ဌာ**- ဖောက်ပြန်ကင်းလျက် နှစ်သက်ကျေနပ်ကြသော တပည့်သာဝကတို့သည်၊ **တံ** - ရှင်တော်မြတ်ဘုရားကို **သဒါ**- အခါခပ်သိမ်း ၊**ပရိဝါရေန္တိ**- အမြဲရံခ ခြံရံတော်မူကြပါကုန်သည် ဘုရား။

၁၁။ **အာရညိကာ ဓုတရာ -**
ဗျာယိနော လူခစီဝရာ ၊
ဝိဝေကာဘိရတာ ဓီရာ -
ပရိဝါရေန္တိ တံ သဒါ ။

အာရညိကာ - လူမနီးရာ တောမှာနေလေ့ရှိကြကုန်သော၊ **ဓုတရာ**- ဖြူစင်အောင် မူတင်ကိုဆောင်လေ့ရှိကြကုန်သော၊ **ဗျာယိနော** - အာရမ္မဏာလက္ခဏာ နှစ်ဖြာတင်ထား စျာန်ဝင်စားလေ့ရှိကြကုန်သော၊ **လူခစီဝရာ** -ခေါင်းပါးနွမ်းရိ သင်္ကန်းရှိတော်မူကြကုန်သော ၊ **ဝိဝေကာဘိရတာ** - ဆိတ်ငြိမ်ရာ၌ မွေ့လျော်လေ့ရှိကြကုန်သော၊**ဓီရာ** -ပညာရှိကြ အရှင့်တပည့် သာဝကတို့သည် ၊ **တံ**-ဆရာသခင် ရှင်တော်မြတ်ဘုရားကို ၊ **သဒါ** - အခါခပ်သိမ်း ၊**ပရိဝါရေန္တိ**- မခွါနိုင်ဘဲအမြဲရံခ ခြံရံလျက် ရှိနေကြပါကုန်သည်ဘုရား ။

၁၂။ **ပဋ္ဌိပန္နာ ဖလဋ္ဌာ စ -**
သေခါ ဖလသမင်္ဂိနော ၊
အာသီသကာ ဥတ္တမတ္ထံ
ပရိဝါရေန္တိ တံ သဒါ ။

ပဋ္ဌိပန္နာစ - ကျင့်ဆဲဟုဆို မဂ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊

http://www.dhammadownload.com

ဖလဋ္ဌာစ အရဟတ္တဖိုလ်ဝင် ရဟန္တာအရှင်တို့သည်လည်းကောင်း၊ **ဖလသမင်္ဂီနော**- သက်ဆိုင်ရာအောက်ဖိုလ်နှင့် ပြည့်စုံကြကုန်သော၊ **သေခါစ**-သေခဟုဆို ဖိုလ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း ၊ **ဥတ္တမတ္ထံ**-ထူးမြတ်သော နိဗ္ဗာန်ကို ၊**အာသီသကာ** -မျှော်ကိုးတောင့်တ ကြကုန်လျက် ၊ **တံ** -ရှင်တော်မြတ်ဘုရားကို ၊**သဒါ**-အခါခပ်သိမ်း၊**ပရိဝါရေန္တိ** မခွါနိုင်ဘဲ အမြဲရံခ ခြံရံလျက် ရှိနေကြပါကုန်သည်ဘုရား ။

၁၃။ **သောတာပန္နာ စ ဝိမလာ –**
သကဒါဂါမိနော စ ယေ ၊
အနာဂါမီ စ အရဟာ –
ပရိဝါရေန္တိ တံ သဒါ ။

ဝိမလာ -ကိလေသာ အညစ်အကြေး ကင်းဝေးစင်ကြယ်ကြကုန်သော၊ **ယေသောတာပန္နာစ**-အကြင်သောတာပန် ပုဂ္ဂိုလ်တို့သည်လည်းကောင်း ၊ **ယေ သကဒါဂါမိနော စ** - အကြင်သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊**ယေ အနာဂါမီစ**–အကြင်အနာဂါမ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊**ယေ အရဟာ စ** - အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း ၊**သန္တိ**- ရှိကြပါကုန်၏ **တေ** -ထိုအရိယာ အရှင်မြတ်တို့သည်၊ **တံ** -ရှင်တော်မြတ်ဘုရားကို ၊**သဒါ**–အခါခပ်သိမ်း **ပရိဝါရေန္တိ** -မခွါနိုင်ဘဲ အမြဲရံခ ခြံရံလျက် ရှိနေကြပါကုန်သည်ဘုရား ။

၁၄။ **သတိပဋ္ဌာနကုသလာ –**
ဗောဇ္ဈင်္ဂဘာဝနာ ရတာ ၊

http://www.dhammadownload.com

သာဝကာ တေ ဗဟူ သဗ္ဗေ -
ပရိဝါရေန္တိ တံ သဒါ ။

သတိပဋ္ဌာနကုသလာ- သတိပဋ္ဌာန်တရားတွင် ကျွမ်းကျင်လိမ္မာကြကုန်သော ၊ **ဗောဇ္ဈင်္ဂဘာဝနာရတာ** -ဗောဇ္ဈင်ခုနစ်ပါး ပွားများခြင်း၌ နှစ်ခြိုက်မွေ့လျော်ပျော်တတ်ကြကုန်သော၊ **သာဝကာ**- တပည့်သာဝကတို့သည် ၊ **သဗ္ဗေ** -စုကာရုန်းကုန် အလုံးစုံတို့ပင်၊ **တံ** - ရှင်တော်မြတ်ဘုရားကို ၊**သဒါ** -အခါခပ်သိမ်း **ပရိဝါရေန္တိ** - မခွါနိုင်ဘဲ အမြဲရံခ ခြံရံလျက် ရှိနေကြပါကုန်သည်ဘုရား ။

၁၅။ **ဣဒ္ဓိပါဒေသု ကုသလာ -**
သမာဓိဘာဝနာ ရတာ၊
သမ္မပ္ပဓာနာနုယုတ္တာ -
ပရိဝါရေန္တိ တံ သဒါ ။

ဣဒ္ဓိပါဒေသု - ဣဒ္ဓိပါဒ်တရား လေးပါးတို့၌ ၊ **ကုသလာ**- အစွမ်းထင်ထင် ကျွမ်းကျင်လိမ္မာကြကုန်သော ၊ **သမာဓိဘာဝနာဘိရတာ** -သမာဓိတရား ပွားများခြင်းတွင် ရှင်ပျော်နှစ်ခြိုက် တတ်ကုန်သော၊**သမ္မပ္ပဓာနာနုယုတ္တာ** -သမ္မပ္ပဓာန် လေးတန်၌ပွား လွန်ကြီးစားသည့် အရှင့်တပည့်တို့သည်၊ **တံ** - ရှင်တော်မြတ်ဘုရားကို ၊**သဒါ**-အခါခပ်သိမ်း ၊**ပရိဝါရေန္တိ** -မခွါနိုင်ဘဲ အမြဲရံခ ခြံရံလျက် ရှိနေကြပါကုန်သည်ဘုရား ။

၁၆။ **တေဝိဇ္ဇာ ဆဠဘိညာ စ -**
ဣဒ္ဓိယာ ပါရမိဂတာ ၊

http://www.dhammadownload.com

ပညာယ ပါရမိ ပတ္တာ –
ပရိဝါရေန္တိ တं သဒါ ။

တေဝိဇ္ဇာ -ဝိဇ္ဇာသုံးပါးလည်းရှိကြကုန်သော ၊ **ဆဠဘိညာ** -အဘိညာ၆ ခြောက်ပါးလည်းရှိတော်မူကြကုန်သော ၊ **ဣဒ္ဓိယာ**-အံ့ဖွယ်အမျိုးမျိုး တန်ခိုးအရာ၌ ၊ **ပါရမိ** -အထွတ်အထိပ်သို့ ၊**ဂတာ**-ရောက်တော်မူကြကုန်သော ၊ **ပညာယ**- မဂ်ဖိုလ်အထိ အသိပညာ၌ **ပါရမိ** -အထွတ်အထိပ်သို့ **ပတ္တာ** -ရောက်တော်မူကြ ရှင်တော်မြတ်သာဝကတို့သည်၊**တံ**- ရှင်တော်မြတ်ဘုရားကို ၊**သဒါ**– အခါခပ်သိမ်း **ပရိဝါရေန္တိ** -မခွါနိုင်ဘဲ အမြဲရံခ ခြံရံလျက် ရှိနေကြပါကုန်သည် ဘုရား ။

၁၇။ **ဒေဿာ တေ မဟာဝီရ –**
တဝ သိဿာ သုသိက္ခိတာ ၊
ဒုရာသဒါ ဥဠာတေဇာ –
ပရိဝါရေန္တိ တံ သဒါ ။

မဟာဝီရ -ဝီရိယကြီးမား ရှင်တော်မြတ်ဘုရား၊ **တေ**- ရှင်တော်မြတ်ဘုရား၏ **သိဿာ** -တပည့်သာဝကတို့သည် ၊ **ဒေဿာ** သို့စင်ကလောက် မြောက်မြောက်စွမ်းဘိ ဂုဏ်ထူးတွေ ရှိကြပါပေကုန်၏ ၊ **သုသိက္ခိတာ** - အကောင်းဆုံး အသင်အပြခံကြရပါကုန်သော ၊ **ဒုရာသဒါ** -ချဉ်းကပ်ဝံ့စား ထိပါးဖို့ရာ ခဲယဉ်းလှပါကုန်သော ၊ **ဥဠာတေဇာ** - ထက်မြက်သော တန်ခိုးအာနုဘော် ရှိကြကုန်သော ၊ **တဝ သိဿာ** -ရှင်တော်မြတ်၏ တပည့် သာဝကတို့သည်၊ **တံ**- ရှင်တော်မြတ်ဘုရားကို ၊**သဒါ**-အခါခပ်သိမ်း ၊ **ပရိဝါရေန္တိ** -မခွါနိုင်ဘဲ အမြဲရံခ ခြံရံလျက် ရှိနေကြပါကုန်သည်ဘုရား ။

http://www.dhammadownload.com

၁၈။ **တေဟိ သိဿေဟိ ပရိဝုတော–**
သညတေဟိ တပသိဘိ ।
မိဂရာဇာဝ ဆမ္ဘိတော –
ဥဋ္ဌရာဇာဝ သောဘတိ ॥

သညတေဟိ - ကိုယ်နှုတ်နှလုံး စောင့်သုံးတတ်ကုန်သော၊ **တပသိဘိ** -ခြိုးခြံတတ်သည့် အကျင့်ကောင်းရှိကြကုန်သော၊**တေဟိ သိဿေဟိ**-ထိုတပည့်အကောင်း အပေါင်းသာဝကတို့သည်၊**ပရိဝုတော**-ဝန်းကျင်ရံအပ် ရှင်တော်မြတ်သည် ၊ **အဆမ္ဘိတော**–ကြောက်ရွံ့ခြင်းကင်း ရဲတင်းလှသော ၊ **မိဂရာဇာဝ**– သားတို့သနင်း ခြသေ့မင်းကဲသို့လည်းကောင်း ၊ **ဥဋ္ဌရာဇာဝ**-တာရာသွယ်သွယ် ကြယ်အရပ်ရပ် နက္ခတ်သနင်း ရွှေလမင်းကဲ့သို့လည်းကောင်း ၊ **သောဘတိ**-ရှုချင်စဖွယ် တင့်တယ်တော်မူလှပါသည် ဘုရား ॥

၁၉။ **ပထဝိယံ ပတိဋ္ဌာယ –**
ရုဟန္တိ ဧရဏီရုဟာ၊
ဝေပုလ္လတံ ပါပုဏန္တိ –
ဖလဋ္ဌ ဒဿယန္တိ တေ ॥

၂၀။ **ပထဝိသဒိသော တွံသိ –**
သကျပုတ္တ မဟာယသ ၊
သာသနေ တေ ပတိဋ္ဌာယ –
လဘန္တိ အမတံ ပဒံ ॥

ပထဝိယံ-မြေပေါ်၌ ၊**ပတိဋ္ဌာယ**-တည်ကြကုန်၍ **ဧရဏီရုဟာ**-သစ်ပင် အပေါင်းတို့သည် ၊ **ရုဟန္တိ** -ပေါက်ရောက်ကြရပါကုန်

http://www.dhammadownload.com

၏ ၊ **တေ** - ထိုသစ်ပင်အများတို့သည် ၊ **ဝေပုလ္လတ်** ခက်လက်စည်းကား ကြီးပွားပြန့် ပြောသည်၏အဖြစ်သို့ ၊ **ပါပုဏန္တိ**-ရောက်ကြရပါကုန်၏ ၊ **ဖလဋ္ဌ**-အသီးအမျိုးမျိုးကိုလည်း ၊ **ဒဿယန္တိ**-ထင်ရှားပြသလျက် ရှိကြပါကုန်၏။

မဟာယသ- များပြားလှဘိ အခြွေအရံ ပရိသတ်ရှိတော်မူသော၊ **သက္ကပုတ္တ**-သာကီဝင်မင်းသား ရှင်တော်မြတ်ဘုရား ၊ **တွံ** - ရှင်တော်မြတ်ဘုရားသည်၊**ပထဝီသဒိသော**-မြေကြီးနမူ အလားတူတော်မူသည် ၊ **အသိ** -ဖြစ်တော်မူပါပေ၏ ၊ **တေ**-မြေကြီးအသွင် ရှင်တော်မြတ်၏ ၊ **သာသနေ**–ထောက်တည်မှီရာ သာသနာတော်မြတ်၌၊ **ပတိဋ္ဌာယ**- သက်ဝင်မှီခ တည်ကြရကုန်၍ ၊ **အမတं ဖလं**-နိဗ္ဗာနမာတ် အသီးမြတ်ကို ၊**လဘန္တိ** -လိုအတိုင်းကျ ရရှိကြပါကုန်သည်ဘုရား ။

၂၁။ **သိန္ဒု သရဿတီစေဝ –**
နဒိယော စန္ဒဘာဂိကာ ၊
ဂင်္ဂါစ ယမုနာစေဝ –
သရဘူ စ အထော မဟီ ။

၂၂။ **ဧတာသံ သန္ဒမာနာနံ –**
သာဂရော သမ္ဗဒ္ဓတိ ၊
ဧဟန္တိ ပုရိမံ နာမံ –
သာဂရော တေဝ ဥယတိ ။

၂၃။ **တထေဝိမေ စတုဗ္ဗဏ္ဏာ –**
ပဗ္ဗဇိတ္တာ တဝန္တိကေ ၊

http://www.dhammadownload.com

ဧဟန္တိ ပုရိမံ နာမံ –
ဗုဒ္ဓပုတ္တာတိ ဉာယရေ ။

သိန္ဓုစ-သိန္ဓုမြစ်လည်းကောင်း၊**သရဿတီစေဝ**-သရဿတီမြစ်လည်း ကောင်း ၊ **စန္ဒဘာဂိကာစ** - စန္ဒဘာဂါမြစ်လည်းကောင်း၊ **ဂင်္ဂါစ** - ဂင်္ဂါမြစ်လည်းကောင်း ၊ **ယမုနာစေဝ** –ယမုနာမြစ်လည်းကောင်း ၊**သရဘူစ**-သရဘူမြစ်လည်းကောင်း ၊ **အထော** -ထိုမှတစ်ပါး၊ **မဟီ စ**-မဟီမြစ် လည်းကောင်း(**ဣတိ**) ဤသို့ ၊ **နဒိယော** -မြစ်အမျိုးမျိုးတို့သည် (**သန္တိ**) ရှိနေပါကုန်၏ ။။

ဧတာသံ - ထိုမြစ်တို့သည် ၊ **သန္ဓမာနာနံ** - တသွင်သွင်စီးဆင်းကြကုန် သည်ရှိသော် ၊ **သာဂရော**-အပြောကျယ်စွာ မဟာသမုဒ္ဒရာသည် ၊ **သမ္ဘဇ္ဇိစ္ဆတိ** - ဝင်လာသည့်ရေ လက်ခံသိမ်းပိုက်ခဲ့ပါပေ၏ ၊ **ပုရိမံ နာမံ** - သိန္ဓုစသည် ရှေးအမည်ဟောင်းကို၊**ဧဟန္တိ**-စွန့်ခဲ့ကြပါကုန်၏ **သာဂရောတ္ဝေ**-သမုဒ္ဒရာဟူ၍သာလျှင် ၊**ဉာယတိ ဣဝ**- သိအပ်သကဲ့သို့ ။

တ၊ထေဝ-ထို့အတူသာလျှင် ၊**ဣမေ စတုဗ္ဗဏ္ဏာ** - ဤအမျိုးလေးပါးတို့သည် ၊ **တဝန္တိကေ** - ရှင်တော်မြတ်အထံတော်၌၊**ပဗ္ဗဇိတ္တာ**-ရဟန်းပြုကြကုန်သည်ရှိသော် ၊**ပုရိမံ နာမံ**–ရှေးခတ္တိယ စသောအမည်ဟောင်းကို ၊ **ဧဟန္တိ** - စွန့်ပယ်ကြရပါကုန်၏ ၊**ဗုဒ္ဓပုတ္တာတိ**-ဘုရားသားတော်တို့ ဟူ၍သာ၊**ဉာယရေ** -တစ်မျိုးတည်းမှတ် သိအပ်ပါကုန်သည် ဘုရား ။

၂၄။ **ယထာပိ စန္ဒော ဝိမလော –**
ဂစ္ဆံ အာကာသဓာတုယာ ၊

http://www.dhammadownload.com

သဗ္ဗေ တာရဂဏော လောကေ –
အာဘာယ အတိရောစတိ ။
၂၅။ **တထေဝ တွံ မဟာဝီရ –**
ပရိဝုတော ဒေဝမာနုသေ ၊
ဇေတ သဗ္ဗေ အတိက္ကမ္မ –
ဇလတိ သမ္ဘဒါ တုဝံ ။

ဝိမလော -ညစ်မျိုးတွေကင်း စင်ကြယ်သန့်ရှင်းသော ၊ **စန္ဒော** -ရွှေလမင်း သည် ၊**အာကာသဓာတုယာ** - ကောင်းကင်အရပ် လောကဓာတ်၌ ၊ **ဂစ္ဆံ ဂစ္ဆန္တော** - ရောင်ခြည်ကျင်းဘီ သွားသည်ရှိ သော် ၊ **လောကေ** -လောကဌ ၊**သဗ္ဗေ**- အလုံးစုံကုန်သော ၊ **တာရ ဂဏော**- နက္ခတ်တကာ ကြယ်တာရာအပေါင်းတိုကို ၊ **အာဘာယ**- မိမိအရောင်ဖြင့် ၊ **အတိရောစတိ ယထာပိ** - သာလွန်ကဲခြေ တင့် တယ်လေဘိသကဲ့သို့ ၊

တထေဝ -ထိုနည်းအတူသာလျှင် ၊ **မဟာဝီရ** - ဝီရိယကြီး မား ရှင်တော် မြတ်ဘုရား ၊ **တွံ** -ရှင်တော်မြတ်ဘုရားသည် ၊ **ဒေဝမာနုသေ** -နတ်လူအများတို့သည် ၊ **ပရိဝုတော** -ဝန်းကျင်ထပ် ထပ် ခြံရံအပ်သည်ဖြစ်၍ ၊ **ဇေတ သဗ္ဗေ** - ထိုခြံရံကြကုန် နတ်လူ အလုံးစုံတို့သည် ၊ **အတိက္ကမ္မ** -အရာရာမွန် သာလွန်တော်မူ၍ ၊ **တုဝံ** -ရှင်တော်မြတ်ဘုရားကပင် ၊ **သမ္ဘဒါ** - အခါခပ်သိမ်း၊ **ဇလတိ**- ကိုယ်တော်အရောင် ဂုဏ်တော်ရောင်ဖြင့် ပြောင်ရှန်းဝေဝေတောက် ပတော်မူပါပေသည်ဘုရား

http://www.dhammadownload.com

၂၆။ ဂမ္ဘီရေ ဥဒ္ဓိတာ ဥဒိမီ -
နု ဝေလမတိဝတ္တရေ ।
သဗ္ဗာ ဝေလံ ဖုသန္တိ -
သဗ္ဗညူဿ ဝိကိရန္တိတာ ॥

၂၇။ တထေဝ တိတ္ထိယာ လောကေ -
နာနာဒိဋ္ဌိ ဗဟုဇ္ဇနာ ।
ဓမ္မံ ဝါဒိတုကာမာ တေ -
နာတိဝတ္တန္တိ တံ မုနိ ।

၂၈။ သစေ စ တံ ပါပုဏန္တိ -
ပဋ္ဌိဝါဒေဟိ စက္ကမ ।
တဝန္တိကံ ဥပါဂန္နာ =
သဗ္ဗညူဿ ဘဝန္တိ တေ ॥

ဂမ္ဘီရေ - နက်လှစွာသော သမုဒ္ဒရာ၌ ।**ဥဒ္ဓိတာ**-ထလာပေါ်လာကုန်သော ।**ဥဒိမီ** - ရေလှိုင်းကြီးတို့သည် । **ဝေလံ** -သမုဒ္ဒရာကမ်းကို । **နာတိဝတ္တရေ** - မလွန်မြောက်နိုင်ကြပါကုန် । **သဗ္ဗာ** -ရေလှိုင်းအဟုန် အလုံးစုံတို့သည် । **ဝေလံ** - သမုဒ္ဒရာကမ်းသို့သာလျှင် ।**ဖုသန္တိ** -ဆိုက်ကြ ရောက်ကြရပါကုန်၏ । **တာ** - ထို ကမ်းသို့ရောက်ကြ လှိုင်းမှန်သမျှတို့သည် । **သဗ္ဗညူဿ** - ကြေမွကြကုန်လျက်၊ **ဝိကိရန္တိ** -ဖရိုဖရဲ ပြန့်ကြဲကြရပါကုန်၏ ॥

တထေဝ- ထို့အတူသာလျှင် ।**လောကေ** -လောက၌၊ **နာနာဒိဋ္ဌိ** -အယူအမျိုးမျိုး ရှိကြကုန်သော । **တိတ္ထိယာ** -တိတ္ထိဟုဆိုအပ်ကုန်သော ।**ဗဟုဇ္ဇနာ** - ဆရာ့ဆရာ မျှားစွာသော သူတို့သည် । **ဓမ္မံ**-တရားကို ।**ဝါဒိတုကာမာ** -ဖက်ပြိုင်ပြောဆိုခြင်းငှာ အလိုရှိပါ

http://www.dhammadownload.com

ကုန်လျက် ၊**တေ** -ထိုတိတ္ထိ တို့သည် ၊ **မုနိ** -တရားလုံးစုံ အကုန်မြင်သိ မုနိဖြစ်တော်မူသော ၊**တံ** - ရှင်တော်မြတ်ဘုရားကို ၊**နာတိ ဝတ္တန္တိ** - မလွန်ဘဲ ရှိကြရပါကုန်သည် ဘုရား ။

စက္ခုမ - စက္ခုငါးတန် ဉာဏ်မြင်ထင်ရှား ရှင်တော်မြတ်ဘုရား ၊ **ပဋ္ဌိဝါဒေဟိ** ဆန့်ကျင်ဘက် အယူအဆ ဝါဒတို့ဖြင့်၊**တံ**- ရှင်တော်မြတ် ထံမှောက်သို့ ၊**သစေ –ပါပုဏာတ္တိ** -အကယ်၍လည်း ရောက်ကုန်ငြားအံ့ ၊ **တဝန္တိကံ** - ရှင်တော်မြတ်ထံပါးသို့ ၊ **ဥပဂန္တာ** ချဉ်းကပ်မိကြသည် ရှိသော် ၊**တေ** - ထို ဖက်လာ ပြိုင်လာ တိတ္ထိ ဆရာတို့သည် ၊ **သဗ္ဗဏ္ဍာဝ** - အရှုံးခံရ ကျေပျက်ကြကုန်သည်သာ လျှင် ၊ **ဘဝန္တိ** - ဖြစ်ကြရပါကုန်တော့သည် ဘုရား ။

၂၉။ ယထာ ပိ ဥဒကေ ဇာတာ –
ကုမုဒါ မနုဿလကာ ဗဟူ ၊
ဥပလိမ္ပန္တိ တောယေန –
ကမ္မမကလလေန စ ။

၃၀။ တထေဝ ဗဟုကာ သတ္တာ –
လောကေ ဇာတာ ဝိဂ္ဂဟရေ ၊
အနီတာ ရာဂဒေါသေန –
ကဒ္ဒမေ ကုမုဒံ ယထာ ။

၃၁။ ယထာပိ ပဒုမံ ဇလေ –
ဇလမဗ္ဘေ ဝိဂ္ဂဟတိ ၊
နေ သော လိမ္ပတိ တောယေန –
ပရိသုဒ္ဓေါ ဟိ ကေသရီ ။

http://www.dhammadownload.com

၃၂။ **တထေဝ တွံ မဟာဝီရ -**
လောကေ ဇာတော မဟာမုနိ ।
နောပလိမ္ပသိ လောကေန =
တောယေန ပဒုမ် ယထာ ॥

ဥဒကေ -ရေ၌ ।**ဇာတာ** -ပေါက်ရောက်ကြကုန်သော ।**ဗဟူ**-များစွာကုန်သော **ကုမုဒါ** - ကုမုဒြာ ကြာတို့သည်လည်းကောင်း၊ **မနုဿလကာ** - မျောက် လေကူးတို့သည်လည်းကောင်း।**တေယေန စ** - ရေဖြင့်လည်းကောင်း ।**ကဒ္ဒမကလလေန စ** - ရွှံ့ညွန်ဖြင့်လည်းကောင်း ।**ဥပလိမ္ပန္တိ ယထာပိ** - လိမ်းကျံဝြိုကပ်ကုန်ဘိသကဲ့သို့ ॥

တထေဝ- ထို့အတူသာလျှင် ।**လောကေ** -လောက၌ ।**ဇာတာ** – ဖြစ်လာကုန်သော ।**ဗဟုကာ**–များစွာကုန်သော ।**သတ္တာ**-သတ္တဝါတို့သည် ।**ကဒ္ဒမေ** - ရွှံ့ထဲ၌।**ကုမုဒံယထာ**–ကုမုဒြာကြာကဲ့သို့ ।**ရာဂဒေါသေန**- ရာဂဒေါသသည် ।**အနုပလိတ္တာ** -ပေရေလိမ်းကပ် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ।**ဝိဂူဟရေ**– ကြီးပွားစည်ပင်ကြရပါ ကုန်၏ ॥

ဇလဇ -ရေ၌ဖြစ်လာရသော ।**ပဒုမ်** -ပဒုမ္မာကြာပန်းသည်।**ဇလမဇ္ဈေ**-ရေလယ်ခေါင်၌ ।**ဝိဂူဟတိ** -စည်ပင်ကြီးပွားရပါပေ၏।**သော**- ထိုရေမှာဖြစ်လာ ပဒုမ္မာကြာပန်းသည် ।**တောယေန**– ရေဖြင့်**နပလိမ္ပတိ ယထာပိ** - မလိမ်းကျံဘိ မကပ်ငြိသကဲ့သို့ ।**ဟိ**- အကြောင်းကို လျှောက်ဆိုရသော် ।**ကေသရီ** -ဝတ်ဆံဝတ်မှုန် စုံလင်တင့်ဆန်း ပဒုမ္မာကြာပန်းသည် ।**ပရိသုဒ္ဓေါ** -ပတ်လည်ဝန်းကျင်တစ်ခွင်လုံးမှာ စင်ကြယ်လှပါပေ၏ ॥

တထေဝ-ထို့အတူသာလျှင် ।**မဟာဝီရ** - ကြီးမားလှသည့်

http://www.dhammadownload.com

ဝိရိယရှိတော်မူသော ၊ **မဟာမုနိ** - မုနိထွတ်တင် ရှင်တော်မြတ်ဘုရား ၊ **တွံ** -ရှင်တော်မြတ်ဘုရားသည် ၊**လောကေ** -လောကဌ် ၊ **ဇာတော** -ဖြစ်တော်မူပါလျက် ၊**ပဒုမံ** - ပဒုမ္မာကြာပန်းသည် ၊**တောယေန**-ရေဖြင့်၊ **နောပလိမ္ပတိ ယထာ** -မလိမ်းကျံဘိ မကပ်ငြိသကဲ့သို့ **လောကေန** -မိမိဖြစ်ရာလောကနှင့် ၊**နောပလိမ္ပသိ** - တဏှာပြယ်ဘိတွယ်မရှိသဖြင့် ငြိကပ်လိမ်းကျံခြင်း ရှိတော်မမူတော့ပါ ဘုရား။

၃၃။ **ယထာပိ ရမ္မကေ မာသေ –**
ဗဟူ ပုပ္ဖန္တိ ဝါရိဇာ ၊
နာတိက္ကမန္တိ တံ မာသံ =
သမယော ပုပ္ဖနာယ သော ။

၃၄။ **တထေဝ တွံ မဟာဝီရ –**
ပုပ္ဖိတော တေ ဝိမုတ္တိယာ ၊
သာသနံ နာတိဝတ္တဝန္တိ –
ပဒုမံ ဝါရိဇံ ယထာ ။

ရမ္မကေ မာသေ -သီတင်းကျွတ်လ၌ ၊**ဗဟူ** -များစွာကုန်သော ၊ **ဝါရိဇာ** - ရေမှာပွင့်လန်း ပဒုမ္မာကြာပန်းစသည်တို့သည် ၊**ပုပ္ဖန္တိ ယထာပိ** -အခွင့်ရ၍ ပွင့်ကြလေကုန်သကဲ့သို့ ၊ **တံ မာသံ**-ထိုသီတင်းကျွတ်လကို ၊ **နာတိက္ကမန္တိ ယထာပိ** - မလွန်ကြလေကုန်သကဲ့သို့၊**သော** -ထို သီတင်းကျွတ်လသည်၊ **ပုပ္ဖနာယ**-ပဒုမ္မာစသောပန်းများပွင့်ခြင်းငှာ ၊ **သမယော** - အချိန်အခါ ဖြစ်ပါသတည်း ။

တထေဝ -ထို့အတူသာလျှင် ၊ **မဟာဝီရ** - ဝီရိယကြီးမား ရှင်တော်မြတ် ဘုရား ၊ **တွံ** -ရှင်တော်မြတ်ဘုရားသည် ၊**ပုပ္ဖိတော**-

http://www.dhammadownload.com

အရဟတ္တ မဂ်ဖိုလ်ရသဖြင့် ပွင့်တော်မူခဲ့ပါပေ၏ ၊ **တေ**-ရှင်တော်မြတ်၏ တပည့်သာဝကတို့သည်၊ **ဝိမုတ္တိယာ** - ဝိမုတ္တိဆို အရဟတ္တဖိုလ်ဖြင့် ၊ **ပုပ္ပိတာ** -လွန်စွာတင့်ဆန်း ပွင့်လန်းခဲ့ကြပါကုန်၏ ၊ **ဝါရိဇ**-ရေ၌ဖြစ်သော၊**ပဒုမ်**-ပဒုမ္မာကြာပန်းသည်၊ **နာတိ ဝတ္တတိ ယထာ** - သီတင်းကျွတ်လသော် မကျော်လွန်သကဲ့သို့ ၊ **(တေ)**ထိုရှင်တော်မြတ်၏ တပည့်သာဝကတို့သည် ၊ **သာသနံ**-ရှင်တော်မြတ်သြဝါဒ အဆုံးအမ အဖြာဖြာ သာသနာတော်ကို ၊ **နာတိဝတ္တန္တိ** - ဆုံးမတိုင်းသာ လိုက်နာညွှန်သမျှ မလွန်ကြပါကုန်ဘုရား ။

၃၅။ **သုပုပ္ပိတော သာလရာဇာ -**
ဒိဗ္ဗဂန္ဓံ ပဝါယတိ ၊
အညသာလေဟိ ပရိဝုတော -
သာလရာဇာဝ သောဘတိ ။

၃၆။ **တထေဝ တွံ မဟာဝီရ -**
ဗုဒ္ဓညာဏေန ပုပ္ပိတော ၊
ဘိက္ခုသံ္ဃပရိဝုတော -
သာလရာဇာဝ သောဘတိ ။

သုပုပ္ပိတော-ပင်လုံးကျွတ်တင့် ကောင်းစွာပွင့်သော ၊ **သာလရာဇာ** -အင်ကြင်းပင်မင်းကြီးသည် ၊ **ဒိဗ္ဗဂန္ဓံ** -နတ်ပန်းယန်ကို ၊ **ပဝါယတိ** -မွှေးကြိုင်ပစေ လှိုင်လျက်ရှိနေပါပေ၏ ၊ **သာလရာဇာ**-အင်ကြင်းပင်မင်းကြီးသည်- **အညသာလေဟိ** -တစ်ပါးသော အင်ကြင်းပင်တို့က ၊ **ပရိဝုတော** - ဝန်းကျင်မလတ် ခြံရံအပ်သည်ဖြစ်၍၊ **သောဘတိ ဣဝ** - ရှုချင်စဖွယ် တင့်တယ်ဘိသကဲ့သို့ ။

http://www.dhammadownload.com

တထေဝ-ထို့အတူသာလျှင်၊ **မဟာဝီရ**- ဝီရိယကြီးမား ရှင်တော်မြတ်ဘုရား ၊ **တွံ** -ရှင်တော်မြတ်ဘုရားသည် ၊ **ဗုဒ္ဓဉာဏေန**-သဗ္ဗညုအကျော် ဗုဒ္ဓဉာဏ်တော်ဖြင့် ၊ **ပုပ္ပိတော** - အစွမ်း ကုန်တင့်ပွင့်တော်မူသည်ဖြစ်၍၊ **ဘိက္ခုသံဃပရိဝုတော**- ရဟန်းသံဃာ များစွာရံပတ် ခြံရံအပ်လျက် ၊ **သာလရာဇာဝ** - အင်ကြင်းပင်မင်းကြီးကဲ့သို့ **သောဘတိ** - ကျက်သရေစု ရှုချင်စဖွယ် တင့်တယ်တော် မူလှပါပေသည် ဘုရား ။

၃၇။ **ယထာပိ သေလော ဟိမဝါ –**
သြသဓေ သဗ္ဗပါဏိနံ ၊
နာဂါနံ အသุရာနဉ္စ –
ဒေဝတာနဉ္စ အာလယော ။

၃၈။ **တထေဝ တွံ မဟာဝီရ –**
သြသဓေဝိသ ပါဏိနံ ၊
တေ ဝိဇ္ဇာ ဆဋ္ဌဘိညာစ –
ဣဒ္ဓိယာ ပါရမိ ဂတာ ။

၃၉။ **အနုသိဋ္ဌာ မဟာဝီရ –**
တယာ ကာရုဏိကေန တေ ၊
ရမ္မတီ ဓမ္မရတိယာ –
ဝသန္တိ တဝ သာသနေ ။

သေလော -ကျောက်သားအတိပြီးသော ၊ **ဟိမဝါ**-ဟိမဝန္တာတောင်သည် **သဗ္ဗပါဏိနံ** -အလုံးစုံသော သတ္တဝါတို့၏ ၊**သြသဓေ** ဆေးအမျိုးမျိုး တည်ရှိရာသည် ၊ **ဟောတိ ယထာ** -ဖြစ်သကဲ့သို့ ၊ **နာဂါနဉ္စ** -နဂါးတို့၏လည်းကောင်း ၊ **အသุရာနဉ္စ**-အသุရာတို့၏

http://www.dhammadownload.com

လည်းကောင်း၊ **ဒေဝတာနဋ္ဌ**–နတ်တို့၏လည်းကောင်း၊**အာလယော**-တည်နေရာ အိမ်ကြီးသည် ၊**ဟောတိ ယထာ** -ဖြစ်လေဘိသကဲ့သို့။

တထေဝ - ထိုနည်းအတူသာလျှင် ၊**မဟာဝီရ** -ဝီရိယကြီးမား ရှင်တော် မြတ်ဘုရား ၊ **တွံ** - ရှင်တော်မြတ်ဘုရားသည် ၊ **ပါဏိနံ**-သတ္တဝါမှန်သမျှတို့၏၊ **သြသဓော ဝိယ** ၊ ကိလေသာ ဟူ ရောဂါ ပျောက်ကြောင်း ဆေးကောင်းသဖွယ် ဖြစ်ပါပေ၏။။

မဟာဝီရ–ဝီရိယကြီးမား ရှင်တော်မြတ်ဘုရား၊ **ကာရုဏိ ကေန**-မဟာကရုဏာရှင် ဖြစ်တော်မူသော ၊ **တယာ** - ရှင်တော်မြတ် ဘုရားသည် ၊**အနုသိဋ္ဌာ** -အခါခါ အထပ်ထပ် ဆုံးမတော်မူအပ် ကုန်သော၊ **တေဝိဇ္ဇာစ** -ဝိဇ္ဇာသုံးပါး ရှိသည်လည်းဖြစ်ကုန်သော ၊**ဆဠ ဘိညာစ**–ခြောက်ပါးသော အဘိညာဉ်ရှိသည်လည်းဖြစ်ကုန်သော၊ **ဣဒ္ဓိယာ**-အံ့ဖွယ်အမျိုးမျိုး တန်ခိုးအရာ၌ ၊ **ပါရမီ ဂတာစ**– အထွတ် အထိပ်ပေါက် ရောက်သည်လည်းဖြစ်ကုန်သော ၊ (**ယေ**) အကြင် တပည့်သာဝကတို့သည် (**သန္တိ**) ရှိပါကုန်၏၊**တေ** - ထိုတပည့် သာ ဝကတို့သည်၊**ဓမ္မရတိယာ** -တရားတော်တွင် ပျော်ရွှင်နှစ်သိမ့်ခြင်း ဖြင့် ၊**ရမန္တိ** -အမြဲမွေ့လျှော် ပျော်ရွှင်ကြပါကုန်၏ ၊ **တဝ သာသနေ**-ရှင်တော်မြတ် သာသနာ၌ ၊**ဝသန္တိ** - အရိယာဝါသ သဘာဝဖြင့် ကာလကုန်စေ နေတော်မူကြပါကုန်သည် ဘုရား ။

၄၀။ **မိဂရာဇာ ယထာ သီဟော –**
အဘိနိက္ခမ္မ အာသယာ ၊
စတုဒ္ဒိသာ ဝိလောကေတွာ –
တိက္ခတ္တုံ အဘိနာဒတိ ။

http://www.dhammadownload.com

၄၁။ **သဗ္ဗေ မိဂါ ဥတ္တသန္တိ –**
မိဂရာဇေသ ဂဇ္ဇတော ၊
တထာဟိ ဇာတိမာ ဇေသော–
ပသူ တာသေတိ သဗ္ဗဒါ ၊

၄၂။ **ဂဇ္ဇတော တေ မဟာဝီရ –**
ဝသုဓာ သမ္ပကမ္ပတိ ၊
ဗောဓေနေယျာဝဗုဇ္ဈန္တိ –
တသန္တိ မာရကာယိကာ ။

မိဂရာဇာ -သားတို့သနင်း မင်းဖြစ်သော ၊ **သီဟော** -ခြင်္သေ့မင်းသည် ၊**အာသယာ** -နေရာလှိုင်ဂူအတွင်းမှ ၊ **အဘိနိက္ခမ္မ** -ရှေးရှုထွက်ခဲ့၍ ၊ **စတုဒ္ဒိသာ** ၊အရပ်လေးမျက်နှာတို့ကို ၊ **ဝိလောကေတွာ** -ကြည့်ရှုပြီးသော် - **တိက္ခတ္တုံ** -သုံးကြိမ်သုံးခါ ၊ **အဘိနာဒတိ**-သားမျှားကြောက်စေ ဟိန်းဟောက်ခဲ့ပါပေ၏ ။

မိဂရာဇေသ-သားတို့ဘုရင် ခြင်္သေ့မင်းသည် ၊ **ဂဇ္ဇတော**-ဟိန်းဟောက်သည်ရှိသော် ၊**သဗ္ဗေမိဂါ**-သားကောင်မှန်သမျှတို့သည် **ဥတ္တသန္တိ** -ထိတ်လန့်ကြရပါကုန်၏ ၊ **တထာ ဟိ** -ထိုစကားမှန်လှပါပေ၏ ၊ **ဇာတိမာ** -ကေသရာစစ်ဘီ မျိုးဇာတ်ကောင်းရှိပေသော ၊ **ဇေသော** -ထိုခြင်္သေ့မင်းသည် ၊ **ပသူ** -သားကောင်အမျှားတို့ကို ၊**သဗ္ဗဒါ**-အခါခပ်သိမ်း၊ **တာသေတိ**-ထိတ်လန့် စေတတ်ပါပေ၏ ။

မဟာဝီရ- ဝီရိယကြီးမား ရှင်တော်မြတ်ဘုရား ၊ **တေ**–ရှင်တော်မြတ် ဘုရားသည် ၊ **ဂဇ္ဇတော** -တရားသံကြွေး ဟိန်းသံပေးသည်ရှိသော် ၊ **ဝသုဓာ** -ကမ္ဘာ့ဗွေခွင် မြေအပြင်လုံးသည် ၊ **သမ္ပကမ္ပတိ** - သိမ့်သိမ့်ခါချေ လှုပ်ရှားပါပေ၏ ၊ **ဗောဓေနေယျာ**– သိခွင့်

http://www.dhammadownload.com

ဆိုက်သူ နတ်နှင့်လူတို့သည်၊ **အဝဗုဒ္ဓန္တိ**- မဂ်ဖိုလ်ဆိုက်ထိ ကိုယ်တွေ့သိကြရပါကုန်၏ ၊ **မာရကာယိကာ** -မာရ်မင်းဘက်သား နတ်လူအများတို့မူ၊**တသန္တိ** - စိတ်မသန့်တုံ ထိတ်လန့်ကြရပါကုန်သည် ဘုရား ။

၄၃။ **တသန္တိ တိတ္ထိယာ သဗ္ဗေ -**
နဒတော တေ မဟာမုနိ ၊
ကာကာ သေနာဝ ဝိဗ္ဗန္တာ -
မိဂရညာ ယထာ မိဂါ ။

မဟာမုနိ -မုနိထွတ်တင် ရှင်တော်မြတ်ဘုရား ၊ **တေ** - ရှင်တော်မြတ်ဘုရား သည် ၊ **နဒတော** -တရားသံပေး ဟစ်ကြွေးမိန့်ဟသည်ရှိသော် ၊ **သေနာ** -သိမ်းငှက်မှ ၊ **ကာကာ**-ကျီးတို့သည်၊ **ဝိဗ္ဗန္တာ** -ထိတ်လန့်ရှောင်ပြေးကြကုန်သကဲ့သို့လည်းကောင်း ၊ **မိဂါ**-သားကောင်တို့သည် ၊ **မိဂရညာ** ၊ သားတို့သနင်း ခြသေ့မင်းမှ ၊ **ဝိဗ္ဗန္တာယထာ** - ထိတ်လန့်ရှောင်ပြေးကြကုန်သကဲ့သို့လည်းကောင်း **သဗ္ဗေ** -အလုံးစုံကုန်သော ၊ **တိတ္ထိယာ** -တိတ္ထိတို့သည် ၊ **တသန္တိ**-ထိတ်လန့်ကြတုံ ပြေးရှောင်ကြရ ပါကုန်သတည်း ။

၄၄။ **ယေကေစိ ဂဏိနော လောကေ -**
သတ္ထာရောတိ ပဝုစ္စရေ ၊
ပရမ္မရာဂတံ ဓမ္မံ -
ဒေသေန္တိ ပရိသာယ တေ ။

http://www.dhammadownload.com

၄၅။ **နဟော၀ံ တွံ မဟာ၀ီရ –**
ဓမ္မံ ဒေသေတိ ပါဏိနံ ၊
သာမံ သစ္စာနိ ဗုဇ္ဈိတွာ –
ကေ၀လံ ဗောဓိပက္ခိယံ ၊

၄၆။ **အာသယံ နုသယံ ဉတွာ –**
ဣန္ဒြိယာနံ ဗလာဗလံ ၊
ဘဗ္ဗာဘဗ္ဗေ ၀ိဒိတွာန –
မဟာ မေဃော၀ ဂဇ္ဇတိ ။

ယေကေစိ -အမှတ်မထား များပြားဉသုံ အလုံးစုံကုန်သော၊ **ဂဏိနော** -တပည့်များစွာ ဂိုဏ်းရှိကြသူတို့ကို ၊**သတ္ထာရောတိ**-ဂိုဏ်းဆရာတို့ဟူ၍ ၊ **ပဝုစ္စရေ** -ဆိုအပ်ပါကုန်၏၊ **တေ** -ထိုဆရာတို့သည် ၊ **ပရမ္မရာဂတာ** - ကိုယ်သိမဟုတ်ပါ အဆက်ဆက် ဆောင်ယူမှတ်သားလာသော၊ **ဓမ္မံ** - သူပြောငါဆို ထိုထိုတရားကို ၊ **ပရိသာယ**-ပရိသတ်အား ၊ **ဒေသေန္တိ** -ဟောကြားနိုင်ကြပါပေကုန်၏

မဟာ၀ီရ - ၀ီရိယကြီးမား ရှင်တော်မြတ်ဘုရား ၊**တွံ**ရှင်တော်မြတ်ဘုရားသည်၊ **ဧ၀ံ**-ဤသို့အဆက်ဆက်ဆောင်ယူ သူပြောငါပြောထိုတိတ္ထိဆရာကြီးတွေ ဟောသကဲ့သို့ ၊**ပါဏိနံ** - သတ္တဝါတို့အား၊**ဓမ္မံ**-တရားကို ၊ **နဟိဒေသေသိ** - ဟောတော်မူသည်မဟုတ်ပါ ၊**သာမံ**-ဆရာ မရှိ မိမိအလိုလို ကိုယ်တော်တိုင် ၊**သစ္စာနိ** - သစ္စာလေးပါးအမှန်တရားတို့ကို ၊ **ဗုဇ္ဈိတွာ** - အလင်းရောက်အောင် ထွင်းဖောက်သိမြင်တော်မူ၍ ၊ **ကေ၀လံ** - အလုံးစုံသော ၊ **ဗောဓိပက္ခိယံ**– ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို ၊ **ဗုဇ္ဈိတွာ** - ကိုယ့်သန္တာန်တွင် အစဉ်ပွားဘိ ထင်ရှားသိတော်မူ၍သာ ၊ **ဒေသေသိ** ကိုယ်သိတရား

http://www.dhammadownload.com

အမှန်များကို ထင်ရှားသိစေ ဟောပြွတ်တော်မူခဲ့ပါပေ၏ ။

အာသယာနုသယံ - သတ္တဝါထိုထို အလိုစရိုက်စု အနုသယ ခုနစ်ပါးကို လည်းကောင်း ၊ **ဣန္ဒြိယာနံ** - ဣန္ဒြေတို့၏ ၊ **ဗလာဗလံ**- တရားသိဖို့ အားရှိ အားမရှိကိုလည်းကောင်း ၊ **ဥတ္တာ** -အမှန်တိုင်းသိ သိတော်မူ၍ ၊ **ဘဗ္ဗာဘဗ္ဗေ** -တရားသိရန် အမှန်ထိုက်သူ မထိုက်သူတို့ကိုလည်း၊ **ဝိဒိတ္တာန** - အကဲနှစ်ပါး ခွဲခြားသိတော်မူပြီးသော် ၊ **မဟာမေဃောဝ** - ရေလျှဉ်သွန်းဖြိုး မိုးကြီးကဲ့သို့၊**ဂဠတိ**- တရားသံဟိန်း ခြိမ်းကာပြွတ်ဖော် ဟောကြားတော်မူခဲ့ပါသည် ဘုရား ။

၄၇။ **စက္ကဝါဠပရိယန္တာ -**
နိသိန္နာ ပရိသာ ဘဝေ ၊
နာနာဒိဋ္ဌိ ဝိစိန္တာ-
ဝိမတိစ္ဆေဒနာယ တံ ။

၄၈။ **သဗ္ဗေသံ စိတ္တမညာယ -**
ဩပမ္မကုသလော မုနိ ၊
ဧကံ ပဒံ ကထေန္တောဝ -
ဝိမတိ ဆိန္နသိ ပါဏိနံ ။

စက္ကဝါဠပရိယန္တာ - စကြဝဠာတိုက်၏ အဆုံးထိအောင် ပြည့်နှက်လျက်ရှိ သော ၊ **ပရိသာ** -ပရိသတ်သည်၊ **နိသိန္နာ** -စုဝေးနေသည် ၊ **ဘဝေ ဘဝေယျ** - ဖြစ်ရာပါ၏ ၊ **နာနာဒိဋ္ဌိ** - အယူအမျိုးမျိုးရှိသူတို့သည် ၊ **ဝိစိန္တာ** -ကိုယ့်အယူအဆ ကြံတွေးစဉ်းစားလျက် ရှိနေကြပါကုန်၏။

http://www.dhammadownload.com

မုနိ- ရှင်တော်မြတ်ဘုရား ၊ **ဩပမ္မကုသလော** -ဥပမာဥပမေယျ၌ ကျွမ်းကျင်လိမ္မာလှသော ၊ (**တွဲ**) ရှင်တော်မြတ် ဘုရားသည်၊ **တံ တေသံ** - ထိုသူတို့၏ ၊ **ဝိမတိစ္ဆေဒနာယ** - ယုံမှားအဖြာဖြာ ပယ်ခွါဖြတ်တောက်ခြင်းငှာ၊ **သဗ္ဗေသံ** - သူခပ်သိမ်းတို့၏ **စိတ္တ**-စိတ်နေစိတ်ထားကို ၊ **အညာယ** - သိတော်မူ၍ ၊ **ဧကံ ပဒံ** တစ်ခုသော အမေးပြဿနာကို ၊**ကထေန္တော**-ဖန်တီးထုတ်ဖော်မိန့်ကြားတော်မူလျက်သာလျှင် ၊**ပါဏိနံ** -သတ္တဝါတို့၏ ၊ **ဝိမတိ** ယုံမှားသံသယကို ၊ **ဆိန္နသိ** - ဖြတ်တောက်ပယ်ရှင်းတော် မူနိုင်ပါသည်ဘုရား။

၄၉။ **ဥပတိဿသဒိသေဟေဝ –**
ဝသုဓာ ပူရိတာ ဘဝေ ၊
သဗ္ဗေ ဝ တေ ပဠူလိကာ –
ကိတ္တယုံ လောကနာယကံ ။

၅၀။ **ကပ္ပ ဝါ တေ ကိတ္တယန္တာ –**
နာနာဝဏ္ဏေဟိ ကိတ္တယုံ ၊
ပရိမေတုံ နိ သက္ကေယျုံ –
အပ္ပမေယ္ယာ တထာဂတော ။

ဝသုဓာ - ကမ္ဘာ့ဗေဒခွင် မြေပြင်အလုံးသည် ၊ **ဥပတိဿ သဒိသေဟေဝ**– ဥပတိဿနှင့် တူမျှစွမ်းအင် ပညာရှင်တို့ဖြင့်သာလျှင် ၊ **ပူရိတာ** - ပြည့်ကျပ်နေသည် ၊**ဘဝေ ဘဝေယျ** - ဖြစ်ရာပါ၏၊ **သဗ္ဗေ ဝ** -အလုံးစုံသာလျှင်ဖြစ်ကုန်သော ၊**တေ** -ထိုပညာရှိတို့သည် **ပဠူလိကာ**- လက်အုပ်ချီမိုး ရှိခိုးကြကုန်လျက် ၊ **လောကနာယကံ** -

http://www.dhammadownload.com

လောက၏ အကြီးအမှူးဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားကို **ကိတ္တယုံ** - ချီးကျူးစကား မြွက်ကြားကြကုန်ရာ၏ ။

တေ - ထိုပညာရှိတို့သည် ၊ **ကပ္ပ ဝါ** - တစ်ကမ္ဘာပတ်လုံး သော်လည်း **ကိတ္တယန္တာ**- အမျိုးမျိုးအဖုံဖုံ ချီးကျူး ထောမနာကြ ကုန်လျက် ၊**နာနာဝဏ္ဏေဟိ** - ကွဲပြားအဖုံဖုံ ဂုဏ်တော် အမျိုးမျိုး တို့ဖြင့် ၊**ကိတ္တယုံ** -မြွက်ဆိုချီးကျူးကြကုန်ရာ၏ ၊ **(တထာပိ)**ထိုသို့ပင် အမျိုးမျိုးအဖုံဖုံ ချီးကျူး ကြကုန်သော်လည်း ၊**ပရိမေတုံ**-ဂုဏ်ပမာဏ ဤရွေ့မျှဟု နှိုင်းဆကန့်သတ်ခြင်းငှာ ၊ **နသက္ကေယျုံ** -စွမ်းနိုင်ကြ ဖွယ်ရာ မရှိကြပါပေ ၊**တထာဂတော** - ရှင်တော်မြတ်ဘုရားကား၊ **အပ္ပမေယ္ယော** -ဂုဏ်တော်များလှ အနန္တမို့ ရေဆပိုင်းစရာ အတိုင်း အတာ မရှိတော့ပါဘုရား ။

၅၁။ **ယထာ သကေန ထာမေန -**
ကိတ္တိတော ဟိ မယာ ဇိနော ၊
ကပ္ပကောဋိပိ ကိတ္တေန္တာ -
ဧဝမေဝ ပကိတ္တယုံ ၊

၅၂။ **သစေ ဟိ ကောစိ ဒေဝေါ ဝါ -**
မနုဿော ဝါ သုသိက္ခိတော ၊
ပမေတုံ ပရိကပ္ပေယျ -
ဝိယာတံဝ လဘေယျ သော ။

မယာ - သာရိပုတ္တရာမည် တပည့်တော်သည် ၊ **သကေန ထာမေန** -မိမိမှာရှိ -အစွမ်းသတ္တိဖြင့် ၊ **ဇိနော**- ရှင်တော်မြတ်ဘုရား ကို ၊ **ဟိ**- စင်စစ်ဧကန် အမှန်ပင် ၊**ကိတ္တိတော ယထာ** -ဂုဏ်တော်၌ ကြည်နူး အမျိုးမျိုးချီးကျူးအပ်သကဲ့သို့ ၊ **ဧဝမေဝ** -ဤတပည့်တော်

http://www.dhammadownload.com

အတူသာလျှင် ၊ **ကပ္ပကောဋ္ဌိပ** - ကုဋေများစွာ ကမ္ဘာတို့ပတ်လုံး သော်လည်း ၊ **ကိတ္တေန္တာ** -နတ်လူအများ အားရပါးရ ချီးကျူးကြ ကုန်လျက် ၊ **ပကိတ္တယုံ** - မဆုံးနိုင်ဘဲ ထပ်တလဲဖန်ခါ ချီးကျူးကြ ကုန်ရာ၏ ။

ဟိ- အမှန်ကိုလျှောက်ဆိုရလျှင် ၊ **သုသိက္ခိတော**– ကျွမ်းကျင် လိမ္မာ ကောင်းစွာသင်အပ်ပြီးသော ၊ **ကောစိ**- တစ်စုံတစ်ယောက် သော ၊**ဒေဝေါ ဝါ**- နတ်ပြဟ္မာသည်သော်လည်းကောင်း ၊ **မနုဿော ဝါ**-လူသည်သော်လည်းကောင်း ၊ **ပမေတုံ** - ဂုဏ်တော်တွေကို တွက်ဆ ပမာဏပြုခြင်းငှာ ၊**ပရိကပ္ပေယျ**- ကြိုးပန်းကြဆင်ခြားအံ့ ၊ **သော** -ထို မနှိုင်းယှဉ်သာ ဂုဏ်အရာ၌ တိုင်းတာကိုယူ ထိုနတ်လူ မှန်သမျှသည် ၊ **ဝိဃာတံဝ** - ဆင်းရဲပင်ပန်းခြင်းကိုသာလျှင် ၊**လဘေ ယျ** - ဧကန်မုချ ရဖွယ်ရာရှိပါတော့သည်ဘုရား ။

ဗုဒ္ဓါနုဿတိ ဘာဝနာ ပြီး၏

Shwe Kyin